
www.burmeseclassic.com

# လရောင်ကျေးရှင်

## တို့နှစ်ယောက်ရဲ့ ဒဏ္ဍာရီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားဖြစ်သော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ ခိုင်မာတောင့်တင်းသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# လရောင်ကျူးရှင်

## တို့နှစ်ယောက်ရဲ့ ဒဏ္ဍာရီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
တို့နှစ်ယောက်ရဲ့ဒဏ္ဍာရီ/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၄၂၄- စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) တို့နှစ်ယောက်ရဲ့ဒဏ္ဍာရီ



## အခန်း (၁)

နေဝင်ချိန်ရောက်လာတာတောင် ငါးခုံးမလေး နှစ်ကောင်နှင့် း‌ရဲ့လုံးလေးတစ်ကောင် ဒါပဲ ရသေးသည်။ လူချမ်းသာ ဆိုတဲ့ကောင် ကုသိုလ်နဲ့ အကျိုးပေးလှချေရဲ့ဆိုပြီး ငါးများတိုင်း ဖွယ်ဖွယ်ရာရာ ယ်တော့မှ ရခဲ့တယ် မရှိ ..။

ကော်ပုံးစုတ်ထဲမှာ ထည့်ထားသည့် ငါးတွေကို လှည့်ကြည့်မိရင်း ိုယ့်ကိုယ်ကိုယ် ရယ်ချင်လာသည်။

စကားများပြီဆို မတည့်တာတွေပါ ..၊ ရန်ပွဲတွေ ဖြစ်၊ သတ်ပုတ် ါက်ပြတဲ့အထိ ပြီးသွားမှ ရန်ပွဲက အဆုံးသတ်ခဲ့တာတွေ..၊ အကုသိုလ် အကျိုးပေးတာက ဒါတွေပဲ ထင်သည်။

ကိုယ့်ဝမ်း ကိုယ်ကျောင်းတဲ့အခါ စားသောက်ဖို့ ဘာလုပ်လုပ် ဆင်မပြေ ..၊ တီကောင်တွေကို မြေလှန်ရှာလိုက်တာနှင့် ငါးတွေကို င်စင်မှဲ ဖမ်းစားလို့ရတဲ့အလုပ်တောင်မှ ငါးက မရ ..။

မင်းတော့ ထမင်းဝဦးမှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းစား မရသေးဘူးလား ချမ်း .."

ဲပျော်စရာတွေ တွေးနေတုန်း ရပ်ကွက်ထဲက ဗေဒင်ဆရာ ကိုကြီးကျော် က တစ်နေရာကနေ လှမ်းအော်ရင်း သူ့လိုပဲ လက်ဆွဲပုံးနဲ့ လျှောက်လာ၏။

ကိုကြီးကျော် က သူနဲ့ဆို နှစ်အိမ်လောက်ခြားပေမယ့် ဟိုဘက် ဒီဘက် သူ ပြောစရာရှိပြီဆို ကြားထဲကအိမ်တွေကို သူ့အသံဖြဲကြီးနဲ့ ဖုံးလွှမ်းကျော်လွှား၍ ကြားအောင် အော်နိုင်၏။

သဘောကောင်းသလို ထင်ရသော်လည်း အပြောဆိုးသည်လို့ လည်း နာမည်ကြီးသေးသည်။ နေရာခွဲ၍ ငါးများကြတာချင်းတူက သူက ပုံးထဲမှာပါလာသည့် ငါးတွေကို ချမ်းသာ မြင်အောင် အနားမှာ ကပ်ချထားလိုက်ကာ ...

"တွေ့လား ဒီမှာ .."

ကြည့်စေချင်တော့လည်း ကြည့်ပေးလိုက်သည်။ ပြီးတော့ ချမ်းသာ က မတ်တတ်ရပ်နေသည့် သူ့မျက်နှာကို မော့ကြည့်၍ ...

"အကျိုးပေးတယ်နော် .. ဗေဒင်ဆိုင်းဘုတ်မှာသာ ပင့်ကူမျှင်တွေ နဲ့ မည်းသည်းနေတာ .."

"အ်မာ .. မင်းတို့ပြောလိုက်ရင် ဒါပဲ .."

မြက်ဖုတ်တချို့နှင့် မြေသားကမူလေးပေါ်မှာပဲ ပုဆိုးစနှစ်ဖက် မ၍ ကျကျနန ထိုင်ချလိုက်ကာ ...

"လူဆိုတာ ကိုယ်လုပ်တတ်တာ မှန်သမျှ သူများထက် သာ အောင် လုပ်နိုင်ဖို့ပဲကွ .."

"ဗေဒင်ဟောတတ်ပြီး မေးမယ့်သူ မလာတာတစ်ခုက လွဲရင် ပေါ့ .."

"နေပစေလေ .. ငါ လုပ်နေတာကရော သီလ သမာဓိနဲ့ သဝ ဆိုင်တာ ဘာပါလို့လဲ ..၊ ဝက်တွေ မွေးဘက်ပေးထားတယ်၊ ကြက်





ကို တစ်နေ့ နှစ်ခေါက်လောက် သွားကြည့်ရတယ် ..၊ ဟော .. ငါး လာမှားပြီဆို ထိုင်ရာမထ .. ပြောရရင် မိန်းမက ငွေတိုးချေးသေးတယ်"

"ကိုယ့်ကိုယ်ကိုယ်လည်း သိသားပဲ .."

"သိတာပေါ့ .. ဗေဒင်ဆရာလုပ်စားရင် ကိုယ် ပြောသမျှ၊ ဟော သမျှ မှန်ရအောင် .. တည်မြဲအောင် .. ကိုယ်တိုင်က သီလ သမာဓိ ပြည့်စုံအောင် နေထိုင်ရတယ်"

"ဒါဆိုလည်း ဟောမစားနဲ့ပေါ့ဗျ .."

"လူရှိန်အောင်လို့လေ .."

"ခင်ဗျားကိုတော့ ဘယ်သူမှ မရှိန်ဘူးထင်တာပဲ .."

"အေးပေါ့ .. မင်းလိုကောင်က အစ .."

"ဟား .. ဟား .. ဟား ..."

ချမ်းသာ က သူ့အကျင့်အတိုင်း မျက်နှာမော့၍ အော်ကြီးဟစ် ကျယ် ရယ်၏။ သူ့ကိုယ်သူတော့ ပွင့်လင်းတတ်တာလို့ ထင်စရာရှိ သော်လည်း အရယ်ခံရတဲ့သူကတော့ ...

"မင်း အဲဒီလို ရယ်တာလည်း သူများတွေကတော့ ကဲ့ရဲ့လိမ့် မယ်..၊ ငါကတော့ ကြိုက်တယ်"

"ခင်ဗျား မကြိုက်လည်း ရယ်မှာပဲကို .."

"အေးပါ .. ရယ်ပါ ..၊ ဒီမှာ .. မင်း ဒီရွာမှာပဲ တစ်သက်လုံး နေပြီး ငတ်တစ်လှည့် ပြတ်တစ်လှည့် .."

"ဘယ်သူက ငတ်လို့လဲ"

"ဒါကတော့ မင်းက နေနိုင်တဲ့ကောင်မို့လို့ပါကွာ .. ရှိရင် စား တယ် .. မရှိရင် မိုက်မှောက်နေတာ .."

မဲ့ရွဲ့ပြောရင်း ငါးများချိတ်ချထားသည့် ရေပြင်ကို အခိပ္ပာယ်မဲ့ ကြက်ကြည့်နေ၏။

ပြီးမှ ပြန်လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူဖို့လူလွှတ်မို့ ကြူသလို ကျူသလို နေတာ အမြင်တော့ မဆိုးဘူးပေါ့ကွာ – ဒါပေမယ့် လူတစ်ယောက်ဟာ မိသားစု မရှိရင် .."

"ဧလာပြန်ပြီဗျာ – ဒီစာအုပ်ကြီးပဲ"

"ဟေ့ကောင် – မင်းကို ပြောမယ့်ဆိုမယ့်လူ ဘယ်သူရှိလို့လဲ..၊ ငါ့ထက်ဆော အသက်ကြီးနေရင်း အာချောင်နေတတ်တဲ့ကောင်လား .."

"ခင်ဗျားမိန်းမ ပြောနေကျပဲ .."

ရင်းနှီးတာလည်း ရှိ၊ စိတ်မာတတ်ချင်းလည်း တူကြတာမို့ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖြစ်ကြတိုင်း ပန်းနဲ့ပေါက်နေကြတာလိုလို .. ကျောက်ခဲသလဲတွေနဲ့ ပစ်ခတ်နေကြသလိုလို ..။

"ဒီမှာ .. မင်းကို ငါ တွေ့တဲ့အတိုင်း ဟောထားပြီးသားနော်.. ဒီနှစ်ကျော်တာနဲ့ မင်းလောင်း ရထားဆိုက်တဲ့ကိန်း မင်း ကြုံပြီဆိုတာ.."

"ဟုတ်မှာပေါ့ .. ရထားဘီးသံတောင် ကြားနေရပြီ၊ ငါးတွေ တစ်ကောင်မှ မလာတာ ကြည့် .."

"ငါ နားရင်းအုပ်မိတော့မယ် .. ဒီခွေးကောင်တော့၊ ထောင်တန် တဲ့စကား ရယ်ရင်ပေါ့တယ်"

"ရယ်စရာကြီးလေ .. ခင်ဗျားရဲ့ဗေဒင်ကလည်း အခြေအနေ အချိန်အခါလေးဘာလေး ကြည့်ပြီး ကြားကောင်းအောင် ဟောပါ လား .."

"တွေ့တာကို ဟောတာပေါ့ ..၊ ငါက ဘာကိစ္စ အကြိုက်လိုက် ဟောရမှာလဲ ..၊ နေပါဦး .. မင်းကို ငါက ခွက်ဆွဲ တောင်းစားရတော့ မယ်လို့များ ပြောမိလို့လား .."

"ပိုဆိုးတယ် .."

"ဘာဖြစ်လို့လဲ .."

"ခုပဲ .. ကျွန်တော့်ကို ဝတ်တစ်လှည့် ပြတ်တစ်လှည့် နေရတာ သိလို့ ခင်ဗျား ပြောနေတာ .."





"ဟာ!... ကံတရားဆိုတာ .."

"နိဗ္ဗာန်ရောက်ကြောင်း တရားလောက် မကောင်းဘူး .."

"တော်ပြီ .. တော်ပြီ ..၊ မင်းနဲ့ ငါ မတည့်တော့ဘူး"

"သွားသင့်တာ ကြာပြီ"

ရယ်ဟဟ ပြောသည့်မျက်နှာကို ကိုကြီးကျော် က မျက်စောင်းထိုး၍ ထိုင်ရာက ထရပ်လိုက်၏။

"ဟိုမှာ ငါးတွတ်နေပြီ .."

ရေထဲကို မျက်လုံးရောက်သွားပြီး မပြောဘဲလည်း မနေနိုင် ..။

"အဲဒါကြောင့် တစ်ကောင်မှ မရတာ .."

"လာသုတ်ကတည်းက အကောင်သေးမှန်း သိတယ် ..၊ တမင် မဆွဲတာ .. မလိုချင်လို့ .."

"လာသေးတယ် .. ဟွန်း .."

ထရပ်ပြီး ဖုတ်ဖက်ခါလိုက်ပြန်သည်။ ဒါပေမယ့် ထွက်မသွား ဖြစ်သေးဘဲ ...

"ငါးစာ ပြန်တပ်လေကွာ .."

"ရှိနေတာပဲဟာ .."

ပြောပြီး ရေပေါ် ဆွဲတင်လိုက်တော့ ငါးစာက တန်းလန်းမို့ ကိုကြီးကျော် ပါးစပ်ပိတ်သွားသည်။

သူ့မျက်နှာကို မော့ကြည့်ပြီး ချမ်းသာ က ရယ်ကျဲကျဲ ..။

"တပည့်က ဆရာထက် လက်စောင်းထက်တယ်ဆိုတာတွေ ရှိတယ် .."

"အံမာ .."

"မေ့နေသလားလို့ .."

"တော်ပါကွာ .. မင်းက စားစရာမရှိရင်လည်း လေသိုးတွေ မျိုချပြီး ဝနေမယ့်ကောင်ပါ .."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလည်း ထွက်သွားတော့ဖို့ ငါးတွေနဲ့ ပုံးကို ပြန်ကောက်လိုက်တာ ဖြစ်သည်။ သို့သော် တစ်ခုခုကို သတိရသွားကာ ...

"မင်းကို ပြောစရာရှိလို့ စကားစလိုက်တိုင်း မဆုံးလိုက်ရဘဲ ပြီးပြီးသွားတယ် .."

"ဘာလဲ .."

"မြို့တက်ပါလားကွ .. ရောက်စတော့ ရရာအလုပ် လုပ်ပေါ့၊ ယောက်ျားပဲ .. လုံ့လဝီရိယရှိဖို့ပဲ လိုတာ၊ ကံကောင်းနေတဲ့အခိုက်နဲ့ ကြုံရင် .."

"ရထားလာဆိုက်နိုင်တယ်လို့ ပြောမလို့လား ..၊ ဒီခေတ်ထဲမှာ ရထားတွေ မရှိတော့ဘူး .. ဆိုင်ကယ်လိုင်တွေချည်းပဲ .."

"အေးပါ .. ငါ မပြောတော့ဘူး၊ မင်းပဲ ပြော .. အဲဒီကမ်းစပ်မှာ သတိလည်း ထားဦး၊ ချောင်းညာမှာ မိုးများနေတယ်၊ အိပ်ငိုက်နေတုန်း ရေလျှံလာရင် ရထားဆိုက်သလား .. ဆိုင်ကယ်လိုင်လာသလား မသိလိုက်ဘဲ ကြွသွားဦးမယ် .."

"ဟား .. ဟား .. ဟား ..."

ရယ်ချလိုက်တာ ငှက်လေးတချို့ပါ ထပျံသွားကြ၏။ ကိုကြီးကျော် ၏ ဆဲသံတိုးတိုးကိုပါ ကြားလိုက်ရကာ ...

"ခွေးသူခိုးလေး..၊ ပြန်ဆော်ကားဖို့ ပြောရမယ်ဆို တတ်မှတတ်.."

ဒါတောင် မကြားတကြား ဆဲလိုက်တာကို 'ဝါသနာပါလို့ မဟုတ်ပါဘူး .. ပါးစပ်ကိုက အလိုအလျောက်စနစ်နဲ့'လို့ နောက်ကနေ လှမ်းအော်ပြောသေးသည်။

ကိုကြီးကျော် နောက်တစ်လုံး ဆဲသွားဦးမှာ ကျိန်းသေနေတာမို့ အကျယ်ကြီး အော်ပြောပြီးမှ တစ်ယောက်တည်း ခွက်ထိုးခွက်လန် ရယ်မိသေးသည်။

ထိုအချိန်မှာ ရယ်နေသည့် သူ့နှုတ်ခမ်းတွေ ဒီတိုင်း ရပ်တန့်ကျန်





၏။ ကိုကြီးကျော် ပြောသွားတာတောင် မဆုံးသေးဘဲ ရေတွေက အနီရောင် ပိုရင့်လာ၏။ ပြီးတော့ ရေစီး ပိုမြန်လာသည်။

ငါးလည်း မရတော့မှာ သေချာနေကာ ငါးမျှားတံကို ပြန်ရုတ်လိုက်သည်။ မနက်တည်းက မိုးအုံ့နေတာမို့ ညနေခင်းက အချိန်ကြောင့်မဟုတ်ဘဲ ပိုမှောင်နေသလိုပင် ..။

သူတို့ရွာက ရွာဆိုပေမယ့် ရန်ကုန်နဲ့လည်း ဝေးတော့ဝေးသည့်တိုင် .. လမ်းပန်းဆက်သွယ်ရေး ကောင်းသည်။ လမ်းမကြီးရဲ့ဘေးမှာ ဖြစ်ကာ တစ်ဖက်မှာ ချောင်းကြီးက အနားသတ်ခံထားသဖြင့် စည်ကားသည့်နေရာအဖြစ် ဟိုတုန်းတည်းက ရှိခဲ့တာ ဖြစ်သည်။ ထို့ပြင်...

ဒီချောင်းကြီးက မြစ်နှင့် တစ်နေရာမှာ ပေါင်းဆုံသွားတာကြောင့် ဘယ်တော့မှ ရေမခန်းပေ။ ချောင်းဖြစ်နေသည့်အတွက် ရေတက် ရေကျ ကြမ်း၏။ ကိုယ့်ကိုယ်ကိုယ် သတိထားဖို့တွေးရင်း နေရာမှ ထရပ်ကာ ခါးဆန့်သည်။

ငါးက နှစ်ကောင်၊ သုံးကောင်တည်းပေမယ့် သူ့အတွက် ညစာတော့ ကောင်းကောင်း ဖူလုံပြီလို့ တွက်နေတုန်း ...

"ဘာလဲ .."

ရေစီးပေါ်မှာ ပေါလောမျောပါလာသည့် တစ်စုံတစ်ရာကို သူ လှမ်းမြင်လိုက်သည်။ ခြေထောက်တွေက ကမ်းစပ်ကို ချက်ချင်းရောက်သွားပြီး သေချာကြည့်မိ၏။

ပုံးစုတ် ပလုံးစုတ် မဟုတ်တာတော့ လုံးဝ သေချာသည်။ နှစ်ပေလောက်ရှိမည့် လေးထောင့်မည်းမည်းသဏ္ဌာန်တစ်ခုသည် ရေထဲမှာ နည်းနည်းတော့ နစ်ဝင်လျက် ..၊ လှုပ်စိလှုပ်စိ မျောနေပုံက နီးလာလေ ပိုပြင်လေရှိကာ ...

"သေတ္တာလား .."

ကောင်းကောင်းကန်းကန်း ပစ္စည်းတစ်ခုမှန်း သိလိုက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့် စပို့ရှပ်အင်္ကျီကို ခေါင်းကနေ ဆွဲလှန်ချွတ်လိုက်သည်။

ပုဆိုးကို ဒီတိုင်း ပုံချပစ်လိုက်တော့ ဝတ်နေကျ အတွင်းခံဘောင်းဘီ ဒူးကျပဲ ကျန်၏။ သူ ဘာမှ စဉ်းစားမနေတော့ဘဲ ရေထဲကို ပြေးဆင်းသွားမိ၏။

ရေနက်ထဲရောက်မှ လက်ပစ်ကူးသွားလိုက်၏။ ချောင်းက တော်တော်ကျယ်ကာ ရေတက်စပြုနေပြီမို့ ရေစီးသန်နေတာ ကိုယ်တိုင်ဆင်းလိုက်မှ သေချာသွားသည်။

သူ ထင်သည့်အတိုင်း အညိုရောင် သားရေသေတ္တာကြီးတစ်လုံးဖြစ်ကာ အထဲမှာ အဝတ်စားတွေပဲ ဖြစ်ဖို့ များသည်။ ဘာဖြစ်ဖြစ် .. သူ ပျော်သွား၏။

ဒီလိုသေတ္တာထဲမှာ တန်ဖိုးကြီးပစ္စည်းတစ်ခုခုတော့ ပါမှာ သေချာလျက် ..၊ တန်ဖိုးသိပ်မကြီးတာဆိုရင်လည်း သူ့လို ဘာဆိုဘာမှမရှိသည့် လူအတွက်က နစ်နာဖို့ မရှိပေ ..။

"ဟူး .."

ကမ်းပေါ် ပြန်ရောက်လာသည်နှင့် ကုတ်ဒ်နဲ့ ပိတ်ထားသည့် သေတ္တာကို လှည့်ပတ်ကြည့်ကာ စိတ်ပျက်သွား၏။

ကုတ်ဒ်ချင် ကုတ်ဒ်၊ မကုတ်ဒ်ချင် နေ ..၊ သူ့အတွက် ရဖို့က အဓိကမို့ ကျောက်ခဲတွေ၊ တုတ်တွေ ရှာလက်နက်ရှာ၍ မရမက ထုရိုက် ဖွင့်ပစ်လိုက်၏။

သေတ္တာက ခန့်ညားစွာ ပွင့်သွားသော်လည်း...

"ဘာတွေလဲကွာ .. ကျွတ်!.."

အထပ်လိုက်ရှိနေသည့် အဝတ်အစားတွေက လေဒီကြီးအရွယ် အမျိုးသမီး အဝတ်အစားတွေ ဖြစ်ကာ ..၊

နောက်ထပ် ဆွဲဖွတော့ အတွင်းခံစကက်ရှည်ကြီးတွေ၊ ထပ်ဆွဲထုတ်တော့ အတွင်းခံအင်္ကျီတွေရောင်စုံနှင့် မိတ်ကပ် ပေါင်ဒါကအစ





ပါသည်။ ထို့ပြင် ...

ရေမွှေးဘူးတွေ၊ သွားတိုက်တံတွေ၊ မိန်းမ အသုံးအဆောင်ပစ္စည်း ဘာဆိုဘာမှ မလို ..။

ဒါတွေ ပြည့်ပြည့်စုံစုံကြီး ပါလာတာ ဘာလုပ်ရမှာလဲ ..။

ပွင့်လျက်သား သေတ္တာကြီးနဲ့ စိတ်ပျက်စွာ ခြေဆင်းလက်ထောက်၍ ငုတ်တုတ်မေ့နေသော လူချမ်းသာ ..၊

"ကောင်းလိုက်တဲ့ ကံ .. ရေထဲကပစ္စည်း ကောက်ရတာတောင် ဘာမှ သုံးစားမရတဲ့ဟာတွေ .."

မကျေမနပ် ရေရွတ်၍ သေတ္တာအဖုံးကို ခြေထောက်နဲ့ ကန်ပိတ်လိုက်မိသည်။ အင်္ကျီ ထဘီတွေက ပိုးဖဲကတ္တီပါလို လက်လက်တောက်နေပေမယ့် ကိုယ်နဲ့ အံမဝင်ဂွင်မကျတာတွေမို့ အပျော်တွေက ရေထဲကို ပဲ ပြန်လည် မျောပါကုန်၏။

စကတည်းက သူများပစ္စည်းတွေဆိုသည့်အသိနှင့် မထိချင်သလိုလို မကိုင်ချင်သလိုလို ဖြစ်နေသောစိတ်သည် သေချာ နောက်ထပ် ရှာဖို့အတွက် အနည်းငယ်မျှပင် ဆန္ဒ မရှိတော့ပေ ..။

ဒါပေမယ့် သေတ္တာကိုတော့ ပြန်သယ်သွားရမည်။ ကိုယ် အသုံးတည့်ပေမယ့် တည့်တဲ့သူကို ပြန်ရောင်းလျှင် ပိုက်ဆံပေါ်လာနိုင်၏။

သေတ္တာရယ် .. ငါးပုံးရယ် .. ငါးမျှားတံရယ်ကို တစ်ယောက်တည်း.. တစ်ခေါက်တည်းနဲ့ အပါသယ်သွားလို့ရအောင် နေရာချဖို့ စီစဉ်နေဆဲ ...

"ဟင်!..."

လာပြန်ပြီဆိုသည့် စကားကိုတော့ စိတ်ထဲမှာပဲ ဆက်ပြောလိုက်ရင်းက ချောင်းရေထဲကို သေချာကြည့်မိသည်။ ဒါကတော့ ပစ္စည်း မဟုတ်နိုင်ဘူး ထင်သည်။

ရေလယ်ခေါင်မှာမဟုတ်ဘဲ ကမ်းစပ်နဲ့နီးနီးလေးအတိုင်း တလှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ် မျောလာတာ ဖြစ်၏။

ဘာကြီးလဲ ..၊ စဥ့်အိုးကြီးလား .. မဟုတ်သေးဘူး ထင်သည်။

စိတ်ဝင်စားသွားသဖြင့် နောက်ထပ် ကမ်းစပ်နားကို တိုးသွားမိပြန်သည်။ မျောလာတာ စဥ့်အိုးကြီးက နည်းတာ မဟုတ် ..။

ဘယ်လိုမှ မထင်ခဲ့သဖြင့် ရေစပ်အထိ ဆင်းသွားလိုက်မိသည်။ စဥ့်အိုးက ဘယ်လောက်ကြီးမှန်း မသိသော်လည်း တစ်ပေခွဲနီးပါးလောက် အဝကျယ်သည့်နှုတ်ခမ်းရှိကာ ရေပေါ်မှာ လေးပုံတစ်ပုံလောက်ပဲ ပေါ်နေတာ ဖြစ်သည်။

အထဲမှာ ပါနေတာ ဘာလဲ ..၊ ဒါမှမဟုတ် ရေတွေပဲ ဝင်နေတာလား ..။

ကမ်းစပ်နဲ့ နီးနီးလေးမို့ ခြေဖော့ကူးသွားကာ စဥ့်အိုးကို ထိန်းကိုင်ပြီး ပြန်ကူးလာခဲ့၏။ ကမ်းနားကျမှ အထဲကို သေချာငုံ့ကြည့်လိုက်မိလျှင် ...

"ဟာ!..."

တစ်ကိုယ်လုံး ခြေကုန်လက်ပန်းကျသွားသလို ရွံ့စပ်စပ်မှာပဲ ဖင်ထိုင်လျက် ထိုင်ချလိုက်မိ၏။ စဥ့်အိုးကြီးသည် သူ ပစ်စလက်ခတ် တွန်းတင်ပစ်လိုက်တဲ့အတိုင်း ကမ်းစပ် ချုံတောထဲမှာ သောင်တင်သလို ငြိမ်သက်သွားခဲ့ပြီဖြစ်လျက် ...

"အသုံးမဝင်တဲ့ပစ္စည်းတွေ ရတာကမှ ရောင်းစားလို့ ရဦးမယ်..၊ လူသေကောင်ကို ဘာလုပ်ရမှာလဲ ..၊ တောက် .."

ရယ်လွန်းလို့ ငိုရတာလား ..။

သူ စောစောကပဲ ကိုကြီးကျော် ကို လှောင်သလို ပြောင်သလို ဟားတိုက်ရယ်နေခဲ့သေးသည်။ ခုတော့ .. ပစ္စည်းတွေနဲ့ လူသေကောင်..။

ကံဆိုးထိုးသွားရာ မိုးကြိုး ထပ်ပစ်ဦးမည်ဆိုလျှင် မသက်မှုနဲ့ အချုပ်ထဲ ရောက်သွားနိုင်၏။ ထို့စဥ် ...



BURMESE CLASSIC .com



စဥ့်အိုးကြီး သိမ့်ခနဲ တစ်ဖက်စောင်းသွားသဖြင့် သူ့မျက်လုံးတွေ ရောက်သွားမိလျှင် အိုးထဲကနေ ပြူထွက်လာသည့် ခေါင်းလေးတစ်လုံးက မျက်လုံးအပြူးသားနှင့် ..၊

လူသေကောင်လို့ ထင်ထားပြီးပြီမို့ သူ ဆတ်ခနဲ မတ်သွားသည်။

"ကိုကြီး .. သားကို အပြင်ထုတ်ပေးပါ .."

အံမယ် .. လူပါလား ..၊

အသက် ခြောက်နှစ် ခုနစ်နှစ်လောက်ရှိနိုင်သည့် ကောင်လေးတစ်ယောက်ဖြစ်ကာ မသက်စရာဆိုလို့ မျက်ခွံလေးတွေမို့ကာ မျက်လုံးတွေ နီနေတာပဲ ဖြစ်၏။

ဒါပေမယ့် စကားပြောလိုက်ပုံကြောင့် လူသားစင်စစ်ဆိုတာ သေချာသွား၏။ အိုးနှုတ်ခမ်းကို ကိုင်ကာ အပြင်ကို ကုန်းကွထွက်ဖို့ ကြိုးစားရင်း သူ့ရှိရာကို နောက်ထပ် လှမ်းကြည့်၍ ...

"ကိုကြီး သားကို .."

"မင်း ယောက်ျား မဟုတ်ဘူးလား ..၊ ကိုယ့်ဟာကိုယ် ထွက်၊ ဒီရွံ့တွေမှာ တစ်ခါမှ လူနစ် မသေဖူးဘူး"

ကောင်လေးက ငေးငေးလေး တစ်ချက်ကြည့်ကာ ဘာမှ ထပ်မပြောဘဲ အိုးနှုတ်ခမ်းကြီးကို ကျော်ခွ၍ အပြင်ရောက်ဖို့ ခဲရာခဲဆစ် ကြိုးစားနေ၏။

သူ ဒီတိုင်း ထိုင်ကြည့်နေပြီးမှ ငါနဲ့ ဘာဆိုင်လဲလို့ တွေးမိကာ ဝတ်ထားသည့်ပုဆိုးကို လှမ်းကောက်၍ နေရာမှ ထသည်။

ပြီးတော့ သေတ္တာကို တုပ်ချည်ထားသည့် ကြိုးစကို တစ်ဖက်၊ နဲ့ရေပုံးကို တစ်ဖက်က ကောက်ဆွဲလိုက်လျှင် ...

"ကိုကြီး .."

ကောင်လေးက ရေစပ်စပ်နှင့် ရွံ့တွေထဲကနေ တစွတ်စွတ်နင်း လိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနဲ့ သား လိုက်ခဲ့မယ်လေ .."

"အံမာ .. ဘာပြောတယ် .."

"သားနာမည်က သုခစီ .. မကျည်းတောရွာမှာ နေတာ၊ အဖေက
အရက်သောက်လွန်ပြီး မိုးရွာထဲမှာ သေသွားတယ် .."

"ဟွန်း .."

ကလေးက ပြောနေသမျှ ခြေစုံရပ် ကျောခိုင်း နားထောင်ပေမယ့်
သူ့မျက်နှာက မဲ့သွားလိုက်.. တွန့်သွားလိုက် ကဲ့ရဲ့ခြင်းမျိုးစုံသော အမူ
အရာတွေ ဖြစ်နေခဲ့၏။

ကလေးပေမယ့် လူလည်လေးပါလား ..၊ ဒါပေမယ့် ဒီလိုဇာတ်
လမ်းဟောင်းကြီးတွေ ရွတ်ပြ သနားခံတာ ရိုးနေပြီမှန်း မသိရှာ ..၊

"သားအမေက ထန်းတောပိုင်ကြီးနဲ့ ထပ်ယူလိုက်တော့ .. အဲဒီ
လူကြီးက သားကို မချစ်ဘူး ..၊ နေ့တိုင်း ရိုက်တယ် .."

ခံလိုက်ပေါ့လို့ စိတ်ထဲကပြောရင်း မဲ့မိပြန်၏။ ပြီးတော့ လှမ်
ထားပြီးသည့်ခြေလှမ်းကို ပြန်လည် ရွှေ့လျားဖို့ပြင်လျှင် ...

"ညတုန်းက သားကိုရိုက်ပြီး အိမ်ပြင်ထုတ်ထားတာ .. တစ်ည
လုံး သစ်ပင်အောက်မှာပဲ နေရတာ .."

ဒါနဲ့တောင် ဖျားပြုမသေဘဲ အကောင်းအတိုင်း ရှိနေတာ အံ့ဩ
စရာပဲ ..။

ဒီတိုင်းပဲလေ ..၊ သူဌေးသမီးတွေ နေပူထဲထွက်လည်း နှာချေ
မိုးမိ .. နှင်းကျ ဘာအကြောင်းနဲ့ဖြစ်ဖြစ် နည်းနည်းလေးမှ ထိခိုက်မ
အခန့်မသင့်လျှင် ဆေးရုံပြေးတင်ပြီး အသက်လုရတာတွေတောင်
သေးသည်။

ဆင်းရဲတဲ့ကလေးတွေကိုတော့ ရေစိမ်ခံလို့ ပြောတတ်ကြ
တွေ သတိရမိ၏။ ဒီကောင်လေးလိုမျိုးပဲ ဖြစ်လိမ့်မည်။

ချမ်း မျက်နှာထက်မှာ လှောင်ပြောင်သည့်မဲ့ပြုံးက ခိုတွဲနေဆဲ





ထိုစဉ် .. ကောင်လေးက သူ့အားထိ ရောက်လာပြီဖြစ်ကာ
အားကိုးတကြီး မျက်ဝန်းလေးတွေနှင့် မော့ကြည့်လာပြီး ...

"ညက သား သစ်ပင်အောက်မှာ .. မနက်ကျတော့ မီးဖိုအားက
ဂုန်နီအိတ်တွေပေါ်မှာ ..၊ အခု စဥ့်အိုးကြီးထဲ ရောက်နေတာကို မသိ
ဘူး"

ချမ်း မျက်နှာ တွန့်ခနဲ ဖြစ်သွားသည်။ မျက်နှာအောက်မှာမို့
ငုံ့မိုးကြည့်လိုက်တော့ သုခစီ ဆိုသည့် ချာတိတ်လေးက မျက်ခုံးအုပ်
ဆုလု ဆံမြိတ်ပါးပါးလေးနှင့် လုံးဝန်းသည့် မျက်နှာလေးက တစ်ဝက်
သောက်ပဲ ပေါ်သည်။

အကျီက အကွက်မပေါ်တော့သည့် ရှပ်အကျီလက်တို ပခုံးပြဲ
လေးဖြစ်ကာ ဘောင်းဘီအစိမ်းရောင်တိုတိုလေးမှာ အောက်နားလေး
တစ်ဖက်က စုတ်ဖွာနေ၏။

ခုလေးတင် ပေကျံလာသည့် ရွှံ့တွေ ခြေသလုံးတစ်ခုလုံး ဖုံးလွှမ်း
ပေကျံနေသောကြောင့် အသားညိုညက်ညက်လေးနှင့် ပုံရိပ်လေးက
တော်တော့်ကို အဖြစ်ဆိုးနေတာပါ ..။

"မင်းက ငါ့ကို မေးနေတာလား ..၊ သိစေချင်နေတာလား"

သူ့မျက်နှာတင်းတင်းကို မော့ကြည့်၍ သုခစီ က မျက်တောင်
လေး နှစ်ချက်လောက် ခတ်ပြီးမှ ...

"ဒီအိုးကြီး ရေထဲရောက်နေတာလည်း သား မသိဘူး .."

"မင်းကို တစ်ယောက်ယောက်က အိုးထဲ ထည့်မျှောလိုက်တာလို့
ပြောချင်တာလား ..၊ ဟွန်း .. တော်တော်လာတဲ့ကောင်.. ရှပ်ထ် ဘရိန်း
.."

သုခစီ က အိုးကြီးကို ပြန်လှည့်ကြည့်ပြီးမှ ...

"သားက ရေထဲမှာ ဒီအိုးကြီးနဲ့ မျောလာတာလား .."

"ဟား!..."



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ရွာက ဘယ်မှာ ကျန်ခဲ့တာလဲဟင် .."

"အံမာ .. မင်းကိုများ အိမ်တိုင်ရာရောက် လိုက်ပို့မယ် ထင်လို လား .."

"ဟင့်အင်း .. သားက အိမ်ကို မပြန်ချင်ပါဘူး"

"ဘာ!..."

"ဦးကြီးကို ကြောက်တယ် .."

ပြောနေရင်း ငိုသံလေး ပါလာသည်။

လက်ဖဝါးလေးနှစ်ဖက် ဆုပ်ယှက်ကာ ချက်ချင်းပဲ မျက်ရည် တွေ ကျလာခဲ့ပြီး ...

"ရေထဲမှာ မျောလာတာဆိုရင် အဝေးကြီး ရောက်လာပြီဆိုတော့ ပျော်လို့ပါ၊ သားကို ကိုကြီးနဲ့ ခေါ်သွားပါနော် .. သား ရေခပ်နိုင်ပါ တယ်၊ ထမင်းလည်း ချက်တတ်တယ်၊ တောထဲမှာ ထင်းရှာနိုင်ပါ၊ ကိုကြီး ခိုင်းတာ အားလုံး လုပ်ပါ့မယ် .."

မင်း သေသင့်နေပြီ လူချမ်းသာ ..။

စိတ်ညစ်တာ ပြစရာ မရှိတော့ပေ။ ဒေါသထွက်တိုင်း အော်ထုတ် ပစ်လိုက်ရအောင်က မျက်စိရှေ့မှာ ရပ်နေတာ မျက်ရည်လည်ရွဲနဲ့ ကလေးတစ်ယောက် ဖြစ်နေ၏။

ကိုင်ထားသမျှ သယ်ဆောင်စရာတွေကို ပြန်ချထားလိုက်ကာ လည်ပင်းမှာ ဒီတိုင်း ပတ်ထားသည့် ပုဆိုးကိုပါ ဖြည်ချ၍ လုံးထွေး ပစ်ပေါက်လိုက်၏။

"မင်းကို ခိုင်းချင်တာ ခိုင်းလို့ရအောင် ပြန်ကျွေးရမယ့် ထမင်း ဟင်းက ဘယ်မှာလဲ..၊ ငါ့ကိုယ်ငါတောင် တစ်ယောက်တည်း မတ်တတ် အိပ်နေရတာ .. ရှိရင် စားတယ်၊ မရှိရင် မစားဘူး၊ ရပ်ထဲရွာထဲမှာ ငါ့ထက်မွဲတဲ့ကောင် မရှိတာကို မင်းက လိုက်ပါရစေ .. နေပါရစေနဲ့.."

"သားက ကိုကြီး နေသလို နေမှာပါ၊ မစားရရင်လည်း မပူပါ





း၊ အိမ်မှာလည်း ဦးကြီး မရှိမှ ထမင်းစားရတာ၊ အမေကလည်း.."

ကလေးပေမယ့် ကြေကွဲတတ်ပုံပေါ်ကာ ပြောနေရင်း ငိုသံလေး င့် တိမ်ဝင်သွား၏။ ဒါပေမယ့် မသနားတတ်သည့် သူ့အကျင့်က တ်ရည်ကျနေတာကိုပဲ ကဲ့ရဲ့စရာလို မဲ့ပစ်မိလျက် ...

"ဒီမှာ .. မင်း ဒီကနေ တည့်တည့်သွား ..၊ ဘယ်ဘက်လမ်းလေး ကွေ့လိုက်တာနဲ့ ရပ်ကွက်ထိပ်မှာ ထမင်းဆိုင်တွေ လက်ဖက်ရည် ဆိုင်တွေ တွေ့မယ်၊ အဲဒီမှာ ပန်းကန်ဆေးပါရစေလို့ အလုပ်တောင်း..၊ စားရမှာ သေချာတယ် .."

"သား .. ကိုကြီးနဲ့ လိုက်ချင်လို့ပါ"

"ဟာ!... ဒီကောင် .."

"သား လူတွေကို ကြောက်လို့ပါ .. တော်ကြာ ရွာကို ပြန်ပို့ကြ ဦးကြီးက ပိုရိုက်မှာ..၊ သားကို ရိုက်ထားတာတွေကို ကိုကြီး ကြည့်.."

အင်္ကျီစုတ်စုတ်လေးကို ကျောခိုင်းလှန်ပြတော့ သူ့အသံ တိတ် ားခဲ့၏။ ကောင်လေးရဲ့ ကျောပြင်သေးသေးလေးမှာ ဝါးခြမ်းပြားနဲ့ ား ..၊ ကြိမ်လုံးနဲ့လား .. ဒါမှမဟုတ် အပူလောင်ကွက်တွေလား.. မှန်းမသိသည့် ညိုရဲဖောင်းကြွနေသော ဒဏ်ရာတွေ ပြည့်နှက် က် ...

"ဒါတွေ မင်းကို ဘယ်သူ ရိုက်ထားတာလဲ"

"ဦးကြီး ရိုက်တာ .."

"မင်းအမေက ဘာမှ မပြောဘူးလား .."

"ဟင့်အင်း .."

ကိုယ့်ထက်ဆိုးတဲ့ ဘဝတစ်ခုကို ထူးဆန်းစွာ တွေ့ရခြင်းပါလား..၊ သော် ...

"မင်းကို ငါ မခေါ်သွားနိုင်ဘူး"

"ကိုကြီးမိန်းမက ဆူမှာစိုးလို့လားဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မင်းကိစ္စ မဟုတ်ပါဘူး"

ဒီတစ်ခါ လှည့်မကြည့်စတမ်း ထွက်လာခဲ့တာဖြစ်သည်။

နောက်မှာ တိတ်ဆိတ်နေပေမယ့် ဒီကောင်လေး ပါလာပြီကို စိတ်က သိနေ၏။

သနားရမည့်အစား ..၊ ဒေါသနှင့် တက်ခေါက်မိ၏။

"မင်း တွေ့မယ် .."

ငါကလည်း လူချမ်းသာ ..၊ မင်းကလည်း သူခိုး ..။

စားစရာတောင် မရှိတဲ့လူတွေကို ဘာကို အရွဲ့တိုက်ပြီး ပေးခဲ့ကြတဲ့ နာမည်တွေလဲ ..၊

ပြောပြန်ရင်လည်း မကောင်း ..။





## အခန်း (၂)

တောမက မြို့မကျ ရွာကြီးတစ်ရွာမို့ လူနေအိမ်ခြေတိုင်းက ခြံကျယ်ဝင်းကျယ်နှင့် သေသပ်၏။ ခြံဝင်းတော့ကျယ်ပေမယ့် မသေသပ် ဖရိုဖရဲကြီး တည်ရှိနေတာက ရွာအစွန် မကျတကျနေရာမှာ ကြွက်ကိုက်တတ်သည် .. မဝင်ရ' လို့ မြေဖြူနဲ့ ဆိုင်းဘုတ်ရေးထားသည့် လူချမ်းသာ ရဲ့အိမ် ..။

မျက်နှာစာ ပျဉ်ကာ၍ ကျန်တာ ထရံတွေပဲဖြစ်သည့် နှစ်ထပ်အိမ်ကြီးက တိုင်လုံးကြီးတွေမှလွဲ၍ အားလုံး ပြိုကျလုလု ရွဲ့စောင်းယှက်စီးနေသည်။

ခေါင်းရင်းပိုင်း ထရံပျက်တွေမှာ ကပ်တွယ်ရစ်ပတ်နေသည့် ဘူးနွယ်၊ ဖရုံညွန့်တွေက အပြိုအပျက်တွေပေါ်မှာ အားကောင်းမောင်းသန် ဖားဖားဝေနေကြ၏။

ခြေရင်းပိုင်းမှာ ရေကန်ဟောင်းကြီးရှိကာ ရေက ကြည်နေပေမယ့် အမှိုက်သရိုက်တွေ ပေါလောနေသော ရေပြင်က မြေပြင်နဲ့ မခြားတာပေ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ချမ်း တို့က ဒါကိုပဲ စစ်သောက်သည်။ ဒါနဲ့ပဲ ချက် ပြုတ် သေးကြော ..။

အိမ်ကို ငုတ်တုတ်ထိုင်ကြည့်ရင်း မှောင်နဲ့မည်းမည်း ဖြစ်သွား တော့ သုခ အိပ်ဖို့နေရာ ရှာရ၏။ သူ ကြည့်နေတုန်း အဆောက်အဦး ပျက်ထဲ ဝင်သွားသည့် ချမ်း ကလည်း ပြန်ထွက်မလာ ..။

ပြန်ထွက်လာလည်း သူ့ကို သနားသဖြင့် ခေါ်သွင်းမှာ မဟုတ် မှန်း ကလေးအသိနဲ့ပဲ ခံစားမိနေ၏။ အကြာကြီး မှောင်နေပြီးမှ အိမ် ပျက်ကြီးရဲ့အလယ် အိမ်သေးသေးလေးထဲမှာ မီးရောင်လင်းလာတာ မြင်လိုက်ရသည်။

မကြာခင် ထပ်ရောက်လာတာက ငါးကင်းနံ့ ..၊

ကလေးပီပီ ဗိုက်ထဲက တကြုတ်ကြုတ် မြည်လာတာကို ဟန် မဆောင်နိုင်ဘဲ ဗိုက်ကလေးပွတ်၍ အိမ်နားကို ချဉ်းကပ်သွားမိသည်။

"မင်းက ဘာလိုက်လုပ်တာလဲ ..၊ မလိုက်ခဲ့နဲ့လို့ ပြောထားခဲ့တာ မကြားလို့လား .."

ရှေ့ကို တိုးလျှောက်နေစဉ် နောက်ကအသံကြောင့် တုန်ခနဲ ဖြစ် သွား၏။ လှည့်ကြည့်လိုက်တော့ ချမ်း ကို မျက်နှာငယ်လေးနဲ့ မော့ ကြည့်ကာ ...

"သား အထဲမဝင်ပါဘူး .. ဒီနားမှာပဲ နေမယ်လေ၊ မိုးရွာလာမှာ စိုးလို့ပါ .."

ခုပဲ မြင်လိုက်ရတာ ဗိုက်လေးပွတ်လို့ပါ။ လူကို မြင်လိုက်တော့ မိုးခိုရုံလို့ ပြောနေသည်။

သူ လျှောက်ကောက်ထားသည့် ထင်းစတွေကို တံခါးဝကနေ ခေါင်းငုံ့ဝင်ပြီး အထဲကို ဖြစ်သလို ပစ်ထည့်လိုက်ကာ ...

"ငါ့ရဲ့အမိုးအောက်မှာ မင်း ရှိနေမှတော့ ငါက ခေါ်ထားသလို ဖြစ်တော့မှာပေါ့ကွ .. မင်း တော်တော် ဉာဏ်များတာပဲ"





"မဟုတ်ပါဘူး .. အပြင်မှာ သား ကြောက်လို့ပါ .."

"မင်းကို ဘယ်သူက ဒီနား လာနေပါ ခေါ်လို့လဲ .."

"သားက လိုက်လာတာပါ"

"ဒါဆို အခု သွားတော့ ..၊ မင်းမိဘကတောင် စွန့်ပစ်ခဲ့သေး တာ .. ငါ့ကို ရက်စက်တယ် ပြောလည်း ဂရုစိုက်စရာ မလိုပါဘူး ..၊ ချမ်းသာ ဆိုတဲ့ကောင်က သံယောဇဉ်ဆိုတာကို အယုံအကြည်ကို ချိုးခဲ့တာ .."

"ကိုကြီး .."

သွားမည့်ခြေလှမ်းတိုင်းကို တားဖို့ ဒီကောင်လေး ဝါသနာကြီး နေတာလား ..။ မရှည်သည့်စိတ်က မျက်မှောင်ကုတ်နှင့် လှည့်ကြည့် ခြင်းကို ဖြစ်စေကာ သုခ မျက်နှာကို ဓာတ်မီးနဲ့ ဖမ်းထိုးလိုက်ပြီး ...

"အေး .. မင်းကို အခု အထဲဝင်ခွင့် ပေးမယ်၊ မနက်ကျရင်တော့ ငါပို့ပေးတဲ့နောက် မင်း လိုက်ရမယ် ..၊ ဘယ်လိုလဲ .."

သုခ က မျက်လုံးရှေ့မှာ လက်ဝါးလေးနဲ့ ကာထားပြီး သူ့ကို ကြည့်နေခဲ့၏။ ချမ်းသာ က မဲ့၍ ...

"ဟွန်း .. သိသားပဲ ..၊ မင်းက ငါ့ကို ရောင်းစားမယ့်ကောင်.."

ပြောပြီး လှည့်ဝင်လာခဲ့၏။ သူ့ကို ခေါ်တာ မဟုတ်ဘဲ သုခ နောက်က ပါလာကာ ...

"သား ကတိပေးပါ့မယ် .."

သူ့ကိုများ ကတိဆိုတဲ့ခေါင်းစဉ်နဲ့ ပြောမိလို့လား ..၊ စိတ်ထဲမှာ တော့ ချဉ်နေပါပြီ ..။

"အဲဒီမှာ ကြိုက်တဲ့နေရာ ဝင်အိပ်"

ခပ်ပြတ်ပြတ်ပြောပြီး မီးဖိုပေါ်မှာ တံစို့ထိုးကင်ထားသည့် ငါး ကင်ကို ဖြုတ်ယူလိုက်သည်။ ပြီးတော့ ထမင်းဖန်းကန် ဆွဲလာပြီး ငါးကင်က တစ်ဖက်ကိုင်၍ ဒီအတိုင်းပဲ စားပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမရောက်ဘဲ အသာငဲ့ကြည့်လိုက်တော့ ကိုယ့်နောက်မှာ ကောင်လေး ငုတ်တုတ်ထိုင်ကြည့်နေ၏။

"ဟွန်း .."

ထမင်းဖြူနဲ့ ငါးကင်ကို ပါးစပ်ထဲရောက်မှ ပေါင်းဆုံခွင့်ပေးရင်း ကျောနောက်က မျက်လုံးတစ်စုံကြောင့် ထမင်းဝါးရင်း မဲ့လိုက်မိပြန်သည်။

မိဘ မရှိတော့လို့ အားကိုးမဲ့ရတဲ့လူတွေထက် မိဘရှိနေသားနဲ့ မိဘက ဝတ္တရားမကျေလို့ ကလေကချေဆန်စွာ ကြီးပြင်းခဲ့ရသည့် အဖြစ်တွေကို သူ မုန်းသည်။

မိဘမှာ အပြစ်ရှိတာလား..၊ ဒီကလေးရဲ့ကံပဲလို့ ပုံချသင့်သလား..၊

ဘာကြောင့်ဖြစ်ဖြစ် ကိုယ့်လိုလူမျိုး ထပ်မတွေ့ချင်တော့တာ ကိုယ့်ဘဝကို နာကြည်းနေတာပဲ ဖြစ်နိုင်၏။ ဒါဆို ချမ်းသာတဲ့လူတွေနဲ့ပဲ ပေါင်းချင်တာလားလို့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ခဲ့ဖူးသည်။

သူ ဒီလိုလူလည်းမဟုတ်ပေ။ ကိုယ့်ကြောင့် သူများကို မပူလောင်စေချင်သလို ..၊ သူများကြောင့် ကိုယ့်မှာ တစ်ပူပေါ်နှစ်ပူဆင့်ရမှာမျိုး စိတ်မဝင်စားချင်တာ ဖြစ်သည်။

ဒီကောင်လေးကျမှ နာမည်သက်ရောက်ခြင်းတွေပါ သူနဲ့လာတူနေကာ ကိုယ့်ဘဝကိုက ကလေကချေပါဆို ..၊ သူကလည်း ရေမျောကမ်းတင် ..။

သနား ကြင်နာလိုစိတ်တို့ စိုးစိမ့်ဖြစ်မလာသလို စိတ်ပျက်ခြင်းတွေက နာရီ မိနစ်နဲ့အမျှ ..၊

ထို့အတူ ညသည် ရက်စက်စွာ ကုန်လွန်ခဲ့လေပြီး ..၊





## အခန်း (၃)

သူ့ရဲ့အကျင့်ကောင်းတစ်ခုက အိပ်ရေးဆတ်ခြင်း ဖြစ်သည်။ သေချာအိပ်ပျော်နေကာမှ နားထဲမှာ တီးတိုးစကားသံတွေ ကြားနေရသည်။ သေချာ နားစိုက်ထောင်လိုက်တော့ ပိုကျယ်လာသလိုလို ..၊

ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသည်ထင်သည့်စိတ်နှင့် မျက်လုံးတွေဖွင့်ဖို့လည်း မေ့နေ၏။

"မမ .. မမ .. သွားမစားနဲ့ ..၊ ကိုကြီး ဆူလိမ့်မယ် .."

"စားမှာပဲ .."

"ကိုကြီးက မကြိုက်ဘူးနော် မမ ..၊ နိုးလာရင် မမကို ဆူမှာ.."

"မပြောနဲ့ .."

မိန်းမသံမှန်း အတိအကျ လက်ခံမိတာနှင့် သူ့မျက်လုံးတွေ ပွင့်သွားသည်။ ငုတ်တုတ်ထထိုင်လိုက်တော့ လှမ်းမြင်လိုက်ရတာ မီးဖိုချောင်မှာ သူ့ကို ကျောခိုင်းနေသည့် ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်..။

ထိုင်မြဲတိုင်းနေရာမှာ သူခစီ က ဆောင့်ကြောင့်လေး ထိုင်ရင်းမျက်လုံးဖားနှင့် သူ့ကို မျက်လုံးလေးအဝိုင်းသားနှင့် လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ ဘာလုပ်နေလဲဆိုတာ သိလိုက်တာနှင့် ခါတ်မီးကို ကောက်ယူကာ မီးဖိုခန်းကို သူ ဘယ်လိုရောက်သွားခဲ့မှန်း မသိ..။

"ဟိတ် .. ထစမ်း"

သူမကတော့ သူ့အသံကြားကာမှ အလန့်တကြားဖြစ်သွားသည့် မျက်လုံးတွေနှင့် မော့ကြည့်၏။ ပြီးတော့ ငါးကင်ကိုကိုင်လျက်သားနှင့် ကမန်းကတန်း ထရပ်လိုက်သည်။ ဓာတ်မီးကို ဖွင့်ကိုင်ထားတာဆေ မယ့် ဘယ်ကိုမှ ချိန်ထိုးမထားတာမို့ အလင်းရောင်က အတော်ပဲဖြစ် ကာ သူမပုံစံကို ရိုးရှင်းစွာ မြင်နေရ၏။

အရပ်က မနိမ့်မမြင့်လေးနှင့် ဆံပင်တွေက ကျောလယ်လောက် ထိ ထူခဲ မည်းနက်နေသည်။ ဖြူဖတ်ဖတ်မျက်နှာလေးမှာ မျက်ခုံးတန်း တွေကလည်း ထင်းမနေ ..၊ မျက်လုံးတွေကလဲ သိပ်လှတာတော့မဟုတ်။

ဒါပေမယ့် ပါးလျသည့်နှုတ်ခမ်းသားလေးတွေ ရဲနေတာကို ဒီ အတိုင်း မြင်နေရသည်။ နောက်ထပ်တစ်ခုက မျက်လုံးတို့သည် ရှိသင့် တာထက် ပို၍ ပြူးဝိုင်းနေကာ လူ့ကိုကြည့်တာ ကြောင်စီစီ၊ ပြီးတော့ လူတစ်ယောက်လုံးကို လက်ညှိုးထိုးလိုက်ပြီး ...

"သရဲ .."

"အံမာ .."

"သရဲ .. သရဲ .. ဒီမှာ ..."

သုခ ကို လှည့်ကြည့် သတင်းပေးကာ မီးပုံဘေးကို ဇွေ့ခနဲထပ် ဆုတ်၏။ သူ စိတ်တိုသွားကာ ဓာတ်မီးနဲ့ မျက်နှာကို တန်းမတ်စွာ ထိုးထားလိုက်ပြီး ...

"လက်ထဲက ငါးကင်ကို ချထားလိုက်စမ်း"

"ဘာလို့ချရမှာလဲ ..၊ ဒီမှာ စားနေတာကို .."

"ချဆို ချလိုက် .."

"ချမယ် .. အဲဒါကြီးနဲ့ မထိုးပါနဲ့"





သူ ဓာတ်မီးကိုင်သည့်လက်ကို တွဲလွဲချလိုက်ကာမှ ဟိုဘက်လှည့် သည့် မျက်နှာလေး ပြန်လှည့်လာကာ ငါးကင်ကို နှမြောတသစွာ ကြည့်သည်။

"ကြည့်ပါဦး .. ကုန်ပဲကုန်နေပြီဟာကို .. သူခိုးလက်က သူ့ဝှက်. ..."

"ဟိုကောင်လေး .. သူ ဘယ်လိုလုပ် ဝင်လာတာလဲ"

"သား မသိဘူး"

အိပ်နေသည့်ပုံစံလည်း မရှိဘဲ မသိဘူးဆိုတာကို မကျေနပ်ချင်။ ခ က သူ မျက်မှောင်ကုတ်မပြေတာကို နားလည်သွားသည့်မျက်နှာ နှင့် နေရာမှ ထရပ်လိုက်ကာ ...

"ဆံပင်ဖားလျားနဲ့ သားရှေ့ကို တန်းရောက်လာတော့ သရဲမှတ် း သားက .."

"အံမာ .. အံမာ .. ငါ့ကို သရဲ .."

"ဟိတ် .. ငြိမ်ငြိမ်နေစမ်း"

သူမကပဲ သုခ ကို လက်တွေဘာတွေ ရွယ်လို့၊ ငြိမ်ငြိမ်နေစမ်း တော့ ရွယ်ထားသည့်လက်ကို ပြန်ချပြီး လက်ဝါးချင်းပွတ်နေပုံက တ်သီးကြိမ်း ကြိမ်းနေတာမျိုး ..၊

သေချာစိုက်ကြည့်လိုက်တာနှင့် သူ နားလည်သွားသည်။ သူမ ရူးသွပ်နေတဲ့မိန်းကလေးတစ်ယောက်..၊ ပြီးတော့ သူမက ဒီရွာသူ ည်း မဟုတ်တာ သေချာ၏။

သူ ကြည့်နေတုန်းမှာ မီးဖိုဘေးက ခုံလေးပေါ်မှာ ်လိုက်ပြီး သည့် ငါးကင်ကို ဆတ်ခနဲ ပြန်ဆွဲယူ၏။

"လာခဲ့ .."

"ဟာ!... မလုပ်ပါနဲ့ ..၊ ဘာလုပ်တာလဲ ..၊ လူ့ကို အထင်သေး မြင်သေးနဲ့ ဟိုဟာဒီဟာ ကြံစည်ဖို့ မကြိုးစားနဲ့နော်၊ ဒီဟာ စားပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အော်ပစ်လိုက်မှာ ..."

လက်မောင်းကို ဆွဲထုတ်သွားတာ .. အပြင်ရောက်တဲ့အထိ .. သူမကလည်း ပြောနေတုန်း ..။

"လွှတ်ပါဦး .. ဒီမှာ စားလို့ မပြီးသေးလို့ .."

သူမခမျာ .. ရုန်းကန်နေပေမယ့် ယောကျ်ားတစ်ယောက်၏ လက်တွင်းမှ လွတ်မြောက်ဖို့ မဟုတ်ဘဲ ငါးကင်ဖွဲ့ထားသည့်လက်နဲ့ ပါးစပ်နဲ့ တည့်ဖို့သာ ..၊

"စား .. အဲဒါ စားလိုက်တော့ ..၊ ဒါပေမယ့် ကြိုက်တဲ့လမ်းကို ကြွပါ ခင်ဗျာ ..၊ ဒီတစ်ခါ အထဲဝင်လာရင် ဒါနဲ့ တွေ့ပြီ .."

ဝါးခြင်နုနုလေးနားမှာ လက်သီးနဲ့ကပ်ကြိမ်းပြီး အထဲပြန်ဝင်ခဲ့သည်။ တံခါးပိတ်ဖို့ ပြန်လှည့်လိုက်မှ ...

"ဟော့ .."

ချမ်းသာ အချိန်ကိုသတိမရဘဲ သူမ ရှေ့တိုးလို့မရအောင် မျက်နှာကို တံတောင်နဲ့ဖမ်းထိုးလိုက်ပြီး တအားအော်လိုက်မိသည်။ မိုးသောက်လုအချိန်မှာ သူ့အော်သံက ဟိန်းထွက်သွား၏။

တုန်ခနဲ ဖြစ်သွားသည့် သူမလက်ထဲမှ ငါးကင်လေး ပြုတ်ကျသွားခဲ့သည်။ မသိတတ်ဆိုးဝါးစွာ လျှောက်လိုက်လာသည့် ခြေလှမ်းတွေလည်း ထိုနေရာမှာပဲ ကျောက်ချသလို ရပ်တန့်သွား၍ ...

"ကျွန်မကို ရှင် အော်လိုက်တာလား .."

"အော်တာမဟုတ်ဘူး .. ကိုင်ပေါက်မှာ၊ ဘယ်ကမှန်း မသိ .. ဘာလေးမှန်း မသိ ..၊ ငါ့အိမ်ကို လမ်းဘေးဇရပ် မှတ်နေသလား"

"ဟုတ်တယ်လေ .. ဇရပ်ကြီးပါ့ရော .."

ကြည့်စမ်း ..၊ အိမ်ကိုမော့ကြည့်ပြီး ပြောချလိုက်တာ ဖောက်မှန်းကမ်းမှန်း မသိ ..။

"ဇရပ်တောင်မှ ပြင်မယ့်သူ မရှိလို့ ပြိုကျ စုတ်ပြတ်နေတဲ့ဇရပ်..၊





ဒီမှာ ကိုယ့်လိုလူတွေရှိနေလို့ ခဏဝင်အိပ်တဲ့ဟာ .."

"ဒုန်း .."

"အမေ့!..."

ချမ်းသာ တံခါးကို ဂျိမ်းခနဲ ပြန်ဆောင့်ဖွင့်ကာ အပြင်ကို တလှှားလှှား ပြန်ထွက်၏။ ကလေးဆန်သလို ဖြစ်သွားမှာပေမယ့် အနာပေါ် ဆုတ်ကျတယ်ပြောပြော .. အိမ်တစ်လုံးလုံးကို ဇရပ်လို့ ပြောချလိုက်တာတော့ သည်းမခံချင် ..၊

"သွား .. မင်း ဒီရှေ့က သွားလိုက်တော့ .."

"အို .. မတွန်းပါနဲ့ .."

သူမက လက်ကိုပြန်လွှဲရုန်း၍ ဆတ်ဆတ်ကြဲမျက်နှာလေးနဲ့ ပြန်မော့ကြည့်သည်။ မှောင်ရိပ်ကြောင့် မသဲကွဲတာကို ရှေ့ထပ်တိုး၍ ခြေဖျားလေးထောက်ပြီး မျက်နှာချင်းနီးအောင် ကပ်ကြည့်သည်။

စိတ်တိုပေမယ့် သူပဲ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ရကာ...

"တောက်!..."

ကိုယ့်ဒေါသနဲ့ကိုယ် ရှက်လည်း ရှက်မိပါ၏။ မိန်းမဖြစ်ဖြစ်၊ အရွှးဖြစ်ဖြစ် ဇရပ်မှန်း အိမ်မှန်းတော့ သိနေတာပဲဟာ ..၊

"မင်းက ဘာကြည့်နေတာလဲ .."

"ဘာမှမကြည့်ပါဘူး .."

သူ့ကိုပါ နှင်ထုတ်မှာစိုးသဖြင့် သုခစီ တံခါးဝကနေ အထဲကို ဆုတ်ခနဲ ပြန်ပြေးဝင်၏။ တံခါးရွက်အပျက်ကို တံခါးဝမှာ ပြန်ကပ်ညှိလိုက်ပြီးမှ ချမ်းသာ က အထဲကို ပြန်ဝင်လာကာ ...

"မင်းလည်း တော်ကြာ ထွက်ရမှာ .."

"သားက ကိုကြီးကို ဘာမှတောင်းမစားဘူးလေ .."

"တောင်းစားလည်း ငါ့တစ်နပ်စာကိုတောင် အလျှင်မီတာ မဟုတ်ဘူး ..၊ ဒီမှာ မင်းကို ငါ အကြံပေးမယ်၊ ဒီကနေ .."



www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်မှမသွားချင်လို့ပါ .. ကိုကြီးနဲ့ပဲ နေပါရစေ၊ ကိုကြီး ထမင်းစားဖို့ အလုပ်လုပ်ရင် အဲဒီအလုပ်တွေကို သား ဝိုင်းလုပ်မယ်လေ၊ သားကို ထမင်းနည်းနည်းလေးပဲ ကျွေးပါ၊ ညညလည်း အကြာကြီး နှင်းပေးမယ်၊ ကိုကြီး စားဖို့ သား ချက်ပေးမယ်၊ ကိုကြီး ခိုင်းချင်တာ ခိုင်းပါ .."

"ဟား .. မင်း တော်တော်စကားများပါလား၊ ဘာဖြစ်လို့ ငါ့ကိုပဲ ပက်ကျိလို ကပ်တွယ်နေတာလဲ .."

အော်ပစ်လိုက်တော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ဘာမှ မပြော ...၊

"ဒီမှာမြင်လား ...၊ အိမ်ကြီးပျက်သွားတာ မပြင်နိုင်လို့ အပြိုအပျက်တွေကို ချိတ်ဆက်ပြီး အထဲမှာ တဲထိုးနေလိုက်တာ၊ ငါ့အိပ်ဖို့ ခုတင်တစ်လုံး .. ခြင်ထောင်တစ်လုံး .. ဒါပဲ၊ အိုးတစ်လုံး ဖျာတစ်ချပ်နဲ့ လမ်းဘေးဆင်းမအိပ်ရရုံရှိတဲ့ ငါ့ဘဝကို .."

"သားက မြေကြီးမှာ ဂုန်နီအိတ်ခင်းအိပ်လည်း ရပါတယ်"

"ဂုန်နီအိတ်တောင် မင်းကိုပေးဖို့ မရှိဘူး"

"ဒါဆို သားဘာသာ ခင်းစရာရှာပြီး အိပ်ပါ့မယ်"

"ကျွတ်!..."

ဘယ်လိုနှင်လွှတ်လွှတ် သွားမည့်ပုံလည်း မမြင်ပါလား၊ ဒါပေမယ့် မိဘရှိနေသေးတဲ့ ကလေးတစ်ယောက်ကို ကိုယ်လည်း တာဝန်ယူနိုင်တာ မဟုတ်ဘဲ ...

"မင်းအမေ ပြဿနာလာရှာရင် ငါက ကြားထဲက အမှုပတ်မှာ၊ အဲဒါ မင်း ဘာနားလည်လဲ .."

သုခစီ က သူ့ကို မော့ငေးနေရင်း ခေါင်းလေးခါယမ်းလိုက်ပြီး...

"မရှာပါဘူး .. ရွာထဲမှာ မွေးစားမယ့်လူရှိရင် ပေးပစ်မယ်လို့ ဦးကြီးနဲ့ပြောနေတာ သား ကြားတယ်၊ ဘာဖြစ်ဖြစ် သားကလည်း





...ဆီကို မပြန်ချင်ဘူး၊ သားကို ပြန်မလွှတ်ပါနဲ့နော်...နော်...ကိုကြီး"

"ဒုန်း .."

"ဂုန်း .."

"ဟာ!... ကြည့်စမ်း .."

ကြိုးနဲ့ကပ်ချည်ထားသည့် တံခါးရွက်ကို ဘယ်လိုတွန်းချပစ်...သည် မသိ..၊ အခန်းကျဉ်းလေးထဲကို တံခါးကြီး လဲကျလာသဖြင့် ...သာ မျောက်တစ်ကောင်လို ခုန်ပေါက် ရှောင်လိုက်ရကာ မလွှတ် ...သမျှ အတိုအထွာပစ္စည်းတွေ အားလုံး ဂုန်းဒိုင်းကြဲသွား၏။

သူမက တံခါးပေါက်ဝမှာ ခွေးမကြီးကိုင်၍ ခါးတစ်ဖက်ထောက် ...လျက် ...

"ဟွန်း .. ဘာရမလဲ၊ တံခါးစုတ်ကို ကြိုးတုပ်ထားတာ" ပြောပြီး ခွေးမကြီးကိုထောင်ပြ၍ အထဲကို တစ်လှမ်းချင်းဝင်လာ... ..

"တွေ့သမျှ အကုန်လုံး ခုတ်ပစ်မယ်၊ ငါးကင်ကျန်သေးရင် အတုန်...တ် .."

သုခစီ က ခွေးကြီးကိုကြည့်ပြီး ချမ်းသာ နောက် ပြေးကပ်၏။ ...သာ က စူးစူးရဲရဲစိုက်ကြည့်ပြီး နေရာမှမလှုပ်ပေ။ ဒီခွေးက သူ့...နကျခွေး ဖြစ်သည်။

အပြင်မှာပဲ သစ်တိုသစ်စ ဝါးတိုဝါးစ ဘာဖြစ်ဖြစ် ခုတ်ထစ်ခွဲ...တတ်ကာ အပြင်မှာပဲ ထောင်ထားနေကျ ...။

အပြင်မှာ နံနက်ခင်း အလင်းရောင်က အေးမြစွာ ဖြန့်ကြက်နေပြီ ...ကာ ပဲပြုတ်သည်၊ အကြော်သည်တွေ၏အသံကိုလည်း ကြားနေရ...ဖြစ်သည်။ ဒီတဲထဲမှာ ခွေးရေးတုတ်ရေးနှင့် စစ်ခင်းနေရတာတော့ ...ယ်သူမှ သိမှာ မဟုတ် ...။

"ငါ မဝသေးဘူးနော် .. ဟိုလူက ဘာကြည့်နေတာလဲ၊ ...ပင်



www.burmeseclassic.com

www.burmeseclassic.com



တွေက ကချင်လွယ်အိတ်ကျနေတာပဲ၊ ငါးကင်တောင်းနေတာ မကြ
ဘူးလား ..”

“ဟိုစင်ပေါ်မှာ ရှိတယ်၊ သွားယူ ..”

“ဘယ်မှာလဲ ..”

“ဖောင်း ..”

“အား!...”

ဟိုမှာဆိုသည့်ဘက်ကို လှည့်ငေးလိုက်တာနှင့် ချမ်းသာ က သူ
ဖက်ပိုးကို ရိုက်ထည့်ပစ်လိုက်၏။ ကျယ်ကျယ်တောင် မအော်နိုင်
ဓားက အရင်လွတ်ကျကာ လူက တအိအိ ခွေခေါက်လဲသွား၏။

“ဟွန်း .. အရူးက တစ်မူးသာဆိုတာ ဒါမျိုးပဲ ..”

ချမ်းသာ သူမနားကို လျှောက်သွားကာ ဆံပင်တွေ ဖုံးလုနီးပါ
မှောက်ကျနေသည့်ပခုံးနဲ့ မျက်နှာကို ဆွဲလှည့်လိုက်သည်။

သူမကိုယ်လေး ဒီဘက်ကို လည်ထွက်လာမှ လက်တစ်ဖက်
'မ'ယူလိုက်ပြီး သူ့လက် လျှိုသွင်း၏။

“ကိုကြီး ဘာလုပ်မလို့လဲ ..”

“လမ်းဘေး သွားချထားမလို့ ..”

“သနားပါတယ် ..”

“သနားရင် မင်းပါ လိုက်သွား ..”

“သူ မလိုက်ခင် မင်း ထောင်ကျမှာတော့ သေချာတယ်ကွ”

“ဟင်!...”

တစ်ကိုယ်လုံးကို ပွေ့ယူကာ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးမှ
တံခါးဝမှာ မိန့်မိန့်ကြီး လက်ပိုက်ကြည့်နေသော ကိုကြီးကျော် က
ဘာတွေ ဘယ်လိုကြားသွားသည် မသိ ..။

“ဒီကောင်မလေးကို ငါ ဒီနားမှာ မမြင်ဖူးဘူး”

“ခုရော ခင်ဗျားက မြင်လိုက်လို့လား”





“မြင်တာပေါ့ .. ငါတင်မကဘူး၊ ခြေရင်းအိမ်က ထိပ်ပြောင်ကြီး
..း မြင်တယ်”

“အမိပွာယ်မရှိတာ ..”

“ဘာလို့မရှိရမှာလဲ ..၊ မင်းတို့ ခုနကပဲ အပြင်မှာ စကားများနေ
..သေးတာ ..”

ဟုတ်သည် ..၊ မနက်လေးနာရီကျော်ပြီဆို ရွာမှာ သူ့အိမ်ကလွဲ
..င် အိမ်တိုင်းလိုလို နိုးနေကြပြီဖြစ်ကာ ဆွမ်းတော်ချက်ကြ၊ ရောင်းဖို့
..ဖို့ ပြေးလွှားကြနှင့် ..။

“ကဲ.. ခုတင်ပေါ်မှာ သွားချထားလိုက်ပါ ကိုချမ်း ရာ .. ဒီကောင်
..ကရော ဘာလဲ ..”

သုခစီ ကို အထဲဝင်လာကာမှ မြင်သွားပုံရကာ မေးပေမယ့် သိပ်
..တ်ဝင်စားပုံ မပြဘဲ ...

“သွားချထားလိုက်ပါ ..၊ မင်းကို မိန်းမခိုးလာသလိုထင်ပြီး ထိပ်
..ပြောင်ကြီးက သူ့မိန်းမကိုတောင် သွားခေါ်လာပြီး ပြလိုက်သေးတယ်”

“ဟာဗျာ .. ဒီလောက် သွက်သွက်ခါရှုးနေတာကို ..”

“ဟုတ်လား ..”

“ဟုတ်တယ် .. အရူး၊ အဲဒီသတ္တဝါလေးက ရေမျောကမ်းတင်”

“ဟင်!...”

ကိုကြီးကျော် ဟိုကြည့်ဒီကြည့် ဖြစ်သွား၏။ တံခါးဖွင့်နေပြီမို့
..လင်းလာတော့ အထဲမှာ အလင်းရောင်ရှိနေပြီ ဖြစ်၏။

ကောင်မလေးကို ခုတင်ပေါ်မှာ ဖြစ်သလို တင်ပစ်လိုက်ပြီး ဒေါ
..န်နေသည့် ချမ်းသာ ကို ကိုကြီးကျော် ကလည်း စာနာသည့်မျက်ဝန်း
..နှင့် ကြည့်၍ ...

“ထိပ်ပြောင်ကြီးတို့ ထင်သလို မဟုတ်လောက်ဘူးထင်လို့ ..မ်း
..င်လိုက်တာကို ပိုသေချာအောင် ငါက လာကြည့်တာ၊ အ..မပြေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြတာရှိရင်လည်း ဖျောင်းဖျဖို့ရော .. ဒါပေမယ့် ခုလိုဆိုတော့ ..”

“ကိုကြီးကျော် ..”

“ဟော ..”

“ခင်ဗျား ထင်ရာတွေ လျှောက်ပြောတာနဲ့ ကျွန်တော် လူသတ်ချင်စိတ် ပေါက်လာပြီနော် ..”

“ငါက ထင်ရာပြောတာ မဟုတ်ဘူး၊ မင်း အခုနကလို ပွဲ့ထုတ်သွားပြီး လမ်းဆုံလမ်းခွမှာ သွားချထားလို့ရော လွယ်မယ်ထင်လို့လား လူတစ်ယောက်လုံးကြီးကို ထင်းတိုထင်းစ မှတ်လို့ ..”

“သူ့ဟာသူ ဘယ်ကဘယ်လို လေတိုက်ပြီး ရောက်လာမှန်းမသိ ဘဲ ကျွန်တော်က ဘာလို့ လက်ခံထားရမှာလဲ”

“သူ့ကိုရော .. သူက ဘယ်ကလဲ ..”

“ရေထဲကဆယ်လိုက်တာ၊ ဘာဖြစ်ဖြစ် သူက ယောကျ်ားလေးဗျ”

“မိန်းကလေးမို့လို့လည်း မင်း အဲဒီကောင်မလေးကို ပစ်ချင်တိုင်း ပစ်လို့ မရတာပေါ့၊ မနက်ကျမှ ငါတို့တွေ အိမ်နီးချင်းတွေနဲ့ စုရုံးတိုင် ပင်တာပေါ့ကွာ .. သနားပါတယ်၊ သူက အခု မင်း မောင်းထုတ်လို့မရ ဘူးမို့လား၊ ဘယ်အိမ်ထဲမှမဝင်ဘဲ မင်းဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ .. အဲ ..”

“ဘာလဲ .. မင်းလောင်း ရထားဆိုက်တာလား၊ ပြောဦးလေ..”

“ဒါကတော့ ..”

“မင်းလောင်း ရထား မဟုတ်ဘူး .. အဲဒါ မသာရထား ..”

ကိုကြီးကျော် ခေါင်းကုတ်ငိုရင်း ရယ်ချင်ပက်ကျိ မျက်နှာကို ကွယ်သည်။ ပြန်မော့လိုက်တော့ ခပ်တည်တည် ..။

“မသာဆိုလည်း မဆိုးသေးပါဘူးကွ၊ တောမှာ မသာကန့်ထရိုက် လုပ်နေကြတာ အများကြီး၊ မင်း ဖဲဝိုင်း ဒိုင်ကိုင်လိုက် ..”

“ခင်ဗျားက တစ်မျိုး ..၊ ပြန်ပါတော့ ..”





“ဟား!... မင်းစိတ်ကို သိလို့ ပြေရာပြေကြောင်း ပြောပေးနေ ကောင်မလေး ရှူးနေတော့ရော မင်းနဲ့ ပေးစားနေတာမှ မဟုတ် ..”

“ပေးစားလို့ရော ဘယ်သူက ယူမှာမို့လဲ ..”

“ပြောထားဦးပေါ့ ..”

“ဘာဗျ ..”

“ဩော် .. မဟုတ်ပါဘူး၊ ငါက ..”

“ဟုတ်ဟုတ် မဟုတ်ဟုတ် ခံတော်ပါဗျာ ..၊ စိတ်ညစ်ရတဲ့အထဲ ပါးစပ်ကြီးထဲမှာ ပြောကောင်းသမျှ ပေါက်ကရတွေ ပြော ..၊ သတွေလိုလို၊ လူသတ်ချင်လာအောင် မြှောက်ပေးနေသလိုလို ..”

“မင်္ဂလာရှိတဲ့စကားကိုကွာ .. အခု ငါပြောမှာက ဒီကောင်မလေး တို့ရွာသူ မဟုတ်ဘူး၊ ဘယ်သူမှလည်း သိကြမှာ မဟုတ်တာ ချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဒီညမှ တို့ရွာကို ရောက်လာ သေချာတယ်လေ ..”

“မသေချာတာ ဘာရှိလဲ ..”

“မင်းခိုးပြေးလာတယ်လို့ ထင်ကြမှာ ပိုတောင်သေချာသေးတယ်”

“ကျွန်တော်က ဘယ်လောက်ချမ်းသာနေလို့ မိန်းမခိုးရမှာလဲ၊ ားပြောတာ ကြည့်ပြော ..”

“အံမာ .. မိန်းမယူတာ ပိုက်ဆံရှိမှ ယူရမှာလားကွ”

“ခင်ဗျား .. ပြောပြန်ပြီ”

“စကားအဖြစ်ပါ”

“ကျွတ်!...”

နည်းနည်းမှ စကားမှားမခံဘဲ သတိလစ်နေသည့်ကောင်မလေး စောင့်ကြည့်လိုက်၊ ရှုံ့မဲ့လိုက်နှင့် လူချမ်းသာ ဆိုတဲ့ ကောင်လေး ားတော့ သနားစရာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



သနားပါတယ်ပြောရင် ဒေါ်ပွတတ်သည့် အသားလတ်လတ် မေးရိုးကားသည့်မျက်နှာကို ငေးခဲ့ကြည့်မိ၏။ သူများခိုင်းတာလည်း မလုပ်ချင်၊ ကိုယ်ပိုင်ငွေလည်း ခြူးတစ်ပြား မရှိ …။

တစ်နေ့တစ်နေ့ လမ်းမကြီးဘေးက ထရော်လော်ဂျီစခန်းမှာ သွားထိုင်မည်။ ပါစင်ဂျာရှိပြီး မောင်းမယ့်သူက အဆင်မပြေလျှင် သူ ဝင်မောင်းပေးမည်။

ဒါမှမဟုတ် ထရော်လော်ဂျီသမားနဲ့ ကုန်တင်မည့်လူကြားမှာ စေ့စပ်ညှိနှိုင်းရေးနှင့် အဆင်ပြေအောင် ပြေးလွှားစွမ်းဆောင်၍ ငွေရှာမည် …၊ ဒါပါပဲ။

အဲဒီလို လှုပ်ရှားရတဲ့ရက်တွေမှာ ကိုချမ်း တို့ ဂိမ်းဆိုင်ဝင်မည်။ လက်ဖက်ရည်ဆိုင်မှာ စီးကရက် လက်ကြားညှပ်၍ ဘောလုံးပွဲ ထိုင်ကြည့်ရမလား …၊ ဘယ်မှာကြည့်ကြည့် သူ့မျက်နှာ …၊

ဒီလိုမဟုတ်သည့် နေ့တွေကျတော့ ချောင်းစပ်တစ်နေရာမှာ ငုတ်တုတ် …၊ ထိုနေ့မျိုးဟာ သူ့အတွက် ထမင်းမွဲဟင်းမွဲတွေက ချောင်းထဲက ခုန်ထွက်လာတော့မလိုလို…၊ ထွက်လာတာကတော့ ငါးတွေပဲ ဖြစ်၏။

ဒီလိုလူမှာ မှီခိုမယ့်လူတွေရောက်လာတာ ဗိုက်နှိပ်ပြီး ရယ်ရတော့မှာလား …၊ သနားစရာပဲလို့ ရေရွတ်ရင်း စုတ်သပ်ရမလား …၊ မဟုတ်ဘူးဆိုရင်လည်း …၊

လူချမ်းသာ ဆိုလို့ ငွေမရှိဘဲ လူဦးရေတွေပဲ တိုးပွား ချမ်းသာနေတာလား …။





## အခန်း (၄)

ဒီအရွးမလေးကို ပတ်ဝန်းကျင်က စောင့်ရှောက်ကြဖို့ လက်ခံလိုက်တဲ့ထဲမှာ ကိုကြီးကျော် တို့ လင်မယားက ခေါင်းဆောင် …။

“ငါတို့အိမ်မှာလည်း နေလို့ရတာပဲ …၊ ငါ့သမီးနှစ်ယောက်နဲ့ ရွယ်တူပဲဟာ …”

“ထိပ်ပြောင်ကြီးသမီးတွေက ဖြူဖြူနုနုလေးတွေဆိုတော့ အဟီး…”

“အံမာ … အဲဒီ မဲမဲသဲသဲ ညီအစ်မက ဘယ်လောက် စိတ်ရင်းကောင်းတယ် မှတ်လဲ …၊ ရွယ်တူတွေအိမ်မှာရှိတော့ စားဖို့တင်မကဘူး ဝတ်ဖို့လည်း မပူနဲ့ …၊ ဘာလိုသေးလဲ …”

“ကျွန်မတို့ဆီမှာလည်း နေလို့ ရပါတယ် …၊ ပဲခွဲစက်လည်း ရှိတော့ အဲဒီမှာသာ ဝိုင်းကူလုပ်ပေး …၊ မိသားစုလို ဝိုင်းလုပ် ဝိုင်းစားပေါ့ … သားတွေက ခုမှ အလယ်တန်းကျောင်းသားတွေပဲ ရှိသေးတာ၊ သူတို့မှာ အမေ မရှိတော့ ကောင်မလေးကို ချစ်မှာပါ”



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းခေါင်းရင်းသာမက နှစ်အိမ်ကျော်က ကိုကြီးကျော် တို့ လင်မယားကပါ လိုလားနေကြသည်မို့ ကောင်မလေးကိစ္စ ဆွေးနွေး ရင်း နာမည်လည်း မေးမနေကြတော့ဘဲ 'ကောင်မလေး'လို့ပဲ အမည် တွင်၏။

အားလုံးက အစီအစဉ်တွေ ဖြစ်နေကြပေမယ့် ဘယ်အစီအစဉ်ထဲ မှာမှ မပါခဲ့တာ ချမ်းသာ ပဲ ဖြစ်သည်။ သို့သော် ...

"ကိုကြီး မမက ဘယ်အိမ်မှာ နေမှာလဲဟင် .."

"ဘယ်မှာနေနေ .."

အကြော်ဆိုင်ထဲက ထွက်လာတော့ ချမ်းသာ နဲ့ သုခစီ ကို သေချာအောင် စူးစမ်းနေကြသည့်အကြည့်တွေက မသိမသာလေး မဟုတ် ...။ ထို့ပြင် ...

"ညက .. အဲဒီကောင်လေး မိန်းမခိုးလာတယ်ဆို .."

"ဟုတ်ပါ့မလားအေ .. သူ့တစ်ဝမ်းတစ်ခါးတောင် ဝါးလုံးခေါင်း ထဲ ဆင်ဝင်နေတာ ...၊ မိန်းမယူပြီး ဘာနဲ့ စားမှာလဲ .."

"အေးလေ .. ဒီလိုလူတွေက မျှင်းနေရရင် ပြီးရော၊ သူများသား သမီးယူပြီး လက်ကြောတင်းအောင် ရှာကျွေးပါလိမ့်မယ် အားကြီး.."

"ဟုတ်ပ .. ဟုတ်ပ .. တချို့ လူပျိုကြီးတွေဆိုလည်း ဒီတိုင်းပဲ၊ ရတာမလို လိုတာမရတဲ့ လူပျိုကြီးတွေဆို လေးစားဖို့ ကောင်းသေး...၊ မိန်းမယူရင် ရှာဖွေကျွေးရမှာလို့ တွက်တာတွေကျတော့ ရှုံ့စရာ၊ ပြီး တော့လည်း ငြိမ်ငြိမ်နေတာ မဟုတ်ဘူး"

"ပြောတော့မယ် မမြ့ရယ် .. လူပျိုကြီးများ အသင်းအစုသာရှိရင် နင် မလွယ်ဘူး .. ခစ် .. ခစ် .."

"လူပျိုကြီးတိုင်း မဟုတ်ဘူးလို့ ငါ ပြောတယ်လေ ...၊ ရှိတတ်တဲ့ တစ်ယောက်စ နှစ်ယောက်စ .. ဟီး .."

"တောက် .."





မကြားချင်လို့ မြန်မြန်လှည့်ထွက်တာတောင် အကြော်အိတ်က ဆီပူထိပြီ ပြဲကျလို့ အသစ်အိတ်နဲ့ ပြန်လဲထည့်နေရသေးသည်။

စိတ်တိုလွန်းတော့ ကွယ်ရာရောက်အောင် မစောင့်နိုင်ဘဲ တက် ခေါက်ပစ်လိုက်မိသည်။

"ကိုယ့်ထမင်း ကိုယ်စားနေတာတောင် ကိုယ်ရှာတာ ကိုယ်စား ပြီး ပါးစပ်သောင်းခံ ပြောတဲ့လူက ရှိသေးတယ်"

မိုးလေးတဖွဲဖွဲကျနေတာကို သူတို့နှစ်ယောက်က ရေပြင်ကို မြေ ပြင်ထင်ပြီး လျှောက်နေသလို တစ်ယောက်က ဒေါသတွေနဲ့ တလွှား လွှား ဖြစ်နေလျက် ...၊ တစ်ယောက်က လိုက်နေရတာ အပြေးအလွှား...။

"ရှင်တို့ကလည်း ကြာလိုက်တာ ...၊ ဒီမှာ ဗိုက်ဆာလို့ကို .."

ဒေါသအရှိန်က ရှေ့ကို ဘွားခနဲ ရောက်လာသည့် ဆံပင် ဖားလျားနှင့် မျက်နှာနုနုလေးကြောင့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်၏။ ပြီးတော့ သွားတွေပေါ်အောင် ရွှေ၍ အံကြိတ်ကာ ...

"ဘာလိုက်လုပ်တာလဲ .. ခင်ဗျားက .."

"ရှင်တို့ အကြော်ဆိုင်သွားတယ်ဆိုလို့ .."

"အဲဒီတော့ .."

"စောင့်နေတာ ကြာပြီလေ ...၊ ဗိုက်ဆာလို့ပေါ့"

"ဟိုမှာ အကြော်တွေ တစ်ဗန်းကြီးပဲ .. သွားတောင်းစားချေ.."

"တောင်းစားရမယ် .."

"ဟွန်း .."

နှုတ်ခမ်းမဲ့၍ သူမကို ကွေ့ရှောင် ထွက်လာခဲ့သည်။ သုခစီ က ကြောင်တောင်တောင်လေး ရပ်ကျန်ခဲ့လျက် ...၊ ပြီးမှ သူ့နောက် ပြေး လိုက်လာကာ ...

"ကိုကြီး .. ကိုကြီး .. ဟိုမှာ .. မမ သွားတောင်းစားနေပြီ .."

"မင်းပါ စားချင်လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ .. ဟိုမှာ .. လုယူနေတာ ..၊ ချကုန်ကြပြီ ကိုကြီး .. မမ သနားပါတယ် .."

လက်ကို ဆွဲယမ်း လှုပ်ခါပြောရင်း သုခစီ က နောက်ကို သူ လှည့်ကြည့်အောင် မရမက ကြိုးစားနေ၏။ ထို့ပြင် နောက်က ဆူညံသံတွေကြောင့် သူ တုံ့ခနဲ ဖြစ်သွား၏။

"အဲဒီကောင်မလေးပဲ နေမှာ .. ဒီမှာ မမြင်ဖူးဘူး .."

"ရုပ်လေး သနားကမားနဲ့ဟယ် .. စိတ်မနှံ့ဘူး ထင်တယ် .. သေချာကြည့်ဦး .."

"သနားကမားမား မမားမား .. ရူးနေတိုင်းရော သူများပစ္စည်း အလကား နှိုက်စားလို့ ရမလား .."

"ဖယ်ပါ .. ဒီမှာ နှစ်ခုတည်း ယူတာကို .."

"နှစ်ခုလည်း နှစ်ခုဖိုး ပေးမှ ရမယ် .. ဘယ်မှာလဲ ပိုက်ဆံ .."

"ဟာ!... အတင်းရုန်းနေတယ်၊ ဆီအိုးဖွဲ ကျသေတော့မှာပဲ ..၊ ကိုလှမောင် တို့ ဝိုင်းဆွဲကြပါဦး ..၊ အပြင်ကို ဆွဲထုတ်သွားစမ်းပါ.."

အကြော်သည်က စိတ်ရှုပ်သံနှင့် လှမ်းပြောကာ ဝယ်သူတွေထဲက ယောကျ်ားမိန်းမတွေ ကောင်မလေးနားကို စည်းဝိုင်းတစ်ခုလို ကပ်လိုက်ကြ၏။

အခြေအနေက ဝိုင်းထိန်းဖို့ ကြိုးစားသလိုနှင့် ဖမ်းချုပ်ဖို့ထိ ဖြစ်လာ၏။

"အို!... လူကို မဆွဲပါနဲ့ .."

ကောင်မလေးက ယောကျ်ားတွေ ထိကိုင်လာတော့ အကြော်တွေကိုပါ လွှတ်ချပစ်ကာ အတင်းဖယ်ထုတ် ခါချပစ်၏။

"ဖယ် .. ဖယ်ပေး .. အကြော်လည်း မစားတော့ဘူး .."

"အံမာ .. အကြော်တွေ မြေကြီးပေါ် ကျကုန်တာ ပြန်လျော်ပေးရမှာပေါ့ ..၊ မဟုတ်ဘူးလား ဒေါ်ခင်ရီ .."





"ဘာလဲ .. ကျွန်မမှ မယူတော့တာ .."

"ဟဲ့ .. ညည်းက ဘယ်အိမ်ကလဲ .."

"ဦးဘော်ဘီ .. ထိပ်ပြောင်ကြီး အိမ်မှာ နေတယ် .."

ရုတ်တရက် ဝင်ဖြေတဲ့သူက ချမ်းသာ ဖြစ်ကာ တို့မလို ဆွဲမလို မထိတထိ ဟန်ရေးပြ ခြောက်လှန့်နေသူရှေ့ကနေ ကောင်မလေး ပခုံးကို တွန်းထုတ်လိုက်၏။

ကောင်မလေး ယိမ်းယိုင်ကာ လူစည်းဝိုင်း၏အပြင်ကို ရောက်သွားမှ ...

"အရူး .. အရူးနဲ့ ထပ်တလဲလဲ ပြောနေပြီးတော့ ခင်ဗျားကပါ အရူးကွက်နင်းချင်လို့လား .."

"လူချမ်းသာ .."

"ဟုတ်တယ် .. လူချမ်းသာ"

"မင်း ခိုးလာတယ်ဆိုတာ ဒီကောင်မလေးလား ..၊ ဟား .. ဟား .. ဟား ..."

အသားမည်းမည်း ကိုယ်လုံးတောင့်တောင့်နှင့် ထိုသူဟာ စိန်မြင့်ဟု အမည်ရကာ ထရော်လော်ကျိုးကိုက်မှာဆိုလည်း ချမ်းသာ နှင့် မျက်နှာချင်းဆိုင်မိတိုင်း ထိုနည်းနှင်နှင် စကားတို့နှင့် ..။

"မင်းကွာ .. ယူမယ့်မိန်းမ မရှိရင်လည်း ရနိုင်တာလောက်ကို ကြိုးစားလို့ ရပါတယ်၊ နေစရာ စားစရာ မရှိပေမယ့် မင်းရုပ်လေးက မဆိုးပါဘူး၊ ဘာဖြစ်ဖြစ် အရူးထက်တော့ သာမှာပဲ .."

သုခစီ က ကောင်မလေးလက်ကို ပြေးဆွဲကာ သူလည်း ဒီတိုင်း ပြန်လှည့်ထွက်လိုက်ပြီးမှ စိန်မြင့် စကားကြောင့် ခြေလှမ်းတွေ ရပ်သွားသည်။

"သွားပြောမနေနဲ့ ..၊ အဲဒီကောင်က မိုက်ရိုင်းသလား မမေးနဲ့"

"အေးလေ .. ကိုယ့်ရပ်ရွာမှာဆို အရူးမကတောင် ယူမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါလေးကို ဘယ်ကဘယ်လို ရအောင် သွားယူလာလဲမှ မသိတာ”

ခြေထောက်တစ်ဖက်က ဖျတ်ခနဲ ရွေ့သွား၏။ ဒါပေမယ့် ကိုယ်ကို လိုက်ပါမသွားမိအောင် ထိန်းချုပ်ရင်း ကျိခနဲ အံကြိတ်သည်။

ဒီလူတွေ မျက်လုံးထဲမှာ မင်းက ဒီတိုင်းပဲ ဟိတ်ကောင်..၊ လုပ်မနေနဲ့ ..။

ကိုယ့်ကိုယ်ကိုယ် သံပတ်တင်း၍ နောက်ပြန်လှည့်ခဲ့သည်။ ခန္ဓီစပါရမီ ပြည့်စုံလွန်းလို့တော့ မဟုတ်ပေမယ့် ဒီတစ်ခါ ပြဿနာတက်ရလျှင် သူ့ပဲ စ၊ သူပဲ ရှုံးရမှာကို မြင်နေမိ၍ ဖြစ်သည်။

ဒါတွေ ဖြစ်လာခဲ့တဲ့အကြောင်းရင်းက ဟိုကောင်မလေးကြောင့်..။

ဒေါသကြီးလေ.. လူတွေရယ်လေ ဖြစ်ကုန်ကြလျှင် သူ့လက်သီးမှာ မုန်တိုင်းထန်သွားရင်တောင် အရှက်ပြေရမည့်အကြောင်းအရင်းကို ရှာတွေ့ဖို့ မမြင် ..။

“ဘာရမလဲ .. သူက မင်းသားလေ ..၊ ငါက မင်းသမီး ..”

ခံရခက်ရတာတွေကြောင့် အံကြိတ်မပြေသေးခင် သူ့နောက်တနေ ထွက်လာသည့်စကားသံက သုခစီ နဲ့ ကောင်မလေး ကပ်ပါလာသည်ကို သတိရသွားစေလျက် ...

“ကြည့်ပါလား .. ရုပ်ကြီးကိုက လူကြမ်းရုပ်ကြီးဥစ္စာ ..”

“ကိုကြီးက ချောတယ်နော် ..”

“အေးလေ .. ဆံပင်ကြီးတွေက ညဘက်ဆို သရဲနဲ့တူတာ တစ်ခုပဲ၊ ရုပ်လေးက အင်း .. ချောတော်မောတောလေးပါ ..”

“ဟိ .. ဟိ .. ဟိ ...”

သုခစီ ကတော့ အရိပ်သုံးပါး ဆင်ခြင်ရမှန်း သိကာ အသံမထွက်အောင် ထိန်းရယ်တာမျိုးပါ။ ဒါပေမယ့် ဟိ .. ဟိ .. သံကို ကြားရတာ ပို၍ နားကြားပြင်းကပ်စေ၏။

“သုခ ..”





“ဗျာ ..”

“ငါကရော အရှုးနဲ့ တကယ်တူနေလို့လား .. ကြည့်ပါဦး ..”

“မတူပါဘူး .. မမက လှပါတယ်”

“အေးလေ .. လူတွေကနော် .. ကိုယ့်မျက်နှာကိုတော့ ပြန်မကြည့်ကြဘူး .. ကဲ့ရဲ့ဖို့ပဲ၊ ဒီမှာ .. ကိုလူချမ်းသာ .. နားထောင်နေတာ အကောင်းမှတ်လို့ ..”

ရှေ့ကို ပြေးတက်လာပြီး သူ့ဘေးကျမှ ရပ်၍ မျက်နှာကို မော့ကြည့်ကာ ...

“ဒီရှေ့မှာ ဆံပင်တွေမရှိတဲ့ လူကြီးကလေ ..”

ဦးထိပ်ပြောင် ကိုတော့ နာမည် မမှတ်မိသေးဘူး ထင်သည်။ သူမရဲ့ထိပ်ဦးလေးကို ပုတ်ပြပြီး ...

“အဲဒီလူကြီးက သူ့အိမ်မှာပဲ နေတဲ့၊ ကျွန်မက မနေဘူးလို့ ပြောလိုက်တယ် .. ဘာလို့နေရမှာလဲနော် ..၊ ကျွန်မက ရှင်နဲ့ပဲ အား!...”

လက်ကောက်ဝတ်လေးကို ဆောင့်ဆွဲပစ်လိုက်သဖြင့် သူမ ရှေ့ကို ကိုယ်လေး ငိုက်ဆင်းသွားကာ နာကျင်သံလေး ထွက်လာ၏။

“ဘာလုပ်တာလဲ .. နာလိုက်တာ .. အား ... အမေ့!..”

မေးတာကို မဖြေသည့်ပြင် ဒီတိုင်း တလွှားလွှား ဆွဲခေါ်သွားသဖြင့် ကောင်မလေး ဒရောသောပါး ပါသွားတာ ခလုတ်တွေ တိုက်..၊ သူ့ကိုယ်နဲ့ ပစ်တိုက်မိလို မိ ..။

“ကိုကြီး ဘယ်သွားမလို့လဲ ..”

သုခစီ မျက်လုံးလေး ပြူးကာ နောက်ကနေ ပြေးလိုက်လာ၏။ လမ်းပေါ်ကနေ ချိုးကွေ့ပြီး နောက်ထပ်တစ်ကွေ့ကို ထပ်ကွေ့လိုက်တာနှင့် ချောင်းကြီးဘက်ကို ဆင်းသည့် လမ်းကျဉ်းလေးအား ဖုန်တထောင်းထောင်း ..။

“ကိုလူချမ်းသာ .. ရှင်ကြီးနော် .. သူများကိုပဲ ခုလိုခဏ ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ဒီက သည်းခံနေလို့ .. အ!.. အကောင်းမှတ်နေသလား ..၊ ဒီတစ်ခါဆို ပြန်ချမှာ .. တကယ်ပြော .. အား!...''

ချမ်းသာ ခြေစုံရပ်ပစ်လိုက်သည်နှင့် ကောင်မလေးက လက်ကို ဆောင့်ခနဲ ရုန်းကာ နေရာမှာပဲ ဆောင့်ကြောင့်လေး ထိုင်ချလိုက်၏။

ပြီးတော့ ဟီးခနဲ ငိုချလိုက်ရင်း ...

"ရှင့်ကို အမေနဲ့ တိုင်မယ် သိလား ..၊ အဖေနဲ့လည်း တိုင်မယ်၊ အဘိုးရော .. အဘွားရော .. ရေထဲမှာ တွေ့ခဲ့တဲ့ လူသေကောင်ကြီးနဲ့ လည်း တိုင်မယ်၊ ဒီမှာ သူများခြေထောက်တွေ သွေးထွက်သလို ရှင့်ခြေထောက်တွေကို .. အဟင့် .. ငရုတ်ကျည်ပွေ့နဲ့ ကြေအောင် ထုမှာ..၊ ရှုတ် ..''

နှပ်ညှစ်လိုက် .. ကျိန်ဆဲလိုက်နှင့် ..။ ထိုလက်နှင့် ဆံပင်တွေကို ဘယ်ဘက်သိမ်းညှပ်လိုက် .. ညာဘက်ကို သပ်တင်လိုက် ..။

ပြီးတော့ ဆတ်ခနဲ ခုန်ထလိုက်ပြန်ကာ ...

"ရှင်နဲ့ကျွန်မ ချမယ် .. လာ ..''

ချမ်းသာ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ပြီး ခြေချရပ်၍ စိန်ခေါ်သည်။ ချမ်းသာ က မျက်မှောင်ကုတ်ကြည့်နေသဖြင့် ရှေ့ပြန်တက်၍ လက်မောင်းတစ်ဖက်ကို တွန်းပစ်လိုက်ပြန်ကာ ...

"လာလေ .. ချမယ် ..''

"တောက် ..''

"အား!...''

ချမ်းသာ သူမလက်ကလေးကို ကျောနောက်မှာ လိမ်ကပ်ထားလိုက်ကာ ...

"မင်း ဘယ်က လာတာလဲ ပြောစမ်း ..၊ အရူးဖြစ်ဖြစ် အနှမ်းဖြစ်ဖြစ် .. သိကို သိရမယ်၊ မသိဘူးလို့ ထပ်ပြေကြည့် ..''

"မသိ .. အား!... သေပါပြီ ..''





"ကိုကြီးကလည်း .. မမက ခေါင်းမှ မကောင်းတာ ..၊ တကယ် မသိတာ နေမှာပါ ..''

"ဟုတ်တယ် .. ဟုတ်တယ် ...သုခ ပြောလိုက် ..၊ ငါ့ခေါင်းမှာ ဒဏ်ရာရှိတယ်လို့ ..၊ ဒီနားမှာလို့ ..''

ပြောပြပြီး ခေါင်းကို တွင်တွင်လှည့်ပြ၏။ ဆံပင်တွေ ဖားလျား ဖြန့်ချထားတာက လှအောင်လို့ မဟုတ်ဘဲ ပစ်စလက်ခတ်ကြီး ဖြစ်နေသောကြောင့် သူမ ဆံပင်တွေ ခါသွားအောင် နောက်လှည့်လိုက်တော့ စုလုံးကပ်နေသော နေရာလေးကို ချမ်းသာ သတိထားလိုက်မိသည်။

ဒါပေမယ့် သူ့ စိတ်မဝင်စားပေ။ သူမကို လူစိမ်းမှန်းသိလျက်နှင့် ဘယ်ကလာတာလဲ မမေး ..၊ ဘာဖြစ်လာတာမှန်း မစူးစမ်းဘဲ ဝိုင်းဝန်း စောင့်ရှောက်ဖို့ ကြိုးစားတဲ့ ပတ်ဝန်းကျင်ကိုလည်း မကျေနပ် ..။

တကယ်တမ်း တွေးကြည့်မယ်ဆို .. စောင့်ရှောက်သလိုလိုနှင့် ဒီကောင်မလေးနဲ့ နာမည်ကြီးတော့ သူပဲ ဖြစ်နေသည်။ ဒီတိုင်းဖြစ်အောင်*ဝိုင်းသမနေကြတာနဲ့ မတူဘူးလား ..၊

ပြီးတော့ သင်းကရော ဘာလဲ ..။

သူ့အကြည့်တွေက မျက်နှာအောက်မှာ မော့မော့လေး ဖြစ်နေသည့် သူမ နဖူးထိပ်လေးဆီ ရောက်သွား၏။ ဘယ်သူခေါ်ခေါ် မလိုက်ဘဲ လူတိုင်း မျက်စိစပါးမွေးစူးနေကြတဲ့ သူ့ရဲ့တဲပုတ်လေးထဲကိုမှ...

"ငါ ဘာလုပ်ရမယ်ဆိုတာ နားလည်ပြီ .. မင်းကို ဒီကနေ ဘယ်မှ သွားခွင့်မပေးတော့ဘူး''

"ဘာလဲ .. ဘာလုပ်မလို့လဲ ..၊ သုခ ငါ့ကို ခေါ်ဦး''

နောက်ထပ် ဒရွတ်တိုက်လေး ပါသွားကာ လွန်ခဲ့သည့် နှစ်ပေါက်က သူ ငါးမျှားခဲ့သည့်နေရာရောက်မှ ရပ်၏။ ထင်သည့်အတိုင်း စဉ့်အိုးကြီးက ချုံထဲမှာ နွံတွေ တစ်ဝက်နစ်လျက် ..၊ စောင်းလျက်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေဆဲ ..။

"သုခ .."

"ခင်ဗျာ .."

"မင်းရဲ့ စဉ့်အိုးကြီးကို နွံထဲက သွားဖော်စမ်း .."

"ဗျာ!..."

"တောက် .. သွားဆို သွား .."

ဘာလုပ်ဖို့မှန်း မသိပေမယ့် သုခ စဉ့်အိုးကြီးရှိတဲ့ဆီ ပြေးသွား၏။ ရေတွေလျှံခဲ့တုန်းက ချုံထဲကို တွန်းပို့ထားသလို ဖြစ်နေသဖြင့် ရေပြန်ကျသွားတော့ ချုံထဲမှာ နွံတွေနဲ့နစ်ကာ အိုးခြမ်းပဲ့ကြီးလို့ ထင်ကြတာလား ..၊ မြင်ပဲ မမြင်ကြတာလား ..။

အိုးကြီးက ဒီတိုင်း ရှိနေခဲ့၏။ ဒါပေမယ့် ကလေးရဲ့ အားလောက်နဲ့တော့ စဉ့်အိုးက ပေါ်မလာခဲ့ပေ ..။

"ကိုကြီး .. မရ .."

လှမ်းပြောမလို့ အသံကိုတင်၍ လှည့်လိုက်သော်လည်း သတိလစ် ပျော့ခွေနေသည့် ကောင်မလေးကို ပွေ့ချီလိုက်သည့် ချမ်းသာ လှုပ်ရှားနေတာကို မြင်ကာ ...

"ကိုကြီး .."

"မရှည်နဲ့ .. ရအောင် ဆွဲတင် .."

ကောင်မလေးကို ပွေ့လာရင်း ကမ်းပေါ်မှာ ခွေခွေလေး ချလိုက်တာ ...

"ဖယ်စမ်း .. ဒီလောက်တောင် အဖြစ်မရှိဘူး"

"ကိုကြီး ဘာလုပ်မလို့လဲ .."

"မင်းလိုပဲ အိုးထဲ ထည့်မျှောလိုက်မလို့၊ ဘာလဲ .. မင်းပါ လိုက်ချင်လို့လား"

"ဟာ!... မဟုတ်ပါဘူး .."





သုခ ကိုယ့်ကို ထိမှာစိုးတော့လည်း လန့်သွားသည်။ ကောင်မလေးကိုလည်း သနားကာ မရဲတရဲနှင့် ...

"မမ သနားပါတယ် ကိုကြီးရာ .. ဘဘကျော် တို့ကို တိုင်ပြောလိုက်ရင် မမ သားတို့အိမ် မလာအောင် သူတို့ တားကြမှာပါ၊ ရေထဲတော့ မမျှောပါနဲ့နော် .."

"အံမာ .. လူလေးက လက်နှစ်သစ်လောက် .. ပြောတဲ့စကားက တစ်တောင်လောက်နဲ့ .."

စဉ့်အိုးကြီးကို ရေစပ်အထိ ရောက်သွားအောင် တွန်းလိမ့်ယူသွားပြီး အထဲကို သေချာ ပက်ဆေးရင်း မကျေနပ်စိတ်နှင့် သူ့အသံ ကျယ်သွားသည်။

"ဆင်ကိုတောင် ကြွက်လေးတစ်ကောင်က နိုင်သေးတာပဲ ချမ်းရာ .. လူငယ်တိုင်း အသိဉာဏ်မငယ်ဘူးဆိုတာ မင်း လက်ခံရမှာပေါ့"

ပါလာပြန်ပြီ ဒီလူ ..၊

အသံကြားလိုက်တည်းက ချမ်းသာ တက်ခေါက်ပြီးသား ဖြစ်သွားကာ ...

"ကိုကြီးကျော် .. ခင်ဗျား ကျွန်တော့်ကို ငုတ်တုတ်ထိုင်ကြည့်နေတာတော့ မဟုတ်ပါဘူးနော် .."

"မကြည့်ပါဘူး .. ငုတ်တုတ်ထိုင်နေရင် မင်း ထွက်သွားပြီး ဘာလုပ်တယ် .. ငါ ဘယ်လိုလုပ် သိရမှာလဲ ..၊ ခုလို တကောက်ကောက် လိုက်ကြည့်နေလို့ မတော်တာတွေ့ရင် တားရအောင် ထွက်ထွက်လာတာပေါ့ .."

"မတားနဲ့ .. ဒီစဉ့်အိုးက လာကတည်းက လူ သယ်လာတာ၊ ခုလည်း လူသယ်ပြီး ကောင်းကောင်းသွားနိုင်တယ် .."

ချမ်းသာ က ကိုကြီးကျော် ကို ဂရုစိုက်မနေဖို့ ဆုံးဖြတ်ကာ စဉ့်အိုးကို သန့်ရှင်းပြီးတာနှင့် ကောင်မလေးကို သယ်ဖို့ တမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်လာ၏။

"ငါ ထင်တယ်ကွ .. မင်းက အမှိုက်စုတ်ကို လေညှာမှာ သွားသွားပစ်တော့ မင်းဆီ ပြန်လွင့်လာဦးမှာပဲ .."

"ဒါဆို သတ်ပစ်လိုက်ရမလား"

"မီးပုံရှို့တဲ့နည်းပေါ့ ..၊ အဲဒါလည်း ကောင်းတာပဲ .."

ရုပ်တည်ကြီးနဲ့ ကိုကြီးကျော် ကို ကြည့်ကာ ချမ်းသာ မျက်နှာ တင်းသွား၏။

"ခင်ဗျားက လူကို အချွန်နဲ့ 'မ' နေတာပဲ၊ အဲဒီလို လုပ်ခိုင်းချင်နေတာ ကြာပြီ ထင်တယ် .."

"ဩော် .. ငါက မင်း စိတ်ချမ်းသာတာ လုပ်လို့ရအောင် ပြောပြတာလေ .."

ကိုကြီးကျော် က သူ့ရဲ့ ခန့်ပုံခန့်ညားရှိသည့် မျက်နှာကြီးကို မျက်ခုံးတွေ ပင့် ..၊ နှုတ်ခမ်းမဲ့၍ ပခုံးနှစ်ဖက်ပါ တွန့်လိုက်သေးသည်။ တော်တော်ကို ကြည့်ရဆိုးသွားပါ၏။

"တကယ်တမ်း မင်းကို မဟုတ်မဟပ် ဖြစ်စေချင်မှဖြင့် အခုမင်း လုပ်ထားတာတွေကို ရဲသွားတိုင်လိုက်တာနဲ့ ဘာတွေ ဖြစ်ကုန်မလဲ သိလား .."

"မသိဘူး .. ဘာဖြစ်ဖြစ် .."

"ထောင်ကျမှာတောင် မကြောက်ဘူးဆိုတော့ မင်းက ဘာကို ကြောက်နေတာလဲ .. ဒီလောက်တောင် .."

"အဲဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ဆိုင်တာကို မင်း မေ့နေလို့ပါ .."

ခွေခွေလေး လဲနေသည့် ကောင်မလေးရဲ့ ခေါင်းရင်းနားမှာ ကိုကြီးကျော် က ပုဆိုးစတွေသိမ်း၍ ကျကျနန ထိုင်ချလိုက်၏။ ပြီးမှ ဆက်၍ ...





"မင်းပဲ စဉ်းစားကြည့်လေ .. ဒီကောင်မလေးကို စောင့်ရှောက်ကြမယ်လို့ ငါတို့တွေက ဝိုင်းစဉ်းစားပြီးမှ လက်ခံခဲ့ကြတာ၊ မင်းထင်တိုင်းလုပ်လို့ သင့်တော်မလား .."

လုပ်ဝံ့ လုပ်ကြည့်ပါလားလို့ ပြောလိုက်တဲ့သဘောပေမယ့် ကိုကြီးကျော် မျက်နှာမှာတော့ ရင်းနှီးသည့်အကြည့်တွေမှလွဲ၍ ဒေါသ မောဟတွေ မမြင်ပါ ..။

"ကောင်မလေးက မင်းဆီကို အရင်ရောက်လာလို့ သူ့ရဲ့ပိုင်ရှင်က မင်းပဲလို့ စွဲလမ်းသွားတာ၊ ခွေးလေးတွေလိုကွာ .. သခင်မှတ်တာမျိုးပေါ့၊ ဒါကို မင်းက မကြိုက်ဘူး .."

"ကြိုက်ရအောင် လူတွေဘာပြောနေကြလဲ ခင်ဗျား သိလို့လား..၊ သူကရော အပြောမတတ် အနေမတတ် .."

"ရူးနေပါတယ်ဆို .. ဘယ်လိုနေနေ လှလှပပ ရှိမလား ကိုချမ်းရာ .. ဒါကို ကဲ့ရဲ့တဲ့လူတွေက ရူးတဲ့လူထက် ပိုမိုက်တာပေါ့၊ လောလောဆယ် လူသစ်လည်း ဖြစ်တယ် ..၊ ကောင်မလေးကလည်း နုနုဖတ်ဖတ် ဝင်းဝင်းစက်စက်လေး .. ဒီကြားထဲ ရူးနေသေးတယ်၊ ဟော.. မင်းလက်ထဲ ရောက်နေတာဆိုတော့ ဘယ်သူ စိတ်မဝင်စားဘဲ နေမှာလဲ .."

"ဝင်ပဲ ဝင်စားနိုင်လွန်းတယ် .."

ချမ်းသာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မှ သူ့ခ မျက်နှာလေးလည်း ဝင်းသွားကာ လူကြီးနှစ်ယောက်နားမှာ ပြေးလာထိုင်၏။

စိုထိုင်းထိုင်းမြေပြင်မှာ မြက်ဖုတ်တချို့ကြောင့် နင်းဖြတ် နေထိုင်ကောင်းနေသဖြင့် သူတို့သုံးယောက် အေးဆေးစွာ ထိုင်နေကြ၏။

အဆိုးဝါးဆုံး အနေအထားတစ်ခုကနေ ပြန်လည် တိတ်ကျသွားပြန်ကာ ကိုကြီးကျော် က သူ့ခ လက်ထဲက အကြော်ထုပ်ကို လှမ်းကြည့်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မနက်မိုးလင်းတာနဲ့ မင်းအိမ်ကို ကူးသွားတာ ထိပ်ပြောင်ကြီးတို့ ဘယ်သူမှ မသိကြဘူး ..၊ ဟိုရှာဒီရှာနဲ့ အော်ခေါ်နေတာ ကြားလို့ ငါ မှန့်ဟင်းခါး ဝယ်ထွက်ရင်းနဲ့ မင်း ဒီအချိန် လက်ဖက်ရည်မသောက်ရင် အကြော်ဆိုင်မှာပဲ ရှိတတ်တာသိလို့ လှတ်လိုက်တာ၊ သူ့ခမျာ စိတ်မနှံ့ရှာဘဲ ရိုးရိုးသားသား ခင်တွယ်နေတာ သနားပါတယ်ကိုချမ်း ရာ ..၊ မင်းကို တခြားလူတွေ ပြောလည်း လိတ်ပတ်မလည်ခင်ပေါ့ကွ ..၊ မပြီးခင် ဗမာ မမြင်စေနဲ့တဲ့ .."

"ဘာဆိုင်လို့လဲ .."

"မသိဘူးလေ .. ဆိုင်သလားလို့ .."

စကားကောင်းပြောရင်းကနေ ကိုကြီးကျော် မျက်နှာ ပြုံးစိစိ ဖြစ်သွား၏။ ပြီးမှ ...

"ဟုတ်တယ်လေ .. ဘာမှမဆိုင်ဘဲ သနားလို့ ကူညီထားတာမှန်း တစ်နေ့ သိသွားကြမှာပဲ ..၊ ဒီမှာ မင်း မသိသေးတာတစ်ခု ငါ ပြောဦးမယ် .."

စကားပြောဖို့အရေး ထိုင်နေရင်းကနေ ဖင်ရွှေ့ လှုပ်ရှားလိုက်သဖြင့် ပြောလာမှာကို ချမ်းသာ စိတ်ဝင်စားသွားသည်။

"မင်း ပြောပြခဲ့တဲ့ အဝတ်သေတ္တာရော .. သူတို့နှစ်ယောက်ကိုပါ တစ်ပြိုင်တည်း တစ်ညတည်း တွေ့တဲ့အဖြစ်က အကြောင်းရှိတယ်ကွ .."

"ကောင်မလေးက ချောင်းထဲက တက်လာတာလို့ ပြောချင်တာလား .."

"ဟုတ်ဖို့ များတယ် ..၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မိန်းမ သူ့ကို သနပ်ခါးသွေးပေးနေရင်း ဟိုမေးဒီမေး မေးတော့ သူက ရေထဲကနေ သစ်တုံးလှေကြီးနဲ့ စီးလာတာလို့ ပြောတယ်တဲ့၊ သူ့ကိုယ်မှာ ရေတွေစိုနေလို့ မီးလှုံခဲ့တာတွေ၊ ငါးကင် စားရတာတွေ စိတ်လိုလက်ရ ပြော





ပြနေတာတဲ့ .."

ရေထဲကဆိုမှ သူ သတိရလိုက်သည်။ အကြော်ဆိုင်ကအထွက်မှာ ကောင်မလေး ငိုတုန်းက ပြောတဲ့အထဲမှာ ပါသွားသေးသည်ထင်၏။

'ရေထဲက လူသေကောင်ကြီးနဲ့ တိုင်ပြောမယ်' ဆိုတာ ..၊

"မီးလှုံတယ်ဆိုတာ ငါ တွေးကြည့်တော့ .. ညပိုင်း အကြော်ရောင်းတဲ့တဲမှာ ကြွက်ထောင်ပြီး ပြန်တဲ့ကောင်တွေ မီးဖိုကြ၊ ကြွက်ကင်ကြနဲ့ .. မီးကြွင်းမီးကျန်တွေ အမြဲ ရှိတယ်လေ ..၊ အဲဒီညက မိုးလေးစိမ့်စိမ့်နဲ့ စားသောက်ပြီးတာနဲ့ ပြန်ကြတာ နေမှာပေါ့၊ ကောင်မလေး အဲဒီမီးဖိုမှာ ဝင်ကုပ်နေပြီးမှ မင်းဆီကို .."

"ခင်ဗျားက စုံထောက်ဝါသနာလည်း ပါတာပဲ"

"ဆက်စပ်တွေးကြည့်တာပါ .. ဟိုသတင်းကိုလည်း မင်း မသိသေးဘူးမို့လား .."

"ဘာလဲ .."

"ရွှေစက်တော်ဘုရားပွဲတော် ပြီးခါနီးမှာ အထက်မှာ မိုးကြီးပြီး တောင်ပေါ်ရေကျလို့ လူတွေ အသေအပျောက် အပျက်အစီးတွေ တော်တော် ဖြစ်သွားတယ်လေ .."

"ကျွန်တော် ကြားတယ် .. သေချာ မသိခဲ့တာ"

"အေး .. ဟိုမှာ နေ့လယ် နှစ်နာရီခွဲလောက် တောင်ပေါ်ရေကျတယ်၊ ဒီဘက်ကို အဲဒီဝန်းကျင်ကနေ ရေကြောင်းတွေ ဆက်ပြီး အပျက်အစီးတချို့ ပါလာတာ ဖြစ်မှာပေါ့၊ အဝတ်သေတ္တာရယ်၊ သူတို့နှစ်ယောက်ရယ်က အဲဒီကိစ္စနဲ့ တစ်ခုခုတော့ ပတ်သက်နေနိုင်တယ်၊ သုခ ကို သူ့ပထွေးက ရေထဲမျှောလိုက်တာဆိုတော့ အဝတ်သေတ္တာနဲ့ ကောင်မလေးက .."

"ခင်ဗျားမို့ ဦးနှောက်ခြောက်ခံပြီး တွေးနေတယ် ကိုကြီးကျော်..၊ ဒီကောင်မလေး ရူးကြောင်မူးကြောင်နဲ့ ရေထဲဆင်းလို့ မျောပါလာတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့၊ သူ လုပ်သမျှ ကျွန်တော်တို့မှာ အမှုပတ်မှာ ..”

“အေးပါ .. မင်း တစ်ယောက်တည်းကို ပတ်မှာ မဟုတ်ဘူး ဆိုတာပဲ မှတ်ထားစမ်းပါ .. ငါတို့တွေ ရှိပါတယ် ..၊ သူ စိတ်ချမ်းသာသလို နေပါစေကွာ .. ဟောဒီ ကောင်လေးရယ် .. ကောင်မလေးရယ်.. မင်းဆီကို ရောက်လာတာ ကြည့်စမ်း ..၊ ဘယ်လောက် ထူးဆန်းလိုက်လဲ ..၊ ငါတို့ကတော့ မင်းတို့သုံးယောက်စလုံးကို တကယ် သဘောကျကြတာ .. အဲဒါကြောင့်လည်း ကူညီချင်တာ ..”

“ဘာဗျ ..”

“ဩော် .. မင်းကလည်း သွယ်ဝိုက်ပြောလည်း မကြိုက် ..၊ ပေါ်တင် စည်းရိုးတော့လည်း မနာခံချင် ..၊ ငါ ပြောတာက ..”

“သိတယ် .. မပြောနဲ့တော့ ..”

ချမ်းသာ မျက်နှာက မကြည်လင် ..။ ဘာပဲဖြစ်ဖြစ် သူ့အစီအစဉ် ပျက်ပြီဆိုတာတော့ သေချာ၏။

“မင်းလည်း စိတ်လိုက်မာန်ပါ ဖွင့်တိုးဖို့ ကြိုးစားနေတာပါ၊ တကယ်တမ်း အိုးထဲ ထည့်မွှောတော့မယ်ဆိုရင် ..”

“မလုပ်ရက်ပါဘူး .. ပြောမလို့လား ..”

“အေးလေ .. ဒါပေမယ့် ငါ ဒီလိုပြောလိုက်တော့ လုပ်ပြမယ် ကြည့်လို့ မင်း ထရွဲ့လိုက်ရင် ဖြစ်တာပေါ့”

“ဟွန်း ..”

သိရင် ပြီးတာပဲဆိုသည့် မျက်နှာနှင့် ချမ်းသာ က ကောင်မလေး တို့ မျက်တောင်စင်းနှင့် ကြည့်သည်။ ထိုစဉ် ကောင်မလေး ကိုယ်လေး လူးလွန့်လာ၏။ အားလုံး၏အကြည့်တွေ သူမဆီ ရောက်သွားကာ...

“သနားစရာလေးပါကွာ .. သူလည်း ဒီမှာ သိပ်ကြာကြာနေချင်မှ နေမှာပါ၊ မိန်းကလေးလည်း ဖြစ်နေလို့ ငါတို့က ပြောနေတာ၊ အကြော်ဆိုင်မှာ ကြည့်ပါလား .. ပတ်ဝန်းကျင်ဆိုတာ ကောင်းတာ





ရှိတယ် .. ဆိုးတာရှိတယ် ..”

“ကျွန်တော်ကတော့ လူကောင်းမို့လို့လား ..”

“မကောင်းပေမယ့် မင်းမှာ ကောင်းတဲ့အကျင့်လေးတွေ ရှိတာ ငါကတော့ သိနေတယ် ကိုချမ်း .. အဲဒါ မြှောက်ပင့်ပြောတာ မဟုတ်ဘူး၊ လူတိုင်းမှာ စင်လုံးချောကောင်းတာ မရှိတတ်သလို အားလုံး ဆိုးနေတာပဲဆိုတဲ့လူလည်း ရှားပါတယ်၊ ဘာပဲဖြစ်ဖြစ် .. မင်း သူ့ကို တော့ ..”

“အဲဒီလူ .. သူပဲ ..၊ သူ ကျွန်မကို ရိုက်တာ၊ ဒီလိုရိုက်တာ ..”

သူ့ဇက်ပိုး သူ့လက်နဲ့ ပြန်ရိုက်ပြကာ ကောင်မလေးက ထထိုင်လိုက်တာနှင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလျက် ...

“ကျွန်မကို သူ ဟိုဆွဲသွား ဒီဆွဲသွားနဲ့ ..၊ ရိုက်လဲ ရိုက်၊ အော်လဲ အော် ..”

“ဒါဆို သူနဲ့ လိုက်လိုက်မသွားနဲ့ပေါ့အေ.. ငါတို့အိမ်မှာပဲ နေလိုက်တော့ ..”

“ဟင်!...”

မျက်ရည်ကျလျက်နှင့် မျက်ဝန်းလေးတွေ ဝင့်ခနဲ ပင့်တက်လာပြီး ကိုကြီးကျော် နဲ့ ချမ်းသာ ကို တစ်လှည့်စီ ကြည့်သည်။ ပြီးမှ မျက်ရည်တွေ သုတ်ပစ်၍ ...

“ကျွန်မက သူနဲ့ပဲ နေရမှာလေ .. ဦး .. ဦး .. ဟို ...”

“ဦးကျော် လို့ပဲ ခေါ် ..”

“ဦးကျော် နဲ့ တွေ့တာမှ မဟုတ်တာ ..”

“သူကမှ ညည်းကို မထားချင်တာ ..”

ကိုကြီးကျော် က သွေးတိုးစမ်းမေးနေလေ သူမ ဖြေသမျှတွေက ကဘောက်တိ ကဘောက်ချာတွေ ဖြစ်လေ ..။

“သူက မထားချင်လည်း ကျွန်မက သူနဲ့ပဲ နေချင်တာ ..”



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးကျော် မျက်နှာ စပ်ဖြဲဖြဲကြီး ဖြစ်သွားပြီးမှ အတင်း ပြန်လည်မျိုသိပ်လိုက်ရသည့်အဖြစ်က သိသာနေရာ ..၊ ချမ်းသာ မျက်နှာ နီသွားသည်။ ပြီးတော့ ...

"တွေ့လား .. ငါတို့ တိုက်တွန်းတာ မဟုတ်ဘူးနော်" လို့ ပြောနေသလိုမျိုး မျက်လွှာပင့်ကြည့်၏။ ပြန်ပြေလည်သွားပြီမှန်း သိကာ သုခ မျက်နှာလေးလည်း ပြုံးကြည်လာ၏။ သူ့ပဲ နေရာက ထရပ်လိုက်ကာ ...

"စဥ့်အိုးကြီးကို သားတို့ အိမ်ပြန်လိုမ့်လာရအောင် ကိုကြီး .. ရေထည့်ချိုးမယ်လေ .. နော် .."

"အေး .. ဟုတ်တယ် .. ဆပ်ပြာရည်ထည့်ပြီး ဆင်းစိမ်ရင် အတော်ပဲ"

ခုနကပဲ မျက်ရည်လည်ရွဲနှင့် ကောင်မလေး ဆတ်ခနဲ လိုက်ထပြီး ပြော၏။ ကိုကြီးကျော် နဲ့ ချမ်းသာ မျက်လုံးချင်း ဆုံသွား၏။ ထို့ပြင် သူမက ပြန်လည် ရှုံ့မဲ့သွားကာ ...

"ဒါပေမယ့် ဒီအိုးကြီးက ဇိမ်မကျပါဘူး .. နှာခေါင်းဖော်ပြီး ဒူးထောက်နေမှ ရမှာ .."

လို့ ဆက်ပြောသေးသည်။

တစ်ခုခုတော့ .. တစ်ခုခု ..။





## အခန်း (၅)

သူမ ဘယ်လိုမှ ပြန်တော့မှာ မဟုတ်တာ သေချာသည်နှင့် ချမ်းသာ အလုပ်ရှုပ်နေရင်း မျက်နှာက ရှုပုတ် ပွထနေတော့သည်။

"တူ ပေးစမ်း .."

"သံအပေါင်းတွေ လိုက်နုတ် ..၊ ပြီးရင် ဒီလိုတင်ထားပြီး သေချာ ဖြောင့် .."

"ဟိုသစ်ပုံထဲမှာ နှစ်တစ်လက်မ ခြောက်ပေ နှစ်ချောင်းလောက်သွားရှာ .."

စသဖြင့် ထိုင်ရာမထ ခိုင်းလျက် သုခ ဘာလုပ်လုပ် သူ့ပဲ စိတ်တိုင်းမကျ ..။ သူ့ပဲ အော် ..၊

"ဟိုကောင်မလေး ခုတင်ပေါ် တက်ပြီး ဘာလုပ်နေတာလဲ .. ဆင်းစမ်း .."

ကောင်မလေးကိုလည်း ဟိုပေါ်က ဆွဲချ၊ ဒီလိုမနေနဲ့ စသဖြင့် နှစ်ယောက်အိပ် ခုတင်လေးတစ်လုံးနှင့် နောက်ဖေးတစ်ခန်းစာ သပ်ချဲ့သည့်အလုပ်တစ်ခုကို တစ်ယောက်တည်း ဆူညံနေခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်အိမ်ကြီးတစ်လုံးလုံး ပြိုကျ စုပုံနေတာမို့ သေးသေးကွေးကွေး တစ်စုံတစ်ခု ပြန်ဆောက်ဖို့အတွက် သိပ်မခဲယဉ်းပါ ..။

ခဲယဉ်းနေတာက သူမ ဒီအိမ်မှာပဲနေတော့မှာကို တွေးနေမိပြီး အလိုမကျသည့်စိတ်ကို ဖျောက်နိုင်ဖို့ပင် ..။

"ကဲ .. ဒီမှာ ထမင်းလာပို့တာဟေ့ .."

ကိုကြီးကျော် မိန်းမ မသိမ့်သိမ့် က ထမင်းအုပ်နဲ့ နှစ်ဆင့်ချိုင့်လေးတစ်ဖက်ကိုင်လျက် အသံပေးကာ နောက်မှာ ရပ်နေတာက ကိုကြီးကျော် ..။

"လာပြီ မမသိမ့် .."

ကောင်မလေးက ချမ်းသာ အလုပ်မရှိ အလုပ်ရှာ ခိုင်းထားသည့် ထင်းစလေးတွေ ကောက်ယူ စုဆောင်းနေရာကနေ ဝမ်းသာအားရ ထပြေးလာသည်။

"ဝုန်း .."

"အမေ့!..."

ပျဉ်ချောင်းတွေကို ပွေ့ထားလျက်ကနေ ပစ်ချလိုက်ပြီး ချမ်းသာ က လှမ်းကြည့်ကာ ...

"ထမင်း လာပို့ရအောင် ဒီအိမ်မှာ မီးဘေးဒုက္ခသည်တွေ စုဝေးနေတယ် ထင်လို့လား .."

"မင်းကလည်း အိမ်နီးချင်းမို့လို့ ငါတို့က .."

"အေးလေဟယ် .. ဒီကောင်လေးက အပြောကို ဆိုးတယ် .. တကယ်ပဲ .."

"အိမ်နီးချင်း မဟုတ်ဘူး .. ခြေရင်းခေါင်းရင်း ကပ်နေကြတဲ့ လူတွေတောင် တော်ရုံပဲ ဝင်ပြော ဝင်ဆိုတာ၊ မသိမ့် တို့က နှစ်အိမ်သုံးအိမ်ကျော်ကနေ ဝတ္တရားတွေ ကျေနေတာ၊ နည်းနည်းတော့ အိုဗာ ဖြစ်နေပြီ"





"ဟဲ့ .. ဒီမှာ ကောင်မလေး .."

"ကောင်မလေးကို ကျွေးချင် ခေါ်သွား .."

"ကောင်မလေးက ဒီမှာပဲ နေမယ်ဆိုလို့လေ ..၊ ငါတို့က အပြီးအပိုင်ကို လိုချင်သေးတာ သိလား .."

မသိမ့် က ကိုကြီးကျော် လောက် မဟုတ်ပေမယ့် သဘောတော့ ကောင်းသူပါ။ အထူးသဖြင့် ချမ်းသာ ကိုဆို တစ်ကိုယ်ရေ တစ်ကာယနဲ့ ဘဝကို ဖြစ်သလို ထိန်းကျောင်းနေရတာမို့ စာနာ သည်းခံသော မျက်လုံးနဲ့သာ ကြည့်ခဲ့တာ ဖြစ်သည်။

ဒါပေမယ့် တစ်ခါတစ်လေကျတော့လည်း ကလေးချင်း ရန်ဖြစ်သလိုပဲ ဖြစ်သွားပဆေ ..၊ ဒေါသတော့ ဖြစ်တတ်ကြတာပဲမို့ ..။

"ကဲ .. ကြားလား ကောင်မလေး .. လိုက်ခဲ့တော့ .."

"ထမင်းစားဖို့လား .. လိုက်မှာပေါ့ ..၊ သုခ ရော .."

"ထမင်းစားဖို့ မဟုတ်ဘူး ..၊ သုခ လည်း ဒီမှာပဲ နေပစေ .. ညီမလေးက ဟိုမှာ လိုက်နေရမှာ .."

"ကျွန်မ .."

"အင်း .. လာ .. သွားမယ် .."

"ဟာ .. မလိုက်ချင်ပါဘူး .. သူများအိမ်ကို .."

ကောင်မလေး ဖြစ်သွားတဲ့ပုံကို ကြည့်၍ ကိုကြီးကျော် က ရှေ့တိုးလာပြီး ရယ်ကာ ...

"ကောင်မလေးက ဒီမှာပဲ သူ့မိသားစု သူ့အိမ်လို့ သဘောထားနေပြီကွ.. ချမ်းသာ ပြောတာလည်း မှန်ပါတယ်၊ ဟဲ.. ဟဲ .. ယောကျ်ားမာနဆိုတာ အဲဒါပဲ၊ သူ့ဝန်သူထမ်း သူ့လမ်း သူလျှောက်ပါစေ၊ ထား လိုက်တော့ .. လာ .. လာ .."

ကိုကြီးကျော် ဝင်ပြောလိုက်ပြီဆို ဘယ်လိုပုံစံ ဝင်ဝင်သွားမှန်း မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ခြံရှေ့မှာ ဆိုင်ကယ်လ်သံ ဝေါခနဲ ကြားလိုက်ရကာ အသံ ရပ်သွားကာမှ …

"ချမ်း ရေ .. လာကွာ .. မင်း ဘာလုပ်နေလဲ .."

"အိမ်ပြင်နေတာ ဦးမြတ်စိုး"

ဆိုင်ကယ်လ်ပေါ်ကနေ လှမ်းခေါ်သည့်လူနှင့် ကိုင်ထားသည့် တူတွေ သံတွေကို ချထားလိုက်ပြီး ထသွားသည့်လူကို ကိုကြီးကျော် တို့က လိုက်ကြည့်နေကာ သူ့ရှေ့ကနေ ချမ်းသာ ဖြတ်သွားမှ လေသံ တိုးတိုးနှင့် …

"အဲ့ဒါ အလုပ် လာခေါ်တာကွ .. ဒီမိသားစု မဆိုးဘူး၊ တစ် ယောက်နဲ့တစ်ယောက် အကျိုးပေးတယ် .. အဲဒါပဲ"

ချမ်းသာ သေချာ ကြားလိုက်သည်။ လှည့်ကြည့်လိုက်တော့ ကိုကြီးကျော် မျက်နှာက သူ့အကြောင်းပြောနေတာ မဟုတ်သလိုလို…။

အလုပ်မရှိ အကိုင်မရှိ မစားရလည်း ဗိုက်မှောက်နေလိုက်မည် ဆိုသော တဲစုတ်လေးထဲက လူတစ်ယောက်နှင့် စိတ်မနှံ့သော မိန်းမလှ လေးရယ် …၊ အရွယ်မရောက်သေးသည့် ချာတိတ်လေးရယ် …။

ပါးစပ်ရာဇဝင်လေးတစ်ခုတော့ ဖြစ်ခဲ့လေသည်။





## အခန်း (၆)

"ချမ်း ရေ .."

"ကိုကြီး ထမင်းစားရအောင်လေ .."

ကားသမားတွေနဲ့ စကားပြောနေတုန်း လှည့်ကြည့်လိုက်တော့ သုခ နဲ့ ကောင်မလေး …။

"ကိုကြီး ပြန်မလာလို့ သားတို့ လိုက်လာတာ .."

"ရှင်က ထမင်းစားချိန်ထိ ဘာလုပ်နေတာလဲ .. ဒီမှာ .."

ပြဿနာပါလား …၊

ဒေါသဖြစ်ချိန်တောင် မရဘဲ ချမ်းသာ ခေါင်းနားပန်းကြီးသွား သည်။ သုခ ကတော့ ချမ်းသာ မျက်နှာပျက်သွားတာနှင့် ချက်ချင်း ရိပ်မိကာ …

"လာခဲ့မယ်တဲ့ .. သားတို့ ပြန်နှင့်ရအောင် .."

"ရှင် အခု လာခဲ့နော် .."

သုခက ဆွဲခေါ်ပေမယ့် သူမက လည်ပင်းလေးလိမ်၍ သေချာ မှာသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .. မင်းက .."

"ဟား .. ဟား .. ဟား .. ရယ်စရာမို့လို့ပေါ့ကွ .."

ခင်နေကြသည့်သူငယ်ချင်းတွေက သူ့မျက်နှာကြီး ပျက်နေလေ.. ရယ်လေ ..။

"မင်း ဘာပြောနေနေ အားလုံးက သဘာဝကျနေတာပဲ ချမ်းရာ .."

"အေးလေ .. ကြည့်ရတာ စကတည်းက ခေါက်ရိုးကျိုးပြီးသား ဟာကို .."

"ကောင်မလေးက ရှူးနေတာကွ .. လျှောက်ပြောမနေနဲ့"

"ရှူးနေပေမယ့် အရမ်းလန်းတယ်နော် .. မမြင်ချင်ယောင်ဆောင် မနေနဲ့ .."

"ဟုတ်တယ် .. မင်းရဲ့ကောင်မလေးက ဘယ်ကလာမှန်း မသိရင်တောင် တောင်ပံကျိုးပြီးကျလာတဲ့ ငှက်ကလေးတစ်ကောင်တော့ မဖြစ်နိုင်ဘူး .."

ဆယ့်တစ်နာရီဆိုတဲ့ နေရောင်က မိုးသားတွေထူနေသဖြင့် လင်းလက် ပူလောင်ခွင့် မသာ ..။ သူ အချိန်ကို မေ့လျော့ကာ အိမ်ပြန်ခြေတစ်လှမ်း နောက်ကျသွားသဖြင့် သူငယ်ချင်းတွေ ပြောလို့မဆုံး မေးလို့မဆုံး ဖြစ်လာတာမို့ စိတ်ထဲမှာ နောင်တတွေ ဖြစ်နေမိ၏။

ရာဇာ နဲ့ အောင်စိုး ကတော့ ဂိတ်ထဲမှာ လှဲနေရာကနေ ထထိုင်လိုက်ခြင်းသို့ ရောက်လျက် ...

"သူ့နာမည်သူ ဘာမှ မပြောနိုင်ဘူးလား .."

"မေးပါတယ် .. ဘာမှန်းမှမ မသိတာ ..၊ ကောင်မလေး လို့ပဲ ခေါ်ပြီး စကားပြောဖြစ်ရင်းနဲ့ ကောင်မလေးပဲ တွင်သွားတာ .."

"ကောင်မလေးဆိုရင် သူ့ကို ခေါ်မှန်းတော့ သိတယ်ပေါ့"





"သိနေပြီ .."

"မင်းကိုတော့ သိနေတာ သေချာတယ်၊ သူ့ယောက်ျားလိုမျိုး.."

"အောင်စိုး .."

"မင်းကလည်း နာစရာမရှိတာကို .."

"ဘာကွ!.."

"ဘယ်သူမှလည်း မကြားပါဘူး .. ဂိတ်ထဲမှာ ငါတို့ပဲရှိတာ"

"နောက်ပြီး မင်းတစ်ယောက်တည်းတုန်းက မင်းကိုယ်တိုင်က လက်ကြောတင်းခဲ့လို့လား ..၊ အခု မင်းလည်း လုပ်တယ်၊ အလုပ်ကလည်း အဆင်သင့် .. လူ မလာတာတောင် လိုက်ခေါ်ရတာ၊ ဒါ မင်းနဲ့ သူတို့ရဲ့ ကံစပ်ခြင်းသဘော .."

ကိုကြီးကျော် ပြောသလို တစ်လေသံတည်းပါလား ..။

"ကောင်မလေးက ရှူးနေလို့ မင်းက ခါနေတာလား ချမ်း .."

"ဟာကွာ .. မင်းတို့ကောင်တွေ တကယ်ပါပဲ .."

"မေးတာကို ဖြေစမ်းပါ"

"သူ့ဟာသူ ဘာပြောမိမှန်း မသိ၊ ဘာလုပ်မိမှန်း မသိနဲ့ဟာကို"

"မင်းကိုတော့ သိနေတယ်လေ .. ကိုကြီးကျော် တို့ လင်မယား ဘယ်လိုခေါ်ခေါ် မရဘူးဆို .."

"အေးလေ .. ထိပ်ပြောင်ကြီးတို့အိမ်ကနေ အချိန်မတော် ထပြေးပြီး မင်းဆီကို .."

"တော်တော့ကွာ .. ငါ ပြန်မယ်"

"အံမယ် .. ဒီလို ရမလား"

ပြန်မယ်ဆိုပြီး ထတော့ ဆွဲထားကြပြန်ကာ ...

"ကောင်မလေးက သန့်တယ်နော် .. ဆံပင်တွေကို ဘယ်လောက်လှလဲ ..၊ ခုခေတ်မှာ မပြုမပြင်ဘဲ ဒီလိုလှနေတဲ့ တုန်းရောင် ဆံပင်မျိုး ရှားနေပြီ၊ ဒါ အမြဲတမ်း ပစ်စလက်ခတ်နေလာတဲ့ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ နုနုဖတ်ဖတ် ရှင်းရှင်းသန့်သန့်လေး ..”

နည်းနည်းတော့ အံ့ဩချင်ပါပြီ။ သူကိုယ်တိုင် သတိမထားမိခဲ့သည့် ကောင်မလေးရဲ့ပုံရိပ်တွေအပေါ် လူတွေ ဘာဖြစ်လို့ ဒီလောက်တောင် ဂရုစိုက်နေကြတာလဲ ...။

သူမနဲ့ အတူ မနေချင်တာ ...၊ သူမကို မြင်တိုင်း စိတ်တိုနေမိတာတွေ .. အဲဒါတွေကလည်း ဒီလိုလူတွေကြောင့်ပဲ ဖြစ်သည်။

ရူးနေတဲ့ ကောင်မလေးပါလားလို့ တွေးတာ မဟုတ်ဘဲ သူမနဲ့ ကိုယ့်ကိုပဲ ဟိုလိုပြော .. ဒီလိုပြော .. ပြောပစေဆိုပြီး နေရအောင်က ကိုယ့်ကို ဘာကောင် .. ညာကောင်လို့ ထိပါးစော်ကားတဲ့ ကဲ့ရဲ့စကားတွေကို ဥပေက္ခာ မထားလိုက်နိုင် ...။

“ခုပဲ မင်းမှာ အိမ်ကို ပြန်ချဲ့ဆောက်ရတယ် .. ပြင်ရတယ် ...၊ မိုးလင်းတာနဲ့ ဈေးဖိုးလိုက်တောင်းတဲ့သူနဲ့ ထမင်းစားဖို့ လိုက်ခေါ်တာနဲ့ ..”

“ဟိတ်ကောင် .. အိမ်ပြင်တာက ဘာမှ ကုန်ရတာ မဟုတ်ဘူး၊ ထရံရုတ်တွေ၊ ပျဉ်တွေက အပုံလိုက် ..”

“ခုလည်း မင်း ဘာမှ မကုန်ရပါဘူး .. ငါတို့ ရှိတယ်၊ ရပ်ရွာလူကြီးတွေ ရှိတယ်၊ ဘာဖြစ်လဲကွ ..”

“ရာဇာ နော် .. မင်းတို့နဲ့ငါ မိတ်ဆွေသူငယ်ချင်းစာရင်း ပြတ်တော့မယ်”

“မင်းကလည်း ရင်းနှီးတဲ့ယောက်ျားလေးချင်း မဖွယ်မရာ ပြောကြတာ .. ရိုင်းတယ် မထင်နဲ့လေ၊ ငါတို့က အကောင်းပြောတာ၊ ဒီရွာတစ်ရွာလုံးမှာ ရှာကြည့်လိုက်ဦး ကောင်မလေးလိုမျိုး ..”

“သူ့လို ရူးနေတဲ့မိန်းကလေးမျိုး တစ်ယောက်မှ မရှိဘူး ရာဇာ၊ အားနဲ့သူကို ညှာတာရမယ်၊ ငါ ဒီကောင်မလေးကို အရေးမပေးဘဲ ဆူငေါက်ဆက်ဆံနေတာလည်း ရူးနေလို့ နှိမ့်ချတာ မဟုတ်ဘူး၊ သူ့ကို





မြင်တိုင်း ငါ့ကိုပဲ နှိမ့်ချကဲ့ရဲ့နေကြလို့ ဟိုလိုဒီလိုပြောတာတွေကို မခံနိုင်တာ၊ ဒုက္ခရောက်နေတဲ့လူကို ဘာမသိ ညာမသိနဲ့ ငါက ကြဲစည်စရာလား ..”

“မဟုတ်ဘူးလေ .. ငါတို့က သားမှတ်မှတ် မယားမှတ်မှတ် လက်ထပ်ယူလိုက်ဖို့ ပြောနေတာ၊ တစ်ယောက်တည်း ကြံ့သလို ကျသလို အထီးကျန်နေလာခဲ့ရတဲ့ မင်းရဲ့ဘဝကို စိုပြေသွားစေချင်လို့...၊ သုခစီ ဆိုတဲ့ ကောင်လေးကလည်း လိမ်လိမ်မာမာ ချစ်စရာလေး..”

“တော်တော့ကွာ ..”

“ချမ်း ရေ ..”

သူ ထရပ်လိုက်တာနှင့် ကောင်မလေးက ဂိတ်ရှိရာကို ထဘီလေးတစ်ဖက် ‘မ’၍ လျှောက်လာနေပြီ ဖြစ်၏။

စိတ်တိုလာသည့်အရှိန်နှင့် ချမ်းသာ သူမလက်မောင်းလေးကို ဆတ်ခနဲ ဆောင့်ဆွဲလာခဲ့ပြီး ...

“ဘာဖြစ်လို့ ခဏခဏ လာနေတာလဲ ...၊ ဘယ်သူက လာခေါ်ပါ ပြောထားလို့လဲ .. ခင်ဗျားကို ..”

“ထမင်းစားမလို့လေ ..”

“မင်းပါးစပ်နဲ့ မင်း စားတာ ငါက ကူဝါးပေးမှာမို့လို့လား ..”

“ဖယ်ပေးစမ်းပါ ..”

သူမကလည်း မျက်နှာပေါ်မှာ ပြိုဆင်းနေသည့် ဆံပင်လေးတွေ ခါထွက်သွားအောင် မော့၍ လက်ဖိုပါ ရုန်းပစ်လိုက်ကာ ...

“မသိဘူး .. ထမင်းစားတယ်ဆိုတာ လူစုံမှ ဝိုင်းဖွဲ့စားကြတာပဲ သိတယ်၊ မာမီဆိုရင် ဒက်ဒီမပါဘဲ ဘယ်တော့မှ ထမင်းဝိုင်းထဲ ဝင်မထိုင်ဘူး”

“ဘာ!...”

ချမ်းသာ ခြေလှမ်းတွေ ရပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒက်ဒီနဲ့ မာမီက ဘယ်မှာလဲ ..၊ ဘယ်သူတွေလဲ ..”

“ဘယ်လိုလုပ် သိမှာလဲ ..”

ကောင်မလေးပုံစံက ကိုယ့်ပါးစပ်ထဲက ဘယ်လိုစကားတွေ ပြောချလိုက်မှန်းတောင် သိပုံမပေါ် ..။

“မင်းကိုယ်မင်း ဘယ်အရပ်က လာတယ်ဆိုတာရော နည်းနည်းပါးပါး စဉ်းစားမရဘူးလား”

“လာပြန်ပြီ .. ရှင် သူများလက်ကို ဒရွတ်တိုက်ဆွဲခေါ်ပြီး ရေထဲပြန်လွှတ်ဦးမလို့လား ..”

“ဒါကျတော့ သတိရနေသားပဲ”

“ဘာလို့ သတိမရရမှာလဲ ..၊ လူကို အရူးများ မှတ်နေသလား..၊ ရှင် ဒီလို ရိုက်ချလိုက်တာ ..”

“ဟာ!... ဟော့ ..”

ကောင်မလေး ကိုယ့်ဇက်ပိုးကို ဖြန်းခနဲ ပြန်ရိုက်ပြကာ ရှေ့ကို ငိုက်ဆင်းသွား၏။ ဘေးက လမ်းသွားလမ်းလာတချို့ လှည့်ကြည့်ပြီး ရယ်သွားကြသဖြင့် ပြောင်းလဲသွားသည့်စိတ်က စိတ်တိုခြင်းဆီ ပြန်ရောက်လာပြန်သည်။

မယ်မင်းကြီးမလေးက ဒါကို ပြန်ပြောမိတိုင်း ဇက်ပိုးအုပ်ခံရသည့်အဖြစ်က မပါမပြီး ..။

စိတ်က တောင်စဉ်ရေမရ ဖြစ်နေတာမျိုး မဟုတ်ဘဲ တစ်ခုကို စွဲမိပြီဆို ဒါမှဒါ ဖြစ်နေတာမျိုး ..။

“စကားပြောရင် တိုးတိုးပြော .. အက်ရှင်တွေ မပါစေနဲ့၊ ခင်ဗျားကို ဝိုင်းကြည့်နေကြတာ တွေ့လား ..”

“ကျွန်မကိုကြည့်တာ မဟုတ်ဘူး .. ရှင့်ကို ကြည့်တာ ..”

“ဘာရယ် ..”

“ဟုတ်တယ် .. ရှင်ပဲ ကျွန်မကို အတင်းလက်ဆွဲ .. အတင်းဆွဲ၊





ရှင့်ကို အရူးထင်လို့ ကြည့်တာ ..”

နှုတ်ခမ်းလေးကို လုံးနေအောင် မဲ့ရွဲ့ပြောနေတာ တစ်ခွန်းမှ နောက်ကျမခံ ..၊ သူ့ဒေါသစိတ်တွေ ထူးဆန်းစွာ ပြေကျလျက် ရယ်ချင်သွားသည်။ ထိုစဉ် ...

“ချမ်း ..”

ဆိုင်ကယ်လ်တစ်စီး ချမ်းသာ ရဲ့ဘေးမှာ အရှိန်တုံ့ကျသွားကာ ဆိုင်ကယ်လ်ပေါ်က လူက ကောင်မလေးကိုပါ လှမ်းကြည့်လိုက်ပြီးမှ ...

“မင်းကို ငါ အလုပ်ကောင်းကောင်းတစ်ခု ပေးချင်လို့ ..”

“ဘာလဲ ကိုတုး ..”

“ရန်ကုန်ကိုများ တစ်ခေါက်တစ်ကျင်း မသွားချင်ဘူးလား ..”

သူ မျက်မှောက်ကုတ်သွားသည်။ အရုပ်သည်နောက်ကို လည်ပင်းလိမ်အောင် လိုက်ကြည့်ရင်း ပြေးလိုက်တော့မလို ဖြစ်နေသည့် သူမလက်ကိုလည်း ဖမ်းဆွဲထားရသေးသည်။

လမ်းမဘေးမှာ သူမကို သတိထားမိပြီး လှမ်းကြည့်နေကြသည့် မျက်လုံးတွေကို မြင်လို့ပါ ..။ လူတွေရှေ့မှာ သူမ ဗရမ်းဗတာ ပြေးလွှားနေပြလျှင် ခေါင်းကျိန်းရမှာက သူ ..။

“ရန်ကုန်ကို ဘာကိစ္စလဲ ..”

“ညနေ မင်း ငါ့အိမ် လာခဲ့ကွာ ..၊ မင်း စိတ်ဝင်စားရင်ပေါ့”

“ဝင်စားပါတယ် .. ကျွန်တော်တောင် ရန်ကုန်သွားရ ကောင်းမလား စဉ်းစားနေသေးတာ ..”

“အေး .. ဒါဆို အဆင်ပြေတာပေါ့၊ လာသာ လာခဲ့ကွာ ..”

လို့ ပြောရင်း ဆိုင်ကယ်လ်ကို ပြန်နှိုး၏။ ပြီးတော့ သူတို့ကို ဝေ့ကြည့်ပြီး ရယ်ပြကာ ...

“သတင်းတော့ ကြားသားပဲ .. မင်းက မဆိုးဘူးပဲကွ”



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှ ပြောချိန်မရလိုက်ခင် ကိုတူး က မောင်းထွက်သွား၏။ သူ့မှာ မယ်မင်းကြီးမကို အကြိတ်အနယ် ဆွဲနေရတုန်း ..။

"ချမ်း .."

"ဘာလဲ .. သွားမယ်"

"ဟိုမှာ ခွေးရုပ်လေး မလှဘူးလား .."

"မလှဘူး .."

"မလှရင် ဝယ်ပေးပါလားဟင် .."

"ဟာ!..."

ပြဿနာ တော်တော်ရှာတဲ့ မိန်းကလေးပါလား ..။

"သွားတောင်းလို့ မပြောနဲ့နော် .. ဒီတစ်ခါ မရတော့ဘူး"

ကြည့်..၊ သူမ စွဲလမ်းခဲ့တာတစ်ခုခုဆို မပြေနိုင်.. မပျောက်နိုင်..။

"တောင်းလို့မရမှန်း သိရင် ငါ့မှာ ပိုက်ဆံမရှိမှန်းလည်း မင်း သိရမှာပေါ့"

"ပိုက်ဆံမရှိရင် ရှင် သွားတောင်းပါလား .."

"ဘာ!..."

"ဒီက တောင်းရင် ပေးမှ မပေးကြတာ ရှင့်ကိုဆို .."

"ပေးကြတယ်ပေါ့.. ငါက ဒီလိုပဲ တောင်းစားနေတဲ့ကောင်ပေါ့"

"အာ .. အော်လိုက်တာ အရမ်းပဲ"

သူမကပဲ လက်ခါ ခေါင်းခါနှင့် ရှုံ့မဲ့သွားလျက် ...

"သူများကိုကျတော့ တိုးတိုးပြော .. တိုးတိုးပြောနဲ့ သူ့ကျတော့ ကျယ်လိုက်တဲ့ လေလုံး ..၊ လူက သေးသေး အလုံးက ကြီးကြီး .."

"မင်း .."

"ခစ် .. ခစ် .."

သူခ ကို သူဆူတဲ့အတိုင်း ပုံစံတူအောင်ပြောကာ အကျီလည်ပင်း လေးနှစ်စ ကိုင်၍ ရယ်နေသေးသည်။





လိုချင်တယ်ဆိုသည့် အရုပ်ကိစ္စ လုံးပါးပါး၏။

ဆံပင်ဖားလျားနှင့် မျက်နှာဖြူနုနုလေးသည် တအားရယ်ပြီး ခေါင်းလေးမော့လိုက် .. ငုံ့ချလိုက် လုပ်နေသည့်ထဲမှာ ဖြူစင်မှုလေး တွေကို မြင်နေရကာ သူ့ဒေါသတွေ တဖြုတ်ဖြုတ် ပျောက်ကုန်ပြန်၏။

တစ်ခါတလေမှာ သူမကို ကြည့်နေမိရင်း ပစ်လိုက်ဖို့၊ နှင်လွှတ် ဖို့အထိ ကြံစည်ခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ရှက်မိသလိုလို .. အားနာ သလိုလို ..။

တစ်ခါတလေကျတော့ ပစ်လို့မရ ..၊ နှင်လွှတ်လို့ မဖြစ်နိုင်။ ငြိတွယ်လာခဲ့သည့် အခြေအနေ ..၊ ပတ်ဝန်းကျင် အားလုံးအပေါ်မှာ မကျေနပ်စိတ်တွေ ဖြစ်နေပြန်၏။

ခုချိန်ထိတော့ သူမလက်လေးကို ဆုပ်ကိုင်ထားမိတုန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟာ!... မင်းဥစ္စာ .. ဒီနှစ်ယောက်ကို ထားခဲ့ချင်လို့ ပြေးတာ များလားကွာ .."

"မဟုတ်ပါဘူး ...၊ မထားချင်ရင် နှင်ထုတ်ရုံပဲ၊ ဒီလိုလုပ်စရာ လိုလို့လား .."

"အင်း .."

ကိုကြီးကျော် က မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေကြသည့် ကောင်မလေးနဲ့ သုခစီ ကို လှမ်းကြည့်၍ ...

"အင်း .. အလုပ်ကိစ္စနဲ့ ရန်ကုန်ကို ခဏသွားမယ်ဆိုတာ မရှိခဲ့ဘူးလို့ အံ့သြသွားတာပါ၊ မင်း သူတို့ကို စိတ်ချပြီး ထားခဲ့လို့ရတယ်၊ သုခ နဲ့ ကောင်မလေးက မင်းအတွက် ရွှေးထွေးတဲ့ မိသားစုလေးတစ်ခုကို ဖန်ဆင်းပေးဖို့ ရောက်လာကြတာနဲ့ တူသလို ...၊ ပတ်ဝန်းကျင် ဘယ်သူ့ကိုမှ ထိခိုက်စေမယ့် ကလေးတွေ မဟုတ်ဘူးဆိုတာလည်း ငါ သိတယ်၊ ဘာအကြောင်းပြချက်မှမရှိဘဲ ငါ ယုံကြည်တာတွေ ...၊





ငါ ထင်ခဲ့တာတွေက ထောက်ခံမယ့်သူ မရှိခဲ့ပေမယ့် ခုချိန်ထိတော့ အလွဲကြီး လွဲခဲ့တာ မရှိပါဘူး၊ အဲဒါကြောင့် မင်း သူတို့အပေါ်မှာ ဒီလောက်ထိတော့ ဥပေက္ခာထားမှာ မဟုတ်ဘူးဆိုတာ ငါ ယုံကြည်ပါတယ် .."

"ဘယ်လိုမှ ခွာချလို့ မရတာလည်း ပါပါတယ်"

မျက်နှာပူသလို ကာကွယ်ပြော၍ အလကားနေရင်း ဆံပင်သပ်နေသည့်ပုံကို ကိုကြီးကျော် က ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"မင်းကို ငါ ပြောဟောထားတာတွေ မှားကုန်ပြီလို့တော့ မပြောနိုင်သေးဘူးနော် ကိုချမ်း ..၊ မင်း အခု ကံဇာတာတက်လာတာ သတိထားမိလား .."

"မဆီမဆိုင် နောက်ထပ် နှစ်ယောက်စာ ထပ်ရှာနေရတာ ကံဇာတာ တက်တာလား .."

"ထပ်ရှာရတာ မဟုတ်ပါဘူးကွာ .. ထပ်ရတာပါ၊ သူတို့အတွက် မင်း ပိုပင်ပန်းတာ ထားလိုက်၊ ဒါပေမယ့် ဟိုတုန်းက မင်း ပင်ပန်းချင်လို့တောင် ပင်ပန်းစရာအလုပ် ရှိလို့လား .."

"မဟုတ်ဘူးနော် ကိုကြီးကျော် .. အဲဒါတော့ လုံးဝ မှားတယ်"

"မှားရင်တောင် လုံးဝတော့ မမှားပါဘူးကွာ .. ခုပဲ ရန်ကုန်ထိ ယုံယုံကြည်ကြည် အလုပ်အပ်မယ့်သူနဲ့ဘာနဲ့ မင်း အဆင်ပြေသွားပြီ၊ နောက်ဆို.. မြို့မှာ အလုပ်လုပ်ချင်စိတ်တွေ မင်း ဖြစ်လာမယ်၊ မိသားစုလိုက် ပြောင်းရွှေ့သွားမှာတောင် မြင်ယောင်သေးတယ်၊ သုခ တို့ ကောင်မလေးတို့ရဲ့ ရုပ်ရည်လက္ခဏာအရဆို စုတ်ပြတ် ဆင်းရဲသွားမယ့်လူတွေ မဖြစ်နိုင်ပါဘူး .."

ကိုယ်ကတော့ သူတို့အတွက် နွားတစ်ကောင်လို မဆီမဆိုင် ရုန်းကန်ရှာဖွေကျွေးရုံလူလား ...၊ သူ မျက်မှောင်ကုတ်သွားသည်နှင့် ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျော် က စကားလမ်းကြောင်းလွှဲဖို့ သတိရသွားလျက် ...

"ဒါနဲ့ မင်းကို ကားပစ္စည်း သွားဝယ်ခိုင်းတာဆိုတော့ ငွေတွေပါ ပေးလိုက်မှာတဲ့လား .."

"သူညီ ပါမှာလေ ...၊ သူက ညီကိုလည်း မယုံဘူး .. သူလည်း မသွားနိုင်ဘူး"

"မယုံတာတစ်ခုတည်း မဟုတ်ပါဘူးကွာ .. သူညီ မြင့်ဦး ဆိုတဲ့ကောင်က ကားဖြစ်ဖြစ် .. ဆိုင်ကယ်လ်ဖြစ်ဖြစ် မောင်းပဲ မောင်းတတ်တာ၊ ဆီပျောက်မီးပျောက်တောင် သိတဲ့ကောင်မှ မဟုတ်တာ .."

"ကျွန်တော်ကလည်း ဒီတစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ ရေထဲက မျောလာတဲ့ အဝတ်သေတ္တာထဲက မှတ်ပုံတင်ရော .. အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါ တွေ့လို့ ...၊ အဲဒါတွေပါ ပြန်ပေးရကောင်းမလားလို့ .."

"ကောင်းတာပေါ့ .. ချမ်းသာတဲ့လူတွေအတွက် စာရွက်စာတမ်းအလုပ်ကိစ္စတွေလောက် အရေးကြီးတာ မရှိဘူး၊ မင်းကို ကျေးဇူးဆပ်တာတွေဘာတွေ လုပ်လာရင် ပိုက်ဆံရမှာ သေချာတယ်၊ နေဦး .. ဒီခရီးသွားတာ ကောင်းမကောင်း မင်းအတွက် ငါ ကြည့်ပေးဦးမယ်.."

"မကြည့်နဲ့ .."

"ဘာဖြစ်လို့လဲ .."

"ယုံမှ မယုံတာ .."

"အံမာ ကွာ .."

ကွာ .. သံ ရှည်ကြီးနှင့် စိတ်တိုသွားပေမယ့် သူ ဘာမှလည်း ဆက်မပြောနိုင် ...၊ ဗေဒင်လက္ခဏာ မေးရမယ်ဆို အလကားသာ ဟောပေးလို့ကတော့ ကိုကြီးကျော် တို့အိမ် ကျိုးပြီ ...။

ဘယ့်နှယ် ဒီကောင်ကျမှ ...၊

"ဟောကို ဟောပေးဦးမှာ ...၊ မင်း ကောင်းစားသွားကာမှ အဲဒါ





တွေကို အတိုးနဲ့ ပြန်တောင်းမယ် .."

ဒေါကန်ပြီး ထပြန်သွားတော့ သူ ရယ်လိုက်မိသည်။ ပြီးတော့..

"သုခ .."

"ဗျာ .. ကိုကြီး .."

"လာဦး .."

'ဟုတ် ..'ဆိုပြီး ချက်ချင်း သူ့ရှေ့ ရောက်လာသည်။ ခုဆို သုခနဲ့ ကောင်မလေးအတွက် နှစ်ယောက်အိပ် ခုတင်လေးရယ် ...၊ မီးဖိုချောင်နဲ့တွဲလျက် အခန်းဖွဲ့လေးနှစ်ခု မျက်နှာချင်းဆိုင် ထုတ်ထားတာမို့ အိမ်ကြီးထဲမှာ တဲလေးထိုးထားတာနှင့် မတူတော့ဘဲ အိမ်ကြီးရဲ့ဝမ်းထဲက အိမ်ငယ်လေးတစ်လုံးလို့ ပြောလို့ရနေပြီ ဖြစ်၏။

ချမ်းသာ ကို လူတွေ စတင် နှာခေါင်းရှုံ့ကြတာလည်း အိမ်ပျက်ကြီးထဲမှာ တဲထိုးနေလိုက်တာကြောင့်ပဲ ဖြစ်သည်။

"အိမ်ကို ပြင်လိုက်ပါလား ...၊ မဟုတ်ရင်လည်း အကုန်လုံး ဖျက်ချပြီး သေးသေး ပြန်ဆောက်ပေါ့"လို့ အကြံဉာဏ် ပေးကြသည်။ အဲဒီလို လာပြောလေ .. ဘယ်သူ့ကိုမှ ကျေးဇူးတင်မှာ မဟုတ်သည့် စကားလုံးတွေနှင့် သူက ပြန်လည် တုံ့ပြန်လေ ...။

"အိမ်ကြီး အကြီးကြီးကို ဖျက်ခိုင်းရင်လည်း ကုန်တာပဲ၊ ပြန်ဆောက်ဖို့လည်း မတတ်နိုင်ဘူး ...၊ တကယ် အမြင်မတော်လို့ ကူညီချင်ရင် ငွေအထုပ်လိုက် လာချပေးလှည့်" ဆိုတာမျိုး ...၊

ထို့ပြင် ...

"အိမ်ကြီးတော့ တစ်ခုခု ပြုတ်ကျပျက်စီးရင် ပြင်ဆင် ဖာထေးရတာ တာဝန်ကြီးတယ်၊ ထရံစုတ်တွေ တိုင်ထောင်ပြီး ကပ်ချည်ထားလိုက်တော့ ပြုတ်ကျရင် ပြန်ကပ်ချည်ရုံပဲ .."

လို့ ရွဲ့ပြောပေးလိုက်တာ ဘယ်သူတွေ မျက်စောင်းထိုးထိုး ...၊ ခုတော့ ကောင်မလေးရဲ့ နေထိုင်မှုအတွက် လူများလာတော့



www.burmeseclassic.com

www.burmeseclassic.com



ပုးကပ်အိပ်လို့လည်း မရ ..။

တစ်ယောက်တည်း နေတုန်းကလို ရှိရင် ဝယ်စား ..၊ မရှိရင် မစားဘဲနေလိုက်လို့လည်း မဖြစ်တော့ မီးဖိုချောင်လည်း ပါလာရ၏။

ကောင်မလေး အလုပ်လုပ်နေတာကို လှမ်းကြည့်ရင်း မျက်လုံးက တစ်အိမ်လုံးကိုရောက်ကာ သုခ ရှေ့မှာ ထိုင်မော့နေတာကို စကားပြောဖို့ မေ့နေ၏။

"ကိုကြီး ပြောလေ .."

"ငါ ခရီးသွားဖို့ ရှိတယ် .."

"ဟင်!... ကိုကြီးက ဘယ်သွားမှာလဲ .."

"ရန်ကုန် .."

"သားတို့ မလိုက်ရဘူးလား"

"အလုပ်သွားလုပ်မှာ .."

သုခ ကောင်မလေးကို ကြားလားဆိုသည့် အကြည့်နှင့် လှမ်းကြည့်ကာ .. ဒီဘက် ပြန်လှည့်တော့ မျက်နှာလေးပျက်နေလျက် ...

"ကိုကြီးက ပြန်မလာတော့ဘူးလားဟင် .. သားတို့ကို အပြီးထားခဲ့မှာလား .."

"ပြန်လာမှာ ..၊ ဒါပေမယ့် ဘယ်နှစ်ရက်ကြာမလဲဆိုတာ မပြောနိုင်ဘူး၊ မင်းတို့ စားသောက်ဖို့လည်း ငါ့မှာ ပေးခဲ့စရာ မရှိတော့.."

"ရတယ် ကိုကြီး .."

ပြန်လာမှာလို့ ကြားလိုက်တာနှင့် သုခ တက်ကြွစွာ ထဖြစ်သွားကာ သူ့စကားတောင် ဆက်လို့ မရ ..။

"ကိုကြီး ပြန်လာမယ်ဆို ပြီးရော .. သားနဲ့ မမက .."

"ကိုကြီးကျော် ကို ငါ ပြောပြီးပြီ ..၊ စားစရိတ် တစ်နေ့ ဘယ်လောက်ဆိုတာနဲ့ မှတ်ထားပေးဖို့ .."

"ဟာ!... သားတို့ ဒီမှာပဲ ကိုကြီးကို စောင့်နေမှာပေါ့"





"ဘာ!..."

"သားနဲ့ မမ တိုင်ပင်ထားတာ ရှိတယ် .. ကိုကြီးကို သားတို့ကြောင့် စိတ်မညစ်ရအောင် သားတို့လည်း ဈေးရောင်းဖို့လေ .."

ကြည့်စမ်း ..၊ လူလေးငယ်ငယ်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ ကြိုးစားနေတာ ..။

ဝမ်းသာတာမဟုတ်ဘဲ ဒေါသထွက်သွားတာ ဖြစ်သည်။ ဒါ သက်သက် ကိုယ့်ကို စော်ကားတာလို့ပဲ မြင်ကာ ...

"မင်း ဘာပြောလိုက်တယ် .."

"သားက ကြွက်ထောင်တတ်တယ် ..၊ ဖားရိုက်ရင်လည်း တစ်ချက် တစ်ကောင်ပဲ ..၊ ပြီးတော့ ချောင်းထဲမှာ ငါးရအောင်လည်း မြှုံးထောင်တတ်တယ် .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"သားက အမဲရှာမယ် ..၊ မမက ရောင်းမယ်တဲ့ .."

"မင်းကလား အမဲရှာမယ်၊ ငါ .. တယ် .."

လက်ပြန်ရွယ်ပစ်လိုက်သည့်လက်က အရှိန်နဲ့ ပြန်ကျမလာဘဲ လေထဲမှာပဲ ရပ်သွား၏။ သုခ မျက်နှာပေါ်က အပြုံးလေး ပျောက်ကွယ်သွားခဲ့ပြီး ဖက်လေးပုဝင်သွားရှာသည်။

ချမ်းသာ ရဲ့အသံကျယ်ကြီးကြောင့် ကောင်မလေးလည်း လှည့်ကြည့်သည်။

"တောက် .."

သူ တက်တစ်ချက်ခေါက်ရင်း လက်က တဖြည်းဖြည်း ပြန်ကျလာပြီး ...

"မင်းတို့ကြောင့် ငါ့မှာ အမျိုးမျိုး တူးဖော် ရှုံ့ချခံခဲ့ရပြီးပြီ အခု ထပ်ပြီး နိုင်းစားတဲ့ကောင် ပျေင်းလို့ ပြောခံရအောင်လား ရှာစားနိုင်ပြီထင်ရင် ထွက်သွားကြ သွား ..၊ အလိုလို အိမ်မှာ လာဘ်လာဘ



www.burmeseclassic.com

www.burmeseclassic.com



မရှိရတဲ့အထဲ အကုသိုလ်တွေလုပ်ပြီး ကျက်သရေယုတ်အောင် ..”

ကြီးကြီးကျယ်ကျယ်တွေပြောပြီးမှ ကိုယ့်ကိုယ်ကိုယ် သတိရသည်။ အနားမှာ ကိုကြီးကျော် သာရှိနေလျှင် ပါးစပ်ပိတ်နေမှာ မဟုတ်..။

“ဘယ်တုန်းကမှ ကျက်သရေရှိရှိ မနေခဲ့ဘဲနဲ့ကွာ ..၊ ကလေးတွေက တာဝန်သိသိ လုပ်ကြမှာကို မင်းက တစ်ပြန်စီး ..” ဆိုတာမျိုး ကောက်ခနဲ ဝင်ပြောလိမ့်မည်။

ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်နဲ့ အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်က သူ့ဆီမှာနေပြီး ဒီလိုလုပ်နေကြရင် အလိုလိုတည်းက ပြောတတ်ကြတဲ့ ပါးစပ်တွေ အငြိမ်နေကြမလား ..။

“ဘာဖြစ်နေကြတာလဲဟင် ..”

ကောင်မလေး အနားရောက်လာပြီး ဟိုမျက်နှာကြည့်..၊ ဒီမျက်နှာကြည့် ဖြစ်နေသည်။

“ရှင်က ကလေးကို ရိုက်မလို့ ဟုတ်လား ..”

“ရိုက်တော့ ဘာဖြစ်လဲ ..၊ ခင်ဗျားပါ သတိထား ..၊ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာပါ သတိမရတော့ဘူးဆိုရင် ခါးတောင်းကျိုက်ပြီး သစ်ပင်တက် ..”

“သစ်ပင်တက်ရင် ဘာရမှာလဲ ..”

ကြည့် ..၊ ပြောလိုက်ရင် ရွဲ့လိုက်တာလား ..၊ ဒေါကန်တာလား အရိပ်သုံးပါး နည်းနည်းမှ မကြည့်ဘဲ မေးချင်ရာ မေး၊ ပြောချင်ရာ ပြော ..။

“ပြောလေ ..”

“မင်း တကယ်တက်ချင်သလား ..၊ တက်ချင် သွားတက် ..၊ ဘာရမှာလဲဆိုတာ တက်ကြည့်မှ သိမှာ ..”

ကောင်မလေးက သူ ဝတ်ထားသည့် ထဘီကို ငုံ့ကြည့်ပြီး ဘာတွေ စဉ်းစားနေမှန်း မသိ ..။





သုခ ခေါင်းကြီးနေသည့်မျက်နှာလေးနှင့် ကောင်မလေး တစ်ခုခု ထပ်ပြောလာမှာကို စိုးရိမ်စွာ ကြည့်နေမိသည်။

ချမ်းသာ ကလည်း နေရာမှ ထရပ်လိုက်သည်။ ဒီကောင်မလေး ပါးစပ်ပိတ်သွားဦးမှာ မဟုတ်ဘူးဆိုတာ သူ သိသည်။ ဒေါသတွေ ခဏခဏ ထွက်နေရတာ ကြာရင် ကိုယ့်ကိုယ်ကိုယ် အသက်တိုဆေး ဖော်သလိုသာ ဖြစ်နေမှာမို့ တော်ပါပြီ ..။

“ကိုကြီး ..”

သူ အပြင်ထွက်လာမှ သုခ က နောက်က ပြေးလိုက်လာကာ..

“မမကို ဟိုသေတ္တာထဲက ထဘီ အင်္ကျီတွေ ဝတ်ခိုင်းလို့ ရလား ဟင် ..”

“ရလို့ပဲ အခု ဝတ်ထားတာမို့လား ..၊ ဘာလဲ အပိုတွေ ..”

မယ်မင်းကြီးမ ကံကတော့ ကောင်းပါသည်။ လူရောက်မလာခင်တည်းက အဝတ်စားတွေက အရင်ရောက်လာတာ သေတ္တာနဲ့အပြည့်..။

“ကိုကြီး .. ကိုကြီး ထုတ်ပေးထားတဲ့ နှစ်စုံပဲ မမက လဲဝတ်နေတာလေ ..၊ အဲဒါ ထပ်ထုတ်လို့ ရလား ..”

“ထုတ်ရုံမကလို့ သေတ္တာထဲပဲ ဝင်အိပ်အိပ် ကြိုက်တာ လုပ်..၊ အဲဒီအင်္ကျီတွေ ငါက ဘာလုပ်ရမှာလဲ ..”

တကယ်ကို ညစ်မိပါ၏။ ရန်ကုန်သွားဖို့ရက်ပဲ မြန်မြန်ရောက်ဖို့ ဆုတောင်းရတော့မည်။

ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်နိုင်အောင် ဥပေက္ခာထားနိုင်ရင်လည်း အကောင်းသား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ပစ္စည်းဝယ်ဖို့က အရေးမကြီးသေးဘူးဆိုရင်လည်း ငါ သွားစရာရှိလို့ ညနေမှ ပြန်ဆုံမယ်"

"မင်းက ဘာလဲ ချမ်း ...၊ ရန်ကုန်မှာ မျက်စိလည်သွားရင် ဒုက္ခရောက်တယ်နော် .."

"ရတယ် .."

ရန်ကုန်ရောက်တာနှင့် အကောင်းဆုံးပဲဟိုတယ်လ်မှာ နားကာ မြင့်ဦး ရဲ့အစီအစဉ်က နိုက်ကလပ်မှာ သွားကဲဖို့ ...။

"ရန်ကုန်ရောက်ရင် ဒါတွေတော့ သိနေရမှာပေါ့ကွ .. မဟုတ်ဘူးလား ...၊ သူနိုင်းတာ ပြေးလုပ်ပြီး ပြန်စရာလား၊ မင်းသာ ဘာမှ ပြန်မပြောနဲ့ ...၊ ငါ့အစ်ကိုပါးစပ် ပိတ်သွားအောင် ငါ လုပ်နိုင်တယ်" တဲ့ ...။

ထိုနည်းနှင့် နှစ်ယောက်သား တစ်ရေးနိုး နားပြီးကတည်းက သူ့လက်ထဲကို မြင့်ဦး က ပိုက်ဆံတွေ လာထည့်ပေးသည်။





"ငါ့လို မင်း လိုက်ကဲလို့တော့ မရဘူး၊ အဆင်ပြေသလို နေ" ဆိုတော့ ကိုယ် ရည်ရွယ်တဲ့ကိစ္စကို လုပ်ရင်း တစ်ရက်လောက် ရန်ကုန်မှာ ခြေဆန့်လိုက်ဖို့ စိတ်ကူးမိခဲ့သည်။

ဒါက စိတ်ကူးအတိုင်း ထွက်လာဖြစ်ခဲ့သည့် အကြောင်းရင်း...၊

"လိပ်စာအတိုင်းဆို ဒီခြံပဲဗျ ...၊ ခင်ဗျား ဆင်းခေါ်ကြည့်ပါလား"

"နေရာတော့ မှန်တယ်မို့လား .."

"မှန်တာပေါ့ ...၊ ရန်ကုန်မှာ ရွှေတောင်ကြား တစ်ကြားပဲ ရှိတယ်"

ချမ်းသာ က ခေါင်းညိတ်လိုက်ရင်း ဆင်းကာ ...

"ဒါဆို ရပြီ .."

"ခေါ်ကြည့်ဦးလေ ...၊ မှားနေရင် ခင်ဗျား ပြန်လိုက်မှာမို့လား"

"မလိုက်ဘူး ...၊ တက္ကစီက ဒီလောက်ကြီးတာ၊ ဒီခြေထောက်နဲ့ပဲ တစ်နေကုန် ပတ်တော့မယ်"

သူ တစ်ချက်မှ ပြန်မကြည့်တော့ဘဲ အုတ်တိုင်ပေါ်က ဘဲလ်ကို နှိပ်လိုက်သည်။

မကြာခင် မျက်နှာတစ်ခုစာ လေးထောင့်ကွက်လေး တစ်ပေါက် ဖြစ်သွားပြီး ကုလားတစ်ယောက်မျက်နှာ အထဲကနေ ပေါ်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ကောင်လေး .."

"ဒီအိမ်မှာ ဒေါ်စံပယ်ကြည် ဆိုတာ ရှိလား .."

"ဟင်!..."

ကုလားက ချက်ချင်းမဖြေဘဲ ခဏ တိတ်သွားပြီးမှ ...

"ဒေါ်စံပယ်ကြည် က ဆုံးသွားပြီ .. ဘာကိစ္စရှိလို့လဲ .."

"ဆုံးသွားကာမှ ဘာကိစ္စရှိလို့ ရမှာလဲ .. နေပစေ .."

သူ ချာခနဲ ပြန်ထွက်ခဲ့သည်။ အိတ်ထဲထည့်ကိုင်လာသည့် စာရွက်စာတမ်းတွေကို ပြန်ငုံ့ကြည့်ကာ ချပစ်ခဲ့ရမလား ...၊ တစ်နေရာထိ



www.burmeseclassic.com

www.burmeseclassic.com



ယူသွားရဦးမလား .. ဝေခွဲရခက်နေ၏။

ရန်ကုန်မှာ ကွမ်းတံတွေးထွေးတာတောင် ဒဏ်ဆောင်ရသည် ဆိုတော့ အမှိုက် နေရာတကာ ပစ်လို့ ရမရ မသိ ..။ ထိုစဉ် ...

"ကောင်ကလေး .. ဟေး .. ကောင်လေး .."

နောက်က အမောတကော ခေါ်သံနှင့်အတူ လှည့်ကြည့်လိုက်တော့ စောစောက ခြံစောင့်ကုလားက သူ့နောက် ပြေးလိုက်လာကာ...

"သူဌေးက အထဲကို ဝင်ခဲ့ပါတဲ့ ..၊ ဘာကိစ္စရှိရှိ ဝင်ပြောလို့ ရတယ်တဲ့ ..၊ လာပါ .. လိုက်ခဲ့ပါဦး"

ဒီလိုဆိုတော့လည်း သိပ်မဆိုးသေးပါ ..။ အိမ်ကို ရှာဖွေလာရသည့် တက္ကစီဖိုးကတောင် နည်းတာ မဟုတ် ..။

အိမ်ကြီးထဲမှာ လူရိပ်ထင်နေအောင် ဖိတ်ဖိတ်လက်နေကာ ..၊ ဖြစ်ချင်တာတွေချည်း စိတ်တိုင်းကျ အလှပ အခမ်းနားဆုံး ရေးဆွဲထားသည့် ပန်းချီကားကြီးကို ကြည့်နေရတာနဲ့ တူသည်။

ပရိဘောဂပစ္စည်းအားလုံး မဟာဆန်ဆန် ခံ့ညားနေသလောက် ပြင်ဆင်ထားပုံက ခေတ်မီ အထက်တန်းကျသည်။

"ခဏ ထိုင်ပါဦးရှင် .. သူဌေး လာပါလိမ့်မယ် .."

ခြံစောင့်က လိုက်ပို့ကာ အထဲကနေ အိမ်အကူ မိန်းကလေးတစ်ယောက်က ဆိုဖာမှာ နေရာပေးပြီး လှည့်ထွက်သွား၏။ သိပ်ကြာကြာ မစောင့်လိုက်ရဘဲ သူဌေးလို့ ထင်ရသည့် အမျိုးသမီးကြီးတစ်ယောက် ထွက်လာ၏။

သူ ထင်တာက သူဌေးဆိုတော့ ခံ့ညားသည့်ယောကျ်ားကြီးတစ်ယောက်သာ ဖြစ်ရမည်ဟု ထွက်လာတော့ အသက်ခြောက်ဆယ်လောက် အမျိုးသမီးကြီး ဖြစ်နေသည်။

ထို့ပြင် တစ်နေရာတည်းမှာ ငြိမ်သက်နေသော မျက်လုံးတွေက မရွေ့လျားဘဲ မိန်းကလေးနှစ်ယောက်က တစ်ဖက်တစ်ချက် တွဲထား





ကြသဖြင့် မျက်စိ မမြင်တာ ဖြစ်မယ်လို့ နောက်ထပ် တွက်မိပြန်သည်။

"ငါ့ကို ထားခဲ့ပြီးရင် ဧည့်သည်အတွက် စားစရာ တစ်ခုခု သွားလုပ် .."

"ဟုတ်ကဲ့ မေမေကြီး .."

အမျိုးသမီးကြီးက ပြောင်အိသော ပိုးတွံဝတ်စုံနှင့် ပိုးပဝါပါးတစ်ထည်ကို သေချာခြုံထားသည်။

ပြင်ဆင်ထားတာ မဟုတ်ဘဲ အမြဲ ဒီတိုင်း သပ်ရပ်ခံ့ညားစွာ နေထိုင်တတ်တာမှန်းလည်း သိသာ၏။

"လူငယ်တစ်ယောက်လို့ ခြံစောင့်က ပြောတယ်၊ လူလေးက ဘယ်ကများလဲကွယ် .."

သူ ဘယ်နေရာလောက်မှာ ထိုင်နေတာ မသိဘဲ စကားပြောရင်း မျက်လုံးတွေက ရှာဖွေသလို ရွေ့လျားနေ၏။ ထို့ကြောင့် ချမ်းသာချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ ...

"ကျွန်တော်က မကွေးအပိုင် ရွာတစ်ရွာကပါ .."

"ဘယ်ရွာများလဲကွယ် .."

မေးမြန်းတာကို မကြိုက်ပေမယ့် ဒီနေရာမှာတော့ နူးညံ့ချိုသာသည့် အမျိုးသမီးကြီးကို မြင်ကတည်းက သူ့ရင်ထဲမှာ ဒေါသနည်းနေခဲ့တာမို့ ...

"ဒိုက်ကြီးချောင်းရွာပါ .."

"ဩော် .. သမီးကြီး ကြည့်ကြည် နဲ့ ဘယ်မှာများ သိခဲ့ကြတာလဲ ..၊ သမီးကြီးက လွန်ခဲ့တဲ့ ဆယ့်တစ်ရက်နေ့ကပဲ ဆုံးသွားပါပြီ"

"ဒါဆိုရင်တော့ တစ်ခုခု မှားသွားပြီ ထင်တယ် ..၊ ကျွန်တော် သူ့မှတ်ပုံတင်နဲ့ တခြားစာရွက်စာတမ်းတွေကို တွေ့လို့ လိုက်ပို့လာခဲ့တာ .."

"ဘယ်လို!.. သမီးကြီးရဲ့ မှတ်ပုံတင် .. ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ချင်မှ ဟုတ်မှာပါ ..၊ ရန်ကုန်က ပစ္စည်းတွေ ချောင်းထဲမှာ မျောပါလာတာ သိပ်မနီးစပ်သလို လူကလည်း မရှိတော့ဘူးဆိုတော့ .."

"အိုကွယ် .. သမီးကြီးရဲ့ မှတ်ပုံတင်ဆိုရင် တစ်ခုခုကြောင့် ဆက်သွယ်ချက်တော့ ရှိမှာပဲ၊ သူ ခရီးထွက်သွားပြီး ပြန်ရောက်မလာတော့တာ .."

မမြင်ရသည့် မျက်ဝန်းတို့မှာ မျက်ရည်တွေ ချက်ချင်း ပြည့်တက်လာ၏။ ပြီးတော့ ခြုံထားသည့်ပဝါကို တင်းနေအောင် ထပ်ဆွဲခြုံရင်း ကတုန်ကယင် ဖြစ်လာသည့် လက်ချောင်းတွေက ပဝါကိုပဲ ဖိဆုပ်ကိုင်ထား၍ ...

"ယုန္တယ် .."

"ရှင် .. လာပါပြီ .. မေမေကြီး .."

"သားငယ် အပေါ်ထပ်မှာရှိလား .."

"ခုနကပဲ အပြင်ထွက်သွားတယ် မေမေကြီး .."

"ငါ့မြေးလေးရော .."

"မမလေးတော့ ရှိတယ် .. သွားခေါ်လိုက်ရမလားဟင် .."

"နေပစေတော့ .. မြေးလေး ဒီအချိန် အိပ်နေမှာ .."

အမျိုးသမီးကြီးက မျက်ရည်တွေကို မျက်တောင်တွေခတ်၍ သိမ်းဆည်းဖို့ ကြိုးစားလျက် ...

"အဘွားနာမည်က ဒေါ်သစ္စာညို ..၊ သမီးကြီး စံပယ်ကြည် ရဲ့ အမေပါကွယ်၊ မင်း ယူလာတဲ့ မှတ်ပုံတင်လေး ကောင်မလေးကို တစ်ချက်လောက် ပြပေးလို့ ရမလား .."

"ရပါတယ် .."

သူ ထုတ်ပေးလိုက်တော့ ယုန္တယ် ဆိုသည့် မိန်းကလေးက ယူကြည့်ပြီး ဆတ်ခနဲ ခေါင်းညိတ်၏။





"ဟုတ်တယ် မေမေကြီး ..၊ ဒါ မမကြီးရဲ့ဓာတ်ပုံ .."

ဒေါ်သစ္စာညို က မှတ်ပုံတင်နံပါတ်ကိုပါ မေးလိုက်ပြီး မှန်သွားတာနှင့် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

"ရေထဲက ပါလာတာဆိုတော့ ငါ့သမီးကြီး ရေနစ်ပြီးမှ ဆေးရုံရောက်သွားတာပေါ့ .. ဖြစ်ရလေ သမီးရယ် .."

မျက်နှာကို လက်ဝါးထဲထည့်နှစ်ကာ ရှိုက်ငိုနေတာကို သူ ဒီတိုင်းထိုင်စောင့်နေခဲ့ရသည်။ အတော်ကြာမှ ...

"အဝတ်စားသေတ္တာပဲလားကွယ် .. လူလေး တွေ့တာ တခြားဘာမှမပါဘူးလား .."

"မပါဘူး အဘွား ..၊ ဒါပေမယ့် အကျီအဝတ်စားတွေကလည်း ကျွန်တော့်ညီမ ယူဝတ်လို့ ဒီကို ပါမလာတော့ဘူး၊ စာရွက်စာတမ်းတွေကတော့ ဒီမှာ အရေးကြီးမယ်ထင်တာနဲ့ ရန်ကုန်ကို အလုပ်ကိစ္စနဲ့ လာရင်း ယူလာတာပါ ..၊ ဒီမှာပါ .."

မျက်လုံးမြင်တာ မမြင်တာ သူတို့အပိုင်း ..၊ ကိုယ်က စေတနာ့ဝန်ထမ်းလည်း လုပ်နေရသေး ငိုချင်းချနေတာကိုပါ ညမိုးချုပ်အောင် ထိုင်ကြည့်နေဖို့တော့ မဖြစ်နိုင် ..။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး .."

ပြောပြီးတာနှင့် ထရပ်ဖို့ ပြင်လိုက်လျှင် ဒေါ်သစ္စာညို မျက်နှာမော့လာကာ ...

"အို .. နေပါဦး .. အဘွားက ဒီတိုင်းကြီး ပြန်လွှတ်ရမှာလား.. ခဏနေပါဦးကွယ် ..၊ သမီးရဲ့ဓာတ်ပုံကိုရော .. စာရွက်စာတမ်းတွေကိုပါ အဘွား ဘာမှကြည့်လို့တော့ မရတော့ပါဘူး၊ ဒါပေမယ့် ဒီသေတ္တာ မျောလာပုံလေးကိုပါ သေချာ ထပ်ကြားချင်သေးတယ်၊ ဘယ်နေ့ကလဲ..၊ ဘယ်အချိန် မျောလာတာလဲ ..၊ အထဲက ဘာပစ္စည်းကိုမှ အဘွား မမက်မောဘူး၊ လူလေး ယူလာတာတွေကပဲ တန်ဖိုးမဖြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ ရတနာတွေပါ၊ ဒီမှာ အဲဒါတွေကြောင့်ပဲ ..”

ဒေါ်သစ္စာညို ဆက်မပြောတော့ဘဲ အသံတိတ်သွား၏။ ပြီးမှ ဒါကို ဆက်မပြောချင်တော့သလို မျက်နှာမှာပါ ပုံစံတစ်မျိုး ပြောင်းသွားခဲ့ပြီး ...

“ယုနွယ် .. အဲဒါတွေ ယူသွားပြီး စောမြ ကို သိမ်းထားပေးလို့ ပြောလိုက် ...၊ ဒါတွေ ရောက်လာတာ ဘယ်သူမှ မသိစေနဲ့၊ နင်ရော ကြားလား ..”

“ဟုတ်ကဲ့ရှင့် ..”

စာရွက်စာတမ်းတွေကို ယုနွယ် က ဂရုတစိုက် သိမ်းယူပြီး ထွက်သွား၏။ သူမ ထွက်သွားမှ ...

“လူလေးက တောပိုင်းကဆိုတော့ လိုအပ်ချက်လေးတွေတော့ ရှိမှာပေါ့၊ သမီးကြီးရဲ့ပစ္စည်းတွေကို ရထားခဲ့တဲ့လူ ဖြစ်တဲ့အတွက် ဒီလို လာပို့ပေးတာကိုလည်း ကျေးဇူးတင်လို့လေ ...၊ အဘွားက ကျေးဇူးပြုချင်ပါတယ်”

“နေပါစေ အဘွား ...၊ ကျွန်တော်က ဆေးတက္ကသိုလ်မှာပါတဲ့ အဝတ်စားတွေကိုလည်း ယူသုံးထားမိပါတယ် .. နောက်ထပ်ပေးဖို့ မလိုပါဘူး၊ ခုလို ပိုင်ရှင်လက်ထဲ သေချာပြန်ထည့်လိုက်ရတော့ လာရကျိုးလည်း နပ်ပါပြီ ..”

“မဟုတ်တာ လူလေးရယ် .. တချို့ဆိုရင် လိုချင်တာယူပြီး ဘာတွေဖြစ်ဖြစ် လွှင့်ပစ်လိုက်ကြတာပဲ၊ လူလေးက ဝန်ခံရဲတာကို အဘွားက သဘောကျတယ်၊ တစ်ခုပဲ စိတ်မကောင်းဖြစ်မိပါတယ်၊ သမီးကြီးရဲ့ပစ္စည်းတွေကို အဘွား မြင်ခွင့်မရတော့ဘူး ..”

ဒီအဘွား မျက်လုံးကွယ်သွားတာ ဘာမှမကြာသေးဘူးလား ...၊ မကြာသေးခင်ကမှ သမီးက ဆုံးထားတာဆိုတော့ ဒီအိမ်မှာ မကောင်းခြင်းတွေ ဆက်တိုက်ဖြစ်နေတာမျိုးလား ...။





စိတ်ထဲမှာ အတွေးတွေ ဝင်လာခဲ့မိသည်။

ဒေါ်သစ္စာညို ၏ မျက်နှာ အမူအရာတို့သည် ရှင်းသန့်ခန့်ညား နေပေမယ့် သမီးရဲ့အပူကြောင့် ချုံးချုံးကျနေရှာတာလည်း စိတ်မကောင်းစရာပါ ...။

လိပ်စာမေးလို့ ရှာလိပ်စာကို အတိအကျပေးထားခဲ့ရင်း သူ ပြန်ထွက်လာခဲ့သည်။

စိတ်ထဲမှာ ကပ်ငြိပါလာသည်က ဒေါ်သစ္စာညို ဆိုသော ပူပင်သောကများနှင့် အဘွား၏မျက်နှာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟင် .. သမီးအတွက် .."

"ဟုတ်တယ် .."

မြေးမလေးရဲ့ပခုံးလေးကို ဖက်တွယ်ထားရင်း ဒေါ်သစ္စာညို ရင်ထဲမှာ လေးလံ ကျပ်ခဲနေတာတွေကို အလွန်အမင်း ပြောချင်နေမိသည်။ ပြောလို့လည်း မဖြစ်သေးပါ။ ထို့ကြောင့် ...

"သူများအမြင်မှာ အကြီးအကျယ် လုပ်သလိုလည်း မြင်မှာစိုးတယ်လေ ..၊ အဲဒါကြောင့် မောင်ခန့် ရဲ့တူအဖြစ်နဲ့ လူချင်း ခဏလဲလိုက်မယ် ..၊ မောင်ခန့် ပြန်လာမှ အဘွားက ကောင်လေးကို ဆက်ခိုင်းထားမယ် .."

"သူ့ကို အဘွားက စိတ်ချတယ်ပေါ့"

"စိတ်ချတယ် .. အဘွား မြင်လည်း မမြင်ရဘူး၊ ခုမှလည်း ဆုံခဲ့ကြတာ .. ဒါပေမယ့် သမီးအဒေါ်ရဲ့ မှတ်ပုံတင်ကို ကိုင်ပြီး ရောက်လာတဲ့သူဟာ ကိုယ့်သားသမီးလိုပဲ အားကိုးရမယ့်သူလို့ ဘွား ယုံကြည်နေတယ်"





"လေးလေးထွန်း က ဘာဖြစ်လို့လဲ ဘွား ..၊ ဘွားရဲ့သားပဲလေ"

ရုတ်တရက် တိတ်ကျသွားပြီး သက်ပြင်းချလိုက်သည့်မျက်နှာကို ရီလေး က မော့ကြည့်နေခဲ့၏။

ခဏကြာတဲ့အထိ ဘာမှ ပြောမလာတော့မှ ...

"အဘွား .. ဘာတွေဖြစ်နေတာလဲဟင် .. တစ်ခုခုကို မျိုသိပ်ထားတာရှိသလိုပဲ .. ဘာတွေကို စိတ်မချဖြစ်နေလို့လဲ .."

"မြေးကိုပေါ့ကွယ် .. မြေးက ငယ်ပါသေးတယ် .."

"မငယ်တော့ပါဘူး ဘွားရဲ့ .. သမီး ကျောင်းပြီးပြီဥစ္စာ..၊ တော်ရုံဆိုရင် သမီး ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်"

"အဲဒီလို ထိန်းသိမ်းနိုင်မယ်ဆိုတာ ဘွား ယုံပါတယ်၊ မယုံတာက မယုံသင့်တာတွေကို မြေး ယုံမှာစိုးတာ"

ဒါက ဒီလို မြေးရဲ့ယို့ ..၊ ဘယ်လိုများ ရှင်းပြရမလဲ ...။

"မေမေကြီး ဆေးသောက်ချိန် ရောက်ပါပြီရှင့် .."

ယုနွယ် ပြောသံကြားတော့ ဒေါ်သစ္စာညို တံခါးဝဆီ မျက်နှာလှည့်သွားကာ ...

"အထဲဝင်ထားခဲ့ ယုနွယ် .. ငါ့ဘာသာ သောက်လိုက်မယ် .."

"သြော် .. ဘွားကလည်း ဘွားမှ မမြင်တဲ့ဥစ္စာ ..၊ သမီးလည်း ရှိတာပဲ .. သမီးတိုက်မှာပေါ့၊ မယု ယူခဲ့ .."

လှုပ်ရှားသံတို့နှင့်အတူ လက်ထဲကို ဆေးနဲ့ ရေဖန်ခွက်လေး ရောက်လာသည်။ ဒေါ်သစ္စာညို နှုတ်ခမ်းတွေ ပြုံးသွားခဲ့၏။

သမီးနှစ်ယောက် ရှိတုန်းကဆို သူမကိုယ်တိုင်ကလည်း ရောဂါဘယများတဲ့သူ မဟုတ်သေး၊ နည်းနည်းလေး မအီမသာဖြစ်ပြီဆိုတာနှင့် ကလေးအမေက တစ်မျိုး၊ ကလေးမရှိတဲ့ သမီးကြီး ပျာယာ ...။

ဘာမှ လိုလေသေးမရှိအောင် ပြုစုကြသည့်အထဲမှာ ရောဂါ ကြာကြာဖြစ်ချိန်လည်း မရှိခဲ့ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ သမီးတွေ တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ထွက်ခွာသွားကြသည့်အချိန်များမှာ စ၍ ပူလောင် ခြောက်သွေ့ခဲ့ရခြင်းမှာ ဒုက္ခတဖြစ်ဖို့ ဝင့်ကြွေးကလည်း တာဝန်ကျေစွာ ဖိစီးလာခဲ့သည်။ စည်းစိမ်ချမ်းသာတွေ ဘယ်လိုပင် အလျှံပယ် ဖြစ်နေခဲ့သော်လည်း...

"အဘွား .."

"ဟင် .."

"မေမေ့ကို သတိရနေတာလားဟင် .."

"သမီးက မေမေ့ကို မေမေလို့ ခေါ်လာပြီကိုး .."

ဖအေနဲ့ မအေ မာန့်ပြိုင်ကြသည့်ကြားမှာ ဖအေက ဒက်ဒီ မာမီလို့ သင်၏။ မအေကတော့ မြန်မာဆန်ဆန် ဖေဖေ မေမေ ခေါ်တာကိုမှ ကြိုက်တဲ့သူ ..။

မြေးလေး သူ့အဖေနောက် ပါသွားတုန်းက သမီးဖြစ်သူကို ချော့မော့ရင်း ငိုခဲ့ရတာတွေ ပြန်တွေးမိကာ ဒေါ်သစ္စာညို ရဲ့ မြေးကိုဖက်ထားသည့်လက်တွေ ပို၍ တင်းကျပ်သွား၏။ ထို့ပြင် မျက်ဝန်းအိမ်မှာ မျက်ရည်စတွေကြောင့် စိုလက်လာခဲ့၏။

"မြေးကို မြေးရဲ့ဖေဖေက .. ဖေဖေ မေမေလို့ ခေါ်ခွင့်ပြုခဲ့တယ်ပေါ့နော် .."

ထပ်မေးတော့ ရီလေး က သူ့ရင်ခွင်ထဲ ထပ်ဝှေ့တိုး၍ ခါးကိုလည်း ဖက်ကာ ...

"ဖေဖေက မေမေ့ရှေ့မှာ အနိုင်လုပြောနေပေမယ့် ဟိုရောက်တော့ သူကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ဒက်ဒီလို့ မပြောတော့ဘူး ဘွားရဲ့ .."

"သြော် ..."

"မေမေ့ကို စပြီး ဒူးမထောက်ချင်ပေမယ့် ဘယ်မိန်းမနဲ့မှ မဖောက်ပြားဘူး၊ မေမေ့ကို ချစ်တဲ့အကြောင်း ဒိုင်ယာရီတွေ အားတိုင်း





ရေးတယ်၊ မေမေ့မွေးနေ့တိုင်း မွေးနေ့ဆုတောင်း အမြဲ ပို့ပါတယ်၊ မေမေက ဖွင့်မဖတ်တာ .."

"တော်ပါတော့ မြေးရယ် .. တော်ပါတော့ ..၊ သမီးငယ်ခများ ယောက်ျားကိုချစ်ပေမယ့် သူ့သမီးလေးကို ခေါ်သွားရက်လေခြင်းဆိုတဲ့ စိတ်နဲ့ နာကျင်နေခဲ့ရှာတာ ..၊ မြေးလေးကို ပြန်ယူနိုင်ဖို့ ကြိုးစားရင်းနဲ့ မကျန်းမာနေတုန်း ရေချိုးခန်းထဲမှာ ချော်လဲပြီး .."

"စိတ်ဆင်းရဲစရာတွေ မပြောပါနဲ့တော့ ဘွားရယ် .. နော် ..၊ ဘွား အသက်ကြီးကာမှ အရမ်းစိတ်ဖိစီးရင် သက်တမ်းတိုလိမ့်မယ်"

"တခြားဟာကို ဖြေနိုင်ပါတယ် .. သမီးငယ် မဆုံးခင်ကတည်းက မျက်လုံးကွယ်သွားခဲ့တာ၊ သမီးကြီး ထပ်ဆုံးသွားတဲ့အထိ ဒီမျက်လုံးက မခွဲစိတ်ဖြစ်ဘူး၊ ဘွားရဲ့သမီးနှစ်ယောက်စလုံးရဲ့ နောက်ဆုံးခရီးကိုတောင် ဘွား မမြင်နိုင်ခဲ့ဘူး၊ ဘွားမှာ ဟောဒီ မြေးလေးတစ်ယောက်ပဲ သွေးရင်းသားရင်း ရှိတော့တာ ..၊ အဲဒါကြောင့်မို့ စိတ်ပူတာပေါ့"

"ဟင်!... ဘယ်လို ဘွား ..၊ လေးလေးထွန်း က သားအငယ်ဆုံးဆို .."

"အဲဒါက .."

ဒေါ်သစ္စာညို မျက်စိမျက်နှာပျက်လျက် မျက်ရည်တွေကို သုတ်နေရင်း အင်း .. အဲ .. လုပ်နေ၏။ ပြီးမှ ...

"မျိုးဆက်လေ.. မျိုးဆက် .. ကျန်ရစ်တာကို ပြောတာ၊ သားငယ်က အိမ်ထောင်မှ မပြုတာ .."

"သြော် .. ပြုမှာပေါ့ ဘွားရယ် .. လေးလေးထွန်း က ခုမှ ချောတုန်းရှိသေးတာ၊ ဒီလောက်ချောပြီး ရုပ်ဖြောင့်တဲ့ယောက်ျား ..၊ ယူမယ့်မိန်းမ မရှိဘဲ နေမလားလို့ .."

"အင်း .."

ဒေါ်သစ္စာညို ပင့်သတ်ရှိုက်လျက် ဖက်ထားသည့်လက်ကို ဖြည်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ဒရင်းမ်ဘက်ဒ်မှာ သက်သောင့်သက်သာမှီလိုက်ရင်း...

"သူ့ကိုလည်း စိတ်ချ လက်လွှတ်ချင်ပါပြီ၊ မိဘဆိုတာ သားသမီး ဘယ်အသက်အရွယ်ပဲရောက်နေနေ စိတ်ချပါပြီဆိုတာ မရှိဘူး၊ သား ဖြစ်ဖြစ် သမီးဖြစ်ဖြစ် အိမ်ထောင်ရက်သားကျအောင် ဝတ္တရားကျေ နိုင်ပြီဆိုမှ ကိုယ့်ကိုယ်ကိုယ် ကျေနပ်တယ်၊ သားသမီး အပေါ်မှာလည်း စိတ်ချရပြီလို့ တွက်ကြတယ် .."

"ဒါဆိုလည်း လေးလေးထွန်း ကို .."

"မြေးက ဒီကိစ္စတွေ နားမလည်နိုင်သေးပါဘူးကွယ် ..၊ အခု ဘွားပြောထားတဲ့ကိစ္စကိုလည်း မြေး စိတ်ထဲမှာပဲ ထား၊ ဘယ်သူ့ကိုမှ ပြန်မပြောနဲ့ ..၊ ဒီအိမ်မှာ ဘယ်သူ့ကိုမှ မယုံရဘူး .."

"လေးလေးထွန်း ရောလား .."

ဒေါ်သစ္စာညို တိတ်သွားပြန်သည်။

ဒီလိုမေးခွန်းမျိုး ပါလာတိုင်း မျက်နှာပျက်သည့် ဘွားကို ရီလေး သေချာကြည့်နေမိ၏။ သူပြောတဲ့ စကားထဲမှာ လေးလေးထွန်း သိပ် မပါတတ်ပေမယ့် မေးခွန်းတစ်ခု ထွက်လာတိုင်း လေးလေးထွန်း နဲ့ ပတ်သက်တာဆို သိပ်မဖြေချင် ..။

"ကြားရဲ့လား မြေး .. ဘယ်သူပါလား ..၊ ဘယ်သူ့ကိုရောလို့ မြေး ပြန်မမေးနဲ့၊ လူချမ်းသာ ဆိုတဲ့ကောင်လေးကို သေချာ စုံစမ်းခိုင်း ထားတယ်၊ သူ့ကို ဒီမှာ အလုပ်ပေးထားနိုင်ပြီဆိုရင် .."

"သူ့ကို ဘွားက မြင်လည်း မမြင်ရဘဲနဲ့ ဘာဖြစ်လို့ ယုံကြည်နေ ရတာလဲ ..၊ တကယ် လူလိုတယ်ဆိုရင်တောင် အိမ်ကကိစ္စတွေကို လေးလေးထွန်း ကပဲ အလုပ်တစ်ဖက်နဲ့ ထောင့်စေ့အောင် စီစဉ်ပေးနေ ခဲ့တာပဲ"

"တစ်ယောက်ယောက် စကားပြောနေရင်း မပြီးဆုံးသေးဘဲ ကြားဖြတ်ဝင်မပြောရဘူး မြေး၊ ဒါကို ယဉ်ကျေးမှုမရှိဘူးလို့ခေါ်တယ်"





ဒေါ်သစ္စာညို စိတ်ထဲမှာလည်း မကောင်းပေ။ သမီးနဲ့ သမက်က ဂုဏ်ရည်တူ အဆင့်အတန်းတူချင်းဖြစ်ကာ ချစ်လည်း ချစ်ကြသည်။

နိုင်ငံခြားမှာ နေထိုင်လှုပ်ရှားရတာကိုမှ ဝါသနာကြီးကြသော မိဘဆွေမျိုးများနှင့် ကိုယ့်ရပ်ကိုယ့်မြေမှာပဲ ပျော်မွေ့ချင်သည့် ဆန့် ကျင်ဘက် နယ်မြေလုပွဲတွေကျကာမှ စိတ်အခန့်မသင့်ကြလို့ ကွဲကွာ ကုန်ကြတာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မိဘနှစ်ဖက်စလုံးဟာ ယဉ်ကျေးမှုကို အလေးထား ကြသည့် လူကုံထံအသိုင်းအဝိုင်းတွေပါ။

မြေးမလေးကတော့ စိတ်မြန်လက်မြန်မို့လား မသိ၊ မေးချင်ရင် လည်း ဖွတ် ..၊ စိတ်မထင်ရင် မထင်သလို အိမ်အကူ မိန်းကလေး တွေကိုလည်း အော်လိုက်ငေါက်လိုက် ..။

'အမိမဲ့တော့ နှုတ်ကြမ်းတယ်'ဆိုတာမျိုးလား ..၊

မြေးလေးခမျာ ငယ်ငယ်တည်းက မိခင်နဲ့ခွဲပြီး ပါသွားခဲ့ရသည်။ ပြန်ရောက်လာတော့လည်း မိခင်က ထာဝရနှုတ်ဆက်ထားခဲ့ပြီဖြစ်၏။

တွေးမိရင်း မြေးမလေးရဲ့ခေါင်းကို ကိုင်၍ ဆံစလေးတွေကို တယုတယ ပွတ်သပ်ပေးမိသည်။ ကိုယ် ပြောလိုက်တာ နှိမ့်ချ ဆုံးမမိ သလို ဖြစ်သွားပြီလားလို့ တွေးမိပြီး စိတ်မကောင်းနိုင် ..။ ထို့ကြောင့်...

"ဒီလိုရှိတယ် မြေး ရဲ့ .. ဘွားက အမြဲတမ်း ကိုယ့်တစ်သြဇာနဲ့ ဟောဒီ 'ဒဏ္ဏာရီ'စံအိမ်ကြီးမှာ .."

"'အရုဏ်နီ'စံအိမ်ပါ"

"အင်း .. ဟုတ်ပါတယ် .. သမီးရဲ့လေးလေး နာမည်ပြောင်း လိုက်တာလေ၊ ဘွားကတော့ အိမ်ထဲမှာပဲ နေနေရတဲ့ ဒုက္ခသည်မို့ ထင်တယ်၊ အရင်နာမည်ကိုပဲ စွဲနေတုန်း .."

"လေးလေးထွန်း က သူ့သဘောနဲ့သူ နာမည်ပြောင်းလိုက်လို့ လားဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. သူ ဦးဆောင်နေတာပဲလေ ..၊ ဘွားကို ပြောပါတယ်၊ သား ကျေနပ်သလို လုပ်လို့ ဘွားကိုယ်တိုင် ခွင့်ပြုတာပါ၊ ဘာဖြစ်ဖြစ် မြေးရယ် .. ဘွားရဲ့ဘေးမှာ ခိုင်းဖို့စေဖို့ လူတွေကအစ အိမ်မှာ ရှိသမျှ အလုပ်သမားတွေ အကုန်လုံးအထိ သားကပဲ ပြန်ကြည့်ပေးနေရတာ မို့လား ..၊ သူ့မှာက စီးပွားရေးတစ်ဖက် ရှိသေးတယ်လေ၊ ဘွားက မျက်လုံးမမြင်ပေမယ့် တစ်ခါတစ်လေတော့ ကိုယ့်စိတ်ထဲမှာ ဖြစ်လာ တာလေးတွေကို ပုံဖော်ချင်သေးတယ်၊ သားကို အလုပ်မရှုပ်စေတာလဲ ပါတာပေါ့ .."

"ဩော် .. ဘွားကလည်း ဘွားက မျက်လုံးမမြင်တော့ မှားယွင်း ကုန်ရင် ခက်မှာပေါ့"

"မြေး .."

"ရှင် .."

"မြေးက ဘွား စီစဉ်တာကိုများ သဘောမကျတာ ရှိလို့လား"

"မဟုတ်ပါဘူး .."

ဒါဆိုရင်တော့ ဘွားက မျက်လုံးမှ မမြင်တာဆိုတဲ့ အားကိုးစိတ် လျော့နည်းခြင်းပဲ ဖြစ်မှာပါ။

ဒေါ်သစ္စာသို့ စိတ်မကောင်း ဖြစ်သွားမိ၏။ ဒါက သဘာဝကျပေ မယ့် မျက်လုံးမမြင်ရရင်တောင် မြေးရဲ့လက်ကို မလွှတ်လိုက်ချင် ..။

ကြည့်နေတုန်း မြင်ရမှာ မဟုတ်ပေမယ့် မျက်နှာမလွှဲလိုက်နိုင် သည့် စိတ်မချနိုင်ခြင်း အပေါင်းတို့ဟာ..၊

မြေးမှာ အန္တရာယ်ရှိနေမှန်း သိလို့လို့ ဘယ်လိုပြောရမလဲ ..။





## အခန်း (၁၀)

"ရှင်က ဘာဖြစ်လို့ လူပျိုလူလွတ် တစ်ကိုယ်ရေသမားလို့ ပြော လိုက်ရတာလဲ .."

"တစ်ကိုယ်ရေသမား မဟုတ်လို့ သူက အိမ်ထောင်သည်မှ မဟုတ်ဘဲကွ .. မိဘဆွေမျိုးဆိုတာရော ရှိလို့လား .."

"မဟုတ်ဘူးလေ .. ကောင်မလေးနဲ့ သုခ တို့က သူ့နဲ့ပဲနေတာ..၊ ကျွန်မတို့ ခေါ်ထားချင်လို့ရော ရလို့လား .."

"ဒါကြောင့် သူ့တက်လမ်းကို ကျိုးပျက်သွားအောင် ပြောရမှာ လား မသိမ့် ရာ .. မင်းကလည်း သူ့ခမျာ ဆွမ်းခံရင်း ငှက်သင့်တာ မျိုးပါ၊ ကောင်မလေး တို့ကို မနိုင်မနင်း တာဝန်ယူထားရတာ၊ ငါတို့ ပတ်ဝန်းကျင်တွေက ဖိအားပေးထားလို့ဆိုတာလည်း ထည့်တွေးပါဦး..၊ သူသာ မြို့မှာ အလုပ်လုပ်ရတော့မယ်ဆိုရင် ငါတို့ကပဲ သူ သွားဖြစ် အောင် ကူညီကြရမှာ .."

"ကျွန်မကလည်း နားလည်ပါတယ် ..၊ ကောင်မလေး နဲ့ သုခ က သူ့ကို မျက်စိအောက်က အပျောက်မခံလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လာမှပဲ ကြည့်ရှင်းကြဖို့ ရှိတယ်ကွာ .. ပြောမနေနဲ့ .."

"ကျွန်မကတော့ မထင်ပါဘူး ..၊ ရှင် ဒီလို ဖြေလိုက်တာကို ချမ်း က သဘောကျမှာ မဟုတ်ဘူး၊ သူ ဒီလိုလုပ်ချင်ရင် အစောတည်းက သွားမှာပေါ့"

"မှန်တယ် .. အဲဒါကို ပြောမလို့လာတာ"

လင်မယားနှစ်ယောက် ဧဒင်ဟောခန်းလေးကို ရှင်းလင်းနေရင်း စကားပြောနေကြတာဖြစ်ကာ နောက်ကို လှည့်မကြည့်မိကြ ..။

ချမ်းသာ က ဂျင်းဘောင်းဘီနက်ပြာ၊ ရှပ်အင်္ကျီလက်ရှည် အပြာကွက်နှင့် ခရီးရောက်မဆိုက်ပုံစံ ပေါက်နေပေမယ့် သပ်ရပ် ချောမွေ့နေ၏။

ဘုရားစင်မှာ သပြေပန်းအိုးကို လှည့်မကြည့်ဘဲ တင်လိုက်ကာ ကိုကြီးကျော် က ချမ်းသာ ကို ခြေဆုံးခေါင်းဆုံး ကြည့်၍ ...

"တွေ့လား .. ကိုယ့်လူက မြို့မှာ နှစ်ရက် သုံးရက် ကြာလိုက်တာနဲ့ မင်းသားရုပ် ဖြစ်လာပြီး .."

"လုပ်မနေပါနဲ့ ..၊ ခုနကကိစ္စ ဆက်ပြောစမ်းပါ၊ လာစုံစမ်းတဲ့လူကို ဘာတွေ ပြောလွှတ်လိုက်တာလဲ"

"မင်း ကြားပြီးပြီ မဟုတ်ဘူးလား .."

"ကြားတယ် .. မဟုတ်တာတွေ ပြောတာလို့ ထင်သွားမှာစိုးလို့ ခင်ဗျားကို စိတ်တိုနေတာ .."

"ဘာ မဟုတ်တာလဲကွ .."

ကိုကြီးကျော် က မတ်တတ်နေရင်းကနေ စားပွဲပုလေးဆောမှာ တင်ပလ္လင်ခွေ ထိုင်ချလိုက်၏။

"ထိုင်ဦးလေ ချမ်း ..၊ အိမ်ကို မရောက်သေးဘူးလား"

မသိမ့် က ရေနွေးအိုး ရှေ့တိုးပေးပြီး စကားပြောဖို့ သူမပါ ရှေ့တိုးလာကာ ...





"ငါကလည်း အဲဒါကို ပြောတာလေ ..၊ မြို့က လာစုံစမ်းတဲ့လူက ကိုယ့်အိမ်ကိုပဲ မေးပြီး ပြန်သွားရင် အကြောင်းမဟုတ်ဘူး..၊ တခြားမလိုတဲ့လူကို မေးပြီး ကောင်မလေးတို့ကို တွေ့သွားခဲ့ရင်း .."

"တော်ပါ မသိမ့် ရာ .. မင်းကလည်း၊ ကိုချမ်း တို့ ရိုးရိုးသားသားနေကြတာ လူကြီးလူကောင်းတွေ အားလုံး သိတယ်၊ မဟုတ်ယုတ်ချပြောမယ့်လူကလည်း သူလိုလူမျိုးကိုပဲ ညာလို့ရမှာ၊ ပညာတတ်တဲ့လူကို ညာလို့ မရဘူး၊ ဦးနှောက်ရှိတဲ့လူက သိပြီးသား .."

ကိုကြီးကျော် က ထုံးစံအတိုင်း ပြောမိပြီဆို သူလိုရာပဲ ဇွတ်ဆွဲယူတဲ့ သူ ..။

"မင်း ပြန်မရောက်သေးဘူး .. စုံစမ်းတဲ့လူက ရောက်လာတာ၊ မေးမြန်းပုံကြည့်လိုက်ကတည်းက မကောင်းတဲ့ကိစ္စနဲ့လာတာ မဟုတ်မှန်း ငါ သိတာပေါ့၊ အဲဒါကြောင့် အရှိအတိုင်း ပြောပြလိုက်တာ၊ မဟုတ်တဲ့စကား တစ်ခွန်းမှ မပါဘူး၊ ဘာလဲ .. ကောင်မလေး နဲ့ မင်းက .."

"ဟေ့လူ .."

"အေးလေ .. အဲဒါပြီးတာပဲ၊ မင်းကို သူတို့ရဲ့သူဌေး ဒေါ်သစ္စာညို က လာတွေ့ပါဦးလို့ အမှာပါးလိုက်တယ်တဲ့၊ ဒီနာမည် ပြောလိုက်ရင် မင်း သိတယ်တဲ့ ..၊ ငါ့အ [illegible] မင်း သေတ္တာထဲက ပစ္စည်းတွေ ပြန်သွားပေးတဲ့အိမ်မို့လား .."

"အင်း ..၊ ဒါပေမယ့် သူပဲ ကျေးဇူးဆပ်တာပါဆိုပြီး ငွေတွေ ပေးလိုက်တာ မနည်းဘူး၊ ဘာဆက်စရာ ရှိသေးလို့လဲ .."

"ဟင်!... ပိုက်ဆံတွေ ရလာတယ် .."

မသိမ့် က မိန်းမသားပီပီ မျက်လုံးတွေ ဝင်းလက်သွား၏။ ကိုကြီးကျော် က အရှည်ကြီး တွေးထားသူမို့ ဒါကို သတိမထားမိဘဲ လက်ဖျစ်တစ်ချက်တီး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ .. မင်းကို .."

"ဒါဆိုရင်တော့ ဒီနေ့ သုခ တို့ မာလကာသီး သွားခူးပေးဖို့ မလိုတော့ဘူးပေါ့"

"ဘယ်လို!.."

ကိုကြီးကျော် စကားကို ဖြတ်ပြောလိုက်သည့် မသိမ့် ရဲ့စကားတွေကြောင့် ချမ်းသာ မျက်မှောင်ကုတ်နှင့် လှည့်ကြည့်ကာ ...

"မသိမ့် ပြောလိုက်တာ ဘာလဲ ..၊ မာလကာသီး ဘယ်မှာ သွားခူးကြတာလဲ .."

မသိမ့် ခပ်အမ်းအမ်း ဖြစ်သွားသည်။ ဒါပေမယ့် ပြောလက်စနှင့် မထူးတော့သည်မို့ ...

"ဒေါ်စာဥ တို့ရဲ့ မာလကာခြံမှာလေ ..၊ အသီးက ရှားတော့ အလုပ်သမားတွေက နေ့တစ်ဝက်လောက်နဲ့ လာမလုပ်ချင်ကြဘူး၊ အဲဒါကြောင့် သုခ ကလည်း အရမ်းသွက်တာဆိုတော့ ဘယ်လိုစကားစပ်မိကုန်ကြတယ် မသိဘူး ..၊ မနေ့ညနေကတောင် သွားခူးကြသေးတယ် .. ဒီနေ့လည်း ခူးပေးရဦးမှာတဲ့၊ ဘယ်လောက်ရလဲ မသိဘူး.."

မိန်းမကလည်း ခရေစေ့တွင်းကျ ပြောပြလိုက်ပြီ ..၊ ချမ်းသာကလည်း မျက်နှာပျက်နေပြီ ဖြစ်၏။

ထို့ကြောင့် ကိုကြီးကျော် ဘာမှမတတ်နိုင်တော့ဘဲ ဖာဖာထေးထေး ဝင်ပြောဖို့ပဲ ကြိုးစားရတော့သည်။

"မာလကာပင်လေးတွေက နိမ့်နိမ့်လေးတွေပါကွာ ..၊ မင်းကောင်လေးက ဒီမှာ ခေါ်ကျွေးလည်း မစားဘူးကွ၊ ကောင်မလေးက ဝိုဆိုးတယ် .. မင်းက ဒေါသထွက်တိုင်း သူ့ကို ကိုင်ပေါက်တော့မလို အခြလုပ်တာတဲ့ ..၊ မင်း ဆူမှာစိုးလို့တဲ့ .."

"အဲဒါနဲ့ သူပါ မာလာပင် လိုက်တက်ရောမို့လား .."

"ဟို .. အဲ .. အဲဒါက .."





ချမ်းသာ ချာခနဲ လှည့်ထွက်သွားတာ လေပွေမွှေ့သွားတဲ့အတိုင်း ကိုကြီးကျော် မသိမ့် ကို မျက်လုံးပြူးကြီးနှင့် လှည့်ကြည့်ကာ ...

"တော်တော် ပါးစပ်ဖွာတဲ့ မိန်းမ .."

"ဘာဖြစ်လဲ ..၊ မပြောလည်း သူ ပြန်သွားရင် သိမှာပဲကို .."

"သူ့ဟာသူ သိတာ သိသိပေါ့"

"ကိုယ်ပြောလို့ သိတော့ ဘာဖြစ်သွားနိုင်လို့လဲ..၊ ဒီမှာ ကိုကျော်.. ဟိုက ကျေးရူးဆပ်လိုက်တယ်ဆိုတာ တစ်သိန်းလောက်များ ရှိမလား မသိဘူးနော် .."

"ဘယ်လောက်ရှိရှိ .."

ကျောခိုင်းပြီး ဟိုဘက်လှည့် အလုပ်ရှုပ်ပြနေတော့ မသိမ့် မဲ့ရွဲ့မျက်စောင်းထိုးရင်း နေရာမှ ထထွက်ခဲ့ရသည်။

သူတို့ပြောတော့ ဘာဖြစ်ဖြစ် အကောင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဒါ .. ဘာလုပ်နေကြတာလဲ .."

"ဟာ!... ကိုကြီး .."

လူကို မျက်နှာရှေ့ကျမှ ဘွားခနဲ မြင်လိုက်ရသဖြင့် သုခ မျက်လုံးရော ပါးစပ်ပါ ပြူးပြဲသွားတာ ကျောက်ရုပ်ဖြစ်သွားသည့်နှယ် ..၊

ချမ်းသာ မျက်နှာက ဒေါသနှင့်နီမြန်းနေကာ သုခ လက်နောက်ပြန်မြှောက်၍ ကာပေးထားသည့် ပုဆိုးရဲ့နောက်ကွယ်ကို စူးစိုက်ကြည့်၏။

သုခ တံတွေးမျိုချလိုက်ပြီး သူ မျက်လုံးသွားတဲ့ဆီ ပုဆိုးကို မြှောက်ကာနေရင်း ခြေဖျားလေး ထောက်ကြွသွားလိုက် ..၊ တုံ့ခနဲ ပြန်ကျလိုက်နှင့် ဂနာမငြိမ် ..။

"နောက်မှာ ဟိုတစ်ယောက်က ဘာလုပ်နေတာလဲ .."

"ဟို .. မမက .."

သုခ မဖြေဘဲ လက်နောက်ပြန်မြှောက်ထားရသည့် ပုဆိုးစကလည်း မငြိမ်မသက်ဖြစ်လာကာ နောက်က လှုပ်စိလှုပ်စိ အရိပ်ဟာ ခြေထောက်ပေါ်သွားလိုက် .. ခေါင်းထိပ် ပေါ်လာလိုက် ..။





"သုခ ငြိမ်ငြိမ်နေလေ .. ဘာလုပ်နေတာလဲ ..၊ ဒီမှာ ဘောင်းဘီက ဆွဲတင်လို့ မရရတဲ့အထဲ .."

ကြည့်စမ်း ..၊

ချမ်းသာ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သူ ပြန်လှည့်ထွက်မလို့ ခြေလှမ်းပြင်လိုက်ကာမှ အထဲကနေ ဘာလုပ်လိုက်သည်မသိဘဲ သုခကိုယ်လေး ဆောင့်တွန်းခံလိုက်ရသလို ဖြစ်သွားပြီး ရှေ့ကို ငိုက်စိုက်ပြိုလဲ၏။

"သုခ .. ဘာဖြစ် .. ဟင်!..."

"မင်း .. .."

ဒေါသထက်အရင် ဖြန်းခနဲ ပူထူသွားသည့် မျက်နှာကို ဘယ်သွားကွယ်ရမှန်း မသိ ..။

"တောက် .."

"ကိုချမ်း .. ရှင် .. ရှင် ပြန်ရောက်နေပြီ ဟုတ်လား .."

ရှောင်ထွက်လာတဲ့လူကို သူမ ပြေးလိုက်ဆွဲ၏။ သေချာတာက သူမ အကြိတ်အနယ် ဆွဲလွဲဝတ်ဆင်နေဆဲ ဘောင်းဘီရှည်ကို လက်စ မသိမ်းနိုင်ဘဲ ဒီတိုင်း ကိုင်ထားဆဲနှင့် လိုက်လာခြင်း ..။

"ကောင်မလေး .. မင်း .. မင်း .. သေတော့မယ်၊ အဲဒါကြီး သွားချွတ် .. သွား .."

"ဟယ် .. ဟုတ်ပါရဲ့ .."

အမလေး .. အော်ပြီး ပြန်လှည့်ပြေးသွား၏။ ချမ်းသာ 'ကျွတ်..' ခနဲ မျက်လုံးတွေမှိတ်ကာ ခါးနှစ်ဖက်ထောက်၍ ရပ်စောင့်နေလိုက်၏။

"ကိုကြီး .."

"ဘာလဲ .. မင်းတို့ ဘာလုပ်ကြတာလဲ"

သူပဲ တောင်းပန်ရမယ့်တာဝန်ရှိသူအဖြစ် သုခ မျက်လွှာလေးချ၍ သူ့ရှေ့ ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ မာလာကာပင် သွားတက်မလို့ပါ .."

"သားတို့ဆိုတာက ကောင်မလေးပါ ပါတယ်လို့ ပြောတာလား၊ မနေ့တလည်း သူနဲ့ပဲပေါ့"

"မဟုတ်ပါဘူး .. မနေ့က သားတစ်ယောက်တည်း တက်တာပါ၊ ဒီနေ့ကျမှ မမက သူလည်း တက်မယ်ဆိုပြီး .."

"ငါ့ဆောင်းဘီ ထုတ်ဝတ်ဖို့တော့ မင်း အကြံပေးလိုက်တာပေါ့"

သူ့ခ ပျာပျာသလဲ ခေါင်းခါ၍ ...

"မဟုတ်ပါဘူး .. ကိုကြီးက သစ်ပင်တက်ရင် ခါးတောင်းကျိုက်ရမယ်ပြောတယ်ဆိုပြီး မမဘာသာ ယူဝတ်တာ၊ သားက တားပါတယ်"

"ဓော်ဓိတော် ဗရုတ်ကျတဲ့ဟာလေး .."

ယောက်ျားလေးဘောင်းဘီရှည်ကို မရမက ထိုးသိပ် ဆွဲတင်သည်၊ တင်နားမှာ ရှေ့ဆက်မတက်နိုင်တော့ ခေါင်းဘီစကို ကိုင်၍ တစ်ဖွေ့ နှစ်ဖွေ့ ခုန်နေတဲ့ပုံ မျက်လုံးထဲမှာ ပြန်ပေါ်လာ၏။

ရှူးသလိုကြောင်သလို အရှက်မရှိ လုပ်ရလားလို့ ပြောလိုက်ချင်ပေမယ့် တကယ်ရှူးနေတာမို့ ခက်သည်။

ကလေးငယ်တစ်ယောက်နဲ့ အပျိုအရွယ်လေး ..။

သူ နောက်ထပ် ဒီတိုင်းထားခဲ့ဖို့တော့ စဉ်းစားရတော့မည် ဖြစ်သည်။

တော်တော်မလွယ်တဲ့ ကိစ္စပါလား ..။





## အခန်း (၁၂)

"ဟာ!... ဟော့ .. ဘာလုပ်တာလဲ .. အဲဒါ .."

မျက်နှာသစ်ပြီး ရေတောင် မသုတ်ရသေး ..။

"ညနေကျရင် ဒီကြားထဲက နေရောင်တွေ ထိုးလို့ပါ၊ ဒါလေးနဲ့ တက်ကာထားချင်လို့ .."

မျက်နှာက ရေကို သပ်ချခဲ့ပစ်ရင်း ကောင်မလေး ကျော်ခွတက်နေသည့် အိမ်ကြီးက တန်းဟောင်းနားကို သူ ဘယ်လိုနှုန်းနဲ့ ရောက်သွားခဲ့မှန်း မသိ ..။

ကောင်မလေးက ဘယ်ကကောက်လာမှန်း မသိသော တာလပတ်စ အစုတ်တစ်ပိုင်းကို ချိုင်းကြားညှပ်ထားကာ ချိုင်းကြားထဲကဟာ ပြုတ်မကျအောင်လည်း ဖိကပ်ထား၏။ အပေါ်တက်ဖို့ လက်နှစ်ဖက်ကလည်း မအား ..။

"ချမ်း .. အဲဒီအောက်က တိုင်လုံးလေးကို ကိုင်ထားပေးပေါ့..၊ တိုင်ဟောင်းကြီးက တန်းမှာ ကပ်မှီထားတာမို့လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ပေးနိုင်ဘူး ..၊ ပြုတ်မကျခင် မင်း ပြန်ဆင်းလာခဲ့ .."

"ဟာ .. ဒီမှာ ဒါလေးမိုးပြီးမှ .. အမလေး!..."

"ဟာ!..."

သူ့ကြောင့်ပေမယ့် သူ တမင်လုပ်တာ မဟုတ်ပါ။ သူမ ဆင်းလာလို့ရအောင် ခြေချော်လက်ချော် ပြုတ်ပျက်ကျရင်လည်း ဆွဲလွဲမိမယ့်နေရာဖြစ်ဖို့ ခြေလှမ်းရွှေ့ရပ်လိုက်တာ ဖြစ်သည်။

ဒါပေမယ့် သူ့ခြေထောက်နဲ့ ကန်ထုတ်လိုက်သလို ဖြစ်သွားသည့် ပျဉ်ချောင်းတစ်ခုက ကောင်မလေးတက်ထားသည့်တိုင်ခြေကို ဆောင့်တိုက်သွားခဲ့၏။

လူက နေရာရွှေးပြီးသားမို့ ကောင်မလေး ပစ်စလက်ခတ် ပြုတ်ကျလာပေမယ့် ရင်ခွင်ထဲကို တမင်ခုန်ချလိုက်သလို မတ်တတ်အတိုင်း အင့်ခနဲ ..။

ကြောက်အားလန့်အားနှင့် ကောင်မလေး သူ့လည်ပင်းကို သိမ်းကျုံးဖက်၏။

စိုးရိမ်စိတ်နှင့် သူမ တစ်ကိုယ်လုံးကို ဆွဲပွေ့ထားမိတာလည်း သူ့ကိုယ်သူ အမှတ်တမဲ့ပါ။

ဒါပေမယ့် ဒီအတိုင်း ငြိမ်သက်နေခဲ့ကြတာ ခဏလေး မဟုတ်..။

ထို့ပြင် တဖြည်းဖြည်း ရင်ဘတ်ချင်း ကွာသွားလျက် တစ်ယောက်မျက်နှာတစ်ယောက် နီးကပ်စွာ ကြည့်နေမိကြပြန်သည်

မိန်းမတစ်ယောက်၏ကိုယ်ခန္ဓာကို ပစ်စလက်ခတ် ပွေ့ဖက်ခဲ့ဖူးတာ ဒါ ပထမဆုံးမို့ ..၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်ဘဲ ဒီတိုင်းရှိနေတုန်း ...

"ကျွန်မခြေထောက် ကျိုးပြီထင်တယ် .. ရှင့်ကြောင့် .."

ငေးကြည့်နေရင်း မဲ့ကျသွားကာ ကောင်မလေး မျက်ရည်တွေ ပြည့်အိုင်လာမှ သူ သတိဝင်၏။





လက်တွေကို လွှတ်ပြီး ပတ်ဝန်းကျင်ကို မလုံမလဲ လှည့်ကြည့်မိလျှင် ..၊ ပျော်နေသည့်ပုံစံလေးနှင့် သုခ က သွားလေးအဖြီးသားနဲ့ ..

"ရှင် ကျွန်မ ပြုတ်ကျလာအောင် ကန်ချလိုက်တာ .. ကျွန်မ မြင်လိုက်တယ် .. အဟင့် .. စိတ်ပုတ်တဲ့လူကြီး၊ သူ့အိမ်စုတ်ကြီးကို သူ့ကျတော့ မပြင်ဘဲနဲ့ သူများပြင်တာကို .."

"လျှောက်ပြောမနေနဲ့ ..၊ မင်းကို ငါက ကန်ချစရာလား"

"ဟုတ်တယ် .. ဟုတ်တယ် ..၊ ရှင် သူများကို မြင်တာနဲ့ ရိုက်မယ်ပုတ်မယ်ချည်းပဲ .. တစ်ခုခုလုပ်ရမှ ကျေနပ်တဲ့လူ ..၊ သုခ နင် မြင်လိုက်တယ်မို့လား ..၊ ငါ တက်နေတာကို သူ ကန်ချတာ .."

"သား မြင်ပါတယ် ..၊ ကိုကြီးက ကန်ချတာ မဟုတ်ပါဘူး"

"ဟုတ်တယ် .."

"မဟုတ်ပါဘူး .. မမ ပြုတ်ကျလာတာ ကိုကြီး ဖက်မထားရင် မမ မတ်တတ်တောင် ရပ်နိုင်မှာ မဟုတ်တော့ဘူး"

"ခုလည်း ငါ့ခြေထောက် ကျိုးသွားလို့ ထော့နင်းဖြစ်နေပြီလေ..၊ သူ့ကို ဘယ်သူက ဖက်ထားပါ ပြောလို့လဲ ..၊ ဟွန်း .. သူများအောက်ကနေ လာပြီးတော့ .. ဖက်ချင်လို့ တမင်ကန်ချတာ .."

"ကောင်မလေး .. နော် .. မင်း .."

"ဟုတ်တယ် .. ဟုတ်တယ် .. ဒီတစ်ခါ ဖက်ကြည့် .."

"မမက ဘာလုပ်မလို့လဲ .."

"ပါးရိုက်ပစ်မှာပေါ့ .. ဖက်ချင်တာတောင်မှ စိတ်ကောင်း မရှိတာ၊ သူများကို အမြင့်ကြီးက ပြုတ်ကျအောင် ..၊ စိတ်ပုတ်ကြီး .."

ခြေထောက်ကို နှိပ်လိုက် ငိုလိုက်နှင့် ပြောမဆုံးဖြစ်နေသမျှ ချမ်းသာ ပြုံးလိုက်ပြီး လှည့်ထွက်သွား၏။

သုခ လည်ပင်းလေးရှည်အောင် ကြည့်နေပြီးမှ ကောင်မလေးနားကို ကပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမက ကိုကြီးကို တကယ် ပါးရိုက်မှာ .. ဟုတ်လား .."

"ရိုက်စရာလားဟဲ့ .. အတူတူနေကြတဲ့ဟာကို ..၊ သူ ငါ့ကို နာအောင်လုပ်လို့ တမင်ပြောတာ .."

ဆံပင်တွေ ဖားလျားကျနေတာကို ဖိုသီဖတ်သီ သိမ်းဖယ်ရင်း..၊ မျက်ရည်သုတ်ရင်း .. ကောင်မလေးရဲ့ပုံရိပ်လေးက မျက်စိထဲမှာ ပါလာ၏။

ပြောနေတာတွေကိုလည်း ကြားနေရဆဲဖြစ်ကာ ချမ်းသာ ရယ်ပဲ ရယ်ချင်နေ၏။

တကယ်ကို အရူးပီသတာပါ ..။





## အခန်း (၁၃)

"ဟုတ်ပါတယ် .. လစာနဲ့ စီစဉ်ပေးထားမှာတွေက အဆင်ပြေပါတယ် .. ဒါပေမယ့် .."

"မလုပ်ရဘူး .."

ဖုန်းပြောတဲ့နေရာထိ ဘယ်လောက်ထိ အချိန်မီ ပြေးလာသည် မသိ ..။ သူ ကိုင်ထားသည့်ဖုန်းကို ဆတ်ခနဲ ဆွဲလုသွားမှ ကိုယ့်အနား ရောက်လာတာကို သိသည်။ ဒါပေမယ့် သူမလက်ကို ဖတ်ခနဲ ဖမ်းဆုပ်ကာ ...

"ပေးစမ်း .. အလုပ်ကိစ္စ ပြောနေတာ"

"မလုပ်ရဘူးလို့ ပြောနေတယ်လေ .."

"တောက် .."

စိတ်တိုတိုနှင့် ဖုန်းကို အတင်းဖိဆုပ်ထားသည့် လက်လေးကို ဖျစ်ညှစ်ပစ်လိုက်ပြီး ပြန်လုယူကာ ...

"ဟလို .. ဟုတ်ကဲ့ .. ဘာမှ မဟုတ်ပါဘူး .. ညီမလေးပါ"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ညီမလေးနဲ့ ညီလေး ရှိတယ် အဘွား"

"... ... ..."

"အရင်းအချာတွေတော့ မဟုတ်ကြပါဘူး၊ ဒါပေမယ့် ကျွန်တော့်လိုပဲ မိဘမဲ့ ဒုက္ခသည်လေးတွေ ဆိုပါတော့"

"ဒီမှာ သူများ နာသွားပြီ .. ပေးဆို ပေး ..၊ ဘယ်မှ သွားဖို့ စိတ်မကူးနဲ့"

စကားပြောမရအောင် အတင်းလိုက်လုနေသဖြင့် ကောင်မလေးကိုယ်ကို ဖုန်းမကိုင်သည့်လက်နဲ့ သိမ်းဖက်ထားလိုက်ပြီး ...

"ကျွန်တော်က အဲ့ဒါကို .. ကျွတ်!..."

ရုန်းလည်း ရုန်း ..၊ ငိုလည်း ငိုချလိုက်လျှင် ချမ်းသာ ဘယ်လိုမှ ဖုန်းပြောလို့ မရတော့ပေ။ မုန့်ဆိုင်နဲ့ တွဲထားသည့်ဖုန်းမို့ ဆိုင်က အမျိုးသမီးကြီးက တွင်တွင်ရယ်၏။

သူတို့တွေအကြောင်းကို လူတိုင်းလည်း သိနေပြီမို့ ..၊ စကြနောက်ကြရှိပေမယ့် ခုတော့လည်း နားလည်နေကြပါပြီ ..။

"အဘွား .. ကျွန်တော် နောက်မှ ပြန်ခေါ်မယ်နော် .."

"... ... ..."

"မဟုတ်ပါဘူး .. သူ ပူဆာနေတာ မရလို့ပါ၊ ဘာမှ မဟုတ်ဘူး.. ဒါပဲနော် .."

ဟိုဘက်ကလည်း ကြားနေရပုံရှိကာ အသံတွေ ဝင်သွားသမျှ အာရုံစိုက် ခွဲခြားနေသည်မို့ ဒီမှာလည်း ထိန်းချုပ်လို့ မရ ..၊ ဟိုကို ဖြေရှင်းရနှင့် ..။

"ကဲ .. လာ ..၊ ခင်ဗျားကို တိုင်မှာ ကြိုးနဲ့ ကပ်တုပ်ထားခဲ့မယ်"

"ချမ်း နော် .. ရှင့်ကို အလုပ်မလုပ်ရဘူးလို့ သူများ ပြောပြီးသား၊ နောက်မှ ပြန်ဆက်မယ်ဆိုတာ ဘာလဲ .. မဆက်ရဘူး၊ ဘယ်မှ မသွားရဘူး .."





လက်ကို ဆွဲချ ခေါ်လာသမျှ တစ်လမ်းလုံး နားမခံသာအောင် ပေါက်ပေါက်ဖောက်၏။

"ဟဲ့ .. ဟဲ့ .. ဘာဖြစ်လာကြတာတုံး .."

ဝက်စာတွေ သယ်လာရင်း တွန်းလှည်းလေးကို ရပ်၍ မသိမ့်က မျက်လုံးပြူးနှင့် လှမ်းမေး၏။

သူ တစ်ခွန်းမှ လှည့်မပြောတော့ပေမယ့် မယ်မင်းကြီးမက သူ့လက်ထဲကနေ အတင်းပြန်ရုန်းနေရင်း လှည့်အော်သည်။

"သူ .. သူ ဖုန်းဆက်နေတာ သူများက တားလို့တဲ့ မမသိမ့် ..၊ သူများကို ရိုက်တော့မှာ .. လုပ်ပါဦး .."

လှည်းတွန်းနေရသဖြင့် မသိမ့် က နောက်မှာကျန်ခဲ့လျက် ခေါင်းတခါခါနှင့် ပြုံးနေ၏။

"သူတို့နှစ်ယောက်ကလည်း ယူလိုက်ကြရင် ပြီးတာပဲနော် .."

မသိမ့် လှည့်ကြည့်လိုက်တော့ သူ့မနောက်မှာ တီဗွီဂိမ်းဆိုင်က မမော် ဖြစ်နေ၏။ သူမကလည်း မမော် ဘေးကို မှီအောင် လျှောက်လာပြီး ...

"ကောင်မလေးက ချောချောလှလှလေးပါ၊ သူတို့မှ မလှုပ်ရင် ရပ်ကွက်ကပဲ သင့်တော်သလို စီမံပေးလိုက်ကြရင် ကောင်းမလား.."

"အမလေး .. အမလေး .. ပြဿနာမရှာပါနဲ့ မမော် ရယ် .. ချမ်း ကို နည်းနည်းမှကို လက်ခံချင်တာ မဟုတ်ဘူး ..၊ တော်ကြာ ခေါ်ထား ကျွေးမွေးဖော်လေးတောင် မရဘဲ ကန်ချပစ်လို့ ကောင်မလေး ဒုက္ခရောက်ပါ့မယ်"

"ဟိုကောင်လေးကိုတော့ ချမ်း က အရေးပေးသားပဲ ..၊ ကောင်လေးကိုကျမှနော် .."

"ကောင်မလေးကလည်း ခံပြော ခံအော်နဲ့ မမြင်လိုက်ဘူးလား.. စိတ်မထင်ရင် မထင်သလို ဝင်ဝင်ရှုပ်တာ၊ ငါတို့အမြင်ကတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးနဲ့ ဆံပင်လေးက ဖို့ယို့ဖားလျား ချစ်စရာလေးပဲ ..၊ ချမ်း က အစတည်းကမှ မှုန်ကုတ်ကုတ် ဂျစ်ကန်ကန် ..၊ တစ်ယောက်တည်း နေပြီး သူ့ပဲ ဘုရင် .. သူ့ပဲ သခင် လုပ်နေတဲ့ သူ .."

"ဘာပဲဖြစ်ဖြစ် ကြာလာရင် သံယောဇဉ်တော့ ဖြစ်လာမှာပဲ ..၊ ချမ်း က ဒါတော့ မဆိုးဘူးနော် ..၊ ကောင်မလေးအပေါ် ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားသား ..၊ ခုနက ဖုန်းဆိုင်က ထွက်သွားပြီး အော်ကြဟစ်ကြ ဘာဖြစ်တာလဲ .."

"မသိပါဘူးဟာယ် .. ချမ်း က ရန်ကုန်မှာ ၁လုပ်ခေါ်လို့လေ..၊ လုပ်ဖြစ်လား .. မလုပ်ဖြစ်လား မသိဘူး .. နမှာပေါ့ ..၊ ကောင်မလေးက ကိုချမ်း ကို မသွားရဘူး ဇ ၇ .."

"ဒါဆို ကောင်မလေးက ချမ်း ကို သဘော နလား မသိဘူး မသိမ့် .."

"စိတ်မနှံ့တဲ့သူပဲ မမော် ရယ် .. ခင်မိခင်ရာနေတာမျိုးပါ၊ ချမ်း ကလည်း သူ့ကို ၁တ်ဝန်းကျင်မှာ အဲသလို ဆမုတ်ကြမှာကိုကြောက်လို့ လုံးဝကို လက်မခံချင်တာပဲ ..၊ ကြားအောင်များ သွားမပြောလိုက်ပါနဲ့ အဲဒီလိုစကားတွေကို .."

မမော် ကတော့ မသိမ့် ကို 'ပိုလိုက်တာ'ဆိုသည့်အကြည့်နှင့် မျက်ခုံးတွေတောင် ပင့်သွားသေးသည်။

ဘာဖြစ်ဖြစ် ဒီကလေးတွေအကြောင်း ကိုယ့်လောက်တော့ နားလည်နိုင်မှာ မဟုတ် ..။





## အခန်း (၁၄)

"ဘာပဲဖြစ်ဖြစ် .. တစ်ခေါက်လောက် လာတွေ့ပါဆိုတာ မင်း သွားသင့်တယ်ကွ"

ထိပ်ခြောင်ကြီး က အကြံပြုသည်။ ကိုကြီးကျော် က ထောတ်ခံ ခေါင်းညိတ်၏။

"အေးလေ .. ဒီလို အခွင့်အရေးမျိုး မြို့ပေါ်တက်ပြီး ဖက်ဖတ် မောအောင် ရှာတဲ့လူတွေတောင် ရကြတာ မဟုတ်ဘူး"

"သူ ဘယ်လိုပြောပြော အလုပ်က ဘော်ဒီဂတ်လုပ်ရမှာပဲ .. နောက်ထဝ် သေချာတာက အဲဒီအဘွားအတွက်လို့ ပြောပေမယ့် မဖြစ်နိုင်ဘူး ..၊ သူ့ဆောင်းမှာ မိန်းကလေးတွေ အများကြီး ကျွန်တော် မြင်ခဲ့တယ်၊ သူ့ရဲ့မြေးမဆိုတာအတွက်ပဲ ဖြစ်မှာ .."

"မင်းက ခဏလေးနဲ့ တော်တော် အကဲခတ်မိခဲ့တာပဲ"

"ဒီလိုအိမ်မျိုးမှာ ဒီအခက်အခဲမျိုးတွေပဲ ရှိတတ်ကြတာလေ .. ကျွန်တော့်စိတ်ထဲမှာ အဲဒါကြီးကို တစ်မျိုးဖြစ်နေတာ ..၊ မိနစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ အသံ ခဏလေးကြားတဲ့လူကို ကိုယ့်အနီးအနားကလည်း မဟုတ်ဘဲ ဘာဖြစ်လို့ ယုံတာလဲ ..”

“ဒါတော့ ပြောရခက်တယ်ကွ ..၊ ယုံကြည်မိပြီဆိုရင် ဘာဖြစ်လို့ ယုံတာလဲဆိုတာ ဖြေရခက်ဆုံး မေးခွန်းပဲ၊ ပဌာန်းဆက်တွေပဲလို့ ပြောမလား ..ဒါက စိတ်ခံစားမှုနဲ့ပဲ ဆိုင်တယ်လို့ ပြောရမလား ..၊ နောက်တစ်ခုက မင်း မသိနိုင်တဲ့ အကြောင်းပြချက် တစ်ခုခုလည်း သူ့မှာ ရှိနေနိုင်တာပဲ၊ အဲဒါကို သိရအောင် မင်း စကားသွားပြောသင့်တယ်၊ ဆော်ဒီဂတ် မလုပ်ချင်လည်း သူ ဘာလုပ်စေချင်တာလဲဆိုတာ သေချာသိရဖို့ လိုတယ်လေ ..”

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြရင်း ပြောဖြစ်တိုင်း ဒီအလုပ်ကိစ္စပဲ ဖြစ်နေကာ သူ ခုချိန်ထိ တွေဝေနေဆဲ ..၊

“ဟော .. ဟိုမှာ ကိုကျော်ခဲ နဲ့ မင့်ကောင်လေး ..”

ထိပ်ပြောင်ကြီး ပြသဖြင့် သူ လှည့်ကြည့်လိုက်တော့ သုခ က ပုဆိုးလေး ပခုံးမှာ စလွယ်သိုင်းလျက် အနားပြဲနေသည့် ဘောင်းဘီတိုလေးနှင့် ကိုကျော်ခဲ နောက်က လိုက်နေတာ ခလုတ်ထိုက်မတတ်..။

မျက်မှောင်ကုတ်သွားသည့် ချမ်းသာ မျက်နှာကို ကိုကြီးကျော်က ပြန်ကြည့်၍ ...

“ဘယ်ကို ခေါ်မလို့လဲ .. မင်း သိလား”

ချမ်းသာ က ခေါင်းခါလိုက်ပြီး ...

“သုခ ..”

“ခင်ဗျာ .. ကိုကြီး ..”

သုခ မျက်နှာလေး သူ့ရှိရာ ချာခနဲလှည့်လာ၏။ သုခ ကို ဘယ်အချိန် ခေါ်လိုက်ခေါ်လိုက် သူ့အသံ ကြားတာနှင့် ‘ဗျာ ..’ခနဲ ထူးသံအပြင် ကိုကြီး လို့ ခေါ်သံလေး တစ်ဆက်တည်း ပါလာတတ်တာကိုက ကောင်လေးရဲ့ ချစ်ဖွယ်သောအသံ ဖြစ်သည်။





သံယောဇဉ်တွေ ဖြစ်လာခဲ့ရတာ ဒီအသံလေးက အဓိက ကျနေတာလည်း ဖြစ်နိုင်၏။

“ကိုကြီး ..”

သုခ သူ့ဆီကို ကမန်းကတန်း လှည့်လျှောက်လာကာ အနားရောက်မှ ပုဆိုးကို ပခုံးက ဆွဲချ၍ ပြန်ဝတ်သည်။ ပြီးတော့ လက်လေးပိုက်၍ မျက်နှာငုံ့ထား၏။

ဒီအမူအရာကို ကြည့်လိုက်တာနှင့် သူ ငြင်ြင်စရာကိစ္စတစ်ခုခု လုပ်ထားပြီမှန်း သိလိုက်သည်။

“ဘယ်သွားမလို့လဲ ..”

“ငါ ခေါ်လာတာပါကွ .. အိမ်မှာ အလုပ်ခိုင်းစရာရှိလို့ ..”

ကိုကျော်ခဲ က ခပ်အေးအေး လျှောက်လာရင်း ဝင်ဖြေသည်။ ချမ်းသာ က စားပွဲကို ကျော်ခိုင်းပုံစံ ပြောင်းထိုင်၍ သုခ မျက်နှာကိုပဲ ကြည့်ကာ ...

“မင်းကို အလုပ်ခိုင်းမယ့်လူရှိရင် လိုက်လုပ်လို့ ငါ ပြောထားလား ..”

“မပြောပါဘူး ..”

“မင်းကလည်းကွာ .. ကလေးက တစ်ဖက်တစ်လမ်းက ရှာတာကိုး ..”

“ခင်ဗျား ဝင်မပြောပါနဲ့ ..၊ ကျွန်တော် သူ့ကို မေးနေတာ ..”

“ဟ .. မင်းက ရိုင်းလှချေလား ချမ်း ..၊ ငါက မင်းကောင်ကို အလကား ခေါ်ခိုင်းမှာမှ မဟုတ်တာ၊ ဘာဖြစ်လို့ ဒီလောက် အူတိုနေရတာလဲ ..”

“ပိုက်ဆံပေးခိုင်းဖို့ တွေးနေတာကိုက အလုပ်မဟုတ်တာ..ဒါ ကလေးအရွယ်ကိုလည်း ခင်ဗျား ကြည့်ဦး ..”

ကိုကျော်ခဲ က ဒေါသထွက်လာသည့် မျက်နှာကြီးနှင့် မဲ့၍...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးလည်း ကလေးနဲ့တန်သလောက်တော့ ရမှာပေါ့၊ ဒီနေ့ဆို အပြီးသတ်သွားပြီ၊ သူ့လုပ်အားခလေး ရမယ့်နေ့ကျမှ မင်းက စိတ်ပင်နေတယ် ..၊ ရတယ် .. ငါ တခြားတစ်ယောက်ကို ခိုင်းရုံပဲ"

'စိတ်တော့ မကောင်းပါဘူး' ဆိုသည့် အကြည့်တစ်ချက်နှင့် သုခတို့ နှုတ်ဆက်၍ ကိုကျော်ခဲ က ပေစောင်းစောင်း လှည့်ထွက်ဖို့ ပြင်သည် ..၊

"သုခ .. မင်း ဘာအလုပ် လုပ်နေတာလဲ ..၊ ဘယ်နှစ်ရက်တောင် ရှိနေပြီလဲ .."

"ဟို .. အိမ် .. အိမ်သာကျင်း တူးနေတာ .."

"ဘာကွ .."

"ဖောင်း .."

"ကိုကြီး .."

ဒေါသက ရှူးခနဲဆို ဘာမှ မမြင် ..၊ ဇက်ပိုးအုပ်ပစ်လိုက်မိတာ သုခ စိုက်ခနဲ လဲကျသွား၏။

"အမာ.. မာန တော်တော်ကြီးတဲ့ကောင်..၊ မင်းကိုယ်မင်း နာမည်ချမ်းသာ ဆိုတိုင်း ချမ်းသာနေပြီ မှတ်လို့လား .."

"ခင်ဗျား သွားတော့ .. သွား .."

"ခွပ် .."

"ဟာ!... ချမ်း .."

"ချမ်း မလုပ်နဲ့ .. တော်ပြီ .."

ကိုကျော်ခဲ ကျတော့ လက်သီးတစ်ချက်နှင့် ပါးစောင်မှာ ဆေးနီဆိုးပေးလိုက်သလို သွေးတွေ ချက်ချင်း စိမ့်ထွက်လာ၏။

လက်ဖက်ရည်ဆိုင်ထဲမှာ ရှိသမျှလူတွေ ဟိုဆွဲဒီဆွဲ ဖြစ်ကုန်ကြတာ ကိုကျော်ခဲ တက်ခေါက်သံတောင် မထွက်နိုင်..။

သို့သော် ...





"ဆန်မရှိ သောက်စားကြီးတဲ့ကောင် ..၊ အိမ်သာကျင်းတူးတဲ့ အလုပ်ကိုများ ခိုင်းမယ့်လူရှိလို့ လုပ်ရတာ သင်းက နာအုံ့ ထင်သေးတယ် .."

"ခင်ဗျား ပါးစပ် မပိတ်သေးရင် သွားတွေအကုန် ရိုက်ချိုးမှာနော် ..၊ မယုံမရှိနဲ့ .."

"ကိုကျော်ခဲ ကလည်း တော်ပါတော့ဗျာ ..၊ ခင်ဗျားနဲ့ ရှယ်တူလည်း မဟုတ်ပါဘူး"

ကိုကြီးကျော် တို့နှစ်ယောက် ဝင်ပြောတော့ ကိုကျော်ခဲ က သွေးတွေကို လက်ခုံနဲ့ကပ်သုတ်ပြီး ထွီခနဲ ထွေးကာ ...

"ခင်ဗျားတို့က ဒီကောင့်ဘက်ကလား ..၊ အရှယ်မတူဘဲနဲ့ လူကြီးမှန်းမသိ မိုက်ရိုင်းတဲ့ကောင်ကိုတော့ ဘာမှ မကောင်းမပြောကြဘဲ ... ဟင် .."

"ခင်ဗျားကလည်း စကားကို ထိန်းသိမ်းပြောဖို့ သတိရသင့်တယ်လေ ..၊ ဘာဖြစ်လို့ သူများရဲ့အားနည်းချက်ကို ဖိနှိပ်ပြောရတာလဲ.."

"ကဲ .. တော်ကြပါတော့ ..၊ နောက်ထပ် ရန်တစ်ပွဲ ဆက်တော့မှာပဲ"

မကျေနပ်သံများနှင့် ရန်ပွဲက လူရှဲသွားကြ၏။ ဒီအဖြစ်မှာတော့ ချမ်းသာ ကို ဘယ်သူကမှ အပြစ်မတင်ခဲ့ကြပါ။ သုခ ကို လိမ္မာတဲ့ ကလေးဆိုတာလည်း ချီးမွမ်းလို့ မဆုံးကြ ..။

ဒါပေမယ့် ထိုထဲမှာ ချမ်းသာ မပါခဲ့ပေ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"အဲဒီလောက် အလုပ်လုပ်ချင်တာ .. ရော့ .. မား ..၊ အဲဒီမားနဲ့ ဟိုသစ်ငုတ်ကို ထင်းဖြစ်လာအောင် ခွဲ .. အရေနံလုံးနော် ..၊ အစွန်းအစလေးတွေပဲ ဖွဲ့ထုတ်ရမှာ မဟုတ်ဘူး၊ မင်းကို ရေဘူး ချပေးထားမယ် .. ဘာမှ မကျွေးဘူး၊ ဘယ်မှ မထနဲ့ .."

တစ်ချက်လွှတ်အမိန့်လို့ သတ်မှတ်ပြီး သုခ မထတမ်း လုပ်တော့မှာကို သူ သိသည်။ မိန်းမကိုင် ထင်းခွဲမားမ ခပ်သေးသေးလေး တစ်လက် ပစ်ချပေးလိုက်ပြီး အထဲဝင်ကာ အေးဆေး လှဲနေလိုက်၏။

ကောင်မလေးကိုတော့ မသိမ့် ခေါ်ထုတ်သွားပြီးတည်းက ပြန်ရောက်လာတာ မတွေ့သေးပေ ..။

နေ့လယ်ကကိစ္စကြောင့် အိမ်ပြန်ရောက်တော့လည်း ဒေါ်သက အကောင်းမသေနိုင် ..၊

သုခ ကိုပဲ ပန်းနှစ်ဖက်ကကိုင်ပြီး ဆွဲလှင့်ပစ်မိတော့မတတ် ..၊ ငံနိုး ကို မရဘဲ ...





"မင်းကိုယ်မင်း အကောင် ဘယ်လောက်ကြီးနေပြီ ထင်လို့ စိတ်ကြီးဝင်နေတာလဲ ..၊ ငါ့ကို ဘာမှ မလုပ်မကိုင်တဲ့ကောင်ဆိုတာ မင်းရဲ့ လုပ်အားလေးပြပြီး လူတွေမြင်အောင် ပြချင်တာလား .."

"မဟုတ်ပါဘူး ကိုကြီးရယ် .. သား ကိုကြီးကို ပိုက်ဆံအစ်ချင်လို့ပါ .."

သုခ တရှိုက်ရှိုက်ငိုလျက် နာကျင်နေသည့်ကြားက ရှင်းပြရှာ၏။ ထို့ပြင် ကလေးကို ရိုက်ရလားဆိုပြီး အတင်းဆွဲလွှဲပြီး ဝင်ငိုသည့် ကောင်မလေးကိုပါ ဆွဲဆောင့် တွန်းပစ်မိကာ ....

"မင်းလည်း ပါတယ် .. မင်းတို့နှစ်ယောက်စလုံး တော်တယ်၊ နှစ်ယောက်ပေါင်း ရှာကြရင် အဆင်ပြေနိုင်တယ်ဆိုတော့ သွားကြသွား ..၊ ငါ့ဆီမှာ ခိုလှုံနေဖို့ မလိုဘူး"

သူ့ အော်ထုတ်တော့ ကိုကြီးကျော် တို့ လင်မယားက ပြေးလာပြီး ဖျားလေးကိုလည်း ချော့သည်။ ကောင်မလေးကိုပါ ဆွဲခေါ်သွားကြ၏။

"ကိုကြီး .. နောက်ကို သား ဘာမှ မလုပ်တော့ပါဘူး ..၊ သား လုပ်မိတာ အပြစ်ပေးပါ .. သားကို မောင်းမထုတ်ပါနဲ့နော် .."

သုခ မျက်နှာလေးသည် မျက်ရည်စိုနေတော့ ပို၍ သနားစဖွယ်လေး ဖြစ်နေကာ သူနဲ့သာ နေရမည်ဆိုလျှင် ဘယ်ဘဝမျိုးနဲ့ဖြစ်ဖြစ် နေခွင့်ပေးပါလို့ တောင်းပန်နေသလို ခံစားမိလာခဲ့သည်။

တင်းကျပ်စွာ ရစ်ပတ်မိလာသည့် သံယောဇဉ်နှောင်ကြိုးကြောင့် ချမ်းသာ တဆစ်ဆစ်နာကျင်နေသည့် ကိုယ့်ရင်ထဲကို နားလည်နေမိ၏။

ဒီကောင်လေး အိမ်သာကျင်းတူးသည်လို့ သိလိုက်ရသည့်အချိန်လေးမှာ သူ ဘာဖြစ်သွားမှန်း မသိခဲ့ပေမယ့် ...

"ဟင်!..."

သူ့အိပ်ရာ ညွှတ်ခနဲ ဖြစ်သွားသဖြင့် မှေးထားသည့် မျက်လုံးတွေ ဖွင့်သွားသည်။ အပြင်မှာ သုခ ရဲ့ခုတ်ထစ်နေသံ ပျော့ပျော့လေးကို ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရကာ သူ့ဘေးမှာ ကောင်မလေးက တင်ပါးလွှဲလေး ထိုင်လျက်...

"ကောင်မလေး .."

ချမ်းသာ ချက်ချင်း ငုတ်တုတ်ထထိုင်ပြီးသား ဖြစ်သွားသည်။ မိုးစုပ်စုပ် မချုပ်သေးသော်လည်း မီးထွန်းရမည့်အချိန်မို့ အိမ်ထဲမှာ တော်တော် မှောင်နေပြီ ဖြစ်သည်။

ဒီလိုနေနေကျပေမယ့် ရုတ်တရက် ငေါက်ခနဲ ထထိုင်လိုက်မိကာ ထိုင်လိုက်ကာမှ ပါးကွက်လေးတွေ အဖွေးသားနှင့် ဆံပင်တွေ ဖားလျားဝေနေသည့် မျက်နှာလေးက သူ့မျက်နှာရှေ့မှာ သနပ်ခါးနံ့လေးတွေတောင် သင်းလို့ ..။

"မင်း .. ဘာလာလုပ်တာလဲ"

"မမသိမ့် က ပြန်တော့တဲ့ ..၊ ချမ်း စိတ်ပြေလောက်ပြီတဲ့ ..၊ ရှင်က မပြေသေးဘူးလား"

"ပြေပြေမပြေပြေ .. အခု မင်း ပြန်လာတာမို့လား ..၊ သွား .. မီး သွားဖွင့် .."

"မီးဖွင့်ဖို့က အရေးမကြီးပါဘူး၊ သုခ ကို ရှင် ဘယ်လောက်ကြာအောင် နှိပ်စက်ထားဦးမှာလဲ ..၊ အချိန်လေးဖြစ်ဖြစ် ပြောပါ .."

"ဘာလုပ်မလို့လဲ .."

"ကျွန်မ ဝိုင်းကူလုပ်ပေးမလို့ .."

ကောင်မလေး မျက်ရည်ကျနေပြီကို အသံကြောင့် သူ သိလိုက်သည်။ ရုတ်တရက် ဘယ်လိုဖြစ်သွားမှန်း မသိသည့် ညှဲ့သက်မှုဟာ.. သူ့မပါးပေါ်က သနပ်ခါးပါးကွက်လေးတွေ မျက်ကုန်တော့မှာပဲလို့ တွေးမိလိုက်တဲ့အထိ ..။

"ရှင် မပြောဘူးလား .."

ကောင်မလေးက ထပ်မေးပြီး မျက်နှာကို ပွတ်ဆွဲဂစ်ဖို့ လက်မြှောက်လိုက်၏။ ထိုလက်လေးကို သူ ဖျတ်ခနဲ ဖမ်းဆွဲလိုက်မိကာ...





"မီးဖွင့်လိုက် .. ငါ သွားခေါ်မယ် .."

"ဟင် .. ခေါ်တော့မယ် .."

မျက်ရည်သုတ်ဖို့ မေ့သွားကာ ကောင်မလေးရဲ့လက်က သူ့ပါးနှစ်ဖက်ပေါ် အလျင်စလို ရောက်လာပြီး ...

"ရှင် တကယ် ခေါ်မယ် .. ဟုတ်လား .."

တော်တော်ကို အလိုက်ကမ်းဆိုး မသိပါလား ..၊

ချမ်းသာ မျက်နှာလွှဲပစ်လို့ မရအောင် ဖမ်းကိုင်ထားသည့် သူမလက်ခုံနုနုလေးတစ်ဖက်ကို ဖယ်ချမလို့ ထပ်ကိုင်လိုက်သော်လည်း...

"ကလေးကို ဒီလောက်ဆို တော်ရောပေါ့ဟယ် .. ဟင်!..."

တံခါးဝမှာ မသိမ့် လူရော အသံရော ဘွားခနဲ ပေါ်လာသဖြင့် လူရိပ်တွေလောက်သာ မြင်ရသော မှောင်ရိပ်ထဲက သူတို့ကို ဒီပုံအတိုင်း မြင်သွားကာ ...

"နင်တို့ .. ဟို .. ငါက .. ကလေးကို .. ဟုတ်ပါဘူး .. မီးရောင်မမြင်သေးဘဲ တိတ်နေတာနဲ့ .."

နောက်ထပ် ဘာတွေ ယောင်ယောင်မှားမှား ရေရွတ်သွားမှန်းတော့ မသိ ..။

မသိမ့် ချက်ချင်းပြန်သွားတာ သူ့အတွက် ရလဒ်မကောင်းနိုင်ဘူး ဆိုတာ တွက်မိလိုက်၏။

ဒီလိုရှိနေတုန်းမှ ဒီလို ရောက်လာရသလား..၊ မလိုရာ ရှာတယ်ဆိုတာ .. ဒါမျိုးပဲ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ကဲ .. ကဲ .. ဒီတစ်ခါတော့ မငိုနဲ့တော့ ..၊ သနပ်ခါး ထပ်ထပ် လိမ်းပေးနေရတာ သွေးရတာလည်း လက်ညောင်းနေပြီ၊ ခဏ အလုပ်သွားလုပ်မှာပဲ.. ပြန်လာမှာပဲဥစ္စာ၊ ကောင်မလေးတို့အတွက် စားစရာ.. ဝတ်စရာတွေ သွားဝယ်မှာလေ .."

"အေးလေ .. ဘုရားသွားဖို့ဟာ သွားကြ မြန်မြန် ..၊ တော်ကြာ အပြန် မိုးချုပ်နေဦးမယ် .."

မသိမ့် က သူ့ပဲပြင်ဆင်ပေးပြီး ကောင်မလေးကို အမျိုးမျိုး ကြည့်၍ အားမရနိုင် ..။

"ကြည့်စမ်း ကိုကျော် .. ကောင်မလေးက လှလိုက်တာ ..၊ ချမ်း နဲ့ဆို ဘယ်လောက် လိုက်ဖက်လဲ ..၊ ရှူးနေတာလေးပဲ ဆိုးတာနော်"

"အင်း .."

ကိုကြီးကျော် က ခြံထဲက ထွက်သွားသည့် ကောင်မလေးကို ကြည့်၍ 'အင်း ..'သံရှည်ကြီး ဆွဲလျက် ...

"ချမ်း ကလည်း အဲဒါကြောင့်ပဲ ကောင်မလေးကို ဘယ်တော့မှ မှန်းမှာ မဟုတ်ဘူး"





"ဒါတော့ ရှင့်လူက ကြီးကျယ်တာပဲ ..၊ ကောင်မလေးက သန့်သန့်ချောချောလေးပါ၊ ရောက်စတုန်းကလိုလည်း အရူးမှန်း သိပ်မသိသာတော့ဘူး၊ လင်ရယ် မယားရယ် အိမ်ထောင်ရေးဆိုတာတွေကို တဖြည်းဖြည်း နားဝင်အောင် ပြောပြလိုက်ရင် အိမ်ထောင်ကျသွားတာနဲ့ ပိုပြီး တည်ငြိမ်သွားဦးမှာ .. အဲဒါ လုံးဝ သေချာတယ် .."

"ချမ်း က ရူးလို့ ခွဲခြားတာ မဟုတ်ဘူးကွ ..၊ သူ့ကိုယ်သူတောင် မသိတဲ့ မိန်းကလေးတစ်ယောက်ကို လိမ်ညာပေါင်းသင်းသလို မလုပ်ချင်တာ..၊ သူ့စိတ်ဓာတ်ကို ငါ အားလုံး နားလည်တယ်၊ ဒါ ဟုတ်လည်း ဟုတ်တယ်လေ ..၊ မင်းပဲ စဉ်းစားကြည့် .. ကောင်မလေးရဲ့ နောက်ကြောင်းကို ငါတို့မှ မသိရတာ၊ ဒီနေ့ မနက်ဖြန် ပေါ်သွားမလား ..၊ ဒါမှမဟုတ် တစ်သက်လုံးပဲ ဒီတိုင်း သွားတော့မလား .."

"ဘာမှ ပေါ်စရာအကြောင်း မရှိဘူး ..၊ ပေါ်သွားလည်း ရေမျောကမ်းတင်ဆိုတဲ့ဘဝကနေ ချမ်း က သစ္စာရှိရှိ ကယ်တင်ထားတာ၊ သူများ ပိုင်းစော်ကားလို့ ဘဝပျက်မှာထက် ဒီက သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်း လုပ်ကျွေးမယ့်သူ .."

"ပေါ်စရာအကြောင်း မရှိဘူးလို့တော့ မင်း မပြောနဲ့လေ၊ ရောက်လာစရာအကြောင်း မရှိဘဲနဲ့တောင် ရောက်လာသေးတာ .."

"ကျွန်မကတော့ နှစ်ယောက်စလုံးကို စေတနာရှိတယ်၊ အစက ချမ်း ကို ကြည့်မရခဲ့တာတောင် ကောင်မလေးတို့အပေါ် သိက္ခာရှိရှိ စောင့်ရှောက်ထားတာ မြင်တော့ လေးစားသွားတယ်..၊ ကောင်မလေးကိုလည်း သူများ ထင်သလို လေလွင့်ပျက်စီးနေတဲ့ အရူးမလေးလို့ ကျွန်မတော့ မထင်ပေါင် .."

ဖြစ်ရပြန်ပြီ ..၊ စောစောကပဲ 'ရေမျောကမ်းတင်'လို့ ပြောလိုက်တာ ဘယ်သူလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ကိုကြီး .. မမက လှတယ်နော် .."

"အဟွန်း .."

သူ ပြုံးတာလိုလိုနှင့် မဲ့လိုက်ပြီး ဖိနပ် ငုံ့ချွတ်လိုက်သည်။ ထိုအခါ ဘေးမှာရပ်နေသည့် ကတ္တီပါသဲကြိုးလေးနှင့် ဖြူနုတင်းပြည့်နေသော ခြေချောင်းသွယ်သွယ်လေးတွေကို ငဲ့ကြည့်လိုက်မိသည်။

ခြေချောင်းကြားလေးတွေ .. ခြေဖဝါးစောင်းတွေမှာ သွေးခြည်ဥသလို နီရဲနေသည့် ခြေအစုံကြောင့် သူ မျက်လုံးတွေ ချက်ချင်း မလွှဲဖြစ် ..။

ပြီးတော့ ခြေမျက်စိအထက်မှာ ဖုံးနေသော နက်ပြာရောင် ပိုးပျော့ထဘီ၏ အနားစ ..၊

ကိုယ်ကို မတ်မတ်ပြန်ရပ်ပြီး ကောင်မလေးကို ပြန်ငဲ့ကြည့်မိ၏။ အနီရောင် ချိတ်ပွင့်လေးတွေပါသော နက်ပြာပိုးပျော့ဝတ်စုံက သူမကိုယ်ပေါ်မှာ နည်းနည်းပွသလို ရှိပေမယ့် လှနေသည်။





ဆံပင်တွေကို ကျောထက်မှာ ဖြန့်ချထားလျက် ဘီးကုပ်လှလှလေးနဲ့ နဖူးလေးကနေ သိမ်းတင်ထား၏။ ပြီးတော့ ပွတ်တံလေးနဲ့ ခြစ်ထားသည့် ပါးကွက်လေးနှစ်ဖက်က မှုန်ညက်ညက် ပါးမို့လေးပေါ်မှာ ..၊

"ကောင်မလေး ဖိနပ်ချွတ်လေ .."

"ဟင်!..."

လိုက်ငေးနေသည့်သူမက ပြောလိုက်ကာမှ ခေါင်းလေးညိတ်၏။

"မမ ဖိနပ်ရော ပေး .. သား ကိုင်ခဲ့မယ်"

သုခ က ဖိနပ်တွေကို စုကိုင်ကာ ရှေ့ကနေ ပြေးဝင်သွား၏။ ရွှေစေတီကို ရှစ်မျက်နှာဘုရားနှင့် ရံ၍ တည်ထားသည်မို့ ရင်ပြင်ကို တစ်ပတ်ပတ်ပြီးတာနှင့် သွားစရာက သိပ်မရှိတော့ပေ ..။

ရွာမှာ ဘုရားပွဲလုပ်သည့် 'ခြေတော်ရာ' စေတီကြီးမှာပဲ လူတွေများတတ်ကာ ဒီစေတီမှာတော့ အမြဲတမ်း လူရှင်းနေတာပဲ ဖြစ်သည်။

သရက်ခြံကြီးတွေအလယ်မှာ တောလမ်းလို ဖြစ်နေသောကြောင့် တရားထိုင် ပုတီးစိပ်ကြသည့် လူကြီးပိုင်းတွေပဲ လာတာ များ၏။

"ကိုကြီး .. သား ဟိုဘက်မှာ ကြာကန်ဟောင်းကြီးတွေ့လို့ သွားကြည့်မယ်နော်"

ငှက်တွေ အရွယ်စုံ ရောင်စုံ ဆူညံ ပျံသန်းနေတည်းက သုခ လက်ယားနေပြီမှန်း သူ သိသည်။

"လေးခွသာရှိရင် အဲဒီငှက် သား ထိအောင် ပစ်နိုင်တယ်"လို့ မစားရ ဝခမန်း ပြောတတ်တာတွေ ခဏ ခဏ ..။

"ချမ်း .. ကျွန်မတို့လည်း သွားကြည့်ရအောင် .."

"မသွားနဲ့ .."

ကောင်မလေး လက်ကို သူ ဆုပ်ကိုင်ထားလိုက်ကာ ...

"စုးတတ်တဲ့ ပန်းပွင့်ခြောက်တွေ လမ်းပေါ်မှာ ကြွေကျသားတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် .. စူးလိမ့်မယ်''

ကောင်မလေးက လက်ကို ပြန်ရုန်းလိုက်ကာ ...

''မကိုင်ပါနဲ့ .. ရှင်နဲ့ မခေါ်ဘဲနဲ့ ..''

ခရီးသွားဖို့ သေချာသွားတာကို ကောင်မလေးက မမေ့မပျောက် မှတ်ထား၏။ ပြီးတော့ လှေကားထစ်လေးတွေကနေ ပြန်ဆင်းကာ သရက်ပင်ကြီးတစ်ပင်အောက်မှာ လက်ပိုက်လေး သွားရပ်နေ၏။

ဘုရားဖူးတာတောင် သူ့အေးမှာ မထိုင်ဘဲ သူ ထိုင်လိုက်မှ ဟို ဘက်တိုးထိုင်ပြီး စိတ်ကောက်သည်။ အမှတ်တမဲ့ဆို သူမပဲ စကား လာပြောတတ်ကာ သတိရသွားတိုင်း စိတ်ကောက်၏။

''ကောင်မလေး ..''

''ဟင်!...''

ပြန်းခနဲ ခေါ်လိုက်တော့ နူးနူးညံ့ညံ့လေး လှည့်ကြည့်၏။ ပြီးမှ--

''ဘာလဲ ..''

ဆိုသည့် ငေါက်ဆတ်ဆတ်သံ ပြန်ဖြစ်သွားသည်။ ချမ်းသာ နှုတ်ခမ်းတွေ တွန့်သွား၏။

သူမကို မကြာခဏ သနပ်ခါးလိမ်းပေးတတ်သည့် မသိမ့် ၏ လက်ရာက ဒီနေ့ ပို၍ အရောင်ထွက်နေတာလား ...၊

ဒါမှမဟုတ် သူ့စိတ်တွေ ညှံ့သက်နေတာက သူမကို ပိုလှနေ သည်လို့ ထင်နေတာလား ...၊

ဘာကြောင့်မှန်း မသိပေမယ့် နက်ပြာရောင်ဝတ်စုံလေးနဲ့ ကောင်မလေးက လှနေ၏။ သူ ကြည့်နေတုန်း သူမက ဖျတ်ခနဲ လှည့် လာကာ ...

''ရှင် ပြန်လာမယ်ဆိုတာ တကယ်လား ..''

''အင်း ..''

''မဟုတ်ဘူး .. ရှင် ညာတာ၊ ခုတောင်မှ ကျွန်မတို့ကို ရှင် နှင်





ချည်းပဲ နှင်နေတာ ..''

''အင်း .. နှင်လွှတ်နေတာတောင် သွားမယ့်သူက မသွားတော့ အားနာတာနဲ့ နောက်ဆို နှင်မလွှတ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်''

''တကယ်နော် ..''

''အင်း ..''

ကောင်မလေး မျက်နှာလေး ပြုံးသွားသည်။ ပြီးတော့ သူ့ဘက်ကို ဈေ့ခနဲ ပြန်ကပ်ထိုင်၍ ...

''ရှင့်နောက်ကို ကျွန်မတို့ကို ခေါ်သွားပါလားဟင် ..''

''အဆင်ပြေရင် ခေါ်မယ် ...၊ ဟိုမှာက ဘာလုပ်ဖို့၊ ဘယ်မှာနေဖို့ ဘာမှ မသေချာသေးဘူး၊ ဒီမှာ မင်းကို ငါ ပြောမယ် ကောင်မလေး..''

''ဟင် ..''

''မင်း ငါ သွားလေရာ တကောက်ကောက် လိုက်ချင်နေတာ .. ခုလို အချိန်မှာပဲ ပြော ...၊ လူတွေရှေ့မှာ မပြောရဘူး''

''ဘယ်မှာ ပြောလို့လဲ ..''

''အင်း .. နောက်ပြီး ..''

ပါးကွက်လေးတွေ ဖေးတင်နေသည့် ပါးပြင်နုနုသည် သူ့မျက်နှာ မှာ မော့မော့ငေးနေသဖြင့် ပြောဖို့ စကားတွေလည်း ဘယ်ရောက်ကုန် မှန်း မသိ ...။

သူ ဘာတွေဖြစ်နေတာလဲ ...၊ စကားစလည်း ပြတ်ကာ ဆံပင် တစ်ချက်သပ်ရင်း မျက်နှာလွှဲပစ်၏။ ကောင်မလေး ပါးလေးတွေပေါ် မှာ ပါးကွက်လေးတွေ ရောက်လာကာမှ သူ့စိတ်တွေ ကသောင်း ကနင်းဖြစ်ရတာ ခဏ ခဏ ...။

ဒီပုံစံအတိုင်းဆို ကောင်မလေးနဲ့ သူ တစ်အိမ်တည်း အတူကြာ ကြာနေလို့ ဖြစ်ပါ့မလား ...။

မသိမ့် ကိုယ်တိုင် ဒီလိုတွေဖြစ်လာအောင် ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ထိမ်းပြီး ပြင်ဆင်ပေးနေတာဆိုလျှင် ကြာရှည်မှာ သူမရဲ့အလှအပတွေကို ဥပေက္ခာထားနိုင်ဖို့ သူ့ဘက်က လွယ်မည်မထင် ..။

"ချမ်း .."

"ဟင် .."

သူ့ပခုံးကို ဆွဲလှည့်ကာ ကောင်မလေးက မျက်လုံးချင်းဆုံအောင် လိုက်ကြည့်ကာ ...

"ပြောလေ .. နောက် ဘာမလုပ်ရဘူးလဲ .."

မျက်ဝန်းညိုလေးတွေနဲ့ မျက်တောင်ဖျားလေးတွေကအစ တစ်ဝင်ချင်း သူ မြင်နေရသည်။ ပါးကွက်ရေးရေးအောက်က နီမြူမြူ ပါးပြင်လေးကိုပါ သူ့မျက်လုံးတွေ ကျော်လွှားရောက်၏။

ထိုစဉ် သုတ်ခနဲ မြူးသွားသည့် လေနုအေးမှာ ကောင်မလေးရဲ့ ဆံစလေးတွေ သူ့ဘက်ကို မျှောလွင့်လာကာ လက်မောင်းကို ရိုက်ပုတ်ကျီစယ်ပြီးမှ တနွဲ့နွဲ့ ပြန်ခိုချသည်။ လက်မောင်းအကျီပေါ်မှာ တင်ကျန်ရစ်သော ဆံစတချို့တလေကို သူ ငုံ့ကြည့်သည်။ ပြီးတော့ မျက်ဝန်းလေးတွေကို ပြန်ငေးမိ၏။ ထိုစဉ် ...

"အ!.."

တစ်ခုခုကို အာရုံစိုက်မိပြီဆို မျက်တောင်မခတ်တမ်း ငေးတတ်သည့် ကောင်မလေးမျက်ဝန်းလေးတွေ ဖျတ်ခနဲ ပိတ်ကျသွား၏။

"အား .. နာလိုက်တာ"

"ဘာဖြစ်သွားတာလဲ .."

"မသိဘူး .. လေ .. လေတိုက်လိုက်တာ ဖုန်ဝင်တာလား ..၊ သနပ်ခါးလား မသိဘူး၊ နာတယ် .. လုပ်ပါဦး .."

မော့ပေးလာသည့် မျက်ဝန်းတို့က ဖိပိတ်ထားလျက် မျက်တောင်များတို့မှ မျက်ရည်စတို့ စိုစွတ်နေ၏။ ပြီးတော့ တုန်ယင် နေရဲသော နှုတ်ခမ်းလွှာလေး တစ်စုံ ..။





"ချမ်း .. ကြည့်ပေးပါဆို .. နာနေပြီ .."

"အင်း .. ကိုယ် ကြည့်ပေးမယ် .. မျက်လုံးတွေ မဖွင့်နဲ့နော်.."

မျက်လုံးတွေ ဖွင့်လိုက် ဆိုပြီး လေနဲ့မှုတ်လိုက်ရမှာမျိုးပေမယ့် သူမရဲ့မျက်နှာလေးကို သူ့လက်ဖဝါးနှစ်ဖက်ထဲမှာ နူးညံ့စွာ မော့ကိုင်ထားလိုက်ရင်း ...

"ဟင်!..."

ကောင်မလေး တုန်ခနဲ ဖြစ်သွားသည်။ အလန့်တကြား ရုန်းလိုက်ကာ သူမ တစ်ကိုယ်လုံးသည် ချမ်းသာ ရင်ခွင်ထဲမှာ တင်းကျပ်မြုပ်ကွယ်သွားလျက် ..၊

မျက်လုံးထဲမှာ ပြိုးပြက်လက်ကုန်သည်။ တစ်ကိုယ်လုံး ကျင်ခဲတုန်ခါသွားတာ ဘာဖြစ်မှန်းလည်း မသိ ..၊

သူမ ပြောပြနိုင်တာ တစ်ခုက ..၊

နေရောင်လင်းနေသေးသော ညနေခင်းမှာ မိုးကြိုးဆယ်စင်း တစ်ပြိုင်တည်း ပစ်ခွင်းသွားခဲ့ခြင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အဲဒါဆိုရင် အဆင်ပြေမှာ မဟုတ်ဘူး .. အဘွား .."

"ဟင် .."

သက်တော်စောင့်အလုပ်ကို လုပ်ဖို့ သူ ဘယ်တုန်းကမှ စိတ်ကူးထဲမှာ ရှိခဲ့ဖူးတာ မဟုတ် ..၊ အထူးသဖြင့် သူဌေးဆိုသူတို့ရဲ့ လက်ညှိုးထိုး စေခိုင်းတာကို အမုန်းဆုံး ..။

အသက်ပေး၍လည်း စောင့်ရှောက်ရဦးမည်။ သူတို့ကို ကိုယ်က ပြန်ပြီး ဘုရားထူးရဦးမည့်အဖြစ် ..။

ဒေါ်သစ္စာ မျက်နှာ ချက်ချင်း အိုကျသွားလျက် ...

"မောင်ခန့် .."

"ရှိပါတယ် .. မမကြီး .."

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ပြောပါဦး ..၊ ငါ ဘယ်လိုပုံစံ ဖြစ်စေချင်တယ်ဆိုတာ မင်း သိတယ်မို့လား .."

"ဟုတ်ကဲ့ .."





မောင်ခန့် ဆိုသည့် အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်လောက် လူကြီးက လေးထောင့်ကျကျ မဟာနဖူးနှင့် ဆံစပ်တို့မှာ ဆံပင်ဖြူတချို့ကို မြင်နေရသည်မှလွဲ၍ တည်ကြည် ခံ့ညားသော ရုပ်သွင် ရှိလေသည်။

ထိုလူကြီး၏ မျက်လုံးစူးစူးတွေက သူ့မျက်လုံးတွေပေါ်မှာ စူးစိုက်လာကာ ...

"ဒီထိရောက်အောင် လာတယ်ဆိုတည်းက မောင်ရင် ဒီမှာ အလုပ်လုပ်ဖို့ စိတ်ကူးတော့ ရှိခဲ့မှာပါ၊ အဲဒီတော့ မင်း စိတ်ကူးလာတာကို ပြောပြပါလား ..၊ ဘော်ဒီဂတ်ဒ် မလုပ်ချင်ပေမယ့် မင်း လုပ်နိုင်တာ တစ်ခုခု .."

"မရှိခဲ့ဘူး အန်ကယ်လ် .. အဘွား ခေါ်လို့ လာတာပါ၊ ဘာလုပ်ရမှာလဲဆိုတာ သိချင်စိတ် ရှိပေမယ့် .."

"ဒါဖြင့် မင်းကားလည်း မောင်းတတ်တယ်ဆိုတော့ ဒရိုင်ဘာ အလုပ် ဆိုရင်ရော .."

"ကားမောင်းတတ်တာလည်း မြို့ကြီးပေါ်မှာဆိုရင် .."

"မောင်ချမ်းသာ ကို အန်ကယ်လ် ပြောပါရစေ"

သူ စကားမဆုံးခင် ဦးခန့် က ဖြတ်ပြောလိုက်တော့ ဘာကိုမှန်းမသိဘဲ ဒေါ်သစ္စာ က ခေါင်းညိတ်နေ၏။

"ငါတို့ရဲ့ သူဌေးကိုယ်တိုင်က ဒီလိုရည်ရွယ်ချက်ရှိနေတဲ့အတွက် အန်ကယ်လ်တို့လည်း မင်းအကြောင်းကို ထိုက်သင့်သလောက် သိထားပြီးပြီမို့လို့ သူဌေးရဲ့စိတ်ချမ်းသာမှုအတွက် မင်းကို ဒီမှာ လုပ်စေချင်တာ .."

"ကျွန်တော်က လူကောင်းတစ်ယောက်တော့ မဟုတ်ဘူးဆိုတာ.."

"လူဆိုးမဟုတ်တဲ့အတွက် အန်ကယ်လ်တို့က စဉ်းစားမိတာ..၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မင်းကို သိသင့်တဲ့ အိမ်တွင်းရေးတချို့လည်း ပြောပြချင်တယ်၊ ဒါတွေ သိပြီးရင်တော့ မင်း စိတ်ဝင်စားကောင်း ဝင်စားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေ ဘယ်လိုနေရာမှာ စိတ်ဝင်စားနိုင်မလဲဆိုတာ အန်ကယ်လ် တွေးမိထားလို့ပါ ..၊ မင်းက ငါတို့ မြေးမလေးရဲ့ ကိုယ်ရံတော် မလုပ်နိုင်ဘူးလို့ ငြင်းတယ်၊ ဒရိုင်ဘာနေရာမှာလည်း မင်းအတွက် အတွေ့အကြုံ လိုဦးမယ်၊ ဒါပေမယ့် လောလောဆယ် မင်းကို အဲဒီနှစ်ရပ်ထဲက ဘယ်မှာမှ နေရာချထားမပေးသေးဘဲ ဒီအိမ်ပေါ်မှာ နေခွင့်ပေးမယ် ..''

''ကျွန်တော်က နေစရာရှာနေတဲ့သူ မဟုတ်ဘူးဆိုတာတော့ အန်ကယ်လ် သိမှာပါ''

ဦးခန့် က ခံ့ညားစွာ ပြုံးသည်။ ပြီးတော့ ပန်းခြံကြီးတစ်ခုလုံးကို စိတ်ဝင်စားတာလည်း မဟုတ်ဘဲ တစ်ပတ် ဝေ့ကြည့်၏။

''ပြောပြတာပါ ..၊ ဘယ်သူ့အကြောင်းပဲဖြစ်ဖြစ် ကျွန်တော် သိချင်တာက ကျွန်တော် ဘာလုပ်ရမလဲဆိုတာပဲ ..၊ 'မည်းမည်းရှောင်.. ပြောင်ပြောင်နင်း'တော့ ရေပြင်ကို မြေပြင်ထင်ပြီး ဖွက်နင်းမိမယ်၊ မြွေကို သစ်ကိုင်းခြောက်ထင်ပြီး ကိုင်လိုက်ရင်လည်း မြွေကိုက်ခံရမှာပဲ၊ ဘာပဲဖြစ်ဖြစ် သေချာမှုရှိဖို့ လိုတယ်၊ ကျွန်တော် ထင်ကြေးနဲ့တော့ ဘာမှမလုပ်ဘူး ..''

''မင်း မဆိုးဘူး လူချမ်းသာ .. အဲဒါဟာ မင်း တကယ် ချမ်းသာတဲ့ ပင်ကိုသေချာတတ်တဲ့ ဗီဇပဲ၊ မင်း ဒီလိုပြောလို့ အန်ကယ်လ် စိတ်မဆိုးပါဘူး၊ အဲဒီတော့ မင်း လုပ်ရမယ့်အလုပ်နဲ့ ပတ်သက်တဲ့အတွက် ပြောသင့်တာတွေ ပြောပြမယ်၊ တစ်ခုရှိတာက ပြောပြလိုက်ရတဲ့အတွက် မင်း ခေါင်းခါ လှည့်ပြန်သွားလို့တော့ မရဘူး''

မျက်လုံးချင်း ဆုံသွားကြသည်။ ဦးခန့် က မလွှဲသလို သူ ဘာမှ မပြောဘဲ ပြန်ကြည့်နေမိ၏။





တိတ်ကျသွားတာကို ဒေါ်သစ္စာ က သတိထားမိသွားသဖြင့် ချောင်းတစ်ချက် ဟန့်၍ ...

''လူလေး မှတ်ထားပေးပါ၊ ဟောဒီ 'ဒဏ္ဍာရီ' အဲ .. 'အရဏ်နီ' စံအိမ်ကြီးမှာ ရှုပ်ထွေးတဲ့ အတွင်းရေးတစ်ခု ရှိတယ်၊ အဲဒီ အရေးကိစ္စမှာ ..''

''မမကြီး အဲဒါတွေ ကျွန်တော် သူ့ကို အပြင်တစ်နေရာမှာ ပြောပြပါ့မယ်၊ ဒီမှာ ..''

''ငါပဲ ပြောမယ် မောင်ခန့် ..၊ သူ့အဖြေကို ငါ အခုပဲ လိုချင်တယ် ..''

ဒေါ်သစ္စာသို့ ပါလာတိုင်း သူ့ရဲ့ ခံစားချက်တွေက နားဝင် လက်ခံဖို့ အဆင်သင့် ဖြစ်နေသည်လား .. ဒါမှမဟုတ် စတင် ပြောဆိုဖူးကြစဉ်တည်းက ရင်းနှီးခင်မင်ခဲ့မိသည့် မသိစိတ်က ညွှန်ကြားချက် တစ်မျိုးလား ..။

ဒေါ်သစ္စာသို့ ကိုတော့ တတ်နိုင်သမျှ နားလည်ဖို့သာ ကြိုးစားချင်မိသည့်စိတ်ဖြင့် ပြောလာမှာကို နားစွင့်ထားမိသည်။

''ဆင်းရဲခြင်းကို လူတိုင်း ကြောက်ရွံ့တတ်ပေမယ့် ချမ်းသာခြင်းကလည်း ဘယ်လောက်ထိ ကြောက်စရာကောင်းသလဲဆိုတာတော့ လူတိုင်း မသိကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆင်းရဲမှာကြောက်ရင် ချမ်းသာအောင် ကြိုးစားခွင့် ရှိတယ်၊ ချမ်းသာလွန်းလို့ ကြောက်ရွံ့ပြီး စည်းစိမ်ဥစ္စာကို စွန့်ပြေးပါလားဆိုတော့ စွန့်မှ မစွန့်နိုင်တာကိုး၊ ဒီစံအိမ်ကြီးထဲမှာ ဒီလိုကိစ္စတွေ ရှိနေတယ်ဆိုရင် လူလေး နည်းနည်းတော့ စာနာစိတ်လေး ဝင်လာမှာပါ၊ မင်းကို အဘွား စပြီး စကားပြောလိုက်တည်းက မမြင်ရတဲ့အသိစိတ်ထဲမှာ မင်းရဲ့စိတ်ဓာတ်ကို အားမိခဲ့တယ်၊ သမီးကြီးရဲ့ ပစ္စည်းတွေကို သယ်ဆောင်လာတဲ့အဖြစ်ကြောင့် သမီးကြီးကိုယ်တိုင် လက်ဆွဲပို့လိုက်တဲ့ ယုံကြည်ရကဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို့ပဲ သတ်မှတ်ရဲခဲ့တယ် ..''

ဖြစ်နိုင်ပေမယ့် သိပ်တော့ နားမလည်နိုင်ပေ။ ဒီလောက် ကွာခြားနေတဲ့ အနိမ့်ဆုံးက လူတစ်ယောက်ကိုမှ ယုံကြည်ပါသည်ဆိုပြီး သာပါ နေပါလို့ ခယစွာ တောင်းဆိုနေကြသည်။

သူတို့ ယုံကြည်နေသလောက် သူကရော အဲဒီလို ဟုတ်ရဲ့လား..၊ ကိုယ့်ကိုယ်ကိုယ် မယုံမရဲတောင် ဖြစ်မိပါ၏။

''ဒီစံအိမ်ရဲ့ အရှင်သခင် အကြီးအကဲက အဘွားပါ၊ ဒါပေမယ့် အဘွားက မျက်မမြင်ဘဝကို ရောက်နေတယ်၊ အဘွားဘက်မှာ ယုံကြည်အားကိုးရဆုံးလူဆိုလို့ မောင်ခန့် တစ်ယောက်ပဲ ရှိတော့တာ၊ သူ့ကိုလည်း တခြားလုပ်ငန်းကိစ္စတွေမှာ မျက်ခြည်မပြတ်အောင် ကြည့်ရှုနေရတယ်လေ၊ အဲဒီမှာ အဘွားတို့ရဲ့ လိုအပ်ချက်က မင်းလို လူငယ်တစ်ယောက် ရှိထားဖို့ပဲ၊ စိတ်ရဲ့ခံစားချက်ကို အားကိုးပြီး မင်းကို ယုံကြည်ချင်တယ်၊ ယုံကြည်ရမယ်လို့လည်း အဘွား မျှော်လင့်ပါတယ် ..''

''မင်းရဲ့ ညီမနဲ့ညီ ဆိုတာလည်း မင်းတို့အားလုံးအတွက် နေရေးထိုင်ရေး လိုအပ်သလို စီစဉ်ပေးမယ်''

ဦးခန့် က ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ပြောနေလျက် ...

''ဒီမှာ မင်း လုပ်တဲ့အတွက် လစာဆိုတာ မဟုတ်ဘူး၊ မင်းနဲ့ ကလေးတွေအတွက် ပြည့်စုံ ပိုလျှံနေရမယ်၊ လိုအပ်တာက သိုသိပ်ဖို့ပဲ၊ မင်းက အန်ကယ့်လိတ်တူတော်တဲ့ ကောင်လေးအနေနဲ့ ရောက်လာပြီး လိုအပ်သလို ကူညီ လုပ်ကိုင်ပေးတာမျိုးပေါ့၊ နောက်တစ်ခုက မမကြီးရဲ့ သားအငယ်ဆုံး သက်ထွန်း၊ သမီး ရီလေး က သူ့ကို လေးလေးထွန်းလို့ ခေါ်တယ်၊ မင်းကို မလိုလားဆုံးက သူပဲ ဖြစ်မှာဆိုတော့ .. မင်း သူ့ကို သည်းခံနိုင်ရမယ် ..''

''သူက လူငယ်လား''





''မဟုတ်ပါဘူး .. အသက် လေးဆယ်ကျော်ပဲ၊ ဒါပေမယ့် သုံးဆယ်ကျော်လို့ပဲ ထင်ရလောက်အောင် နုတယ် .. ချောတယ်၊ သူ့အကြောင်းလည်း မင်းကို အန်ကယ်လ် ပြောပြဦးမယ်၊ ဒီအိမ်သားတွေတောင်မှ မသိကြတဲ့ လျှို့ဝှက်ချက်ပေါ့''

သူ နားစွင့်နေတာကို စိုက်ကြည့်ပြီးမှ ဦးခန့် က ဆက်ပြော၏။

''သူက မမကြီးရဲ့ သားအရင်း မဟုတ်ဘူး ..''

''ဟင်!...''

''အသက်ငယ်ငယ်တည်းက အိမ်မှာ အဝင်အထွက် ရှိပေမယ့် ဒီမှာ လုံးလုံးလျားလျား ပြောင်းရောက်လာတာကတော့ သူ့ဒွေးကြီး မဆုံးခင်လေးကမှပါ''

ရှုပ်ယှက်ခတ်လို့ပါလား ...၊

သူ ဒီစံအိမ်ကြီးရဲ့ အရှုပ်ထုပ်ထဲကို ဝင်သင့်သလား .. မဝင်သင့်ဘူးလား ...။

အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို ဆုပ်ကိုင်ထားရမှာမျိုးနဲ့ မလုပ်သင့်သော်လည်း ပါဝင်ကူညီဖို့တော့ ဆုံးဖြတ်သင့်သည်ဆိုလျှင် ...၊

'အရှုဏ်နီ'ကို သူ နောက်ထပ် ရောက်လာဖို့တော့ ရှိနေပြီ ...။



www.burmeseclassic.com

## အခန်း (၁၉)

"ဘာ!... ဘာပြောတယ် ...၊ မင်းက ဦးခန့် ရဲ့တူဝမ်းကွဲ .. ဟုတ်လား .."

သူ ဘာမှ ပြန်မဖြေမီ မိန်းကလေးနှစ်ယောက်ရဲလျက် ခေါ်သစ္စာညို အပြင်ကို လျှောက်ထွက်လာကာ ...

"ဟုတ်တယ် သား ...၊ မောင်ခန့် ခမျာလည်း မေမေ ခိုင်းသမျှ ပြေးလွှားနေရတာ မနားရရှာဘူး၊ ကောင်လေးမှာလည်း ရန်ကုန်မှာ အခက်အခဲဖြစ်နေတယ်ဆိုလို့ မေမေ ခေါ်ခိုင်းလိုက်တာ .."

"အဲဒီလောက် လွယ်လွယ်လေးလား အမေ .."

မျက်နှာကို တည့်တည့်ကြည့်၍ မလိုလားတာတွေ လက်သုံးထိုးပြောနေတော့ တနံ့နံ့ မာနစိတ်က အင်အားရှိသမျှ ရုန်းကြွဖို့ ကြိုးစားနေကြ၏။

ဒါပေမယ့် ပြောပြမှာ ကြားထားတာတွေကို သတိချပ်၍ ချမ်းသာ မျက်နှာလွှဲပစ်သည်။





ဦးသက်ထွန်း က သူ့ကိုပဲ မကျေမနပ် စိုက်ကြည့်နေဆဲနှင့်...

"အခု သူက ဒီမှာ ဘာလုပ်မှာလဲ .."

"လောလောဆယ်တော့ မောင်ခန့် လိုအပ်တဲ့နေရာမှာ ခိုင်းလိမ့်မယ်၊ မြို့ပေါ်မှာ သူ သွားရေးလာရေး အဆင်ပြေသွားမှပဲ ဒရိုင်ဘာ အလုပ် ပေးမလားလို့ .."

"အိမ်မှာ ကားတွေ ပုံနေတိုင်း ဒရိုင်ဘာ မလိုဘူး အမေ..၊ အပြင်ထွက်တဲ့လူက တစ်ယောက်ပဲ ရှိတယ်၊ ကားက ငါးစီးတောင် ..၊ ဒရိုင်ဘာ ငါးယောက် အမေက ခန့်မှာလား .."

"မင်း မေမေ့ကို ကလေးဆိုသလို ပြောဆိုနေတာ ဆင်ခြင်ဦးသား ..၊ မင်းက စီးပွားရေးတွေ လုပ်နေရသလို မေမေက အိမ်မှာဦးစီးခဲ့တာ၊ ကိုယ့်အိမ်မှာ ဘာလိုအပ်သလဲဆိုတာ မေမေ သိတယ်"

"အဲဒါ ဟိုတုန်းကလေ ..၊ အခု အမေက လူကောင်းမှ မဟုတ်တာ .. ကျွန်တော်က မလေးမစား ပြောနေတာလည်း မဟုတ်ဘူး၊ အမေ့ကို အေးအေး အနားယူနေစေချင်တာ .."

"မနားလို့ မရတဲ့အတွက် မျက်လုံးတွေကိုတော့ အနားပေးထားရတယ်၊ ဒါပေမယ့် မေမေ့ ကျန်းမာရေး အကောင်းကြီး ရှိသေးတာ၊ မင်းအစ်မတွေလည်း တစ်ယောက်မှ မရှိတော့ဘူး .."

"ကျွန်တော့်ကိုတော့ အမေက သား ရှိနေသေးတယ်လို့ မမှတ်ဘူးလား .."

ဦးသက်ထွန်း က ကောက်ခနဲ မေးသည်။ ဆိုဖာတွေနားမှာ ရပ်နေပြီး အစတည်းက မထိုင်သေးသည့် ကိုယ်ကို ဆိုဖာကျောမှီမှာ လက်ထောက် ငံ့၍ ...

"ကျွန်တော် သိပါတယ် .. မမ ဆုံးသွားတည်းက အမေ့ရောဂါ ကြီးပြတ် ဖြစ်သွားခဲ့တာ၊ ရီလေး ပြန်ရောက်လာတော့ လူကောင်း ပကတိ ဖြစ်သွားတယ်"

www.burmeseclassic.com



"အဲဒါတွေ ဟုတ်ပေမယ့် မင်း ထင်သလိုတော့ မဟုတ်သေးဘူး သား ..၊ သားနဲ့သမီးဆိုတာ သမီးက မိခင်အတွက် တိုးတိုးဖော် ..၊ သားကတော့ အပြင်လူ၊ ဒါက အမြဲတမ်း အမှန်တရားပဲလေ .."

ဦးသက်ထွန်း ၏ မဲ့ပြုံးမျက်နှာကို ဒေါ်သစ္စာညို မမြင်ပေမယ့် ချမ်းသာ က သေချာ မြင်နေခဲ့၏။ နံဘေးမှာ ယှဉ်လျှက် တို့နှစ်ယောက် လည်း ရှိနေသေးတာတောင် အေးစက်စက်ထန်သည့် အရိပ်ငွေ့တွေကို မျက်နှာပေါ်က ချရမှန်း မသိ ..။

ထို့ကြောင့် ဒီပြောင်းလာတဲ့ညက ဦးခန့် ပြောခဲ့တာကို အမှန်ပဲ ဆိုတာ တွေးမိလိုက်၏။

"ဒီမှာ အလုပ်သမားတွေကအစ သက်ထွန်း က သူကိုယ်တိုင် စိတ်ကြိုက် ဖြုတ်ထုတ် ပြောင်းလဲပစ်တာ၊ လစာတွေ မတန်တဆ ပေးထားတော့ သူတို့တွေက မလိုအပ်ရင် စက်ရုပ်တွေလိုပဲ သူတို့ဆီက အတွင်းစကား ကြားခွင့်ရှိတာလည်း သက်ထွန်း ပဲ၊ သူတို့ အားလုံးကို ပါးစပ်မဖွင့်ဖို့ အမိန့်ပေးနိုင်တာလည်း သက်ထွန်း၊ အလုပ်သမားတွေ က မေးရင် ဖြေ .. ခေါ်ရင် ထူးတတ်တဲ့ အရုပ်တွေပေါ့ .."

"ရှင်းရှင်းပြောရရင် ငါတို့က ကိုယ့်ဘက်သား ရှာလိုက်ရတာပါ၊ လူကြီးတွေဆိုပေမယ့် ဒီနေရာမှာ တွေးခေါ်ရင့်ကျက်မှုတွေနဲ့ချည်းပဲ ငုတ်တုတ်ထိုင် ဆုံးဖြတ်နေလို့ မရဘူး၊ ခေတ်ကာလထဲမှာ ခေတ်ရဲ့ အမြင်တွေ လိုအပ်တယ် ..၊ အမြဲတမ်း ခြေတစ်လှမ်း နောက်ကျ ကျန်ခဲ့ ရတဲ့အဖြစ်တွေဟာ အဲဒီ ကွာဟချက်တွေကြောင့် .."

"ငါတို့ရဲ့ ယုံကြည်ချက်တွေကို ခိုင်မြဲအောင် မင်း ကူညီပေးပါ..၊ 'ဒဏ္ဍာရီ'စံအိမ်ရဲ့ မျိုးဆက်သစ် 'ပန်းဒဏ္ဍာရီ' ဆိုတဲ့ မိန်းကလေးကို ငါတို့နဲ့ထပ်တူ ပူပန်စိတ်ထားပြီး စောင့်ရှောက်ပေးစေချင်တယ် .."

စသဖြင့်သော စကားတွေဟာ ဘယ်သူ့ကို မယုံကြည်နိုင်၍ ဘယ်ပုံစံ စောင့်ကြည့်ပေးပါလို့ မှာကြားခဲ့ခြင်းပဲ ဖြစ်လေသည်။





ဒီအိမ်ကြီးထဲမှာ မယုံကြည်ထိုက်ဆုံးလူက ဦးသက်ထွန်း ပဲ ဖြစ်ကာ အန္တရာယ်ရှိနေတာက ရီလေး ..၊

ဒါပေမယ့် ဦးသက်ထွန်း ကလည်း သူဌေးကြီး၏ရင်သွေး ဖြစ်နေခဲ့သည်မို့ ကိုယ့်သား မဟုတ်သော်လည်း သားနေရာမှာ ထားခဲ့ရ သည့် ဒေါ်သစ္စာညို အတွက်တော့ ..၊

"သားလည်း ကိုယ် လုပ်စရာရှိတာ လုပ်ပါ၊ ဒီကောင်လေး ကြောင့် မင်းမှာ ဘာမှ အနှောင့်အယှက် မဖြစ်စေရဘူး"

ဒေါ်သစ္စာညို အသံကြောင့် ချမ်းသာ တွေးနေတာတွေ ပြတ်တောက်သွားခဲ့၏။ ဦးသက်ထွန်း က ဒေါ်သမျက်နှာနှင့် ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"အနှောင့်အယှက်ကတော့ ခုကိုပဲ ဖြစ်နေပြီ အမေ ..၊ အိမ်မှာ လူစိမ်းရှိနေတာ ကျွန်တော် မကြိုက်ဘူး .. စိတ်လည်း မချဘူး၊ သူက ဘာလဲ ..၊ ဒီအရွယ် လူငယ်တစ်ယောက်ကို အိမ်ပေါ်မှာ တင်ထားတာ အမေ့မြေးအတွက် အမေ မပူတော့ဘူးလား .."

ကိုယ့်ရှေ့မှာ ဒီလောက်ဖြစ်လာတော့ ချမ်းသာ ဘယ်လိုမှ ဟန် ဆောင်မရတော့ဘဲ ဖျတ်ခနဲ မော့ကြည့်ကာ နေရာမှထဖို့ ပြင်လိုက် လျှင် ...

"မင်း ထင်တာ မှန်ပါတယ် မောင်ထွန်း ရယ် ..၊ ကျုပ်က မင်းကို ပဲ ကိုယ်တိုင် ပြောဖို့ပါ .."

အိမ်ရှေ့က ဝင်လာသည့် ဦးခန့် ပုံစံက အချိန်မီရောက်အောင် လာခဲ့ရသလို ကသုတ်ကယက်ပုံစံ ဖြစ်နေခဲ့ပြီး တင်းနေသည့် ချမ်းသာ မျက်နှာကို အဓိပ္ပာယ်နှင့် တစ်ချက်ကြည့်ပြီးမှ ...

"သူ့အတွက် ကျုပ် လုံးဝ တာဝန်ယူပါတယ်၊ အိမ်မှာ ဘာအရေး ညာအရေး ရှိလာရင် ဒရိုင်ဘာတစ်ယောက်တော့ လိုတယ်လို့ မကြီး ကလည်း ပြောဖူးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး .. ဘာဒရိုင်ဘာမှ မလိုဘူး ..၊ ဒရိုင်ဘာရှိရင် ရီလေး အပြင်ထွက်တတ်လာမယ်၊ ဒရိုင်ဘာက ငယ်ငယ် .. ရီလေး က ကလေးဆန်တာနဲ့ အမေ ဘယ်လိုစိတ်ကူးတွေနဲ့ ဒီလိုလုပ်လဲ စဉ်းစားလို့ကို မရတော့ဘူး .."

"ဘယ်လိုစိတ်ကူးဆိုတာ သားကို ရှင်းမပြတတ်ပေမယ့် မေမေ စိတ်ချမ်းသာသလို တွေးပြီး စီစဉ်လိုက်တယ်ဆိုရင်ရော မဖြစ်ဘူးလား.."

ဒေါ်သစ္စာညို လေသံ တစ်မျိုးဖြစ်သွားတော့ ဦးသက်ထွန်း မျက်ခုံးတွေ တွန့်ချိုးလျက်နှင့် ငြိမ်နေ၏။

"မေမေ့မျက်လုံးတွေ မမြင်တော့ပေမယ့် အိမ်မှာ ဘာလိုတယ်၊ ဘာတွေဖြစ်နေလဲဆိုတာ ကြားတယ် .. သိတယ် .. ခံစားလို့လည်း ရသေးတယ်၊ နေရာတကာ သားငယ်ရေ .. လို့ လှမ်းခေါ်ရတဲ့အဖြစ်မှာ မင်း အနားမှာရှိမနေရင် မိန်းကလေးတွေနဲ့ ခိုင်းစေ လှုပ်ရှားလို့ မဖြစ်တဲ့ဟာဆို မေမေ ဘာလုပ်ရမလဲ .."

"ဒါတော့ အမေ ကြံဖန် တွေးလွန်းတာပါ၊ အိမ်မှာ ခိုင်းစရာ လူတွေ ရိုက်သတ်လို့ မကုန်ဘူး"

"မေမေက ရိုက်သတ်ပစ်လို့ ရတာတွေကိုမှ မလိုချင်တာ .."

ဦးသက်ထွန်း ဆတ်ခနဲ ဖြစ်သွားသည်။

"မေမေနဲ့ မောင်ခန့် တို့က ဟိုးအရင်ကတည်းက မောင်နှမတွေ ဆိုလည်း ဟုတ်တယ်၊ ရဲဘော်ရဲဘက်တွေလိုလည်း ဒီအိမ်ရဲ့ ကောင်းကျိုးကို သူ ထမ်းရွက်ခဲ့တယ်၊ မယုံကြည်တဲ့စကားနဲ့ စစ်ဆေး ဖယ်ရှားရမယ့်လူတွေ မဟုတ်ဘူး၊ သားနဲ့ ဆက်သွယ်ပြီး ခေါ်လာခဲ့တဲ့လူတွေကိုတောင် မေမေက တစ်ခွန်းမှ မမေးမြန်းဘဲ အိမ်မှာ ထားခဲ့တာ၊ မောင်ခန့် ရဲ့တူဖြစ်နေတဲ့လူကို မယုံကြည်စရာ ဘာရှိလို့လဲ သား.."

"ပြီးတာပါပဲ ..၊ အမေ့စိတ်ထဲမှာ ဒီလိုတွေ နှိုင်းယှဉ်ကြည့်ထားမှန်းလဲ ကျွန်တော် မသိပါဘူး၊ ဦးခန့် က ကျွန်တော့်ထက် .."





"နေဦး .. သား ပြောတာ ကလေးဆန်သလို ဖြစ်နေပြီ၊ မေမေ ဆိုလိုတာ အဲဒီလိုမျိုး .."

"အတူတူပါပဲ .."

ပြောပြီးတာနဲ့ လှည့်ထွက်သွားပြီမှန်း ဒေါ်သစ္စာညို သိနေသည်။ သက်ထွန်း ဟာ ဒီကိုရောက်လာကတည်းက သူ့အဖေနဲ့ ကိုယ်မှလွဲ၍ ဘယ်သူ့ကိုမှ အရေးတယူ ပေါင်းသင်းလိုတဲ့သူ မဟုတ် ..။

"ဦးခန့် က ကျွန်တော့်ကို မောင်သက်ထွန်း လို့ခေါ်တာ မကြိုက်ဘူး အမေ ..၊ သူက ဒီအိမ်မှာ ဘာလဲ .."

လို့ တိုက်ရိုက်မေးပြီး မလိုလားခြင်းကို ပြခဲ့ဖူး၏။

ဦးခန့် ကို သူတို့တွေ မောင်ခန့် လို့ ခေါ်နေကြပေမယ့် အသက်တွေက သိပ်ကွာလှတာ မဟုတ်ပေ။ ထို့ပြင် ကိုယ့်အိမ်က မိသားစုဝင် မဟုတ်ပေမယ့် မိဘအရွယ် ရှိသေလေးစားထိုက်သူအပေါ် ဂါရဝါစ တရားဆိုတာ ထားသင့်သည် မဟုတ်လား ..။

ခင်ပွန်းဖြစ်သူအပေါ်မှာ ရိုသေမပျက်ချင်သည့်စိတ်နှင့် သက်ထွန်း ဆိုသည့် ကောင်လေး အိမ်ပေါ် ရောက်လာတာကို ဒေါ်သစ္စာညို မငြိုငြင်ခဲ့ပါ။

သမီးနှစ်ယောက် ကိုယ်တိုင်က 'ငါတို့ မောင်လေးပါလား' ဆိုသည့် နွေးထွေးမှုနှင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြ၏။ ဒါပေမယ့် သူကတော့ ကိုယ့်ကို မအေကို လုယူသွားသည့် မိန်းမလို့ သတ်မှတ်၏။

ဖအေတူ အမေကွဲ အစ်မတွေကိုလည်း မောင်နှမအရင်းအချာ တွေလို သဘောထားခဲ့တာ မဟုတ် ..၊ ဘာအကြောင်းနဲ့ပဲ ပြောဆိုဆုံးမ ပါစေ .. သူ့ကိုမှ နိမ့်ချသည်၊ သူကသာ မျက်နှာငယ်ရတဲ့ သူ စသော ဘယ်သူမှ လက်မခံနိုင်သည့် စကားတို့နှင့် တုံ့ပြန် ပုတ်ခတ်၏။

သူ့အဖေ မရှိတော့တဲ့နောက်ပိုင်းမှာတောင် ဒေါ်သစ္စာညို ကိုယ့် သားလေးနဲ့မခြား ဆက်လက် နွေးထွေးမှု ပေးခဲ့တာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း အမေလို့ ခေါ်ဖော်တော့ ရသေးသည်လို့ ဖြေရင်း မေတ္တာမပျက်ဖို့ ကြိုးစားရ၏။ သူမ ကြိုးစားခဲ့သမျှတွေဟာ ပြန်ရခဲ့တာ ဘာမှ မရှိခဲ့တဲ့အပြင် ခုတော့ ကွဲကွာခြင်းအမျိုးမျိုးတို့နှင့် 'ဒဏ္ဍာရီ'စံအိမ်ကြီး အသိုက်ပျက်ခဲ့ရတာသာ အဖတ်တင်ခဲ့လျက် ..၊

"မောင်ချမ်းသာ .. လူလေးကို အဘွား .."

"ရပါတယ် .."

ဒေါ်သစ္စာညို မျက်ရည်တွေ ဝေ့နေလျက် သူ့ရှိရာကို စူးစမ်းကြည့်လာတာနှင့် ချမ်းသာ ဆုံးဖြတ်ချက်ချပြီး ဖြစ်ကာ ...

"ခု တစ်ထိုင်တည်းပဲ ဆုံးဖြတ်လိုက်ပါပြီ၊ ဘယ်လို အတိုက်အခိုက်တွေရှိရှိ ကျွန်တော် ဒီမှာ နေပါ့မယ်"

"ကျေးဇူးတင်လိုက်တာ .."

ဒေါ်သစ္စာညို ခေါင်းညိတ်လို့ မပြီးနိုင် ..၊ ဦးခန့် က သက်ပြင်းရှည်ကြီးချပြီး လှည့်ထွက်သွား၏

သိပ်တော့ လွယ်မယ် မထင် ..။





## အခန်း (၂၀)

"သူနဲ့ သွားရမှာလား .."

ကားနားမှာ ရပ်စောင့်နေလိုက်ရင်း စကားသံကြားမှ လှည့်ကြည့်ဖြစ်၏။ ကိုယ်လုံးတောင့်တောင့်၊ အရပ်မြင့်မြင့်နှင့် အသားဖြူတော့ သူမ တစ်ကိုယ်လုံး ထင်းနေသည်။

ဆံပင်ကတော့ ပခုံးလောက်ပဲရှိကာ အနီနဲ့ အဝါကို ကြည့်ရဆိုးအောင် တင်ထား၏။ ထို့ပြင် မိတ်ကပ်ကြောင့် လှနေသည့်ကြားက မှဲ့ခြောက်တွေကို မြင်နေရသည်။

နှာတံက လိုတာထက် ပိုထင်းနေကာ နှုတ်ခမ်းထူထူကို ပုံဖော်ဆိုးထားသောကြောင့် သူမက တော်တော်လှသည့်စာရင်းတော့ ဝင်သွားလိမ့်မည်။ ဒါပေမယ့် ...

သူ ထင်ထားသလောက် 'ဒဏ္ဍာရီ'စံအိမ်ရဲ့ သခင်မလေး 'ခင်နှင်း ဒဏ္ဍာရီ'ဆိုသည့် မဟာဆန်သိမ်မွေ့မှုမျိုးတော့ စိုးစိမျှ ရှိမနေပါ ..။

"မြေး .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .."

"ဘာလုပ်နေတာလဲကွယ် ..၊ ချမ်း စောင့်နေတယ်မို့လား .."

"သမီး သူနဲ့ မသွားချင်ဘူး ဘွားကလည်း ..၊ လေးလေးထွန်းကို ပို့ခိုင်းလည်း ရတာကို .."

"မြေးရယ် .. မြေးရဲ့လေးလေးက အလုပ် ဒီလောက်ရှုပ်တာ"

"ဘယ်လောက်ရှုပ်ရှုပ် .. သမီး အကြောင်းရှိရင် ဖုန်းဆက်လိုက်လို့ မှာထားပါတယ် ဘွားရဲ့ .."

"ကဲ .. ဒီနေ့တော့ သွားလိုက်ပါ မြေးရယ် .. မြေးပဲ ကားမမောင်းချင်လို့ ဘယ်မှလည်း လျှောက်မလည်ရဘူးဆို .."

"အခု ဒရိုင်ဘာလည်း ပါဦးမှာမို့လား ..၊ လူတွေ အများကြီးနဲ့.."

"မပါပါဘူး မြေးရဲ့ .. ဒရိုင်ဘာနဲ့ ချမ်း ကို လွှတ်တာက မြို့ထဲက လမ်းတွေကို သူ ကျွမ်းကျင်အောင်လို့ပါ .."

ခုတော့ ကျွမ်းကျင်လို့လားဆိုသည့် နှုတ်ခမ်းမဲ့မဲ့လေးကို သူ တစ်ချက်ကြည့်၍ ကားထဲပဲ ဝင်နေလိုက်သည်။

သူမ ကားပေါ် ရောက်လာတော့လည်း ကားက သိမ့်ခနဲ ဆောင့်ခုန်သွားကာ တံခါးပိတ်သံ ဂျိမ်းခနဲနှင့်အတူ သူ့ဘက် လှည့်ကြည့်၍ ...

"ဒီမှာ .. ယူ့ကို တို့ မကြိုက်ဘူးနော် .."

"မင်းကို ဘယ်သူက ကြိုက်ပါရစေ ပြောနေလို့လဲ .."

သူ့စကားကို ပက်ခနဲ ပြန်မေးလိုက်သဖြင့် ရီလေး မျက်ခုံးလှလှလေးတွေ ပင့်တက်သွား၏။ ပြီးမှ ဟွန့်ခနဲ ရယ်လိုက်ကာ ...

"ယူက မာလှချေလား ..၊ ဟွန်း .. အဲဒီစတိုင်လ်ကို မကြိုက်ဘူးပြောတာ၊ ခုလို အတူသွားနေရတာတွေ .. နောက်ထပ် သွားကြဖို့ ရှိလာမှာတွေ .."

"အတူတူ သွားနေတယ်လို့ မင်းက ခံစားနေတာလား .."





ခြံထဲကနေ ပြန်ဝိုက်ထွက်လိုက်ရင်း ချမ်းသာ က သူမကိုလည်း မကြည့် ..၊ နှုတ်ခမ်း မလှုပ်တလှုပ်နှင့် ပြောပုံက အဖတ်မတန်သလို..။

တစ်ဖက်သတ် နေရာယူထားပြီးပြီမို့ အပြတ်အသတ် မဲ့ရွဲ့ဆုံးမဖို့ စိတ်ကူးတို့သည် ..၊

"ယူ ဘာပြောလိုက်တယ် .."

"မင်း ပြောတာကို ပြောတာလေ ..၊ မင်းက သူဌေး .. ငါက ဒရိုင်ဘာ၊ မင်းရဲ့ကားကို ငါက မောင်းပို့ရတာ၊ မင်း ငါ့နောက်လိုက်လာတာမှ မဟုတ်တာ .."

"ဘာပြောတယ် .."

"ဟော့ .."

"ကျွိ .."

ဘရိတ်ပေါ်ကို ဖိနင်းပစ်လိုက်သဖြင့် ကားက ဆောင့်ခုန် ရပ်သွား၏။ နောက်ကားပါလာရင် မလွယ် ..။

"မင်း .. ဘာလုပ်လိုက်တာလဲ .."

"အား!..."

ဒေါသထွက်ပြီဆို မှန်တာမှားတာ မသိချင် ..၊ ရီလေး ရဲ့ပခုံးတစ်ဖက်ကို အကြမ်းပတမ်း ဆောင့်ဆွဲချလိုက်လျှင် မျက်နှာနှစ်ခုက ပစ်တိုက်တော့မလို နီးကပ်သွား၏။

ဒေါသက အရှိန်မသတ်နိုင်ပေမယ့် စတော်ဘယ်ရီနံ့လိုလို နှာခေါင်းထဲ ဝင်လာတော့ သတိရသွား၏။ ထို့ကြောင့် လက်ကို ဖြည်းလွှတ်လိုက်ပြီး ရှေ့ပြန်လှည့်သည်။

မှားတော့ မှားသွားပြီမှန်း သိပေမယ့် တောင်းပန်တဲ့စကား ဘယ်လိုပြောရမှန်း မသိလောက်အောင် မှတ်ဉာဏ်တွေမှာ သံချေးတက်နေပြီလား မသိ ..။

ဘာမှ ထပ်မပြောဖြစ်ဘဲ ကားက ရှေ့ခနဲ ပြေးထွက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရီလေး က နေရာမှာ ဆောင့်ခနဲ ပြန်ထိုင်၍ အင်္ကျီကို ဆွဲချ .. ဆံပင်သပ်၍ ...

"ယူနဲ့ တို့ ငြိသွားပြီနော် ..၊ မနက်ဖြန်တွေအတွက် ယူ အလန်းဆေးထားလိုက်တော့ .."

သူ ဖျတ်ခနဲ ငဲ့ကြည့်ကာ တစ်ခုခု ပြောတော့မလို စိုက်ကြည့်ပြီးမှ ရှေ့ပြန်လှည့်၍ နှုတ်ခမ်းတွန့်ရုံလေး မဲ့ပစ်သည်။

ရီလေး က မျက်နှာတစ်ခြမ်းစောင်းလေးနှင့် မမိုတ်မသုန် စိုက်ကြည့်နေလျက် ကိုချမ်း ၏ အရာခပ်သိမ်းသော အမူအရာတို့သည် သူမအတွက် ..၊





## အခန်း (၂၁)

မျက်စိထဲက ထုတ်လို့မရတာ လုံးဝ သေချာနေသည်။ ဒါပေမယ့် အမိုက်တစ်စတော့ မဟုတ်ပေ။ 'လူချမ်းသာ'ဆိုသည့် ဆင်းရဲ၍ မယဉ်ကျေးတတ်သော လူတစ်ယောက်သာ ဖြစ်လေသည်။

အိပ်ရာထဲမှာ လူးလိမ့်ရင်း .. မှောက်လိုက်တော့လည်း မွေးနေသည့် မွေ့ရာခင်းမှာ ထိုမျက်နှာ ..၊ ဝက်လက်အိပ်လိုက်တဲ့အခါ မျက်နှာကြက် ဖြူဖြူပေါ်မှာ ပေါ်လာတာလည်း သူပဲ ဖြစ်၏။

ဘာလိုဖြစ်တာလဲ ရီလေး ..၊

နင် ထားဖို့ တင်းထားတဲ့မာနတွေ ဘယ်ရောက်ကုန်ပြီလဲ ..၊ ကိုယ့်ကိုယ်ကိုယ် နေရာတကျမှာ ငြိမ်သက်နေတတ်အောင် ကြိုးစားပေမယ့် မရ ..။

တိုစိပ်စိပ် မျက်တောင်တို့နှင့် မျက်အိမ်ရှည်သလို .. မျက်လုံးမှေး သလိုလိုရှိသော ..၊ မျက်မှောင်ကုတ်၍ ခပ်စောင်းစောင်း ငဲ့ကြည့်လိုက်တိုင်း မျက်ဝန်းတို့ကို ဖုံးကွယ်လုလု မျက်တောင်ဖျားတို့ စောင်းသွားတတ်သော ..၊



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာကို ဘယ်လို ဖျောက်ရမလဲ ...၊ မျက်နှာချင်း နီးကပ်သွားချိန်မှာ တလှပ်လှပ်ခါသွားသော ရင်အစုံဟာ သူ့သာ ရှိုင်းစိုင်းသောတုံ့ပြန်မှုတစ်ခုခုနှင့် ဒဏ်ခတ်မည်ဆိုရင်တောင် ...၊

"ကျွတ်!..."

ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ခြင်းများစွာဖြင့် အိပ်ရာထက်မှာ ငုတ်တုတ်ထထိုင်မိ၏။ ခေါင်းအုံးကိုရော ဖက်လုံးကိုပါ နှစ်ခုစလုံးကို ဆွဲယူပြီး ပွေ့ပိုက်ထားရင်း ရှုံ့မဲ့နေမိသည်။

ပြီးတော့ အိပ်ရာထက်ကနေ ကန်ချလိုက်မိ၏။ ဒါဟာ ရင်ခုန်သံမှန်ပေမယ့် လှုပ်ခါ သွေးဆူခြင်းပဲ ဖြစ်မှာပါ ...။

သူ ဒီလောက်လည်း ချောတာ မဟုတ် ...၊ ကြည့်တာ ပြောတာ တစ်ခုမှလည်း ပြေပြစ်ခြင်း မရှိ ...၊ အေးစက်ခက်ထန်သော ယောက်ျားတစ်ယောက်မှာ ဘယ်လိုဆွဲအားတွေများ ရှိမှာမို့လို့လဲ ...။

ဒီလိုလူနဲ့တွဲမိရင်တောင် သာယာပျော်ရွှင်မှုဆိုတာ ဘယ်က ဖြစ်လာမှာလဲ ...၊ ရီလေး အမျိုးမျိုး ချေဖျက်ဖို့ ကြိုးစားရင်း အိပ်ရာပေါ်က ဆင်းလာရတဲ့အထိ ဖြစ်လေသည်။ ညက နေမျိုနေဆဲပေမယ့် 'အရဏ်နီ'စံအိမ်ကြီးထဲမှာ တိတ်ဆိတ်နေခဲ့၏။

"မမလေး ဘာလိုချင်လို့လဲ .."

သူဇာ က အနားမှာ ဖျတ်ခနဲ ပြုတ်ကျလာသလို ပေါ်လာ၏။ ရီလေး အလိုမကျသည့် မျက်နှာလေးနှင့် လှည့်ကြည့်မိကာ ...

"မလိုချင်ပါဘူး ...၊ လိုရင် ခေါ်မှာပေါ့ .. ငါနဲ့ ဝေးဝေးမှာ နေ၊ မခေါ်ဘဲ မလာနဲ့ ...၊ ဟွန်း .. ဘာတွေမှန်း မသိဘူး"

ညဝတ် ဂါဝန်ရှည်ကြီးကို ခါးစည်းကြိုး ပြန်ချည်ရင်း သူဇာ့ကို မကျေမနပ် စောင့်ကြည့်နေမိသည်။ ဒီအိမ်မှာ ဘာတွေလဲ ...၊

သူမ ပြန်ရောက်လာတာ မကြာသေးပေမယ့် ဒီအိမ်ရဲ့ သခင်မ တစ်ပါးပဲ ...၊ ဒါပေမယ့် ဂရုစိုက်နေကြပုံက သခင်မို့ ရှိသေတာနဲ့





မတူ ...။ ချည့်သည်အပေါ် ချည့်ဝတ်ကျေနေတာမျိုးလို ...၊ ဒါမှမဟုတ် စောင့်ကြည့်ခံနေရတာမျိုးလား ...။ ဒီတိုင်းပဲ ခံစားမိလာခဲ့၏။

ရီလေး ဒေါပွကာ အပေါ်ထပ်ကနေ ချည့်ခန်းထိ ပတ်ကွေ့ဝိုက်ဆင်းသွားသည့် လှေကားကြီးအတိုင်း ဆောင့်အောင့်ဆင်းလာမိသည်။

ခင်းထားသည့် နက်ပြာရောင် ကတ္တီပါကော်ဇောသည် ဘယ်လို ဆောင့်အောင့်နင်းပေါက်နေပစေ .. ဘာသံမှ မထွက်ခဲ့ဘဲ သူမ အောက်ရောက်တဲ့အထိ တိတ်ဆိတ်စွာ ရှိနေခဲ့၏။

ထို့ကြောင့် မရည်ရွယ်ခဲ့သော ခြေလှမ်းတို့က အဘွားရဲ့ အခန်းရှေ့ကို ရောက်သွားခဲ့လျှင် ...

"မမကြီး မပူပါနဲ့ ...၊ ချမ်း ပြန်သွားမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ယုံကြည်တယ်၊ ကောင်လေးက ဆင်းရဲပေမယ့် စိတ်ဓာတ်ကြံ့ခိုင်တယ်၊ ဖြောင့်မှန်တဲ့သူ ဖြစ်မယ်မှန်းလည်း အကဲခတ်လို့ ရတယ်၊ မမကြီး လူရွေးတာ မမှားဘူး .."

"ငါက မြေးလေးအတွက် စိတ်ချချင်တာ မောင်ခန့် ...၊ ကောင်လေးနဲ့ မြေး သင့်မြတ်မှ...၊ ဒါမှ.. မြေးရဲ့အနားမှာ ကောင်လေး အနီးကပ် စောင့်ရှောက်နိုင်မှာ ...၊ ခုထိ သူတို့ အဆင်ပြေကြပုံ မရဘူး"

"လူငယ်ချင်းဆိုတော့ အစမှာ ဒီလိုပဲပေါ့ ...၊ ချမ်း ကလည်း မာနရှိတဲ့လူငယ်တစ်ယောက် ဖြစ်နေတော့ .."

"ဒါကို ငါ နားလည်ပါတယ်၊ သား သက်ထွန်း အမြင်စောင်းနေတဲ့ကြားက တို့ရဲ့အစီအစဉ်ကို ဖြစ်အောင် ကြိုးစားနေရတာ၊ မြေးကိုယ်တိုင် ပြူရှူ ခေါင်းခါလာရင် အခက်အခဲတွေ ဖြစ်လာမှာ .."

"ကျွန်တော် ချမ်း ကို နားချပါဦးမယ်...၊ ခက်တာက.. အလုပ်သမားမို့ အလုပ်နှခံဖို့ ပြောရတာ ပြောလို့ကောင်းတယ်၊ သူ့ကိုကျတော့ ကိုယ်က အကူအညီ တောင်းရတာလေ ...၊ သူကိုယ်တိုင်က ဘာကယ် စေတနာထားပြီး ကူညီချင်စိတ် ဖြစ်လာပါစေလို့ပဲ ဆုတောင်းရမှာ.."



www.burmeseclassic.com

"ဟုတ်တယ် .. ခုချိန်မှာ တို့အိမ်ထဲကို ဒီကောင်လေးလို လူမျိုးတလွဲပြီး ငွေပေးနိုင်းလို့ရတဲ့ လူတိုင်းကို ခေါ်သွင်းဖို့ မဖြစ်နိုင်ဘူး၊ ငွေကြောင့် ရောက်လာတဲ့လူဆိုရင် ငွေနောက် လိုက်သွားဦးမှာပဲ၊ အဲဒါဆိုရင် ကိုယ့်လူက သူ့လူ ဖြစ်သွားမှာ .."

ရှေ့ဆက်ပြောနေသည့် စကားတွေကို တိတ်ဆိတ်စွာ နားထောင်နေရင်း ရီလေး တွေးစရာတွေထဲမှာ ချာချာလည်နေခဲ့သည်။

သူမ သိထားခဲ့တာတွေနဲ့ ကြားနေရတာတွေ ဘာကွာခြားသလဲ..၊ ဘယ်သူတွေက ဇာတ်ဆောင် .. ဘယ်သူတွေက ဇာတ်ပို့လဲ ..။

ထိုထဲမှာ ပို၍ စိတ်ဝင်စားဖို့ အကောင်းဆုံးလူဟာ လူချမ်းသာ..၊

နာမည်က ခပ်တုံးတုံးပေမယ့် လူက အမိစား ..။

ဆင်းရဲခြင်းဆိုတဲ့ အရေကို ခွာချပြီး ခမ်းနားဆန်းပြားတာတွေနဲ့ တန်ဆာဆင်လိုက်လျှင် ..၊

နေရာမှာပဲ ရပ်နေရင်း ပြုံးလိုက်မိသည်။ ပြီးတော့ အခန်းတံခါးကို တစ်ဝက်လောက် ဖွင့်ထားတာမို့ ရှေ့ကမဖြတ်တော့ဘဲ နောက်ပြန်လှည့်ခဲ့၏။

ချမ်းသာခြင်းနဲ့ အချစ်သာ ထပ်တူညီနေခဲ့ရင် ဘယ်လောက်ကောင်းမလဲ ..။

ဘာဖြစ်လို့လဲဆိုတော့ သူမ မဆင်းရဲချင်ပေမယ့် အချစ်ကိုတော့ တပ်မက်နေခဲ့ပြီမို့ ..။





## အခန်း (၂၂)

"စက်ရုံထဲထိ ဘာလိုက်လုပ်တာလဲ ရီလေး .."

"ဟင်!..."

အံဆွဲကို ချက်ချင်းပြန်သွင်းလိုက်ပြီး ဒီဘက်လှည့်လိုက်တော့ ရီလေး မျက်နှာလေးက အပြစ်မသိသူလေးလို ..၊

"လေးလေးကို မီး ဖုန်းခေါ်သေးတယ် ..၊ ရမှ မရတာ .."

"ဘာလုပ်ဖို့လဲ .."

ဦးသက်ထွန်း က ကိုင်လာသည့် ကားသော့နဲ့ ဖုန်းကို အထပ်လိုက် ဖိုင်ပေါ်ကို ခပ်ဖိဖိဆောင့်ချလိုက်သည်။ မျက်နှာက တင်းမနေသော်လည်း ပြုံးတာရယ်တာ မရှိ ..။

"လေးလေးပဲ အကြောင်းရှိရင် ဖုန်းဆက်ဆို .."

"အေးလေ .. ဘာအကြောင်းလဲလို့ မေးနေတာကို ပြော .."

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ ..၊ ပြောရမယ့်သူကို မပြောနဲ့တော့လို့ ပိတ်ပင်နေတဲ့အတိုင်း .."

www.burmeseclassic.com



စားပွဲခုံ အလယ်မှာ ခြားကာ နှစ်ယောက်စလုံး မျက်နှာချင်းဆိုင် ရပ်နေမိကြ၏။ ဦးသက်ထွန်း က ရီလေး ဖွင့်ထားခဲ့သည့် အံဆွဲကို လှမ်းကြည့်ပြီးမှ စားပွဲပေါ် လက်ထောက်၍ ...

"ညည်းပုံစံ ကြည့်ရတာ ဘာအကြောင်းမှမရှိဘဲ လာတာနဲ့ တူနေလို့ပါ ..၊ အိမ်မှာလည်း ဒရိုင်ဘာလုပ်မယ့်လူက အဆင်သင့်မို့လား.."

"အလကားပါ .. မီး သူ့ကို ကြည့်လို့ကို မရဘူး၊ တောသားသာဆိုတယ်.. ရုပ်က ဆံပင်ရှည်ကောက်ကောက် ရှူးသိုးသိုးနဲ့ တစ်လောကလုံးကို လူမထင်တဲ့ ရုပ် .."

ဦးသက်ထွန်း မျက်နှာ ပြုံးသွားသည်။ ရီလေး က ထိုအပြုံးကို စိုက်ငေးနေခဲ့၏။ အသက်လေးဆယ်ကျော်တဲ့ ယောက်ျားတစ်ယောက်၏တင့်တယ်ခြင်းကလည်း လေးလေးကျမှ ထူးခြားနေတာလား မသိ..။

နှာတံချွန်ကော့ကော့ .. ပါးလှပ်သည့်နှုတ်ခမ်းအစုံက နီမြန်းလျက် ..၊ ဖြူနုနေသည့် အသားအရေကြောင့် မြန်မာပုံ သိပ်မပေါက်ပဲ..။

အရပ်ကြီးမြင့်ကာ တစ်ဖြောင့်တည်းကိုယ်ဟန်က ဘောင်းဘီရှည်နှင့် ကြည့်လို့ ကောင်းသည်။ လူငယ် မဆန်ပေမယ့် လေးလေးက မင်းသားရုံးလောက်အောင် ချောနေတုန်း ..။

"လေးလေးထွန်း .."

"ပြော .."

"မီးတို့ လျှောက်လည်ရအောင်လေ .."

ထူးဆန်းသွားသလို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။ ပြီးမှ ပြုံး၍...

"ငါ့ကို ညည်းသူငယ်ချင်း မှတ်နေလား ရီလေး ..၊ ဒီမှာ အလုပ်တွေ ရှုပ်နေတာလည်း မြင်သားနဲ့ .."

"သူငယ်ချင်းနဲ့လည်း လျှောက်မလည်ပါဘူး .. ကိုယ့်လေးလေးမို့ ခေါ်တာပေါ့၊ မီး ပြန်ရောက်လာမှ ဒီလို ပူဆာခဲ့တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ ..၊ လေးလေးထွန်း တစ်ခါမှ အလိုမလိုက်ဘူး .."





ဦးသက်ထွန်း က ဘာမှမပြောဘဲ သုံးခုမြောက် အံဆွဲကို သွားဖွင့်၍ အထဲက ဖိုင်တစ်အုပ်ကို ထုတ်ယူပြီးမှ ပြန်လှည့်လာကာ ...

"လျှောက်လည်တာ ဝါသနာမပါလို့ .. ရည်းစားတောင် မထားဘူး"

"ရည်းစားမထားပေမယ့် လေးလေးထွန်း ကောင်မလေးတွေနဲ့ တွဲနေတာ မီး သိပါတယ်"

"အဲ့ဒါ ဘာဖြစ်လဲ .."

"မညာနဲ့ပေါ့ .."

"တွဲတာနဲ့ ရည်းစားဖြစ်တာ တခြားစီ .."

"ဘာဖြစ်ဖြစ် မီးကိုတော့ အလိုလိုက်သင့်တာပေါ့ ..၊ မီးက လေးလေးထွန်း ကို ဘွားထက် ပိုချစ်တဲ့ဟာ .."

ဦးသက်ထွန်း မျက်လုံးတွေ ဝင့်တက်လာပြန်သည်။ ဒါကိုတော့ သဘောကျသွားပုံပေါ်ကာ သွားတွေပေါ်အောင် ရယ်လိုက်ပြီး ...

"ခုတော့ မအားဘူး ..၊ ညည်းဒရိုင်ဘာနဲ့ သွားလိုက်တော့"

"ဒရိုင်ဘာနဲ့သွားရင် မီး တစ်ယောက်တည်းပဲ သွားရမှာပေါ့၊ လေးလေးနဲ့ပဲ သွားမယ်လေ ..၊ လာပါ .. လိုက်ခဲ့ပါ .."

"ဒါဆို ခဏစောင့်ဦး ..၊ ခုပဲ အပြင်က ပြန်လာတာ .. နားဦးမယ်"

စားပွဲနောက်ကို ဝင်လာကာ ရီလေး ဖွင့်ထားသည့် အံဆွဲကို ပြန်ထုတ်လိုက်သည်။ နှစ်ယောက်စလုံး စကားသံတွေ ခဏ တိတ်ကျသွားခဲ့ပြီး မွှေနှောက်ရှာဖွေသံ ထွက်လာကာ ...

"ညည်းကို ခေါ်ခေါ်ထုတ်သွားရတာ သိပ်တော့ အဆင်မပြေဘူး ရီလေး ..၊ အမေက ငါ့ကို စိတ်ဝမ်းကွဲနေတာ ကြာပြီ .."

"ဘွားကလည်း လေးလေးထွန်း က စိတ်ဝမ်းကွဲနေတာတဲ့ .."

ဦးသက်ထွန်း မျက်နှာမှာ မသိသာသော မဲ့ပြုံးတစ်ချက် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လျက် ...

"အဲဒါကြောင့် ထင်တယ် ..၊ မမနဲ့ မလတ် သေတာတောင် ငါ့တိုပဲ လူသတ်သမားလိုလို .."

"လေးလေးက မဟုတ်ဘူးမို့လား .."

"ဘာ!..."

ဦးသက်ထွန်း အံ့သြဟန်နှင့် ရီလေး မျက်နှာကို စိုက်ကြည့်သည်။ အကြာကြီး ကြည့်နေပြီးမှ မျက်နှာမလွှဲဘဲ ...

"ညည်း .. ဘယ်လို မေးလိုက်တယ် .."

"မဟုတ်ရင် ပြီးတာပဲလို့ ပြောမလို့ပါ၊ မီးက လေးလေးထွန်းကို ဘယ်တုန်းကမှ အဲဒီလို မတွေးခဲ့ဘူး"

မျက်နှာပျက်တာလည်း သူပဲဖြစ်ကာ ရီလေး အဖြေစကား ကြားလိုက်မှ ဂရုမစိုက်သည့်အပြုံးနှင့် ...

"အချိန်တန်ရင် အဖြေက ပေါ်လာမှာပါ.. မပေါ်ခင်တော့ ညည်းကိုတောင် ငါက သတ်ပစ်လိုက်မှာ စိုးနေလိမ့်မယ်"

"ဟင်!..."

"ခုလောက်ဆိုရင်လေ .. ညည်း ငါ့ဆီလို့ ပြောပြီး ထွက်ခဲ့တာလား .."

ရီလေး က ခေါင်းခါလိုက်တော့ ဦးသက်ထွန်း ဆတ်ခနဲ ခေါင်းညိတ်၍ ...

"သေချာတာပေါ့ .. ခုလောက်ဆို တွေးနေပြီ .."

"လေးလေးကို မီး မသိတာ တစ်ခုလောက် မေးချင်တယ်"

"ဘာလဲ .."

"မေမေနဲ့ အန်တီကြည် က အသတ်ခံရတာနဲ့ တူနေလို့လား ဟင် .."

"မသိဘူးလေ ..၊ ညည်းအဘွားကို ညည်း သွားမေးပါလား"





"မီးက လေးလေး ပြောတာကို နားထောင်မလို့ မေးနေတာလေ၊ လေးလေးထွန်း ခုနက ပြောပုံကလည်း အချိန်တန်ရင် အဖြေပေါ်လာမှာဆိုတော့ တရားခံလို့ ထင်စရာ တခြားတစ်ယောက်ယောက် ရှိနေသေးလို့လား .."

"ရီလေး .."

"ဟင် .."

"ညည်းကို အမေက ငါ့ဆီမှာ စပိုင်လုပ်ခိုင်းထားတာတော့ မဟုတ်ဘူး ထင်တယ်နော် .."

"လုပ်ပြီ တွေ့လား ..၊ မဖြေချင်လည်း နေ .. မမေးတော့ဘူး"

"ဟုတ်တယ်.. မမေးနဲ့၊ ငါ သိပ်စိတ်ရှည်တာ မဟုတ်ဘူး၊ အဲဒါကြောင့်လည်း မလိုလားအပ်တဲ့ပြဿနာတွေ တက်ခဲ့ရတာ .."

ဘာတွေလဲလို့ သိချင်ပေမယ့် ရီလေး မမေးတော့ပါ။ မသိတာတွေကို သိခွင့်ရအောင် ကြိုးစားဖို့ သူ့မလက်ထဲမှာ အစီအစဉ်တွေ ဆုပ်ကိုင်ထားတာ တစ်တန်းကြီး ..။

လောလောဆယ် ရင်ထဲမှာရှိနေတာက သံသယဇဝေတွေ..၊ ယုံကြည်ခြင်းတွေနဲ့ မသက်ဆိုင်သော လျှို့ဝှက်ထားသည့် တစ်စုံတစ်ရာကသာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

တောရိပ်တောင်ရိပ်တွေက မှိုးညို့နေတာကြောင့် အမှောင်ပန်းချီလေးတစ်ချပ်လို မှိုင်းနေသည်။ အမြင့်ဆုံးတောင်ထိပ်တစ်ခုမှာ စေတီတစ်ဆူ ..။ ပြီးတော့ စောင်းတန်းရှည်ကြီးက တောင်အနိမ့်အမြင့်အလိုက် နဂါးတစ်ကောင်လို တွန့်ဝိုက် လျှောဆင်းနေ၏။

နေ့လယ် နေရောင်ထိုးတော့ စောင်းတန်းရှည်ကြီးနဲ့ စေတီကို ထင်လင်းစွာ ဖူးမြင်ရလျက် ..။

ညဘက်ရောက်တော့ စောင်းတန်းက ပျောက်နေကာ ..၊ စေတီဆီက မီးရောင်တွေကို မော့ဖူးရတာ ကြည်နူးဖို့ ကောင်း၏။

ဒါ ဘယ်နေရာလဲ ..၊ ဘာဘုရားလဲ ..။ စေတီကို တောင်ထိပ်မှာ ဘာကြောင့် တည်ထား ကိုးကွယ်ခဲ့ကြတာလဲ ..။

သူမ ဒီမြင်ကွင်းကို သိနေသည်။ တရင်းတနှီးကြီး မော်ဖူး ကြည်နူးခဲ့ရတာလည်း သူမကိုယ်တိုင် ..၊

ဒါပေမယ့် ဘာဆိုဘာမှ မသိ ..၊ ပြီးတော့ ...





ချောင်းကလေး တစ်ခု ..၊ ရေထဲက ရောင်စုံ ကျောက်စရစ်ခဲလေးတွေကို ဒီတိုင်း မြင်နေရသည်။ ဘာချောင်းလဲဆိုတာ မသိ ..။

သူမ တံတားတစ်ခုပေါ်မှာ ထိုင်ပြီးတော့လား ..၊ ဒါမှမဟုတ် ကမ်းစပ်မှာပဲ ထိုင်တာလား ..၊ ကြည်လဲ့သည့်ရေစပ်စပ်မှာ ခြေထောက်ချ နှစ်ထားပြီး ပျော်နေခဲ့၏။ ထို့ပြင် ...

သူမဘေးမှာ အရိပ်တစ်ရိပ် ထင်နေသေးသည်။ သူမအရွယ် မိန်းကလေးတစ်ယောက်ပဲ ဖြစ်၏။ ဘယ်သူမှန်း မသိခဲ့ခြင်းကြောင့် ထိုပုံရိပ်က ဝေဝါးသွားခဲ့သည်။

ထို့နောက် .. ထို့နောက်မှာ လှပသည့် ချောင်းရေပြင်က ရေတွေကမ်းပေါ်တက်လာပြီး တစစ ရေပြင်က ကျယ်ပြန့်လာသည်။

ခြေချနင်းနေခဲ့သည့် မြေပြင်တစ်ခုလုံး ရေပြင်ကြီး ဖြစ်သွားကာ လူတွေရဲ့ ရယ်မောနေကြသည့် မျက်နှာတွေမှာ ချောက်ချားခြင်းတွေ ဖြစ်လာနေသည်။

"ဘာတွေ ဖြစ်နေတာလဲ ..၊ မေးမြန်းကြည့်ပါဦး ဆွိတီ ရယ်..၊ ညကြီးမင်းကြီး .."

"အား!... အရမ်း အိပ်ချင်တာပဲ၊ လူတွေ ဘာဖြစ်နေကြတာလဲ"

"ဆွိတီ .. ဆွိတီ .. ငါ့ကို ကယ်ပါဦး .."

အော်ဟစ်ခေါ်နေခဲ့သည့် ဆွိတီ ဆိုသူရဲ့ ပုံရိပ်ကို မြင်နေရပြီး အနားကိုလည်း မလာ ..။

သူမ ဘယ်ပေါ်မှာ ရှိနေခဲ့တာလဲ ..၊ ဘာကို အမိအရ ကုပ်တွယ်ထားပြီး ထိတ်လန့်နေခဲ့တာလဲ ..။ ပြီးတော့ ဒုတ်ခနဲ ခေါင်းထဲမှာ မီးပွင့်သွားသည်။

"အား!..."

ကိုယ့်အသံကို ပြန်ကြားလိုက်ရသည်နှင့် ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေမိသည့်အဖြစ်ကို တစ်ထပ်တည်း သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းထန်နေသည့် ရင်အစုံက သူမ ခုလေးတင် အသက်လုပွဲ ဆင်နွှဲ၍ လွတ်မြောက်လာခဲ့တဲ့အတိုင်း ..။

"မမ .. မမ .. ဘာဖြစ်လို့လဲ .."

သူမ ဘေးမှာ ကလေးတစ်ယောက် ..၊

"မမ အိပ်မက် မက်နေတာလား ..၊ သား ရေခပ်ပေးမယ်နော်.."

ဒီကောင်လေးက ဘယ်ကလဲ ..၊ သူမ ဘယ်ရောက်နေတာလဲ..။

ဒီကလေးကို သူမ သိနေလျက်နှင့် ရုတ်တရက် စဉ်းစားမရ ..၊ ထို့ပြင် ဆွိတီ လို့ အော်ခေါ်နေမိတာ သူမကိုယ်တိုင် ..၊ သူမ ဘယ်သူ့ကို အော်ခေါ်နေခဲ့တာလဲ ..။

ဆွိတီ ဆိုတာ ဘယ်သူမှန်း မျက်လုံးထဲမှာ ပေါ်မလာခဲ့ပေ ..။ သူမ အိပ်မက်မက်နေခဲ့တာ သေချာနေခဲ့လျက် အိပ်မက်ကလည်း ဝါးတားတား ..။

ပစ္စုပ္ပန်ကို ပြန်ရောက်နေပြန်ပေမယ့် ရုတ်တရက် ပျော်ဝင်လို့မရဘဲ ဖြစ်နေပြန်သည်။

"မမ .. ရော့ .."

အပြာရောင် ဖိုင်ဘာမက်ခွက်လေးနှင့် ရေက ကြည်လင်အေးမြနေသည်။ တစ်ခွက်လုံး မော့သောက်လိုက်ပြီးမှ လှုပ်ရှားနေသည့်စိတ်တွေ အနည်းငယ် သက်သာရာ ရ၏။

ထိုစဉ် မိုးသက်လေ ဝေ့ခနဲ တိုက်လာသဖြင့် ချွေးစိုနေသည့် တစ်ကိုယ်လုံး စိမ့်အေးသွား၏။

"မမ သိပ်နေမကောင်းဘူးဆိုလို့ သား ဆေးဝယ်ထားတာ ရှိတယ်၊ ဒေါ်လေးသိမ့် လည်း မမ အိပ်နေတုန်းက လာကြည့်တယ် သိလား ..၊ ချမ်း ကို လွမ်းပြီး လွမ်းဖျားလွမ်းနာ ဖြစ်တာလို့တောင် ပြောသွားသေးတယ်"

"ချမ်း .. .."





မျက်မှောင်ကုတ်နေသည့် မျက်နှာသွယ်သွယ် ဆံပင်ရှည်နှင့် ပုံရိပ်တစ်ခု ဖျတ်ခနဲ မျက်လုံးထဲမှာ ပေါ်လာသည်။

သူမ သတိရသွား၏။ ကိုချမ်း ရယ် .. သုခ ရယ် .. သူမရယ် .. ဒီမှာ တူတူနေကြသည်ပဲ ..။ ထိုအခါ အိပ်မက်ခြင်းအကြောင်းတရားတွေ အားလုံးက လွင့်ပါး ပျက်ပြယ်သွားခဲ့ပြီး ...

"ငါ ဗိုက်ဆာလိုက်တာ .."

"သိပါတယ်တော် .. ဒီမှာ လာပါပြီ၊ တစ်ရေးနိုးရင်တော့ ဆာမှာပဲဆိုတာ သိလို့"

မသိမ့် က ပန်းကန်လုံးလေး နှစ်လုံးနှင့် အထဲဝင်လာကာ ...

"မောင်နှမ နှစ်ယောက်တည်းနေပြီး နှစ်နပ်စာ အံကိုက်ချက်တယ်၊ ဟင်းကို အတုံးရေနဲ့တွက်ပြီး ချက်တယ်၊ တကယ်ပါပဲ.. ချမ်းကလည်း လောက်ငအောင် ပေးခဲ့တာပဲကို ..၊ မပြောချင်တော့ဘူး.."

ဝင်လာပြီး မီးဖိုခန်းလေးထဲက မီးလုံးကို သူမပဲ ဖွင့်၍ ဘာတွေ ထည့်လျှိုနေသည် မသိ ..။ ပြန်ထွက်လာတော့ ဗန်းကလေးထဲမှာ ထမင်း နှစ်ပွဲ၊ ဟင်းက နှစ်ပွဲ ..။

"သုခ လည်း ပြန်ဆာမှာပေါ့ ..၊ ထမင်းတွေ ကျန်ပြီး ဟင်းမှ မရှိတာ၊ ဒီမှာ လာ စား အတူတူ .."

အိမ်လေးက သေးသေးလေးမို့ ခုတင်ဘေးက စားပွဲပုလေးပေါ်မှာပဲ ဝိုင်းအုံမိကြ၏။ ကောင်မလေးက ထမင်းပန်းကန်မှာ အဆင်သင့် တပ်ထားသည့်ဇွန်းကို ကိုင်ပြီးမှ ...

"ဒါ ဘာဟင်းလဲ .. ဟင် .. မမသိမ့် .."

"မန်ကျည်းရွက်နဲ့ ဆတ်သားခြောက်နဲ့ အချဉ်ဆီပြန်လေး ချက်ထားတာ၊ ငရုတ်သီးစိမ်းလေးပါ ထည့်ရင်တော့ ပိုကောင်းတာပေါ့၊ နင်က ငရုတ်သီးမှ မစားနိုင်တာ ..၊ ဒါနဲ့ ဘာဖြစ်တာလဲ ပြောပါဦး၊ ညနေက ချောင်းစပ်ကို သွားကြတယ်ဆို .. ရေတွေ ဆင်းစိမ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



လား ..၊ မှန်းစမ်း .."

ကောင်မလေးနဖူးကို လက်ခုံနဲ့ကပ်ကြည့်ပြီး စမ်းကာ ...

"ကိုယ်လည်း မပူပါဘူး ..၊ ခေါင်းက ကိုက်နေသေးလား"

"ခေါင်းကိုက်တာက ပျောက်သွားပြီ .. တစ်နေ့က မမသိမ့် ကိုပြတဲ့ ခေါင်းက ဒဏ်ရာလေ ..၊ အဲဒါကြီးက နာနေတာ .."

"ဖြစ်ရလေဟယ် .."

ဒီရောက်လာတည်းက ပါလာတဲ့ ဒဏ်ရာလို့ သတ်မှတ်ဖွယ် ရှိတာ အနာက မြဲနေတာ ဖြစ်သည်။ ပြန်ဖော်ပြီး ဆေးလိမ်းပေးချင်ပေမယ့် ခေါင်းမှာ ဖြစ်ထားတာမို့ ကိုကျော် က တားနေ၏။

ဒါကြောင့် လိမ်းဆေးလေးပဲ လိမ်းပေးထားရသည်။ ဒီတစ်ခါချမ်း ပြန်လာရင်တော့ ဒီဒဏ်ရာကို ဆရာဝန်နဲ့ ပြကြည့်ဖို့ ပြောရဦးမည်။

"ဒါနဲ့ မေးရဦးမယ် ..၊ နင် ဘာမှကို မမှတ်မိတော့ဘူးလား ကောင်မလေး .. ဟင်၊ ဟိုလေ .. ဒီဒဏ်ရာက ဘာဖြစ်လာတာလဲ ..၊ ဒါမှမဟုတ် အရင်တုန်းက နေထိုင်ခဲ့တဲ့နေရာမျိုး၊ ပုံရိပ်တစ်ခုခု .. ဒါမှမဟုတ်ရင်လည်း ရင်းနှီးခဲ့ဖူးတဲ့ လူတွေရဲ့အသံ .. ပုံပန်းသဏ္ဌာန် စသဖြင့်ပေါ့ .."

ကောင်မလေးက ထမင်းတစ်ဇွန်း ခပ်စားရင်း ချက်ချင်း ခေါင်းခါသည်။ ပြီးမှ စဉ်းစားနေသလိုမျိုး ထမင်းတွေထဲမှာ ဇွန်းပြန်ထည့်၍ တစ်လုတ်စာ ထမင်းပုံလေး ဖြစ်အောင် နှေးကွေးစွာ လှုပ်ရှားနေခဲ့၏။

မသိမ့် က ဘာမှ ထပ်မမေးဘဲ အသာလေး ကြည့်နေလိုက်သည်။ သုခ ကတော့ လူကြီးတွေ ပြောနေကြတာကို စိတ်မဝင်စားသလိုမျိုး ထမင်းကိုသာ အာရုံစိုက် စားနေကာ စားသောက်ပုံချင်းက ကောင်မလေးနဲ့ တခြားစီပါ ..။

မသိမ့် သတိထားမိနေတာက ကောင်မလေးရဲ့ စားသောက်





ကိုင်တွယ်ပုံလေးတွေမှာ သိမ်မွေ့မှုတွေ ရှိနေခြင်းပဲ ဖြစ်သည်။

ဒေါသတွေ ထွက် .. အော်ဟစ်ပြောဆိုနေတုန်း ထမင်းစားရင်တောင်မှ အသံမြည်တာ .. ဖိတ်စင်ပေကျံတာ ဘယ်တော့မှ မဖြစ်..။

"မမ ထမင်းစားလေ .."

သူ မော့ကြည့်လိုက်သည့်အချိန်မှာ ကောင်မလေးက ထမင်းကို မွှေနှောက်နေဆဲမို့ သုခ က ဟင်းပန်းကန်ကို ထပ်တိုးပေးရင်း တိုက်တွန်း၏။ ကောင်မလေးက ဘာကို ခေါင်းခါမှန်း မသိဘဲ ဆက်လက်ငြိမ်ကျနေပြီးမှ ...

"ကျွန်မ အိပ်ပျော်နေတုန်းက အိပ်မက် မက်တယ် .."

"ဟုတ်လား .. ဘာတဲ့လဲ ..၊ အိပ်မက်ထဲမှာဆို နင် သိခဲ့ဖူးတဲ့လူတွေ ပါမှာ သေချာတယ်"

မသိမ့် အားတက်သရော မေးပေမယ့် ကောင်မလေးက တွေးဆငေးငိုင်နေဆဲ မျက်နှာလေးနှင့် ...

"လူတွေ အများကြီးပဲ .."

"ဟင်!..."

"ရေတွေရောပဲ .."

"ရေတွေ .. ဘာရေတွေလဲ ..၊ ပင်လယ်ပြင်ကြီးလား .. မြစ်လား၊ ငါတို့ရွာနောက်က ချောင်းလိုမျိုးလား .."

"ချောင်း ထင်တယ် .."

"ဒါဆို နင် ရေထဲက မျောလာတာ သေချာပါပြီ၊ ဘာတွေ ဖြစ်လာလဲ မှတ်မိသေးလား .. ပုံရိပ်တွေဘာတွေ .."

"ပုံရိပ်တွေ တွေ့တယ်"

"ဟင်!..."

"ဘယ်သူတွေမှန်း မသိဘူး .."

ဝေးပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



မသိမ့် ပင့်သက်လေး ရှိုက်၏။ ကောင်မလေးက ထမင်းတစ်ဇွန်း ခပ်စားလိုက်ပြီး စဉ်းစားနေပြန်ကာ ...

"ကျွန်မ အိပ်မက်ထဲမှာ ချောင်းရေက ဒီလို မဟုတ်ဘူး .. ကြည်စိမ်းနေတာပဲ"

"ဟုတ်လား .."

"ပြီးတော့ .."

ကောင်မလေး စဉ်းစားနေတာကို ထမင်းစားပြီးသွားသည့် သုခလည်း စိတ်ဝင်တစား နားထောင်နေ၏။

နှစ်ပေမီးချောင်းလေးရဲ့အောက်မှာ ကောင်မလေးရဲ့ မျက်နှာ ဖြူနုနုလေးက မျက်ခုံး၊ မျက်လုံး ဘာမှထင်းနေတာ မရှိပေမယ့် ဆံနွယ်နက်နက်လေးတွေ ဖြန့်လျက်သားနှင့် နုမှုန်နေ၏။

မျက်နှာလေးက ဖျော့နေမှန်း သိသာလေ နှုတ်ခမ်းသားလေးတွေက စိုရဲနေတာ ပေါ်လွင်လေ ..၊

"စဉ်းစားကြည့်ပါဦး .. ပြီးတော့ ဘာဖြစ်လဲ .."

"ပြီးတော့ .. တောင်ကြီးတွေရယ် ..၊ တောင်ပေါ်မှာ ဘုရား .. စေတီ ထင်တယ် .."

"တောင်ပေါ်မှာ စေတီ .."

"အင်း .. အဲဒီမှာ ကျွန်မ ရှိနေသလိုပဲ ..၊ နောက်ပြီးတော့ .."

စဉ်းစားသလို မော့နေသည့် မျက်နှာလေးက မဲ့ခနဲ ဖြစ်သွားကာ ကိုင်ထားသည့်ဇွန်းကို ချလိုက်ပြီး နားထင်ကို ဖိထောက်ထားလျက်...

"ခေါင်းတွေ ကိုက်လိုက်တာ .."

"ဟုတ်လား .. ဒါဆို နေနေ .. မစဉ်းစားနဲ့တော့၊ ညနေက ခေါင်းကိုက်ထားတော့ ပြန်ပေါ်လာတာ ဖြစ်မယ်၊ ထမင်းလေးတော့ ကုန်အောင် စားလိုက်ပါဦး .."

"မစားချင်တော့ဘူး မမသိမ့် .."





ဒီညနေကစပြီး ကောင်မလေး ရွာကျယ်ကျယ် ..၊ သွက်လက်နေတတ်တဲ့ပုံစံလေး တစ်မျိုး ဖြစ်သွားသလိုပင် ..။

နေမကောင်းလို့ပဲလို့ တွက်ခဲ့ပေမယ့် အိပ်မက်တွေဘာတွေ ပြောဖော်ရလာသဖြင့် မသိမ့် ဝမ်းသာနေမိသည်။

"အင်း .. ငါ့ဘာသာပဲ စမ်းချောင်းရယ် .. တောင်တွေရယ် .. တောင်ပေါ်စေတီရယ် ..၊ အဲဒါတွေ ရှိတာ ဘယ်နေရာ ဖြစ်နိုင်သလဲ..၊ ကိုကျော့် ကို ပြန်မေးကြည့်လိုက်မယ်၊ ဖြစ်နိုင်တာကတော့ နှင် အဲဒီကနေ ဒီကို .."

မသိမ့် စကားရပ်သွားကာ သူမဘာသာ တစ်ခုခုကို သတိရသွားသလို မျက်လုံးတွေ ပြူးလာပြီး ...

"ရွှေစက်တော်ဘုရား .. ဟုတ်တယ် ..၊ နှင်တို့တွေ ဒီကို စုပြုံရောက်လာတဲ့ရက်ပိုင်းက ရွှေစက်တော်ဘုရားမှာ မန်းချောင်းက ရေတွေ လျှံတာ .. ပြီးတော့ မိုးကြီးပြီး တောင်ပေါ်ရေတွေ ကျတာလေ..၊ မြစ်ရေတွေထဲမှာတောင် အဲဒီက အပျက်အစီး အပိုင်းအစတွေ ပါလာသေးတယ်၊ နှင် ပြောတဲ့ ချောင်းက စမ်းချောင်း မဟုတ်ဘူး၊ အဲဒါ မန်းချောင်း .."

"မန်းချောင်း .. ရွှေစက်တော်ဘုရား .."

သူမ သွားခဲ့သည်လား ..၊ မသွားခဲ့ဘူးလား ..။ အိပ်မက်ထဲက တကယ်ပဲ ရွှေစက်တော်ဘုရားလား ..။

ဒါဆို သူမက ဘယ်ကလာတဲ့ ဘယ်လိုလူလဲ ..။

စဉ်းစားလေ .. မေးခွန်းတွေ ထွက်လာလေ ..။ ခေါင်းထဲမှာလည်း အုံခဲ ကျပ်သိပ်လာသလိုကြီး ခံရခက်နေ၏။

"ကဲ .. ကဲ .. ဒီလောက်ပေါ်လာရင် ဒီမှာပဲ ခဏရပ်ထားလိုက်ဦး၊ နောက်တော့ တိုက်ဆိုင်ရင် ပေါ်လာမှာပါ၊ အခု နှင် ဘာမှသိပ်မသိသိကိုချမ်း ရယ် ..၊ ငါတို့လင်မယားရယ် .. ပြီးတော့ ပတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း နင်တို့ကို ချစ်ကြတာပဲ၊ ဘာမှကို ပူစရာ မလိုဘူး၊ ခုလည်း အရမ်း မချွေတာပါနဲ့ဟယ် ..၊ သုခ ရော ကြားလား .."

ကောင်မလေးကို ပြောရင်း သုခ ဘက် လှည့်၍ ...

"နင်က ချောင်းစပ်မှာ ကြွက်ထောင် ဖားရိုက်နဲ့ ဘယ်လိုစားစား ဖြစ်တယ်၊ ကောင်မလေးက သူ့တစ်ယောက်စာနဲ့တော့ အကုန်မခံတော့ဘူးဆိုပြီး ဘာမှ မဝယ် မချက်တော့ဘူး၊ ထမင်းလည်း စားရော ကန်စွန်းရွက်ကြော်နဲ့ချည်းပဲ"

"သားက မမကို ဝယ်ချက်ဖို့ ပြောပါတယ်၊ သား ဖားသားလည်း ချက်တတ်တယ်၊ မမက မချက်တာ .."

မသိမ့် က ကောင်မလေးဘက် ပြန်လှည့်သွားကာ ...

"နင်ကဲ ချမ်း ပိုက်ဆံရအောင် အလုပ်သွားလုပ်ရှာတယ်ဆိုပြီး ပိုက်ဆံရှိနေရင် အလုပ်မလုပ်ရတော့ဘူး ထင်တာ၊ တကယ်တော့ ယောကျ်ားဆိုတာ ဆင်းရဲသားဖြစ်ဖြစ် .. သူဌေးဖြစ်ဖြစ် ဘယ်သူမှ ငုတ်တုတ်ထိုင်ပြီး ပျင်းနေလို့ မရဘူး ..၊ ကိုယ့်မှာ မိဘ အမွေအနှစ်ရှိလို့ ထိုင်စားနေနိုင်ရင်တောင် ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုံ့ချမှာပဲ၊ သားသမီးဝတ် ဆိုတာ ရှိတာကိုး .."

ကောင်မလေးက မျက်တောင်မခတ်ဘဲ ငေးကြည့်နေ၏။ မျက်နှာလေးက သနားစဖွယ်ပါ ..။

"ချမ်း ပြန်လာရင်လည်း သူ ထားခဲ့တဲ့ ပိုက်ဆံတွေကို သုံးမထားတာမြင်ရင် ဝမ်းသာသွားမယ် ထင်လို့လား ..၊ သူက ငါတို့လင်မယား ကိုတောင် မှာခဲ့သေးတာ၊ လိုတာ အားလုံး ချေးငှားထားပါတဲ့၊ သူ ပြန်လာရင် ဆပ်မယ်တဲ့ .."

"ပိုက်ဆံ ချေးရမယ် .."

"ဩော် .. သူက ကြာမှာလား .. မြန်မှာလား .. မသိဘူးလေ၊ သူ့ပိုက်ဆံတွေ အများကြီး ထားခဲ့တာ ငါတို့လည်း သိနေတာပဲ၊ ဒါပေ





မယ့် စိတ်ပူလို့ မှာခဲ့တာပေါ့"

စိတ်မနှံ့ရှာသူနဲ့ ကလေးငယ်လေးမို့ ကောင်မလေးလက်ထဲကို ပိုက်ဆံ သိပ်မထားခဲ့ဘဲ သူ့တို့ဆီမှာ အားလုံး အပ်ထားခဲ့တာပါ။

ထို့ကြောင့် ကိုယ်က ထုတ်ပေးရမယ့်ဝတ္တရားရှိလို့ နေ့တိုင်း အချိန်တိုင်း လာလာကြည့်ရသည်။ ကြည့်လိုက်တိုင်း ပေးခဲ့တယ်ဆိုသည့် ပိုက်ဆံလေးက ကုန်ပြီဆိုတာ မရှိ ..။

"ချမ်း က ဘယ်တော့ ပြန်လာမှာလဲဟင် .."

တွေ့လား ..၊

သူမအတွက် အချိန်တိုင်း အရေးကြီးတာ ချမ်း တစ်ယောက်တည်း ..။

"သူ ပြန်လာလည်း ဒီတစ်ခေါက်ကတော့ နင်တို့ကို ခေါ်သွားနိုင်ဦးမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နင်တို့ ပါသွားရင် နင်တို့နှစ်ယောက်ကို ကြည့်မယ့်လူက လိုပြီလေ၊ ရန်ကုန်မှာက တို့တောမှာလို ပတ်ဝန်းကျင်ကို အားကိုးနေလို့ မရဘူး၊ အဲဒါကြောင့် ငါတို့လင်မယားလည်း နင်တို့အတွက် တောင်ကို စဉ်းစားနေကြပါတယ်၊ ဖြစ်နိုင်ရင် အတူတူ လိုက်နေပေးနိုင်အောင်ပေါ့ .."

"ဒါဆို မမသိမ့် တို့ပါမှ ကျွန်မတို့က ချမ်း နဲ့ လိုက်ရမှာပေါ့"

"အခြေအနေကတော့ ဒီတိုင်း ဖြစ်နေတာလေ၊ ဒါမှမဟုတ်ရင်လည်း သူ့အလုပ်ကို ဆက်မလုပ်ရုံပဲ"

"သူက ဘာသွားသွားလုပ်နေတာလဲ"

"သူဌေးအိမ်မှာ ကားသွားမောင်းတာ"

"ဒီမှာလည်း မောင်းလို့ ရတာပဲ"

"ဝင်ငွေချင်း မတူဘူး၊ လူနေမှုအဆင့်အတန်းလည်း ကွာတာပေါ့ဟာ ..၊ မြို့မှာက ဘယ်အလုပ်နဲ့ပဲဖြစ်ဖြစ် အစရှိသွားပြီးရင် နောက်ထပ် ကိုယ် အမြင်ကျယ်သလို လှမ်းလို့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး သိပ်နားလည်မှာ မဟုတ်ပေမယ့် သေချာ ရှင်းပြမိသည်။

"ဘာပဲဖြစ်ဖြစ် အခြေအနေပေးလာတာနဲ့ လိုက်သွားရမှာပဲ လေ... နင်က ကလေးလို ဖြစ်မနေနဲ့တော့ ...၊ အခု တခွေခွေဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် မသိပေမယ့် အဲဒါ လွမ်းဖျားဖျားတာ သိရဲ့လား...၊ တလေးငယ်ငယ်လေးတွေ မအေနဲ့ ခွဲရှုရင် ဖျားကြသလိုမျိုး .."

"လွမ်းဖျားဆိုတာ ရှိလို့လားဟင် ...၊ ကျွန်မက ကိုယ်မှ မပူတာ"

မသိမ့် က ပန်းကန်တွေ ပြန်သိမ်းနေရင်း ရယ်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ် ညိတ်၍ ...

"ဟုတ်ပါပြီ ..၊ ကဲ .. လွမ်းဖျားဖျားရင်လည်း ညည်းရဲ့ ကိုချမ်းလာမှပဲ ကုပေးလိမ့်မယ်၊ ကျုပ်တို့တော့ အဲဒီရောဂါကို မကုတတ်ဘူး"

ပြောပြီး နေရာမှ ထရပ်လိုက်ကာ ထဘီတစ်ချက်ပြင်ဝတ်ပြီးမှ ပန်းကန်တွေထည့်ထားသည့်ဗန်းကို ပြန်ကောက်ယူကာ ...

"ပါရမီထူးတဲ့ လူတွေများနော် ...၊ တကယ်ပါပဲ .."

ပြောချင်သည့်စကားကို မရောက်ခင် ဒီမှာတင်ရပ်၍ လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ စကားတွေ ရှေ့ဆက်လို့ပါ။

ကောင်မလေးတို့ ရှူးနေတာတောင် စောင့်ရှောက်မယ့် ပတ်ဝန်းကျင်နဲ့ ချစ်မယ့်လူနဲ့ နည်းတဲ့ဘုန်းကံလား ...။

မြင်တဲ့လူတိုင်းက ချစ် ...၊ ချစ်ပြီးတဲ့လူတွေက ကူညီချင်ကြ၏။

တကယ်ကို ပြည့်စုံချမ်းသာ၍ ခံ့ဘာရာ ဝေးကွာစေသူ ...။





## အခန်း (၂၄)

"မြေး ဘယ်တွေ သွားနေတာလဲ .."

"လေးလေးထွန်း နဲ့ ကြေးအိုးသွားသောက်တာပါ"

"ညကြီးအချိန်မတော်ကွယ် .."

"ညကြီး ဘာဖြစ်လဲ ဘွားရယ် ...၊ ကိုယ့်ဦးလေးနဲ့ သွားတာပဲ"

ဒေါ်သစ္စာညို မျက်နှာပျက်ပျက်နှင့် ပါးစပ် ပြန်ပိတ်လိုက်ရသည်။ သူမ စကားမှားသွားပြီမှန်းလည်း သိလိုက်သည်။

ဒီစကားကို သက်ထွန်း ကြားသွားလျှင် ရှင်းရမှာ လွယ်မှာမဟုတ်။ ဒါပေမယ့် ရင်ထဲမှာ စူးခနဲ ပူလောင်သွားတာက ဒီစကားအတွက် ရှင်းရမှာကြောက်လို့ မဟုတ်ပါ ...။

မြေးလေးရဲ့ အေးစက်စက် မသိတတ်သလို တုံ့ပြန်မှုတွေကြောင့် မခံစားနိုင် ...။

ဒီအိမ်မှာ ဘာတွေ ဘယ်လိုဖြစ်နေပါတယ်ဆိုတာ အရိပ်အမြွက်တော့ ပြောပြထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် မြေး ဘာဖြစ်လို့ အတွားဖြစ်သူအပေါ် မနွေးထွေးရတာလဲ ..။

ကိုယ့်မှာ မမြင်နိုင် ..၊ မကြည့်နိုင် ..။ ပြောချင်တာတွေလည်း ပြောခွင့်မရ ..၊ လုပ်ချင်တာတွေလည်း ဘာတစ်ခုမှ အထမမြောက်နိုင် ..။

တကယ်ဆို ကိုယ့်အဘွားနဲ့ ကိုယ် အရင်းအချာ ဒီနှစ်ယောက်ပဲ ရှိတာ မနွေးထွေးသင့်ဘူးလား ..၊

"ရော့ .. ဘွားအတွက် သမီး ဝယ်လာတာ"

ဘေးမှာ အိခနဲ ထိုင်ချလိုက်တာ စူးရှသည့် ရေမွှေးနံ့က ကြိုင်လှိုင်သွားသည်။ ပြီးတော့ လက်ထဲကို ရောက်လာတာ မာကျောသည့် စတီးလုံးလေး တစ်ခု ..။

"အဲဒါ ဘွား ပုတီးစိပ်ဖို့လေ..၊ မျက်လုံးမမြင်ရပေမယ့် သူ အသံပေးနေတော့ ကိုယ့်ရဲ့ပုတီးအပတ်ရေကို သိနေတယ်၊ ပုတီးတစ်လုံးကျသွားတိုင်း ကြားရတဲ့အသံမျိုး ညက်ညက်လေး ပေးနေမယ် ..၊ မကောင်းဘူးလား .."

စားသောက်ဖို့ သွားတာတောင် ကိုယ့်အတွက် ဝယ်လာသည်ဆိုတော့ ရင်ထဲမှာ ကြည်နူးသွားမိသည်။

သို့သော် ...

"ဘွားရဲ့အသက်အရွယ်က ပုတီးလေးစိပ်ပြီး ငြိမ်းငြိမ်းချမ်းချမ်း နေရမှာလေ..၊ အဲဒါကြောင့် ရင်ထဲမှာ ဘာပူပင်သောကမှ မထားနဲ့.."

ရင်ထဲမှာ အောင့်သက်သက်ကြီး ကျန်ရစ်၏။ ကြည်နူးသွားမိသမျှတို့ ပျောက်ရှကုန်ခဲ့ပြီး ...

"ဘွားက စက်နဲ့ ပုတီးစိပ်ရတာကို မကြိုက်ပါဘူး မြေးရယ်..၊ ပုတီးစိပ် နားနေတဲ့အခါ ပုတီးကို လက်ကောက်ဝတ်မှာ ရစ်ပတ်ထားရတာလေးကိုလည်း ကျေနပ်တယ်"





"ဒါပေမယ့် ဘွားမှာ လက်ကောက်တွေ .. ဆွဲကြိုးတွေကို မစွန့်နိုင်သေးဘူးလေ ..၊ ပုတီးထပ်ပတ်လိုက်တော့ ရှုပ်ကုန်တာပေါ့ .."

"ရှုပ်တော့ ရှုပ်တယ် .. ဒါပေမယ့် စည်းစိမ်ဥစ္စာကို စွန့်ပြီး တောရိပ်ခိုနိုင်တဲ့ထိ တဏှာကို မပယ်နိုင်သေးဘူးလေ၊ ဒါကလည်း ဘွားက မက်မောလွန်းလို့ မဟုတ်ပါဘူး၊ 'ဒဏ္ဍာရီ'စံအိမ်ကြီးရဲ့ အရှင်သခင်အဖြစ် ဘွား ရပ်တည်နေရဦးမယ်၊ မြေးလေးရဲ့နောင်ရေး စိတ်အေးရတဲ့အထိ စီစဉ်ပေးစရာတွေလည်း ရှိသေးတယ် .."

"ဟင်!... ဘွားက သမီးကို ယောကျ်ားပေးစားဦးမှာလား"

"အင်း .. မပေးစားချင်သေးပါဘူး၊ ဒါပေမယ့် လက်ထပ်ပေးလိုက်မှပဲ ကိုယ့်အိမ်ထောင်ရေးနဲ့ ကိုယ် အခြေတကျ စိတ်အေးရမှာလေ၊ လောလောဆယ်တော့ ဒါက ဒုတိယ အစီအစဉ်ပါ"

"ပထမအစီအစဉ်က ဘာလဲ ဘွား .."

"မြေးကို အမွေတွေ လွှဲပေးဖို့ .."

"အဲဒါက ဘာလုပ်ဖို့လဲ ဘွားရဲ့ ..၊ ခုတောင်မှ သမီးကို ဘွား ဘယ်မှ သွားတာမကြိုက် .. ဘာလုပ်လုပ် စိတ်ပူနေတာ၊ အမွေတွေ လွှဲပြီးရင် သမီး နေစရာတောင်ရှိမှာ မဟုတ်တော့ဘူး"

ဒေါသစွာသို မျက်နှာမှာ ချစ်မြတ်နိုးသည့်အပြုံးတွေ ဖြစ်သွားခဲ့လျက် ရီလေး ရဲ့ ခေါင်းလေးကို စမ်းပြီး ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်၏။

"မြေးရယ် .. ဘွားက နေ့ သေမလား မသိ ..၊ ည သေမလား မသိ၊ ဒါတွေ မြေးကို မလွှဲလိုက်ရဘဲ တစ်ခုခု ဖြစ်သွားခဲ့ရင်တောင် ကျွတ်လွတ်မယ် မထင်ဘူး"

"တွေ့လား .. အဲဒါကြောင့် ဘွားကို ပုတီးစိပ်ပြီး အေးအေး နေပါလို့ ပြောတာ .."

လောဘသဏ္ဍာယနည်းလိုက်တဲ့ မြေးလေးပါလား ..၊ လူ့သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



လောကအကြောင်းလည်း ဘာမှ စိတ်ဝင်စားပုံ မပေါ် ..။

"ဘွားကလည်း မြေးလေးကို အဲဒါတွေကြောင့် စိတ်မချတာပဲ၊ မပြောကောင်းပေမယ့် မြေးရဲ့ဖေဖေ စိတ်ကောင်းလေးဝင်ပြီး မြေးကို ခုလို ပြန်လာနေခွင့်ပေးတာကိုပဲ ငါ့မြေးလေး ဘယ်တော့မှ ပြန်မသွားတော့ဘူးဆို ကောင်းမှာလို့ ဘွား ဆုတောင်းမိတယ်၊ မိဘရှိနေသားနဲ့ သားသမီးက မိဘဆီကိုပဲ ပြန်မှာပေါ့လေ၊ မိဘ မရှိတော့ရင်သာ .."

စကားကို ရှေ့မဆက်ဘဲ ဘွား က မလုံမလဲ ပြုံးလိုက်ပြီး ...

"မြေးရဲ့ဖေဖေကို ဘွားက ဟိုလိုဒီလို ဆုတောင်းတာ မဟုတ်ပါဘူး၊ အဲဒီလိုပုံစံ ဖြစ်သွားလားဆိုပြီး ငရဲကြောက်သွားတာ၊ ဘွား ခုလို ဖြစ်နေတုန်း မြေးလေးသာ ပြန်ရောက်မလာရင် မလုံခြုံတော့တဲ့ ဟောဒီ စံအိမ်ကြီးထဲမှာ .."

"သမီး ရောက်လာတော့ လုံခြုံသွားပြီလား .."

"မဟုတ်ဘူး မြေးရဲ့ .. ဆက်ခံပိုင်ဆိုင်မယ့်သူအစစ် ရောက်လာတာမျိုးပေါ့ .."

ရီလေး မျက်နှာ ပျက်သွားတာကို ဒေါ်သစ္စာညို မသိပါ။

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစကားမျိုးတွေကို လေးလေးထွန်း မကြားသင့်ပေမယ့် နောက်မှာ ရောက်နေပြီဆိုတာ ရှိုးကေ့စ်မှန်ထဲမှာ မြင်နေရလို့ ..။

"မြေး ရသင့်တာတွေ မြေးကိုပဲ လွှဲပေးချင်တယ်၊ မြေးလေး ပိုင်သွားပြီဆိုရင်တော့ ဘွား ပြောခွင့်မရှိခဲ့တဲ့စကားတွေ ပြောလို့ရပြီ၊ ဘွား လွတ်လပ်သလိုလည်း နေနိုင်ပြီ၊ သေမယ်ဆိုရင်တောင် သေစမ်းပါစေ .."

"ဒါဆို ပစ္စည်းတွေနဲ့ သမီးကိုတော့ ဘာအန္တရာယ်ဖြစ်ဖြစ်လို့ ပြောလိုက်တာလား ..၊ ဘွားနော် .. အဲဒါတွေ သိရလို့ ဝိုပြီး မလိုချင်ဘူး၊ အမွေလွှဲဖို့တွေ တအား လောမနေနဲ့ .."





ဦးသက်ထွန်း ဘာမှမကြားချင်တော့သဖြင့် နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

အမွေတွေ ရီလေး ပိုင်ပြီဆိုရင် ပြောခွင့်မရှိခဲ့တဲ့ စကားတွေ ပြောတော့မယ်ဆိုပါလား ..၊

သေမယ်ဆိုရင်တောင် .. သေပါစေ .. တဲ့ ..။

ဟွန်း ..၊

အလိုရှိတိုင်း .. တောင့်တတိုင်း ပြည့်ဝပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အဟာမ်း .. အဟာမ်း .. ဒီမှာ .."

ဘောင်းဘီ လှမ်းယူပြီး ဇီရိုကို ပြန်ပိတ်လိုက်တာနှင့် နောက်က အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိ၏။ တံခါးက ခပ်ဟာဟာ ဖွင့်နေလျက် ..၊ ထိုရှေ့မှာ ရီလေး ..။

"ဘာကိစ္စရှိလို့လဲ .."

"အံမယ် .. ယူ့မေးပုံက ရင့်လှချေလား .."

"မင်း အဲဒီတံခါးကို တွန်းမဖွင့်လိုက်ဘဲ အပြင်က အသံပေးရင်တော့ ငါ့မေးခွန်းက ဒီလို ဟုတ်ချင်မှ ဟုတ်မှာ .."

ဘောင်းဘီကို အိပ်ရာပေါ် ပစ်တင်လိုက်ကာ အပေါ်ပိုင်း ကိုယ်ဗလာနှင့် ဒီတိုင်းပဲ ရှေ့ကို လျှောက်လာပြီး တံခါးနားကျမှ ...

"အဘွား ခေါ်ခိုင်းလို့လား .."

ပြန်မဖြေဘဲ ရီလေး က လက်ပိုက်ပစ်လိုက်ပြီး မဲ့သည်။ ပြီးတော့ မှုဆိုးကို ရင်ဝထိ တိုတိုတုတ်တုတ် ဝတ်ထားသည့်ပုံကို စုန်ချီဆန်ချီ ကြည့်၏။





ယောက်ျားပီသသည့် နက်ကျောသော မွေးညှင်းတို့ကို ရင်အုံနဲ့ ခြေသလုံးတွေမှာ မြင်နေရလျက် ..၊ ခြေ လက် မျက်နှာတွေထက် အတွင်းသားတွေ ဖြူဝင်းနေတာကိုပါ သတိထားမိပြန်သည်။

ကြည့်လို့ကောင်းလို့ ကြည့်နေတာမှန်း မရိပ်မိအောင် နှုတ်ခမ်းမဲ့ မျက်ကြောစင်း၍ ကဲ့ရဲ့ချင်သလို ပုံဖမ်းထားရပေမယ့် မျက်လုံးတွေကို ရုတ်တရက် ခွာမရတော့ .. သူ့ဆီက လှောင်ရယ်သံသဲ့သဲ့သည် ...

"ဟွန်း .. လက်စသတ်တော့ ရေချိုးပြီးစ ငါ ဘယ်လောက်ချောသလဲ လာပြေးကြည့်တာကိုး .."

"အို!..."

"ဘယ်လိုလဲ .. အဆင်ပြေမလား .."

"ယူနော် .."

"မယူချင်ပါဘူး ..၊ လူချမ်းသာ ဆိုတဲ့ကောင်က ပေးတိုင်းယူဖို့ ဝါသနာကို မပါတာ .."

အနီရဲရဲ ပခုံးချိတ်ကိုယ်ကျပ်လေးက ဒူးမထိတထိပဲရှိကာ ရီလေးရဲ့ ပေါ်လွင်နေသော ဖြူဝင်းသည့်အသားစိုင်လေးတွေက အကျီနဲ့ အပြိုင် အနီရောင်သမ်းသွား၏။

"ဒီမှာ ဝါသနာမပါရင်လည်း မှတ်ထားသင့်တာကိုတော့ မေ့လို့မရဘူး၊ နံပါတ်တစ်က အဘွားကို ယူ့က အဘွားလို့လိုက်ခေါ်ဖို့ မလိုဘူး၊ နံပါတ်နှစ်က ဘယ်အချိန်ဖြစ်ဖြစ် ဘဲလ်သံကြားတာနဲ့ ယူနီဖောင်းဝတ်ပြီးသား ဖြစ်နေရမယ့် စစ်သားတွေလို ရှင့်အခန်းရှေ့မှာ လူ ရပ်လိုက်တာနဲ့ ဟန်ကြီးပန်ကြီးတွေမမေးဘဲ ကားသော့ကိုင်ပြီးသား ဖြစ်နေရမယ် .."

"ဟွန်း .. နံပါတ်တစ် ငါက စစ်သား မဟုတ်ဘူး၊ နံပါတ်နှစ် အသက်ကြီးသူကို ဂါရဝေါစတရားနဲ့ ဆက်ဆံတာ သခင်လိုသဘောမထားနိုင်ဘူး .."


www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ယူ့ အခွင့်အရေး ယူလွန်းတာ ..၊ ယူနဲ့ ဘွားတို့ ဘယ်လိုတွေ ဆေးယူနေကြတာ ဒီက မသိဘူးမှတ်လို့လား ..၊ လစာတွေ နှင့်လောက်အောင် ပေးပြီး ဘာအတွက် ခေါ်ထားတာလဲ၊ ယူ့ ဘာလုပ် ရမှာလဲ ..၊ ကိုယ့်ကိုယ်ကိုယ် နားလည်နေရင် တာဝန်ကျေနိုင်အောင် ကြိုးစား .."

"ပြောပါဦး .. မင်း သိတယ်ဆိုရင် .. ဘာတာဝန်လဲ .."

ချမ်းသာ ခါးထောက်၍ တည့်တည့်ကြည့် မေးသည်။ ဒီမှာ ဘာလာလုပ်နေရတာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မေ့မေ့နေလို့ ခက်သည်။

အဘွားဖြစ်သူက မြေးရဲ့လုံခြုံရေးလို့ ဆိုသည် ..၊ ဒီလူနဲ့ အတူ ရှိနေချိန်တိုင်း ဂရုစိုက် စောင့်ရှောက်ပေးပါလို့ တရရ မှာ၏။ မြေးက မြင်လိုက်ရတိုင်း ဒီလူ့ဘေးမှာပဲ တကပ်ကပ် ..။

အမွေဆိုင် ရှုပ်ထွေးသည့် အိမ်ကြီးတစ်အိမ်ထဲက မျက်မမြင် သက်ကြီးရွယ်အိုတစ်ယောက်၏ ပူလောင်သောကကို စာနာခဲ့တုန်းက သူ တကယ် ကူညီတော့မယ်လို့ စိတ်ရောကိုယ်ပါ ဆုံးဖြတ်ခဲ့တာပါ ..။

ဒါပေမယ့် ဘယ်မှာ လိုအပ်နေလို့လဲ ..၊ မြင်နေတဲ့အတိုင်း ပြောရမယ်ဆို .. သံသယရှိနေပါသည်ဆိုသော ဦးသက်ထွန်း က နေထိုင်သွားလာတာ အချိန်အခါနဲ့ စည်းနဲ့ကမ်းနဲ့ ..။

သူ့အလုပ်သူ အာရုံစိုက်၍ အိမ်တွင်းရေးတွေ ဘာဖြစ်နေနေ ဆိုတာမျိုး ..၊ ရီလေး ကတော့ ထွက်သွားပြီဆိုတာနဲ့ 'လေးလေးထွန်းရဲ့စက်ရုံကို မောင်း ..' ဆိုတာတွေ ..၊

"ကား ဒီမှာပဲ ရပ်တော့ ..၊ လေးလေးထွန်း ကို မုန့်ဝယ်ကျွေးခိုင်းမလို့" ဆိုပြီး လမ်းခုလတ်မှာ ဟို ရပ်ခိုင်း ..၊ ဒီမှာ ချခိုင်း ..။

အဘွားက မြေးဖြစ်သူကို စိုးရိမ်နေပေမယ့် သူကတော့ အဘွားကိုပဲ ပြန်သနားနေမိပါ၏။





"ဘွားက အနားမှာနေရင် တအားပွားတာ ..၊ လေးလေးထွန်း နဲ့ စကားပြောတာတောင် မကြိုက်ဘူး၊ တူဝရီးချင်းကို .." တဲ့ ..။

ကွယ်ရာမှာ မြေးကိုယ်တိုင်က ပြောင်ဖြင်တဲ့စကားသံတွေ ထွက်နေတာ ဘာမှမသိရှာ ..။

ရီလေး နဲ့ သူ မျက်လုံးချင်း စူးစိုက်ရင်း တစ်ယောက်တစ်မျိုးစီ အတွေးတွေ အုံ့ဖွဲ့ကာ ..၊ ခဏတစ်ဖြုတ် တိတ်ဆိတ်သွားခဲ့၏။

ရီလေး က သူ မေးတာကို ဖြေမည့်ပုံ မပေါ်ဘဲ မျက်နှာလေး ဆတ်ခနဲ လွှဲပစ်ကာ ...

"အခု .. ဘွား နေမကောင်းလို့ အိမ်ပေါ် ခဏလိုက်ခဲ့ .."

"နေဦး .."

ပြောပြီး ချက်ချင်း လှည့်ထွက်လိုက်သဖြင့် သူ တံခါးအဖြင့်ထိ တိုးသွားပြီး တားလိုက်ကာ ...

"ပြောစရာရှိတာ ချက်ချင်းမပြောဘဲ ဘာဖြစ်လို့ အပိုတွေ ပြောနေတာလဲ .."

"ယူက ဆီးကြိုလိုက်တာရော ပြောချင်စရာ ရှိလို့လား ..၊ အခု ပြောပြီးပြီ .. ချက်ချင်း လိုက်ခဲ့ .."

"မလိုက်နိုင်ဘူး"

"ဘာ!..."

ရီလေး ချာခနဲ ပြန်လှည့်သည်။ ချမ်း[illegible] က ခပ်တည်တည် ပြန်ကြည့်ကာ ...

"ကိုးနာရီထိုးတော့မယ် .. အဘွားရဲ့ကျန်းမာရေးက ဒီအချိန်ကြီးမှာ ဒရိုင်ဘာနဲ့ မဆိုင်ဘူး၊ တခြားလူကြီးတွေကို သွားပြောလိုက် .."

"လူကြီးတွေရှိရက်နဲ့ ယူ့ဆီကို အားကိုးတကြီး ပြေးလာတယ် များ ထင်နေလား၊ လေးလေးထွန်း က ခရီးသွားနေတယ် ..၊ ဦးခန့် က စက်ရုံမှာ ကိစ္စရှိလို့သွားတာ ပြန်မလာသေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အဘွားက ဘာဖြစ်လို့လဲ ..၊ ဆရာဝန် မခေါ်ဘူးလား .."

"ဘာမှမဖြစ်ဘူး ..၊ မခေါ်နဲ့ချည်းပဲ ပြောနေလို့ .."

သူ့ အင်္ကျီပြန်ဆွဲကာ လမ်းသွားရင်း ဒီတိုင်းပဲ ဖြစ်သလို လက်လျှို ဝတ်၍ ...

"မခေါ်နဲ့ဆိုရင်လည်း မလိုအပ်လို့ ဖြစ်မှာပေါ့၊ မင်းတို့အိမ်ကြီး ပေါ်ကို ညကြီးအချိန်မတော် ငါ မလိုက်ချင်ဘူး .. အလကားနေရင်း မလိုအပ်တဲ့စကားတွေ ပြောနေရမယ်"

"ယုန့်ကို ဘွားက အခွင့်အရေးပေးထားတာပဲ ..၊ လေးလေးထွန်း ကတောင် ပြောနေပြီ .."

"ကွယ်ရာမှာ ဘာပြောပြော .. ငါ ကြားရရင်တော့ ရှော့ခ်ရှိတယ်"

အလုပ်ရှင်ကို ကြိမ်းဝါးနေသည့် ဒရိုင်ဘာမျိုး ဒီတစ်ခါပဲ တွေ့ဖူး ပါသေးသည်။ သူ့နောက်က လျှောက်လိုက်ခဲ့ရင်း ပုဆိုးကို သပ်သပ်ရပ်ရပ် ပြန်ချဝတ်လိုက်တာလည်း မြင်နေရသည်။

ပြီးတော့ ပုဆိုးစနှင့်မျက်ကို ပြန်ကိုင်ပြီး ခြေလှမ်းကျဲများနှင့် ဝင်သွားတာလည်း ကြည့်ကောင်းနေ၏။

ဒီည ဘွား နေမကောင်းဘူးဆိုသည့်အဖြစ်ကိုပဲ ကျေးဇူးတင်ရ တော့မလိုလို ..။

"ဘွား အစားမှားသွားလို့ မူးနေတာပါ .. မစိုးရိမ်ကြပါနဲ့၊ မြေး က ချမ်း ကို ဘာဖြစ်လို့ သွားခေါ်လာတာလဲကွယ် .."

"မီး ဘာမှမှ မလုပ်တတ်တာ ..၊ ဘွား ရဲ့ မယု တို့ကလည်း အနားမှာရှိနေပြီး စက်ရုပ်ကြီးတွေ ကျနေတာပဲ၊ လူကို ပြုစုတတ်ဖို့ နေနေသာသာ .. မခိုင်းရင် ဘာမှ မလုပ်ဘူး၊ မီးမှ ဘာမှ မသိတာ .. သူတို့ကို ဘာလုပ်ပေးပါလို့ ဘယ်လိုခိုင်းမလဲ .."

ရီလေး က စိတ်ညစ်နေသည့်မျက်နှာလေးနှင့် မလှမ်းမကမ်းမှာ ရပ်နေကြသည့် ယုန္တယ် တို့ကို အော်ငေါက်ထုတ်ပစ်၏။





ဒေါ်စာဉ က ထွက်သွားပြီး ယုန္တယ် က ခေါင်းငုံ့ ရပ်နေဆဲမို့...

"ပြောနေတာ ကြားရဲ့သားနဲ့ ဘာလုပ်နေတာလဲ၊ သွားစမ်းပါ.. ဝေးဝေးမှာ သွားနေ .."

"မြေးရယ် .."

"ပြောမှာပဲ ဘွားကလည်း ..၊ အဲဒီပုံစံကြီးတွေ မီး ကြည့်လို့ မရဘူး"

"လူဆိုတာ ယဉ်ကျေးသိမ်မွေ့မှု ရှိရတာပေါ့ မြေးရယ်..၊ အဟိတ် တိရစ္ဆာန်မှ မဟုတ်တာ .. ဟန်ဆောင်နိုင်ရတယ်၊ သည်းခံ ချိုသိပ် ရတယ် .."

"ဘွားက သမီးကို တိရစ္ဆာန်နဲ့ နှိုင်းတာလား .."

"မဟုတ်ဘူးလေ .. မြေးရဲ့ .."

"မသိဘူး .. ပုထုဇဉ်တစ်ယောက်မှာ ဒေါသ မောဟတွေ ရှိတာ ပဲ၊ သမီးက အရိယာပုဂ္ဂိုလ်မှ မဟုတ်တာ"

"မှန်ပါတယ် .. ဒါပေမယ့် ဒေါသရှိကြတာပဲဆိုပြီး ခွေးတစ် ကောင်က လာကိုက်ရင်တော့ ပြန်ဖက်မကိုက်ကြဘူးလေ၊ ဒေါသဖြစ် ခွင့်ရှိပေမယ့် ထိန်းချုပ်နိုင်စွမ်းလည်း ရှိရမှာပေါ့၊ ဘွားက မြေးလေး နူးညံ့သထက် နူးညံ့လာတာကိုပဲ လိုချင်တာ .."

နေမကောင်းတဲ့လူက ဒရင်းမ်ဘက်ဒ်ပေါ်မှာ လှဲနေပေမယ့် ကောင်းနေတဲ့လူကို ပြန်ပြီး တရားပြ ဆုံးမနေရတာနဲ့ပဲ မူးတာတွေ ပျောက်ကုန်ပြီလား မသိ ..။

လူကို လာခေါ်တယ်ဆိုတော့ အရေးကြီးလို့ပဲထင်ပြီး လိုက်ခဲ့ပြီး ကာမှ ကိုယ် ပါဝင်ရမယ့်အပိုင်း မဟုတ်တော့ သူ နောက်ပြန်ဆုတ်၍—

"အဘွား နေသာထိုင်သာ ရှိတယ်ဆိုရင် ကျွန်တော် သွားမယ် နော် .."

"ဘွား နေသာပါတယ်.. ဒါပေမယ့် ရောက်လာမှတော့ ထိုင်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



တွယ်၊ ကျန်းမာရေးကြောင့် မြေးက ပြေးခေါ်လာတော့ ကျေးဇူးတောင် တင်ရဦးမယ်၊ ဒီည ဘွားတို့ အေးအေး စကားပြောလို့ ရတယ် ..."

ခေါ်သစ္စာသို က ချမ်း ရောက်လာတဲ့အတွက် ပိုပြီး ကြည်ကြည် လင်လင် ဖြစ်လာသလိုရှိကာ ဒရင်းဘက်ဒ်ပေါ်ကနေ ခြေချ ထိုင်လိုက် ပြီး ...

"လူလေးရဲ့မိသားစုကို ရန်ကုန်ခေါ်ချင်လို့ ဆို ...၊ အဘွားကို မောင်ခန့် ပြောတယ် .."

"ဟုတ်တယ် အဘွား .. ဒါပေမယ့် .."

"ပြောပါ .. အဘွားတို့ ဘာလုပ်ပေးရမလဲ ..၊ ဒီမှာ လူလေး နေရတဲ့အခန်းလေးက ကျဉ်းတော့ .."

"မဟုတ်ပါဘူး ...၊ သူတို့ကိုခေါ်လည်း ဒီမှာ မထားပါဘူး၊ ကောင်မလေးက ဦးနှောက်သိပ်မကောင်းဘူး၊ အငယ်ကောင်လေးက လည်း အသက်လေးငယ်တော့ ဒီမှာ အနေမတတ် အပြောမတတ်တွေ ဖြစ်မှာစိုးတယ် .."

"ဩော် .. ယူ့ညီမက ရူးနေတာလား .."

ခေါ်သစ္စာသို ပြောသည့် ဆိုးမစကားတွေအပေါ် စိတ်အလိုမကျ ဖြစ်နေသည့် မျက်နှာက ချမ်း ရဲ့အကြောင်းကို ကြားလိုက်တော့ စူးစမ်း တက်ကြွခြင်းတွေ ပြောင်းလဲသွားလျက် ...

"မောင်နှမအရင်းတွေလည်း မဟုတ်ဘူးဆို .."

ချမ်း မျက်နှာ တင်းသွားသည်။ ဒါပေမယ့် ဘွား ရှေ့မှာတော့ မချေမငံပြောမှာ မဟုတ်ဘူးဆိုတာ သိနေသဖြင့် ရီလေး က မသိချင် ယောင် ဆောင်လိုက်၏။

"ယူက ကိုယ်တောင်မှ စားစရာမရှိဘဲနဲ့ ဘာလဲ ကယ်ဆယ်ရေး လုပ်နေတာလား ...၊ ရူးနေတဲ့မိန်းကလေးနဲ့လည်း နေတတ်တာပဲနော်.."

"မြေးလေး .."





"သမီးက သိချင်လို့ မေးနေတာ .. သူမှ မဖြေတာ .."

ခေါ်သစ္စာသို စိတ်ညစ်သွားမိသည်။

ဘယ်လိုဆိုးမနေနေ မြေးလေးရဲ့အယူအဆ ဟန်ပန်တွေက နူးညံ့ သည့်ဘက်ကို ပါမလာပါလား ...။

ဒီအကြောင်းတွေကလည်း မောင်ခန့် စုံစမ်းလာခဲ့တဲ့အကြောင်း... ကိုယ့်ကိုပဲ ပြန်ပြောခဲ့တာပါ။ မြေး ဘယ်လို သိနေခဲ့သလဲဆိုတာတော့ မသိ ...။

ချမ်း က ကောင်မလေးက ဦးနှောက်မကောင်းဘူးလို့ တစ်ခွန်း လေး ဟလိုက်တာနဲ့ ထွက်လာတဲ့မေးခွန်းတွေက စည်းမဲ့ကမ်းမဲ့ ...

"သူ့မှာလည်း အကျိုးအကြောင်းတွေ၊ ခံယူချက်တွေ ရှိမှာပေါ့ မြေးရယ် ...၊ မမေးသင့်တာတွေ မမေးနဲ့တော့နော် .."

"တွေ့လား .."

ဒီတစ်ခါ မကျေနပ်ခြင်းက အတိအကျ ဖြစ်သွားခဲ့သည်။ သူမ ဘာပြောပြော တန်ဖိုးမဲ့ကုန်အောင် ဘွား လုပ်နေတာလားလို့ တစ် ဆက်တည်း တွေးမိ၍ ...

"ဦးခန့် နဲ့ ဘွား ပြောနေကြတာတွေ သမီးလည်း ကြားတယ် လေ ...၊ အဲဒီ ရွာသားတွေကအစ သူတို့သုံးယောက်ကို ချစ်ခင် ဖေးမ ကြတယ်ဆိုတာတွေ၊ အခု သူက မြို့မှာ စီးပွားလာလုပ်ပြီး သူတို့ကို ခေါ်ဖို့ ကြိုးစားနေရတယ်၊ အဲဒါက သဘာဝကျလို့ မေးမိတာပါ၊ ကိုယ် နဲ့လည်း သွေးမတော် သားမစပ်၊ ကိုယ့်မှာလည်း အလုပ်အကိုင် မရှိ၊ စားဖို့က မပြည့်စုံ၊ ဒါကို စေတနာတွေ .."

"မြေး .."

ခေါ်သစ္စာသို ၏ ငေါက်ဆတ်ဆတ်သံကြောင့် ရီလေး ကလည်း ပြင်းရှသည့်အကြည့်တွေနှင့် ပြန်ကြည့်ကာ ...

"ရပါတယ် .. ဘာမှ ဝင်မမေးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ထရစ်ကာ ခြေသံထွက်ဖို့ မရှိသည့် ကတ္တီပါ ကော်ဇော ပေါ်မှာတောင် ဖနောင့်သံလေးမြည်သွားအောင် လျှောက်ထွက်သွား၏။

"အသွား တောင်းပန်ပါတယ် လူလေးရယ် .. မြေးလေးက နိုင်ငံ ခြားမှာ အနေကြာကြီး နေလာခဲ့တော့လေ ..၊ နောက်ပြီး သူ့အဖေက လည်း ဒီကို မပြန်ချင်အောင် အရမ်း အလိုလိုက်ထားတာ .."

"အဟွန်း .."

ရပါတယ်လို့ ပြောလိုက်တာမျိုး အသွား ကြားအောင် ရယ်လိုက် ရပေမယ့် မကျေနပ်ချင်သည့် ပါးစပ်ကတော့ ပြောမထွက်တော့တာ သေချာ၏။

ဘယ်လို မိန်းကလေးလဲ ..၊

'မျက်နှာမြင် ချစ်ခင်ပါစေ' ဆိုတဲ့ ပါရမီလည်း မရှိ၊ ဒါမှမဟုတ် သူတစ်ယောက်ကပဲ ခင်မင်စိတ်ဖြစ်လို့ မရတာလား ..။

ပြောလိုက်တဲ့ စကားတိုင်း ဘာအကြောင်းဖြစ်ဖြစ် သကာလို မချိုဘဲ တမာလို ခါးနေတာ ..၊ မျက်နှာချင်းတောင် မဆိုင်ချင် ..။

လှတော့ တော်တော်လှနေပြီ ..။ ဘာက ရုပ်ဆိုးနေတာလဲ ..၊ ဒါပေမယ့် ...

သူမကို ဂရုစိုက် စောင့်ရှောက်ရမယ့်သူက သူပဲ ဖြစ်နေခဲ့လျက်..၊





## အခန်း (၂၆)

"ကိုချမ်း .. အင်း .. ခေါ်လို့တော့ သိပ်မကောင်းဘူး၊ ဒါပေမယ့် နာမည်ဆိုတော့လည်း ခေါ်ရမှာပေါ့ ..၊ ဒီမှာ .. ယူ့ သူမျှားကို ဘယ်လို မြင်လဲ .."

ကားမောင်းနေသည့် ချမ်း က ဘာမှ ပြန်မဖြေ ..။

"ဘွားနဲ့ တူတူနေဖို့ ပြန်လာပေမယ့် ရီလေး ဘွားနဲ့ မနေတတ် ဘူး၊ အဲဒါကရော .. ဘယ်သူ မှားနေတာလဲ .."

သူ့မျက်နှာကို ဘေးကနေ စိုက်ကြည့်မေးနေပေမယ့် လမ်းဆုံမှာ မီးပွိုင့်ဖြတ်ဖို့ပဲ အာရုံစိုက်နေသလိုမျိုး နှုတ်ခမ်းတွေ တင်းတင်းစေ့ထား လျက် ပြန်ဖြေမည့်ပုံ မပေါ် ..။

ထိုသူဟာ လူချမ်းသာ လို့ ခေါ်လေသည်။

ရီလေး စိတ်တိုတိုနှင့် မျက်စောင်းထိုးပစ်မိသည်။ လူကသာ ချမ်းသာမှာ မဟုတ်ဘူး ..၊ မာနတွေပဲ ချမ်းသာတာ ..။

"အမလေး!..."



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဝိုက်ချပစ်လိုက်သဖြင့် ရီလေး ကိုယ်လေး ဆွဲခါလိုက်သလို ဖြစ်သွား၏။ မျက်နှာပေါ် အုပ်ကျသွားသည့် ဆံစတို့ကို သိမ်းဖယ်လိုက်ရင်း ...

"တောသားမို့ပဲ တော်သေးတယ်နော် ..၊ ကိုယ့်ကိုယ်ကိုယ် ကားမောင်းတာလား ..၊ ဟက်စကီး မောင်းနေတာလား .. သတိရရဲ့လား"

"ကားမောင်းတဲ့လူကို စကားတွေ လာများမနေရဘူးဆိုတာလည်း မင်း သတိရဖို့ ကောင်းတယ် .."

"ယူ အဲဒီလို အာရုံများမခံနိုင်လောက်အောင် မနုတော့ပါဘူး၊ ဘာလဲ .. ရီလေး က စကားကောင်းပြောဖို့ ကြိုးစားနေတာ ယူက မာနကြီးတာလား .."

"မင်း ပြောနေတာတွေက ငါနဲ့သက်ဆိုင်တဲ့စကားတွေမှ မဟုတ်တာ .."

"ဘွားနဲ့တော့ ယူက အတွင်းလူလို ဘာဖြစ်ဖြစ်ပြောနေကြတာပဲ"

"မင်းနဲ့ အတွင်းလူဖြစ်ဖို့ ရှိလို့လား .."

"ရှိရင် ရှိလာမှာပေါ့ ..၊ ယူ့ကို ရီလေး ကြည်ဖြူမှ ယူ့နေရာ မြဲမှာလေ .."

"ဟွန်း .. ဒီနေရာမြဲအောင်လို့ သံမှိုနဲ့ရိုက်ထားပါရစေ ဆိုရင်တောင် ငါက အရိုက်မခံနိုင်ဘူး ..၊ မင်းကြောင့် ငါ ဒီစကားတွေပဲ ထပ်ထပ်ပြောနေရတာ .. အားတော့နာတယ်"

"ယူ့ကို ရီလေး က ခင်ချင်တယ်ဆိုရင်ရော .."

ချမ်း ဘာမှပြန်မဖြေ ..၊ ရီလေး က ခဏငြိမ်နေပြီးမှ ...

"ယူ့မှာ ချစ်သူရှိလား .."

"ဘာလုပ်မလို့လဲ .."

"ဖြေမှာသာ ဖြေစမ်းပါ၊ ယူ့ဒီဇိုင်းက မာနတွေနဲ့ ပိပြားနေတော့ ဘယ်လို တည့်အောင်ပေါင်းရင် ကောင်းမလဲလို့ စဉ်းစားတာ၊ ဒီ





မေးခွန်းပဲ ထွက်တယ် .."

ကားမောင်းရင်း လှည့်ကြည့်မိမလို ဖြစ်သွားပြီးမှ မကြည့်ဖြစ်။ သူမ ဒီနေ့ကျမှ ဘာတွေ ဆေးစားမှားလာတာလဲ ..၊ ရီလေး လို့ ထည့်ပြောလို ပြော ..၊ ခင်ချင်တာတွေကရော .. ဘာလဲ ..။

ဘယ်တုန်းကမှ ပြေပြေလည်လည် ပြောဖြစ်ခဲ့ကြတာ မရှိဘဲနဲ့ ..၊

သူ တွေးနေတုန်း သူမကပဲ ဆက်၍ ...

"ရီလေး မွေးနေ့မှာ အမွေတွေလွှဲပေးမယ်တဲ့၊ မွေးနေ့ကိုမရောက်ခင် ဘယ်လိုနေ .. ဘယ်လိုထိုင်နဲ့ မှာနေလိုက်တာ လူကို ထုပ်ဝတ်ပြီး သိမ်းထားတော့မယ့်အတိုင်းပဲ၊ အဘွားကို ဘယ်လို နားလည်ရမှန်းတို မသိတော့ဘူး .."

"မင်းက နားလည်ဖို့ရော ကြိုးစားဖူးလို့လား .."

"မဟုတ်ဘူးလေ ..၊ လေးလေးထွန်း နဲ့တောင် ခေါ်တာပြောတာ မကြိုက်ချင်ဘူး၊ အဲဒါက ဘာဖြစ်လို့လဲ ..၊ ယူ ထင်တာ ပြောစမ်းပါ၊ ဒါမှမဟုတ် ဘွား တစ်ခုခု ပြောထားတာများ ရှိလား .."

"မင်းက ငါ့ဆီက တစ်ခုခု ကြားရမလားလို့ မတည့်ရာ မတည့်ကြောင်းတွေ ဖယ်ရှားပြောနေတာလား .."

"ဟင့်အင်း .. သိချင်တာက သပ်သပ်၊ ယူနဲ့ ရန်မဖြစ်ချင်တော့တာက သပ်သပ်ပါ၊ နောက်ပြီး အိမ်မှာ ဘွားရယ် .. လေးလေးထွန်းရယ်ပဲရှိတော့ ပျင်းလို့၊ အဲဒါကြောင့် ယူနဲ့ စကားပြောချင်တာ .."

သူ ပြုံးချင်တာ မဟုတ်ဘဲ ပြုံးလိုက်သည်။

"အချင်ယောင်ဆောင်နေမှန်း သိသာတော့ မင်းရဲ့မေးခွန်းတွေကို ဖြေဖို့ ငါ သိပ်စိတ်မဝင်စားဘူး ဖြစ်နေတယ် .."

"ဘယ်လို .."

ကားကို ဦးတည်ရာမဲ့ မောင်းနေပြီး ကားရှင်းတော့ အရှိန်တင်လိုက် .. ကျပ်တဲ့နေရာကျတော့ ပြန်လျှော့လိုက်နှင့် ချမ်းက သူမ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို တည့်တည့်လှည့်ကြည့်သည်။

"မင်း အားလုံး သိနေပြီးသားပဲ ရီလေး ..၊ မင်း သိထားတာတွေကို ဘယ်သူ သိသိမသိသိ ငါ သိတယ်၊ ဘာဖြစ်လို့ မသိချင်ယောင်ဆောင်ပြီး မေးနေတာလဲ .."

ရီလေး မျက်နှာမှာ ယခင်ကအတိုင်း အေးစက်စက်ပုံလေး ပြန်ဖြစ်သွားတော့ ချမ်း က ပြုံးကာ ...

"နောက်ထပ် ငါ အံ့သြတာက .. မင်းအဘွား ဖြစ်စေချင်တာတွေ၊ ဘာကို စိုးရိမ်နေလဲဆိုတာတွေ .. အဲဒါတွေကို မင်း သိလျက်နဲ့ အဘွားကို ဆန့်ကျင်တဲ့လမ်းကြောင်းပေါ် မင်း လျှောက်နေတယ် .."

"ဘာလဲ .. ယူကလည်း လေးလေးထွန်း နဲ့ ရီလေး ရင်းနှီးတာကို ကဲ့ရဲ့တာလား .."

"ဒါ ငါ့အလုပ် မဟုတ်ပါဘူး ..၊ မင်းအတွက် ရည်ရွယ်ပြီး ငါ့ကို ဒီမှာ အစောင့်ချထားတာ မှန်တယ်၊ ဒါပေမယ့် မင်းက အားလုံးထက် လည်ပါတယ်၊ မင်းကို ဘယ်သူကမှ ကာကွယ်ပေးဖို့ မလိုဘူး.. ဟုတ်တယ်မို့လား .."

ရီလေး မျက်နှာပေါ်မှာ အထင်မြင်သေးတတ်သော အေးစက်ခြင်းတို့ကနေ လေးနက်စူးရှသည့်အကြည့်တွေက ပို၍ လွှမ်းခြုံလာခဲ့သည်။

ချမ်း ကို ဘယ်လိုလူစားမျိုးလဲဆိုတာ အကဲခတ်ရင်း မရဘဲဖြစ်နေကာ .. သူမ နောက်ထပ်ပြောဖို့စကားအတွက် အရင်းအဖျား မရှေးလို့ မရတော့ဘူးဆိုတာပါ တွက်မိလာသည်။

"ကဲ .. ဝယ်စရာရှိတယ်ဆိုတာ ဘာလဲ ..၊ ဘယ်ထိ ဆောင်းပေးရမှာလဲ .."

သူ့မေးခွန်းကြောင့် ရီလေး ဆတ်ခနဲ ကိုယ်မတ်သွားသည်။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ အရုပ်ဆိုင်ကြီးတစ်ဆိုင်'တွေ့လိုက်သဖြင့် ...





"ဒီမှာပဲ ရပ်တော့ .."

"အရုပ်ဝယ်မှာလား ..၊ စောင့်နေရမလား .. မစောင့်ရဘူးလား.."

ဒေါသမျက်နှာ သူ့ဘက်လှည့်လာတော့ ချမ်း က ခပ်တည်တည် မေးဆတ်၍ ...

"မင်းက လမ်းတစ်ဝက်မှာ ဆင်းနေတတ်လို့လေ ..၊ လိုအပ်လို့ မေးတာ .."

"ပြန်လာမှာ .."

ဆူဆောင့်ဆင်းသွားတော့ သူ နှုတ်ခမ်းတွန့်၍ မဲ့ပြုံးနှင့် လိုက်ကြည့်သည်။

ရီလေး .. အဘွားက မမြင်ရလို့ မသိတာ၊ ငါကတော့ သိနေတယ် ..၊ မင်း ဒီကို ပြန်လာတာ တစ်ယောက်ယောက်နဲ့ လက်ဝါးရိုက်ထားတာ ..၊ ဘာအတွက်လဲဆိုတာ မသိပေမယ့် မင်း မျက်လုံးတွေ မရိုးသားဘူး ...။

တစ်ယောက်တည်း စိတ်ထဲမှာ ပြောနေမိသည်။ ကူရှင်ကိုမှီကာ စီးကရက်ထုတ်သောက်ရင်း ဒေါ်သစ္စာညို ၏ မျက်နှာကိုလည်း မြင်ယောင်မိ၏။ သူ သိနေတာတွေကြောင့် ခက်သည်။ ဘယ်သူ တစ်စုံ တစ်ယောက်ကမှ တာဝန်ပေးအပ်တာ မဟုတ်ဘဲ တဖြည်းဖြည်း ခံစားမိလာတာက အန္တရာယ်ရှိနေတာ ရီလေး မဟုတ်ပေ ...။

ဘယ်သူလဲဆိုတာကို မသိသည့်အချက်ကြောင့် သူ ဒီမှာပဲ ဆက်လက်နေသွားရဦးမှာကိုလည်း တွက်မိ၏။

အားလုံးကို ချကြည့်လိုက်လျှင် လူဦးရေလည်း များများမရှိ ..၊ ရှိတဲ့လူတွေအားလုံးထဲမှာလည်း အကုန်လုံးက တည်ငြိမ်နေကြတာ ရီလေး သာလျှင် ...၊

"တံခါးဖွင့်ပေး .."

အတွေးလွန်နေသဖြင့် ဘေးမှာ လူရောက်လာမှ သတိဝင်၏။


www.burmeseclassic.com

www.burmeseclassic.com



ရီလေး က အရုပ်ကြီးတွေရော၊ အရုပ်လေးတွေရော ကိုင်ထားတာက တစ်မျိုး ...၊ အိတ်နဲ့ဆွဲလာတာက တစ်သွယ် .. မနိုင်မနင်း...။

တံခါးဖွင့်ပေးလိုက်တော့ အရုပ်တွေကို နောက်ထဲ ပစ်ထည့်၍ အိမ်ခန်း ဆောင့်ထိုင်သည်။

"ပြန်မှာလား .."

သူ မေးတာကို မဖြေဘဲ ဖုန်းထုတ်ဆက်နေပြီး ...

"လေးလေးထွန်း .. လာခေါ်လေ .."

"... ... ... ..."

"ဒါဆိုလည်း ထွက်စောင့်နေပေး .."

"... ... ... ..."

"ဟုတ်တယ် .. အရုပ်တွေက ဝယ်လာတာ၊ မကျေနပ်တဲ့လူတွေကို ကိုက်သတ်နိုင်းဖို့ မြွေတွေ .. ကင်းတွေ .. မိကျောင်းတွေ ကိုက်တတ်တဲ့ သတ္တဝါတွေချည်းပဲ .."

တစ်ဖက်မှာ ဖုန်း နားထောင်နေသည့် ဦးသက်ထွန်း ရဲ့မျက်ခုံးတွေ ကုတ်ကျသွားလိုက် ...၊ ပြန်ပြေသွားလိုက်နှင့် တဖြည်းဖြည်းကျမှ ပြုံးယောင်သမ်းလာကာ ...

"အေးပါ .. ညည်း ဝယ်လာတာတွေ လေးလေးထွန်း က ကုန်သလောက် အားလုံး ပြန်ပေးမယ်၊ အိမ်ကိုပဲ ပြန်နော်.. ဒီညနေ လုံးဝ မအားလို့ .."

ဖုန်းချလိုက်ပြီးတဲ့အထိ မျက်နှာတစ်ပြင်လုံး ပြုံးယောင်သမ်းနေခဲ့ပြီး ရုတ်တရက် တစ်ယောက်တည်း ရယ်သည်။

မွေးနေ့က နီးပြီဆိုတော့ မွေးနေ့ရှင် ကျေနပ်စေရမှာပေါ့ ..။

စိတ်ချ ရီလေး ..၊ အားလုံး ပြီးပြည့်စုံသွားလိမ့်မယ် ..။







## အခန်း (၂၇)

"မွေးနေ့နီးနေကာမှ သားရယ် .."

"ကျွန်တော့်မွေးနေ့မှ မဟုတ်တာ အမေ .."

"မဟုတ်ပေမယ့် ကိုယ့်တူမလေးပဲကွယ် .. ဒီရက်ပိုင်းကျမှ အလုပ်တွေ နေ့ရောညရော ပိပြီး များနေသွားပါ့မယ်၊ အမေကတော့ စီးပွားဥစ္စာတွေထဲမှာ ပြုံးပြုံး နစ်မွန်းနေတာ မကြိုက်ဘူး .."

မမြင်မစမ်းနဲ့ မျက်လုံးတွေကို ဦးသက်ထွန်း က စူးစိုက်ကြည့်၍ မှဲ့သည်။

အနားမှာ ဦးခန့် ရှိနေပေမယ့် တင်းနေသည့်မျက်နှာက တစ်စက်မှ မလျှော့ခဲ့ဘဲ ..၊

"ကျွန်တော်က စီးပွားရှာတာကို ဝါသနာကြီးခဲ့တာ အမေ သိပါတယ်၊ ဒါပေမယ့် အမေကမှ ဒါတွေ မင်း ကိုင်တွယ်ချုပ်စိုးဖို့ မလိုတော့ဘူးဆိုရင်တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အို .. ဘယ်လို ပြောလိုက်တာလဲ သားငယ် ..၊ မင်းက မမေ့ကို ကူညီနေတာမို့လို့ မမေ့အနေနဲ့ အဲဒီလောက် မလိုအပ်တဲ့အကြောင်း ပြောတာ .."

"ကျေးဇူးပြုပြီး မပြောပါနဲ့ .."

ရင်နဲ့မဆံ့သည့် နာကျင်မှုက ဒီမှာတင် ရပ်တန့်ကာ ဒေါ်သစ္စာညိုအားမှာ ထိုင်နေရင်းကနေ ထရပ်လိုက်၏။

'သူ မတ်တတ်ရပ်လိုက်ကာမှ ကိုင်ထားသည့်ကားသော့က ချွတ်ခနဲ မြည်သွားသဖြင့် ဒေါ်သစ္စာညို မျက်နှာ သူ့မျက်နှာဆီ မှန်းဆမော့ငေးလာခဲ့ပြီး ...

"အလုပ် ဖိစီးပြီး စိတ်ပင်ပန်းလာရင် စကားတွေ ပြောမှားဆိုမှားဖြစ်လာတတ်ပါတယ် ..၊ သား ခုတစ်လော အလုပ်များပဲ .."

"အလုပ်များပဲ အာရုံစိုက်နေရတာက အာရုံလွှဲထားတဲ့သဘောပဲ အမေ ..၊ အိမ်မှာလည်း ကျွန်တော့်ကို အမေ မလိုအပ်ဘူးဆိုတာ နားလည်နေလို့ပါ"

"မဟုတ်သေးဘူး သား ..၊ မမေက မမြင်မစမ်းတဲ့ဘဝနဲ့ ကိုယ်လုပ်မှ ပြီးမှာတွေကို လုပ်နေရတာ .."

"အမေ မမြင်ပေမယ့် အမေ့အတွက် ကူဖော်လောင်ဖက်ကတော့ ကျွန်တော် မဟုတ်ဘူးလေ၊ ပြောချင်တာက အဲဒါ .."

နောက်ထပ် ဘာမှ ပြောလို့မရတော့ဘူးဆိုတာ ဒေါ်သစ္စာညို သိသွားအောင် ဦးသက်ထွန်း က ခြေသံမြည်အောင် လျှောက်ထွက်သွား၏။

ဒေါ်သစ္စာညို အကြာကြီး ငိုင်နေပြီးမှ ...

"မောင်ခန့် .."

"ရှိပါတယ် မမကြီး .."

"ငါ လုပ်တာ မှားနေလို့လား .. ပြောပါဦး .."





ဒေါ်သစ္စာညို ၏စကားသံတို့က တုန်ယင် အက်ရှနေခဲ့၏။ မမြင်သည့်မျက်ဝန်းတွေမှာ မျက်ရည်တွေ ဝေ့လည်နေတာကို ကြည့်မိပြီး ဦးခန့် မျက်နှာမကောင်းစွာ ရှိလျက် ...

"မမကြီး မမှားပါဘူး ..၊ ကျေးကောင်းကျွန်ကောင်းတစ်ယောက်ရဲ့သစ္စာနဲ့ ဘက်မလိုက်တမ်းပြောတဲ့ သစ္စာစကားပါ၊ မမကြီး သိမြင်ခံစားခဲ့ရတဲ့ အဖြစ်ဆိုးမျိုးတွေကိုသာ တခြား အမျိုးသမီးတစ်ယောက်မိခင်တစ်ယောက်ပေါ့ ..၊ ခံစားရမယ်ဆိုရင် ခုလို မျိုသိပ်အောင့်အင်းပြီး အနာဂတ်ကို အဆင်ပြေပြေ ရင်ဆိုင်နိုင်ဖို့ မလွယ်ဘူး၊ ဒီအမြစ် ဘယ်သူလုပ်ခဲ့တာလဲဆိုတာလည်း သိနေကာမှ ဒီ့ထက် ဘယ်သူ လိုက်လျောနိုင်မှာလဲ ..၊ စိတ်ချမ်းချမ်းသာသာ နေပါ ..၊ ကျွန်တော်တို့ စိတ်ကူးတွေ အကောင်အထည်ဖော်ပြီးရင် အားလုံး ငြိမ်းချမ်းသွားမှာ .."

"ရှိသေးတယ် မောင်ခန့် ..၊ မြေးလေးကို အိမ်ထောင်ပြုပေးရဦးမယ် .."

"အဲဒီကိစ္စအတွက်လည်း ကျွန်တော် ကြိုးစားနေပါတယ်၊ သူ့မွေးကြီးရှိစဉ်တည်းက လူကြီးချင်း ပြောဆိုထားဖူးတဲ့ မိတ်ဆွေရင်းတွေ ရှိတာပဲ၊ ကလေးကို ဒီလူငယ်တွေထဲက သင့်တော်မယ်ထင်တဲ့ တစ်ယောက်နဲ့ လက်ထပ်ပေးနိုင်ဖို့ စည်းရုံးရမယ်၊ ယောကျ်ားလေးရှင်ဘက်ကတော့ 'ပန်းဒဏ္ဍာရီ'ရဲ့အိမ်က ဆိုတည်းက ငြင်းမယ့်သူ မရှိနိုင်ဘူး မမကြီး၊ မိန်းကလေး လက်မခံမှာ တစ်ခုပဲ .."

"ဟုတ်တယ် .. ရှင်ပြုမယ့်ကလေး သစ်ပင်မတက်နိုင်းရဘူးဆိုတဲ့ အစွဲတစ်ခုလိုပဲ ..၊ မြေးလေးရဲ့မွေးနေ့ နီးလာလေ ငါ ရင်တွေပူလေပဲ၊ မောင်ချမ်း ကိုလည်း ဒီပြဿနာတွေအကြောင်း ခေါင်းစဉ်တပ်ပြီး ဘာမှ သေချာပြောပြထားခဲ့တာ မဟုတ်တော့ သူလည်း သက်တော်စောင့်တော့ မလုပ်နိုင်ဘူးလို့ ငြင်းထားတဲ့သူ့ ဒီ့ထက်ပိုပြီး ဂရုစိုက်ပေးဖို့ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘဲ သိနိုင်တဲ့လူမျိုးပါ၊ ချမ်း ကို ကျွန်တော် ယုံကြည်တယ်၊ သူ ဒီအလုပ်ကို လက်ခံလိုက်တည်းက သူ့ရဲ့ စိတ်ဝင်စားမှုအတိုင်း ဒီအိမ်က ဖြစ်စဉ်တွေအပေါ် မျက်ခြည်မပြတ် အကဲခတ်နေမှာပဲ၊ လူငယ်တွေက အမြင်စူးတတ်ပါတယ်၊ ကျွန်တော်တို့က .."

"ဦးလေးခန့် .. ဦးလေး .."

"မေမေကြီး .."

"ဟေ .."

"ဘာလဲ .. ယုန္တယ် .."

ပြေးလွှားလာသံတွေနှင့် ပြောလာသည့် မောဟိုက်သံတွေကြောင့် ဒေါ်သစ္စာညို ရင်တစ်ခုလုံး လှပ်ခနဲ အေးစိမ့်သွားကာ လှူက ထိုင်လျက်ကနေ စိုက်ကျသွားသလို ဖြစ်လျက် ဒရင်းမ်ဘက်ဒ်လက်တင်ကို တင်းကျပ်စွာ ဖိဆုပ်ထားလိုက်ရ၏။

တစ်ခုခုဖြစ်ပြီဆိုတာ ဘယ်တော့မျှ မကြားပါရစေနဲ့လို့ ဆုတောင်းခဲ့ပေမယ့် ...

"မမလေး .. မမလေးကို မြွေကိုက်သွားလို့ .."

"ဘုရား!... ဘုရား .."

ဒေါ်သစ္စာညို ခေါင်းတွေ ချာချာလည်သွားသည်။ ရင်ဘတ်ဖိ၍ ဘယ်လိုထိန်းထိန်း ခုန်ပေါက်နေသည့် နှလုံးခုန်သံက ရင်ဘတ်ကို ရှေ့နောက် ညှပ်ရိုက်ခံနေရသည့်နှယ် ...၊

"လုပ်ပါဦး .. မောင် .. မောင်ခန့် .. မြေးကို ကယ်ပေးပါ .."

"ဟုတ်ကဲ့ .. ဟော့ .. တစ်ယောက် .. ချမ်း ကို သွားခေါ်စမ်း ...၊ မြန်မြန်သွား ...၊ မမကြီး .. မမကြီး .. စိတ်ငြိမ်ငြိမ် ထား ...၊ ဘာမှမဖြစ်စေရဘူး .."

ဒေါ်သစ္စာညို သည် ဘုရားတရင်း ဒရင်းဘက်ဒ်ပေါ်မှာ ခွေခွေခေါက်ခေါက် ပြိုကျသွားခဲ့လျက် ...၊





ဦးခန့် ခိုင်းစေ ပြေးလွှားနေတာကို နားစွင့်မိသည်။ ပြီးတော့...

'ဒီည အလုပ်မှာ အိပ်ဖြစ်ဖို့ များတယ်' ဆိုပြီး အချိန်လင့်မှ ပြန်ထွက်သွားသည့် ဦးသက်ထွန်း၏ ခြေသံကိုပါ ပြန်လည် ကြားယောင်လာခဲ့၏။

"မင်း လုပ်ပါ ...၊ ငါလည်း ကန်းနေပါပြီ သက်ထွန်း ရယ် .. အားလုံး မင်းစိတ်ကြိုက် စီရင်ပါတော့ .."

မျက်ရည်တွေ ပြိုဆင်းလာခဲ့လျက် .. မြေးလေး ဘာဖြစ်သွားပြီလဲ ဆိုသည့် သတင်းကို နားစွင့်ထားမိ၏။

ပြီးတော့ ရင်ခုန်သံတွေက ပိုတိုးလာခဲ့သည်။

ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ကစားစရာတွေလည်း ရှုပ်ပွနေသည်။ ထိုထဲမှာ မြွေက ပါးပျဉ်းထောင်နေဆဲနှင့် ဘယ်မှမသွားဘဲ အိပ်ခန်းထောင့်မှာ ကပ်နေ၏။

"မမလေးက အဲဒီအိတ်ကြီးကို သွန်ချပြီး မယု ဘယ်အရုပ်ကြိုက်လဲတဲ့ ..၊ အဲဒါနဲ့ ကျွန်မတို့ ရပ်ကြည့်နေတုန်း မြွေကိုက်လိုက်တာ..၊ မြွေကို ကျွန်မတို့က အရုပ်ပဲ မှတ်နေကြတာ၊ မမလေး လက်ခါထုတ်လိုက်မှ လွင့်သွားပြီး ပါးပျဉ်းထောင်နေတာ ..၊ အဲ .. အဲဒီအတိုင်းပဲ ဘယ်ကိုမှ မပြေးဘူး .."

ချမ်း ရောက်လာပြီး မြွေကိုက်သွားသည့် ရီလေး လက်ကို ခုတင်စွန်းကနေ တွဲလွဲချထားလိုက်ကာ အပေါ်ပိုင်းကနေ ကြိုးတင်းအောင် ချည်ထားလိုက်သည်။ ဦးခန့် က ကားသွားထုတ်နေစဉ် ယုနွယ် က အပြေးတစ်ပိုင်း လိုက်ပြီး .. ခြေမကိုင်မိ လက်မကိုင်မိ ပြောပြနေတာ မောရမှန်း မသိ ..။

"အဲဒီအရုပ်တွေ ဘယ်တုန်းက ဝယ်လာတာလဲ ..၊ နင်တို့ကို ဝယ်နိုင်းတာလား .."





"မဟုတ်ပါဘူး .. ကျွန်မတို့လည်း မသိဘူး၊ လာကြည့်ဆိုမှ တွေ့တာ .."

ဦးခန့် ကားကို ပေါ်တီကိုအောက်မှာ ရပ်ခဲ့ပြီး အိမ်ပေါ် ပြန်ပြေးခဲ့သည်။ မိသားစုဆရာဝန် ပင့်ထားပေမယ့် ရီလေး ကတော့ ပိုးထိတာမို့ ဆေးရုံခေါ်သွားမှ စိတ်ချရမှာ ဖြစ်သည်။

ယုနွယ် ပြောစကားအရ ဒီအရုပ်တွေ ဘယ်အချိန်က ဘယ်သူ ပေးထားမှန်း မသိ ..၊ ဒါပေမယ့် ဖြစ်စဉ်တွေရှိခဲ့တဲ့အတိုင်း ကြည့်ရမည်ဆိုရင် ဒီမြွေက အရုပ်အိတ်ထဲ အလိုလိုရောက်နေတာ မဖြစ်နိုင်ပေ..။

"ဘယ်လိုနေလဲ ချမ်း .."

"လောလောဆယ် အဆိပ်မတက်အောင်တော့ လုပ်ထားပြီးပြီ၊ ဆေးရုံသွားဖို့ပဲ လိုတော့တယ် ..၊ အသွားကို ကျွန်တော် ကြည့်ထားပေးမယ်၊ အန်ကယ်လ် သူ့ကို ခေါ်သွား .. ကားပေါ် ကျွန်တော် တင်ပေးလိုက်မယ် .."

ရီလေး လက်ကို ဦးခန့် ငုံ့ကြည့်လိုက်တော့ မြွေကိုက်ရာပေါ်မှာ ဓားနဲ့ခွဲပြီး အဆိပ်ညှစ်ထုတ်ထားတာမှန်း သိလိုက်သည်။ ဓားမှာ ချထားသည့် ဖိတ်ဖိတ်လက်နေသော ခြောက်လက်မ ဓားပါးလေးနှင့် အငွေ့မသေသေးသော ရေနွေးဇလုံကိုပါ အကြည့်ရောက်ပြီးမှ ...

"ဆေးရုံမှာလည်း ကျူပ်က လူငယ်တွေလို ပြေးဟယ်လွှားဟယ်နဲ့ လိုအပ်သမျှ လုပ်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး၊ ပြီးတော့ မြွေရော–"

"ဟိုမှာ .."

မြွေခေါင်းကို ငါးကန်ငယ်လေး၏ ခြေထောက်တစ်ဖက်နဲ့ ဖိထားသဖြင့် ခေါသဖြစ်နေသည့် မြွေသည် ဖန်ခြေထောက်ကို အကြိမ်ပေါင်းများစွာ အမြီးနဲ့ ရိုက်ပုတ်နေ၏။

သူ ကြည့်လိုက်တော့ မြွေတစ်ကိုယ်လုံး လှုပ်နိုင်ရုံပဲ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သေချာ ထည့်ပေးလိုက်မှာပါ .."

ဦးခန့် ခေါင်းညိတ်လိုက်သည်။ ဒီနည်းအပြင် ဘာမှ မရှိမှတော့..။

"ပြီးတော့ အန်ကယ်လ် ဦးသက်ထွန်း ဆီကို ဖုန်းဆက်ပြော လိုက်ပါလား ..။ သူ လိုက်လာရင် ဆေးရုံမှာ ပိုအဆင်ပြေမှာ .."

ဦးခန့် ကျေးဇူးတင်စွာ ခေါင်းညိတ်လိုက်မိသည်။ ပြစ်မှုကြီး တစ်ခုကို ကျူးလွန်မိတော့မည့်ဆဲဆဲ လမ်းမှန်ကို ညွှန်ပြ သတိပေး လိုက်တာမျိုး ..။

ဒီညအဖြစ်အတွက် သက်ထွန်း ကိုသာ အသိမပေးဘဲ ဖယ်ချန် ထားခဲ့မိလျှင် ..။

ဦးခန့် ပြေးလွှား လှုပ်ရှားနေရင်း မအားလပ်တဲ့ကြားက ပင့်သက် ရှိုက်၏။ ပြီးတော့ ချမ်း မျက်နှာကိုပါ အကဲခတ်လိုက်မိသည်။

ဒီကောင်လေး မဆိုးပါလား ..။





## အခန်း (၂၉)

ဦးသက်ထွန်း လူနာခုတင်ဘေးမှာ ဒီတိုင်း မတ်တတ်ရပ်ရင်း ဖြူဖျော့နေသည့် ရီလေး မျက်နှာကို စူးစိုက် ငုံ့ကြည့်နေမိသည်။

စူးရဲသွားလိုက် မှိန်ဖျော့သွားလိုက်နှင့် မေးရိုးနှစ်ဖက်မှာ လှုပ်ခတ် နိုင်ကြည်သွားတာလည်း ရှိလျက် ..။ တစ်ဖက်မှာ ဆွဲထားသည့် အိတ် ကိုင်းကို ပို၍ တင်းအောင် ဖိဆုပ်လိုက်သဖြင့် လက်သီးဆုပ်ထားသလို ဖြစ်သွားသေးသည်။

ဖုန်းဆက်ကြတုန်းက သူ မကိုင်ခဲ့ပေ။ အိပ်ပျော်နေလို့လို့ပဲ ဖြေ ခဲ့သည်။

ဒါကို အမေ ဘယ်လို တွေးနေမလဲ ..။

"ညတုန်းက ချမ်း လျှင်လို့ပေါ့ .. မဟုတ်ရင် ရီလေး ကို အခု ဆေးမှ မီမှာ မဟုတ်ဘူး၊ ကိုက်တဲ့မြွေက အဆိပ်ပြင်းဆုံး ထဲကယ့် မြွေဆိုး..၊ ကစားစရာအရုပ်တွေထဲ ရောပါနေတော့ အမှတ်တမဲ့ အရုပ် တွေပဲထင်ပြီး ကိုင်မိတာ ဖြစ်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"မြွေက လက်ကို ခဲထားတာ ခါထုတ်ပစ်လိုက်မှ လွင့်သွားတာ၊ ဒီလိုမြွေဆိုးကို ရောင်းတဲ့သူကတော့ ရောသောရောင်းမှာ မဟုတ်ဘူး.."

"ကလေးစိတ်နဲ့ မမကြီးကလည်း သတိလစ်မလို ဖြစ်နေခဲ့တာ၊ ထျူပ်ဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိပါဘူးကွာ ..၊ ချမ်းသာ မရှိရင် တကယ့်ကို မလွယ်မယ့်ကိန်းပဲ .." တဲ့ ..။

ပြောသမျှမှာ ချမ်း က မင်းသား ..။

"ပိုးထိပြီဆိုရင် လူနာရှင်တွေက ရှေးဦးသူနာပြုစုနည်း တစ်မျိုးမျိုးနဲ့ ကြိုတင် ကာကွယ်ထားမှ လူနာ အသက်အန္တရာယ်က မစိုးရိမ်ရမှာ ..၊ ညက အန်ကယ်လ်တို့ လူနာကို ပြုစုပေးထားတာ တော်တော်မှန်သွားတယ်.."

ဆရာဝန်တွေကပါ ဒါကိုပဲ ထပ်တလဲလဲ ..။

သူ ရောက်လာတာ ချမ်း ရဲ့ကောင်းသတင်းတွေကို နားထောင်ပေးဖို့ ဖြစ်ခဲ့ရ၏။ ခု ပြန်သွားရင်လည်း ဘာတွေ ကြားရဦးမှာလဲ..။

ဦးသက်ထွန်း အံကြိတ်၍ နေရာမှလှည့်ထွက်လိုက်သည်။ ထိုစဉ်...

"လေးလေးထွန်း .."

ခေါ်သံယဲ့ယဲ့လေး ထွက်လာသည်။ သူ လှည့်ကြည့်လိုက်တော့ အိပ်ပျော်နေသည်လို့ ထင်ခဲ့သည့် ရိလေး က မျက်တောင်ဖျားလေးတွေ မှေးစင်းကြည့်နေလျက် ...

"လေးလေးထွန်း က ခုမှ လာကြည့်တာလား .."

"အေး ..၊ ညည်းကတောင် ဒီလို မေးတယ်ဆိုတော့ ငါ ပြန်သွားရင် ဘာတွေကြားရမလဲဆိုတာ သိပြီ"

"ဩော် .. ခုမှ အိမ်ပြန်ရမှာလား .."

"ဟုတ်တယ် .. ငါ တစ်ညလုံး စက်ရုံမှာပဲ ရှိနေတာ၊ ညည်းက ဘယ်လို ဖြစ်ရတာလဲ ..၊ ခုရော .. မျက်လုံးကြည့်ရတာတွေ ဘာတွေ အဆင်ပြေရဲ့လား .."





"နည်းနည်းတော့ ဝေနေသလိုပဲ ..၊ လေးလေးထွန်း က စိုးရိမ်လို့လား .."

ဦးသဏ်ထွန်း မျက်မှောင်ကုတ်သွားသည်။ ရိလေး က စိုက်ကြည့်နေ၏။ ခဏကြာမှ ...

"ညနေတုန်းက ဝရန်တာမှာ မီး လေ့ကျင့်ခန်းလုပ်နေတုန်း လေးလေးထွန်း လာရှာသေးတယ်ဆို .."

ဟုတ်သည် .. ရှာခဲ့သည် ..။

အခန်းထဲကို နားစွင့်ကြည့်နေတုန်း ရိလေး က ပြန်ဝင်လာတာနှင့် အခန်းဝမှာပဲ ဆုံဖြစ်ကြသည်။ ပြန်စဉ်းစားပြီး ဦးသက်ထွန်း က ပြုံးလိုက်ကာ ...

"ငါက ညည်း အိပ်ခန်းထဲကို မြွေဝင်ထည့်တယ်လို့ ပြောချင်တာလား .."

ရိလေး က မဟုတ်ပါဘူးလို့ ချက်ချင်းမပြောဘဲ စိုက်ခနဲ ကြည့်ပြီးမှ စိတ်မကောင်းသည့် မျက်နှာလေးနှင့် ...

"မီးက မပြောပါဘူး .. ဒါပေမယ့် .."

"ဘယ်လို!..."

"အရုဏ်တက်တော့ မီး အိပ်ခန်းရဲ့ ခေါင်းရင်းတည့်တည့်အောက်က သစ်ရွက်ခြောက်စုတဲ့ အမှိုက်ပုံးကြီးထဲမှာ မြွေရုပ် တွေ့တယ်တဲ့ .."

"အဲဒီတော့ .."

ဦးသက်ထွန်း ၏ 'အဲဒီတော့ ..'လို့ မေးသံက အပြင်းစားဒေါသတွေ ဖိစီးလျက် ရှိ၏။

"အတုနဲ့ အစစ်ကို တစ်ယောက်ယောက်က လဲထားလိုက်တယ်ဆိုတာ ဘွားတို့က တွေးနေကြပြီ .."

"အဲဒီတော့ လဲလိုက်တဲ့လူက ငါပေါ့ .. ဒီလိုလား .."



www.burmeseclassic.com

www.burmeseclassic.com



ရီလေး ကလည်း သတ္တိမခေ ..။

ဦးသက်ထွန်း မျက်နှာကို စေ့စေ့ကြည့်နေရင်း မျက်လုံးတွေက တစ်စုံတစ်ရာကို သိစေချင်တာမျိုး အသံတိတ် ငြိမ်သက်နေခဲ့တာ ခဏလေး မဟုတ် ..။

"လူဆိုတာ စိတ်က ထင်လာရင် နံရံကြီးကိုတောင် ကြည့်နေရင်းနဲ့ ရေပြင်လို တလိပ်လိပ် ကြွတက်လာတယ်လို့ ထင်ကြသေးတာ၊ အပိုတွေပြောပြီး အထက်ဖားအောက်ဖိ မနေတတ်တဲ့ ငါ့လိုလူအတွက် သံသယတွေပဲ ရနေတာ မဆန်းတော့ပါဘူး .."

"မီး ကတော့ ဆန်းတယ် .. လေးလေးထွန်း ကို မီး က ချစ်တယ်လေ ..၊ ချစ်တာမှ ဘယ်လိုချစ်မှန်းတောင် မသိဘူး"

မျက်လုံးချင်း ဖျတ်ခနဲ ဆုံသွားသည်။ ရီလေး ကြည့်နေသည့် မျက်လုံးတွေကို နားမလည်ချင်တော့ ဦးသက်ထွန်း က အရင် မျက်နှာလွှဲနေ၏။

"လေးလေးထွန်း ကသာ သတိမထားမိတာပါ၊ ဘွားကတောင် ဖွင့်ပြောတယ် .. မြေးက ဘွားအပေါ်မှာ သိပ်မနွေးထွေးဘူးတဲ့၊ မီးက ဘွားထက်တောင် လေးလေးထွန်း ကို ပိုချစ်ခဲ့တာ၊ သူတို့ ထင်ကြသလို လေးလေး လုပ်မှာ မဟုတ်ဘူးလို့ ယုံကြည်သလိုပဲ၊ ဟုတ်နေတယ်ဆိုရင်တောင် လေးလေးထွန်း ကို မီးက မုန်းမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ သိလား .."

ဦးသက်ထွန်း က မျက်နှာလွှဲထားလျက်နှင့် တည့်တည့် ပြန်မကြည့်ဘဲ မျက်ဝန်းတွေပဲ စွေကြည့်၏။

"အမွေကိစ္စအတွက်ကြောင့်ဆိုရင် ဒီလိုလုပ်ဖို့ မလိုပါဘူး ..၊ လေးလေးထွန်း လိုချင်သမျှ .. အားလုံးကို အပိုင်ပေးရဲတယ်၊ မီးက လေးလေးထွန်း ဆီက အကြင်နာကိုပဲ လိုချင်တာ .."

ဂျွတ်!...





ဦးသက်ထွန်း ခပ်ကြိတ်ကြိတ် စုတ်သပ်ရင်း ကျောခိုင်းထားလိုက်မိသည်။

ဘာတွေ ပြောနေတာလဲ ဒီကောင်မလေး ..။

လူတွေရယ် .. ငွေကြေး ဂုဏ်ဓနရယ် .. ကောင်းတာလုပ်ခြင်း၊ မလုပ်ခြင်း .. ဒီအခြေအနေတွေအားလုံး ဘယ်အချိန်မှာ ရပ်တန့်မယ်၊ မရပ်တန့်ဘူး .. ဘာတစ်ခုမှ မရေရာ ရှုပ်ထွေးနေသည့် သူ့ခေါင်းတစ်ခုလုံးသည် ..၊

ရီလေး ၏အကြည့်တွေ၊ စကားတွေကြောင့် ချာချာလည်ရတော့မည် ..။

အားလုံးဟာ အမြန်ဆုံး အဆုံးသတ်မှသာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"အဟမ်း .."

ချောင်းဟန့်သံကြောင့် နောက်ကို လှည့်ကြည့်လိုက်မိသည်။

ဦးသက်ထွန်း ကို မြင်ပေမယ့် တံခါးပိတ်သည့်အလုပ်ကို ပြီးဆုံးတဲ့အထိ အေးဆေးစွာ လုပ်ပြီးမှ .. ပြန်လှည့်၍ ...

"ဦးသက် ပြောစရာရှိလို့လား .."

"အဟွန်း .. မင်းက ဒီနေ့ တောပြန်ဦးမယ်ဆိုလို့ လာကြည့်တာ၊ ဒီမှာ ဒီလောက်ထိ အဆင်ပြေနေသားနဲ့ တောကို ပြန်ပြီး ဘာလုပ်မှာလဲ လူချမ်းသာ ..၊ ခုဆိုရင် မင်း စေလိုရာစေနိုင်နေပြီ၊ မြို့မှာပဲ တိုက်တစ်လုံးလောက် လက်ညှိုးထိုးလိုက်ရင် ပြီးပြီ၊ မိသားစုကို ပြန်ခေါ်ပြီး အေးဆေးနေရုံပဲ .."

ချမ်း က အဝတ်နှစ်စုံလောက်ပဲပါသည့် ကျောပိုးအိတ်လေးကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး လက်မနဲ့ ပြန်ချိတ်ထားကာ ...





"လက်ညှိုးထိုးတာက ဘယ်လိုလက်ညှိုးမျိုးကို ပြောတာလဲ ဦးသက် ..၊ ကလေးတွေ လိုချင်တာရှိရင် အမေ့ထဘီစဆွဲပြီး လက်ညှိုးထိုး ပူဆာတာမျိုးလား .."

ဦးသက်ထွန်း မျက်နှာတစ်ပြင်လုံး ရဲခနဲ ဖြစ်သွားသည်။ ချမ်း က ခပ်ဖြည်းဖြည်း လျှောက်လာကာ ဦးသက်ထွန်း ရှေ့ကျမှ ခြေထောက်စုံရပ်လိုက်ပြီး ...

"ဘုရားတောင် အမှီရှိမှ ပွင့်တယ်လို့ ဆိုကြပေမယ့် ကျွန်တော်က ဘုရားမှ မဟုတ်တာ ..၊ ကိုယ်ရသင့်တာပဲ ယူပြီး ကျေနပ်နိုင်တာ ကောင်းပါတယ်"

သူ ပြောချင်တာ ပြောခဲ့ပြီး ပန်းခြံကို ဖြတ်လျှောက်လာခဲ့သည်။ ဦးသက်ထွန်း က တိတ်ဆိတ်စွာ ကျန်ခဲ့ပြီးမှ သူ့နောက်ကနေ လျှောက်လိုက်လာကာ ...

"လူချမ်းသာ .."

ချမ်း ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

ထိုအခါ ဦးသက်ထွန်း လျှောက်လိုက်လာတာနှင့် မျက်နှာချင်းဆိုင် ပြန်ဖြစ်သွားကာ ...

"ငါ နားလည်သလို ဘာသာပြန်ရရင်တော့ .. အကြံကြီး ကြံမယ့်လူက တစ်နပ်စားဉာဏ် မသုံးဘူးတဲ့၊ မင်း ကြံနေတာ ဘာလဲဆိုတာ သိဖို့ ငါ တော်တော် ခေါင်းစားရမယ် ထင်တယ် .."

"ခေါင်းစားမခံပါနဲ့ .. ဦးသက် လိုအပ်နေတာတွေကို ကျွန်တော် လိုအပ်မှာ မဟုတ်ဘူးဆိုတာ သေချာပြီးသားဆိုတော့ .."

"ဒါဆို စဉ်းစားဖို့ တကယ်မလိုဘူးပဲ၊ ဟုတ်တယ်.. ငွေမမက်ဘူးဆိုတဲ့လူမှ မရှိတာ၊ ငါ့စီးပွားရေးနဲ့ငါ လုံးထွေး နစ်မွန်းနေရတာ ငွေဆိုတဲ့ လိုအပ်ချက်ကြောင့် ..၊ မင်းကတော့ ဒီအိမ်မှာ ငွေ မရှိဘူးဆိုတော့ 'ဂုတ်ကို မမှန်းဘူး၊ ခေါင်(ဂေါင်)ကိုပဲ' ဆိုတာမျိုးပေါ့..၊



www.burmeseclassic.com

www.burmeseclassic.com



မင်းက ..''

''ခန့်မှန်းအဖြေ ထွက်လာတာ မစောလွန်းဘူးလား ဦးသက်..''

ချမ်း က ဒေါသဖြစ်သွားတာကို သွားစေ့ အံကြိတ်ထားပြီး မပွင့်တပွင့် မေးသည်။ ပြီးတော့ မျက်လုံးချင်းဆုံပြီး အကြာကြီး ကြည့်နေပြီးမှ ...

''မျက်မွေးတစ်ဆုံး မဟုတ်ဘဲ မျက်စိတစ်ဆုံးထိ ကြည့်ကြည့်ပါလား ..၊ အမေးအဖြေတွေ မပါဘဲ ခင်ဗျား အများကြီး သိသွားလိမ့်မယ်''

''မင်းက ငါ့ကို ဒီလေသံနဲ့ ပြောလိုက်တာလား ..''

''အမှိုက်ပုံဘေးက ဖြတ်လျှောက်ရင်တော့ အပုပ်နံ့ပဲ ရမှာပေါ့၊ မခံနိုင်ရင် လေကောင်းလေသန့်ရှိမယ့်နေရာကို ရှာ ..၊ အစတည်းက ပြောခဲ့ပြီးသား ..၊ ကျွန်တော် မယဉ်ကျေးတတ်ဘူး''

''ဘယ်သူ့ကိုလဲ ..၊ မမြင်မစမ်း အိုကြီးအိုမနဲ့ ငါ့အမေကိုလား၊ မင်းကို မမြင်တဲ့သူက သဘောကျပြီး ရွေးချယ်ခဲ့တာ .. ငါ မပါဘူး''

''ကျွန်တော်ကလည်း ရွေးကောက်ပွဲတက်ဖို့ မဲဆွယ်ခဲ့တာမှ မဟုတ်ဘဲ ဦးသက်..၊ အဘွား ဒေါ်သစ္စာသို က ခန့်အပ်ထားလို့ လုပ်ခဲ့တယ်၊ သူက သွားတော့ဆိုရင်လည်း အဲဒီတစ်ခွန်းနဲ့တင် လုံလောက်တယ်''

ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ သူ ခြံပြင်ကိုပဲ ဦးတည် လျှောက်ထွက်ခဲ့သည်။

ပြီးတော့ သူ့နှုတ်ခမ်းမှာ မဲ့ပြုံးနှင့် ရင့်ရော်သွားခဲ့၏။

လူချမ်းသာ ဆိုတဲ့ကောင် တစ်ယောက်တည်းပေမယ့် ဘယ်လေတိုက်လို့မှ ရွေ့ပါမှာ မဟုတ်ဘူးဆိုတာ နောက်ထပ်သိအောင် ပြဖို့တွေ ရှိသေးသည်။

လူတစ်ယောက်ဟာ သစ်ပင်တစ်ပင်လည်း မဟုတ်..၊





လေပြင်းမုန်တိုင်းဒဏ် ခံနိုင်အောင် တစ်ပင်ကိုတစ်ပင်ယှက်ပြီး ရစ်ပတ် နှောင်တည်းထားဖို့ လိုသလား ..။

အစကတည်းက ဂရုမစိုက်ခဲ့တဲ့ လောကဓံတရားထဲမှာ လူတွေက ရှေ့ဆုံးက ..။

လမ်းပေါ်မှာ သွားနေသည့် ခြေလှမ်းတွေက ဒေါသကြောင့် ပိုကျဲလာသည်။

ထို့ပြင် ပိုပြီး ခိုင်မာလာသည်က စပြီးသည့်လမ်းကို ဆုံးတဲ့အထိ မရောက်ရောက်အောင် သွားဖို့ ဆုံးဖြတ်ချက်တွေပဲ ဖြစ်၏။

ဘယ်သူမှန်းမှန်း .. မမှန်းမှန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘယ်သွားကြမလို့လဲ .. အုပ်စုလိုက်"

"ချောင်းထဲမှာ ရေသွားချိုးမလို့ .."

"သြော် .. သြော် ... ငါးမျှားတံတွေနဲ့ဆိုတော့ နှစ်လမ်းသွားပေါ့၊ သွားကြ .. သွားကြ ...၊ ကောင်မလေးတို့ ဒါမျိုးဆို ပြုံးနေတာပဲ"

အိမ်ကို လာလည်ပုံပေါ်သည့် မသိမ့် က ရှေ့ဆက်မလာတော့ဘဲ နေရာမှာပဲ ရပ်နေကာ ...

"ချမ်း က မနက်ဖြန် ပြန်မှာဆို .."

"ရတယ် မသိမ့် ...၊ ဖြည်းဖြည်းပေါ့"

"ငါပြောတာက ဒီတစ်ခါ တစ်မိသားလုံးပြောင်းမှာဆိုတော့ သိမ်းရဆည်းရမှာနဲ့ နင်တို့ တစ်နေ့ကုန် ချောင်းစပ်မှာနေလို့ မရဘူးနော်.."

ချမ်း က ဘာမှမပြောဘဲ ရယ်ပြီး ခေါင်းခါပြသည်။ လူငယ်တွေများ ဘာအပူအပင်မှ မထားပါလားလို့တွေးပြီး မသိမ့် က ဖြောင့်ဖြောင့်မပြန်နိုင်..။ ပူပင်နေတာက မနက်ဖြန် သူမတို့လင်မယားပါ လိုက်ရဦးမှာမို့၊ အကူလိုက်ရမယ့်လူတွေက အဝတ်စားတွေ ထည့်ပြင်ထားပြီးပြီ..။

သူတို့တွေက တကယ်ကို အေးဆေးရှိတုန်း ...၊

ချမ်း က စွပ်ကျယ်ချိုင်းပြတ် အဖြူလေးနှင့် ဒူးအောက်ကျသည့် ဘောင်းဘီမတိုမရှည်လည်း ပါသည်။





အောက်ဖျားစတွေ သိမ်းလှန်ပြီး ခါးမှာ နှစ်ထပ် ပတ်ထားသလို ပုဆိုးကလည်း ပါသေး၏။

ကောင်မလေးကတော့ ရွာမှာ မြင်တောင် မမြင်ဘူးကြသည့် တကယ့် ဝိုးဖဲကတ္တီပါလို ပြောင်လက်နေသည့် ဝတ်စုံတွေပဲ ထည်လဲဝတ်နေရတဲ့အတိုင်း ခုလည်း ထဘီက ဒူးနားပါသည့် ချည်ထဘီအနီလေးပေမယ့် အကျီက အပါးသား ပြောင်ပြောင်အိအိလေး ဖြစ်သည်။

ဆံပင်တွေကို နှစ်ဖက်ခွဲ၍ သားရေကွင်းလေးနဲ့ ရိုးရိုးဝဲစည်းထားကာ စည်းထားသည့်နေရာလေးတွေမှာ နှစ်ပွင့်ပူးလေးတွေ ပါသည့် စံပယ်ပန်းလေး တစ်ခက်စီကို ညှပ်ပန်ထား၏။ ထို့ပြင် သူမ အမြဲလိမ်းရမည်လို့ မှာထားတည်းက ဂရုတစိုက် လိမ်းနေရှာသည့် ဝါးတွတ်နှစ်ဖက်က ဝါညက်ညက်နှင့် လှနေသည်။

မသိတဲ့လူတွေကတော့ အကောင်းစားတွေဝတ်ပြီး အမြဲတမ်းရှိုးထုတ်နေသည်လို့ ထင်ကြမှာပါ။ တကယ်က ကောင်မလေးမှာ ဝတ်စရာ ဒါတွေပဲရှိတာ ဖြစ်သည်။

သိထားတဲ့လူတွေကတော့ ပြောကြသည်။

သူ့ဘုန်း .. သူ့ကံပဲ ဟု ...၊

စိတ်တွေ ဟိုဒီရောက်သွားကာ သူတို့တွေ အတော်လှမ်းသွားမှ မသိမ့် ကပျာကယာ အသံမြှင့်၍ ...

"ချမ်း ရေ .. နင်တို့ပစ္စည်းတွေ သိမ်းထားလို့ရတာတွေ ငါ သိမ်းထားပေးလိုက်မယ် .. ရမလား .."

"ကြိုက်သလို လုပ်လိုက် .."

ချမ်း က နောက်လှည့် လက်ပြပြီး အော်ပြောသွားသည်။

သိပြီးသား ...၊ ဒီလိုလုပ်ပေးတာကိုများ ချမ်း တို့ ငြင်းမယ်ဆိုင်...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ချောင်းရေတွေက အများကြီးပဲနော် .."

"အင်း .. မိုးက ပြတ်တယ်မရှိတော့ ချောင်းရေလည်း မကျတော့ဘူး၊ ဒီအချိန်ဆို ရေပြင်က ပိုကျယ်ပြီး လှနေတာပဲ၊ ဒါပေမယ့် ငါးမျှားရတာ အဆင်မပြေဘူး"

"ဘာဖြစ်လို့လဲဟင် ..၊ ရေတွေများတော့ ငါးတွေ အများကြီး ပိုမလာဘူးလား .."

"အဟွန်း .."

ချမ်း က စီးကရက်ကို မီးမသတ်ဘဲ ချထားလိုက်ရင်း ပြုံးသည်။

သူက ကုန်းမြင့်လေးပေါ်မှာဖြစ်ကာ ကောင်မလေးက သူ့အောက် ခပ်နိမ့်နိမ့်မှာ ဒူးလေးနှစ်ဖက် ပြန်ပိုက်ထားရင်း ငုတ်တုတ်လေး ထိုင်နေ၏။

သုခ ကတော့ ငါးမျှားတံကို တစ်ဖက်က ကိုင်ထားပေမယ့် လေးဖွလည်း ခါးကြားမှာ ပါသည်။ ကြွက်ထောင်တွေလည်း ကိုင်ထားသေးသည်။





ငါးမျှားရင်းကနေ ဒီနေရာ မကောင်းဘူးဆိုသည့် အကြောင်းပြချက်နှင့် ဖြုတ်ခနဲ ပျောက်သွားတာ ပြန်ရောက်မလာတော့ပေ ..။

ချမ်း က ငါးမျှားတံကိုပါ ချထားလိုက်ပြီး သုခ ကို လှည့်ပတ်ရှာသည်။

"ကောင်မလေး .. ဟိုဘက်ကုန်းနိမ့်မှာ သုခ ကို သွားကြည့်လိုက်စမ်းပါ"

"ဘာလုပ်မလို့လဲ ကိုချမ်း ကလည်း ..၊ သူ့ခများ ကိုချမ်း ရှိနေတုန်းပဲ လွတ်လွတ်လပ်လပ် ဆော့ရတာ .."

"သြော် .. သြော် ... ကျုပ် မရှိတဲ့အခါ ငြိမ်ငြိမ်ကုပ်ကုပ်လေး နေရှာတယ်ပေါ့"

"နေပါတယ် .. သူ ဘယ်မှ မသွားဘူး"

"ပုစွန်လုံးတွေ လိုက်နှိုက်ပြီး ခင်ဗျားကို ပုစွန်ဆီတွေ ချက်ကျွေး သူက အသားကို ကြော်စားနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတာရော .."

"အဲဒါ .."

"ဝမ်းတွေပျက်ပြီး မင်း တစ်ရက်လုံး အိပ်ရာထဲက မထနိုင်တာ ငြိမ်ဆေးပဲလို့များ ထင်နေသေးလား .."

ကောင်မလေးက ရယ်ကျဲကျဲလေး မော့ကြည့်ကာ ဆံပင်တွေကိုင်ပြီးဆို သူ့မ ဆင်ခြေပေးဖို့ ပြင်လိုက်ခြင်း ..၊

"မမသိမ့် က ပြောတာလား .."

"ပြောအောင်လို့ မေးရတာလေ ..၊ မင်းတို့နှစ်ယောက် ပေါင်းမိပြီဆို မသိမ့် ကိုယ်တိုင်လည်း လန့်နေတာပဲ၊ ပေးခဲ့တဲ့ ပိုက်ဆံတွေကို ဘာလုပ်ဖို့ သိမ်းထားတာလဲ ..၊ မင်းတို့လက်ထဲ ထည့်ပေးခဲ့တာ နည်းနည်းပဲရှိတာ ..၊ မသိမ့် တို့ဆီမှာတောင် ငါ ထပ်အပ်ထားခဲ့သေးတယ်၊ အဲဒါကို လက်ထဲက ပိုက်ဆံတောင် ချွေတာနေသေးတယ်၊ ဘာလုပ်ဖို့လဲ ..၊ ငါ မသိအောင် ဘာလုပ်ဖို့ အစီအစဉ်တွေ ရှိနေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ကိုချမ်း မသိအောင် .. ဟုတ်လား .."

ဒီလိုလေး ပြန်မော့မေးလိုက်တော့လည်း သနားသွားမိသည်။ သူကလည်း တမင် စလိုက်တာမို့ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရင်း ငါးမျှားတံ ပြန်ကိုင်လိုက်မိသည်။

"တော်ပြီ ထားလိုက်တော့ ..၊ ဗိုက်ဆာရင် ခြင်းထဲမှာ ထည့်ယူလာတာတွေ သွားစား .."

"မဆာပါဘူး"

ရန်ကုန်ကအပြန် သူ ဝယ်လာတဲ့ စားစရာတွေ အများကြီး ပါလာခဲ့သည်။ သုခ ကလည်း ကလေးဆိုပြီး ဟုတ်တိပတ်တိ စားတာ မဟုတ် ..။

ကောင်မလေးကလည်း သူနဲ့ ကိုကြီးကျော် တို့နဲ့ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောသမျှ နားထောင်လိုက် .. သိချင်ရင် ဝင်မေးလိုက်နှင့် စားစရာတွေကို ဂရုစိုက်ခဲ့တာ မရှိ ..။

သူ့ဘဝမှာ နေစရာ မပူခဲ့ရပေမယ့် စားစရာရှိဖို့အတွက် ပူပင်ခဲ့ရဖူးသည်။ လူတွေရဲ့ အထင်မြင်သေးသော အကြည့်တွေကို ရင်ဆိုင်ခဲ့ရတာလည်း အသက်နဲ့တစ်မျှပါ။

ကောင်မလေးနဲ့ သုခ တို့နှစ်ယောက် သူ့ဘဝထဲကို ရောက်လာခဲ့ခြင်းဟာ သူ့ရဲ့စိတ်တွေကို ဘယ်လိုဘယ်ပုံ ထုဆစ် ပုံဖော်သွားခဲ့မှန်း မသိဘဲ ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေကပါ ဘာနဲ့မှ စည်းရုံးစရာမလိုဘဲ လိုလားဖော်ရွေမှုတွေနှင့် ပြောင်းလဲလာခဲ့သည်။

ခုတော့ ချမ်းသာပြည့်စုံခြင်းသို့ မရောက်သေးတာပဲ ရှိသည်။ ထိုက်သင့်သလောက်တော့ သာယာနေခဲ့ပြီဖြစ်ကာ လိုအပ်နေသေးတာက ဘာလဲ ..၊

"မင်းတို့အုပ်စုကို မြင်ရတာ ဝမ်းနုတ်ဆေး ခတ်ထားတဲ့ အဆီတဝင်းဝင်းနဲ့ ဟင်းပန်းကန်ကြီးကို ကြည့်နေရသလိုပဲ၊ စားလို့လည်း





မရ၊ လွှင့်ပစ်ရက်စရာလည်း မရှိ၊ မင်း ဒါနဲ့တင် ကျေနပ်မနေနဲ့ ချမ်း.. ငါတို့ရွာသေးသေးလေးမှာ ကိုယ့်အရပ်သား၊ ကိုယ့်ရွာလူကြီးတွေနဲ့ ဘယ်လိုနေနေ အဆင်ပြေတယ်၊ မြို့ကြီးပြကြီးမှာ ဒီပုံစံနဲ့ မဖြစ်ဘူး"

လို့ ကိုကြီးကျော် သတိပေးခဲ့တာ ညကမှ ..၊ သူ ဘာလုပ်ရမလဲ.. ကိုကြီးကျော် တို့ ပြောတာကို သူ နားလည်သည်။ ကောင်မလေး နားလည်ဖို့က ခက်၏။

ရွာမှာပဲ မသိမ့် တို့နဲ့ နေခဲ့လိုက်ပါလို့ နားချပြီး သုခ ကို ခေါ် သွားဖို့ စီစဉ်ကြည့်ဖူးသည်။

ကောင်မလေး ငိုချလိုက်တာ သည်းသည်းလှုပ် ..၊

သုခ ကိုပါ ထားခဲ့ရင်တော့ ဖြစ်နိုင်မှာပေမယ့် မသိမ့် တို့ဘက်ကို ပြန်ငဲ့ရဦးမည်။

ကောင်မလေးကို မွေးစားပါမည်လို့ အစတည်းက ပြောခဲ့သည့် စကား ရှိပေမယ့် ကိုယ့်အထုပ်လို့ သတ်မှတ်ပြီးကာမှ ပြန်ယူတော့ ဆိုပြီး သွားထည့်ပေးရအောင် အဝတ်ထုပ်လေး တစ်ထုပ်လည်း မဟုတ် ..။

ထို့ပြင် သုခ နဲ့ နှစ်ယောက်စလုံးတော့ မဖြစ်နိုင်ဘူးနော် .. လို့ ပွင့်ပွင့်လင်းလင်း ပြောခဲ့တာလည်း ရှိသည်။

သုံးယောက်စလုံးပဲ ရန်ကုန်ကို ပြောင်းတော့ဖို့သာ ဆုံးဖြတ်ခဲ့သည်။ စိုးရိမ်စိတ်တွေက ရှိနေဆဲမို့ ငါးမျှားချိတ်မှာ ငါးလာဟပ်တာတောင် သိလျက်နှင့် ဆွဲတင်ဖို့ မေ့နေခဲ့သည်။

ဒီအတွေးတွေထဲ ရောက်သွားပြီဆို ငေးတတ်ငိုင်တတ်တဲ့အကျင့် မရှိဘဲ ငေးငိုင်သွားတတ်တာလည်း မကြာခဏ ဖြစ်တတ်လာပြီ..

ငါးစာမရှိတော့သည့်ချိတ်ကို ဆွဲမြှောက်ကြည့်ရင်း ပြုံးလိုက်မိသည်။ သူမဆီကလည်း ဘာသံမှ မကြားခဲ့တာကို သတိရပြီး လှည့်ကြည့်လိုက်တော့ ကောင်မလေးက ရေပြင်ကို ငေးနေလိုက်တာ သူ



www.burmeseclassic.com

www.burmeseclassic.com



ထတ် ဆိုးသေးသည်။

"ကောင်မလေး ဘာတွေ တွေးနေတာလဲ .."

"ဟင်!..."

သူ မေးလိုက်မှ ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ သူမကိုယ် သူမ ဘာတွေးနေပါလိမ့်လို့ ပြန်စဉ်းစားနေရသလိုမျိုး မျက်ခုံးတန်းလေးတွေ တွန့်ကျသွား၏။

"မင်းကို မသိမ့် လည်း ပြောတယ်၊ ငါလည်း သတိထားမိတယ်၊ ဟိုအခါရင် ဒီရောက်လာကာစကနဲ့ မတူဘူး၊ ပြောဆို နေထိုင်တာတွေက .."

"ဟင် .. ဘာတွေ မတူတာလဲ ..၊ ဒီက ဘာလုပ်နေလို့လဲဟင်"

"ငါ့ကို ခေါ်တာက အစလေ ..၊ လူကို တစ်ချမ်းတည်း ချမ်းနေတာ၊ သက်တူရွယ်တူ သူငယ်ချင်းတွေ .. လူကြီးတွေက ခေါ်ကြတာမျိုး ..၊ ခုကျတော့ 'ကိုချမ်း' ဖြစ်နေပြန်ပြီ"

"ချမ်း လို့ ခေါ်ခဲ့တယ် .. ကိုချမ်း ကိုလား .."

"ဟုတ်တယ် .."

"ခေါ်တာ ဘာဖြစ်လို့လဲ ..၊ ကိုချမ်း က ချမ်း ပဲ မဟုတ်ဘူးလား၊ သူများခေါ်လို့ သူများလည်း ခေါ်တာလေ .."

ကိုယ့်ကိုယ်ကိုယ် ပြောတာကလည်း 'ကျွန်မ' ဖြစ်သွားလိုက်၊ 'သူများ၊ ဒီက' စုံလို့ပါပဲလို့ သူ ထပ်မပြောဖြစ်တော့ပေ ..။

ကောင်မလေး က သူ့မျက်နှာကိုပဲ သေချာ ပြန်ကြည့်လာရင်း...

"ကိုချမ်း က အဲဒီလို ခေါ်ခဲ့တာကို စိတ်ဆိုးနေတာလား .."

"စိတ်ဆိုးရင် အဲဒီတည်းက ခင်ဗျားကို နားရင်းအုပ်ထားမှာပေါ့၊ နောက် မခေါ်ရဲအောင် .."

"ဒါဆို အခု ဘာလို့ ပြောနေသေးလဲ .."

"အခု ပြောနေတာ မဟုတ်ဘူး .. မေးနေတာ၊ မင်း ဘာတွေ





တွေးတတ်နေပြီလဲလို့ .."

"ဟင့်အင်း .. တွေးနေတာ မဟုတ်ပါဘူး"

"ဘာလဲ .."

"မသိဘူး ..၊ ကိုချမ်း ဘေးမှာ ထိုင်နေတာလေ၊ ငြိမ်ငြိမ်လေး ထိုင်နေတာတောင်မှ .."

"ဟိုတုန်းကတော့ ငြိမ်ပါဆိုလို့ကို မရခဲ့ဘူးလေ ..အခု ငြိမ်ငြိမ်လေး ဖြစ်ဖြစ်သွားတတ်တာ မသိမ့် က ပြန်ပြောတယ်၊ ငါ သိချင်တာက မင်းရဲ့နောက်ကြောင်းက တစ်ခုခုကိုများ ဝိုးတဝါး မှတ်မိလာတာလား .."

"နောက်ကြောင်းဆိုတာ ဘာကို ပြောတာလဲ .."

ချမ်း အလုပ်လုပ်ရတာ စိတ်မပါတော့ဘဲ ငါးမျှားတံကို ဒီတိုင်း လှမ်းချိတ်ထားလိုက်ကာ ကောင်မလေး လက်ကို ငုံ့ဆွဲလိုက်သည်။

သူမ မတ်တတ်ထရပ်လိုက်မှ ဘေးမှာ ထိုင်ခိုင်းလိုက်ပြီး ငုံ့ကြည့်၍ ...

"မင်းရဲ့စိတ်ဝေဒနာအကြောင်း မင်း သိနေတာပဲ ကောင်မလေး၊ ငါ ထပ်ပြောဖို့ မလိုပါဘူး၊ ဒါပေမယ့် မင်း ပိုသိအောင် ပြောပြမယ်၊ ရောက်စတုန်းက မင်းက ရူးသွပ်နေသလိုပဲ၊ မိန်းကလေးမို့ သနားတယ်ဆိုရင်တောင် တာဝန်ယူရဲဖို့ မလွယ်ဘူး .."

"အဲဒါကြောင့် ကိုချမ်း က ငါးကင်တောင် မကျွေးဘဲ တွန်းထိုးရိုက်ပုတ်ထုတ်တာလား .."

"ဒါတော့ .. မင်း မှတ်မိလား .."

ကောင်မလေးက မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ရှာ၏။ ပြီးတော့ မျက်နှာလေး ငုံ့သွားကာ ...

"ကျွန်မ အရမ်းဗိုက်ဆာလို့ လုစားတာပါ၊ ရူးလို့ မဟုတ်ပါဘူး" တိုးတိုးလေး ထပ်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ရှုးသွပ်နေတဲ့လူလိုမျိုးပဲ .. ငါကလည်း ဘယ်သူနဲ့မှ အဆင်ပြေအောင် မနေတတ်ခဲ့တဲ့ တစ်ရွာလုံးနဲ့ တစ်ယောက်တောင် .."

သူ ကောင်မလေးမျက်နှာလေးကိုပဲ ငုံကြည့်မိနေရင်း ...

"အခု ငါ အများကြီး ပြောင်းလဲထားခဲ့တာ ..၊ မင်း ပြောင်းလဲသွားတာကတော့ နည်းနည်း ထူးဆန်းနေတယ်"

ကောင်မလေး ပြန်ကြည့်လာတော့ မျက်လုံးချင်း ဆုံသွားကာ...

"မင်းပုံစံက အတိတ်မေ့ပြီး ကိုယ့်ကိုယ်ကိုယ် သတိမရတာကိုပဲ တနံ့နံ့ တွေးခံစားနေသလိုပဲ .."

"တစ်ခုမှလည်း ကောင်းတာ မပါဘူး"

ချမ်း က ရယ်လိုက်ပြီး သစ်ကိုင်းခြောက်လေးတစ်ခု လှမ်းယူပြီး တုန်းမြေပေါ်မှာ ဟိုခြစ်ဒီခြစ် လုပ်နေ၏။ ကောင်မလေးလည်း ဟိုခြစ်ဒီခြစ်ကိုပဲ လက်လေးထောက်၍ သေချာ လိုက်ငုံ့ကြည့်ပြီး ...

"သူများကို ပုံဆွဲပြတာလား .."

"မဟုတ်ဘူး .. ပြန်ထိုင်နေ .."

သူမမျက်နှာရှေ့ကနေ လက်ဝါးနဲ့ ကပ်မလိုကွယ်လိုက်ပြီး သစ်ကိုင်းခြောက်လေးကိုလည်း ချထားလိုက်ရသည်။ သူ ဘာလုပ်နေနေ ကောင်မလေး ပြူးပြဲလိုက်ကြည့်မည် ..၊ ဘယ်သွားသွား သူမလည်း ခြေလှမ်းပြင်ပြီးသား ..။

တစ်ခါတစ်ခါ ကိုကြီးကျော် က ဟောဟောဒိုင်းဒိုင်း ပြောတတ်သေးသည်။

"ဟိုမှာ မုဆိုးဖိုသားအဖ ထွက်သွားကြပြီ"

"ဘလေးနှစ်ကောင်နဲ့ တို့လို့တွဲလောင်းကျန်ခဲ့တဲ့ မုဆိုးဖိုလေးလာပါပြီဗျာ .."

စသဖြင့် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ...။





ကိုယ့်ကိုယ်ကိုယ် ပြန်တွေးရင်း ပြုံးချင်ချင် ဖြစ်မိ၏။

"ကိုချမ်း ကရော သူများကို ဘယ်လိုထင်လဲဟင် .."

တိတ်သွားပြီးမှ ကောက်မေးလိုက်တော့လည်း မေးခွန်းက လူတစ်လုံး သူတစ်လုံး ..။

"ဘယ်လိုထင်ရမှာလဲ ..၊ မင်း အခု ငိုင်နေတာကို ငါ မေးတာလေ၊ ဘာလို့ ငါ့ကို ပြန်မေးတာလဲ"

"ကိုယ့်ကိုယ်ကိုယ် ငိုင်နေတာလား ဘာလားတောင် ဒီက မသိတဲ့ဟာ .."

"အိပ်မက်မက်လို့ မသိမ့် ကို ပြောပြဖူးတယ်ဆို .."

"ဟင်!..."

ဘယ်လိုမေးမေး အစပေါ်မလာတော့လည်း ကိုယ်ကပဲ အစဖော်ရတော့သည်။

"ဟုတ်တယ်.. ဘာတွေ မက်လဲဆိုတာ မသိမ့် ပြောပြလားဟင်"

"အင်း .. အဲဒါမျိုး ထပ်မက်နေသေးလား၊ ဒီပုံစံ .. ဒီမြင်ကွင်းချည်းပဲ ထပ်ထပ်မြင်နေ မက်နေတာမျိုး .."

"ဟင့်အင်း .. ဒါပေမယ့် .."

ကောင်မလေးက ရေပြင်ဆီ အကြည့်တွေ ပြန်ရောက်သွားကာ...

"ဒါပေမယ့် ရေတွေကို မြင်တော့ တစ်မျိုးကြီးပဲ .."

"မင်းကို ရေထဲက မျောလာတာလို့ပဲ ငါတို့က တွက်မိထားတာ၊ ရေထဲမှာ မင်း ဒုက္ခရောက်လို့ ဖြစ်မှာပေါ့၊ အိပ်မက်ထဲမှာ ဘယ်လိုပုံရိပ်တွေ ထင်လဲ .."

"ရေတွေ .. ရေတွေက အရမ်းကို ကြည်စိမ်းပြီး ကျောက်ခဲလေးတွေကို မြင်နေရတာ .."

"အင်း ... ဆက်ပြော .."

"မမသိမ့် ပြောပြီးပြီဆို .."



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြောကွာ .."

ကြောင်တောင်တောင် ပြန်မေးပြီး ပြောဆိုတော့လည်း ခေါင်းလေး ညိတ်၏။

"ကျောက်ခဲလေးတွေပေါ်မှာ နင်းပြီး သွားနေတဲ့ ကိုယ့်ခြေထောက်ကိုတောင် ရေထဲမှာ ဒီတိုင်း မြင်ရတယ်၊ ပြီးတော့ .. ပြီးတော့ ရေတွေက စိမ်းလာတယ် .. မှောင်ညစ်ညစ်ကြီး ..၊ နောက်ပြီးတော့ မဟုတ်တော့ဘူး .. လူတွေလည်း အစက ရယ်နေကြတာ ထင်တယ်၊ ပြီးတော့ ပြေးကြတယ် ..၊ ရယ်ပြီး ပြေးတာလား .. ငိုနေကြတာလား.."

"ခင်းကိုယ်မင်းရော ပြန်တွေ့နေလား .."

"မတွေ့ဘူး .. ကျွန်မက မြင်နေရတာ၊ ဒါပေမယ့် ဘာကိုမှလည်း မသိဘူး၊ နောက်ပြီး .. နောက်ပြီး .. ကျွန်မဘေးမှာ တစ်ယောက်ရှိနေတယ်၊ အဲ့ဒါက .. ကျွတ်!.."

ကောင်မလေး မျက်မှောင်လေးကုတ်၍ စဉ်းစားပြောနေရင်း မျက်လုံးတွေ မှိတ်ပစ်လိုက်ရခြင်းသို့ ရောက်ကာ မျက်နှာလေး မဲ့သွား၏။

"ခေါင်းကိုက်လာတာလား .."

"အင်း .."

ပခုံးချင်းထိပြီး ထိုင်နေကြတာမို့ ကောင်မလေးက သူ့ပခုံးစွန်းမှာ ခေါင်းလေး ဖေးကပ်ထားလိုက်ပြီး ...

"ကျွန်မ ဘာတွေဖြစ်နေလဲ အရမ်း သိချင်လာရင် .. ခေါင်းက ကိုက်ကိုက်လာတယ် .."

"ဖြစ်တတ်တယ်လေ ..၊ ခေါင်းကိုက်လာပြီဆို စဉ်းစားတဲ့အလုပ်ကို ခဏ နားထားလိုက်ပေါ့၊ နောက်ပြီး အပြင်းအထန် မစဉ်းစားဘဲ အကြောင်းအရာတစ်ခု ဖျတ်ခနဲ ပေါ်လာတာမျိုး စိတ်က မြင်လိုက်ရင် .. မမေ့အောင် သေချာ မှတ်ထားလိုက် .."





ဦးသက်ထွန်း ခပ်ကြိတ်ကြိတ် စုတ်သပ်ရင်း ကျောခိုင်းထားလိုက်မိသည်။

ဘာတွေ ပြောနေတာလဲ ဒီကောင်မလေး ..။

လူတွေရယ် .. ငွေကြေး ဂုဏ်ဓနရယ် .. ကောင်းတာလုပ်ခြင်း၊ မလုပ်ခြင်း .. ဒီအခြေအနေတွေအားလုံး ဘယ်အချိန်မှာ ရပ်တန့်မယ်၊ မရပ်တန့်ဘူး .. ဘာတစ်ခုမှ မရေရာ ရှုပ်ထွေးနေသည့် သူ့ခေါင်းတစ်ခုလုံးသည် ..၊

ရီလေး ၏အကြည့်တွေ၊ စကားတွေကြောင့် ချာချာလည်ရတော့မည် ..။

အားလုံးဟာ အမြန်ဆုံး အဆုံးသတ်မှသာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"အဟမ်း .."

ချောင်းဟန့်သံကြောင့် နောက်ကို လှည့်ကြည့်လိုက်မိသည်။

ဦးသက်ထွန်း ကို မြင်ပေမယ့် တံခါးပိတ်သည့်အလုပ်ကို ပြီးဆုံးတဲ့အထိ အေးဆေးစွာ လုပ်ပြီးမှ .. ပြန်လှည့်၍ ...

"ဦးသက် ပြောစရာရှိလို့လား .."

"အဟွန်း .. မင်းက ဒီနေ့ တောပြန်ဦးမယ်ဆိုလို့ လာကြည့်တာ၊ ဒီမှာ ဒီလောက်ထိ အဆင်ပြေနေသားနဲ့ တောကို ပြန်ပြီး ဘာလုပ်မှာလဲ လူချမ်းသာ ..၊ ခုဆိုရင် မင်း စေလိုရာစေနိုင်နေပြီ၊ မြို့မှာပဲ တိုက်တစ်လုံးလောက် လက်ညှိုးထိုးလိုက်ရင် ပြီးပြီ၊ မိသားစုကို ပြန်ခေါ်ပြီး အေးဆေးနေရုံပဲ .."

ချမ်း က အဝတ်နှစ်စုံလောက်ပဲပါသည့် ကျောပိုးအိတ်လေးကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး လက်မနဲ့ ပြန်ချိတ်ထားကာ ...





"လက်ညှိုးထိုးတာက ဘယ်လိုလက်ညှိုးမျိုးကို ပြောတာလဲ ဦးသက် ..၊ ကလေးတွေ လိုချင်တာရှိရင် အမေ့ထဘီစဆွဲပြီး လက်ညှိုးထိုး ပူဆာတာမျိုးလား .."

ဦးသက်ထွန်း မျက်နှာတစ်ပြင်လုံး ရဲခနဲ ဖြစ်သွားသည်။ ချမ်း က ခပ်ဖြည်းဖြည်း လျှောက်လာကာ ဦးသက်ထွန်း ရှေ့ကျမှ ခြေထောက်စုံရပ်လိုက်ပြီး ...

"ဘုရားတောင် အမှီရှိမှ ပွင့်တယ်လို့ ဆိုကြပေမယ့် ကျွန်တော်က ဘုရားမှ မဟုတ်တာ ..၊ ကိုယ်ရသင့်တာပဲ ယူပြီး ကျေနပ်နိုင်တာကောင်းပါတယ်"

သူ ပြောချင်တာ ပြောခဲ့ပြီး ပန်းခြံကို ဖြတ်လျှောက်လာခဲ့သည်။ ဦးသက်ထွန်း က တိတ်ဆိတ်စွာ ကျန်ခဲ့ပြီးမှ သူ့နောက်ကနေ လျှောက်လိုက်လာကာ ...

"လူချမ်းသာ .."

ချမ်း ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

ထိုအခါ ဦးသက်ထွန်း လျှောက်လိုက်လာတာနှင့် မျက်နှာချင်းဆိုင် ပြန်ဖြစ်သွားတာ ...

"ငါ နားလည်သလို ဘာသာပြန်ရရင်တော့ .. အကြံကြီး ကြံမယ့်လူက တစ်နပ်စားဉာဏ် မသုံးဘူးတဲ့၊ မင်း ကြံနေတာ ဘာလဲဆိုတာ သိဖို့ ငါ တော်တော် ခေါင်းစားရမယ် ထင်တယ် .."

"ခေါင်းစားမခံပါနဲ့ .. ဦးသက် လိုအပ်နေတာတွေကို ကျွန်တော် လိုအပ်မှာ မဟုတ်ဘူးဆိုတာ သေချာပြီးသားဆိုတော့ .."

"ဒါဆို စဉ်းစားဖို့ တကယ်မလိုဘူးပဲ၊ ဟုတ်တယ်.. ငွေမမက်ဘူး ဆိုတဲ့လူမှ မရှိတာ၊ ငါ့စီးပွားရေးနဲ့ငါ လုံးထွေး နစ်မွန်းနေရတာ ငွေ ဆိုတဲ့ လိုအပ်ချက်ကြောင့် ..၊ မင်းကတော့ ဒီအိမ်မှာ ငွေ မလိုဘူး ဆိုတော့ 'ဂုတ်ကို မမှန်းဘူး၊ ခေါင်(ဂေါင်)ကိုပဲ' ဆိုတာမျိုးပေါ့..



www.burmeseclassic.com

www.burmeseclassic.com



မင်းက ..''

''ခန့်မှန်းအဖြေ ထွက်လာတာ မစောလွန်းဘူးလား ဦးသက်..''

ချမ်း က ဒေါသဖြစ်သွားတာကို သွားစေ့ အံကြိတ်ထားပြီး မပွင့်တပွင့် မေးသည်။ ပြီးတော့ မျက်လုံးချင်းဆုံပြီး အကြာကြီး ကြည့်နေပြီးမှ ...

''မျက်မွေးတစ်ဆုံး မဟုတ်ဘဲ မျက်စိတစ်ဆုံးထိ ကြည့်ကြည့်ပါလား ..၊ အမေးအဖြေတွေ မပါဘဲ ခင်ဗျား အများကြီး သိသွားလိမ့်မယ်''

''မင်းက ငါ့ကို ဒီလေသံနဲ့ ပြောလိုက်တာလား ..''

''အမှိုက်ပုံဘေးက ဖြတ်လျှောက်ရင်တော့ အပုပ်နံ့ပဲ ရမှာပေါ့၊ မခံနိုင်ရင် လေကောင်းလေသန့်ရှိမယ့်နေရာကို ရှာ ..၊ အစတည်းက ပြောခဲ့ပြီးသား ..၊ ကျွန်တော် မယဉ်ကျေးတတ်ဘူး''

''ဘယ်သူ့ကိုလဲ ..၊ မမြင်မစမ်း အိုကြီးအိုမနဲ့ ငါ့အမေကိုလား၊ မင်းကို မမြင်တဲ့သူက သဘောကျပြီး ရွေးချယ်ခဲ့တာ .. ငါ မပါဘူး''

''ကျွန်တော်ကလည်း ရွေးကောက်ပွဲတက်ဖို့ မဲဆွယ်ခဲ့တာမှ မဟုတ်ဘဲ ဦးသက်..၊ အဘွား ဒေါ်သစ္စာညို က ခန့်အပ်ထားလို့ လုပ်ခဲ့တယ်၊ သူက သွားတော့ဆိုရင်လည်း အဲဒီတစ်ခွန်းနဲ့တင် လုံလောက်တယ်''

ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ သူ ခြံပြင်ကိုပဲ ဦးတည် လျှောက်ထွက်ခဲ့သည်။

ပြီးတော့ သူ့နှုတ်ခမ်းမှာ မဲ့ပြုံးနှင့် ရင့်ရော်သွားခဲ့၏။

လူချမ်းသာ ဆိုတဲ့ကောင် တစ်ယောက်တည်းပေမယ့် ဘယ်လေတိုက်လို့မှ ရွေ့ပါမှာ မဟုတ်ဘူးဆိုတာ နောက်ထပ်သိအောင် ပြဖို့တွေ ရှိသေးသည်။

လူတစ်ယောက်ဟာ သစ်ပင်တစ်ပင်လည်း မဟုတ်..၊





လေပြင်းမုန်တိုင်းဒဏ် ခံနိုင်အောင် တစ်ပင်ကိုတစ်ပင်ယှက်ပြီး ရစ်ပတ် နှောင်တည်းထားဖို့ လိုသလား ..။

အစကတည်းက ဂရုမစိုက်ခဲ့တဲ့ လောကခံတရားထဲမှာ လူတွေက ရှေ့ဆုံးက ..။

လမ်းပေါ်မှာ သွားနေသည့် ခြေလှမ်းတွေက ဒေါသကြောင့် ပိုကျဲလာသည်။

ထို့ပြင် ပိုပြီး ခိုင်မာလာသည်က စပြီးသည့်လမ်းကို ဆုံးတဲ့အထိ မရောက်ရောက်အောင် သွားဖို့ ဆုံးဖြတ်ချက်တွေပဲ ဖြစ်၏။

ဘယ်သူမှန်းမှန်း .. မမှန်းမှန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘယ်သွားကြမလို့လဲ .. အုပ်စုလိုက်"

"ချောင်းထဲမှာ ရေသွားချိုးမလို့ .."

"သြော် .. သြော် ... ငါးမျှားတံတွေနဲ့ဆိုတော့ နှစ်လမ်းသွားပေါ့၊ သွားကြ .. သွားကြ ..၊ ကောင်မလေးတို့ ဒါမျိုးဆို ပြုံးနေတာပဲ"

အိမ်ကို လာလည်ပုံပေါ်သည့် မသိမ့် က ရှေ့ဆက်မလာတော့ဘဲ နေရာမှာပဲ ရပ်နေကာ ...

"ချမ်း က မနက်ဖြန် ပြန်မှာဆို .."

"ရတယ် မသိမ့် ..၊ ဖြည်းဖြည်းပေါ့"

"ငါပြောတာက ဒီတစ်ခါ တစ်မိသားလုံးပြောင်းမှာဆိုတော့ သိမ်းရဆည်းရမှာနဲ့ နင်တို့ တစ်နေကုန် ချောင်းစပ်မှာနေလို့ မရဘူးနော်.."

ချမ်း က ဘာမှမပြောဘဲ ရယ်ပြီး ခေါင်းခါပြသည်။ လူငယ်တွေများ ဘာအပူအပင်မှ မထားပါလားလို့တွေးပြီး မသိမ့် က ဖြောင့်ဖြောင့် မပြန်နိုင်..။ ပူပင်နေတာက မနက်ဖြန် သူမတို့လင်မယားပါ လိုက်ရဦးမှာမို့၊ အကူလိုက်ရမယ့်လူတွေက အဝတ်စားတွေ ထည့်ပြင်ထားပြီးပြီ..။

သူတို့တွေက တကယ်ကို အေးဆေးရှိတုန်း ..၊

ချမ်း က စွပ်ကျယ်ချိုင်းပြတ် အဖြူလေးနှင့် ဒူးအောက်ကျသည့် ဘောင်းဘီမတိုမရှည်လည်း ပါသည်။





အောက်ဖျားစတွေ သိမ်းလှန်ပြီး ခါးမှာ နှစ်ထပ် ပတ်ထားသလို ပုဆိုးကလည်း ပါသေး၏။

ကောင်မလေးကတော့ ရွာမှာ မြင်တောင် မမြင်ဘူးကြသည့် တကယ့် ပိုးဖဲကတ္တီပါလို ပြောင်လက်နေသည့် ဝတ်စုံတွေပဲ ထည်လဲဝတ်နေရတဲ့အတိုင်း ခုလည်း ထဘီက ဒူးနားပါသည့် ချည်ထဘီအနီလေးပေမယ့် အင်္ကျီက အမ်ါးသား ပြောင်ပြောင်အိအိလေး ဖြစ်သည်။

ဆံပင်တွေကို နှစ်ဖက်ခွဲ၍ သားရေကွင်းလေးနဲ့ ရိုးရိုးပဲစည်းထားကာ စည်းထားသည့်နေရာလေးတွေမှာ နှစ်ပွင့်ပူးလေးတွေ ပါသည့် စံပယ်ပန်းလေး တစ်ခက်စီကို ညှပ်ပန်ထား၏။ ထို့ပြင် သူမ အမြဲလိမ်းရမည်လို့ မှာထားတည်းက ဂရုတစိုက် လိမ်းနေရှာသည့် ပါးကွက်နှစ်ဖက်က ဝါညက်ညက်နှင့် လှနေသည်။

မသိတဲ့လူတွေကတော့ အကောင်းစားတွေဝတ်ပြီး အမြဲတမ်းရှိုးထုတ်နေသည်လို့ ထင်ကြမှာပါ။ တကယ်က ကောင်မလေးမှာဝတ်စရာ ဒါတွေပဲရှိတာ ဖြစ်သည်။

သိထားတဲ့လူတွေကတော့ ပြောကြသည်။

သူ့ဘုန်း .. သူ့ကံပဲ ဟု ...၊

စိတ်တွေ ဟိုဒီရောက်သွားကာ သူတို့တွေ အတော်လှမ်းသွားမှ မသိမ့် ကပျာကယာ အသံမြှင့်၍ ...

"ချမ်း ရေ .. နင်တို့ပစ္စည်းတွေ သိမ်းထားလို့ရတာတွေ ငါ သိမ်းထားပေးလိုက်မယ် .. ရမလား .."

"ကြိုက်သလို လုပ်လိုက် .."

ချမ်း က နောက်လှည့် လက်ပြပြီး အော်ပြောသွားသည်။

သိပြီးသား ..၊ ဒီလိုလုပ်ပေးတာကိုများ ချမ်း တို့ ငြင်းမယ်ခိုင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ချောင်းရေတွေက အများကြီးပဲနော် .."

"အင်း .. မိုးက ပြတ်တယ်မရှိတော့ ချောင်းရေလည်း မကျတော့ဘူး၊ ဒီအချိန်ဆို ရေပြင်က ပိုကျယ်ပြီး လှနေတာပဲ၊ ဒါပေမယ့် ငါးများရတာ အဆင်မပြေဘူး"

"ဘာဖြစ်လို့လဲဟင် ..၊ ရေတွေများတော့ ငါးတွေ အများကြီး ပိုမလာဘူးလား .."

"အဟွန်း .."

ချမ်း က စီးကရက်ကို မီးမသတ်ဘဲ ချထားလိုက်ရင်း ပြုံးသည်။

သူက ကုန်းမြင့်လေးပေါ်မှာဖြစ်ကာ ကောင်မလေးက သူ့အောက် ခပ်နိမ့်နိမ့်မှာ ဒူးလေးနှစ်ဖက် ပြန်ပိုက်ထားရင်း ငုတ်တုတ်လေး ထိုင်နေ၏။

သုခ ကတော့ ငါးများတံကို တစ်ဖက်က ကိုင်ထားပေမယ့် လေးဝွလည်း ခါးကြားမှာ ပါသည်။ ကြွက်ထောင်တွေလည်း ကိုင်ထားသေးသည်။





ငါးများရင်းကနေ ဒီနေရာ မကောင်းဘူးဆိုသည့် အကြောင်းပြချက်နှင့် ဖြုတ်ခနဲ ပျောက်သွားတာ ပြန်ရောက်မလာတော့ပေ ..။

ချမ်း က ငါးများတံကိုပါ ချထားလိုက်ပြီး သုခ ကို လှည့်ပတ်ရှာသည်။

"ကောင်မလေး .. ဟိုဘက်ကုန်းနိမ့်မှာ သုခ ကို သွားကြည့်လိုက်စမ်းပါ"

"ဘာလုပ်မလို့လဲ ကိုချမ်း ကလည်း ..၊ သူ့ခမျာ ကိုချမ်း ရှိနေတုန်းပဲ လွတ်လွတ်လပ်လပ် ဆော့ရတာ .."

"ဩော် .. ဩော် ... ကျုပ် မရှိတဲ့အခါ ငြိမ်ငြိမ်ကုပ်တုပ်လေးနေရှာတယ်ပေါ့"

"နေပါတယ် .. သူ ဘယ်မှ မသွားဘူး"

"ပုစွန်လုံးတွေ လိုက်နှိုက်ပြီး ခင်ဗျားကို ပုစွန်ဆီတွေ ချက်ကျွေး၊ သူက အသားကို ကြော်စားနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတာရော .."

"အဲ့ဒါ .."

"ဝမ်းတွေပျက်ပြီး မင်း တစ်ရက်လုံး အိပ်ရာထဲက မထနိုင်တာ ငြိမ်ဆေးပဲလို့များ ထင်နေသေးလား .."

ကောင်မလေးက ရယ်ကျဲကျဲလေး မော့ကြည့်ကာ ဆံပင်တွေကိုင်ပြီဆို သူ့မ ဆင်ခြေပေးဖို့ ပြင်လိုက်ခြင်း ..၊

"မမသိမ့် က ပြောတာလား .."

"ပြောအောင်လို့ မေးရတာလေ ..၊ မင်းတို့နှစ်ယောက် ပေါင်းမိပြီဆို မသိမ့် ကိုယ်တိုင်လည်း လန့်နေတာပဲ၊ ပေးခဲ့တဲ့ ပိုက်ဆံတွေကို ဘာလုပ်ဖို့ သိမ်းထားတာလဲ ..၊ မင်းတို့လက်ထဲ ထည့်ပေးခဲ့တာ နည်းနည်းပဲရှိတာ ..၊ မသိမ့် တို့ဆီမှာတောင် ငါ ထပ်အပ်ထားခဲ့သေးတယ်၊ အဲဒါကို လက်ထဲက ပိုက်ဆံတောင် ချေတာနေသေးတယ်၊ ဘာလုပ်ဖို့လဲ ..၊ ငါ မသိအောင် ဘာလုပ်ဖို့ အစီအစဉ်တွေ ရှိနေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ကိုချမ်း မသိအောင် .. ဟုတ်လား .."

ဒီလိုလေး ပြန်မော့မေးလိုက်တော့လည်း သနားသွားမိသည်။ သူကလည်း တမင် စလိုက်တာမို့ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရင်း ငါးမျှားတံ ပြန်ကိုင်လိုက်မိသည်။

"တော်ပြီ ထားလိုက်တော့ ..၊ ဗိုက်ဆာရင် ခြင်းထဲမှာ ထည့်ယူလာတာတွေ သွားစား .."

"မဆာပါဘူး"

ရန်ကုန်ကအပြန် သူ ဝယ်လာတဲ့ စားစရာတွေ အများကြီး ပါလာခဲ့သည်။ သုခ ကလည်း ကလေးဆိုပြီး ဟုတ်တိပတ်တိ စားတာမဟုတ် ..။

ကောင်မလေးကလည်း သူနဲ့ ကိုကြီးကျော် တို့နဲ့ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောသမျှ နားထောင်လိုက် .. သိချင်ရင် ဝင်မေးလိုက်နှင့် စားစရာတွေကို ဂရုစိုက်ခဲ့တာ မရှိ ..။

သူ့ဘဝမှာ နေစရာ မပူခဲ့ရပေမယ့် စားစရာရှိဖို့အတွက် ပူပင်ခဲ့ရဖူးသည်။ လူတွေရဲ့ အထင်မြင်သေးသော အကြည့်တွေကို ရင်ဆိုင်ခဲ့ရတာလည်း အသက်နဲ့တစ်မျှပါ။

ကောင်မလေးနဲ့ သုခ တို့နှစ်ယောက် သူ့ဘဝထဲကို ရောက်လာခဲ့ခြင်းဟာ သူ့ရဲ့စိတ်တွေကို ဘယ်လိုဘယ်ပုံ ထုဆစ် ပုံဖော်သွားခဲ့မှန်း မသိဘဲ ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေကပါ ဘာနဲ့မှ စည်းရုံးစရာမလိုဘဲ လိုလားဖော်ရွေမှုတွေနှင့် ပြောင်းလဲလာခဲ့သည်။

ခုတော့ ချမ်းသာပြည့်စုံခြင်းသို့ မရောက်သေးတာပဲ ရှိသည်။ ထိုက်သင့်သလောက်တော့ သာယာနေခဲ့ပြီဖြစ်ကာ လိုအပ်နေသေးတာက ဘာလဲ ..၊

"မင်းတို့အုပ်စုကို မြင်ရတာ ဝမ်းနတ်ဆေး ခတ်ထားတဲ့ အဆီတဝင်းဝင်းနဲ့ ဟင်းပန်းကန်ကြီးကို ကြည့်နေရသလိုပဲ၊ စားလို့လည်း





မရ၊ လွှင့်ပစ်ရက်စရာလည်း မရှိ၊ မင်း ဒါနဲ့တင် ကျေနပ်မနေနဲ့ ချမ်း..၊ ငါတို့ရွာသေးသေးလေးမှာ ကိုယ့်အရပ်သား၊ ကိုယ့်ရွာလုကြီးတွေနဲ့ ဘယ်လိုနေနေ အဆင်ပြေတယ်၊ မြို့ကြီးပြကြီးမှာ ဒီပုံစံနဲ့ မဖြစ်ဘူး"

လို့ ကိုကြီးကျော် သတိပေးခဲ့တာ ညကမှ ..၊ သူ ဘာလုပ်ရမလဲ..၊ ကိုကြီးကျော် တို့ ပြောတာကို သူ နားလည်သည်။ ကောင်မလေး နားလည်ဖို့က ခက်၏။

ရွာမှာပဲ မသိမ့် တို့နဲ့ နေခဲ့လိုက်ပါလို့ နားချပြီး သုခ တို့ ခေါ်သွားဖို့ စီစဉ်ကြည့်ဖူးသည်။

ကောင်မလေး ငိုချလိုက်တာ သည်းသည်းလှုပ် ..၊

သုခ ကိုပါ ထားခဲ့ရင်တော့ ဖြစ်နိုင်မှာပေမယ့် မသိမ့် တို့ဘက်ကို ပြန်ငဲ့ရဦးမည်။

ကောင်မလေးကို မွေးစားပါမည်လို့ အစတည်းက ပြောခဲ့သည့် စကား ရှိပေမယ့် ကိုယ့်အထုပ်လို့ သတ်မှတ်ပြီးကာမှ 'ပြန်ယူတော့' ဆိုပြီး သွားထည့်ပေးရအောင် အဝတ်ထုပ်လေး တစ်ထုပ်လည်း မဟုတ် ..။

ထို့ပြင် သုခ နဲ့ နှစ်ယောက်စလုံးတော့ မဖြစ်နိုင်ဘူးနော် .. လို့ ပွင့်ပွင့်လင်းလင်း ပြောခဲ့တာလည်း ရှိသည်။

သုံးယောက်စလုံးပဲ ရန်ကုန်ကို ပြောင်းတော့ဖို့သာ ဆုံးဖြတ်ခဲ့သည်။ စိုးရိမ်စိတ်တွေက ရှိနေဆဲမို့ ငါးမျှားချိတ်မှာ ငါးလာဟပ်တာတောင် သိလျက်နှင့် ဆွဲတင်ဖို့ မေ့နေခဲ့သည်။

ဒီအတွေးတွေထဲ ရောက်သွားပြီဆို ငေးတတ်ငိုင်တတ်တဲ့အကျင့် မရှိဘဲ ငေးငိုင်သွားတတ်တာလည်း မကြာခဏ ဖြစ်တတ်လာပြီ ..

ငါးစာမရှိတော့သည့်ချိတ်ကို ဆွဲမြှောက်ကြည့်ရင်း ပြုံးလိုက်မိသည်။ သူမဆီကလည်း ဘာသံမှ မကြားခဲ့တာကို သတိရပြီး လှည့်ကြည့်လိုက်တော့ ကောင်မလေးက ရေပြင်ကို ငေးငေးလိုက်တာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ထတ် ဆိုးသေးသည်။

"ကောင်မလေး ဘာတွေ တွေးနေတာလဲ .."

"ဟင်!..."

သူ မေးလိုက်မှ ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ သူမကိုယ် သူမ ဘာတွေးနေပါလိမ့်လို့ ပြန်စဉ်းစားနေရသလိုမျိုး မျက်ခုံးတန်း လေးတွေ တွန့်ကျသွား၏။

"မင်းကို မသိမ့် လည်း ပြောတယ်၊ ငါလည်း သတိထားမိတယ်၊ ဟိုအရင် ဒီရောက်လာကာစကနဲ့ မတူဘူး၊ ပြောဆို နေထိုင်တာတွေ က .."

"ဟင် .. ဘာတွေ မတူတာလဲ ..၊ ဒီက ဘာလုပ်နေလို့လဲဟင်"

"ငါ့ကို ခေါ်တာက အစလေ ..၊ လူကို တစ်ချမ်းတည်း ချမ်း နေတာ၊ သက်တူရွယ်တူ သူငယ်ချင်းတွေ .. လူကြီးတွေက ခေါ်ကြ တာမျိုး ..၊ ခုကျတော့ 'ကိုချမ်း' ဖြစ်နေပြန်ပြီ"

"ချမ်း လို့ ခေါ်ခဲ့တယ် .. ကိုချမ်း ကိုလား .."

"ဟုတ်တယ် .."

"ခေါ်တာ ဘာဖြစ်လို့လဲ ..၊ ကိုချမ်း က ချမ်း ပဲ မဟုတ်ဘူးလား၊ သူများခေါ်လို့ သူများလည်း ခေါ်တာလေ .."

ကိုယ့်ကိုယ်ကိုယ် ပြောတာကလည်း 'ကျွန်မ' ဖြစ်သွားလိုက်၊ 'သူများ၊ ဒီက' စုံလို့ပါပဲလို့ သူ ထပ်မပြောဖြစ်တော့ပေ ..။

ကောင်မလေး က သူ့မျက်နှာကိုပဲ သေချာ ပြန်ကြည့်လာရင်း...

"ကိုချမ်း က အဲဒီလို ခေါ်ခဲ့တာကို စိတ်ဆိုးနေတာလား .."

"စိတ်ဆိုးရင် အဲဒီတည်းက ခင်ဗျားကို နားရင်းအုပ်ထားမှာပေါ့၊ နောက် မခေါ်ရဲအောင် .."

"ဒါဆို အခု ဘာလို့ ပြောနေသေးလဲ .."

"အခု ပြောနေတာ မဟုတ်ဘူး .. မေးနေတာ၊ မင်း ဘာတွေ





တွေးတတ်နေပြီလဲလို့ .."

"ဟင့်အင်း .. တွေးနေတာ မဟုတ်ပါဘူး"

"ဘာလဲ .."

"မသိဘူး ..၊ ကိုချမ်း ဘေးမှာ ထိုင်နေတာလေ၊ ငြိမ်ငြိမ်လေး ထိုင်နေတာတောင်မှ .."

"ဟိုတုန်းကတော့ ငြိမ်ပါဆိုလို့ကို မရခဲ့ဘူးလေ ..၊ အခု ငြိမ်ငြိမ် လေး ဖြစ်ဖြစ်သွားတတ်တာ မသိမ့် က ပြန်ပြောတယ်၊ ငါ သိချင်တာ က မင်းရဲ့နောက်ကြောင်းက တစ်ခုခုကိုများ ပိုးတဝါး မှတ်မိလာတာ လား .."

"နောက်ကြောင်းဆိုတာ ဘာကို ပြောတာလဲ .."

ချမ်း အလုပ်လုပ်ရတာ စိတ်မပါတော့ဘဲ ငါးမျှားတံကို ဒီတိုင်း လှမ်းချိတ်ထားလိုက်ကာ ကောင်မလေး လက်ကို ငုံ့ဆွဲလိုက်သည်။

သူမ မတ်တတ်ထရပ်လိုက်မှ ဘေးမှာ ထိုင်ခိုင်းလိုက်ပြီး ငုံ့ကြည့် ၍ ...

"မင်းရဲ့စိတ်ဝေဒနာအကြောင်း မင်း သိနေတာပဲ ကောင်မလေး၊ ငါ ထပ်ပြောဖို့ မလိုပါဘူး၊ ဒါပေမယ့် မင်း ပိုသိအောင် ပြောပြမယ်၊ ရောက်စတုန်းက မင်းက ရူးသွပ်နေသလိုပဲ၊ မိန်းကလေးမို့ သနား တယ်ဆိုရင်တောင် တာဝန်ယူရဲဖို့ မလွယ်ဘူး .."

"အဲဒါကြောင့် ကိုချမ်း က ငါးကင်တောင် မကျွေးဘဲ တွန်းထိုး ရိုက်ပုတ်ထုတ်တာလား .."

"ဒါတော့ .. မင်း မှတ်မိလား .."

ကောင်မလေးက မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ရှာ၏။ ပြီး တော့ မျက်နှာလေး ငုံ့သွားကာ ...

"ကျွန်မ အရမ်းဗိုက်ဆာလို့ လုစားတာပါ၊ ရူးလို့ မဟုတ်ပါဘူး"

တိုးတိုးလေး ထပ်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ရှုးသွပ်နေတဲ့လူလိုမျိုးပဲ .. ငါကလည်း ဘယ်သူနဲ့မှ အဆင်ပြေအောင် မနေတတ်ခဲ့တဲ့ တစ်ရှာလုံးနဲ့ တစ်ယောက်ကောင် .."

သူ ကောင်မလေးမျက်နှာလေးကိုပဲ ငဲ့ကြည့်မိနေရင်း ...

"အခု ငါ အများကြီး ပြောင်းလဲထားခဲ့တာ ..၊ မင်း ပြောင်းလဲသွားတာကတော့ နည်းနည်း ထူးဆန်းနေတယ်"

ကောင်မလေး ပြန်ကြည့်လာတော့ မျက်လုံးချင်း ဆုံသွားကာ...

"မင်းပုံစံက အတိတ်မေ့ပြီး ကိုယ့်ကိုယ်ကိုယ် သတိမရတာကိုပဲ တနုံ့နုံ့ တွေးခံစားနေသလိုပဲ .."

"တစ်ခုမှလည်း ကောင်းတာ မပါဘူး"

ချမ်း က ရယ်လိုက်ပြီး သစ်ကိုင်းခြောက်လေးတစ်ခု လှမ်းယူပြီး ကုန်းမြေပေါ်မှာ ဟိုခြစ်ဒီခြစ် လုပ်နေ၏။ ကောင်မလေးလည်း ဟိုခြစ်ဒီခြစ်ကိုပဲ လက်လေးထောက်၍ သေချာ လိုက်ငုံ့ကြည့်ပြီး ...

"သူများကို ပုံဆွဲပြတာလား .."

"မဟုတ်ဘူး .. ပြန်ထိုင်နေ .."

သူမမျက်နှာရှေ့ကနေ လက်ဝါးနဲ့ ကပ်မလိုကွယ်လိုက်ပြီး သစ်ကိုင်းခြောက်လေးကိုလည်း ချထားလိုက်ရသည်။ သူ ဘာလုပ်နေနေ ကောင်မလေး ပြူးပြဲလိုက်ကြည့်မည် ..၊ ဘယ်သွားသွား သူမလည်း ခြေလှမ်းပြင်ပြီးသား ..။

တစ်ခါတစ်ခါ ကိုကြီးကျော် က ဟောဟောဒိုင်းဒိုင်း ပြောတတ်သေးသည်။

"ဟိုမှာ မုဆိုးဖိုသားအဖ ထွက်သွားကြပြီ"

"ကလေးနှစ်ကောင်နဲ့ တို့လို့တွဲလောင်းကျန်ခဲ့တဲ့ မုဆိုးဖိုလေး လာပါပြီဗျာ .."

စဉ့်ဖြင့် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ...။





ကိုယ့်ကိုယ်ကိုယ် ပြန်တွေးရင်း ပြုံးချင်ချင် ဖြစ်မိ၏။

"ကိုချမ်း ကရော သူများကို ဘယ်လိုထင်လဲဟင် .."

တိတ်သွားပြီးမှ ကောက်မေးလိုက်တော့လည်း ခေါင်းခွန်းတ လုံး တစ်လုံး သူ့တစ်လုံး ..။

"ဘယ်လိုထင်ရမှာလဲ ..၊ မင်း အခု ငိုင်နေတာကို ငါ မေးတာလေ၊ ဘာလို့ ငါ့ကို ပြန်မေးတာလဲ"

"ကိုယ့်ကိုယ်ကိုယ် ငိုင်နေတာလား ဘာလားတောင် ဒီတ မသိတဲ့ဟာ .."

"အိပ်မက်မက်လို့ မသိမ့် ကို ပြောပြဖူးတယ်ဆို .."

"ဟင်!..."

ဘယ်လိုမေးမေး အစပေါ်မလာတော့လည်း ကိုယ်ကပဲ အစဖော်ရတော့သည်။

"ဟုတ်တယ်.. ဘာတွေ မက်လဲဆိုတာ မသိမ့် ပြောပြလားဟင်"

"အင်း .. အဲဒါမျိုး ထပ်မက်နေသေးလား၊ ဒီပုံစံ .. ဒီမြင်ကွင်း ချည်းပဲ ထပ်ထပ်မြင်နေ မက်နေတာမျိုး .."

"ဟင့်အင်း .. ဒါပေမယ့် .."

ကောင်မလေးက ရေပြင်ဆီ အကြည့်တွေ ပြန်ရောက်သွားကာ...

"ဒါပေမယ့် ရေတွေကို မြင်တော့ တစ်မျိုးကြီးပဲ .."

"မင်းကို ရေထဲက မျောလာတာလို့ပဲ ငါတို့က တွက်မိထားတာ၊ ရေထဲမှာ မင်း ဒုက္ခရောက်လို့ ဖြစ်မှာပေါ့၊ အိပ်မက်ထဲမှာ ဘယ်လိုပုံရိပ်တွေ ထင်လဲ .."

"ရေတွေ .. ရေတွေက အရမ်းကို ကြည်စိမ်းပြီး ကျောက်ခဲလေးတွေကို မြင်နေရတာ .."

"အင်း ... ဆက်ပြော .."

"မမသိမ့် ပြောပြီးပြီဆို .."



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြောကွာ .."

ကြောင်တောင်တောင် ပြန်မေးပြီး ပြောဆိုတော့လည်း ခေါင်းလေး ညိတ်၏။

"ကျောက်ခဲလေးတွေပေါ်မှာ နင်းပြီး သွားနေတဲ့ ကိုယ့်ခြေထောက်ကိုတောင် ရေထဲမှာ ဒီတိုင်း မြင်ရတယ်၊ ပြီးတော့ .. ပြီးတော့ ရေတွေက စိမ်းလာတယ် .. မှောင်ညစ်ညစ်ကြီး ..၊ နောက်ပြီးတော့ မဟုတ်တော့ဘူး .. လူတွေလည်း အစက ရယ်နေကြတာ ထင်တယ်၊ ပြီးတော့ ပြေးကြတယ် ..၊ ရယ်ပြီး ပြေးတာလား .. ငိုနေကြတာလား.."

"မင်းကိုယ်မင်းရော ပြန်တွေ့နေလား .."

"မတွေ့ဘူး .. ကျွန်မက မြင်နေရတာ၊ ဒါပေမယ့် ဘာကိုမှလည်း မသိဘူး၊ နောက်ပြီး .. နောက်ပြီး .. ကျွန်မအေးမှာ တစ်ယောက်ရှိနေတယ်၊ အဲ့ဒါက .. ကျွတ်!.."

ကောင်မလေး မျက်မှောင်လေးကုတ်၍ စဉ်းစားပြောနေရင်း မျက်လုံးတွေ မှိတ်ပစ်လိုက်ရခြင်းသို့ ရောက်ကာ မျက်နှာလေး မဲ့သွား၏။

"ခေါင်းကိုက်လာတာလား .."

"အင်း .."

ပခုံးချင်းထိပြီး ထိုင်နေကြတာမို့ ကောင်မလေးက သူ့ပခုံးစွန်းမှာ ခေါင်းလေး ဖေးကပ်ထားလိုက်ပြီး ...

"ကျွန်မ ဘာတွေဖြစ်နေလဲ အရမ်း သိချင်လာရင် .. ခေါင်းက ကိုက်ကိုက်လာတယ် .."

"ဖြစ်တတ်တယ်လေ ..၊ ခေါင်းကိုက်လာပြီဆို စဉ်းစားတဲ့အလုပ်ကို ခဏ နားထားလိုက်ပေါ့၊ နောက်ပြီး အပြင်းအထန် မစဉ်းစားဘဲ အကြောင်းအရာတစ်ခု ဖျတ်ခနဲ ပေါ်လာတာမျိုး စိတ်က မြင်လိုက်ရင် .. မမေ့အောင် သေချာ မှတ်ထားလိုက် .."





## အခန်း (၃၅)

"ဘယ်လိုဖြစ်ရတာလဲ ရီလေး ..၊ ယားတာကလည်း အသည်းအသန်ပါလား .."

"လေးလေး .."

လေးလေးလို့ပဲ ခေါ်ဖြစ်ခဲ့တာ များကာ .. ခုတော့ ဆုံးတဲ့အထိ ခေါ်ကို မခေါ်နိုင်တော့တာ ဖြစ်၏။ ပလတ်စတစ်အကြည်သားလေး ကာထားတာမို့ ရီလေး ကုတ်ဖဲ့ခြင်းတွေရပ်တန့်ကာ ကိုယ်ကို တဘက်နဲ့ ပတ်ခြုံလိုက်၏။

"အား!..."

ခဏတော့ စကားထွက်ပြောဖို့ပေမယ့် ဘယ်လိုမှ မတတ်နိုင်ဘဲ စောင်ကို ခွာချပစ်လိုက်ရသည်။ ပြီးတော့ ကြမ်းရှသည့် ဇာပဝါအလိပ်နဲ့ပဲ တစ်ကိုယ်လုံးကို ဖိကပ် ပွတ်ဆွဲရင်း ...

"လေးလေး လာမေးဖော်ရတာ ကျေးဇူးတင်ပါတယ် ..၊ မီးပြောစရာတွေ ရှိပေမယ့် မပြောနိုင်သေးဘူး၊ လေးလေး သွားပါတော့ .. အဟင့် .. ဟီး .."



www.burmeseclassic.com

www.burmeseclassic.com



ထွန့်ထွန့်လူးအောင် ယားနေရင်း ငိုချပစ်လိုက်မိ၏။ ဒေါ်စာဥ ဝင်လာတော့လည်း ဦးသက်ထွန်း က မေးဆတ်လှဲ၍ ပြန်ထွက်သွားဖို့ အမိန့်ပေးလိုက်သောကြောင့် ရီလေး ဆီ မရောက်လိုက်ဘဲ ပြန်ထွက် သွားရသည်။

ရီလေး လှည့်ကြည့်လိုက်တော့ ဦးသက်ထွန်း ၏အရိပ်ကို မြင်နေ ရသောကြောင့် ဘယ်လိုမှ မမျိုသိပ်နိုင်တော့ဘဲ ငိုနေရင်းနှင့် ...

"မီးကို သေစေချင်နေတဲ့လူများ ရှိနေရင် မီး ပြောချင်တယ် သိလား ...၊ ဒီလိုလုပ်မယ့်အစား အသေသတ်သွားပါလားလို့ ဟီး .. ဟီး .. ဒီမှာ အသားတွေ ပေါက်ပြဲကုန်ပြီ၊ ရေနွေးအိုးထဲဖြစ်ဖြစ် .. မီးလင်းဖိုကြီးထဲဖြစ်ဖြစ် ခုန်ဝင်ပစ်ချင်တယ် .."

"ဟာကွာ .. ယားတာလေးကို ဒီလောက်တောင် အသည်းပျော့ ရလား၊ ယားအောင် တစ်ယောက်ယောက်က တမင်လုပ်တာဆိုရင် လည်း ညည်းကို ချစ်လို့ နေမှာပါ .."

ရီလေး ကြောက်လို့ မဟုတ်ပါ။ ဒါပေမယ့် ဝေဒနာကို ခံရခက် လွန်းသဖြင့် မျက်ရည်တွေက မကုန်နိုင် မခန်းနိုင် ကျလေသည်။

မနက်ဖြန် မွေးနေ့ဖိတ်စာတွေနဲ့တကွ ခမ်းနားဆန်းပြားစွာ စီစဉ် ထားတာတွေလည်း အားလုံး ပြီးနေပြီ၊ သူမမှာ ဒဏ်ရာတွေနဲ့ ဘယ်လို လုပ်မလဲ ...။

ဘွား ပြောပြောနေသလို အန္တရာယ်ဆိုတာကို တကယ် လက်ခံ လိုက်မိပြီဖြစ်ကာ လေးလေးထွန်း ရဲ့ လှောင်ပြုံးတို့နဲ့ မျက်နှာကို ကွင်းကွင်းကွက်ကွက် မြင်လာ၏။

ထို့ကြောင့် တစ်ကိုယ်လုံး ယားယံလျက် ကျော့လေး ကော့ခန် ဖြစ်သွားသည့်ကြားမှ ...

"ချစ်လို့စတာဆိုရင်လည်း မီး သည်းမခံချင်တော့ဘူး ...၊ အဲဒီလူ ကို အသေမုန်းတယ်"





"ဟား .. ဟား .. ဟား ..."

"လေးလေးက အားရနေတာလား .."

"ညည်း အဖြစ်သည်းနေတာကို ရယ်တာလေ ...၊ ကိုယ့်တူမ ဖြစ်နေတာကို အားရစရာလား ...၊ ခဏ အောင့်ထားလိုက်ဦး၊ ရေနွေး အိုးထဲ ဝင်စရာ မလိုဘူး၊ တမာရွက်နဲ့ ဆားနဲ့ ပြုတ်ခိုင်းထားတယ်၊ ပူပူလေး လောင်းချပေးမယ်"

"ကျေးဇူးတင်ပါတယ် ...၊ မီးက ခုပဲ ဆေးခန်းသွားတော့မှာ.."

ခေါင်ကိုခွာချကာ ကိုယ့်ဘာသာပဲ အကျႌအဝတ်စားတွေ အားတင်း စွပ်ချလိုက်သည်။

"ညည်း ရူးနေလား ရီလေး .. ကိုယ့်ဘာသာ အသုံးမကျတဲ့ကိစ္စ.. ဆေးခန်းထိ သွားကြွားမလို့လား၊ ယားနေတာကို မယားအောင် ကု လိုက်ရင် ပြီးတာပဲ"

ရီလေး အံလေးကြိတ်၍ အထဲက ထွက်လာတာ မြင်လိုက်လျှင် ဦးသက်ထွန်း မျက်မှောင်ကုတ်သွား၏။

"တကယ် သွားမှာလား ...၊ ဟား .. လက်မောင်းတွေမှာ သွေးစို့ နေတဲ့ စင်းရာတွေ မနည်းပါလား၊ ဆောရီး .. ဆောရီး .. လေးလေးက မသိလို့ပါ၊ ဆေးခန်းသွားမယ်ဆို လေးလေးကိုယ်တိုင် လိုက်ပို့မယ်"

ရီလေး ရဲ့လက်ကို ဆွဲမလို့ လှမ်းလိုက်တာနှင့် တစ်စုံတစ်ယောက် က ဦးသွားခဲ့ပြီး ...

"ကျွန်တော်တို့ အားလုံး စီစဉ်ပြီးပြီ"

"နေဦး .."

ရီလေး ကို ဆုပ်ကိုင်ထားသည့် ချမ်း ရဲ့လက်ပေါ်ကနေ ထပ်ဆုပ် ကိုင်လိုက်တော့ လက်သုံးဖက် ထပ်လျက်သား ဖြစ်သွား၏။ ကျေနိုင်း လိုက်ပြီးမှ ချမ်း ပြန်ငုံ့ကြည့်တာ လက်တွေကိုပဲ ဖြစ်လျက် ...၊

"သူ့ အရမ်း ခံစားနေရတယ် ဦးသက်ထွန်း ...၊ အမြန်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့ ..."

"အ!..."

ရီလေး မနေနိုင်တော့ဘဲ လက်ကိုဆောင့်ရုန်းတာလည်း မရသဖြင့် ဆောင့်ကြောင့်လေး ထိုင်ချကာ အတင်း တွန့်လိမ် ကုတ်ဖဲ့နေတော့သည်။ ငုံ့ကြည့်ပြီး ချမ်း မျက်နှာ ပိုတင်းသွားသော်လည်း ဦးသက်ထွန်းက နည်းနည်းမှ ဂရုမစိုက်ဘဲ လက်ကို ပို၍ ဖိဆုပ် အံကြိတ်ရင်း ...

"မင်းက ဒီထဲထိ ခွင့်မတောင်းဘဲ ဝင်လာရဲတယ် .. ဟုတ်လား"

"ခုမှ လျှပ်တစ်ပြက် ဝင်လာတာ မဟုတ်ဘူး၊ ခင်ဗျားနောက်မှာ ရောက်နေတာ ဆယ့်နှစ်မိနစ် ရှိပြီ .."

"ဘာ!..."

ဦးသက်ထွန်း တုန်ခနဲ ဖြစ်သွားပြီး လက်သီးရွယ်သည်။ ဒါပေမယ့် သူ့ဘာသာပဲ ဖြည်ချကာ ...

"မင်း .. .."

သူ ပြောတာတွေကို အားလုံး ကြားသွားပြီလား ..၊ သူ့စကားထဲမှာ ဘာအမှား ပါသွားခဲ့သေးလဲ ..၊ အောင်မြင်မှုပန်းတိုင်ဆီကို လက်တစ်ကမ်း အလိုကျမှတော့ တိမ်းစောင်းမှုအဖြစ်မခံနိုင် ..၊ ထို့ကြောင့်...

"ခေါ်သွား .."

ကိုယ်တိုင်ပဲ ခွင့်ပြုလိုက်သည်။ ထွက်သွားကြတော့ တက်ခေါက်မိ၏။ ပြီးတော့ တစ်စုံတစ်ခုကို သတိရကာ ရီလေး ရဲ့ရေချိုးခန်းထဲ ခြေလှမ်းကျဲများနဲ့ တောက်လျှောက် ဝင်သွားခဲ့၏။

သူ ပြန်ထွက်လာတော့ ဒေါသနှင့် ခြေလှမ်းတွေ အဆမတန် ကျဲနေလျက် ...

"အမေ့ရေ!..."

သုတ်သုတ်ပျာပျာ ဝင်လာသည့် ယုန္တယ် နဲ့ တိုက်မိမလို ဖြစ်သွားကာ နောက်ခြေတစ်လှမ်း ပြန်ဆုတ်ရှောင်လိုက်ပြီး ...





"နင် .. ဘာဖြစ် .."

သူ့ စကားမဆုံးလိုက်ဘဲ ယုန္တယ် လက်အုပ်ချီလိုက်သည့် လက်ထဲက လိုးရှင်းဘူးကြောင့် မျက်လုံးတွေ ကျဉ်းမြောင်းသွား၏။

"ကန်တော့ပါ ကိုကိုကြီးရယ် .. ဒါလေး ထားပြီး ပြန်ထွက်ရဦးမှာမို့လို့ပါ ..၊ ကန်တော့ပါရဲ့နော် .."

"နေဦး .."

သူ့အသံက အေးစက် မာကျောနေလျက် ...

"ဒါ ဘယ်က ယူလာတာလဲ .."

"ရေချိုးခန်းသုံး ဘူးဟောင်းတွေထဲက ခုပဲ ကိုချမ်း ကောက်ထေးလိုက်တာ၊ မမလေး မှားထည့်လိုက်တာတဲ့ ..၊ အထဲမှာ လိမ်းစရာမရှိတော့ဘဲနေမှာ ပြန်သွားထားလိုက်တဲ့ ..၊ ဟုတ်တယ် ကိုကိုကြီး .. ဘူးက အသစ်ကြီးရယ် .."

စကားမပြောရ၊ မျက်လုံးနဲ့လည်း မစပ်စုရဆိုသည့် တင်းကျပ်သည့် သတိပေးချက်ကြောင့် ကျောက်ရုပ်လိုနေရသော်လည်း ပြောစရာရှိပြီဆို ယုန္တယ် အကျင့်လေးက မပျောက် ..။

သူမဘာသာ မလိုအပ်တာတွေ ထည့်ပြောပြီးမှ နီရဲ တင်းမာနေသည့် ဦးသက်ထွန်း မျက်လုံးတွေကြောင့် ဇက်လေးပုသွား၏။

လူချမ်းသာ ဆိုတဲ့ကောင် ..၊

ဒါ မင်း တမင်လုပ်လိုက်တာပဲ ..။

သူ လုပ်သမျှ သင်း သိနေတယ်ဆိုတာ တမင်လုပ်ပြတာ ..။

"တောက်!..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ကျေးဇူးတင်လိုက်တာ လူလေးရယ် ..၊ နောင်ကိုလည်း မြေးလေးနဲ့ မနီးမဝေးမှာ အမြဲတမ်းရှိနေပြီး အနီးကပ် စောင့်ရှောက်ပေးပါ၊ လူလေး ပြောသလို ဘာမှ အထူးတလည် မဟုတ်ပါဘူးဆိုပေမယ့် အဘွားတို့ ပြောဆိုမကောင်းတဲ့စကားမျိုးတွေ လူလေး ပြောလို့ရတယ်၊ အဘွားတို့ ယုံကြည်စွာ ခန့်အပ်ထားတဲ့လူမို့လို့လည်း ပြောခွင့်ရှိတယ်၊ အမြင်မတော်ရင် ပြောဝံ့ .. တားဆီးပါ၊ လူလေး ပြောဆိုတာ မှားယွင်းသွားရင်တောင် အဘွားတို့ ဖြေရှင်းနိုင်တယ်၊ အမိကကာ မြေးလေး ဒုက္ခမရောက်ဘူးဆိုရင် ဘယ်လို ဆုံးရှုံးမှုဖြစ်ဖြစ် ဂရုမစိုက်ဘူး"

ကိုယ့်ကို ချီးမွမ်းသည့်စကားပေမယ့် ချမ်း မျက်နှာမှာ ကျေနပ်သည့်အရိပ်အငွေ့ အနည်းငယ်မျှပင် မရှိပေ ..။

သူ ထင်ထားတဲ့ အမိကကာ ဒီလို ချီးမွမ်းသံတွေမှ မဟုတ်ဘဲ..၊ ဦးသက်ထွန်း ဟာ ကိုယ့်ရဲ့အထက်လူကြီးလည်း မဟုတ်၊ ရှေ့ကြောင်းနောက်ကြောင်း ထောက်ထားစရာတွေ ရှိနေရင်တောင် နားလည်လို့ရသေးသည်။





ခုတော့ အကျိုးအကြောင်း ဆင်ခြင်ကြည့်လိုက်တာနှင့် ဒီလူ့လုပ်ရပ်တွေကို လက်ညှိုးထိုး စွပ်စွဲလို့ရနေပြီဥစ္စာ ..၊ ဒါကိုပဲ ရှောင်လွှဲနေသည်။

ထောင်တန်းကျတဲ့အထိ မဖြစ်စေချင်ရင်တောင် ဒဏ္ဍာရီစံအိမ်ရဲ့ အရှင်သခင်တစ်ပါးအနေနဲ့ ဒေါ်သစ္စာညို မှာ ထိုက်သင့်တဲ့အတိုင်း အပြစ်ပေးပိုင်ခွင့် ရှိရမည်။ ဆုံးဖြတ်ရဲရမည်။

အရာရာအတွက် တွေဝေနေခဲ့ရင်တောင် ကိုယ်က ကာကွယ်နိုင်မှ 'ပန်းဒဏ္ဍာရီ'ဆိုသည့် မြေးမလေးအတွက် ဘေးကင်းရန်လွှာမည်ဆိုလျှင် ဒါက မတွေဝေသင့်တဲ့ကိစ္စ ..။

အတွင်းဧည့်ခန်းမှာ သူတို့သုံးယောက် ရီလေး ရဲ့ ဝေဒနာနဲ့ မွေးနေ့ပျက်သွားရသည့်အကြောင်းတွေ ပြောနေမိစဉ် ညာဘက်ခြမ်း လှေကားကြီးကနေ ဦးသက်ထွန်း ဆင်းထွက်သွားတာကို မသိလိုက်ကြပေ။

စံအိမ်ကြီးက အဆောင်ဆောင်အခန်းခန်းနှင့် ကြီးမားနေရာ အတွင်းဧည့်ခန်းမှာ ရှိနေချိန် အပြင်မှာ တော်ရုံ ဆူညံတာလောက်ကို မကြားနိုင်ပေ ..။

ဂိုဒေါင်ထဲက ကား ထုတ်ယူသွားသည့်ကိစ္စကို မသိလိုက်ကြတာ အပြစ်တော့ မဟုတ်ပေ။ ကားမောင်းထွက်ခဲ့ရင်း ဦးသက်ထွန်း နှုတ်ခမ်းမှာ နာကြည်းသည့်ဝေဒနာတို့နှင့် တင်းတင်းစေ့နေ၏။

ဒေါ်သစ္စာညို ..၊

ခင်ဗျားကြီးက ကန်းနေပေမယ့် အကောင်းဆုံး စီစဉ်ညွှန်ကြားသူပါပဲ ..၊ ဦးခန့် ဆိုသူကြီးက သူမရဲ့ကိုယ်ရံတော် ..၊ လက်ရိုက်တုတ်ဆိုရင်လည်း မှန်၏။

ချမ်း ကတော့ ရီလေး ရဲ့ကိုယ်ရံတော်ပေါ့ ..။

ဒါဆို သူက ဘာလဲ ..၊ ဗီလိန်ဆိုသည့် စာလုံးတွေ ရှေ့မျက်လုံးရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြူးပြဲပေါ်လာ၏။ သက်ထွန်း ဆိုတာ ဗီလိန် ဖြစ်သွားပြီလား..။

"ဟွန်း .."

ကျီစနဲ့ အံကြိတ်သံနှင့် မဲ့လိုက်ခြင်းက ထပ်တူညီစွာ ဖြစ်၏။ လူကို တရားဝင် ပစ်ပယ်ခံလိုက်ရသလို ကိုယ့်ကို မပြောသေးပေမယ့် ကြားနေရသည်။

မကြည့်သေးပေမယ့်လည်း သိနေခဲ့၏။ လက်ရှိ ဖြစ်ပျက်သွားသည့်ပြဿနာအရ ဒီပြဿနာကို သူ ထင်သလို လွယ်ကူပေါ့ပါးစွာ ဖြတ်သန်းသွားတာမဟုတ်ဘဲ အဖြေထိ သိသွားကြပြီဆိုတာ သူ့အတွက် နေရာကျဉ်းသွားခြင်းသာ ..။

တစ်သက်လုံး မသိသလို .. မဆိုင်သလို ခန့်ခန့်တည်တည်ကြီး နေလာခဲ့ပြီးမှ ...

"ကျို .."

"ဟာ!... ထိုကုန်တော့မှာပဲ"

သူ့စိတ်တွေ ထွေပြားနေခဲ့လျက် စက်ရုံဝင်းနား ရောက်ကာနီးမှ ကားချင်း ဝိုက်တာ .. ရှောင်တာတွေမှာ ထိမလိုဖြစ်လိုက် ..၊ ငြိမလို ဖြစ်လိုက် ..။

ဒီကြားထဲ အရေးကြီးတဲ့ဖုန်းမို့ ကားမောင်းရင်း ပြောရသေးသည်။

"အေး .. အရေးကြီးတယ်၊ ဒီည ခုနစ်နာရီ .. စက်ရုံဝင်းထဲက ဝိုဒေါင်ကို လာခဲ့ .."

"... ... ... ..."

"တစ်ယောက်တည်း လာခဲ့ .. ဒါပဲ"

ဖုန်းကို ဘေးမှာ ဒီတိုင်းချထားလိုက်ပြီး ကားရပ်နေကျ နေရာမှာပဲ ရပ်ပြီး သူ ဆင်းလိုက်၏။

ပါကင်ပြန်ထိုးမယ့် ကောင်လေး ပြေးလာတော့ သူ ရပ်ကြည့်နေ





ပြီး အနားရောက်မှ ...

"ဝိုဒေါင်ထဲ တန်းသွင်းလိုက်၊ ငါ ဒီည ပြန်ဖြစ်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ သူဌေး"

လူတွေကတော့ ဦးသက်ထွန်း ဆိုလျှင် လူချော့လူလှ ..၊ စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ လူရွယ်တစ်ယောက်ဆိုပြီး အမျိုးမျိုးသော အထင်ကြီး လေးစားခြင်းတို့ဖြင့် အထူးပြုကြ၏။

စက်ရုံမှာပဲ ညလုံးပေါက် အချိန်ကုန်ခဲ့တဲ့ ညတွေ များလာလေ၊ ချီးမွမ်းသံတွေ ထွက်လာလေ ..။

"အိမ်ထောင်လည်း ပြုဖို့ စိတ်မကူးဘူး၊ အကျင့်စာရိတ္တကလည်း ရွေ့ချထားဖို့ ကောင်းတယ်၊ ဘာ အပျော်အပါးမှုကို မရှိဘူး၊ ဘာလုပ်လုပ် အောင်မြင်နေတာလည်း ဘယ်သူမှ လိုက်မမီဘူး" ဆိုတာတွေ..။

ပတ်ဝန်းကျင်မျက်လုံးတွေကပဲ မျက်မှန်လိုနေတာလား ..၊ သူက တကယ်ပဲ လူကောင်းသူကောင်းနဲ့ တူနေတာလားတော့ မသိ ..။

သူ့ကိုယ်သူ သိနေတာကတော့ လူကောင်း လူရည်ချွန်ဖြစ်ရခြင်းကို မလိုလားပေ ..။

ကိုယ့်ရင်ဘတ်ကို ငုံ့ကြည့်မိတိုင်း နာကြည်းတာတွေပဲ ရှိသည်။ နောက်ပြန်လှည့်မကြည့်ချင်အောင် ဆိုးဝါးခဲ့သည့် အတိတ်နှင့်အနာဂတ်မှာ ကိုယ်သာလျှင် ဘုရင်တစ်ဆူ ဖြစ်ချင်သည့်ဆန္ဒတွေ ..။

အားလုံးဟာ သူ ဆုပ်ကိုင်အားပြုထားခဲ့တဲ့ဘဝပဲဆိုလျှင် သူ့ဘဝမှာ လူတော်လူကောင်းနဲ့ တူခဲ့တာ ဘာရှိလို့လဲ ..။

ရှိရှိမရှိရှိ ဒီနေ့ ထပ်၍ ခိုင်မာသွားတာက ဘယ်သူ့ကိုမှ ဖိုလ်မထားဖို့ ..၊

ဒေါ်သစ္စာညို ကို သူ မုန်းသည်။

မေမေက ပထမဆုံးချစ်သူ ဖြစ်ခဲ့ပါလျက်နှင့် ရွှေလက်ထပ်၍ နန်းသိမ်းပွဲခံတော့ ဒေါ်သစ္စာညို ကသာ ပွဲတက်ဒေဝီ မဟုတ်သေး ..။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထွန်း နဲ့ သက်ထွန်း ဆိုသည့် အမြွှာညီအစ်ကိုနှစ်ယောက်မှာ မြတ်ထွန်း ကတော့ ချူချာသူလေး ဖြစ်ခဲ့ပြီး မပြည့်စုံသည့်ဘဝမှာ ဆေးဝါးမနိုင်နင်းလို့ လူမမယ်ဘဝလေးမှာပဲ လောကကို ကျောခိုင်း ထွက်ခွာသွားခဲ့ရသည်။

ခုကျတော့ 'ပန်းဒဏ္ဍာရီ' ဆိုတာလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် သည်းသည်းလှုပ် ပွပန်းနေပြီး စိစဉ်ထားလိုက်တာ သက်တော်စောင့်နဲ့ အခြွေအရံတွေနဲ့ ...။

တွေ့ရတော့မယ် ဒေါ်သစ္စာညို ...၊ သက်ထွန်း ဆိုတဲ့ လူတစ်ယောက်ဟာ ရေသည်ယောက်ျားလို စွဲလမ်းမှုမျိုးနဲ့ အတ္တကို မွေးမြူလာခဲ့တဲ့သူ ...။

စည်းစိမ်ချမ်းသာတွေကို ယူပါ ...၊ ငါ့မြေးလေးအသက်ကို ချမ်းသာပေးပါ ပြောလည်း ကျုပ်က ပြန်ပြောမှာက ဆောရီး.. တစ်ခွန်းပဲ..။

စည်းစိမ်တွေကိုလည်း ယူမယ်၊ ခင်ဗျားရင်ကိုလည်း ခွဲထုတ်ပစ်မယ် ...။





## အခန်း (၃၇)

"ပြောတဲ့အတိုင်း အတိအကျနော် ...၊ အရေးကြီးတယ်"

"ဘယ်တုန်းက တိမ်းစောင်းခဲ့ဖူးလို့လဲ ဆရာသမားရယ် .. ဟဲ-ဟဲ .."

ရယ်နေသည့် ပါးစပ်ကြီးက ကမ်းပေးလာသည့် ငွေထုပ်ကြောင့် လျှော့ရိုလျှော့ရဲ ဖြစ်သွားကာ ...

"ချက်လက်မှတ်လေး လုပ်ပါလား ဆရာသမားရယ် ...၊ ဒါကြီးကို သယ်သွားရမှာ .. ကျွန်တော့်လိုကောင်က .."

"လုပ်မနေနဲ့ .. ပေးတာကို ယူ .."

ဘယ်နေရာမှာဖြစ်ဖြစ် လက်မှတ်တင်ရမည့်ကိစ္စမျိုးဆို သူ ဘယ်တော့မှ မလုပ် ...၊ ငွေဆိုတာ လူတိုင်း ကိုင်နိုင်သည်။ ကျန်တဲ့ပြဿနာ ကိုယ့်ဘာသာ ရှင်းပေါ့ ...။

ငွေယူသူက ဝင်လာသည့်တက္ကစီနဲ့ပဲ ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထွန်း စီးကရက်မီးညှိနေရင်း နောက်ကျောမလုံသလိုကြီး ခံစားမိလိုက်သဖြင့် လှည့်ကြည့်လိုက်လျှင် ...

"ရီလေး .."

ဒါကိုတော့ ဘယ်လိုမှဟန်မဆောင်နိုင်ဘဲ ဦးသက်ထွန်း မျက်လုံး အစုံ ပြူးကျယ်သွား၏။

နှုတ်ခမ်းမှာတပ်ပြီးသည့် စီးကရက်ကို ပြုတ်ကျလုလု ဖြစ်သွားမှ လက်နဲ့ ပြောင်းကိုင်လိုက်ရကာ ...

"မင်း .. ဒီအချိန်ကြီး .."

စိမ်းသက်သော 'မင်း ..' ဆိုသည့် စကားသံကြောင့် ရီလေး က မျက်ခုံးလေး တွန့်သွားပြီးမှ ပြုံးသည်။

အမှောင်ထုနှင့် သူမ ဝတ်လာသည့် အနက်ရောင်ကိုယ်ကျပ်က ခေါင်းပတ်လည်စီး အနက်ရောင်နဲ့မို့ မျက်နှာလေးမှတစ်ပါး တစ်ကိုယ် လုံး နက်မှောင်နေ၏။

နှစ်ယောက်စလုံး ဂိုဒေါင်ရဲ့ဘေး မှောင်ရိပ်မှာပေမယ့် လမ်းကြား လေးက မီးရောင်အရှိန်နှင့် ရီလေး မျက်နှာကိုတော့ သူ မြင်နေရသည်။

သူက အလင်းရောင်ကို ကျောပေးသလိုရှိကာ ...

"ဘာလာလုပ်တာလဲ .."

"မေးခွန်းတွေက ထပ်နေပြီ လေးလေး ..၊ ဒီအချိန် မလာခဲ့ဖူး တာ မှန်ပေမယ့် ဒီနေရာက မလာသင့်တဲ့နေရာတော့ မဟုတ်ဘူးမို့ လား .."

"လျှောက်ရိမနေနဲ့ ရီလေး ..၊ ညည်း ဘာဖြစ်လို့ ဒီအချိန် .. ဒီ နေရာထိ ရောက်လာတာလဲ ..၊ အဲဒါ ဖြေ .."

"အဲဒါမျိုး မီး က ပြန်မေးရင်ရော .."

ရှေ့ကို တစ်လှမ်းချင်း တိုးလာရင်း ခေါင်းပတ်ထားသည့်ပဝါကို လည်ပင်းကနေ ဆွဲဖြုတ်ပစ်လိုက်၏။





ထိုအခါ သူ့မျက်နှာရှေ့ ရောက်လာသည့် ရီလေး သည် ရင်ဘတ် ပြေပြေ .. ပခုံးသားပြည့်ပြည့်လေးတွေ ဖွေးဖွေးနုနု ဝင်းစိုလျက် ..။

"တမင်လာရှိင်းပြတာ မဟုတ်ပါဘူး လေးလေးရဲ့..၊ မီး ရင်ဘတ် တွေ .. လည်ပင်းတွေမှာ .. လက်မောင်းတွေမှာရော ဒဏ်ရာဒဏ်ချက် တွေကို လေးလေး မြင်စေချင်လို့ပါ .."

လက်သည်းစင်းကြောင်းကြီးတွေက ညအမှောင်မှာတောင် ထင်းခနဲ ပေါ်လာသည့် အသားရောင်ပေါ်မှာ သေချာကြည့်မှ မြင်ရ သည်။

ဦးသက်ထွန်း က စူးစိုက်ကြည့်နေသဖြင့် ...

"မမြင်အပ်တဲ့ နေရာတွေမှာလည်း ရှိသေးတယ်၊ မီး ဘယ် လောက် အဖြစ်ဆိုးသွားလဲဆိုတာ လေးလေးထွန်း ကို ပြချင်လွန်းလို့ လာခဲ့တာပါ၊ အိမ်မှာဆိုရင် လေးလေးက .. ဟွန်း .."

သူမ ဘာကို မဲ့လိုက်မှန်း မသိပေမယ့် ဦးသက်ထွန်း မျက်မှောင် ကုတ်သွားသည်။

"မီး ဒီရောက်လာတည်းက အိမ်ကထမင်းဝိုင်းမှာလည်း လေးလေး ကို မမြင်ခဲ့ဖူးဘူး၊ မိသားစု အထိမ်းအမှတ်ပွဲတွေ၊ အလှူအတန်းတွေ ဘာရှိရှိ လေးလေး မပါဘူး၊ အဲဒီလို သီးခြားနေတတ်လွန်းတော့ လေး လေးရဲ့ စရိုက်သဘာဝ ဘယ်လိုပုံစံရှိလဲဆိုတာ ခန့်မှန်းရခက်နေတယ်၊ စိတ်ဝင်စားစရာ အကောင်းဆုံးလူပေါ့ .."

ဦးသက်ထွန်း က ဘာမှထပ်မမေးဘဲ တားဆီးခြင်းလည်း မပြု..။

မျက်မှောင်ကုတ်ထားခြင်းက တဖြည်းဖြည်း ပြေလျှော့လာရင်း အေးစက်စက် ဖြစ်လာခဲ့သည်။ ဒါပေမယ့် မျက်လုံးချင်းတော့ ဆုံနေ ခဲ့ပြီး ...

"မီး ဆေးရုံတင်ရတဲ့အထိ ဖြစ်သွားတာတောင် လေးလေးက.."

"လူနာ လာမေးစေချင်လို့လား ..၊ မင်း ဘာမှ မဖြစ်နိုင်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ သိနေတာပဲ၊ ဘာလုပ်ဖို့လဲ ..''

ကိုင်ထားသည့် စီးကရက်ကို နှုတ်ခမ်းမှာ ပြန်တပ်ပြီး စတင် သောက်ဖြစ်၏။

သူ့အမူအရာတွေကို ရီလေး က ငေးစိုက်ကြည့်နေကာ ...

''ဟုတ်ပါတယ် .. လေးလေးထွန်း က သေအောင်သတ်ဖို့ စိတ် မကူးသေးဘူးလေ ..၊ မီး မသေနိုင်ဘူးဆိုတာ လေးလေးထက် ဘယ်သူ ပိုသိမှာလဲ ..''

ဦးသက်ထွန်း ကိုယ်ကြီး ဆတ်ခနဲ ဖြစ်သွား၏။

ပုံမှန် ပြေပြစ်သွားသည့် အနေအထားကနေ ရှော့ရိုက်ခံလိုက်ရ သည့်လူလို ချက်ချင်း တုန်ခါ တောင့်မတ်သွားခဲ့သည်။

ရီလေး က ရှေ့ကို ထပ်တိုးပြီး မသဲကွဲသည့်မျက်နှာကို အနီးကပ် မော့ကြည့်ရင်း ...

''လေးလေးထွန်း မီးကို လုပ်ကြံတာ နှစ်ခါရှိပြီ၊ ဟိုအရင် အန်တီ ကြည် တို့ကိုလည်း ..''

''အမေ့ရဲ့စကားတွေ မင်းရင်ထဲ တော်တော်ရောက်နေပြီပဲ ..''

''မဟုတ်ဘူး.. မီး ခံစားမိတာ၊ ခံစားမိလို့ လေးလေးရဲ့ အနီးကပ် ဆုံးနေရာတွေ၊ လျှို့ဝှက်ချက်တွေကို မီး ကိုယ့်အစွမ်းအစနဲ့ သိရအောင် ကြိုးစားနေခဲ့တာ၊ ဖုံးကွယ်ဖို့ ထပ်မကြိုးစားနဲ့ လေးလေး ..၊ လေးလေး ရဲ့ လျှို့ဝှက်မှတ်တမ်းတစ်ခုလုံးကို ရအောင် ယူထားပြီးမှ လေးလေးကို မီး စွပ်စွဲတာ ..''

ဦးသက်ထွန်း မျက်လုံးအစုံက တလက်လက် စူးတောက်လာ၏။

''ခုနက မီးကို သတ်ဖို့ ငွေပေးနေတာလည်း မီး ဓာတ်ပုံရိုက်ထား ပြီးပြီ ..''

''မင်း သိပ်ပိုင်နေပြီထင်ရင် လုပ်လေ ..၊ ဒီမှာ ဘယ်သူမှ မသိ အောင် ဘာလို့ လာတွေ့နေတာလဲ ..''





ဦးသက်ထွန်း က သူ့စကားသူ ချေဖျက်သည့် မဲ့ပြုံးနှင့် ...

''ဟွန်း .. ငါ ညံ့လို့ ငါ ခံရတော့မယ်ဆိုရင်လည်း ထောင်ထွက် ဆိုတဲ့ နာမည်ဆိုးနဲ့ ဘဝကို ဆက်လက်ရှင်သန်ဖို့ မျှော်လင့်ချက်မထား တော့ဘူး ရီလေး ..၊ ငါ မုန်းတီးတဲ့လူတွေကို အကုန်လုံး သတ်ပြီးမှ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မယ် ..''

''လေးလေးထွန်း ဝန်ခံပြီပေါ့ ..''

''မင်း သိထားတာတွေ ပြည့်စုံနေပြီပဲ၊ ဒါပေမယ့် ငါ ဂရုစိုက် တာက မင်း ဘာမှ မဖော်ထုတ်နိုင်ခင် မင်းရဲ့ပါးစပ်ကို ပိတ်ပစ်နိုင်မှာ မို့လို့ ..''

''မီးကလည်း ဘာမှ ပြင်ဆင်မထားခဲ့ဘဲ လာရဲပါ့မလား လေး လေးရဲ့ ..၊ မြေမြေချင်းတော့ ခြေမြင်ပါတယ် ..၊ ပြောရမယ်ဆိုရင် မီးကို လေးလေးထွန်း သတ်ဖို့ကြိုးစားနေတည်းက လေးလေး အရမ်း ညံ့သေးတာပဲဆိုတာ ပေါ်လွင်နေပြီ ..၊ ကိုယ့်ရှေ့မှာရှိနေတဲ့ အရာဟာ ဖွတ်တောင်ပို့မှန်း .. ဘုရားမှန်းတော့ သိသင့်တာပေါ့ ..''

''မင်း .. မင်းက ..''

ဦးသက်ထွန်း နောက်ကို ခြေတစ်လှမ်းဆုတ်ရင်း ရီလေး မျက်နှာ ကို စူးစူးရဲရဲ စိုက်ကြည့်သည်။

''ကြည့်ပါဦး သေချာအောင် ..''

ရီလေး က ရင်ဘတ်လေး မောက်ကြွပါလာတဲ့အထိ မေးဖျား လေးပင့်၍ မော့ပေးထားရင်း ...

''သူ့ကို လေးလေး ဓာတ်ပုံလောက်တော့ မြင်ဖူးထားမှာပါ၊ မီးနဲ့ ဒီလောက်တောင် တူနေလို့လား ..''

ဦးသက်လွင် မဖြေနိုင် ...၊

တကယ်တော့ ပန်းဒဏ္ဍာရီ ကို သူ လုံးဝကို မသိခဲ့သော ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဓာတ်ပုံတွေ ရှိခဲ့နိုင်ပေမယ့် သူ နည်းနည်းလေးမှ ကြည့်ဖို့ စိတ်မကူးခဲ့မိ …။

သူမက ဘယ်သူလဲ …၊ ဘာတွေ ဖြစ်ကုန်တာလဲ …။

သူမသည် မထိတထိ လှောင်ပြုံးနှင့် မျက်နှာလေး မော့ထားလျက်ကနေ မျက်တောင်ဖျားတွေ မေးစင်းကြည့်နေခဲ့၏။ ပြီးမှ မျက်နှာလေး တဖြည်းဖြည်း ပြန်ချ၍ …

"ကျွန်မက ပန်းဥယျာဉ်ရီ မဟုတ်ဘူး …"

"ဒါ … ဒါဆို … သူက …"

"သေပြီ …"





## အခန်း (၃၈)

ဘောလုံးဖမ်းရင်း ကလေးက ရေစပ်ထဲကို ဆင်းနေပြီ …၊

လူကြီးတွေက အဝေးမှာ ဝိုင်းဖွဲ့ရယ်မောရင်း စားသောက်ပွဲတွေ တည်ခင်းနေကြ၏။

ပြီးတော့ အဝေးကြီးကို အဲဒီက ကက်ဆက်သံက ဒီထိတောင် ပျံ့လွင့်နေသည်။

ဒုက္ခပါပဲ …၊

ကောင်မလေး နေရာမှ ဖျတ်ခနဲ ထရပ်လိုက်မိသည်။ ကန်တော်ကြီးရေပြင်က ငြိမ်သက်နေပေမယ့် ကလေးက ရေထဲဆင်းလိုက်တာနှင့် ဘောလုံးက တလှုပ်လှုပ် ရွေ့နေ၏။

လေးနှစ်သားအရွယ်လေးက ဘောလုံးကို ကြည့်လိုက်၊ နောက်ပြန်လှည့်ကြည့်လိုက်နှင့် ဘယ်သူမှ လာပုံမပေါ်တော့ ရေထဲကို တိုးဆင်းသည်။

"ချမ်း ရေ … လုပ်ပါဦး …၊ ဟို… ဟိုမှာ … ကလေး ရေနစ်နေပြီ…"

သူမကလည်း တောင်ကုန်းထိပ်မှာ၊ ချမ်း နဲ့ သုခ က ထွက်လက်သွားပြီး ပြန်လာကြပေမယ့် အလှမ်းဝေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုမှလည်း ခေါ်မကြား ..၊ အော်မကြားပါလား ..။

"မဆင်းနဲ့ ..၊ မဆင်းနဲ့ မောင်လေး .. ရေ .. ရေတွေ .. အမလေး!.."

ကလေးက စွပ်ခနဲ မြုပ်သွားသည်။ ဘောလုံးက လှိုက်ဂယက်ကြောင့် ရှောခနဲ ရွေ့သွားတာ မြန်မြန်ဆန်ဆန်ကြီး ..။

မြင်ကွင်းကြောင့် ကောင်မလေး မျက်လုံးတွေ ပြာသွား၏။

ရေနစ်နေတဲ့သူဟာ သူမကိုယ်တိုင် ဖြစ်နေသလို .. တဖွက်ပွက် ထလာသည့် ရေဂယက်ကို ကြည့်ရင်း ..၊ အော်နေရင်းနှင့် ...

"ဟာ!... ဟိုမှာ ကိုကြီး ..၊ မမ လဲကျသွားပြီ .."

သူခ ရဲ့အသံကို ကြားလိုက်ရခြင်းက နောက်ဆုံးပဲဖြစ်ကာ ...

"ကောင်မလေး .. ကောင်မလေး .."

"မမ .. မမ ထပါဦး ..၊ ဘာဖြစ်တာလဲ .."

သူတို့တွေ ကောင်မလေးကို နှိုးနေတုန်း ကလေးပျောက်လို့ ရှာတဲ့လူတွေ ဝုန်းခနဲ ထပြေးလာကြသလို ပတ်ဝန်းကျင်မှာ ရှုပ်ယှက်ခတ်သွား၏။

ကိုယ့်အပူနဲ့ကိုယ်မို့ ချမ်း ကောင်မလေးရဲ့ မေးဖျားလေးကိုပဲ ပုတ်နှိုးနေမိကာ ...

"အမလေး!..."

"ကောင်မလေး သတိထားလေ .. ဘာဖြစ်တာလဲ .."

"ဟို .. ဟိုမှာ .."

ကောင်မလေး သူ့ရင်ခွင်ထဲကနေ ဆတ်ခနဲ ထထိုင်ပြီး လက်ညှိုးထိုးလိုက်တာ ရေစပ်တစ်နေရာကို တန်းခနဲ ..။

"ဘာလဲ .. ဟိုမှာ ကလေးပျောက်လို့ ရှာနေကြတာ ..၊ ရေနစ်တယ်ထင်လို့ ထင်တယ် .."

"ဟုတ်တယ် .. အဲ့ဒီနားမှာ .. အဲ့ဒီမှာပဲ .. အား!..."

ခေါင်းတွေ ကျင်ခဲ ကျိန်းစပ်နေအောင် နာကျင်လာသည်။





လက်ညှိုးမထိုးနိုင်တော့ဘဲ ကိုယ့်ခေါင်းကို ပြန်၍ ဖိအုပ်ထားရသည်။ ဘောလုံးကိုမြင်တာနှင့် ကလေး ရေထဲကျပြီထင်သည့်လူတွေက လှအင်အားနှင့် ဆင်းရှာကြတော့ ကလေးကို ပြန်တွေ့ကြသည်။ သို့သော် ...

"ကောင်မလေး .."

"ဟင်!..."

"ခေါင်း အရမ်းကိုက်နေသလား ..၊ ခဏလေး နေဦး .. ငါ ဆေးရှာပြီး ဝယ်ခဲ့မယ် .."

ချမ်း ထပြေးသွားတာကို ကောင်မလေးက မမြင်ဖူးသလို လိုက်ငေးနေသည်။ ပြီးတော့ အနားမှာ စိုးရိမ်သည့်မျက်နှာလေးနှင့် မော့နေသည့် ကောင်လေးကိုလည်း ပြန်လှည့်ကြည့်၏။

"မမကလည်း ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ သား တော်တော်လန့်သွားတာ .."

"ငါ ဘာဖြစ်သွားတာလဲ .."

"ကလေး ရေနစ်နေတာကို လန့်သွားတာ နေမှာပေါ့၊ ကိုကြီးနဲ့ သားက အိမ်သာ သွားနေတာ .."

"ကိုကြီး ဆိုတာ ခုနက သွားတဲ့လူလား .."

"ဟာ!... ကိုကြီး လူချမ်းသာ လေ ..၊ မမ ဘာတွေ ဖြစ်ပြန်ပြီလဲ၊ သားက သူခစီ ..၊ မမက ကောင်မလေး .. နာမည်မသိဘူးဆိုလို့ ကောင်မလေးလို့ပဲ ခေါ်လိုက်ကြတာ၊ ကဲ .. မှတ်မိပြီလား .."

"ကောင်မလေး ..၊ ငါက ဟုတ်လား .."

ကောင်မလေး .. ဆိုတာကို အထပ်ထပ် ရေရွတ်ရင်း ဒီခေါ်သံမျိုးကို အရမ်း ရင်းနှီးနေခဲ့သလို နွေးထွေးစွာ ခံစားလာရသည်။ ဒါပေမယ့် သူမက ကောင်မလေး မဟုတ်ပေ ..။

"ငါက ပန်းဒဏ္ဍာရီ .."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ရင်း သူမ ဘာတွေဖြစ်ပျက်ခဲ့သလဲ ဆိုတာကို အပြင်းအထန် စဉ်းစားသည်။

ခေါင်းထဲမှာ 'ကောင်မလေး'နဲ့ 'ပန်းဒဏ္ဍာရီ'သာ အဖန်တလဲလဲပေါ်နေကာ တဆစ်ဆစ် ကိုက်ခဲလာခြင်းသာ အဖတ်တင်၏။

"မမ .. မမ ဘာဖြစ်တာလဲဟင် ...၊ တစ်ခုခုကို သတိရလာလို့လား .."

"အင်း ... ဟို .."

ဘာကိုမှ မရေရာသေးသည့်အဖြစ်အတွက် သူမ ခေါင်းပဲခါလိုက်မိသည်။

ကိုယ့်ကိုယ်ကိုယ် ပန်းဒဏ္ဍာရီ ဆိုတာပဲ သိနေပြီး ကောင်မလေးဖြစ်နေရသည့်အကြောင်းရင်းက ဘာလဲ ...။

ပန်းဒဏ္ဍာရီ ဘာတွေ ဖြစ်ခဲ့သလဲ ...၊

ဒါက ဘယ်နေရာလဲ ...။





## အခန်း (၃၉)

"တဲ .. မမ မေးတာတွေလည်း စုံနေပြီ၊ အခု ဘာထပ်ပြောပြရဦး
၂ မလဲ .."

"မမ ခေါင်းတွေ အရမ်းကိုက်နေလို့ ထင်တယ် ...၊ မောင်လေးပြောပြတာတွေ နားထောင်ပြီး မေ့နေတဲ့ ကြည့်ပြီးသား ရုပ်ရှင်တစ်ကားကို ပြန်ကြည့်နေရသလိုပဲ .."

"မမ ကြည့်ရတာ အတိတ်ကို ပြန်သတိရသွားတာ ထင်တယ်၊ သားကိုလည်း မောင်လေးတွေဘာတွေ ခေါ်လို့ ...၊ အဟဲ .. ကိုယ့်ကိုယ်ကိုယ်လဲ မမတဲ့ ...၊ တော်တော်ကို ဟုတ်နေတာ .."

ကောင်မလေး ပြုံးလိုက်မိသည်။ ငါက ပန်းဒဏ္ဍာရီ လို့ ပြောမပြမိတာကလွဲလျှင် စိတ်ထဲမှာ မှတ်မိနေတာတွေ၊ မမှတ်မိတာတွေက ဒီတိုင်းပဲ တကယ် ဖြစ်နေတာပါ ...။

သူခ ဆိုတဲ့ ကောင်လေး ပြောနေတာတွေထဲမှာ သူမကိုယ်တိုင်ပါဝင် ရင်ဆိုင်ခဲ့ရတာတွေမှန်း ခံစားမိနေသည်။ သို့သော် သူခ ပြောနေတဲ့အကြောင်းထက် ပိုလွန်ပြီး ရှေ့ကို ကြိုသိနေတာ ဘာမှမရှိ ...။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝပ်ဝပ် ပျဉ်ထောင်အိမ်လေး တစ်လုံးရယ်၊ မမသိမ့် ဆိုသည့် ထမင်းချက်အမျိုးသမီးတစ်ယောက်ရယ်..၊ ပြီးတော့ သုခ နဲ့ လူချမ်းသာ..။

ဒီမှာတော့ ဝေယျာဝစ္စအားလုံး လုပ်ပေးနေတာပေမယ့် သုခ ပြေပြာပုံအရဆို မမသိမ့် က အိမ်ဖော်မဟုတ်တာတော့ သေချာသည်။

ဘယ်ဟုတ်နိုင်မလဲ ..၊ ဒီပျဉ်ထောင်အိမ်လေးကိုတောင် ငှားနေရတဲ့ ဒရိုင်ဘာတစ်ယောက်က အိမ်ဖော် ထားနိုင်မလား ..။

သူမ ဘာတွေ တွေးနေမိတာလဲ ..၊

ဖြစ်စဉ်တွေထဲမှာ မမသိမ့် က ကိုယ့်ရဲ့ကျေးဇူးရှင် ..။ ကျေးဇူးရှင်ဆိုတဲ့လူက ထမင်းချက်၊ အဝတ်လျှော်တွေကအစ သူမလိမ်းဖို့ သနပ်ခါးသွေးပေးတဲ့အထိ လုပ်ကိုင်ပေးနေတာ တယုတယ ..။

ဒါမျိုး တကယ် ရှိတတ်လို့လား ..၊

လူချမ်းသာ က ဘာမှ ပေးနိုင်ကမ်းနိုင်တဲ့လူ မဟုတ်ဘဲ သူ တာဝန်ယူထားသည့် လူနှစ်ယောက်ကို မမသိမ့် က ဘာဖြစ်လို့ ဒီလောက် အနစ်နာခံပြီး ပြုစု ကြင်နာနေတာလဲ ..။

အဓိပ္ပာယ်မဲ့နေသလိုပါလား ..။

ဘာလွှမ်းမိုးမှုမှ ရှိမထားတဲ့လူတစ်ယောက်ကို တစ်ယောက်က ခိုင်းချင်ရင် ထိုက်သင့်တဲ့ငွေကြေး ပေးကမ်းမှု မရှိဘဲ ရတတ်လို့လား..။

မေးခွန်းတွေ အစီအရီ ဖြစ်လာသလို အဆက်အစပ်မဲ့သော မြင်ကွင်းတွေ ..၊ သူမနဲ့ ဝေးကွာနေသည်ထင်ရသည့် အရင်နှီးဆုံး စကားသံတွေ၊ ဘာတွေမှန်း မသိဘဲ ခေါင်းထဲမှာ တရုပ်ရုပ် ပေါ်လာ၏။

"ဘာမဆို တန်ရာတန်ကြေးဆိုတာ ရှိတယ် ဦးရန်နိုင် ..၊ ကျွန်မလည်း လိုချင်တယ်၊ လောကမှာ အလကားရတာ ဘာမှမရှိဘူး .."

"သိပ်ရှိတာပေါ့ ချာတိတ်ရ ..၊ မင်း မနဲ့စပ်သေးလို့ပါ၊ ဟွန်း.. မပေးနိုင်တဲ့ပစ္စည်းကို အလကား မရပေမယ့် ပေးချင်နေတဲ့လူက ယူပါတော့ဆိုရင် အဲဒါ ဘယ်လောက်ကြီးကြီး အလကားရတယ် .."





"ရှင် မယုတ်မာနဲ့ .."

"ငါက အလိုက်အထိုက်ပါ .. မင်းစကားတွေကိုပဲ မင်း ပြန်ရုပ်သိမ်း..၊ မတန်မှန်းသိနေသားနဲ့ မတန်တဆ တောင်းတာကို ချပေးပစ်ရလောက်အောင် တုံးနေရင်း .. ငါ့နာမည်ကိုပါ ပြောင်းပစ်လိုက်မယ်.."

"ယုတ်မာတာ .. ရှင် သက်သက် ယုတ်မာတာ ..၊ ရှင့်ကို ကျွန်မ တရားစွဲမယ် .."

ဟင့်အင်း ..၊

ကောင်မလေး နားတွေ ပိတ်ပစ်လိုက်မိသည်။

ဘယ်သူတွေမှန်း မသိ၊ ဘာတွေပြောနေမှန်း နားမလည် ..၊ အာရုံထဲမှာ ပုံရိပ်တွေ ထင်နေသည်။ အသံတွေ စွဲနေခဲ့၏။ ဒါပေမယ့် တစ်ခုမှ ပီပြင်လာခြင်း မရှိ ..။

ဦးရန်နိုင် ဆိုတာ ဘယ်သူလဲ ..၊

ကိုယ်နဲ့ ရင်းနှီးနေသလို ထင်လိုက် .. ဝေးသွားလိုက် ..။

မရမက ထုတ်သုံ့စ် စဉ်းစားကြည့်ဖို့ ကြိုးစားရင်း ကောင်မလေး ကိုယ့်ကိုယ်ကိုယ် ဘာမှန်း မသိတော့ပေ ..။

"ဒေါ်လေးသိမ့် .. မမ .. မမ လဲကျသွားပြန်ပြီ .. လုပ်ပါဦး.."

"ဟော!... ဟဲ့ .. ဟဲ့ .. လာပြီ ..၊ သြော် .. ဒုက္ခပါပဲ ..၊ ငါလည်း ဘာမှ မလုပ်တတ်ဘူး"

ကောင်မလေး နားထဲမှာ ကြမ်းခင်းကို နင်းဖြတ် ပြေးတက်လာသည့်ခြေသံက ရောမအသံကျယ်ကြီးဖြစ်ကာ ထိုအသံတွေက ရေသံတွေ ဖြစ်ခဲ့ပြန်၏။

ထို့နောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"သမီးက အဲဒါတွေကို ဘာဖြစ်လို့ နားထောင်နေခဲ့တာလဲ ...၊ ဒါ သမီးနဲ့ ဘာမှ သက်ဆိုင်တဲ့စကားတွေ မဟုတ်ဘူး"

"ဘာဖြစ်လို့ မသက်ဆိုင်ရမှာလဲ ဖေဖေ ...၊ ဆွိုတီ က သမီး သူငယ်ချင်း .."

"မဟုတ်ဘူး .. သူ့ကို ဖေဖေ သိတာ ...၊ ဖေဖေ့ လက်ထောက်ရဲ့ အတွင်းရေးမှူးအဖြစ်ပဲ၊ အရမ်းဆင်းရဲဒုက္ခရောက်နေတဲ့ကြားက နိုင်ငံခြားမှာ ပညာသင်ခွင့်အတွက် အမျိုးမျိုး ကြိုးစားရုန်းကန်နေတယ်ဆိုလို့ သူ့အတွက် နေရာပေးပါရစေဆိုတာကို ဖေဖေ ခွင့်ပြုခဲ့တယ်...၊ လုပ်ငန်းမကျွမ်းကျင်တာတောင် ကိုယ့်မြန်မာလူမျိုးချင်း၊ ကိုယ့်သားသမီးအရွယ် .. ပညာ ကြိုးစားနေတယ်၊ အဲဒါတွေကို ကြည့်ပြီး လိုအပ်တဲ့သင်တန်းတွေ တက်ဖို့ ခွင့်ပြုခဲ့ရတယ်၊ အလုပ်ထဲမှာ နှောင့်နှေးမှု ရှိခဲ့တာတွေကို သည်းခံခဲ့ရတယ်၊ အဲဒါတွေထိ ဘာစေတနာ အညစ်အနွမ်းမှ မပါသေးဘူး .."





"ဘာဖြစ်ဖြစ် ကိုယ့်သမီးအရွယ်ဆိုတာ ဖေဖေ မမေ့သင့်ဘူး"

"ဒါပေမယ့် ဖေဖေ့သမီး မဟုတ်ဘူးလေ ...၊ ဒီမှာ ဦးရန်နိုင်ဆိုတာ အကောင်းဆုံး မဟုတ်ရင်တောင် လူယုတ်မာ မဟုတ်ဘူး၊ သူနဲ့ ဒီအခြေအနေထိ ဖြစ်ခဲ့ရတာလည်း ဖေဖေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတယ်၊ ဖေဖေ လွန်ခဲ့တာ မဟုတ်ဘူး .."

ရီလေး ကြောင်ငေးသွားခဲ့၏။ ဖေဖေ့ကို အဲဒီလို လူစားမျိုးလို့ ဘယ်လိုမှ မထင်ရက်ပေမယ့် ...

"နေထိုင်မှု လွဲမှားကြတဲ့အကြောင်းရင်းတွေ .. ကျားမ ရှုပ်ထွေးမှုတွေ .. ဒါတွေကို သမီး နားမလည်ပါဘူး"

"ဟုတ်မှာပါ .. ဒါပေမယ့် ဆွိုတီ က မူလတန်းမှာ သမီးနဲ့ တစ်တန်းတည်း တက်ခဲ့ဖူးတယ်၊ အခု သူ့ခမျာ ဘာမှာနမှ မထားဘဲ သမီးရဲ့ဘေးမှာ ကိုယ်ရံတော်လို ...၊ အိမ်ဖော်သာသာဘာဝနဲ့ မျက်နှာငယ်စွာ နေခဲ့တယ် .."

ရီလေး ပြောတော့ ဖေဖေက ဟားတိုက်ရယ်သည်။ ဟိုတုန်းတည်းက ဖေဖေ့မျက်လုံးပေါ်က မာနရောင် ဖိတ်ဖိတ်လက်နေတတ်သည့် မဲ့ပြုံးတွေက ဒီတိုင်းပါပဲ ...။

မေမေ့ကို ချစ်ပါလျက်နှင့် အတိုက်အခံ အမြဲပြုသည်။ နယ်မြေခွဲ ဗိုလ်လုခဲ့၏။ ရေခြားမြေခြားထိ ရောက်လာကာမှ အိမ်ထောင်ပျက်ခဲ့ပြီး မေမေ့ကို အနိုင်တိုက်လာခဲ့သမျှ အံကြိတ် မျက်ရည်ကျရင်း ...

"ဒက်ဒီ့ကို ဖေဖေလို့ပဲ ခေါ်ပါ .. ဒက်ဒီလည်း ဖေဖေလို့ ပြောနိုင်အောင် ကြိုးစားမယ်၊ သမီးဘဝကို တိုးတက်မြင့်မားစေချင်ပေမယ့် မိခင်နဲ့လည်း အတူမနေရတော့ဘူးဆိုရင် အစစအရာရာမှာ စည်းလွတ်ဝါးလွတ်ဖြစ်သွားမှာမျိုး ဒက်ဒီ လက်မခံနိုင်ဘူး ...၊ ဖေဖေတို့ မိသားစု ဘယ်ရောက်နေနေ မြန်မာဆန်ဆန်ပဲ နေကြတာပေါ့" တဲ့...။

ဖေဖေ ပြောင်းလဲသွားခဲ့တာတွေမှာ အပြောနဲ့ လက်တွေ့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တည်း ..။

စီးပွားရေးနယ်ပယ်မှာ အရက်နဲ့ လူမှုရေးကဏ္ဍတွေ တချို့တလေတော့ မကောင်းရာမကောင်းကြောင်းတွေ ရှိမှာပေမယ့် ဒီလိုထိ ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိပေ ..။

ခုတော့ မထင်မှတ် အံ့ဩနေသည့် မျက်နှာလေးကို ဖေဖေက မတ်တတ်ရပ်နေရင်း စီးမိုး ငုံ့ကြည့်၍ ...

"အိမ်ဖော်သာသာဘဝနဲ့ မျက်နှာငယ်စွာ နေခဲ့တယ် .. ဟုတ်လား၊ သူ အဲဒီလို နေခွင့်ရဖို့အတွက် သမီးရဲ့သူငယ်ချင်းဖြစ်ကြောင်း နိုင်လုံဖို့ ဘယ်လောက်ထိ ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရလဲ သမီး သိရဲ့လား"

ဘာဖြစ်ချင်လို့လဲဆိုတာရော သိလား ..၊

"ဟင့်အင်း .."

ရီလေး ခေါင်းခါပစ်လိုက်ရင်း မျက်ရည်တွေ ဝေ့လာခဲ့၏။ ဒါပေမယ့် ဦးရန်နိုင် က ပြောနေတာကို မရပ်ဘဲ ဆက်ပြော၏။

"မသိချင်လည်း နားထောင်ရမယ် သမီး ..၊ အမေးရှိရင်တော့ အဖြေရှိရမှာပဲ ..၊ သမီးရဲ့ စွပ်စွဲတဲ့မေးခွန်းတွေကို ဖေဖေက မဖြေနိုင်ရင် အပြစ်ရှိပါတယ်လို့ ဝန်ခံသလို ဖြစ်သွားမှာပေါ့၊ သူက သမီးရဲ့သူငယ်ချင်းအဖြစ် အိမ်မှာ သမီးနဲ့ တစ်ပြေးညီတည်း နေရမယ်ထင်တာ၊ ဖေဖေ့အပေါ်မှာ သူ ပိုင်မယ်ထင်တဲ့ အကျပ်ကိုင်မှုမျိုးနဲ့ ဒီလို နေခွင့်ရမှာပဲလို့ အပိုင်တွက်တာ .."

ဦးရန်နိုင် လေသံက ပြောရင်း ဒေါသတွေနဲ့ တုန်ခါလာ၏။

"မရဘူး .. ဖေဖေ့တစ်ဘဝလုံး ပုံအပ် ဝကွက်ပြီး ချစ်လာခဲ့ရတဲ့ ဖေဖေ့ရင်သွေး၊ သမီးနဲ့ ဘယ်လိုလူမျိုးမှ ရင်ပေါင်တန်းခွင့် မရှိဘူး၊ သမီးအတွက် သုံးဖြုန်းမကုန်အောင် ဖေဖေ ရှာဖွေထားတာတွေကိုလည်း သမီးလက်ထဲကနေ ဘယ်သူမှ ခွဲခြမ်း လက်ဖြန့်လို့ မရဘူး..၊ ရန်နိုင် က ငတုံးမှ မဟုတ်တာ၊ ငါ့ဘဝမှာ အချစ်ဆုံးမိန်းမ၊ တန်ဖိုး





အထားဆုံး .. မြတ်နိုးဆုံး မာမီ ပြီးရင် နှစ်ယောက်ပဲ ရှိတယ်၊ အဲဒါ သမီးနဲ့ သမီးရဲ့မေမေ .."

"ဒါဆိုရင်လည်း ဖေဖေ ဆွိတီ ကို ခုလိုမျိုး .."

"ခုလိုမျိုးတွေ ဖြစ်ကုန်တာ အခြေအနေတွေ ပေးလာတဲ့အတိုင်းပဲလေ ..၊ ယောက်ျားဖြစ်ပြီး အောက်တန်းကျတဲ့စကားတွေ ဖေဖေ ပြောနေတာ မဟုတ်ဘူး၊ ကျွတ်!... သမီးနဲ့ ဒီစကားတွေ ဖေဖေ မပြောချင်ဘူး၊ ဆွိတီ ဆိုတဲ့ မိန်းကလေးကို ဒီနေ့ အိမ်မှာ နောက်ဆုံးပဲ"

ပြောပြီးတာနှင့် ဘဏ္ဍာထိန်းကြီးကို ခေါ်သည်။ ဘယ်သူကြားကြား ဂရုမစိုက်သည့်အသံကြီးက ဟိန်းနေကာ ...

"ပြန်လာတာနဲ့ အထုပ်ဆွဲ ဆင်းသွားပါစေ ..၊ သူ့ပစ္စည်းမှန်သမျှဘီး၊ ကလစ်ကစပြီး တစ်ခုမှမကျန်အောင် အကုန် ထုပ်ပိုးထားလိုက်၊ အယ်လ်ဘီတို့ .. ရိုစီတို့ ကြားလား ..၊ အဲဒါတွေ နင်တို့ လုပ်ရမှာ.. ခင်ဗျားက သူ့လစာ တစ်နှစ်စာ ထုတ်ပေးလိုက် .. အဲဒါ ရုတ်တရက် ဖြုတ်ထုတ်ခြင်းအတွက် နစ်နာကြေးပဲ"

အိမ်အကူ မိန်းကလေးတွေကို လက်ညှိုးထိုးခိုင်းသည်။ ဘဏ္ဍာထိန်းကြီးကိုလည်း မှာ၏။

ဖေဖေ ဒီလောက်ထိ ချက်ချင်း ရက်စက်ပစ်လိုက်တာ မမေးသင့်တဲ့မေးခွန်းကို မေးလိုက်မိတဲ့ ကိုယ့်အမှားကြောင့်လား ..၊

ရီလေး နောက်ထပ် မယုံနိုင်စွာ ကြက်သေသေ၏။ ထိုညနေမှာ ဖေဖေနဲ့ ဆွိတီ တို့၏ တွေ့ဆုံခြင်းကို မရည်ရွယ်ဘဲ တည့်တည့်တိုးမိကြားမိပြန်ရော ..။

"နေရာတကာ ယောက်ျားမှာပဲ အပြစ်ရှိနေတာလား ဆွိတီ .. သိက္ခာမဲ့တဲ့ မင်းမျက်ရည်တွေကို မသုတ်အားရင်လည်း အထုပ်ဆွဲဖို့တော့ လက်တွေ အားရမှာပေါ့၊ ခုချက်ချင်း မင်း ထွက်သွား .."

"နိုင်ငံခြားမှာ နေပေမယ့် ဦးက မြန်မာလူမျိုးစစ်စစ်နော် ..



www.burmeseclassic.com

www.burmeseclassic.com



ဦးနဲ့ ကျွန်မအရွယ် ဘယ်လောက်ကွာသလဲ ..၊ အခြေအနေတွေ ဘာဖြစ်သွားနိုင်သလဲ စဉ်းစားစမ်းပါဦး .."

"စဉ်းစားတယ် ..၊ အဲဒါက အခု မင်းကို ဆွဲထုတ်သွားရမလား..၊ ရဲ ခေါ်ရမလား .. တစ်ခုခု .."

"ဦးပဲ မက်လုံးပေးပြီး ကျွန်မဘဝကို .."

"ဗုံးထိလာတဲ့ သံချပ်ကာကားကြီးတစ်စီးပါပဲ .. အသစ်စက်စက်ကြီးကို သံရည်ကျိုစက်ထဲ ဘယ်သူက ထည့်မှာလဲ ..၊ စဉ်းစားပြော.."

"ရှင် အခု ပြောတဲ့စကားတွေ ရဲလေး ကြားသွားရင် သူ့အဖေကို ဘယ်လို မေတ္တာထား ကိုးကွယ်မလဲ .."

"ရောင်တိမ်းရခက်တဲ့ မာယာကွန်ထဲကနေ ငါ့အဖေမို့ ရုန်းထွက်နိုင်တာဆိုပြီး ဂုဏ်ယူနေမှာပေါ့၊ ဒီမှာ မင်းရဲ့မေးခွန်းတွေကို ရပ်လိုက်တော့ ဆွိတီ ..၊ မင်းဟာ လိုချင်တာကို ရိုးသားစွာရယူဖို့ မကြိုးစားဘဲ ဘယ်လိုဖြစ်ဖြစ် ရင်းနှီးရယူရဲတဲ့ မိန်းကလေး ..၊ နိုင်ငံခြားပြန်ဆိုတဲ့ ပါဝါကို လူတွေ မျက်လုံးကျိန်းကုန်အောင် ဖန်တီးပြီးမှ မြန်မာပြည်ကို ပြန်ချင်တာ ..၊ ငွေရှာရတာ မင်း ထင်သလို မလွယ်ဘူး၊ မင်း အဲဒါကို ဘာဖြစ်လို့ သဘောမပေါက်တာလဲ .."

ရင်ချင်းနီးကပ်သွားတာများ ပွေ့ဖက်တော့မယ့်အတိုင်း ..၊ ဒါပေမယ့် ...

သေချာ ချောင်းကြည့်လိုက်တော့ စူးရဲသည့်မျက်လုံးတွေ စစ်ခင်းနေခြင်းဖြစ်ကာ ...

"ငါကိုယ်တိုင် သတ်မှတ်ထားတဲ့ အမြင့်ဆုံးတန်ဖိုးက လူ့တန်ဖိုးပဲ၊ မင်းကိုယ်မင်း ဘယ်လောက်တန်သေးလဲ ပြန်တွေး .."

"ရှင်!.. .."

"တောက်!.."

"အား!..."





ရင်ဘတ်ကို အားရိုပါးရှိ ဆောင့်တွန်းလိုက်တာပေမယ့် ဦးရန်နိုင်က လက်နှစ်ဖက်စလုံးကို ဖမ်းဆုပ်ပြီး ဘေးကို လွှဲတွန်းလိုက်သဖြင့် ဆွိတီ ယိမ်းယိုင်ကာ ဆိုဖာတွေပေါ် မှောက်လျက် ကျ၏။

"သမီးချင်း စာနာဖို့ မင်း ထပ်ပြောကြည့် ..၊ ငါ လုံးဝ ညာမှာမဟုတ်ဘူး၊ ငါ့သမီးနဲ့ နင် တူသလား ..၊ တန်သလားလို့ မေးဘဲ အယဉ်ကျေးဆုံးပြောရရင် 'နင်ဟာ ငါမဟုတ်' ဆိုတာပဲ .."

အပြစ်ရှိပြီဆို အကောင်းဆုံး အလုပ်သမားတွေအပေါ်မှာတောင် သက်ညှာစိတ် မမွေးနိုင်ဘူးလို့ ပြောနေကျစကားအတိုင်း 'ငါ ဘယ်တော့မှ မမှားဘူး' လို့ ဖေဖေ ကြွေးကြော်ခဲ့သည်။

ခုလည်း နည်းနည်းမှ ထိန်းချုပ်ညှာတာမှု မထားသော ရင့်သီးသည့်စကားတို့ဖြင့် ...

"ငါနဲ့ပတ်သက်မိတာနဲ့ အရိုးအရင်းလောက်တော့ ခံစားခွင့် ရှိမှာပဲလို့ မင်း ခံယူခဲ့တဲ့ မျှော်လင့်ချက်တွေကို ပြန်ယူသွား ..၊ ငါက 'ဟင် ..'ဆိုရင် ဘယ်တော့မှ ပြန်လှည့်မကြည့်ဘူး ဆွိတီ၊ နင် ငါ့သမီးရှေ့မှာ မျက်ရည်ခံထိုးခဲ့တဲ့အတွက် စေတနာကြေးအဖြစ်နဲ့ လေယာဉ်လက်မှတ်တောင် အလကားမရနိုင်တော့ဘူး၊ အလုပ်သမား အထုတ်ခံရတဲ့အတွက် နစ်နာကြေးကို ယူ ..၊ ခုချက်ချင်း ထွက်တော့ .."

'ဖေဖေ ရက်စက်လိုက်တာ ..' လို့ ဖွင့်ဟ ရေရွတ်ရင်း ရဲလေး အခန်းထဲ ပြန်လှည့်ပြေးခဲ့သည်။

ဖေဖေ့ကို လူယုတ်မာပုံစံမျိုး သူမ မမြင်ချင် ..။

ဆွိတီ ချမ်းသာချင်တာကိုရော .. သူမ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားတတ်တာတွေရော .. မိန်းကလေးချင်းမို့ အနည်းအကျဉ်းတော့ သိပါသည်။ ဒါပေမယ့် ...

အခြေအနေကို ဖေဖေ ပါးစပ်ကနေ ဒီလိုစကားတွေနဲ့ ဆုံးဖြတ်ပြီးပြတ်စေခဲ့တာမျိုး ဖြစ်လာတာကို မကြားချင် ..၊ မြင်လည်း မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ ပိုရှက်မိ၏။

ဆွိတီ အိမ်က ထွက်သွားပေမယ့် အိမ်မှာ ဒီရန်စ မီးပွားက ကျန်ရစ်ခဲ့၏။

"သမီး ဘယ်လို ကြံစည်လိုက်တာလဲ ..၊ ဖေဖေ့ကို သမီး မစမ်းနဲ့နော် ..၊ 'ဟင်..'ဆိုရင် ပြန်လှည့်မကြည့်တတ်တာ ဖေဖေ့အကျင့် .."

"ကိုယ့်အဘွားနဲ့ အဒေါ်ဆီ ပြန်တာ ဘာအကြံတွေ ဖြစ်ရဦးမှာလဲ ဖေဖေ၊ လောလောဆယ် ခရီးသွားချင်နေတာပဲ သမီး သိတယ် .. သွားခွင့်ပြုပါ .."

"မသွားရဘူး .. သမီးကို သမီးရဲ့အဘွားတို့နဲ့ ပြန်နေခွင့်ပြုမှာ၊ ဒါပေမယ့် အခု မဟုတ်သေးဘူး .. ဖေဖေ့အပေါ် သမီး အမြင်စောင်းနေတာ ဖေဖေ သိတယ်၊ ဒီတိုင်းနဲ့ သမီး ထွက်သွားရင် ဖေဖေက လွမ်းကျန်ရစ်မယ် ထင်နေသလား .."

"သမီးက .."

"သမီးက ဘာဖြစ်ဖြစ် ဖေဖေ သိတယ် ..၊ ဖေဖေ့မှာ ရှိတဲ့ အစွာအားလုံးက သမီးကြောင့် ..၊ သမီးအတွက်ချည်းပဲ၊ ဒါကို နားမလည်ဘဲ ထွက်သွားတာ .. ခွင့်လွှတ်မျှော်လင့်နေဖို့ လိုမလား ..၊ အေး .. သွားချင်ရင် သွား၊ သမီးကို ဖေဖေ့ဆန္ဒအရ ဘယ်တော့မှ ပြန်ခေါ်မှာ မဟုတ်ဘူးဆိုတာ မမေ့နဲ့ .."

ဘာဖြစ်ဖြစ် သွားဖို့ပြင်တော့ ဘဏ္ဍာထိန်းကြီးကလည်း တားသည်။

"သမီးဖေဖေက စိတ်ဓာတ် ပြင်းထန်တယ်၊ သူ့ဘဝအတွက် သူ့သမီးလေး တစ်ယောက်ကပဲ မီးရှူးတန်ဆောင် လမ်းပြကြယ်လေး ဆိုလည်း ဟုတ်တယ်၊ ကိုယ့်အဖေအနားမှာပဲ နေပါ သမီးရယ်..၊ သမီး ဟိုမှာလည်း သမီးမေမေ မရှိတော့ဘူးမို့လား ..၊ အဖေအမေထက် ရင်းတာ ဘာရှိဦးမှာလဲကွယ် ..၊ အခုဖြစ်ကြတဲ့ ပြဿနာမှာလည်း





သမီးက သူငယ်ချင်းကို သနားတဲ့စိတ်ကပဲ ကြီးစိုးနေလို့ပါ၊ ဒီ မိန်းကလေး နေထိုင်ပုံစိတ်ဓာတ်ကို ဘာဘ သေချာသိတယ် ..၊ ယောကျ်ားချင်းမို့လို့လည်း သူ့ဒွေးကို ပို နားလည်တယ်၊ ဒါ ဘက်လိုက်ပြီး ပြောတဲ့စကား မဟုတ်ဘူး သမီး၊ ဒီမိန်းကလေးရဲ့ လောဘစိတ်က ကြောက်စရာ ကောင်းတယ်၊ အသက်လေးငယ်ငယ်နဲ့ .."

ဘဏ္ဍာထိန်းကြီး ဒီနားမှာပဲ စကားရပ်ကာ မျက်နှာမကောင်းစွာ ခေါင်းခါ၏။

"သမီး နားမလည်နိုင်တာတွေကျတော့ ပြောပြရ တော်တော်ခက်နေတာ .."လို့ တိုးလျသည့်လေသံနှင့် အဆုံးသတ်ခဲ့၏။

ရိုလေး ကတော့ ဆုံးဖြတ်ပြီးသားပါ။ ဆွိတီ နယ်မြေရပ်ခြားမှာ အကာမ်းအလှမ်းမဲ့ ဒုက္ခရောက်နေရှာမှာ သေချာသည်။

စီးပွားရေးလောကမှာ ဖေဖေ့ရဲ့ အရှိန်အဝါ ဘယ်လောက်ထိ လက်တံရှည်တယ်ဆိုတာ သူမ အသိဆုံး ..၊

ဒီမှာဖြစ်သွားခဲ့သည့် ပြဿနာရဲ့နောက်မှာ ဆွိတီ ရဲ့ အသက်အရွယ် အရည်အချင်းလောက်နဲ့ ဘယ်လုပ်ငန်းမှာမှ အဆင်ပြေမှာ မဟုတ်သလို အနာဂတ်ဆိုတာလည်း မှုန်ဝါးသွားတော့မှာ ဖြစ်သည်။

သူမအတွက် တစ်ခုခု လုပ်ပေးချင်မိသည်။ ဒီမှာ အဆင်မပြေနိုင်ပေမယ့် မြန်မာပြည်မှာတော့ သူမအတွက် ကိုယ့်ဘက်က ကူညီနိုင်တာတွေ ရှိနေမှာပဲလို့ ယုံကြည်မိ၏။

တကယ်တမ်းကျတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

"ဆွိုတီ က စင်ကာပူကုမ္ပဏီကြီးတစ်ခုမှာ အတွင်းရေးမှူးလို့ ငါ့ဆွေမျိုး အသိုင်းအဝိုင်းတွေထဲမှာ ဟိုလေးတကျော်ကျော်နဲ့ အားလုံးကလည်း အထင်တကြီး ရှိနေကြတာ ရီလေး ...၊ ငါ မြန်မာပြည်ကိုပြန်လာရင် မိုးပေါ်ကနေ အတောင်ပေါက်ပြီး ပြန်လာမလား ...၊ မြေလျှိုးမိုးပျံသလို ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ ပြိုးပြက်လက်နေမလား ...၊ အဲဒီလောက် .. အဲဒီလောက် ငါ့ကို မျှော်လင့်နေကြတာ .."

ဆွိုတီ က မျက်ရည်တွေလည်း ကျနေသည်။

စိတ်လှုပ်ရှားသလို ခေါက်တုံ့ခေါက်ပြန် တစ်လှမ်းချင်းသွားနေရင်း လက်တွေကို ဖြန့်လိုက်၊ ဝိုင်းပြလိုက်နှင့် အမူအရာတွေ ဖြစ်နေတာလည်း ရှိသည့်မျက်နှာဟာ တကယ့်ခံစားချက်တွေနဲ့ ကြေကွဲခံပြင်းနေတာနဲ့ မတူ ...။

တစ်ယောက်တည်း သရုပ်ဆောင်ကျင့်နေသည့် ဟန်ပန်တွေနဲ့ တူနေလျက် ...၊





သူမရဲ့စိတ်ကူးယဉ်ကမ္ဘာကြီး ဘယ်လောက်ထိ ကျယ်ပြန့် နက်ရှိုင်းနေသည်ကိုပါ ရီလေး အကဲခတ်မိလာခဲ့၏။

တကယ်တမ်းကျတော့ ဆွိုတီ မှာ မိဘ မွေးချင်းမောင်နှမ မရှိတော့ပါ။ ဆွေမျိုး အရင်းချာတွေ ရှိကြပေမယ့်လည်း ဘယ်ဘက်ကမှ ကူညီထောက်ပံ့ကြတာ မရှိသည်မို့ အဒေါ်ရင်းတစ်ယောက်အိမ်မှာ အဆူခံ အပြောခံဘဝနှင့် ပညာလေးတော့ တတ်အောင် ကုတ်ကပ်ရယူခဲ့ရတာ ဖြစ်သည်။

ဒါတွေကိုလည်း သူမက ထိမ်ချန်ထားခဲ့တာ မဟုတ်ပေ။ သူပြောလို့သာ ရီလေး အားလုံး သိနေခဲ့တာ ဖြစ်သည်။

ခုလည်း မျက်ရည်စက်လက်နှင့် ဆွိုတီ ငိုရင်းပြောရင်း ဖြစ်နေတုန်း ...။

"ငါ့ဘဝ လွတ်မြောက်ခွင့် ဘယ်လောက်ထိ အရေးကြီးသလဲ၊ ငါ့ဘဝအတွက် ငါ ဘယ်လောက် ရင်းနှီး ကြိုးစားခဲ့ရသလဲ ...၊ ဒါတွေ နင် သိပါတယ် ရီလေး ရယ် .. နင် သိခဲ့တာတွေတောင်မှ အားလုံး ခရေစေ့တွင်းကျ မဟုတ်သေးဘူး၊ အဲလောက်ထိ ငါ့ဘဝကို ငါ နာကျင်ခဲ့ရတာ သိရဲ့လား .."

"သိပါတယ် .. ငါ သိသင့်သမျှ သိထားပါတယ်၊ ဒါပေမယ့် ဆွိုတီ .. မိန်းကလေးတစ်ယောက်ရဲ့လောဘစိတ်က လိုတာထက် မပိုသင့်ဘူး၊ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ်ဟာ .. လောဘလွန်ရင် ပျက်စီးသွားကြတာပဲ၊ ယောကျ်ားလေး ပျက်စီးရင် ထောင်အပြင် တန်းမရှိဘူးဆိုတဲ့စကားတွေ နင် ကြားဖူးမှာပါ၊ မိန်းကလေး ပျက်စီးရင် ဘာဖြစ်မလဲ တွေးကြည့် .."

"တွေးကြည့် .. ထောက်ချင့်နေမယ်ဆိုရင် ဆွိုတီ စင်ကာပူထိ ရောက်လာခွင့်တောင် ရလိုက်မှာ မဟုတ်ဘူး"

ဆွိုတီ လေသံက ပါးပေါ်က မျက်ရည်မခြောက်ခင်အသံ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားခဲ့၏။

လေဆိပ်ထဲမှာပေမယ့် လွတ်လပ်သည့်နေရာမှာ နှစ်ယောက်တည်း ရှိနေတာမို့ ဘယ်ကိုမှ ဂရုစိုက်မကြည့်သည့် သူမ မျက်လုံးတွေက ရီလေး ဆီမှာပဲ ရှိကာ ...

"ငါ ဒီရောက်အောင်လာဖို့အတွက် ပံ့ပိုးမယ့်ဘက်ခ်ရောင်းန် မရှိဘူး၊ ငွေကြေးဆိုတာ နတ္ထိပဲ၊ ဒါပေမယ့် ငါရောက်အောင် လာနိုင်တယ်၊ အဲဒါ ပထမဆုံး ပေးဆပ်ရင်းနှီးခဲ့တဲ့ ဆွိတီ ရဲ့ဘဝ .."

နားထဲမှာ ကြမ်းရှသွားသည်။ ဖေဖေနဲ့ ဘဏ္ဍာထိန်းတို့ပြောသည့် စကားတွေနဲ့ ဆွိတီ ရဲ့ခံယူချက်တွေက အလင်းရောင်လိုလို .. အမှောင်လိုလို ဝေဝါးလျက် ...၊ မီးခိုးရောင်တွေလို အာရုံထဲမှာ ညစ်ညမ်းသွားခဲ့၏။

ဒါပေမယ့် ဆွိတီ က ဝင့်ကြွားဂုဏ်ယူစွာ ပြောနေတုန်း ...၊

"ငါ ဒီလို ဖြတ်သန်းခဲ့တာတွေဟာ ငါ့ဘဝ မြင့်မားတိုးတက်ဖို့ ချည်းပဲ ရီလေး ...၊ ငါ့စိတ်က လော်မာလိုက်စားခဲ့တာ မဟုတ်ဘူး၊ ချမ်းသာချင်တဲ့ ငါ့လို မိန်းကလေးမျိုးလေးတွေအပေါ် အခွင့်အရေးယူ ဝါးမျိုချင်တဲ့ ပုရိသတွေကတော့ .."

"တော်ပါတော့ ဆွိတီ .. ငါ အဲဒါတွေကို ခြုံငုံ နားလည်နေပါပြီ၊ နင် ကြိုးစားခဲ့တာတွေရော .. နင် နာကြည်းမုန်းတီးခဲ့တဲ့ ငါ့အဖေနဲ့ တခြားယောကျ်ားတွေကိုရော အဲဒါတွေ ဘာမှမပါတော့ဘဲ အခု ပြောနေတာကို အာရုံစိုက်လိုက်ပါ၊ ငါနဲ့ မြန်မာပြည်တိုပဲ ပြန်လိုက်ခဲ့ဖို့.."

"မလိုက်ချင်လို့ ငါ ဒီလောက် ပြောနေတာပေါ့ ရီလေး ရယ်..၊ မြန်မာပြည်ကို ငါ မျှော်မှန်းထားတဲ့ဘဝမျိုး မရောက်ဘဲ လုံးဝ မပြန်ဘူး"

"နင် သိပ်မက်မောတဲ့ ချမ်းသာကြွယ်ဝမှုတွေကို ပိုင်ဆိုင်ရတဲ့ အခါမှာရော .. နင့်ဘဝ အကောင်းတိုင်း မရှိတော့ဘူးဆိုရင် ဒီချမ်းသာခြင်းတွေက တန်ဖိုးရှိပါဦးမလား .. တွေးကြည့်စမ်း ဆွိတီ ...၊ မိန်းမ





တစ်ယောက်ရဲ့တန်ဖိုးက .."

"စည်းစိမ်ချမ်းသာရှိရင် ဘာမဆိုဖြစ်တယ် .."

ဆွိတီ ရဲ့ ခေါင်းမာသည့်မျက်နှာက မျက်ရည်တစ်စက်မှ မရှိတော့မှ ပိုတင်းနေသလို ရှိ၏။

အစတည်းက ရီလေး နဲ့ ဆွိတီ သူငယ်ချင်းပါဆိုရင် နှစ်ခါ ပြန်မေးကြတဲ့လူတွေ အများကြီး ...။

တချို့ကျတော့ 'ဟုတ်ရဲ့လား' လို့ ဖွင့်မေးကြ၏။

'အရွယ်တူမယ်လို့ မထင်ဘူး' ဆိုတာတွေလဲ ပါသေးသည်။ ဒါတောင် ရီလေး က ဆံပင်အရှည်ကို နက်မှောင်သည့်ဆံရောင်နှင့်ဖြစ်ကာ ဆွိတီ က အရောင်တောက်တောက် နှစ်ရောင်စပ်တွေနှင့် ...။

အသက်တွေ ဒီအရွယ်ရောက်မှ ပြန်ဆုံရချိန်မှာ မိတ်ကပ်ရောင် ဖျော့ဖျော့နှင့် အံမြဲတမ်း လှနေတတ်သော ဆွိတီ ကို တော်တော်လှလာတာပဲလို့ တွေးမိခဲ့ပေမယ့် တော်တော် ပြောင်းလဲသွားပါလားလို့တော့ ဘာဖြစ်လို့ မတွေးမိခဲ့တာလဲ ...။

တကယ်တော့ ရုပ်ရည် ကြမ်းတမ်းရင့်ရော်ခြင်းနဲ့ နုပျိုငယ်ရွယ်ခြင်းတွေဆိုတာ ဆင်းရဲချမ်းသာခြင်းနဲ့ ဆိုင်တာလား ...။

ဆွိတီ မျက်နှာပေါ်က လောဘ ဒေါသတွေကို ဆုပ်ဖမ်း ကိုင်းတာ ကြည့်မိရင်း ရီလေး မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေခဲ့၏။

"ငါ နားလည်သွားပြီ ဆွိတီ ...၊ နင်ရယ် .. အခုဖြစ်နေတဲ့ အခြေအနေတွေရယ် .."

"ဟုတ်လား .."

"ဟုတ်တယ်.. ဒါပေမယ့် ငါ နင့်ကို လက်မလွှတ်ရက်ဘူး၊ ဘယ် အခြေအနေတွေ ဖြစ်နေပစေ .. နင် ငါ့ဆီမှာ အလုပ်လုပ်ပါရစေလို့ ပြောပြီး မျက်ရည်တွေနဲ့ တောင်းပန်ခဲ့ဖူးတဲ့ မျက်နှာကို ငါ ရင်ထဲမှာ စွဲနေတုန်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

ဆွိတီ မျက်နှာ ချက်ချင်း ညှိုးကျသွားပြန်ကာ ...

"ငါ ညာခဲ့မိပါတယ် .. တကယ်တော့လေ .. ကုမ္ပဏီမှာတည်းက ဦးနဲ့ ငါ .."

"ထားလိုက်ပါတော့ .."

"ငါ ညာခဲ့တာကို တောင်းပန်တာပါ၊ နင့်ရှေ့မှာ ငါ ဘယ်တော့မှ ပက်ပက်စက်စက်ဖြစ်မှာ မဟုတ်ဘူးလို့ အားကိုးတဲ့စိတ်နဲ့ ညာခဲ့မိတယ်၊ နောက်ပြီး ဦး ငါ့ကို အနေနီးရင်တော့ အခွင့်အရေးပေးလာမှာပဲလို့လည်း ယုံကြည်ခဲ့မိတာ .."

ဒါတွေကို ရီလေး ရိပ်မိနေပါပြီ။ ဖေဖေ ပြောခဲ့တာတွေ အားလုံးကို မယုံကြည်နိုင်သေးပေမယ့် မမှားနိုင်ဘူးဆိုတာကိုလည်း နားလည်လာခဲ့သည်။

သို့သော် ...

ရင်ထဲမှာ ကိုယ့်သူငယ်ချင်းဟာ ကိုယ့်အဖေကြောင့် ဘဝပျက်ရပြီဆိုသည့် နာကျင်မှုက ဆွိတီ ကို ဘယ်လိုမှ မုန်းလို့မရနိုင်သော စာနာစိတ်ကို ဖြစ်စေသည်လား ...၊

ဆွိတီ ကို သူမ ပစ်မထားလိုက်နိုင် ...။

"အဲဒါကြောင့် ငါ တတ်နိုင်သလောက် ကူညီနိုင်တာကို ပြောပြနေတာ ဆွိတီ ...၊ နင် ဟိုကိုပြန်လိုက်ခဲ့ပါ၊ အဘွားနဲ့ အန်တီကြည်တို့ကို ငါ နင့်အတွက် အများကြီး ပြောပေးနိုင်တယ် .."

"ဘာလဲ .. ငါက နင်နဲ့ကပ်ပြီး ထဘီခေါက် .. ထီးမိုးပေးရင်း နေခွင့်ရဖို့လား .."

"နင့်စိတ်ကို ငါ သိနေတာပဲ ဆွိတီ ရယ် ...၊ ငါ့ရဲ့စိတ်ဓာတ်ကိုလည်း နင် သိဖို့ ကောင်းပါတယ်၊ ထဘီခေါက် ထီးမိုးပေးဖို့ လူလိုတာလောက်နဲ့တော့ နင့်ကို အာမတွေခံပြီး ဒီကနေ ပြန်လိုက်ဖို့ ဖျောင်းဖျ





နားချနေစရာလား၊ ငါ့အတွက် 'ဒဏ္ဍာရီ' စံအိမ်မှာလည်း ရွှေဆို ရွှေ၊ ငွေဆို ငွေ ဖန်ဆင်းပေးနိုင်တဲ့လူတွေ ရှိတယ်၊ နင် ပြောတဲ့ ထီးမိုးပေးရုံ၊ ထဘီခေါက်ပေးရုံတင်မကဘူး မြေပေါ်မနင်းချင်ပါဘူးဆိုရင်လည်း ထမ်းပိုးထားမယ့်လူတွေ ငွေရှိသလောက် ဖန်တီးလို့ရတယ်"

"နင်ကလည်း ငွေစကားတွေဘာတွေ ပြောလို့ပါလား .."

"'သိတာလည်း မဟနဲ့ ...၊ ရှိတာလည်း မပြနဲ့' တဲ့...၊ တော်ကြာနေရာလုချင်တဲ့လူတွေ ပေါ်လာရင် ဘယ်လိုလုပ်မလဲ .."

ဒီစကားကိုတော့ ရီလေး ရယ်မိသည်။

"'လုယူရတဲ့ပစ္စည်း ဘယ်တော့မှ အကောင်းတိုင်း မရဘူး' တဲ့၊ နင်လည်း သိမှာပါ .."

"ငါ ပြောနေတာကလည်း ပစ္စည်းတွေအကြောင်းမှ မဟုတ်ဘဲ၊ နင်က အရမ်းအေးချမ်းတဲ့သူမို့လို့ သတိပေးတာပါ၊ 'လွယ်ရင် သူကြွယ်တောင် မနေဘူး' တဲ့၊ အဲဒါတွေလည်း မှတ်ထားဦး .."

သူငယ်ချင်းမျက်နှာ ပြန်ကြည်သွားတာကိုပဲ အမိအရ ဆုပ်ဖမ်းကာ ကိုယ်နဲ့အတူ ပြန်လိုက်ခဲ့ဖို့ ရီလေး စည်းရုံးခဲ့ရသည်။

ဘယ်လောက်ထိလဲဆိုလျှင် အသက်မွေးဝမ်းကျောင်းအတွက် သင့်တင့်သည့်လုပ်ငန်းလေးတစ်ခု ထူထောင်ပေးပါမယ်လို့တောင် ကတိပေးလိုက်ရ၏။

"အေးလေ .. ငါ ပြန်ရောက်နေတာကို ဘယ်သူမှ မသိအောင်နေပြီး နင် ပြောသလို လုပ်ကြည့်ရမှာပေါ့၊ နင်သာ နင့်ကတိအတိုင်း ငါ့အတွက် စဉ်းစားပေးပါ၊ ငါကလည်း နင့်ကြောင့်သာ မဟုတ်ရင် ငါ့ရဲ့ အရှုတ်ဆန်ချင်တဲ့စိတ်နဲ့ တုံ့ပြန်ဖို့ ကြံစည်ထားတာတွေမှ အများကြီး ...၊ ချောင်ပိတ်ရိုက်ရင် ခွေးတောင်မှ ပြန်ကိုက်တတ်သေးတာပဲ ရီလေး ရယ် ...၊ နင့်ရှေ့မှာ နင့်အဖေကို ဒီလို ကြိမ်းဝါးပြောမိတာ ငါ့ကိုတော့ နားလည်ပေးပါ၊ ငါ ရူးချင်နေပြီ သိလား ...၊ ဘဝပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာထက် ဆိုးတဲ့ စိတ်ပျက်ချောက်ချားခြင်းမျိုး ငါ့နားမှာ နင်သာ မရှိခဲ့ရင် ငါ တကယ် ရူးသွားမှာပဲ"

ငိုလိုက် .. ရယ်လိုက်နှင့် ဆွိတီ မျက်နှာလေးက တကယ်ကို ရူးသွပ်တော့မယ့်အတိုင်းပင် ...။

လေဆိပ်မှ စတင်ထွက်ခွာခဲ့ခြင်းဟာ သူမအတွက် .. ဒါမှမဟုတ် ဆွိတီ အတွက် ...၊

ကောင်းသောခရီးစဉ်တစ်ခုလား ...၊ ဆိုးဝါးစွာ ဖြတ်သန်းခြင်း လား ...၊

အဲဒီတုန်းက ဘာမျှ မတွေးမိခဲ့ ...။





## အခန်း (၄၂)

မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်တော့ စားပွဲတင် ပန်ကာလေးက နံရံနားမှာ ကပ်လျက်ရှိသည့် ဗီရိုပုလေးပေါ်မှာ အရှိန်မှန်နဲ့ ပျော့ပျော့ လေး လည်နေသည်။

မျက်လုံးတွေ ထပ်ရွှေ့လိုက်တော့ မျက်နှာစာပေါ် တစ်ခြမ်းမှာ သံဆန်ခါကျဲနှင့် ပျဉ်ထောင်အိမ်လေး ...၊ ကောင်မလေး လှဲနေရာကနေ ထထိုင်လိုက်မိ၏။

အိပ်ခန်းထဲမှာ မဟုတ်ဘဲ သူမ ဧည့်ခန်းဘေးက တီဗွီရှေ့မှာ အိပ်ပျော်နေတာ ဖြစ်သည်။ သူမ အိပ်နေတာ ဟုတ်ရဲ့လား ...၊ မဟုတ် နိုင်ဘူးလို့ ခေါင်းခါမိရင်း အိပ်မက်ကို ပြန်တွေးမိ၏။

ဒါ အိပ်မက် မက်နေတာမှ မဟုတ်ဘဲ ...၊

သူမက 'ပန်းဒဏ္ဍာရီ' ...၊

ဘယ်နေရာ .. ဘယ်အရပ်မှာဖြစ်ဖြစ် သူမက သခင်မတစ်ပါးလို စံမြန်းစေခိုင်းနိုင်တဲ့သူ ...၊ ခေါင်းထဲမှာ ပြန်လည် ပျောက်ပျက်မသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော အဖြစ်အပျက်တွေက သူမဟာ ကောင်မလေး မဟုတ်ဘူးဆိုတာ ရှင်းလင်းစွာ ဖော်ပြလိုက်ပြီ ဖြစ်သည်။

တလွန့်လွန့် ရှန်သားခန်းဆီးစလေးရဲ့အပြင်မှာ မမသိမ့် မီးပူတိုက်နေသည့်အရိပ်ကို မြင်နေရရင်း သူမ နေရာမှ ထရပ်လိုက်မိ၏။

သူမ 'ဒဋ္ဌာရီ'စံအိမ်ကြီးကို ပြန်ရမည်။ သို့သော် ...

"ဟော .. ကောင်မလေး နိုးနေပြီလား ..၊ ဘယ်လိုလဲ .. ကိုယ်လက် မအီမသာ ဖြစ်နေသေးလား ..၊ မျက်နှာကတော့ လန်းနေပါပြီ"

မမသိမ့် က သူပဲ မော့ကြည့် ..၊ သူပဲ သုံးသပ်နေကာ ဝမ်းသာနေပုံလည်း ရှိ၏။

"နင် သတိလစ်သွားတယ်ဆိုတာ ကြားလို့ ချမ်း လာကြည့်မယ်တဲ့ ..၊ လာတောင်နေပြီ ထင်တယ်"

"ဟုတ်လား ..၊ ဘာလို့ သွားပြောလိုက်တာလဲ .. မမသိမ့် ကလည်း .."

"ငါ မပြောခိုင်းပါဘူးအေ ..၊ သူ့ခ ပါးစပ်ကို ပိတ်ချိန်ကို မရလိုက်ဘူး"

"သူရော .."

"ဟိုဘက်လမ်းထဲမှာ ကားဘော်ဒီရုံ ရှိတယ်လေ၊ အဲဒီမှာ သွားကူရင်း ပညာသင်ချင်လို့တဲ့၊ ဘယ်နှစ်ရက်မှတောင် မရှိသေးဘူး၊ ဟိုက လူတွေကလည်း သူ့ကို ချစ်ကြသားပဲ .."

မသိမ့် မျက်နှာပေါ်မှာ ဘယ်လို ဝန်တိုလောဘတွေမှ မထင်..။

မီးပူတိုက်နေရင်း ဘာအကြောင်းပြောပြော မျက်နှာမှာ တင်နေသည့်အပြုံးက မြင်တဲ့လူကို နှလုံးအေးစေပါ၏။

လူတစ်ယောက်တည်းနှင့် နှစ်ဘဝ ရင်သန်ခဲ့ရသည့် ရီလေး တစ်ဖြစ်လဲ ကောင်မလေး မျက်လုံးထဲမှာ ကြုံခဲ့ဖူးတဲ့မျက်နှာတွေနဲ့ မမသိမ့် မျက်နှာကို နှိုင်းယှဉ်ကြည့်နေမိသည်။





ပြောပုံဆိုပုံ နူးညံ့ရိပ် မထင်ပေမယ့် စကားလုံးတိုင်းမှာ နှစ်လိုတွယ်တာခြင်းတွေ ပါသည်။ ကောက်ကွေးခြင်းကင်းသည့် စိတ်ဓာတ်အဆင်က မျက်နှာထက်မှာ ပေါ်၏။

ဘာကြောင့်ဆိုတာ မသိဘဲ သူမဟာ ကောင်မလေး မဟုတ်ပါဘူးလို့ ပြောပြီး ချက်ချင်း ထထွက်သွားလို့ရနေသည့် အခြေအနေမှာတောင် ခုချိန်ထိ သူမ ဝန်မခံဖြစ်သေး ..။

ဒီလူတွေလက်ထဲ သူမဘဝ လုံခြုံခဲ့သည်လို့ ယုံကြည်နေမိသည်။ ဒီအရိပ်က ထွက်လိုက်တာနှင့် ပူလောင်မှုတစ်ခုခု၏ အငွေ့အသက်ကို ခံစားရရှိတော့မည်ဆိုတာကိုလည်း မသိစိတ်က စိုးရိမ်နေခဲ့၏။

သူမ ရှေ့ဆက် ဘာတွေ ဖြစ်မည်လဲ ..။

"ဘယ်လိုဖြစ်ရတာလဲ ..၊ ဒီမှာ အလုပ်ရှုပ်နေပြီဆိုမှ .."

"ဟင်!..."

သူမက တံခါးဝနား ရောက်နေပြီမို့ ချမ်း ကို သူမရှေ့မှာ ဘွားခနဲ ပေါ်လာသလိုကြီး မြင်လိုက်ရ၏။ အဝါရောင်တီရှပ် .. ဘောင်းဘီရှည်အပြာနှင့် မီးခိုးနုရောင် အပေါ်ထပ် လက်ရှည်ခါးရှည်ကို ဝတ်ထားသည်။

ပြီးတော့ အင်္ကျီလက်ဝတွေကို တံတောင်ဆစ်နားထိ ဖြစ်သလို ဆွဲတင်ထားသဖြင့် ညာဘက်က လက်ကောက်ဝတ်ထိ ပတ်ထားသည့် အနက်ရောင်လက်ပတ်က သူ ဝတ်ထားပုံနှင့် ကြည့်ကောင်းနေသည်။

"ဘာကြည့်နေတာလဲ .. သတိ လစ်လစ်နေတယ်ဆို ..၊ ခုတော့ မတ်တတ်ကြီးပါလား"

"သတိလစ်တာ မဟုတ်ပါဘူး .. မူးသွားတာ၊ မမသိမ့် ရှူဆေးဘူးပေးတာနဲ့ နှိပ်ပေးလိုက်လို့ အိပ်တောင် ပျော်သွားတယ်"

"သိသားပဲ .."

ချမ်း က ဧည့်ခန်းက ကြိမ်ကွက်ခင်းထားသည့် ကျွန်းကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ ကိုင်ထားသည့်ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်သည်။

"ငါက ပြောမနေနဲ့ .. အလုပ်လုပ်နေတဲ့သူကိုဆိုတာ တားနေတာပါဟယ် .. သုခ ဆိုတာ သက်သက် ဖုန်းသွားဆက်တာ၊ ပြီးတော့ ကောင်မလေးလည်း အိပ်ပျော်သွားရော ကိုကြီး ရောက်လာရင် ဆူတော့မှာပဲဆိုပြီး ပျောက်သွားလိုက်တာ ထမင်းတောင် လာမစားဘူး"

ရောက်လာတည်းက ဒေါသရိပ်မရှိသည့် ချမ်း မျက်နှာက မချိုမချဉ်နှင့် မဲ့၍ ...

"တွေ့ခဲ့သားပဲ ဆော်ဒီရုံမှာ ..၊ ဒီကောင့်ကိုလည်း ဒီနှစ် ကျောင်းအပ်ပေးချင်တာ၊ အလုပ်က မြဲမှာ မဟုတ်သေးတော့ တောက်လျှောက် အဆင်ပြေပါ့မလားလို့ .."

ပြောပြီး ချမ်း က ကောင်မလေးကို ပြန်မော့ကြည့်ကာ ...

"ဘာရပ်လုပ်နေတာလဲ ..၊ နောက်ဖေးဝင်မလို့လား .. လာထိုင်မှာဖြင့် ထိုင် .."

"ဟို .. မိုက်ဆာလို့ပါ"

"ဟုတ်လား ..၊ အေးဟယ် .. ငါ မေ့နေတာ .."

"နေပစေ မမသိမ့် ..၊ ကိုယ့်ဘာသာ ထည့်စားလိုက်တော့မယ်"

လှည့်ဝင်လာခဲ့ရပေမယ့် သူမ စိတ်က တခြား၊ လူက တခြား...။

ချမ်း ကို မြင်လိုက်တာနှင့် တွေးလိုက်မိခြင်းသည် ချမ်း နဲ့ သူမ ဘယ်လို ပတ်သက်နေသလဲ ...။

မမသိမ့် က ပြောတော့ အတူတူနေလို့ တင့်တယ်အောင် လက်ထပ်စာချုပ် လုပ်ထားရသည်လို့ ဆိုသည်။ အခြေအနေအရဆိုလျှင် သူမကို သနားစရာ စောင့်ရှောက်ခဲ့သလိုပါ ...။

ဒါ တကယ် ဟုတ်ရဲ့လား ..၊

ရက်တွေ လတွေ ကြာခဲ့တဲ့ထဲမှာ ချမ်း က ကိုယ့်အပေါ်မှာ ဒီလောက်ထိ ရိုးသားခဲ့တယ်ဆိုတာ ..၊





"ဘာလုပ်နေတာလဲ .."

"အမေ့!..."

"ဒေါင် .."

ကိုင်ထားသည့် ထမင်းအုပ်ဆောင်းလေးက လက်ထဲက ပြုတ်ကျကာ နဂိုအုပ်ထားတဲ့အတိုင်းလေး နေသားတကျ ပြန်ဖြစ်သွား၏။

"ကိုချမ်း .."

"မင်း ဘာတွေဖြစ်နေတာလဲ ကောင်မလေး .."

ပခုံးစွန်းနားမှာ ကပ်လျက်ရပ်လိုက်သဖြင့် သူ့ရင်ဘတ်နဲ့ ကောင်မလေးရဲ့ ပခုံးစွန်း ထိသွားသည်။ ငုံ့မိုးလာသည့်မျက်နှာက သူမ မျက်နှာထက်မှာ ..၊

"မင်း တစ်ခုခုကို ထိတ်လန့်နေသလိုပဲ ..၊ ဒါမှမဟုတ် ကိုယ်ထင်ရာ ကိုယ်တွေးပြီး နားလည်သလို ကောက်ချက်ချထားတာ တစ်ခုခု ရှိနေလား ..၊ ဘာဖြစ်ဖြစ် မင်း ဘာလို့ မျိုသိပ်ထားတာလဲ .."

"မဟုတ်ပါဘူး .."

ကောင်မလေး ဖျတ်ခနဲ ငုံ့ပစ်လိုက်သည်။ ပခုံးစွန်းမှာတင်သည့် ဆံနွယ်လေးတွေက ငုံ့ပစ်လိုက်သည့် မျက်နှာလေးကို သူ့ဘက်က ကြည့်ခွင့်မရှိအောင် အလိုက်သင့် အုပ်ကွယ်ပေးသွားကြသည်။

"ကောင်မလေး .."

"ဟင် .."

လက်ဖဝါးကို ထပ်ဆုပ်ပစ်လိုက်တော့ အမှတ်တမဲ့ ပြန်ရုန်းလိုက်မိ၏။ သူ ထပ်ပြီး ဖိဆုပ်ထားလိုက်မှ အလိုက်သင့် နေလိုက်ဖို့ သတိရသည်။

"နင် အရင်ကဆိုရင် ချမ်း လက်မောင်းကိုဖက်ပြီး အော်ငေါက်လည်း မရ ..၊ ဖယ်ချလည်း မရနဲ့လေ ..၊ ချမ်း ဘယ်သွားသွား တကောက်ကောက် လိုက်ချင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..၊ မမက ကိုကြီးကိုပဲ ချစ်တာ၊ ဘယ်သူ ဘာပြောပြော ခေါင်းခါနေတာပဲ၊ ကိုကြီးကို မျက်စိအောက်မှာ မတွေ့တာနဲ့ ရှာတစ်ပတ် ပတ်ပြီ .."

မသိမ့် နဲ့ သုခ တို့ ပြောပြတာတွေကို သတိရပေမယ့် နောက်ကျသွားသည် ထင်၏။ စူးစမ်းသည့် ချမ်း ရဲ့အကြည့်တွေက သူမထံမှာ စူးစိုက်နေဆဲပဲဆိုတာ မျက်နှာ ငုံ့ထားပေမယ့် သိနေ၏။

လုံး၀ ကောင်းနေသည့်အခြေအနေကို အရှုံးနဲ့တူအောင် သူမ ဘယ်လို ဖန်တီးရမလဲ ..။

"မင်း .. တစ်ခုခုကို သတိရနေပြီလို့ ငါ ထင်တယ်၊ မျက်နှာ မော့စမ်းပါ"

ပြောပြောဆိုဆို ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်သဖြင့် မျက်နှာချင်းမဆိုင်ရဲပေမယ့် မရ ..၊ ချမ်း က ကောင်မလေး မျက်နှာလေးကို အနီးကပ် ငုံ့မိုး စိုက်ကြည့်၍ ...

"ပြောလေ .."

"မဟုတ်ဘူး .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လဲ .. ဆက်ပြော .."

"ဘာပြောရမှန်းလဲ မသိဘူး ..၊ ပုံရိပ်တွေ အများကြီးကို မြင်နေတယ်၊ အဲဒါတွေကိုလည်း ရင်းနှီးနေသလိုပဲ ..၊ ဒါပေမယ့် ဘယ်လို စဉ်းစားလို့မှ ပေါ်မလာဘူး .."

ကောင်မလေးကို စိုက်ကြည့်ရင်း သူ နားလည်လာသည်။ ကဘောက်တိကဘောက်ချာတွေ ပြောနေတတ်သည့် ကောင်မလေး အဖြစ်ကနေ သူမ ပြောင်းလဲနေပါပြီ ..။

ဒါဆို သူမက အတိတ်မေ့နေတဲ့လူလို .. နောက်ကြောင်းကို သတိမရနိုင်တာတစ်ခုကလွဲရင် သာမန်လူနဲ့မခြား ပြောဆို သွားလာနေနိုင်ပြီလား ..။





ဒါမှမဟုတ် အဲဒီလို အခြေအနေထက် ပိုမိုကောင်းမွန်နေသော အားလုံးကို တရေးရေး ပြန်မြင်နေရပြီဖြစ်တဲ့ အနေအထားမျိုးမှာလား။

တွေးစရာရှိတာကတော့ ဆိုး၀ါးသည့်ဘက်မှာ တစ်ခုမှ မရှိခဲ့ပါ။ ဒါပေမယ့် သူ မပျော်နိုင်ဘဲ ဖြစ်နေသည်။ ကောင်မလေး ရဲ့ပခုံးလေးတွေကို လွှတ်ပေးလိုက်ပြီး စားပွဲမှာ ခုံဆွဲထိုင်လိုက်ရင်း ...

"ထမင်းစားရအောင် .."

စိတ်ကို တစ်နေရာရောက်အောင် ပို့ဖို့ ကိုယ့်ဘာသာပဲ ကြိုးစားရ၏။

"ကိုချမ်း စားမှာလား .."

"မင်းက မစားဘူးလား .."

"မဆာသေးလို့ပါ"

"ခုနကတော့ ဆာလို့ဆို .."

"အဲ့ .. ဟို .."

စူးခနဲ ကြည့်ပြီးမှ ချမ်း မျက်နှာလွှဲလိုက်သည်။

"ရတယ်လေ .. မင်း မစားသေးဘူးဆိုရင်တော့ ကိုင်မနေပါနဲ့ .. မမသိမ့် .."

"ဟော .. လာပြီ .."

မသိမ့် ချက်ချင်းရောက်လာပြီး နှစ်ယောက်စလုံးရဲ့မျက်နှာတွေကို တစ်ချက်တော့ အကဲခတ်၏။ ပြီးတော့ သူမ ဘာလုပ်ရမယ်ဆိုတာ သိနေသလိုမျိုး ထမင်းဟင်းအိုးတွေနား တန်း၀င်သွားကာ ...

"ကောင်မလေးက စိတ်မကျန်းမာ ဖြစ်နေတာကိုး ..၊ စားချင်သလိုလို မစားချင်သလိုလိုကြီး ဖြစ်နေမှာပေါ့၊ ငါကလည်း မင်း တစ်ယောက်ထဲ ပြန်သွားမယ် ထင်လို့ .."

ပြောနေရင်း အုပ်ဆောင်းကိုလည်း ဖွင့်သည်။ ထမင်းနဲ့ ဟင်း နှစ်မျိုးကို သေချာ ခပ်ထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်လုတ် နှစ်လုတ်လောက် စားကြည့်ပါလား ကောင်မလေးရဲ့ ...၊ စားမိလိုက်မှ ကိုယ့်ကိုယ်ကိုယ် ဆာနေမှန်း သိလာတာတွေ ဖြစ်တတ်တယ် .."

"မစားတော့ဘူး မမသိမ့် ...၊ ကျွန်မ အပြင်မှာပဲ သွားထိုင်နေမယ်နော် .."

ကောင်မလေးက မသိမ့် ကို ပြောတာပေမယ့် ချမ်း ကို ကြည့်လိုက်တာက ခွင့်တောင်းတာမှန်း သိလိုက်သဖြင့် မျက်နှာပုတ်ကြီးချ၍ ဒီတိုင်း ထိုင်နေသည့် ချမ်း မျက်နှာကို မသိမ့် အကဲခတ်ရပြန်၏။

ပြီးတော့ မသိမသာ ပြုံးမိသည်။ ဒီလိုတွေ ရှိလာတတ်မှန်း အစတည်းက သိပြီးသား ...။

"ချမ်း ရယ် .. ကောင်မလေးက လူကောင်းနီးပါး ပြန်ဖြစ်လာတာ ငါတို့က ဝမ်းတောင် သာရဦးမှာကို .."

"ဘယ်သူက ဝမ်းနည်းပါတယ် ပြောနေလို့လဲ .."

"နင့်မျက်ခုံးကြီးနှစ်ဖက်က နှစ်ဆစ် သုံးဆစ်ချိုးပြီး အော်ပြောနေတာ .."

ချမ်း မျက်နှာ အနီရောင်သမ်းသွားပြီး ဟိုဘက်ပိုလှည့်၏။ ပြီးတော့လည်း ဘာမှမပြော ...။

"နင့်ကို တစ်ခု မေးချင်တယ် .."

"မမေးနဲ့ဗျာ .."

"ဟော်တော် .."

"ဘာမှ မဖြေချင်ဘူး"

"ငါ မေးမှာကို သိနေတယ်ပေါ့"

ချမ်း က ဘာမှမဖြေဘဲ ထမင်းကို ဟင်းနဲ့ နှစ်ပတ် သုံးပတ်မွှေပစ်ပြီး ပါသမျှ ခပ်၍ ပါးစပ်ထဲ ထည့်သည်။

စားချင်လို့ စားနေတာနဲ့မတူဘဲ ပန်းကန်ထဲက ထမင်းတွေနဲ့





တိုက်ခိုက် သတ်ပုတ်နေတဲ့အတိုင်း ...။

"ချမ်း ရယ် .. ချစ်နေတယ်ဆိုရင်လည်း .."

"မသိမ့် ဗျာ .. မပြောပါနဲ့ဆိုမှ .."

"ငါတို့နှစ်ယောက်တည်း ပြောတာပဲ ဘာဖြစ်လဲ ...၊ ဒီလောက်လက်ပွန်းတတီးကြီး နေခဲ့ကြတာ၊ ကောင်မလေးကရော ဘယ်လောက်ချစ်စရာကောင်းလိုက်လဲ ...၊ ချစ်ရင် ချစ်တယ် ပြောလိုက်ပေါ့၊ သူလုံးဝ ပြန်ကောင်းသွားမှ ဆိုရင် .."

"ကျွန်တော်က လူယုတ်မာ .. အခွင့်အရေးသမား အဖြစ်ခံပြီးတော့လား .."

"အခွင့်အရေးသမားဆိုရင် ကိုယ့်လက်ထဲ ရောက်လာတည်းက နုပ်နုပ်စဉ်းပြီး ဝါးစားပြီးသား ဖြစ်နေပြီပေါ့၊ အခု နင်တို့က လက်လည်း ထပ်ပြီးသား ...၊ ဖွင့်ပြောပြီးတာနဲ့ ပေါင်းသင်း .."

"တော်ပြီ .. တော်ပြီ .."

သူ စားလက်စနှင့် ဇွန်းကိုချ၍ ပါးစပ်သုတ်သည်။ မသိမ့် က ရေခွက်ကို ရှေ့တိုးပေး၍ ...

"ကောင်မလေးက အိမ်ထောင်သည် ဘယ်လိုမှ မဟုတ်နိုင်တာ သေချာတယ်"

ပြောဖို့ရှိတာကို မရမက ဇွတ်တိုးပြောရင်း ချမ်း ထရပ်လိုက်တော့ လက်ကို ပြန်ဆွဲထားကာ ...

"နေပါဦး .. ငါပြောတာ ဆုံးအောင် နားထောင်ဦး၊ အပျိုလူပျိုချင်း ချစ်ကြညားကြတာ ဘာမှ မဆန်းပါဘူး၊ သူ ပြန်ကောင်းသွားတဲ့အခါ ဆင်းရဲတာ ချမ်းသာတာတွေ ပေါ်လာရင်လည်း ဘာဖြစ်လဲ...၊ အခု နင့်မှာ အလုပ်နဲ့အကိုင်နဲ့ ...၊ ဒီအိမ်က ငှားထားတယ်ဆိုပေမယ့် ရန်ကုန်မြို့မှာ အိမ်ပိုင် အိမ်ငှား ဘာမှ သိပ်မကွာပါဘူးဟယ် ...၊ အိမ်က တင့်တောင်းတင့်တယ် နေနိုင်ဖို့ပဲ၊ ငါက နင်တို့ကို တဲ့ဘယ့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်သည်တွေလို အတည်အကျ ဖြစ်သွားစေချင်လို့ပါ၊ ငါလည်း ဒီမှာ တစ်ရက် နှစ်ရက်လောက်ပဲ နေနိုင်တော့မှာလေ ..၊ ကိုယ့်မောင်လေးကို ခင်လို့ အကြံပေးတာကို နားထောင်စမ်းပါ ချမ်း ရယ် ..”

ချမ်း က မျက်နှာကြီး တင်းနေဆဲနှင့် ဟိုလှဲ့ဒီလှဲ့ ..။

“နင်တို့ ဘာမှမဟုတ်ကြဘဲ သုံးယောက်ပူးကြီး ဒီတိုင်း ကျန်ခဲ့ကြရင် ငါ ပြန်ရမှာ ဘယ်လိုလုပ် စိတ်ဖြောင့်မှာလဲ ..၊ နောက်ပြီး နင်က စိတ်က လက်တစ်ဆစ်ရယ် ..”

“ထားလိုက်ပါ ..၊ သူ့အိမ်ကို သူ သတိရတဲ့နေ့ ပြန်လိုက်ပို့ပေးရုံပဲ ..”

“ဟုတ်ရဲ့လား ချမ်း ရယ် .. နင်ပြောတာနဲ့ နင့်မျက်နှာကြီးက တစ်ထပ်တည်း မကျပါလား ..”

ချမ်း က တည်ငြိမ်ဖို့ ကြိုးစားထားတဲ့ မျက်နှာနှင့် တည့်တည့် ပြန်လှည့်ရပ်လိုက်ရင်း ...

“သူ့သဘောမပါဘဲ ဘာတစ်ခုမှ မလိုချင်ဘူး ..”

ဒါဆို ချစ်တော့ ချစ်နေတယ်ပေါ့ ..။

မသိမ့် မျက်ခုံးတွေ ပင့်သွားရင်း စိတ်မကောင်းဖြစ်မိလေသည်။ ကောင်မလေး ကတော့ ကျော်ခိုင်းထွက်ခဲ့တာနှင့် မွန်းကျပ်မှုတွေထဲကနေ လွတ်မြောက်ခဲ့သလိုပါ ..။

ချမ်း ရဲ့ မေးခွန်းတွေနဲ့ စူးရဲသည့် မျက်လုံးအစုံကို ဘာဖြစ်လို့ ရင်ဆိုင်မရဲခဲ့မှန်း မသိ ..။ ခြေလှမ်းတွေက စားပွဲနားဆီ ရောက်လာသည်နှင့် ဖုန်းကို မြင်လိုက်တော့ စိတ်ထဲမှာ နံပါတ်တွေ အစီအရီ ပေါ်လာ၏။ ဟုတ်သည် ..၊ ဒီနံပါတ်တွေကို သူမ မှတ်မိနေသည်။

ခြေတစ်လှမ်း ရှေ့ထပ်တိုး၍ ချမ်း ရဲ့ဖုန်းကို ယူဖွင့်လိုက်မိသည်။ ဘယ်ကိုရောက်သွားမည့်နံပါတ်မှန်း မသိသော်လည်း မှတ်မိနေတည်းက ကိုယ်နဲ့ သက်ဆိုင်နေလို့ပဲလို့ ယုံကြည်ပြီး ခေါ်လိုက်၏။





'တစ်ဆင်ထားခြင်း မရှိသေးပါ'လို့ ပြန်ဖြေသံကြားလိုက်ရလျှင် ဘာမှားနေသလဲဆိုတာ စဉ်းစားရပြန်သည်။ ခေါင်းတွေ ပူထူလာတော့ နံပါတ်ပြင်ဆင်ပြီးခေါ်တာ သုံးခါမြောက် ..၊

“ဟလို ..”

“ဟုတ်ကဲ့ .. 'ပန်းဒဏ္ဍာရီ'စံအိမ်ကပါလားရှင် ..”

နှုတ်ခမ်းနဲ့ ဖုန်းကို ကပ်ထားပြီး လက်တွေနဲ့ပါ **ကာထားရသေး**သည်။ အပြင်က မကြားရအောင် ကာထားတာပေမယ့် **ဖုန်းထဲမှာ**လည်း ကြည်လင်ပုံ မပေါ် ..။

“ဟလို .. ဟလို .. ပြောပါ ..”

တစ်ဖက်က ကိုင်ထားတာ အဘွားလား ..၊ ဒါမှမဟုတ် **အန်တီ**ကြည် လား ..၊

တစ်ယောက်ယောက်မှလွဲ၍ မဖြစ်နိုင်တာကို တွက်မိသဖြင့် ...

“ဟလို .. ပန်းဒဏ္ဍာရီ က ဟုတ်ပါသလားရှင် ..”

“ဩော် .. ဘာတွေ ပြောနေတာလဲ မသိဘူး ..၊ ပန်းဒဏ္ဍာရီလို့ ပြောနေတာလား .. ဘာလား ..၊ ပန်းတွေ ရီတွေချည်း ပြောနေသလိုပဲ၊ ဟဲ့ .. မြေးလေးကို ခေါ်လိုက်စမ်း ..၊ မိန်းကလေးသံဆိုတော့ မြေးသူငယ်ချင်း ထင်တယ် ..”

“ရီလေး ရေ .. ကလေးရဲ့ဖုန်း ထင်တယ်၊ မမကြီး ခေါ်နေတယ်ကွယ့် ..”

ရီလေး ဆိုပါလား ..၊ ကြားထဲကတစ်ဆင့် လှမ်းခေါ်ပေးနေတဲ့ ယောက်ျားကြီးအသံက ဘယ်သူလဲ ..။

ဖုန်းကိုင်ထားရင်း ကောင်မလေး ငေးငိုင်သွားခဲ့၏။ 'ဒဏ္ဍာရီ' စံအိမ်က ဖုန်းဆိုတာ သေချာသွားသော်လည်း ...

“ဟလို .. ဘယ်သူလဲ ..”

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွား၏။ ဒီအသံကို သူမ ရင်းနှီးသည်။ သိကို သိနေတာ ဖြစ်၏။

သူမက ...

"ဟလို .. ဘာလဲ .. ဘာမှလည်း မပြောဘူး၊ ကြောင်လိုက်တာ.. ဒီမှာ အလုပ်ရှုပ်နေပါတယ်ဆိုမှ .. ဘွားတို့ကလည်း ဖုန်းလာတိုင်း မကိုင်နဲ့တော့ .."

ဖုန်းကို ငွက်ခနဲ မြည်အောင် ချသွားသည်။ ဟိုဘက်မှာ ဘာမှ မရှင်းလင်းဘူးဆိုသော်လည်း အဲဒီကအသံတွေအားလုံးကို အနီးအဝေး အလိုက် ဒီတိုင်း ပြတ်သားစွာ ကြားနေရသဖြင့် ကောင်မလေး ကတော့ နားလည်သွားပြီ ဖြစ်သည်။

"ဆွိတီ .."

နှုတ်မှ ဖွဖွခေါ်ရင်း ဖုန်းကို ပြန်ချထားလိုက်၏။ ဒါပေမယ့် ချက်ချင်း ပြန်ကောက်ယူကာ ခေါ်ထားသည့်နံပါတ်ကို ပြန်ဖျက်ပစ်လိုက်သည်။ လက်တို့က အားအင်ချိနဲ့သလို ကတုန်ကယင် လှုပ်ခါနေခဲ့ပြီး မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့၏။

နင် ကျေနပ်နေပြီပေါ့ ဆွိတီ ...၊

'လွယ်ရင် သူကြွယ်တောင် မနေဘူး' လို့ နင် ငါ့ကို သတိပေးခဲ့သားနဲ့နော် ...။

ဖုန်းကို အသာလေး ပြန်ချထားလိုက်ရင်း မချိတရိ ပြုံးလိုက်မိ၏။ တုန်ယင်နေသည့် နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားမိကာ စိတ်ထဲမှာ တိုးတိတ်စွာ ရေရွတ်မိသည်။

နင် ပျော်ဖို့အတွက် ငါ ငိုနေပါ့မယ် ဆွိတီ ...၊





## အခန်း (၄၃)

"အရင်းမဟုတ်ဘူး ဆိုပေမယ့် တူမတော်နေသေးတယ်ဆိုတော့ လေးလေးကို သူ့အကြောင်းတွေ ပြောပြနေရတာ အားနာသလိုပဲ"

"ဟွန်း .."

ဦးသက်ထွန်း က ဝီစကီ ထပ်ဖြည့်ပြီး ခပ်သဲ့သဲ့ရယ်သည်။

"ငါ ဘာတွေလုပ်ထားခဲ့တယ်ဆိုတာတောင် မင်း သိနေပြီပဲ ဆွိတီ .."

"ရိုလေး လို့ပဲ ဆက်ခေါ်ရမှာလေ .."

"မင်းက ငါ့ရင်ခွင်ထဲမှာ နေချင်ပြီးတော့ ရိုလေး ဖြစ်ချင်နေတာလား"

"ဒါပေမယ့် ရိုလေး ဖြစ်နေမှ မွေးနေ့မှာ အမွေတွေ အကုန်ရမှာလေ ...၊ ယောင်ရမ်းပြီး ဆွိတီ လို့ ပြောမိသွားရင် ခက်ကုန်မှာပေါ့"

"ယောင်တတ်တဲ့အကျင့် ငါ့မှာ မရှိဘူး"

ဦးသက်ထွန်း မျက်နှာမှာ ချဉ်တူးသည့်အပြုံးတွေ ဖြစ်သွားလိုက်၊ နာကြည်းသည့်မဲ့ပြုံးတွေ ဖြစ်နေလိုက်နှင့် မသိသာစေသည့်ပြောင်းလဲခြင်းတွေ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုပဲ တမော့မော့ လိုက်ကြည့်နေသည့် ရီလေး အတွက် နူးညံ့ကြည်လင်သည့် နှစ်လိုဖွယ်အပြုံးဆိုတာ ဘယ်လောက်ထိ ကြာရှည်စွာ ဖြစ်သွားခဲ့သလဲ ..။

"လေးလေးထွန်း ဘာတွေ ဖြစ်နေတာလဲဟင် ..၊ ခုချိန်မှာ အရမ်းပျော်နေရမှာ မဟုတ်ဘူးလား .."

"ဘာပျော်စရာရှိလို့လဲ .."

ဦးသက်ထွန်း က ကုလားထိုင်ကျောမှီမှာ ကိုယ်တစောင်း စောင့်မတ်စွာ ကပ်ထားရင်း စားပွဲပေါ်ကို လက်ဆန့်တင်ထား၏။ ပြီးတော့ ထိုလက်မှာပဲ ဖန်ခွက်ကို ကိုင်ထားကာ-မျက်တောင်ဖျားတို့ မှေးစင်း၍ ဖန်ခွက်ကို စိုက်ကြည့်နေတာ အကြာကြီး ..။

စားပွဲဝိုင်းလေးမှာ နှစ်ယောက်အတူ ရှိနေကြပေမယ့် ဒီအမူအရာ..၊ ဒီလို ထူးခြားမှုတွေကိုပဲ ခိုးကြည့် စွဲလမ်းနေရတာက သူမပဲ ဖြစ်သည်။

လေးလေးထွန်း ကတော့ သူမအပေါ်မှာ အေးစက်မှုတွေ မပြယ့်တပြယ်နှင့်သာ ရှိလျက် ..၊ သူ အချိန်ပြည့် တွေးနေတဲ့အကြောင်းတွေက ဘာတွေလဲ ..။

"လေးလေးထွန်း ရင်ထဲမှာ ဘာတွေ ဒီလောက်တောင် အုံ့ဖွဲ့နေတာလဲဟင် ..၊ အခု မီးနဲ့ လေးလေးထွန်း ပူးပေါင်းလိုက်ပြီ၊ ပြီးခဲ့တဲ့ ပြဿနာတွေကို ဖော်မယ့်လူ မရှိခဲ့သလို ရီလေး ကိုလည်း လုပ်ကြံဖို့ မလိုတော့ဘူးလေ ..၊ မီးတို့ လက်ထပ်ဖို့ပဲ စဉ်းစားရမှာ၊ ဒီမှာလက်ထပ်ပြီးမှ မလေးကို သွားကြမလား ..၊ ဟိုရောက်မှပဲ .."

"ဆွိတီ .."

"ဟင် .."

"ငါ့ကို စီစဉ်တာ .. ပွဲကိုင်တာ .. ငါ အမုန်းဆုံးပဲ"

"မဟုတ်ဘူးလေ .. လေးလေးထွန်း က .."





"ငါ ဘာဖြစ်နေနေ ငါ့စိတ်ကူးတွေကို ငါ နားလည်ဖို့ပဲ လိုတာ။ မင်းနဲ့ငါ လက်ထပ်ပြီးရင်လည်း ထိုက်သင့်တဲ့အခွင့်အရေး မင်း ရမယ်၊ ငါ မပေးနိုင်တာကို ဘာမှ လောဘမတက်နဲ့ .."

ရီလေး မျက်နှာပျက်သွားသည်။ ဒါကို ဦးသက်ထွန်း က စိုက်ကြည့်၍ နေရာမှ ဖြည်းလေးစွာ ထရပ်၏။

"ရီလေး ကို မင်း ဘယ်လို ရှင်းပစ်ခဲ့သလဲ ..၊ ငါ့ကို မပြောသေးဘူး"

"သူ့ကို ခေါင်းရိုက်ခွဲပြီး ရေထဲ မျှောပစ်လိုက်တယ် .."

ဖြေရင်းနဲ့ ရီလေး က သူ့ဘေးထိ ထလျှောက်လာသည်။ ပြီးတော့ သူ့ခါးကို ဘေးတိုက်ကနေပြီး သိုင်းဖက်ထားလိုက်ကာ ...

"လေးလေးက အရမ်းကို မာကျောတာပဲနော်"

"ဘာလဲ .."

"မီးကို ဆက်ဆံပုံပေါ့ ..၊ တကယ်ဆို မီးက လေးလေးထွန်း ကိုပဲ ညာတာ .."

"အဟွန်း .."

ဦးသက်ထွန်း က အသံထွက်အောင် ရယ်လိုက်ပြီး ဖက်ထားသည့် သူမကို ပြန်ငုံ့ကြည့်၏။

"မမကြည် ကို ငါ သတ်ခဲ့တဲ့ လျှို့ဝှက်ချက်နဲ့ အခု မင်းက ပူးပေါင်းလို့သာ ငါ ချမ်းသာရခဲ့တယ်ဆိုပြီးတော့လား ..၊ ဟား .. ဟား .. တကယ်ပဲ ဆွိတီ .. မင်းကို ငါ ဒီ့ထက် အများကြီး အထင်ကြီးခဲ့တာ .."

"ဘယ်လို!..."

ရီလေး က ပစ်ကပ်မှီရင်း ဖက်ထားသည့် လက်တွေကို ဖြည်းဖြည်း လွှတ်လိုက်ပြီး မျက်နှာလေး တည်သွားကာ ...

"လေးလေးထွန်း က ဘာကို ပြောတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်းတော့ စာနာ ကူညီတတ်သူကြီးပေါ့၊ ဒါပေမယ့် မင်းဘက်မှာ ရှေ့ဆက်တိုးဖို့ မလွယ်တဲ့အကြောင်းတွေ ရှိနေတာကို သိနေတဲ့အတွက် .. ကျေးဇူးတင်ဖို့ကတော့ .."

"မတင်ပါနဲ့ .. မီးကလည်း လေးလေးဆီက လိုချင်တာ ကျေးဇူးတင်ခြင်းတွေမှ မဟုတ်ဘဲ ..၊ အသက်အရွယ်ကွာပေမယ့် လေးလေးကို မြင်ကတည်းက မီး ရင်ခုန်ခဲ့တာ၊ ဒီအရွယ်ထိ အချစ်ရေးရာကို ဘေးချိတ်ပြီး ဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်းပဲ ရှေ့ရှုခဲ့တာ.."

"လျှို့ဝှက်ကောက်ကျစ်စွာ ကြိုးစား ကြံစည်နေတဲ့လူလို့တော့ မမြင်ဘူးလား .."

"မမြင်ပါဘူး ...၊ မီးက လေးလေးကို စိတ်ထဲကမပါတဲ့ စကားတွေ ပြောနေတယ် ထင်လို့လား ...၊ လေးလေးလောက် မဟုတ်ရင်တောင် မီးကိုယ်တိုင်က လေးလေးလို စိတ်ဓာတ်မျိုးရှိတဲ့သူပါ၊ နောက်ပြီး ခုနကပြောသလိုပဲ မီးမှာ အပြစ်ရှိခဲ့တာ မီး သိတယ် .."

'သိရမှာပေါ့'ဆိုသည့် အကြည့်တစ်ချက်နှင့် ဦးသက်ထွန်း က ရယ်သည်။ နှစ်လိုနူးညံ့ခြင်း တစ်ခါမှ မရှိခဲ့သော နှုတ်ခမ်းအစုံကို ရီလေး က စိုက်ကြည့်၍ ...

"မီးကို လေးလေးထွန်း စိတ်မဝင်စားဘူးဆိုတာလည်း သိတယ်"

"မင်းလို ပြောစရာမရှိအောင် လှတဲ့ နုနုငယ်ငယ် မိန်းကလေးတစ်ယောက်ကို သဘောမကျဘူးဆိုရင် ငါးကြော်မကြိုက်တဲ့ ကြောင်မိုက် ဖြစ်သွားမှာပေါ့ ဆွိတီ ...၊ ဒါပေမယ့် ငါ အစတည်းက သာယာမှုတွေနောက်ကို လိုက်ခဲ့တာ မဟုတ်ဘူး၊ မိန်းမတို့ နုနုငယ်ငယ် ကြီးတာရင့်တာ ဘာဖြစ်ဖြစ် .. မိန်းမတစ်ယောက်အဖြစ်ထက် ပိုမမြင်ဘူး၊ ငါ လိုချင်တာက ငါရှိနေတဲ့အရပ်မှာ ငါသာ အချမ်းသာဆုံး ...၊ ငါသာဘုရင် ဖြစ်ချင်တယ်၊ ငါလုပ်နေသမျှ လုပ်ငန်းတိုင်း ထိပ်ဆုံးက ပြေးနေပေမယ့် နောက်ဆုံးတစ်ခုက ငါ့လက်နဲ့သာ သူများကို သေစေရှင်စေ





ဖြစ်စေရမယ် ...၊ သူများလက်နဲ့ ငါ မသေရဘူး"

အတ္တတွေနဲ့ အဆိပ်ဖုံးနေသလို အရက်ရှိန်နှင့် မျက်နှာက ပိုပိုပြီး နီလာသည်။ တည်ငြိမ်နေရာကနေ တင်းမာလာခဲ့၏။

"မင်းနဲ့ငါ စကားပြောရင် .. နားလည်မှုတွေပဲ ပြောကြမှဖြစ်မယ်၊ သူ သာတယ် .. ကိုယ် နာတယ် မနိုင်းယှဉ်ကြေး .."

"မီးက မနိုင်းပါဘူး ...၊ လေးလေးထွန်း ကသာ မီး ပြောသမျှကို အဓိပ္ပာယ် တလွဲကောက်နေတာ၊ ဒီပြဿနာတွေနဲ့မဆိုင်ဘဲ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ပေါ်မှာ အနိုင်ယူ ဆိုးနွဲ့ချင်တဲ့ ရှုထောင့်တစ်ခုပဲ မီးဘက်က .."

"ရပြီ .."

ဦးသက်ထွန်း က နားနေခန်းလေးဘက်ကို ကူးသွားကာ လည်စည်းကို လက်တစ်ဖက်တည်းနဲ့ ဖြုတ်နေရင်း ...

"မင်းတို့ ဖြစ်ပျက်ခဲ့တာတွေ ခရေစေ့တွင်းကျ ငါ သိချင်တယ် ဆွိတီ .."

ရီလေး က ဆွိတီ လို့ ဦးသက်ထွန်း ခေါ်လိုက်တိုင်း ရင်ခုံနေပေမယ့် ဘာမှမပြောဘဲ မျိုသိပ်၍ ...

"အဲဒါတွေကို ဘယ်လို ပြောရမှန်းတောင် မသိဘူး၊ လူတစ်ယောက်ဟာ အကောင်းလာခါနီးရင် အဆိုးတွေ နင်းကန် ကြုံတွေ့ရတတ်တယ်ဆိုတာ မှန်တာလား၊ ဒါမှမဟုတ် တစ်ယောက် ကောင်းစားချိန်တန်လို့ တစ်ယောက်က ပျက်စီးခဲ့ရတာလား .. ဘာမှန်း မသိခင်ပဲ ရီလေး နဲ့ မီးတို့ မရည်ရွယ်တဲ့ ခရီးတစ်ခုကို သွားဖြစ်ခဲ့ကြတယ်"

"ဒီကို အတူတူလာတာလား .."

ဦးသက်ထွန်း က ရှပ်အင်္ကျီလက်ရှည်ကိုပါ ချွတ်၍ ချိတ်မှာ သေချာချိတ်သည်။ အတွင်းခံ စွပ်ကျယ်ချိုင်းပြတ်အဖြူလေးနှင့် ကျယ်ပြန့်သည့်ရင်ပြင်ကျယ်ကို ဖွင့်လှစ်ထားသလို ရီလေး ဘေးမှာ ထိကပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်၏။

"သူ့အဖေက အလုပ်ဖြုတ်လိုက်တာကို သူ့သမီးက သနားပြီး မြန်မာပြည်ကို ပြန်ခေါ်လာတာပေါ့၊ ဘယ်ရေထဲမှာ ဆွဲနှစ်ခဲ့တာလဲ.."

"ပြောမှာပေါ့ လေးလေးကလည်း ..၊ ညတုန်းက ပြောပြီးတဲ့နားကနေ အစဉ်လိုက် ဆက်ပြောပြမယ် .."

ရီလေး က ဦးသက်ထွန်း ဘက်ကို တည့်တည့်လှည့်ရပ်ကာ ...

"မီး ဒီမှာ အကြာကြီးနေရင် ဘွားတို့ သံသယဖြစ်မလား မသိဘူး"

"အလုပ်တစ်ခု လုပ်နေရင် နောက်တစ်ခုအတွက် စိုးရိမ်ကြောင့်ကြစိတ် မချန်ရဘူး၊ ဆက်ပြော .."

သူ ပြောလိုက်မှ မီးက ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။

ဒါက လေးလေးထွန်း ရဲ့ ဘေးတွဲအဆောင်တစ်ခု သပ်သပ်ဖြစ်သည်။ သူမ သရုပ်ဆောင် ပီပြင်ထားလို့လည်း နေ့လယ်ခင်းကြီးမှာ လေးလေးထွန်း ရဲ့အခန်းထဲ သူမ ရောက်နေမယ်လို့ ဘယ်သူမှ သံသယရှိကြမှာ မဟုတ် ..။ ထို့ကြောင့် ...

"ရီလေး က ငယ်ငယ်ကလည်း သူငယ်ချင်းဖြစ်ဖူးတယ်၊ နိုင်ငံခြားမှာလည်း တစ်နှစ်နီးပါးလောက် နေ့ည အတူတူ နေလာရတော့ သူ့ရဲ့စိတ် .. သူ့ရဲ့အိမ်တွင်းရေး အားလုံးကို မီး မသိတာ မရှိသလောက်ပဲ၊ နောက်ဆုံး သူငယ်ငယ်က ဘွား ပြောပြတတ်တဲ့ ပုံပြင်လေးတွေက အစပေါ့ .."

"သူ့အဖေက မင်းကို ဘာပြစ်ချက်နဲ့ အလုပ်ထုတ်ခဲ့တာလဲ ..၊ အိမ်မှာ သူ့သမီးနဲ့အတူ ပြန်နေဖြစ်သွားတာကရော ဘာအခွင့်ရေးတွေနဲ့လဲ .."

ကိုယ် နစ်နာနိုင်မယ့် အကြောင်းတချို့ကိုတော့ ချန်လှပ်ထားတာမို့ ရီလေး အဖြစ် ဟန်ဆောင်နေခဲ့သလိုမျိုး .. မျက်နှာမပျက်အောင် ပေါ့ပါးစွာပဲ ဖုံးကွယ်ပစ်နိုင်ခဲ့၏။





လေးလေးထွန်း ရဲ့ မျက်လုံးတွေကတော့ ရင်ဆိုင်မကြည့်ဖြစ်အောင် ရှောင်၍ ...

"မစားကောင်းတဲ့အသီးမှန်း သိလို့ ဖြစ်မှာပေါ့၊ သူ့သမီးရဲ့ သူငယ်ချင်းဆိုတာ သိလိုက်တာနဲ့ အကြောင်းတွေ ရှာဖွေ စုဆောင်းပြီး ထုတ်ပစ်လိုက်တာ .."

တကယ်တော့ စားသောက်ဝါးမျိုပြီးမှ အယူသာရှိပြီး အပေးမရှိသည့် လက်မျိုး ..။

'လူလည် လူယုတ်မာကြီး' လို့ စိတ်ထဲက ကျိန်ဆဲမိရင်း အချောကြမ်း ရက်စက်တတ်သည့် လေသံချင်းတော့ တစ်ထပ်တည်း ပါလားလို့ တွေးမိလိုက်၏။

ထို့ကြောင့် လေးလေးထွန်း မျက်နှာကို ပြန်မော့ကြည့်၍ မချိုတရိ ပြုံးမိသည်။

"ဒါပေမယ့် ရီလေး စကားတစ်ခွန်းပဲလေ ..၊ မီးက အတတ်ကောင်းတစ်ခုကို ဘယ် လက်လွှတ်ခံပါ့မလဲ၊ အဲဒီလို ရှေ့မျက်နှာနောက်ထားပြီး ခိုကပ်နေခဲ့ရပေမယ့် မီးလည်း နာကြည်းတတ်တာပဲ၊ ရှက်လည်း ရှက်တတ်တယ်၊ ရီလေး က စိတ်ပျော့တော့ မီးအတွက် သိပ်တော့ မခက်ပါဘူး .. အကယ်ဒမီအက်တင်လေး နည်းနည်းပဲ သုံးလိုက်ရတယ် ..၊ သူ့မြန်မယ့်ခရီးမှာ အတူလိုက်ခဲ့လို့ ခေါ်တာပဲ"

"သူ မင်းအပေါ်မှာ ကောင်းနေသားနဲ့ အစိမ်းဆက်ဆက်ကြီး သတ်ရဲတာ မင်းကို အထင်ကြီးရတော့မယ် ထင်တယ် .."

ပြောရင်း ဦးသက်ထွန်း က ရီလေး ခါးလေးကို ဆတ်ခနဲ ဆွဲဖက်ကာ ခုတင်ပေါ်မှာ အတူတူ လှဲချလိုက်ပြီးမှ ...

"ဆက်ပြော .."

လန့်သွားသည့် မျက်နှာလေးနှင့် ပြန်ဖက်ထားပြီးမှ မီး ရယ်သံလေး ထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးထွန်း ကရော ရန်သူကို သတ်ခဲ့တာလား .. ပြောပါဦး၊ မီးကို တစ်ဖက်လှည့်နဲ့ ကဲ့ရဲ့နေတာတော့ မဟုတ်ပါဘူးနော် .."

"လက်ထပ်ပြီး ဟိုဘက်ကို အတူတူ လစ်ထွက်ကြဖို့ထိ ရည်ရွယ်ထားတာကို .. အချင်းချင်း ကဲ့ရဲ့ပြီး ဘာလုပ်ရမှာလဲကွာ .."

"တော်သေးတာပေါ့ ..၊ မီးလည်း အန်ကယ်လ် ဦးရန်နိုင် ရင့်ရင့်သီးသီး အရှက်ခွဲ မောင်းထုတ်တာကို ခံထားရတာ ကျေနပ်ပါ့မလား၊ ရီလေး မှာ အပြစ်မရှိပေမယ့် သူ့အဖေအတွက် သူ ပေးဆပ်ရမှာပေါ့၊ သူနဲ့အတူတူ ခရီးသွားရတော့မယ်ဆိုတည်းက ကိုယ် စီရင်တဲ့အတိုင်း အဆုံးသတ်ရတော့မယ့် ယုန်လေးတစ်ကောင် ကိုယ့်ရှေ့မှာ ပုဝပ်လည်စင်းပေးနေသလို ရီလေး ကိုပဲ သားကောင်အဖြစ် သတ်မှတ်လိုက်တာ .."

"တော်တယ် .."

ဦးသက်ထွန်း တစ်ခါချီးမွမ်းတိုင်း စိတ်ထဲမှာ မလုံမလဲကြီး ဖြစ်သွားတတ်တာ ကိုယ့်ကိုယ်ကိုယ်တောင် ဒေါသဖြစ်လာမိသည်။

ရင့်သီးတဲ့စကားတွေနဲ့ ဖဲ့ရွဲ့ ကဲ့ရဲ့နေလျှင် ပြုံးနေနိုင်သေးသည်။ ကောင်းတာ ပြောလာပြီဆို 'ဟုတ်ရဲ့လား' လို့ ပြန်မော့ကြည့်မိ၏။

ဒါက သူ့တူမ တစ်ယောက်လုံးကို သတ်ခဲ့မိသည့် လိပ်ပြာမလုံခြင်းပဲ ဖြစ်လိမ့်မည်။ စိတ်ထဲမှာ ဖြစ်လာသမျှကို ရီလေး ပြန်လည်မျှသိပ်၍ ...

"တစ်လမ်းလုံး ကိုယ့်ဒေါသပြေအောင် ဘာလုပ်မလဲပဲ စဉ်းစားနေခဲ့တာ ..၊ ပြီးတော့ စိန်ထုပ် ရွှေထုပ်ကြီးက ကိုယ့်ရင်ခွင်ထဲ ရောက်နေတာလေ ..၊ မီး အဲဒါကို လိုချင်တာ .."

"မင်းရဲ့ အစီအစဉ်တွေက ကြိုတင် ရှိနှင့်ခဲ့တာတွေပါလား ..၊ ညက ပြောပြသလောက်မှာ သူ့ကို သတ်လိုက်ပြီးမှ မင်း ဒီကို ဝင်နေလိုက်ဖို့ ဆုံးဖြတ်ခဲ့တာလိုလို .."





"စိတ်ကူးတွေနဲ့ လုံးထွေးနေခဲ့တာလေ .. မီးက မိန်းကလေးပဲ၊ တမင် သေကြောင်းကြံစည်တာမျိုးတော့ ဘယ်လုပ်ရဲမလဲ ..၊ အဖြစ်အပျက်တွေက သူ့အလိုလို ကိုယ့်အတွက် ဖြစ်လာတာ၊ 'အချိုရှာ သကာတွေ့' ဆိုတာမျိုးပေါ့"

"ပြောပါဦး စာတ်ရှိန်တက်နေပြီ .."

"ရီလေး ကို အန်ကယ်လ် ခေါ်ထုတ်လာပြီးတည်းက 'အလ္လာရီ' နဲ့ အဆက်အသွယ်ပြတ်သလို ဖြစ်သွားခဲ့တာတွေ ..၊ ရီလေး တို့ မြင်ရင် မှတ်မိဖို့ သိပ်မရှိတာတွေ .. အဲဒါတွေ ရီလေး ကပဲ ကြည်နူးစရာတစ်ခုလို ပြောပြောနေခဲ့တာ ..၊ ဟိုရောက်သွားရင် ဘွားကို ဘယ်လို မေးပြီး ပဟေဠိလုပ်မယ် .. ဘယ်လို အံ့သြသွားအောင် လုပ်မယ် ဘာညာပေါ့၊ အဲ့ဒါကြောင့် ရန်ကုန်လေဆိပ်ရောက်တဲ့အထိ ဖုန်းမဆက်ဖြစ်တာလေ၊ မီးက အဲဒီအချိန်ထိ စိတ်ကူးကောင်း မထွက်သေးတာနဲ့ နင်လည်း နေမကောင်းဘူး၊ ငါလည်း ဒီအဖြစ်ဆိုးနဲ့တော့ အိမ်မပြန်ချင်သေးဘူးဆိုပြီး ရွှေစက်တော်ဘုရားကို ဘုရားဖူး လှည့်ခေါ်သွားခဲ့တာ .."

"ရွှေစက်တော် .."

"အင်း .."

"ရီလေး က သိပ်နေမကောင်းဘူးဆိုပြီးတော့ လိုက်တာပဲလား.. အဝေးကြီးကို .."

"သူက ခရီးပန်းလို့ နွမ်းလျသွားတာပါ၊ သိပ်မကျန်းမာတာမျိုးမှ မဟုတ်ဘဲ၊ ရီလေး က အရမ်းနုတာ .. ပင်ပန်းရင်လည်း ဖျားတယ်၊ ထိခိုက် ခံစားရလွန်းရင်လည်း ခွေကျသွားတာပဲ၊ သူ ခွေလဲသွားရတာတော့ မီးကြောင့်ပေါ့၊ သူ့အဖေ ရက်စက်တာတွေ သာသာထိုးထိုးလေး ပြောထားလိုက်တော့ သူ ရှက်ပြီး ဖအေကိုလည်း အတိုက်အခံ လုပ်တယ် ..၊ မီးဘက်ကပဲ ရပ်တည်ပေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .. နည်းသေးတယ် .. ခံရတာ"

"လေးလေးထွန်း က ရီလေး ဘက်က ခံပြင်းသွားတာလား"

"စိတ်ပျက်တာ ..၊ ညှံ့တဲ့လူတွေကို ငါ လုံးဝ အထင်မကြီးဘူး"

"မီးရော .. တော်ရဲ့လားဟင် .."

"လိုပါသေးတယ် .."

"အဟွန်း .. လိုပါစေ ..၊ မီးက လေးလေးထွန်း ရဲ့ဘေးမှာ လေးလေးထွန်း စိတ်ကြိုက် အဖော်စလေးတစ်စ .. ဒါမှမဟုတ် ကြိုးခွေလေးတစ်ခွေလို အပုံလိုက် ချထားခဲ့တဲ့အတိုင်း ရှိနေပေးခွင့်ရရင် ကျေနပ်နိုင်တယ်၊ ဒီအမွေတွေကို လောလောဆယ် လွှဲပြောင်းယူခဲ့နိုင်ရင်တောင် .."

"ပေးတာပဲဆိုပြီး .. လက်ထဲကို အလွယ်တကူ ရောက်လာမယ်လို့ မင်း ထင်နေလား ဆွိတီ ..၊ အခု လွှဲပြောင်းပေးတယ်ဆိုပေမယ့် မင်းလက်ထဲ ရောက်လာဖို့ အများကြီး ကြိုးစားရဦးမှာ .."

"မထင်ပါဘူး .. မီးအတွက် အမှီသဟဲ လိုတယ်လို့ ပြောနေတာပဲလေ၊ အဲဒါကြောင့် ယုံကြည်စိတ်ချပြီး မီး နှစ်သက်မြတ်နိုးနိုင်မယ့် လူကိုပဲ .. ကိုယ့်ရဲ့သိက္ခာတွေ၊ ရိက္ခာတွေ ဘေးဖယ်ပြီး လက်တွဲနိုင်ဖို့ ကြိုးစားခဲ့ရတာပေါ့၊ လူကို မဲဖို့ချည်းပဲ .. လေးလေးထွန်း က တွေးတော့တာပဲ .."

"ငါကရော ဒါကို ကျေနပ်ဂုဏ်ယူနေတယ် ထင်လို့လား ..၊ တကယ်တမ်းကျတော့ သည်းခံနိုင်ဆုံးလူတွေရဲ့ တုံ့ပြန်မှုလောက် ကြောက်စရာကောင်းတာ မရှိဘူး၊ ငါ မင်းနဲ့မမှန်းချင်လို့ ဒါတွေကိုပဲ တူးဆွနေတာ ..၊ ဟန်ဆောင်မာယာတွေနဲ့ လှုပ်ရှားနေတဲ့ ဟိုဘက်မျက်နှာကို ထားခဲ့လိုက် .. မင်း ငါ့ရှေ့မှာ သည်းခံမျှိုသိပ်စရာ မလိုဘူး၊ ငါက အတိုက်အခိုက်သမားကိုမှ အလိုရှိတာ .."

မလွယ်ပါလား ..၊





ရင်ခွင်ကိုမှီနွဲ့ခိုဝင်ရင်း ပင့်သက်ရှိုက်မိသည်။ လောကမှာ မာယာလက်နက်နဲ့တိုးမပေါက်နိုင်တဲ့ ယောကျ်ားမျိုးတွေ ရှိနေသေးတာလား.. ဒါမှမဟုတ် သူမက ညှံ့တာလား ..။

သူမကတော့ ဦးရန်နိုင် လို လူကြီးကို နိုင်ကွက်နင်းနိုင်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေခဲ့တာ ဒီလူနဲ့ မတွေ့ခင် အချိန်အထိ..။

ရီလေး က စိတ်ထား နူးညံ့သည်။ အထူးသဖြင့် စာနာ နားလည်တတ်ခြင်း လွန်ကဲတဲ့သူ ဖြစ်သည်။ ရွှေစက်တော်ဘုရားကို ဘုရားဖူးသွားရအောင် ပြောလိုက်တာနှင့် ခဏာပဲ စဉ်းစားကာ ခေါင်းညိတ်လက်ခံခဲ့သည်အထိ ..၊

"ဘုရားဖူးပြီးမှပဲ ဖုန်းဆက်ရအောင်လေ ရီလေး ရဲ့ ..၊ တော်ကြာအဖေကြီး ခွဲနေကြရတဲ့ မြေးကို ခုပဲ ပြန်ခဲ့ပါဆိုရင် နင်လည်း ငြင်းနိုင်မှာ မဟုတ်ဘူး .. ငါ ပြန်ချင်တဲ့စိတ် မဖြစ်သေးလို့ပါ၊ ငါနဲ့အတူလိုက်ခဲ့ပေးပါ ရီလေး ရယ် .. နင့်အဖေလိုပဲ နင့်အဘွားတွေကပါ ငါ့ကို မလိုလားရင် နင် စေတနာ ဘယ်လောက်ရှိရှိ ငါ့လက်ကို ဖြုတ်ချထားခဲ့ရမှာပဲမို့လား .."

သူမရဲ့အားနည်းချက်ကို အသာလေး တို့ပေးလိုက်တာနှင့် ကိုယ်လိုချင်သမျှ အရာအားလုံးက သူမဆီကနေ အဆင်းမှာဘီးတပ်ပြီး ခုန်ဆင်းလာတဲ့အတိုင်း ..၊

ဘုရားပွဲတော်ထဲ ရောက်ပြီဆိုကတည်းက ဘယ်ကိုမှလည်း မသွားနိုင်၊ ပျော်ရွှင်ပုံလည်း မရှိဘဲ ...

"သိပ်နေမကောင်းတော့ အေးဆေးပဲ နားနေချင်တာ ဆွိတီ ရဲ့.. နင်ပဲ တောင်ပေါ်ဘုရား သွားဖူးလိုက်တော့နော် .. ပြန်မယ့်နေ့ မနက်စောစောကျမှပဲ ငါ ဖူးတော့မယ် .."

ရောက်တဲ့ ညနေပိုင်းမှာ မန်းရေ ချိုးကြသေးသည်။ ခြေတော်စက်တော်ရာကို အတူသွားဖူးခဲ့ပြီး ပြန်လာတာနှင့် ရီလေး ခွေခွေလေး



www.burmeseclassic.com

www.burmeseclassic.com



လှဲနေလိုက်တာ တောင်ပေါ်တက်ရအောင်ပါဆိုလည်း မရတော့ပေ။ ထမ်းကောင်းချင်တော့ သူတို့ရောက်ကတည်းက အုံ့မှိုင်းနေသည့် မိုးရိပ်တွေက ညနေစောင်းတာတောင် မိုးချုပ်နေပြီ ထင်ရတဲ့အဖြစ် ...။

"ရေတွေက ပိုအေးနေတယ်နော် ...၊ ကျွန်မတို့က မန်းချောင်းရေ အားရပါးရ ချိုးကြဖို့ လာတာ .."

ဝါး၊ သက်ကယ်ပျစ်တွေနဲ့ ဆောက်ထားသော ဆယ်ပေပတ်လည်လောက် အခန်းကျဉ်းလေးတွေ အတွဲလိုက် တန်းစီနေတာကို 'ရွှေတဲ'လို့ခေါ်တဲ့ 'တဲကျောင်းတွေ'လို့လည်း ခေါ်သံကြား၏။

'တည်းခိုခန်း'လို့ အလွယ်တကူ ပြောတာတော့ သိပ်မကြားရပေ။ ဆွိတီ က တဲကျောင်းရှေ့ထိ လာရောင်းသည့် ဆိုင်းထမ်းနှင့် မုန့်ဟင်းခါးသည်လူကြီးဆီမှာ စပ်စုကြည့်လိုက်တာ ဖြစ်သည်။

ကပ်လျက်အခန်းကလူတွေလည်း ဒါကိုပဲ သိချင်နေကြတာမို့ ကိုယ် ဝယ်စားသည့်ဈေးသည်တွေဆီမှာ ဒီအကြောင်းကိုပဲ စပ်စုကြတော့သည်။

"တောင်တွေကြားထဲမှာ ညို့နေတာပဲနော် .. ကြောက်စရာကြီး၊ ဒီလိုမျိုး ရှိတတ်လို့လား .."

တစ်ယောက်က မေးတာကို တစ်ယောက်က နားစွင့်၍ ကိုယ့်အခန်းရှေ့မှာ ကိုယ်နေရင်း ဈေးသည်တွေ ပြောတာကို ကြားခဲ့ရသည်။

"အဲဒါ အထက်ညာမှာ မိုးကြီးနေတာကွယ့် ...၊ ဒီတိုင်း နေရောင်မမြင်ရအောင် နှစ်ရက်လောက် မိုးညို့နေရင် ဂရုစိုက်ရတယ် .."

"ဘာဖြစ်လို့လဲဟင် .."

"တောင်ပေါ်ရေ ကျတတ်လို့ပေါ့"

"တောင်ပေါ်ရေနဲ့ ဒီမန်းရေက မတူဘူးလား .."

"ဘယ်တူမလဲ...၊ တောင်ပေါ်ရေကျလာရင် မြင်းတစ်ပြေးတောင် မလွတ်ဘူး .."





"ဟင်!... ဟုတ်လို့လား ...၊ ဒီမှာ အဲလိုဖြစ်ဖူးလားဟင် .."

"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ဝန်းကျင်လောက်က ဖြစ်ဖူးတယ် .. ဦးလေးတို့ကိုယ်တိုင်တော့ မကြုံဖူးပါဘူး၊ အဖေတို့ ပြောပြတာတော့ တကယ် ကြောက်စရာကြီးပဲ၊ ခုလည်း အဖေက ဒီမိုး ညိုနေတည်းက သတိပေးနေတာ ...၊ ညကျရင် တောင်ပေါ်မှာ ပြောင်းအိပ်ကြတဲ့ .."

"ဟုတ်လား .. တကယ်လား ဦးလေးရဲ့ .."

"တကယ် ဘာဖြစ်လဲ ...၊ အတွေ့အကြုံသစ်တွေ ရတာပေါ့"

"ဟုတ်တယ် .. ငါက မဂ္ဂဇင်းမှာ သတင်းထူးထည့်ဖို့အတွက် မလွတ်တမ်းကို ရိုက်ယူမှာ .."

ဘုရားဖူးတွေထဲမှာ အသက်ကြီးတဲ့ လူကြီးတွေကျတော့ ထိတ်လန့်ကုန်ကြလျက် ...၊ ငယ်တဲ့လူတွေက ပျော်တောင် ပျော်သွားကြသေးသည်။

ဒီထဲမှာ ဆွိတီ က ထိပ်ဆုံးက ဖြစ်လိမ့်မည်။ ခရီးပမ်းသည့်အရှိန်နှင့် ခရီးရောက်မဆိုက် မိုးအေးထဲမှာ ရေစိမ်ချိုးလိုက်သဖြင့် ရီလေးက ဖျားချင်ချင် ဖြစ်နေသည်။

သူမ တစ်လမ်းလုံး စိတ်ကူးလာခဲ့သမျှဟာ ရီလေး ကိုယ်မှာပါလာသည့် ပတ္တမြားလော့ကတ်နဲ့ ဆွဲကြိုးရယ် ...၊ စိန်နဲ့ ဝတ္တာမြားရံထားသည့် ဟန်းချိန်းရယ် ...၊

နောက်ပြီးတော့ ဖု(တ်)ချိန်းကလည်း ဟန်းချိန်းနဲ့ အတူတူပဲ ဖြစ်သည်။ ကိုယ်မှာဝတ်ထားသည့် တစ်ဆင်စာကပဲ သိန်းထောင်ကျော် တန်ဖိုးရှိတာ ဒူ သိပြီးသား ...။

သနားသဖြင့် ရလာမယ့် ပေးကမ်းစာဆိုတာ တကယ်တမ်း ရမယ်ဆိုရင်တောင် ဘာရှိမှာလဲ...၊ ဒီကြားထဲ ဘွားအေတွေက ပေးသောတူ ကျေနပ်မှုမရှိလျှင် သွားပြီ ...။

သူမအတွက် ဒါကိုရမှ ဖြစ်မှာပါ။ ထို့ကြောင့် ရနိုင်သမျှကို အပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ဖမ်းထားရမည်။ ညမိုးချုပ်သွားသည်နှင့် တည်းခိုခန်းက ပေးသည့် စောင်နဲ့ ခေါင်းအုံးတွေကို မယူဘဲ ထားလိုက်ကာ ...

"ညစ်ပတ်နေတာပဲ ရီလေး ရယ် .. အနံ့အသက်တွေကလည်း မကောင်းဘူး သိလား ..၊ အဲဒါတွေ ယူထားလိုက်လည်း နှင် သုံးမှာ မဟုတ်ပါဘူး၊ ငါတို့ တောင်ပေါ်က တည်းခိုခန်းတွေရရင် ကောင်းမှာ သိလား ...၊ မန်းစပ်ကို မက်လိုက်မိတာနဲ့ ဟိုလွတ်ဒီလွတ်တွေ ဖြစ်ကုန် တာ၊ ငါတို့အဝတ်တွေပဲ ထုတ်ပြီး ဖြစ်သလို ခြုံအိပ်ကြမယ်နော် .."

"အဝတ်တွေ ပွကုန်မှ ပြန်စီရ ခက်လိမ့်မယ် ဆွိုတီ .. ထားလိုက် တော့၊ ငါ့ကို စောင်ပါးလေး အပေါ်မှာတင်ထားတာ ရှိတယ်၊ အဲဒါပဲ ယူပေး ...၊ နှင့်အတွက် .."

"ငါက ရပါတယ် ...၊ မိုးချုပ်လေ လေတိုက်လေ ဖြစ်လာရင် နှင် ချမ်းမှာပဲ ပူတာ .."

ရီလေး ကိုယ်စူနေပြီဆိုတာ မျက်နှာလေး တစ်ပြင်လုံး ရဲတွတ်နေ တာကို မြင်တာနှင့် သိသည်။ ဒါပေမယ့် မသိချင်ယောင် ဆောင်နေ လိုက်ကာ ...

"ငါတို့ ညစာ ဘာမှမစားရသေးဘူးလေ၊ နှင် နေကောင်းရဲ့လား"

"အင်း .. မျက်လုံးတွေ နည်းနည်း ပူနေတာပါ .. ရတယ်၊ နှင် သွားစားလေ .. ငါ မလိုက်တော့ဘူးနော်၊ ဘာမှလဲ မဝယ်ခဲ့နဲ့ .."

ဆွိုတီ အပြင် ခဏခဏထွက်တိုင်း တစ်ယောက်တည်းပဲ မြင် နေတော့ တည်းခိုခန်းပိုင်ရှင်ကတောင် မေးသည်။

"ဟိုတစ်ယောက်က လူမမာလား .."

"ဟုတ်တယ် .. ရောဂါသည်လေးလေ ...၊ ဘုရားဖူးပါရစေဆိုလို့ သူ့သဘောကျ လိုက်ပို့ရတာ .."

ဒီနေ့ မနက်ဖြန်ပဲ သေတော့မယ့် လူမမာလို ပြောပေးလိုက်တော့ ဆေးမြီးတိုပေးဖို့ ပြင်လိုက်တဲ့ ပါးစပ်တွေပါ ပိတ်ကုန်၏။





ဒါတောင် 'ရေနွေးပါလား .. ဒီအချိန်ဆို ရေနွေးရောင်းတဲ့လူတွေ လည်း မလာတော့ဘူး' လို့ ညဉ့်နက်မှ လာမေးသေးသည်။ ထို့ပြင်—

'မနက်စောစော သုံးနာရီခွဲလောက်တည်းက ရေနွေးဘူးလေးတွေ ကိုင်ပြီး 'တစ်ရာ'လို့ အော်နေကြတဲ့ ကလေးတွေ၊ ဆီထမင်းသည်၊ အကြော်သည်တွေရော၊ မုန့်ဟင်းခါး အသုတ်စုံ ဘာဖြစ်ဖြစ် ကိုယ့် အခန်းရှေ့ထိ လာရောင်းကြတာ အများကြီး'လို့ .. မျက်စိထဲမှာ မြင် လာအောင် ပြောပြနေသေးသည်။

တကယ်တော့ မနက်ဖြန် မိုးလင်းချိန်ဟာ ဘယ်သူ့အတွက်မှ မင်္ဂလာရှိစွာ နိုးထခွင့်ပေးမှာ မဟုတ်တော့တာကို ဘယ်သူမှ မသိနိုင်■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

ရီလေး ရဲ့ ခေါင်းထိပ်တည့်တည့်မှာ ဟင်းသောက်ပန်းကန်လုံး အသေးစားလောက် အပေါက်ဖြစ်အောင် နီးထရံပါးလေးကို ဓားလေးနဲ့ အသာလေး ဖောက်ထားလိုက်သည်။

စောင်ပါးလေးကို ခြေမလုံ ခေါင်းမလုံ ခြုံရင်း ညဥ့်နက်တာနဲ့ အမှုံ မိုးတွေ ရွာ .. လေတွေတိုက် ဖြစ်သဖြင့် ရီလေး အခြေအနေက မကောင်း ...။ ဒါကိုကြည့်ကာ သူမနားကို လုံးဝ မကပ်တော့ဘဲ ဆွိတီ အားရ ကျေနပ်နေမိသည်။

မနက် သုံးနာရီလောက်ကျတော့ ပွဲတော်ခင်းတစ်ပြင်လုံး သောင်ပြင်ဆိုတာ မရှိတော့ဘဲ မန်းရေတွေ လျှံတက်လာတာ တစိမ့်စိမ့် ...။

တောင်ပေါ်ရေဆိုတာလည်း မမြင်ဖူးကြ၊ မြင်းတစ်ပြေးတောင် မလွတ်ဘူးလို့ ပြောသံ ကြားထားတာလည်းရှိတော့ ဘုရားဖူး လူငယ် တချို့က ကြည်လဲ့နေသည့်ရေတွေထဲမှာ ပျော်ပါး မြူးထူးနေကြသည်။ ထို့ပြင် ...

"မြင်းတစ်ပြေးတောင် မလွတ်ဘူးဆိုတဲ့ ရေက ဒါလား မသိဘူး၊ ကြည့်ပါဦး လှတောင် လှသေးတယ် .."





လို့ ပြောတဲ့သူလည်း ရှိ၏။ ဈေးသည်တွေတချို့က ပစ္စည်းတွေ သယ်ကြ၊ တောင်ပေါ်ကို ရွှေ့ကြ လုပ်နေတာ မြင်ကြပေမယ့် သူတို့တွေကတော့ ဗိုက်ပွတ်ပြီး စားသောက်ဆိုင် ရှာကြတုန်း ...။

ပွဲတော်ကလည်း ပြီးသေးတာ မဟုတ် ...၊ ညဆိုတာ မရှိဘူး။ လိုချင်တာ .. စားချင်တာ အချိန်မရွေး ရတယ်လို့လည်း သိထားခဲ့တာမို့ ကသုတ်ကယက် ရွှေ့ပြောင်းနေတဲ့လူတွေကိုရော .. ရယ်မောမပျက် ရှိနေသူတွေကိုရော အားလုံးကို ခြုံငုံ သုံးသပ်၍ ဆွိတီ သဘောကျသွားမိသည်။

ဒီအခြေအနေဟာ အသုံးချလို့ အကောင်းဆုံး ဒါမှမဟုတ် တ ကြမ္မာက သူမအတွက် တစ်ဖက်စောင်းနင်း ဖွင့်ချပေးလိုက်တာလား။

အပြင်မှာ အကဲခတ်လိုက် ...၊ ရီလေး တစ်ယောက် အသက်ပါ သွားပြီလားလို့ ပြေးကြည့်လိုက် လုပ်ရတာ သူမမှာသာ ခြေထောက် တွေ ရေနွေးလာသည်။ ရီလေး က စကားပြောနိုင်တုန်း ...။

"အား!... ကျွတ် .. ကျွတ် .. အပြင်မှာ ဘာတွေ ဖြစ်နေတာလဲ ဟင် ...၊ တဝုန်းဝုန်းနဲ့ ရေကျသံတွေလား .."

"မဟုတ်ပါဘူးဟာ .. လူတွေ စောစောစီးစီး ကမြင်းနေကြတာ"

ခုထိပဲ ငုတ်တုတ်ထိုင်နိုင်နေသည့် လူမမာကို ဒေါပွကာ စိတ်တို တဲ့အတိုင်း ပြောပစ်လိုက်မိသည်။

"ငါလည်း ဘွား သင်ပေးထားတဲ့ ဘုရားစာတွေရလို့ပေါ့ ဆွိတီ ရယ် ...၊ ဒါ .. ဒါလေးက ဘွား ပေးထားတာလေ၊ ဘေးဥပါဒ်ဒ်ဏ်တွေ ကို ကာကွယ်တယ်တဲ့၊ အဲဒါကြောင့် ငါ ဝေဒနာ ခံစားရင်းနဲ့ .."

"ရျောက် .."

"ဟင်!..."

ပုတီးကို ထုတ်ပြပေမယ့် လက်က တုန်ယင်နေတာမို့ ကြမ်းပေါ် လွတ်ကျသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျသွားပြီလား .."

ဝုတီးကို ကြမ်းကြားထဲက တစ်ခါတည်း ကျသွားအောင် ဆွိုတီ ဒီဘက်ကနေ ညှတ်နေသည့်ဝါးကြမ်းတစ်ပြားကို ဖိနင်းပေးလိုက်သည်။

'အဲဒါ စိပ်ချင်ဦး ပုတီး'၊ ဒီမှာ ကြံစည်ရလွန်းလို့ ခေါင်းတွေ မီးတောက်ပြီး ခြေထောက်တွေ ရေခဲဖြစ်တော့မလား မသိ ..။

"ကျသွားပြီ .. အောက်မှာ ဝင်ကောက်လို့ မရဘူးလားဟင်"

"လူတစ်ယောက်မှ မဝင်သာတာ .."

ရီလေး စောင်လေး ပြန်ဆွဲခြုံကာ အုဝတ်သေတ္တာအေားမှာပဲ ပြန်၍ ခွေလှဲသွားခဲ့ပြီး ...

"ငါ မျက်လုံးတွေပါ ပြာလာသလိုပဲ၊ အစားတစ်ခုခု စားမှ ထင်တယ်၊ လူတွေ နိုးနေကြပြီပဲ၊ တစ်ခုခု ဝယ်ပေးပါလား ဆွိုတီ .."

'သေသင့်တာ ကြာပြီ'လို့ စိတ်ထဲက ပြောလိုက်ပြီးမှ ...

'ဘာဆိုင်မှ မဖွင့်ဘူး၊ ဘယ်မှာ သွားဝယ်ရမလဲ' လို့ လွှတ်ခနဲ ပြောမိ၏။ ရီလေး ကတော့ မိုးမလင်းသေးလို့ပဲလို့ ထင်ပြီး ငြိမ်သွားတာလား ..၊ စကားမပြောချင်တော့တာလား မသိ ..။

နောက်တစ်ခါ ပုစွန်တုပ်ကွေးလေး ဖြစ်သွားပြန်သည်။ ဆွိုတီ ရင်လေးရပြီ ဖြစ်၏။ ဒီပုံအတိုင်းဆို မိုးလင်းတာနှင့် အခြေအနေကို သူမ သိသွားနိုင်သည်။

'ဒီလောက်ဖျားပြီး ပစ်စလက်ခတ် ဖြစ်နေတာတောင် မသေဘဲ အသက်ပြင်းနေတာ ဟိုစိပ်ပုတီးကို စိပ်နေလို့'ဟု အကုသိုလ်စိတ်တွေ ပို၍ ပွားများလာခဲ့သည်။

လောဘစိတ်ကြောင့် သံယောဇဉ်ကြီးခဲ့ဖူးသည့် သူငယ်ချင်းကို လည်း သနားရမှန်း မသိ ..၊ ဘာသာတရားဆိုတာ မမြင် ..။

"အေးလေ .. နင်က တစ်ညလုံး လှိမ့်ခံနေရတာ၊ ငါ တစ်ခုခု သွားဝယ်လိုက်ပါ့မယ်၊ အပြင်မထွက်နဲ့နော် .. တဲကျောင်းပိုင်ရှင်က





သတိပေးထားတယ်၊ မိုးမလင်းခင် လာရောင်းတဲ့ ဈေးသည်တွေက တချို့က မရိုးသားဘူးတဲ့ .."

ဆွိုတီ ပထမဆုံး စကားခင်းထားလိုက်သည်။ မသေဘူးဆိုရင် တော့ သေအောင် လုပ်ရတော့မှာမို့ သိသာသိစေ မမြင်စေနဲ့တဲ့ ..။

ပုတီးစိပ်နေလို့ ခေါင်းထောင်နေနိုင်တဲ့ မိန်းမက ပုတီးမရှိတော့ ဘူးဆိုတော့ မျက်စိဖွင့်နိုင်ပါဦးမလား ..၊

အပြင်သွားမယ်ဆိုပေမယ့် မသွားဘဲ မနီးမဝေးလေးကနေ စောင့် ကြည့်နေလိုက်သည်။ မိုးလင်းလာသည်နှင့်အမျှ သောင်ပြင်ပေါ်မှာ ရေကြည်တွေက ခြေသလုံးမြုပ်တဲ့အထိ ဖြစ်လာခဲ့၏။

အကယ်၍ တောင်ပေါ်ရေသာ ကျလာခဲ့လျှင် ရီလေး ရေမျောပြီး သား ဖြစ်သွားမှာပင် ..၊ ရေကျမယ်ဆိုတာကို သူများတွေ မယုံသလိုပဲ သူမလည်း ယုံလို့တော့ မဟုတ်ပေ ..။ ဒါပေမယ့် ရေ တကယ်ကျဖို့ကို မျှော်လင့်နေမိတာက ကိုယ့်အစီအစဉ်အတွက် ..။

"ဆွိုတီ .. ဆွိုတီ လား .. ဟင် .. အား!..."

အသံပေးလိုက်တာနှင့် ခေါင်းမြီးခြုံလေး ပွင့်လာသည်။ မျက်လုံး မဖွင့်ဘဲ ရှုံ့မဲ့ညည်းရင်း တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေ၏။

ထိုအချိန်မှာ မိုးက ဖွဲတာလည်း မဟုတ်..၊ သည်းတာလည်း မဟုတ်ဘဲ မြည်သံတော့ ပေးနေပြီ ဖြစ်သည်။ ပွဲခင်းတစ်ခုလုံး နေ ဘယ်လောက်မြင့်နေမှန်း မသိလောက်အောင် ညို့မှောင်နေခဲ့ရာ နာရီ တွေ ငုံ့ကြည့်မိတိုင်း မယုံနိုင်စရာ ..။

ရေတွေ ပိုပိုများလာကာ ဘုရား ဂေါပကရုံး အသံချဲ့စက်ကနေ သတိပေး ကြေညာသံပါ ထွက်လာခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် သတိ လစ်သွားလိုက်၊ ပြန်ဝင်လာလိုက် ဖြစ်နေတာကို မသိသလို ..၊ ရီလေး ဘာသံကိုမှလည်း မကြားတော့ပေ ..။

ထို့ပြင် အချိန်ဆိုတာလည်း မသိတော့ဘဲ ဆွိုတီ ..းစရာ သွား



www.burmeseclassic.com

www.burmeseclassic.com



ဝယ်နေသည်။ ပြန်မလာသေးသည့်အဖြစ်တစ်ခုသည်သာ စွဲလမ်းနေတာ ...

"ဆွိတီ လား .."

ကြမ်းပြင် လှုပ်ခတ်သွားတိုင်း အသံတစ်ခုခုလို့ ခံစားမိတိုင်း မျက်လုံးက မဖွင့်ဘဲ မေးတော့ မေးနေသေးသည်။ အားလုံးကို ဆွိတီ ချောင်းကြည့်နေမိစဉ် ရီလေး စောင်ခြုံလျက်သားနှင့် အထဲကနေ ထွက်လာဖို့ ကြိုးစားနေတာ မြင်လိုက်ရ၏။

'သေပါစေ ဆုတောင်းနေကာမှ ဒီမိန်းမ ..'

ဒေါသတွေ ပစ်စလက်ခတ် ဖြစ်လာကာ အသင့် ရှာဖွေထားသည့် ဝါးတုတ်နှင့် ခေါင်းကို ရိုက်ချဝစ်လိုက်မိသည်။

အော်သံတောင် မထွက်နိုင်ဘဲ မျက်စိရှေ့မှာတင် ခွေခနဲ ကျသွား၏။ အနားကို ပြေးကာ စောင်ကို ဆောင့်ဆွဲ ခွာလိုက်ပြီး သူမကိုယ်က လက်ဝတ်လက်စားတွေကို ချွတ်ယူလိုက်၏။

ပြီးတော့ အဝတ်သေတ္တာကို ယူခဲ့၏။ သူ အပြင်ရောက်လာတော့ ပတ်ဝန်းကျင်မှာ ရေလယ်မိုးအုံ့ အပူတော့ကြီး ဖြစ်နေပြီ ..။

"ဟိုကောင်မလေး .. လာ .. ဒီဘက်ကို၊ အဲဒီကနေ ရေတွေကို ဖြတ်ကူးရင် ရေစီးနဲ့ ပြန်ပါသွားလိမ့်မယ် .."

လူကိုမြင်လိုက်မှ အမြင်မတော်တဲ့ လူကြီးတချို့က ရေတိမ် ရှိသေးသည့်ဘက်ကို လက်ယပ်ခေါ်၏။ မနက်ပိုင်းက ကြားလိုက်ရသည့် ရယ်မောသံတွေဟာ ငရဲပွက်သလို ဖြစ်နေခဲ့ပြီး မြင်ကွင်းက လုံးဝ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

"ဒါ .. တောင်ပေါ်ရေ မကျသေးလို့ ပြေးချိန်ရနေတာ၊ တောင်ပေါ် ကိုးခန်းကြီး ဆရာတော်ဆီက သတိပေးစကား မိန့်လိုက်တာကို ဂေါပကရုံးက ကြေညာနေတာလေ၊ နေ့လယ် နှစ်နာရီ တောင်ပေါ်ရေ ကျလိမ့်မယ် .. လွတ်တဲ့နေရာထိ ရွှေ့ပြောင်းထားကြ"တဲ့ ..။





"ပွဲတော်မှာ ဒီလိုဖြစ်ဖူးတာပေါ့နော် .."

"တစ်သက်မှ တစ်ခါ ကြုံခဲ့ပါတယ် ..၊ ဟိုအရင်တုန်းက ပွဲတော်တွင်းမှာ သားစိမ်းငါးစိမ်း မရောင်းရဘူး၊ အရက်၊ မိန်းမ မကောင်းတာဘာမှမရှိခဲ့ဘူး၊ အခုဆို သားသတ်သံတွေတောင် ကြားနေရတာ၊ အကုသိုလ်တွေ များနေပြီလေ .. ဆေးကြောတဲ့သဘောပဲ"

လို့ ပြေးလွှားရင်း သူထင်တာ ကိုယ်ထင်တာတွေ ပြောဆိုသွားကြတာလည်း ကြားရ၏။

"ဟုတ်တော့လည်း ဟုတ်တယ် ..၊ ဟိုအရင်ကဆို ရွှေစက်တော်ပွဲတော်ပြန် လက်ဆောင်က 'ငါးကင်'ပဲလေ၊ အရမ်းကို ကောင်းတာ ငါးတောင်မှ အစိမ်းမှ မရောင်းရတာ .."

ထဘီ ပုဆိုးတွေ အသားကုန် 'မ'၍ ရေကို ကန့်လန့်ဖြတ်ကူးရင်း ပြောပဲ ပြောနိုင်အားသေးသည်။ ဆွိတီ ကတော့ အဝတ်သေတ္တာကို ခေါင်းပေါ်တင် ရွက်ကာ ခါးရှည်ကိုယ်ကျပ်နဲ့ စတော့ကင်မို့ ဘာမှ 'မ'ဖို့မလိုဘဲ ဒီတိုင်း ဖြတ်ကူးသည်။

ကူးနေရင်း ကိုယ့်အခန်းကို မြင်ရသေးတာမို့ ခဏခဏ လှည့်ကြည့်မိ၏။ သောင်ပြင်ထဲက ရှိသမျှ တဲတွေအားလုံး၏ အောက်ခြေတွေကို ရေတွေ ဝါးမျိုသွားခဲ့လျှင် လူဖြတ်ကူးလို့ မရတော့ဘူး ..။

ရီလေး ဘယ်ရောက်သွားပြီလဲ ..၊ ဟိုဘက်တောင်ထိပ် ဘုန်းကြီးကျောင်းရှေ့ကနေ ရေတွေ လွှမ်းနေသည့် ပွဲခင်းတစ်ခုလုံးကို ငေးမောရှာဖွေရင်း ဆွိတီ ရန်ခုန်သံတွေ မြန်နေခဲ့၏။

ရေပြင်တစ်ပြင်လုံးမှာ ပစ္စည်းပစ္စယတွေရော .. အဆောက်အအုံ အပျက်အစီးတွေပါ မျောနေကြကာ တချို့က ရေပေါ်သည့်ပစ္စည်းတွေမှာ ဖက်တွယ်ပြီး ကူးလာကြ၏။

တစ်ညလုံး အဖျားကြီးနေပြီး မသေခဲ့တဲ့ ရီလေး ..၊ ခေါင်းရိုက်ခံရပြီး ရေနစ်ရဦးမည်။ ခုလောက်ဆို ရေအောက် ရောက်သွားပြီပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ငါက ဘာလိုက်ကြည့်နေစရာ လိုလဲ …၊

လွတ်ကင်းသည့် ကမ်းဘက်ကနေ ရေပြင်ကို ရပ်ကြည့်နေကြသည့်လူတွေက ကျပ်ခဲနေ၏။

ကိုယ့်တစ်ယောက်တည်း ကျေနပ်ရင်း လူတွေကို ပြန်တိုးထွက်ကာ ဆွိုတီ စိတ်အေးလက်အေး ပြန်ထိုင်နေလိုက်၏။ တကယ်ပဲတောင်ပေါ်ရေ ကျလာတာ နေ့လယ် နှစ်နာရီ ဆယ်မိနစ် …။

ကြည်လဲ့သည့် ရေပြင်တစ်ပြင်လုံး ရွှံ့တွေ ရေဖျော်ချလိုက်သလို ဆန္ဒင်းရောင်ညစ်ညစ်ညိုညိုကြီး ဖြစ်သွားကာ သစ်ပင်ကြီးငယ်တွေလည်း ပါလာသည်။

သက်တမ်းရင့်နှင့် ကျွန်းတုံးကြီးတွေဆိုလျှင် ရေစီးထဲမှာ မျောလာတာ လေထဲမှာ အမှိုက်တစ်စ လွင့်လာတာထက်တောင် မြန်၏။

လူတွေ ဟယ် .. ခနဲ၊ ဟာ .. ခနဲ ရင်သပ်ရှုမော ဖြစ်နေကြစဉ်မှာ ဆွိုတီ က ဘုန်းကြီးကျောင်းရဲ့ ခြောက်သွေ့သန့်ရှင်းတဲ့ နေရာလေးမှာ အသာဝင်လှဲလိုက်ပြီး မျက်လုံးတွေ မှိတ်ထားလိုက်၏။

အိပ်နေတာ မဟုတ်ပါ …၊

နောက်ထပ်ပြီး ဘာတွေ ဆက်လုပ်ရှားမလဲဆိုတာ တွေးနေရင်း ကျေနပ်ပီတိတွေ ဖြာနေတာဖြစ်၏။ လက်ဝတ်ရတနာတွေရဖို့ ကြိုးစားခဲ့တာပေမယ့် အခြေအနေအားလုံးက ကိုယ့်အတွက် ဖြစ်လာတဲ့နောက်မှာ …၊

သူမ ဆုံးဖြတ်လိုက်သည်။ မနက်ဖြန်တွေဟာ ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင် …၊





## အခန်း (၄၅)

ဒီလိုတွေ ရှိခဲ့တာလား …၊

နားထောင်နေရင်းနဲ့ ဦးသက်ထွန်း မျက်နှာ မေးကြောများပါ တင်းခနဲ ကားခနဲ လှုပ်ခတ်လာ၏။ ဆွိုတီ ဆိုသည့် မိန်းကလေးကို ယုယခြင်နီးနေသလို ပွေ့ပိုက်ထားခဲ့သည့်လက်တွေ လျှော့ရဲကုန်သည်။ သူဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း မဆန်းစစ်ခဲ့ပါ။

ဒါပေမယ့် ကျေးရွာရှင် ဘုရားလောင်းမျောက်မင်းတို့ အိမ်ပြန်ဟင်းစားအတွက် ကျောက်တုံးနဲ့ ခေါင်းထုသတ်ခဲ့သည့် မုဆိုးလို ကောက်ကျစ်စဉ်းလဲမှုမျိုး သူ ပြုခဲ့ဖူးသလား …၊

ခုတင်ခြေရင်းနဲ့ အပေါ်တည့်တည့်မှာရှိနေသည့် ငါးလုံးတွဲမီးဆိုင်းကြီးကို ငေးကြည့်ရင်း ဆွိုတီ ပြောသမျှက ပြကွက်တွေလို အရိပ်ထင်နေ၏။

“ပန်းဒဏ္ဍာရီ ..”

ညည်း ဒီလောက် ‘အ’ ရသလား၊ လူတစ်ယောက်ဆီက တုံ့ပြန်လာတဲ့ အငွေ့အသက်ကို ဒီလောက်လေးတောင် အကဲမခတ်နိုင်ဘူးလား…။



www.burmeseclassic.com

www.burmeseclassic.com



သွေးကစကားပြောသည်ဆိုတာကို သူ လက်မခံပါ။ ဘာဖြစ်လို့လဲ ဆိုလျှင် 'ဒဏ္ဍာရီ'မိသားစုတွေကို သူ ဘယ်တော့မှ ချစ်ခင်တွယ်တာစိတ် မဖြစ်ခဲ့လို့ပဲ ဖြစ်သည်။

ဒါပေမယ့် သူ ဘယ်သူ့ကိုမှ ကိုယ့်လက်နဲ့ ကိုယ်တိုင်သတ်ပစ်ခဲ့တာ မဟုတ်ပေ။ လောကမှာ ငွေရှိတိုင်းပြည့်စုံနိုင်တဲ့ ဘဝကို သူ ပိုင်ဆိုင်ထားသမျှ ဘာမဆို လက်ညှိုးတစ်ချက်ညွှန်ရုံနဲ့ ပြီးသွားခဲ့တာ ဖြစ်၏။

ဆွိတီ ကတော့ သူ့ထက်ပြင်းထန်တဲ့ လောဘတွေနဲ့ပါလား၊

ကိုယ့်တူမ ကိုယ့်သွေးသားကို ထိလို့ နာကျင်တာမျိုးမဟုတ်ဘဲ ကိုယ့်ကိုတော့ ဆရာတင်ပြီး သူက ကိုယ့်တူမကို သွေးအေးရက်စက်စွာ နုပ်နုပ်စဉ်း၍ သတ်ထားခဲ့တဲ့သူ ဖြစ်နေသည်။

ဆရာပဲ အခေါ်ခံရတော့မှာလား၊ သူမကိုပဲ ဆရာပြန်ခေါ်ရဦးမှာလား..၊ မျက်နှာပြင်ကြီး ထူအမ်းလာသလိုလို၊ ရှက်မိသလိုလို၊ ဘာမှန်းမသိသောခံစားချက်က သူမကို ရင်ခွင်ထဲကနေ ချက်ချင်း တွန်းထုတ်ကိုင်ပေါက်ပစ်ချင်လာ၏။

ရင်ခွင်ထဲမှာ မျက်ဝန်းလေးတွေ မှေးစင်းပိတ်ယှက်၍ လူသတ်ခဲ့ခြင်းအလုပ်တစ်ခုကို ကဗျာတစ်ပုဒ် ရွတ်ပြသလို ပြောနေသော ကြည်နူးရိပ်တို့နှင့် ပြုံးနေသည့် နှုတ်ခမ်းအစုံကို ငုံ့ကြည့်လိုက်မိသည်။

"အခုဆိုရင် ဘာမှမလိုအပ်တော့ဘူး .. မီးရဲ့ဘေးမှာ လေးလေး ရှိနေပြီ၊ အမွေတွေလက်ဝယ်ပိုင်ဆိုင်နိုင်အောင် ကြိုးစားပြီးတာနဲ့ လေးလေး လက်ထဲကို အပ်မယ် ..၊ မီး ပိုင်ဆိုင်သမျှ အားလုံး .. အားလုံးပဲ .."

ပိတ်ယှက်ထားသည့် မျက်တောင်ဖျားလေးတွေ တလှုပ်လှုပ်နှင့် ပြောနေသမျှကို နားထောင်ရင်း ဦးသက်ထွန်း က လှို့ဝှက်စွာ ပြုံးသည်။

"သနားစရာပဲ ဆွိတီ၊ မင်းပြောသမျှကို ငါကရော ယုံကြည်နေမှာပဲလို့ မင်း ထင်နေလား .."

ခံစားချက်တစ်မျိုးစီနှင့် အခန်းထဲမှာ စိုပြည်ခြင်းကင်းမဲ့သလိုကြီး





တိတ်ဆိတ်သွားခဲ့စဉ် ...

"ဒေါက် .. ဒေါက် .."

"ဟင်!..."

ဆွိတီ နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်သည်။ ဦးသက်ထွန်း က အင်္ကျီကို ချက်ချင်း ထဝတ်လိုက်ရင်း ...

"မင်းပုံစံကို မြန်မြန်ပြင်လိုက် .."

"မီး ပုန်းနေရမလားဟင် .."

ဆွိတီ ကိုယ့်အဝတ်အစားနဲ့ ဆံပင်တွေကို ဖိသပ်ဆွဲဆန့်ချရင်း ပျာယာခတ်နေ၏။ ထိုစဉ် ...

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ .."

"ကျွန်တော်ပါ .. ရီလေး ကို လာခေါ်တာ"

ဟင်!...

နောက်ထပ် အသံတိတ် ဟင်..ခနဲဖြစ်ကာ ဆွိတီ မျက်လုံးတွေဝိုင်းသွား၏။ အမြဲတမ်း ဟိတ်ဟန်အပြည့်နှင့်နေတတ်သည့် ဦးသက်ထွန်း ကိုယ်တိုင် ရုတ်တရက် မဖြေနိုင်ဘဲရှိစဉ် ...

"ရီလေးကို အဘွား စောင့်နေတယ်၊ ရှေ့နေကြီးတွေ လာတော့မယ်တဲ့"

အထဲမှာရှိနေတာကို အတပ်သိနေသလိုကြီး ပြောနေသဖြင့် ဒီထဲမှာ မရှိဘူးလို့ ပြောဖို့ပြင်လိုက်သည့် ဦးသက်ထွန်း ပါးစပ် ပြန်ပိတ်သွား၏။

"လေးလေး မီး ဘာလုပ်ရမလဲ"

"ဘေးတံခါးကနေ ဘယ်သူမှမမြင်အောင် ထွက်သွား .."

"ပြတင်းပေါက်ကနေ ဟုတ်လား ..၊ မီးက ခုန်ချရမှာလား .."

"သိပ်မမြင့်ပါဘူး .. မြန်မြန်သွား .."

ဆွိတီ ကို တွန်းလွှတ်လိုက်ကာ ဝတ်ထားသည့်အင်္ကျီကို မြန်ချွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးမှ .. အေးဆေးအနားယူနေသည့် ခြေလှမ်းများနှင့် တံခါးဆီကို လျှောက်ထွက်သွားကာ ...

"ဘယ်သူလဲ အပြင်က ..."

"ကျွန်တော် .."

သူ တံခါးလော့ခ် ဖြုတ်လိုက်တာနှင့် အပြင်ကနေ တွန်းဖွင့်လိုက်တာမျိုး၊ တံခါးက ရင်ဘတ်ကို အရှိန်နဲ့လာကပ်၏။ သူသာ ခြေတစ်လှမ်းဆုတ်၍ ကိုယ်တစ်ခြမ်း တိမ်းမဖယ်လိုက်လျှင် သွားပြီ ..။

"မင်း .. .."

"ဆောရီးပါ .. ကျွန်တော်က တံခါးကို မှီနေတာ"

မဟုတ်ဘူးဆိုတာ ဦးသက်ထွန်း တန်းသိသည်။ တံခါးကိုမှီနေသည့်လူက တံခါးနဲ့ပါလာတာမဟုတ်ဘဲ မျက်နှာချင်းဆိုင်ရပ်နေတာ ဘောင်းဘီအိတ်တွေထဲမှာ လက်တွေတောင် ထည့်ထားလိုက်သေးသည်။

ဒါပေမယ့် ဦးသက်ထွန်း မသိချင်ယောင်ဆောင်လိုက်ကာ ဆွံ့တီးလည်း ပြေးချိန်ရအောင် ရည်ရွယ်၍ ...

"ဒီမှာ ရီလေး ကို လာခေါ်ဖို့ မင်းကို ဘယ်သူခိုင်းလိုက်တာလဲ"

"ဘယ်သူမှခိုင်းတာ မဟုတ်ဘူး၊ ကျွန်တော်က ရီလေး ရဲ့ဒရိုင်ဘာ၊ အခု ကိုယ်ရံတော် လုပ်ပေးဖို့ပါ သဘောတူပြီးသွားပြီဆိုတော့ သူရှိတဲ့နေရာမှာ ကျွန်တော် ရှိနေတာပေါ့၊ သူ ဝင်သွားတည်းက ကျွန်တော် ဒီမှာ ထိုင်စောင့်နေတာ တစ်နာရီနဲ့ လေးဆယ့်ရှစ်မိနစ် ရှိပြီ .."

"ဟိတ်ကောင် .."

ဦးသက်ထွန်း ဒေါသကို ထိန်းချုပ်လို့မရတော့ဘဲ ချမ်း ရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲပစ်လိုက်၏။

ချမ်း က ဒေါသထွက်ပုံလည်း မပြ၊ ကာကွယ်မယ့်ပုံလည်း မရှိဘဲ ဘောင်းဘီထဲက လက်တွေကိုတောင် မထုတ်ခဲ့ပေ ..။

မျက်နှာချင်းနီးသွားတော့လည်း ဦးသက်ထွန်း မျက်လုံးတွေကို စူးရဲစွာ ပြန်စိုက်ကြည့်၍ ...

"ဆက်ပြောပါ .. ကျွန်တော် ဘာမှားယွင်းလို့လဲဆိုတာ .."

"မင်း ငါ့အိမ်ရှေ့ရောက်လာတာ မှားတာပဲ .."

"ဒါက 'အရက်ဆိုင်'ပါ၊ ဒီခြံထဲမှာပဲရှိနေတဲ့ အဆောက်အအုံတစ်ခုကို ရီလေး ရောက်လာတယ်၊ သူ့ရဲ့ကိုယ်ရံတော်က ထက်ကြပ်မကွာ လာစောင့်နေတယ် .. ဘာမှားတာရှိလဲ"

ဦးသက်ထွန်း မျက်နှာ ညိုမှောင်သွားသည်။ သူ ဘာဖြစ်လို့ ရှုးရှူးရှဲရှဲ ထလုပ်မိတာလဲ ..၊ ခုတော့ နှုတ်ခမ်းမေ့စေ့နှင့် မချိုမချဉ်အကြည့်တွေက သူ့ကို စူးစိုက် လှောင်ပြောင်နေကြပြီ။

မင်း မှားသွားပြီ သက်ထွန်း၊ အကြံကြီးကြံတဲ့လူတွေဟာ သည်းခံနိုင်ရင် ရှုံးတာပဲ ..။

ချမ်း ကို ဖိချုပ်ကိုင်ထားသည့်လက်တို့ တဖြည်းဖြည်း ပြေကျ၏။ ထိုအခါကျမှ ချမ်း က စိတ်မရှည်သည့် မျက်နှာတည်တည်နှင့် တစ်ရစ်ချင်း ပြေချနေသည့် သူ့လက်ကို ဖယ်ချပစ်လိုက်သည်။

ပုတ်ခါထုတ်ပစ်တာ မဟုတ်သော်လည်း ဒီတစ်ခါ ငါ့အလှည့်လို့ ပြောလိုက်သလို စိုက်ကြည့်၍ ...

"ပြောစရာမရှိတော့ဘူးဆိုရင် သွားလိုက်ပါဦးမယ် .."

"နေဦး .."

ခြေလှမ်းပြင်ပြီးမှ ချမ်း က ပြန်ငဲ့ကြည့်သည်။ ဦးသက်ထွန်း က နှုတ်ခမ်းမဲ့လိုက်ပြီးမှ ...

"ခုတော့ ဘာမှစောင့်ဖို့ မလိုတော့ဘူးလား"

"ဟွန်း .."

"မင်းလိုကောင်ကို ဂရုမစိုက်ပေမယ့် ရီလေး ကို လာစောင့်နေတာဆိုတော့ .."

"ခုနကအထိ ဟုတ်တယ်.. အခု မစောင့်တော့ဘူး၊ လိုမှမလိုတော့တာ"





www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်သွားတာ တစ်လှမ်းချင်း ...။

ဦးသက်ထွန်း ဘယ်လိုမှဟန်မဆောင်နိုင်အောင် တုန်လှုပ်သွား၏။

ဒီကောင် ဘာဖြစ်သွားတာလဲ...၊ ဘာအချိုး ချိုးလိုက်တာလဲ...၊ မဟုတ်သေးဘူး ...။

အခန်းထဲကို ချာခနဲ ပြန်လှည့်ဝင်ကာ ခုတင်ဆီ ပြန်ပြေးကြည့်မိသည်။ ဒီနေရာနဲ့ ဟိုနေရာ အထဲကပြောဆိုနေကြတာကို ကြားသွားတာလည်း မဖြစ်နိုင် ...။

ဦးသက်ထွန်း ဘေးတံခါးဆီရောက်အောင် မီးဖိုခန်းနဲ့ ရေအိမ်ကိုကျော်၍ အပြေးတစ်ပိုင်း သွားမိ၏။ အဆောက်အအုံက နားနေခန်းလိုပဲဆောက်ထားတာမို့ အိပ်ခန်းတစ်ခန်းအပြင် အခန်းပိုဆိုလို့ စတိုခန်းလေးပဲ ရှိသည်။

မျက်နှာစာမှာပဲ ပြတင်းပေါက်တွေထားပြီး နောက်ဖေးဆင်းတဲ့တံခါးကလည်း လူမြင်ကွင်း ကျ၏။ ထို့ကြောင့် တိုက်ကြီးနဲ့ နံရံချင်းနီးကာ ဂိုဒေါင်တွေရဲ့ကြားတျကျ ဒီပြတင်းပေါက်ကိုပဲ ပြေးခိုင်းလိုက်တာ ဖြစ်သည်။

သူ တံခါးဆီရောက်တော့ ပွင့်လျက်သား တံခါးနှစ်ချပ်ကို ထပ်တွန်းကာ အောက်ကို ငုံ့ကြည့်လိုက်မိသည်။

ပြတင်းပေါက်အောက်တည့်တည့်မှာ ဆွိတီ ခုန်ဆင်းသွားတဲ့ ခြေဖဝါးရာလေးတောင် ထင်နေခဲ့၏။ သူမ ခများလည်း ဖိနပ်မပါဘဲ ပြေးရရှာသည်။ ဒါ ဟိုကောင့်ကြောင့် ...၊

တက်ခေါက်ရင်း နေရာမှ လှည့်ထွက်လိုက်လျှင် ...

"ဟာ!..."

ခေါင်းထဲမှာ ရဲခနဲ ဖြစ်သွားတာ မီးထတောက်သွားတဲ့အတိုင်း...၊

မဟုတ်ဘူး ... အစက ဒီနေရာမှာ ရေစိုကွက် မရှိဘူး ...။

ဦးသက်ထွန်း ပြတင်းပေါက်ဆီ ချက်ချင်း ပြန်ရောက်သွားသည်။





ကိုယ်ကို ပြတင်းပေါက်အပြင် တစ်ဆစ်ချိုး ကိုင်းကျသွားတဲ့အထိ ရေကွက်ကြီးကို စူးစိုက် ငုံ့ကြည့်မိ၏။

ဟိုတစ်လောကပဲ ရေပိုက်တွေပိတ်နေလို့ ဒီနေရာကနေ တူးဖော်ပြင်ဆင်ခဲ့ရ၏။ ထို့ကြောင့် ဒီနေရာမှာ မြေက ပွနေတာဖြစ်သည်။ ဒါပေမယ့် ရေမှ မစိုဘဲ၊ စိုရလောက်တဲ့အကြောင်းရင်းလည်း ဘာမှမရှိတာ သေချာနေရာ ...၊ စိုက်ကြည့်နေရင်း သူ တစ်ခုခုကို သတိထားမိလာ၏။

နေရာမှ ချာခနဲထွက်လာပြီး တုတ်ရှည်တစ်ချောင်းကို ယူလိုက်သည်။ ပြီးတော့ အပေါ်ကနေ ရေကွက်ကို လှမ်းတို့လိုက်ပြီး စိုလာသည့် တုတ်ဖျားကို လက်နဲ့ ကိုင်ကြည့်လိုက်လျှင် ...

"ဟင်!..."

သူ့လက်မှာ အနီရောင်ဆေးရည်တွေ ...၊ ဒါ ... ဒါတွေ ဆွိတီ ခြေထောက်မှာ စွန်းသွားပြီ ...၊

"တောက် ..."

ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ခါသွားခဲ့၏။ ချမ်း ရဲ့မျက်နှာကိုမြင်ယောင်ကာ ကိုယ့်မှာ သေးငယ်ကြုံလှီသွားခဲ့သည်လား ...၊ အငွေ့ပုံလွင့်မျောသွားတာလား ...၊

တကယ်တမ်းကျတော့ မာနကြီးသည့်ယောကျ်ားတစ်ယောက်၏ ဝိဉာဉ်သိက္ခာမှ ပဲ့ကြွေလာသော အရှက်တရားသာ ဖြစ်လေသည်။

ဆွိတီ ...၊ ပြီးတော့ လူချမ်းသာ ...၊ သူကတော့ ဘာကောင်လဲ ...။

တစ်လောကလုံး သူ့ထက် တော်နေကြတာလား၊ သူက အားလုံးထက် ညံ့နေတာလား ...၊

လောင်မြိုက်နေပြီဖြစ်သည့် ရင်ဘတ်ကြီးတစ်ခုလုံးက တဖျစ်ဖျစ်မြည်နေပြီလား မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

"ဘယ်လို!... ဘယ်လို ...၊ ဘွား [illegible] ကြားလွဲသွားတာလား ..."

"မလွဲပါဘူး ... ကျွန်တော် ဒါ [illegible] ပြောလည်း မပြောချင်လို့ ဘာမှမပြောဘဲ ရေင့်နှုတ်ပိတ် လုပ် [illegible] တား [illegible] ထဲမှာ ငါနဲ့မဆိုင်ဘူးလို့ သတ်မှတ်လိုက် ... အဘွားတို့မျက် [illegible] ကို ပြန်မြင်လိုက်နဲ့ ..."

"အင်း ... ပြောပါ ...၊ ပြောပြပါဦး ... မြန်မြန်ပြီးတော့ ..."

ဒေါ်သစ္စာညို စိတ်လှုပ်ရှားနေပြီမယ့် ဦးခန့် ကတော့ တည်ငြိမ် သည့်မျက်နှာနှင့် နားထောင်နေ၏။

တစ်နေ့ကပဲ သူ ဘယ်လိုမှမထင်မှတ်နိုင်ခဲ့သည့် ရီလေး ရဲ့မသက်ာ ဖွယ် လှုပ်ရှားမှုတစ်ခုကို ချမ်း က လက်တွေ့ပြခဲ့သည်။

နောက်ထပ်ပြောပြခဲ့သည့် အကြောင်းအချက်တွေကတော့ ...

"ဒရိုင်ဘာလုပ်မယ်လို့ ပြောခဲ့ပေမယ့် သူ့ရဲ့လှုပ်ရှားမှုတွေကို ကျွန်တော် သတိထားမိလာတဲ့အချိန်ကစပြီး လေ့လာနေခဲ့တယ်၊ ကိုယ်ရဲ့ တော်ဆိုတဲ့ရာထူး ကိုယ့်ပါးစပ်ထဲမှာထည့်ပြောပြီး အခွင့်အရေးရှိသလောက် အရယူခဲ့ရတာ ...၊ ကျွန်တော်ကိုယ်တိုင် မယုံနိုင်ခဲ့ဘူး ..."

"ဟုတ်တယ် ...၊ ဟုတ်တယ်လေ ... ဒါက ဘယ်လိုလုပ် ဖြစ်နိုင် မှာလဲ ..."





"အဲဒါကြောင့် ဒီပြဿနာတွေထဲက ကျွန်တော် ထွက်ပါရစေ ..."

"မဟုတ်ဘူး မောင်ချမ်း ... လူလေး ပြောတာကို အန်ကယ်လ် နားလည်တယ်၊ မမကြီးကတော့ ..."

"ဟုတ်ပါတယ် ... ဘွားက မယုံနိုင်ဘူးလို့ပြောတာ ဒီအဖြစ်တွေကို ပါ၊ လူလေးကို မဟုတ်ပါဘူး ... မြေးရဲ့လုံခြုံရေးအတွက် ငါ့တူကို ဘွား က အကူအညီတောင်းထားတာ၊ ဘယ့်နှယ်... မြေးက ဟိုလူနဲ့...၊ ဘုရား!... ဘုရား ..."

ဒေါ်သစ္စာညို ဘုရားတပြန်သည်။ မယုံနိုင်ပေမယ့် သားငယ်လို့ တောင် ပါးစပ်က မပြောရဲတော့သလို ဖြစ်သွားခဲ့တာ ဘာကြောင့်မှန်း မသိ။ သို့သော် ...

"ဆက်ပြောပါဦး... လူလေးက ဘယ်လိုထင်လို့လဲဟင်၊ သူတို့က..."

"ကျွန်တော် ဘယ်လိုထင်ရမလဲ အဘွား၊ သူ့ကိုလုပ်ကြံခဲ့တာ ဒီလူ ပဲဆိုတာ သူကိုယ်တိုင် သိတယ်၊ ဒီလူ ဒီလိုရှိပါတယ်ဆိုတာလည်း အားလုံး ပြောပြထားတယ်မို့လား ...၊ သူ့ကို ခုတော့ ထိတ်လန့် ရှောင်ရှားရမယ့်အပြင် ပိုတွဲလာတယ်၊ ကျွန်တော် ဒီမှာ အလုပ်စဝင်တည်းက ပြောရရင် သူကိုယ် တိုင်က ဦးသက်ထွန်း နောက်ကို လိုက်နေတာ၊ လူကြီးတွေက အဆွေရာပေး ပေးနိုင်တဲ့လူလို့ ပြောပြထားတဲ့အတွက် လူငယ်ပီပီ ရန်သူနဲ့ အနီးကပ် ပေါင်းပြီး စွန့်စား ဖော်ထုတ်ချင်တာလားလို့ တွေးစရာရှိပေမယ့် ..."

ချမ်း က စကားမဆက်ဘဲ ဦးခန့် မျက်နှာကို လှမ်းကြည့်သည်။ ဦးခန့် က ဆက်ပြောဖို့ ခေါင်းညိတ်ပြကာ ...

"မပြောလို့မဖြစ်တဲ့လူတွေပဲ ချမ်း ...၊ ဒီနေရာမှာ ငါတို့သုံးယောက် ထက် ပိုပြီး စိတ်ချရတဲ့သူ မရှိဘူး၊ ထူးခြားမှုဖြစ်လာတာကို ပြောရမှာပဲ"

ချမ်း ကတော့ ဒေါ်သစ္စာညို မျက်နှာပေါ်က ချောက်ချားမှုတွေ ကြောင့် မပြောချင်တော့တာပါ။ ဒါကို ဦးခန့် က နားလည်သွားကာ...

"မမကြီး သိမှ ဖြစ်မှာမို့ နားနဲ့မနာ ဖဝါးနဲ့နာပါ၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်း ပြန်ပြီးပြောပြတဲ့အကြိမ်ရေက မမကြီးကို ပြောပြခဲ့တာထက် များပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမကြီးက မကျန်းမာတဲ့လူ ဖြစ်တဲ့ပြင် ရီလေး ရဲ့အဘွား ဖြစ်နေတဲ့အတွက် ..."

"နေပါဦး .. မင်းတို့ပြောနေကြတာက မြေးက ဟို .. အို .. ဒုက္ခပါပဲ .. မဟုတ်ပါစေနဲ့ .. ဘုရား!... ဘုရား .."

"ဟုတ်နေတာကတော့ သေချာသလောက်ပဲ မမကြီး .."

စကားလမ်းဆုံးနေကာမှတော့ ဘေးကို ကွေ့ရှောင်သွားလို့လဲ မထူး၊ ရပ်တန့်နေလို့လဲ မဖြစ်သည့်အတူတူ ဦးခန့် က ပြတ်သားစွာ ပြောချလိုက်၏။ ပြီးမှ ...

"ကျွန်တော်တို့လုပ်ဖို့က မွေးနေ့ကို ရက်သတ်မှတ်ဖို့ မကြိုးစားဘဲ မွေးနေ့ဆုတောင်းနဲ့ အလှူဒါနတစ်ခု လုပ်ပေးပြီး အမွေလွှဲဖို့ကို .."

"ဒါဆိုရင် မြေးလေးက အမြင်စောင်းမှာပေါ့"

"ဒီအခြေအနေနဲ့ မမကြီး လွှဲပေးလိုက်မှာလား"

"မဖြစ်ဘူး .."

ဒီလိုကျတော့လည်း ဒေါ်သစ္စာညို ခေါင်းခါ၏။ စိတ်တော့ မချမ်းသာပါ။ ဒါပေမယ့် ...

"ကျွန်တော်တို့ ကိုယ့်ကလေးကို စည်းရုံးဖို့ အချိန်ယူရဦးမယ်၊ သူက နိုင်ငံခြားမှာ အနေကြာလာတာရယ် ..၊ ဦးလေးတော်ပေမယ့် မောင်သက်ထွန်း က သူ့အတွက်တော့ အရမ်းကိုစိမ်းသက်တဲ့လူ ဖြစ်နေတာရယ် ..၊ ရုပ်ရည်ကလည်း စိတ်ကူးယဉ်စရာလေး .."

"ဒါပေမယ့် ဒီလိုဖြစ်စရာမှ မဟုတ်တာ၊ ဒါ တကယ်ဆိုရင် သား.. အဲ .. သက်ထွန်းကို ငါ ဒီတိုင်း ကြည့်မနေနိုင်ဘူး .."

"'ဆန်ရင်း နာနာဖွပ်' ဆိုတဲ့စကား ရှိတယ်မို့လား မမကြီး၊ ဒီစကားပုံနဲ့ သိပ်တော့မဆိုင်ပါဘူး၊ ပြောရရင် ယုန်ကမတိုး ပိုက်က တိုးတာ ..၊ ကလေးက မိုက်လို့ပေမယ့် အရွယ်ရောက်ပြီးတဲ့မိန်းကလေး ဖြစ်





တဲ့အတွက် တစ်ဖက်ယောကျ်ားလေးကို လက်ညှိုးထိုးလို့ မရဘူး"

"မဟုတ်ဘူးလေ .. မြေးလေးက အမွေအားလုံးကို ပိုင်ဆိုင်မယ့်သူမှန်း သိနေလို့ တမင်ကြံစည် စည်းရုံးတာရော မဖြစ်နိုင်ဘူးလား၊ လူတွေ မထင်လောက်အောင် ဟန်ဆောင်ကောင်းနေတာကတော့ လူကြီးက ထိန်းသိမ်းနိုင်တယ်၊ လူငယ်က ဟန်ဆောင်မှု နည်းမယ် .. ဒါတွေရှိသေးတယ်လေ"

လက်သည်းဆိတ်တော့ လက်ထိပ်နာတာမျိုး ..၊

ကိုယ့်သားလေးလို သဘောထားပြီး အမျိုးမျိုး သည်းခံမျိုသိပ်ခဲ့ဆေမယ့် ဒီမြေးလေးကတော့ ဒဏ္ဍာရီ ရဲ့ နောက်ဆုံးမျိုးဆက်သွေးလေးပါ။

"သူ .. သူ တော်တော့်ကို ရက်စက်လွန်းနေပြီ .."

လို့ တစိမ့်စိမ့်တွေးနေရင်း အေးစက်စက် ခက်ထန်စွာ ရေရွတ်၏၊ ပြီးတော့ ဆက်၍ ...

"သမီးငယ် ဆုံးသွားတုန်းက လုပ်ကြံမှုဖြစ်နိုင်မယ်လို့ ဘယ်သူမှ မထင်ခဲ့ကြဘူး၊ ငါ့မျက်လုံးတွေ ကွယ်သွားတဲ့အတွက် ဘာကိုမှ အရေးတယူ အကဲမခတ်နိုင်တော့တာလည်း ပါပါတယ်"

ဒါတွေကို ဦးခန့် က သိပြီးသားပါ။ တစ်ခါမှ သေချာမပြောပြဖြစ်ခဲ့တာက ချမ်း ကိုပဲ ဖြစ်၏။ ထို့ကြောင့် ...

"သမီးကြီးကျတော့ အရမ်းကို သိသာသွားတယ်"

"ကျွန်တော် ပြောပြလိုက်မယ် မမကြီး"

ဒေါ်သစ္စာညို မျက်ရည်တွေ ဝေ့နေသဖြင့် ဦးခန့် က ဘေးမှာရပ်နေရာကနေ ခုံတန်းလေးမှာ ဝင်ထိုင်လိုက်၏။ အိမ်ထဲမှာဆို ကွယ်ရပ်တွေ ရှိသည်မို့ 'နံရံတွေမှာ နားတွေရှိသည်' ဆိုတဲ့စကားအတိုင်း ကိုယ့်စကား တခြား ဘယ်သူမှမကြားနိုင်အောင် ခြံထဲ ဆင်းလာခဲ့ကြတာ ဖြစ်သည်။

ဒေါ်သစ္စာညို က ခြံထဲဆင်းဖြစ်တိုင်း ဝှီးလ်ချဲနဲ့ဖြစ်သလို ခုလည်း ဝှီးလ်ချဲပေါ်မှာပဲ ဖြစ်၏။ ပန်းပင်တို့၏အလယ်မှာ ကျောက်ခုံတန်းလေး နှစ်ခု မျက်နှာချင်းဆိုင်ရှိရာ ဦးခန့် ထိုင်လိုက်တော့ ချမ်း နဲ့ မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖြစ်သွား၏။

"ဒီလိုကွာ .."

ဦးခန့် က ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ ...

"မမကြီးရဲ့သမီးကြီး ကြည်ကြည် က အရမ်း စကားနည်းတယ်၊ စိတ်ဆတ်တာမျိုး မဟုတ်ပေမယ့် ထက်ထက်မြက်မြက်ရှိတယ်၊ ပြောမယ်ဆိုကွာ.. သူ မောင်သက်ထွန်းကို သိပ်သဘောမကျပေမယ့် မမကြီး ကိုယ်တိုင် ဖေဖာပေးထားမှန်းသိတော့ ဘာမှမပြောရှာပါဘူး၊ တစ်ခါတစ်ခါ စကားခလုတ်တိုက်မိကြရင်တော့ မိန်းကလေးလည်း ဖြစ်တယ်၊ အပြောလည်း ကြွယ်တော့ မောင်သက်ထွန်း ကို အရှိုက်ထိစေတဲ့ စကားလုံးမျိုးတွေ ပြောသွားတတ်တာ ရှိတယ်၊ သူ့ဒွေးကိုယ်တိုင် ရှိစဉ်တည်းက သမီးတွေကို အရမ်းချစ်ခဲ့တာလေ၊ သက်ထွန်း ရောက်လာပေမယ့် ရင်သွေးမို့ ကြည့်ရှုစောင့်ရှောက်ခဲ့တယ်၊ တာဝန်ကျေဖို့ ကြိုးစားတယ်၊ သူ ရသင့်တဲ့ အတိုင်း ခွဲခြမ်းပေးဖို့လည်း စီစဉ်ခဲ့တာပါ .."

ဦးခန့် က ပြောနေရင်း သက်ပြင်းချသည်။ သူက သူ့ဒွေးနဲ့ အနီးကပ်ဆုံးနေခဲ့ရတဲ့သူမို့ ကိုယ့်သူ့ဒွေး ဘယ်လိုအကျပ်ရိုက်ခဲ့ရတယ်ဆိုတာ ဇနီးဖြစ်သည့် ဒေါ်သစ္စာညို ထက် ပိုသိနေသည်ဆို လွန်မလားမသိ ..။

"ဒီကလေးရဲ့စိတ်ကို ငါ အကဲခတ်မိနေတယ် ကိုခန့် ..၊ သူ့မှာ လျှို့ဝှက်သိပ်သည်းတဲ့ အိုဖွဲ့မှုတွေရှိတယ်၊ ငါ့မိသားစုက ဖြူစင်သလောက် သူ့ဘက်က အညိုရောင်သန်းနေတယ် ..၊ ရင်သွေးချင်းတူပေမယ့် မိန်းကလေးတွေအပေါ် နိုင်စားသွားမှာတော့ ငါ မကြိုက်ဘူး၊ သူတို့မောင်နှမရဲ့ဆက်ဆံရေးတွေကို မင်း အမြဲတမ်း သတိထားကြည့်နေစမ်းပါ" တဲ့။

စိန်ကဲရွှေကဲထက် လူကဲခတ်ဖို့ ခက်နေတုန်းမှာပဲ သူ့ဒွေး ဆုံးသွားခဲ့သည်။ သူ့အတွေးတွေလည်း ဒီမှာပဲ တစ်ခန်းရပ်ကာ ...

"သူ့ဒွေး ဆုံးသွားတော့ ဘယ်ကိစ္စကိုမှ ပြီးဆုံးအောင် မစီစဉ်နိုင်ခဲ့ဘူး၊ မမကြီးကလည်း နဂိုတည်းက မျက်မှန်တပ်နေရတဲ့သူလေ၊ မျက်လုံး





ကြွယ်တဲ့အထိဖြစ်သွားတော့ အားလုံးရဲ့ကံကြမ္မာက သူ့လက်ထဲကိုရောက်သွားတာပေါ့၊ သူ့ဘက်မှာ ကြံစည်ဖို့ အခွင့်အရေးတွေ အများကြီး ရသွားတယ်"

ဒေါ်သစ္စာညို က ဦးခန့် ပြောနေတာကို ခေါင်းညိတ် ထောက်ခံရင်း မျက်ရည်တွေကိုပါ သုတ်ပစ်လိုက်၏။

ထိုအခါ အေးစက်တည်ငြိမ်မှုတွေနှင့် မျက်နှာသည် အမြဲတမ်း ကတ္တီပါခြုံပဝါကြီးနှင့် ခန့်ညားစွာနေတတ်ခဲ့သည့် ဒဏ္ဍာရီစံအိမ်ရဲ့ အရှင်သခင် ဒေါ်သစ္စာညို အဖြစ် ပြန်လည် အသက်ဝင်လာခဲ့၏။

ထိုမျက်နှာက ထူးခြားသည့်ပြောင်းလဲမှုတွေကို ဦးခန့် ရော ချမ်းပါ သတိထားမိကြကာ ဦးခန့် က ကျေနပ်သွားသည့်အပြုံးမျက်နှာနှင့် ခေါင်းညိတ်၏။

"ဒဏ္ဍာရီစံအိမ်ရဲ့ ကြွယ်ဝမှုတွေကိုလည်း အလုံးစုံ သိထားတယ်၊ ဒဏ္ဍာရီကို ဆက်တိုက်အနိုင်လုပြီး သမီးကို အရလုယူသွားခဲ့တဲ့ မောင်ရန်နိုင် ဘက်က အင်အားကိုလည်း သူ မက်မောသွားပြီး ဒီမိန်းကလေးတအသွားနဲ့ အဖေဘက်က ပိုင်ဆိုင်သမျှအားလုံးကို ဆက်ခံရမယ့်သူ ဖြစ်နေတော့ ..."

"နေပါဦး .. ငါ စဉ်းစားလို့မရတာ သူ ငါ့ကလေးကို သတ်ဖြတ်ဖို့ ကြံစည်နေတယ်ဆိုရင်တောင် ကာကွယ်ရာရှာဖို့ ကြိုးစားနိုင်သေးတယ်၊ အခု ..."

"ခုလည်း ကိုယ့်ကလေးကိုကိုယ် စည်းရုံးလို့ရပါသေးတယ် မမကြီးရယ် .. စိတ်မပူပါနဲ့"

"မဟုတ်ဘူး မောင်ခန့် .. ငါ အခု တရေးရေးတွေးမိလာပြီ၊ မြေးကို ဒီလိုနည်းနဲ့ အပိုင်ကြံဖို့တော့ သူက စပြီး တွေးမိမှာ မဟုတ်ဘူး၊ ဒါ မလုပ်အပ်ဘူးဆိုတာလည်း သူ လူကြီး .. သူ သိနေရမယ်၊ ချမ်း ပြောသလို မြေးကသာ စိတ်ကစားပြီး ဒီလိုမှားယွင်း ..ကျွတ်!..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သစ္စာညို မျက်လုံးတွေ မှိတ်ပစ်လိုက်ပြီး မျက်နှာတစ်ပြင်လုံးမှာ ယူကျုံးမရခြင်းတွေ ပြည့်နှက်နေခဲ့လျက် ...

"ကျွန်တော့်အမြင် ပြောရရင်တော့ .."

လုံးဝ တိတ်နေခဲ့သည့် ချမ်း က စကားစလိုက်တော့ ဒေါ်သစ္စာညို မျက်လုံးတွေ ပြန်ဖွင့်၏။ မမြင်ရပေမယ့် သူ့ရှိရာကို မျက်လုံးကစား၍...

"ပြောလေ လူလေး ..၊ ခုချိန်မှာ မိသားစုလိုသဘောထားပြီး တိုင်ပင်နေကြတာပဲ၊ သမီးကြီးတုန်းကဆိုရင် ငါတို့နှစ်ယောက်အပြင် ဘယ်သူ့ကိုမှ မယုံရဲ၊ မတိုင်ပင်ရဲလို့ သမီးကြီးကိုယ်တိုင် သူ့နာမည်ကို ရှုတ်ပြသွားတာတောင် ဒီတိုင်းပဲ မျိုသိပ်နေခဲ့ရတယ်"

"ဒါကတော့ သူ လုပ်ကြံ ဖျောက်ဖျက်ပစ်လိုက်တာ ကိုယ်ကသိနေတာပဲရှိတာ.. သက်သေအထောက်အထားတွေ ပြနိုင်ဖို့က လိုသေးတာကိုး၊ ဒဏ္ဍာရီစံအိမ်ရဲ့ဂုဏ်သိက္ခာအတွက် ကျွန်တော်တို့ ဒါကို ပြည်ဖုံးကားချထားခဲ့ရတယ်၊ သူ့ရဲ့ မကောင်းတဲ့သတင်းအနံ့ဟာ မမကြီးရဲ့စီးပွားရေးနယ်ပယ်မှာပါ ထိခိုက်မှုတွေ ဖြစ်လာမှာကလည်း ရှိသေးတယ်၊ ဒီအတွက်တော့ ပြန်တွေးပြီး စိတ်ညစ်မနေပါနဲ့တော့၊ မမကြီး ဆုံးဖြတ်သင့်တာကို ဆုံးဖြတ်နိုင်ခဲ့တာပါ"

"အန်တီကြည် က ရေနစ်ခဲ့တာလား .."

သူမရဲ့ အဝတ်သေတ္တာကို သူပဲ လာပို့ခဲ့တာမို့ ချမ်း က မရှင်းတာကို မေးသည်။ ဒေါ်သစ္စာညို က ခေါင်းခါပြလိုက်ရင်း ...

"အဲဒါတွေကို ပြန်လည်း မပြောချင်တော့ပါဘူး၊ ပြောမိရင် သမီးနှစ်ယောက်စလုံး မသမာမှုနဲ့ သေခဲ့ရတာကို ဂုဏ်သိက္ခာနဲ့ ဖုံးဖိ ဖျောက်ဖျက်ခဲ့ရတဲ့ အမေတစ်ယောက်အဖြစ် အဘွား ရှူးချင်စိတ်တောင် ပေါက်မိတယ်၊ ဒါပေမယ့် လူလေးသိအောင် အနည်းအကျဉ်းတော့ ပြောပြပါ့မယ်၊ သမီးကြီး ခရီးထွက်သွားတုန်း သူပဲ လုပ်ကြံပြီး ဖျောက်ဖျက်ပစ်ခဲ့တယ်၊ သမီးက အင်ဂျင်နီယာလေ၊ သူ့အလုပ်ကိုလည်း ဝါသနာပါတယ်၊ အိမ်က





စီးပွားရေးကိုလည်း လှေ့လာတယ်၊ အလုပ်ကိစ္စနဲ့ နယ်ကို ခရီးသွားတုန်း စက်လှေမှောက်တဲ့အထဲ ပါသွားတယ်လို့ သတင်းရောက်လာခဲ့တာ .."

ဒေါ်သစ္စာညို အသံက ထူးခြားစွာ တည်ငြိမ်နေခဲ့လျက် မျက်ဝန်းမှာ မျက်ရည်ရောင်လဲ့နေတာပဲ ရှိသည်။ ငိုကြွေးပူဆွေးနေပုံမရှိဘဲ အေးစက်စက် ဖြစ်နေ၏။

"ရွှေစက်တော်မှာ တောင်ပေါ်ရေကျတဲ့သတင်း ကြားရပြီး သမီးကြီးရဲ့အဖြစ်ဆိုးကို ကြားလိုက်ရတာပဲ၊ အဲဒီ မန်းချောင်းနဲ့ဆက်သွယ်နေသချောင်းတွေ မြောင်းတွေရော .. မြစ်ရေထဲထိ တောင်ပေါ်ရေတွေ စီးဝင်နေတာ .. တစ်ရက်နဲ့ တစ်မနက်လောက်က ရေတွေ ဝါရဲနောက်ကျိနေတာပဲတဲ့၊ နောက်ပြီး မျောပါလာတဲ့ အပျက်အစီး အပိုင်းအစတွေရောပဲလေ၊ ဒီရေတွေနဲ့ပတ်သက်နေသလိုလို .. အဲဒီအဖြစ်နဲ့ရောပြီး သမီးကို လုပ်ကြံလိုက်တာ၊ ဒါပေမယ့် သမီးက အသက်ပြင်းတယ်၊ ကယ်ဆယ်ရေးကအချိန်မီ မကယ်နိုင်ပေမယ့် သက်ထွန်း နာမည်ကိုတော့ ရှုတ်ပြသွားသေးတယ် .."

"အဘွားတို့နဲ့ တွေ့လိုက်သေးတယ်ပေါ့ .."

"အသက်ရှင်လျက် မမီလိုက်ပါဘူး"

ဦးခန့် က ကြားဝင်ဖြေကာ ...

"သူပြောတဲ့ လိပ်စာအတိုင်း ဆေးရုံက ဆက်သွယ်ပေးတာ၊ ငါတို့သွားတော့ သူ မှာခဲ့တာကိုပဲ တစ်ဆင့်ကြားရတာပေါ့၊ အလောင်းကို စိစစ်တော့လည်း ကိုယ်ပေါ်မှာ သေလောက်တဲ့ဒဏ်ရာ တွေ့ထားတယ်၊ စက်လှေ တကယ်မှောက်ခဲ့တဲ့နေရာကလည်း သူ့ကို ကယ်လာခဲ့တဲ့အောက်ပိုင်းမှာဆိုတော့ ကြည်ကြည် က ဒဏ်ရာတွေနဲ့ ရေကိုဆန်ပြီး မျောသွားဖို့မှ မရှိတာ၊ တကယ်တော့ လုပ်ကြံပြီးမှ လှေနဲ့အိတ်ထိုးရေထဲ ပစ်ချခဲ့တာ .."

"ရလောက်ပါပြီ .. တော်တော့ မောင်ခန့်၊ ငါ မကြားချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခုလောက် မေးလို့ရမလား မသိဘူး .."

"ဘာများလဲ .. မေးလေ၊ အန်ကယ်လ်တို့က ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနေကြတာပဲ .. မေးပါ"

"ရီလေး က နိုင်ငံခြားကရောက်လာတာ မကြာသေးဘူးဆိုတော့ အန်တီကြည် နဲ့ မတွေ့ဖြစ်လိုက်ဘူးလား .. တွေ့သွားကြသေးလား၊ ကျွန်တော် မေးတာက ဒီလိုပါ .. ကိုယ့်အဒေါ်ရှိရက်နဲ့ မိခင်လိုချစ်ရမယ့် အဒေါ်ကိုထားပြီး ဦးလေးဖြစ်တဲ့သူဘက်ကို ပါသွားတယ်ဆိုတာ .."

"မဟုတ်ဘူး ချမ်း.. ရီလေး နဲ့ သူ့အဒေါ် မဆုံဖြစ်ခဲ့ကြဘူး၊ တူမကြီး ကြည်ကြည် ဆုံးသွားပြီး ရက်နှစ်ဆယ်ကြာမှ ရီလေး ရောက်လာတာ .. မမကြီး အဲဒါကြောင့် ဖြေသိမ့်စရာ ရသွားခဲ့တာပါ"

"ဟုတ်တယ် .. ဘွားရဲ့မြေးလေး ရောက်လာတာ ဘွားအတွက် အရာရာဟာ အဓိပ္ပာယ်တွေ ပြန်ရှိလာခဲ့တယ်၊ မှောင်မိုက်သွားခဲ့တဲ့လမ်းပေါ်မှာ ဖွေးထိန်နေတဲ့မီးရောင်တွေ ပြန်ပေါ်လာသလို အနာဂတ်ရဲ့လမ်းကြီးက ဖြောင့်ဖြူးနေပါလားလို့ တွေးပြီး ဘာကိုမှလည်း ဂရုမစိုက်ချင်သလို ဖြစ်လာခဲ့တယ်၊ ဒါပေမယ့် ဒါတွေဟာ ခု ပြန်ပြီး ဝေဝါးသွားခဲ့ပြန်ပြီ"

ဒေါ်သစ္စာညို ရဲ့ မာန်တင်းထားသည့်မျက်နှာထက်မှာ ပြုံးတော့မည့်မိုးလို ညိုမှောင်လာပြန်၏။

"ဘွားမြေးလေး .."

"သူ့ကို အန်ကယ်လ်တို့ပဲ သွားကြိုကြတာလား"

"ဟင့်အင်း .. ဒီကိုရောက်လာမယ်လို့ ထင်တောင် မထင်ခဲ့ကြပါဘူး၊ မမကြီးရဲ့သမက် ရန်နိုင် ဆိုတာ အရမ်းကိုမာနကြီးပြီး ဆွေမျိုးဂုဏ်လည်း မောက်တယ်၊ ဒီလိုဖြစ်ရလောက်အောင်လည်း တကယ်ကိုကြွယ်ဝတဲ့သူပါ၊ ကလေးကိုခေါ်သွားပြီး လုံးဝမှ အဆက်အသွယ် မလုပ်တာ၊ ကလေးကို အမွေကိစ္စ တွေ့ပါရစေဆိုတာတောင် သူ့သမီးအတွက် မလိုဘူးတဲ့၊ အမေ စိတ်ချမ်းသာသလို လုပ်ပစ်လိုက်ပါတဲ့ .."





"ဟုတ်တယ် .. ကိုယ့်မြေးကို ဘယ်အရွယ် ဘယ်လိုပုံရှိနေတယ်ဆိုတာတောင် မသိခဲ့ရပါဘူး"

"ဒါဆိုရင် ရီလေး က အဘွားတို့မြေးဆိုတာ ဘယ်လိုအထောက်အထားနဲ့ လာတာလဲ .."

"မြေးက သူ့အခမေဆင်ထားတဲ့ ပတ္တမြားလက်ဝတ်ရတနာတွေကိုပဲ အမြဲဝတ်ထားတာလေ..၊ အဘွားတို့သားအမိက ပတ္တမြားတို့ အရမ်းကြိုက်တာ၊ ဟိုအရင် မိုးကုတ်မြေမှာ စီးပွားရေးသမားတွေ သောက်သောက်လဲ ပွထမလာခင်တည်းက အဘွားတို့မိဘဘိုးဘွားက ကျောက်မျက်ရတနာကုန်သည်တွေ၊ ပတ္တမြားကို ကျောက်ခဲသလဲတွေနဲ့ ကစားသလို ချစ်လည်း ချစ်တယ်၊ ကျွမ်းလည်း ကျွမ်းကျင်တယ်၊ အဘွားတို့ တော့ မျိုးဆက်ပေါ့၊ ဒါပေမယ့် အခု ကိုယ်ပိုင်လုပ်ငန်းတွေ မထားတော့ဘူး၊ စုဆောင်းမိခဲ့တာလေးနဲ့ပဲ လက်လှမ်းမီသလောက် စီးပွားရေးလုပ်ငန်းတွေ ထူထောင်ခဲ့တာ .."

ဒါဆို ရီလေး မှာ ဒီလက်ဝတ်လက်စားတွေပါလာလို့ မြေးအဖြစ်အသိအမှတ်ပြုခဲ့ရတာပေါ့ ..၊ တစ်ယောက်တည်း ဆက်တွေးရင်း ချမ်းမျက်မှောင်ကုတ်သွားခဲ့၏။ ရီလေး ဟာ ဒီလူကြီးမိဘတွေအပေါ် နွေးထွေးသင့်ဆုံးလူ ဖြစ်ပါလျက်နှင့် ဘာဖြစ်လို့ ဒီလိုဖြစ်နေခဲ့တာလဲ ..။

"မြေးက သူ့အဖေကို အတိုက်အခံလုပ်ပြီး ဘွားဆီကို ခွတ်ပြန်လာတာဆိုတော့ ပိုဝမ်းသာခဲ့တာပေါ့၊ အဘွား ပိုင်ဆိုင်သမျှကို ဆက်ခံမယ့် မြေးလေး အချိန်မီရောက်လာခဲ့လို့လေ .."

"ခုထိ အန်ကယ်လ် ဦးရန်နိုင် နဲ့ မဆက်သွယ်ဖြစ်ခဲ့ဘူးပေါ့နော်"

"လိုမှမလိုတာ ..၊ အဓိကက မြေးလေး ပြန်မသွားချင်အောင် ဘွားက လက်သာအောင် ထားနိုင်ဖို့ပဲ"

"ဟုတ်ပါတယ် .. ကျွန်တော့်စိတ်ထဲရှိသလို ဝေဖန်ကြည့်ရမယ်ဆိုရင်တော့ ဒီမှာ သေဆုံးသွားကြတဲ့ အဒေါ်တွေအကြောင်းရော အဘွားတို့



www.burmeseclassic.com

www.burmeseclassic.com



ပူပန်နေကြတဲ့ ရှေ့ရေးနောက်ရေးတွေ၊ သူ့အပေါ်မှာ ထားကြတဲ့ မျှော်လင့်ချက်တွေ .. မေတ္တာ စေတနာတွေပေါ့၊ အဲဒါတွေအပေါ်မှာ ရီလေးရဲ့ စိတ်ဝင်စားမှု အရမ်းနည်းနေသလားလို့ ..''

''ဟင်!...''

ဒေါ်သစ္စာညို တို့ နှစ်ယောက်စလုံး မျက်နှာပျက်သွားကြ၏။ ဦးခန့်က မျက်နှာခပ်စောင်းစောင်း ဖြစ်သွားတဲ့အထိ တစ်ခုခုကို အလေးအနက် စဉ်းစားလိုက်ပုံ ဖြစ်သွားပြီး ...

''မောင်ချမ်း စိတ်ထဲမှာ တစ်ခုခုကိုများ ထင်နေတာ ရှိလို့လား''

ချမ်း က ခေါင်းခါလိုက်ပြီး ...

''ထားလိုက်ပါ .. ကျွန်တော်က ဘေးလူအဖြစ်နဲ့ လျှောက်တွေးကြည့်တာ၊ အဘွားတို့က အတူတူနေကြတဲ့လူချင်း ပိုပြီး ခံစားမိမှာပဲ၊ အခြေအနေတစ်ခုဟာ ဘယ်လောက်ရှုပ်ထွေးနေနေ ရှင်းလို့ရမယ့် အဖြေတစ်ခုခုတော့ ရှိနေမှာပါ ..''

ချမ်း က စကားလက်စဖြတ်၍ ထရပ်လိုက်သည်။

လူကြီးနှစ်ယောက်ကတော့ သူထည့်ပေးလိုက်သည့် အတွေးကိုယ်စီနှင့် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်သွားခဲ့၏။

ဒေါ်သစ္စာညို မျက်ခုံးတန်းတို့ ထိဆက်မတတ် တွန့်ကုတ်လျက်...၊ ချမ်း ဘာကို ပြောချင်တာများလဲ ...၊





## အခန်း (၄၇)

''ဘာ!...''

ဦးသက်ထွန်း အသံကြီးက ဟိန်းထွက်သွားသည်။

''မင်းက အခု သူနဲ့ ရှော့ပင်းထွက်တယ် ဟုတ်လား ...၊ ပြောစမ်း ဆွိတီ ..''

ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်သဖြင့် ဆွိတီ မျက်နှာ မဲ့ခနဲ ဖြစ်သွားသည်။

''ဟုတ်တယ် .. ဘွားတို့က သူမပါဘဲ ဘယ်မှမလွှတ်ဘူး၊ ပြီးတော့ လေးလေးပဲ ငါတို့ကိစ္စတွေ ဒီကောင် တော်တော်များများ သိနေပြီဆို၊ သူ့ကို စည်းရုံးဖို့ မလိုဘူးလား .. ရန်သူကို မိတ်ဖွဲ့ထားမှ စစ်ကို ရှောင်နိုင်မှာ ..''

''မင်းက .. ဟုတ်လား ..''

''လေးလေးက မီး မတတ်နိုင်ဘူးထင်လို့လား၊ ဘယ်ဖိုယောက်ျားပဲဖြစ်ဖြစ် ..''



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတိုင်း တဖျာကျွန် မဟုတ်ဘူးဆိုတာ မင်း မမေ့နဲ့ ဆွိတီ၊ ချမ်းသာ ဆိုတဲ့ကောင်ကို မင်းရဲ့မာယာတွေနဲ့ ဖြားယောင်းဖို့ကြိုးစားရင် မောရုံပဲ ..၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်လုံးထဲမှာ မင်းက တရားခံ တစ်ယောက် ဖြစ်နေလို့ပဲ"

"ဟင်!..."

ဦးသက်ထွန်း ပြောချလိုက်မှ ဆွိတီ ထိတ်လန့်ရှုမှန်း သိလာ၏။

"ခုချိန်ထိ ဒီကောင် လူကြီးတွေကို ဘာမှ သေချာပြန်ပြောမပြခဲ့ဘူး၊ အဲဒါကိုက မင်းနဲ့ငါ့ကို စည်းဝိုင်းတစ်ခုထဲ ထည့်ပိတ်ထားလိုက်တာ၊ ငါ မင်းလို ပစ္စည်းမက်ပြီး ပျာယာခတ်နေတဲ့ ကလေးသာသာ စိတ်ကူး တတ်တဲ့ မိန်းကလေးမျိုးနဲ့ ပူးပေါင်းလိုက်မိတာ မှားတယ်"

"လေးလေး အဲဒီလို မပြောပါနဲ့ .."

"ပြောတာထက် ရင်ထဲမှာ ပိုပြီးနာတယ် ဆွိတီ၊ မင်းက အရှုံးကွက် နင်းပြီး ငါ့ကို ခုတုံးလုပ်ဖို့ ကြိုးစားတာ၊ ငါလည်း မင်းကို မက်မောသွား မိလို့ ခံရတယ်၊ ဒါပေမယ့် မင်းလိုမိန်းကလေးကြောင့် ငါ ချောင်ပိတ် မိသွားခဲ့တာ သိပ်ကို ရှက်ဖို့ကောင်းတယ်၊ တကယ်တော့ ..."

"ဘာဖြစ်လဲ လေးလေး .. ဆက်ပြောပါ၊ မီးက ပစ္စည်းမက်ပြီး ပျာယာခတ်နေတာ မဟုတ်ဘူး၊ အစတည်းက ရှိလေး ကိုယ်ပေါ်က ဖြုတ် ယူလာတဲ့ လက်ဝတ်ရတနာလောက်နဲ့ပဲ ကျေနပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့လူ၊ အတောမသတ်နိုင်တဲ့လောဘကြောင့် ဒီမှာ ဆက်ပြီး ဟန်ဆောင်လုပ်ရှား ကြည့်ဖို့ ကြိုးစားခဲ့တာလည်း အခြေအနေမဟန်ရင် တိတ်တိတ်လေး ပြန်ဆုတ်သွားရုံပဲ .."

"သြော .. သြော ..."

ဦးသက်ထွန်း က စက်ဆုပ်သည့်အကြည့်တစ်ချက်နှင့် နောက် ဆုတ် ခါးထောက်ရပ်၏။

"ဆက်ပြောပါဦး .. နားထောင်ရတာ မဆိုးဘူး"





"လေးလေးကို စွဲလမ်းခဲ့တာတွေလေ၊ မီး ပစ္စည်းမက်တဲ့စိတ်ထက် လေးလေးကို မက်မောခဲ့တာက ပိုတာပါ၊ လူသတ်သမားလို့ တိတ်တိတ် ပုန်းထိုးထားကြတဲ့ လက်ညှိုးတွေကို သိလာရတော့ ပိုပြီး စိတ်ဝင်စား တယ် .."

"ဟုတ်မှာပေါ့ .. လူသတ်သမားချင်း တွေ့နေတာကိုး .."

"ဒါလည်း ဟုတ်မှာပဲ .. ဒါပေမယ့် မီး ဒီတိုင်း အမွေရတဲ့အထိ ဆက်ကြိုးစားဖို့၊ လေးလေးနဲ့ လက်တွဲပြီး လေးလေးရဲ့ဦးဆောင်မှုနောက် မှာပဲ လုံခြုံနွေးထွေးစွာ နေဖို့ .. အဲဒီလိုတွေ စိတ်ကူးယဉ်လာခဲ့တာက ချစ်တဲ့စိတ် တစ်ခုတည်းပဲ .. အဲဒါ သစ္စာဆိုရဲတယ်"

"မဆိုပါနဲ့ .. မဆိုပါနဲ့၊ မင်းရဲ့ စစ်မှန်တဲ့သစ္စာစကားကြောင့် တအွာ မြေကြီး တုန်ဟီးလာပါ့မယ်"

ဦးသက်ထွန်း က လှောင်ပြောင်သလို ခပ်မဲ့မဲ့ရယ်ရင်း ...

"ထားလိုက်ပါ .. ဒီအချိန်ရောက်လာမှ ဒါတွေပြောပြီး ရန်ဖြစ်မနေ ချင်ဘူး၊ အခု မင်း ဆက်လုပ်ရမှာက အမွေလွှဲပေးဖို့ကိစ္စ အမြန်ဆုံး ဖြစ်မြောက်အောင် ကြိုးစားဖို့ပဲ .."

"မီးက ဒီရောက်တည်းက ဘွားတို့ သံသယမဝင်အောင် အမွေတွေ ကို မလိုချင်သေးသလို ငြင်းထားခဲ့တာ၊ ခုမှ ဘယ်လိုလုပ်ရမလဲ .."

"ဒါတော့ မင်း ပညာသုံးလေ .."

"ကိုချမ်း က ရိပ်မိနေပြီဆိုရင် မီးတို့မှာ အဲဒီလောက် အချိန်ရပါ့ မလား လေးလေး .."

"မရတော့ မင်းက ဘာလုပ်ချင်လို့လဲ"

"ဘာလုပ်ရမယ်ဆိုတာ လေးလေးက ပိုသိမှာပါ၊ လေးလေး ဦး ဆောင်ညွှန်ကြားတာပဲ မီးက လိုက်နာဖို့ ဆုံးဖြတ်ထားတာ .."

ဦးသက်ထွန်း က စူးစိုက်ကြည့်ပြီး ခေါင်းဆတ်ညိတ်သည်။ သဘော ပေါက် လက်ခံသွားတာတော့ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"လှုံသတ်ဖို့ပေါ့ ...၊ ချမ်း ကို ရှင်းပစ်ဖို့ မင်း ပြောတာလား .."

"ဒါက အထိရောက်ဆုံးနည်းပဲ မဟုတ်ဘူးလား၊ နောက်ပြီး ဟောဒီ စံအိမ်ကြီးထဲမှာ ဒေါ်သစ္စာညို က ဂုဏ်သိက္ခာတွေကို ထမ်းပိုးထားတာ၊ လေးလေး ဘာလုပ်လုပ် သူ ဘာမှ .."

"တိတ်စမ်း ဆွိတီ .."

"မီးကို အဲလောက် လေးလေး မအော်ပါနဲ့၊ လေးလေးကို ယုံကြည် လွန်းလို့ မီးရဲ့မျှော်လင့်ချက်တွေ၊ အနာဂတ်တွေ၊ ဘဝတွေ အကုန်လုံး လေးလေးကို ပုံအပ်ထားတာ၊ မီး လှုပ်ရှားရမှာဖြစ်သလို လေးလေးမှာ လည်း တာဝန်မရှိဘူးလား၊ မီးက အားလုံး မျက်စိအောက်မှာ နေရပေမယ့် လေးလေးက အများကြီး လွတ်ကင်းတယ်၊ လုပ်ပိုင်ခွင့်တွေ အများကြီးပဲ"

"အစက လွတ်ကင်းတယ် .. အခု မလွတ်ကင်းတော့ဘူးလေ၊ အဲဒါ မင်း မသိဘူးလား .."

ဦးသက်ထွန်း ဆွိတီ ရဲ့ဘေးကို ချက်ချင်း ပြန်ကပ်လာကာ ...

"ဟိုအစက ဘယ်သူမှမထင်မှတ် သတိမထားမိလိုက်ခင် ငါကိုယ် တိုင် ကြံစည်ခဲ့တာရော၊ မကြံစည်ရဘဲ အခြေအနေကိုက ပေးလာလို့ ကျူးလွန်ခဲ့တာရော လုပ်ကိုင်ခဲ့သမျှ ဘာအခက်အခဲမှ မရှိဘူး၊ သံသယ တွေ ဝင်လာကြတဲ့အချိန်မှာလည်း ဘယ်သူမှ ဘာမှလုပ်လို့ မရတော့ဘူး၊ အခုက ငါ့ကို ဝိုင်းဝန်းစွပ်စွဲနေကြပြီ .. အဲဒါ မင်း မသိဘူးလား၊ ထိရဲရင် ထိကြည့် .. လှုပ်ရဲရင် လှုပ်ကြည့်ဆိုတဲ့ မောင်းတင်ထားတဲ့အသံတွေ ငါ အမြဲတမ်းပဲ ကြားနေခဲ့ရတယ်၊ မင်းကို ရီလေး ထင်ပြီး လုပ်ကြံခဲ့တာ တောင် အောင်မြင်ခဲ့သလား .. ပြန်တွေး .."

"ဟုတ်တယ်လေ ...၊ ချမ်း ဆိုတဲ့လူ ရှိနေရင် ခလုတ်ကန်သင်းပဲ"

"ဒေါက် ... ဒေါက် .."

နှစ်ယောက် ဘယ်လိုမှ ဘက်မညီနိုင်သည့် တာဝန်ခွဲဝေမှုက တံခါး ခေါက်သံကြောင့် တိခနဲ ပြတ်တောက်သွားခဲ့၏။





ဦးသက်ထွန်း မျက်နှာ မည်းမှောင်သွားကာ ဆွိတီ လက်တစ်ဖက် ကို ဖိဆုပ်ပစ်လိုက်ပြီး ...

"မင်းပြောတော့ ကားပြန်လွှတ်လိုက်တယ်ဆို .."

"ဟုတ်တယ်လေ .. ဒရိုင်ဘာဦးလေးကြီးပဲ ပြန်လွှတ်လိုက်လို့ ကိုချမ်း ကို မှာလိုက်တာပဲ၊ သူက ကားထားခဲ့ပြီး ပြန်မယ် လုပ်နေတာကို၊ မီးမှ ကားမမောင်းတတ်တာ ဘယ်လိုလုပ် ယူထားမလဲ .."

"ဒါဆို ဒရိုင်ဘာကို ဒီထဲထိ လာခေါ်ဖို့ရော သေချာ ပြောပြလိုက် တာလား .."

ခေါင်းခါပြလိုက်ပြီးမှ ဆွိတီ မျက်နှာ ကွက်ခနဲ ဖျော့သွားသည်။ သူမ ဆင်းနေခဲ့တာက ရေကူးကန်ရှေ့မှာဖြစ်ကာ အထဲထိတောင် အား မဝင်နိုင်းခဲ့ပေ ...။

စက်ရုံဝင်းနဲ့ သိပ်မဝေးပေမယ့် သူမ ဒီထဲရောက်နေတာကို သိနေ စရာအကြောင်းမှ မရှိဘဲ ...။

ထို့ပြင် ဒါက စက်ရုံဝင်းထဲမှာ မှန်သည်။ ဒါပေမယ့် ကော်ဖီဆိုင် သေးသေးလေးရဲ့နောက်က သီးသန့် စားသောက်ခန်းထဲမှာ ...၊

"ဒရိုင်ဘာ မဟုတ်လောက်ပါဘူး .. အလုပ်သမား တစ်ယောက် ယောက် နေမှာ .."

ထိတ်လန့်သွားတာကို မျိုသိပ်ကာ ဆွိတီ က ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်၍ တံခါးဘက် လှည့်လိုက်သည်။

"အပြင်က ဘယ်သူလဲ .."

"ချမ်း .."

နှစ်ယောက်စလုံး ဖျတ်ခနဲ မျက်လုံးချင်း ဆုံသွားသည်။ ဒီကောင် ပေါ်တင် တိုက်ခိုက်နေပြီလား ...။

ဦးသက်ထွန်း မျက်နှာမှာ သွေးထွက်မတတ် နီရဲတွက်လာကာ လူသတ်ချင်စိတ်တွေ တဖွားဖွား ဖြစ်လာ၏။ တွဲလွဲကျနေသည့် လက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်က လက်သီးဆုပ်ကြီးတွေအဖြစ် ဆုပ်ကျစ်သွားခဲ့ပြီး ...

"သွားဖွင့်ပေးလိုက် .."

လေသံလောက်ပဲပြောကာ နောက်ဖေးတံခါးလေးကနေ ဖွင့်ထွက်နေလိုက်၏။ သိသာသိစေ မမြင်စေနဲ့တဲ့၊ ဒီအချိန်မှာ နှစ်ယောက်အတူမြင်သွားလို့ မဖြစ်သေး ...။

"ယူ့ကို ဘယ်သူက ပြန်လာခိုင်းလို့လဲ .."

တံခါးဖွင့်လိုက်တာနှင့် ရှေ့မှာ မားမားကြီးရပ်နေသူဟာ မျက်လုံးထဲမှာ သရဲတစ္ဆေထက် အကြည့်ရ ဆိုးနေ၏။

ချမ်း ဆိုတဲ့လူကို မြင်မြင်ချင်း သဘောကျ ရင်ခုန်သွားခဲ့တာ အိပ်မရ စားမရလောက်အောင် သူ့အကြောင်းပဲ တွေးနေတဲ့အထိ ဖြစ်ခဲ့၏။ ခုတော့ အသွေးအသားထဲကပါ ဖျစ်ဖျစ်မြည်အောင် မုန်းတီးနေခဲ့လျက်...

"ယူ့မှာ ဘယ်လောက် လုပ်ပိုင်ခွင့်တွေ ရထားလို့ ဒီလောက် ဘောင်ကျော်လာရဲတာလဲ ..."

ချမ်း ရဲ့မျက်လုံးက သူမကိုကျော်၍ တစ်ချက်ဝေ့သွားပြီးမှ ...

"ဟုတ်တယ် .. အမွေလွှဲတဲ့ကိစ္စ မပြီးမြောက်မချင်း မင်း ဘယ်သွားသွား ထက်ကြပ်မကွာ အရိပ်လို လိုက်ပါ စောင့်ရှောက်ဖို့ .."

"ကျွန်မအတွက် မလိုဘူး .."

"ငါ့အတွက် လိုတယ်၊ အကယ်၍ မင်းက ဘောင်ကျော်တာ တစ်ခုခုလုပ်ဖို့ ကြိုးစားရင်လည်း ဘယ်အခြေအနေမှာဖြစ်ဖြစ် ပါဝင်ပတ်သက်ဖြေရှင်းပေးခွင့် ရှိသေးတယ်၊ အဲဒါကြောင့် မင်း မပါဘဲ ငါမပြန်တာလေ"

"ဒါဆို ယူက .."

"ကားထဲကပဲ စောင့်နေတာပါ၊ ပျင်းလို့ သီချင်းနားထောင်မယ်လုပ်မှ ဒီမှာ ..."

ချမ်း က MP 4 တစ်ခုကို ထောင်ပြ၍ ...

"မင်း ဝယ်လာပြီး ကားပေါ်မှာစမ်းနေရင်း ကျန်ခဲ့တာ၊ မင်း အိတ်





ထဲမှာ ပါသွားတာ ငါ့ MP 4"

"ဟင်!..."

'အမိပ္ပာယ် မရှိလိုက်တာ'လို့ ရေရွတ်ရင်း ဆွိတီ ကိုယ့်အိတ်လေး ပြန်ဖွင့်ကြည့်မိသည်။ အိတ်ထဲမှာ တကယ်ပဲ သူ့ပစ္စည်းကို မြင်လိုက်ရသဖြင့် အံ့သြသွားမိ၏။

ဒီဇိုင်းတူသလိုရှိပေမယ့် အရွယ်လည်း တူတာ မဟုတ်ဘဲ ...၊

"ပေး .."

ထုတ်ကိုင်ကြည့်လိုက်တုန်း ချမ်း က ဖျတ်ခနဲ ဆွဲယူသွားကာ သူမရဲ့ MP 4 ကို ပြန်ထည့်ပေး၏။

"မင်းဟာကို ငါ လုံးဝ ဖွင့်မကြည့်ထားဘူးနော် .."

ပြောပြီး လှည့်ထွက်သွားကာ နောက်လှည့်မကြည့်တော့ဘဲ ...

"အေးဆေး နေလို့ရတယ် .. ငါ ကားပေါ်မှာပဲ ရှိနေမယ် .."

လို့ အော်ပြောသွား၏။ ဒါ ဘာလဲ ...၊

ကားထဲမှာ သီချင်း ဗီဒီယို ဘာကြည့်မလဲ ...၊ ဘာနားထောင်မလဲ အားလုံး ရှိသည်။ MP 4 နားထောင်တာလည်း တစ်ခါမှ မတွေ့ခဲ့ဘူးဘဲနှင့် ...၊

တွေးနေရင်း မတွေးရဲတော့သလိုဖြစ်လာကာ ရင်ခုန်သံတွေ မြန်လာခဲ့သည်။ ထိုစဉ် နောက်မှာ အရိပ်ထင်လာခဲ့ပြီး ...

"MP 4 မင်းက ဘာလုပ်ဖို့ ဝယ်လာတာလဲ .."

ဦးသက်ထွန်း အသံက သံသယများစွာနှင့် နက်ရှိုင်းနေ၏။

ဆွိတီ သည် ရဲတင်းသည့်အကြည့်များနှင့် သူ့ကို စူးစူးရဲရဲ တုံ့ပြန်ကြည့်၍ ...

"မနက်က လျှောက်ဝယ်သမျှ ဘာစိတ်ကူးမှမရှိဘူး .. ဘာလုပ်ဖို့မှလည်း မဟုတ်ဘူး၊ လေးလေးကို မီး ပြောပြီးပြီလေ၊ သူနဲ့ ပူးပေါင်းကြည့်ဖို့ စိတ်ကူးနဲ့ မြင်မြင်သမျှ ကောက်ထည့်လာတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပစ္စည်းတွေကို ကားပေါ်မှာပဲထားပြီး ဒါကျမှ မင်းလက်ကိုင်အိတ်ထဲ ကောက်ထည့်လာတယ်ပေါ့"

ဒီတစ်ခါ ဆွိတီ ချက်ချင်း တုံ့ပြန်မပြောနိုင်ဘဲ မျက်လုံးပြူးလေးနဲ့ မော့ကြည့်ပြီး ငြိမ်ကျသွား၏။

"လုံးဝ သေချာတယ် ဆွိတီ၊ ဒါ တမင်လုပ်ကြံတာ .."

"ဘယ်လို!..."

"ပစ္စည်းတွေ သူပဲ သယ်လာတာမို့လား .."

"ဟုတ်တယ် .."

"ငါတို့ပြောသမျှ ဒီကောင် အသံဖမ်းယူသွားပြီ .."

"ဘာ!..."

ဆွိတီ တစ်ကိုယ်လုံး ကျဉ်ခဲသွားသလို ဆံပင်တွေပါ ထောင်ကုန်ပြီလား မသိ ..။

ဒါ မဖြစ်နိုင်ဘူး ..၊

အသံတိတ် ခေါင်းတွင်တွင်ခါနေသော်လည်း စိန်ခေါ်သွားတဲ့သူကတော့ ..။





## အခန်း (၄၈)

"မင်းနဲ့ငါ ခုကစပြီး ဘာမှမပတ်သက်ခဲ့ဖူးတဲ့လူတွေပဲ .."

"ဘယ်လို .. လေးလေး ဘယ်လိုပြောလိုက်တာလဲ .."

ဦးသက်ထွန်း က လုံးဝပြန်လှည့်မကြည့်တော့ဘဲ တံခါးကို အလျှင်စလို ဆွဲဖွင့်၍ ထွက်ခွာသွား၏။ သေချာတာက ချမ်း နောက်ကို လိုက်သွားတာပဲ ဖြစ်မှာပါ။

ဆွိတီ တစ်ယောက်တည်း အခန်းထဲမှာ ဟိုပြေးရမလို၊ ဒီပြေးရမလို ဖြစ်ကျန်ရစ်၏။

အစတည်းက ရီလေး တောင်ကျရေနဲ့ ပါသွားလို့ ဆုံးပြီ ဆိုတဲ့ သတင်း လာပြောပြီး ရတာလေး ပိုက်၍ လှည့်ပြန်သွားခဲ့ရင် အကောင်းသား ..။

ခုတော့ လောဘတွေတက်ပြီး အမှားတွေ ဆက်တိုက်ဖြစ်သွားခဲ့ပြီ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မဟုတ်တဲ့ တခြားလူတစ်ယောက်ရဲ့ကိုယ်စား အတုအယောင် လုပ်၍ နေရာယူဖို့ဆိုတာ တကယ်လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာ မတွေးမိခဲ့တာလည်း မဟုတ် ...။

ပြောင်းလဲနေခဲ့တဲ့ အခြေအနေအရပ်ရပ်နဲ့ သူ့ပတ်ဝန်းကျင်ကို ကိုယ် လိုသလို ထုဆစ် ပုံဖော်လို့ လွယ်မတဲ့လား ...။

ဒါဟာ ဇာတ်ညွှန်းဆရာ ဖန်တီးထားတဲ့ ဇာတ်လမ်းတစ်ပုဒ်မဟုတ် သလို သူမ ဇာတ်ကနေတာလည်း မဟုတ်ပေ ...။

ချောင်ပိတ်မိနေပြီဖြစ်သည့် အခြေအနေမှာ နင် ဘာလုပ်မှာလဲ...၊

ခေါင်းတွေသာ ထူပူလာသည်၊ ဘာလုပ်သင့်သလဲဆိုတာ အဖြေက ထွက်မလာ ...။

တကယ်ဆို လေးလေးနဲ့ သူမ ခုချိန်မှာ သွေးစည်းညီညွတ်စွာ ရှိ နေသင့်သည်။

ကိုယ်က မကောင်းခဲ့သလို သူကရော လူကောင်းမို့လို့လား...၊ ဖြစ်မှု တွေကိုယ်စီ ကျူးလွန်ထားခဲ့ကြတာချင်း အတူတူ ခုကျမှ ကိုယ်နဲ့အတူ ရှိနေလျှင် နစ်နာမှာစိုးသလိုမျိုး ရှောင်ထွက်သွားခဲ့သည်။

ရှင် သိပ်ကို တစ်ကိုယ်ကောင်းဆန်တယ် လေးလေး ...၊

နှုတ်ခမ်းလေးတစ်ဖက်ကို နာကျင်လာတဲ့အထိ ဖိကိုက်ပစ်လိုက် မိသည်။ သူ ဘာလုပ်ဖို့ ထွက်သွားမှန်း မသိပေမယ့် ကိုယ် လုပ်စရာရှိတဲ့ အတိုင်းတော့ လုပ်မှဖြစ်မည်။

ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းကြေးဆိုရင်တော့ ကျွန်မ လွတ် မြောက်သည်ဖြစ်စေ၊ မလွတ်မြောက်သည်ဖြစ်စေ ရှင်လည်း ချမ်းသာရာ ရမယ်မထင်နဲ့ ဦးသက်ထွန်း ...၊

ဆွိတ် အခန်းထဲကနေ အပြင်ကို ပြေးထွက်လိုက်ပြီးမှ ကိုယ့်ရှိန် ပြန်သပ်ရသည်။

ကားဆီကို သွားရကောင်းနိုး ... မကောင်းနိုးနှင့် ရုတ်တရက် ဝေခွဲ





လို့ မရ ...။

ချမ်း တကယ်ပဲ အသံဖမ်းယူသွားတာ ဟုတ်ရဲ့လား ...၊ မဟုတ်ဘူး ဆိုလျှင် ကိုယ့်ဘက်က ကြံစည်ဖို့အချိန် ရှိသေးသည်။

ချမ်း ကို လူငယ်ချင်းမို့ ဒီလောက်ထိ ကွက်ကျော်မြင်နိုင်ပြီး ပါးနပ် လိမ့်မည်လို့ ခုချိန်ထိ သူမ မယုံချင် ...။

သူ့ဘက်က ဒီလိုမဟုတ်ဘဲ ကိုယ်ကစပြီး မလုံတဲ့အိုးလို ဖြစ်သွားခဲ့ ရင်ရော ...၊

ခြေလှမ်းတွေက သယ်ဆောင်တဲ့အတိုင်း ကားဆီကို မဟုတ်ဘဲ ဦးတည်ချက်လွဲ၍ သွားနေခဲ့သည်။ သွားနေရင်း အတွေးတွေနဲ့ ခေါင်းထဲ မှာ ရှုပ်ထွေးနေခဲ့၏။

သူမ ကားမမောင်းတတ်ခြင်းကို ရိပ်မိသွားတာကစပြီး ချမ်း မျက်လုံးတွေ သူမအပေါ်မှာ စူးရဲကျဉ်းမြောင်းလာတာကို သတိထားမိ သည်။

ကိုယ်ပိုင်ကားတစီးစီနဲ့ နေလာတဲ့သူက ကားမမောင်းတတ်ဘူးဆို တာလည်း ရှိတော့ ရှိတတ်ကြပေမယ့် သူမကတော့ မမောင်းတတ်လို့ မဟုတ်ဘဲ မောင်းကိုမမောင်းချင်သော အိုဗာအက်တင်တွေနှင့် ရှောင် တိမ်းနေခဲ့တာ ဖြစ်သည်။

အဲဒီမှာ စတင် မှားယွင်းခဲ့သည်လား ...၊

"ကျွိ ..."

"အမေ့!..."

"ဟော့ ... သေချင်လို့လား ..."

တင်ပါးကို ပွတ်ထိမတတ် နီးကပ်စွာရပ်သွားပြီး ကားထဲကနေ ဒေါသနှင့် လှမ်းအော်သွားသေးသည်။

အလျင်စလို လမ်းဖြတ်ကူးမိသည့် ကိုယ့်အပြစ်ကြောင့် သူမ ဘာမှ မပြောနိုင် ...။

www.burmeseclassic.com



နောက်ကို ပြန်ဆုတ်ရပ်လိုက်ပြီး ဖုန်းထုတ်ရင်း လူရှင်းသည့် လမ်းဘေးတစ်နေရာထိ လျှောက်သွားပြီးမှ …

မဟုတ်သေးဘူး …၊ ချမ်းနဲ့ ဒီအချိန် ပြောလို့ မဖြစ်သေးဘူး …၊ လေးလေးထွန်း နဲ့ ချမ်း တို့ တွေ့ပြီး တစ်ခုခု ပြောနေနိုင်သည်။

ဖုန်းကိုင်ထားပြီးမှ ဆွိတီ အံကြိတ်၏။

ရှင် လုပ်ပါ …၊ ချမ်း ဆိုတဲ့လူ ဘယ်သူ့ဘက်ပါသွားသွား ဆွိတီ ဆိုတဲ့ ကျွန်မကလည်း တစ်လှမ်းမှ ကျန်ခဲ့မှာ မဟုတ်ဘူး …။

အဲဒါ ကျွန်မ ရှင့်ထက်မညံ့ဘူးဆိုတာ ပြမလို့ …။





## အခန်း (၄၉)

"အား!…"

"ရှင် အရမ်းနာနေလားဟင် …"

"နာတယ် … ခေါင်းမှာလည်း လေးချက်တောင် ချုပ်ထားရတာ၊ လက်က ကျိုးမသွားတာ ကံကောင်း …"

ကိုယ့်မှာ အန္တရာယ်ရှိနေပြီမှန်း သိနေပေမယ့် မြို့လယ် လမ်းမပေါ်မှာ နေ့ခင်းကြောင်တောင် ဒီလိုဖြစ်မယ်လို့ ထင်မလား …၊

လူရှင်းတယ်ဆိုပေမယ့် ရုံးမကြီးရဲ့ဘေးသွယ်ထဲမှာ ဒီလောက်ကြီး ပြတ်လပ်နေတာလည်း မဟုတ် …၊ နောက်က ဆိုက္ကားဘဲလ်သံကြားလို့ ဘေးကပ်လျှောက်ပေးလိုက်တုန်း ဘာသံမှမကြား …၊ ဘယ်လိုမှ ပြင်ဆင်ချိန် မရလိုက်ခင် ခေါင်းထဲမှာ ဖောင်းခနဲ မီးပွင့်သွားသည်။

ကိုယ့်ကိုယ်ကိုယ် ခံရပြီမှန်း သိလိုက်ပေမယ့် နောက်ထပ် ဆက်တိုက်ဝင်လာသည့် ရိုက်ချက်တွေကိုလည်း လွတ်အောင် မရှောင်နိုင်ခဲ့ပေ…။



www.burmeseclassic.com

www.burmeseclassic.com



ကျောမှာတစ်ချက် ထိချက်ပြင်းသွားပြန်ကာ လူရိပ်တွေနဲ့ လှုပ်ရှားမှုတွေကြောင့် တုံ့ပြန်ဖို့ အားမထုတ်နိုင်ဘဲ လက်နဲ့ ပြန်လည်ကာကွယ်ရင်း ကာကွယ်သည့်လက်နှစ်ဖက်စလုံးမှာ ဒဏ်ရာတွေ ထပ်ရခဲ့သည်။

ထိုအချိန်မှာ လူတွေသာ ရောက်မလာပါက သူ့အဖြစ်က ဘယ်လိုမှ လွတ်လမ်းမမြင်။ ဒါတောင် သူ့အိတ်ကိုရော ကိုယ်မှာ သိမ်းဝှက်ထားနိုင်သမျှ ချောင်ကြားအားလုံးကို ဆွဲလှဲရှာဖွေသွားတာ လျှပ်တစ်ပြက်ပေမယ့် တကယ့်ကို တစ်ကိုယ်လုံး အနံ့ ..။

"ရှင် သူတို့ကို မသိဘူးပေါ့ .."

"မသိပါဘူး .. သေချာတောင် မမြင်လိုက်ဘူး၊ ဘယ်သူ့ကိုမှလည်း မမိလိုက်ကြဘူး ထင်တယ်၊ သူတို့က ပြေးဖို့ အဆင်သင့်ပြင်ထားပြီးသား"

"ဒါဆို သူတို့ကလည်း လူမှားရိုက်တာမှ မဟုတ်ဘဲ"

ကောင်မလေး မျက်နှာကို ချမ်း က စိုက်ကြည့်သည်။ ပုံစံလေးပြောင်းနေပြီဆိုတာ သတိထားမိနေခဲ့သည့်ပြင် တစ်ခါတစ်ခါ ကောင်မလေး တွေးခေါ်ပြောတာလေးတွေက စိတ်ဝေဒနာရှင်နဲ့ မတူ။ ဆံပင်ဖားလျား မျက်နှာပြောင်လေးနှင့် ပန်းရောင်ဖျော့ဖျော့အင်္ကျီပွပွလေးကို ဝတ်ထားသည်။ သူပဲ စိတ်ထင်နေမိတာလား မသိ ..။

ကောင်မလေးရဲ့ပုံစံလေးက ပို၍နုသန့်လာသလို ပိုပြီးချစ်ဖို့ကောင်းနေသည်။ မသိမ့် ပြန်သွားတည်းက သနပ်ခါးလိမ်းတာ မတွေ့တော့ပေမယ့် ရှိန်းမြနမွှတ်သည့် ပါးပြင်မို့မို့လေးတွေက ဒီတိုင်းလည်း လှနေတာပဲ ဖြစ်၏။

ကြမ်းပေါ်မှာ ကျုံ့ကျုံ့လေးထိုင်၍ သူ့လက်ကို ပတ်တီးစည်းပေးနေသောကြောင့် အပေါ်စီးကနေ မျက်နှာလေးကို စူးစိုက် ငေးနေမိသည်။

မသိမ့် မရှိတော့သဖြင့် သူမနဲ့ သုခ တို့ကို သူ ပိုပြီးဂရုစိုက်သင့်တာကို သိပေမယ့် ခုချိန်ကျမှ သူ့မှာလည်း ညအိပ်ဖို့ ပြန်လာတာတောင် အဘွားက သိပ်မလွှတ်ချင် ..။





"ဟိုက ကလေးတွေကိုပါ ခြံထဲမှာပဲ အတူတူခေါ်ပြီး နေလိုက်ကြရင် ပြီးတာပဲကွယ်၊ ဒီမှာ စားစရာ နေစရာ ပူရတာကျလို့ .."

သူ ပြန်တော့မယ်ဆိုတိုင်း ဒီစကားကို အဘွားက ညည်းညူသလို ပြောတတ်တာ ခဏခဏ ..။

"ကိုကြီးကို ချသွားတဲ့လူတွေကို ကိုကြီးက နည်းနည်းမှကို မမှတ်မိတာလား .."

သုခ က လိမ်းဆေးတွေ သွားဝယ်ပြီး ပြန်တက်လာသည်နှင့် မေးခွန်း တစ်ခါတည်း ထုတ်သည်။

ပြီးတော့ ကောင်မလေးဘေးမှာ တင်ပလ္လင်ခွေထိုင်လိုက်တာ —

"ကိုကြီးကို တစ်ခါတည်း ဆေးရုံတက်ရလောက်အောင်သာ ချသွားကြရင် ဒုက္ခ .."

"ဘာဖြစ်လို့လဲ .."

"ကိုကြီး လူမမာဖြစ်မှာပေါ့၊ ဆေးလည်း မသောက်ချင်၊ အိပ်ရာထဲမှာလည်း ကြာကြာမနေချင်နဲ့ .."

"ဟုတ်လို့လား .. မင်း ငါ အလုပ်မလုပ်နိုင်ရင် ငတ်မှာစိုးလို့မို့လား"

"မဟုတ်ပါဘူး ကိုကြီးကလည်း .."

သုခ က ရင်းနှီးမှုတွေ ရှိလာကြတာနဲ့အမျှ မိသားစုကို ပိုပြီး ခင်တွယ်တတ်လာသလို သိတတ်မှုလေးလည်း ရှိသည်။

"ကိုကြီး အိပ်ရာထဲလဲနေလည်း သား ရှာကျွေးနိုင်ပါတယ်"

"ဘာလဲ .. ရန်ကုန်က ကလေးတွေအထာမျိုး ဂျာနယ်ရောင်းမယ်၊ ပန်းရောင်းမယ် .. ဒါပဲမို့လား .."

"ဘာလုပ်လုပ်လေ .. ကိုကြီးနဲ့ မမ သိက္ခာ မကျစေရဘူး၊ ကိုကြီး မကြိုက်တဲ့ အိမ်သာကျင်းတူးတာတို့ .. သန့်ရှင်းရေးသမားတို့ လုံးဝ မလုပ်ဘူး .. ဒါဆို မရဘူးလား"

ချမ်း က မတည်မပြုံးမျက်နှာနှင့် သုခ ခါးကို ခြေဖျားနဲ့ မနာအောင်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းထန်လိုက်ကာ ...

"ခွေးဝဲစားလေး .. လူက လက်သီးလောက်နဲ့ စကားလုံးက ငါ့ခေါင်းလောက် .."

"သိပ်မကြွားဘူးမို့လား .. ကိုကြီးကလည်း .."

ချမ်း မျက်နှာ ပြုံးသွားတော့ ဘူးထဲက ထုတ်ယူလိုက်သည့်ပုလင်းကို ကောင်မလေး လက်ထဲ ထည့်၍ ...

"မမပဲ လိမ်းပေးလိုက်တော့နော် .. သား ထမင်းစားပြီးရင် ဘော်ဒီရုံကို သွားတော့မယ်"

"သွားလေ .. ဒါပေမယ့် ခဏခဏ ပြန်လာနော်၊ ကိုချမ်း က နေမကောင်းဘူး .."

"မမ ရှိတာပဲဟာ .."

သုခ က လည်သည်။ ခပ်တည်တည်လေးပြော၍ ထရပ်လိုက်ကာ မီးဖိုချောင်ဘက်သွားပြီးမှ နောက်ပြန်ကြည့်၍ ...

"ဘော်ဒီရုံက ကိုကြီးသောကြာ က ပြောတယ် သိလား၊ မင်းရဲ့ အစ်ကိုလင်မယားက နှစ်ယောက်စလုံး ငယ်ငယ်ချောချောလေးတွေပါ၊ ဒါပေမယ့် ကြင်ကြင်နာနာ သွားလာတာမျိုး မမြင်ဘူး .. ပျင်းစရာကြီးတဲ့"

ပြောလည်း ပြော လူလုံးလည်း ပျောက်၏။ ဖျတ်ခနဲ မျက်လုံးချင်းဆုံသွားပြီးမှ ကောင်မလေး က မျက်လွှာချပစ်ကာ ...

"ဟိုဘက်လက်ကိုတော့ ဆေးလိမ်းမှဖြစ်မှာ ..၊ ပွန်းရှတာက ဆေးထည့် ပတ်တီးစည်းလို့ ရတယ်၊ ဘာဖြစ်သွားမှန်းမသိတဲ့ အတွင်းဒဏ်ရာကျတော့ ပေါ့လို့ မရဘူး .."

ပြောနေရင်း ချမ်း ရဲ့အကျႌလက်မောင်းကို သူမဘာသာပဲ သေချာလိပ်တင်၏။

"ဒီဘက်မှာလည်း ထိတာကို၊ ဆရာဝန်ကို ဘာဖြစ်လို့ မပြောခဲ့တာလဲ၊ အကိုက်အခဲပျောက်ဆေးလေး ဘာလေး ထိုးလာရင် ခံရသက်သာ





တာပေါ့၊ ဒီတိုင်းဆို ညကျရင် ရှင် နာတော့မှာ၊ ကြည့်ဦး .. ရောင်တက်လာတာ အမြှောင်းလိုက်ကြီး .."

သူမပဲပြောကာ လက်က မနားတမ်း လှုပ်ရှားသွား၏။ နူးညံ့နွေးအိနေသည့် သူမလက်ချောင်း သွယ်သွယ်လေးတွေက ထိကိုင်လိုက်တိုင်း စွဲမက်ဖို့ ကောင်းသည်။

မကောင်းတာက .. သူမ စကားတွေ လမ်းလွဲသွားအောင် ဦးတည်ချက် ပြောင်းတတ်နေပြီ။ အမြင်မတော်သည့်လူတွေက သွေးစိမ်းရှင်ရှင်ကျနေသည့် သူ့ခေါင်းကဒဏ်ရာကြောင့် ဆေးရုံကို တစ်ခါတည်း ခေါ်သွားခဲ့ကြသည်။

ဟိုကျတော့ ဆရာဝန်က ရိုက်မှုဖြစ်နေသည့်အတွက် ကုမလေးချင်ကြောင်း ပြောတာတွေ၊ ခေါင်းနဲ့လက်တစ်ဖက်က ဒဏ်ရာကိုပဲ တိုင်ချက်ဖွင့်ဖို့ တိုက်တွန်းခဲ့တာတွေ၊ အားလုံးကို ပြောပြထားပြီးသား ...။

နောက်ထပ် အတွင်းကြေတာတွေ၊ အပြင်ကြေတာတွေ ဆရာဝန်ကို ထပ်ပြောရင် ဘာတွေ ထပ်ရှုပ်နေဦးမလဲ ...၊

ဒါကြောင့် နောက်ထပ် ဘာဒဏ်ရာကိုမှ မပြောတော့ဘဲ ပြန်လာခဲ့တာကိုလည်း ပြောခဲ့တာပဲ။ မျက်နှာလေးကို စိုက်ကြည့်ရင်း ချမ်း ခပ်ကြိတ်ကြိတ်မဲ့သည်။ စကားသံတိတ်နေတာကို သတိထားမိပြီး ကောင်မလေး က မော့ကြည့်လိုက်သဖြင့် သူ မဲ့လိုက်တာကို မြင်သွားကာ ...

"ဒီက ပြောတာ ဘာမကျေနပ်စရာ ပါလို့လဲ .."

"ရစ်နေတာလေ ..၊ မင်းက ဆရာဝန်ထက် ပိုရစ်နေလို့ .."

"ရှင် ခံစားရမှာကို မမြင်ရက်လို့ ပြောပြတာ"

"မပြောနဲ့ .."

"ရှင်လည်း နာလာပြီဆိုမှ မအော်နဲ့ .."

"ကောင်မလေး ရေ လုပ်ပါဦးလို့ မအော်ရင် ရပြီလား"

လက်ကို သေချာပွတ်သပ်လိမ်းပေးနေရင်း ကောင်မလေး ရဲ့ စုပုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်အကြည့်လေး သူ့မျက်နှာဆီ ပင့်တက်လာသည်။

ခဏပဲ မျက်လုံးချင်းဆုံကာ မျက်လွှာချပစ်တော့ ချမ်း က ပြုံး လိုက်၏။ ပြီးတော့ ဆေးပုလင်း ပြန်ပိတ်ပြီး နေရာမှထဖို့ ပြင်သည်နှင့် ဝတ်တီးရှိသည့်လက်နဲ့ သူမပခုံးလေးတစ်ဖက်ပေါ် ဖိထားလိုက်ကာ ...

"ပြောစရာရှိတယ် .. နေဦး .."

ပြောပြီးတာနှင့် ချမ်း က ကုလားထိုင်ပေါ်က ဆင်း၍ သူမနဲ့အတူ ကြမ်းပေါ်ဆင်းထိုင်လိုက်လျှင် စားပွဲနဲ့ ကုလားထိုင်တွေကြားမှာ သူတို့ နှစ်ယောက် ဘာနဲ့တူနေပြီလဲ ...။

သူမက ကောင်မလေး မဟုတ်တော့ပေ ..။

ရီလေး ဖြစ်နေသည့်စိတ်က ဒီအခြေအနေမျိုးကို ဟန်ဆောင်မှုသိပ် ပြီး ဘာမှမဟုတ်သလိုနေဖို့ ဘယ်လိုမှ မဖြစ်နိုင် ..။

"ဘယ်လိုဖြစ်နေတာလဲ .."

"အို .. ရှင် .."

ပြေးပေါက်ရှာသလို ကတုန်ကယင်ဖြစ်နေသည့်လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်တော့ ရီလေး မျက်နှာလေးမှာ ထိတ်လန့်တာရော၊ ရှက်တာတွေ စုပြုံကာ ချက်ချင်း ရဲတွတ်သွားခဲ့၏။

ချမ်း က ထိုပါးပြင်လေးတွေကို သူနိုးဖမ်းသလို ခပ်ချဉ်ချဉ် နှုတ်ခမ်း တွန့်တွန့်နှင့် စိုက်ကြည့်၍ ...

"ကောင်မလေး ဆိုရင် လူကို ဒီ့ထက်မက ရိုက်ပုတ်ပြီး တစ်ခါ တလေ ယီးလေးခိုသလို မှီတွဲနေသေးတယ် .."

"ဟင်!..."

ရုတ်တရက် ထိတ်ခနဲ ဖြစ်သွားပြီးမှ သူမ မျိုသိပ်လိုက်ရသည်။ လက်ကိုရုန်းပေမယ့် ချမ်း က ဖိဆုပ်ထားလျက်နှင့် ...

"မင်း ပြောင်းလဲနေတာ ငါ သိတယ် ကောင်မလေး၊ အများကြီး တော့ မထင်ချင်ပါဘူး၊ ဒါပေမယ့် မင်း တစ်ခုခုကို သတိရနေပြီ၊ မင်းရဲ့





နောက်ကြောင်းနဲ့ပတ်သက်တာ တစ်ခုခုအပေါ် ဝိုးတဝါး ဒါမှမဟုတ် မပြည့်စုံသေးတာတစ်ခုခုကို မင်း တွေးမိနေပြီ .."

ချမ်း က ကုလားထိုင်မှာ ကျောကပ်မှီကာ ကောင်မလေး မျက်နှာ ကို စေ့စေ့ကြည့်၍ ...

"ဖြစ်နိုင်သမျှ ပြောရမယ်ဆိုရင် မင်းမျက်လုံးတွေက ငါတို့အပေါ် လုံးဝ စိမ်းသက်နေပြီဖြစ်တဲ့အတွက် မင်းရဲ့အတိတ်ကို အားလုံး ပြန်မှတ် မိနေပြီလို့လည်း ပြောလို့ရတယ် ..၊ ဒါပေမယ့် ပြန်မှတ်မိနေသားနဲ့ မင်း ဒီလိုနေစရာအကြောင်းမှ မရှိတာ၊ အကြောင်းရှိနေတယ် .. မင်း ပြန်မှတ် မိနေတာ ဖြစ်နိုင်တယ်ဆိုရင်လည်းကွာ .. အဲဒီအဖြစ်ကို ငါ အလိုမရှိဘူး"

ကောင်မလေး သူ့ကို ကြည့်မိပြန်သည်။ ဆံပင်ရှည်တွေကို ပုံကျကျ သိမ်းလှန်ထားသည့် နားသယ်စပ်ဆံစတွေ ရှင်းနေကာ ဖြူနုသည့်မျက်နှာ သွယ်သွယ်က သန့်စင် ချောမွေ့နေသည်။

သူမ ကောင်မလေးအဖြစ်နဲ့ ရှိနေတဲ့စိတ်ထဲမှာ ဒီလူကို ချစ်တွေး စိတ်တွေ ဘာတွေများ ကြီးမားနေခဲ့မိတာလား ..၊

သုခ နဲ့ မသိမ့် တို့ ပြောတဲ့စကားတွေအရ ဘာမှလည်း တော်စပ် ကြတာ မဟုတ်သလို သူမကပဲ ချမ်း နောက်ကို တကောက်ကောက်လိုက် ပြီး ဆိုးနွဲ့ ဆရာလုပ်လွန်းလို့ လူတွေ အမြင်မတော် ဖြစ်လာရတဲ့အထိတဲ့။

ရန်ကုန်မှာတော့ တောမှာလို လူတိုင်း မျက်စိယဉ်နေကြမှာမဟုတ် လို့ အားလုံးအတွက် တင့်တယ်အောင် လက်ထပ်ထားခဲ့ရသည်လို့ ဆို သည်။

ချမ်း ဆီက အကြည့်စူးစူးတွေ ရင်ထဲကို ထွင်းဖောက်လာတိုင်း သူမ မနေတတ်ပါ။ ဒီလူနဲ့ သူမ တစ်ခုခုများ နီးစပ်ပတ်သက်ခဲ့မိသလား၊ သူ ဘာပြောတော့မှာလဲလို့ တွေးမိတိုင်း ဒိန်းခနဲ ဆောင့်ခုန်သွားတတ် သည့် ရင်ဘတ်က မြေသားနံ့ရဲ့တွေသာဆို ပြုံကျကုန်လောက်ပြီ ...။

"ကောင်မလေး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"မင်း ရှက်နေပြီမို့လား .."

"ဒါကတော့ ရှင် .. ရှင် ပြောတာတွေက .."

"ငါ ဘာမှမပြောရသေးဘဲနဲ့ မင်း ရှက်နေတာ .. အဲဒါ မင်းရဲ့စိတ်တွေ .."

"မဆိုင်ပါဘူး .."

"ဘာကိုလဲ .."

ကောင်မလေး သူ့ နာသွားမှာလည်းစိုးကာ လက်ကို ရုန်းနေမိပေမယ့် အတင်းအကျပ်လည်း မလုပ်နိုင်ဘဲရှိကာ ...

"ရှင့်လက်ကို လွှတ်စမ်းပါ"

"မင်းကို ငါ ချစ်မိနေပြီ .."

"ဘာ!..."

"အဟွန်း .."

ချမ်း က ကောင်မလေး မျက်လုံးပြူးသွားတော့ ပြုံးလိုက်ပြီး ...

"ကောင်မလေးကို အဲဒီလိုပြောလိုက်ရင် သူ့ ခုန်ပေါက်သွားမှာ၊ မင်း ငါ့လက်ထဲရောက်လာတုန်းက အရမ်းကို အလိုက်ကမ်းဆိုးမသိတဲ့ စိတ်ပျက်စရာအကောင်းဆုံး မိန်းကလေးတစ်ယောက်ပဲ၊ ငါလည်း မင်း အပေါ်မှာ စိတ်ပျက်မှုတွေနဲ့ပဲ အချိန်ပြည့် ရှိနေခဲ့တာ၊ ဒါပေမယ့် မင်း ခဏလေး တွေဝေ ငေးမောသွားတာနဲ့ မင်းရဲ့မျက်လုံး၊ မင်းရဲ့နှုတ်ခမ်းလေးတွေကို ရင်ခုန်တယ် .."

"ရှင် ဘာတွေ ပြောနေတာလဲ"

စိတ်ဝေဒနာရှင်ဖြစ်တာနဲ့ပဲ ဘာဖြစ်လို့ ရှက်ရမှန်းမသိ.. ကြောက်ရမှန်းမသိနဲ့ ဆင်ခြင်တုံတရားတွေ နည်းကုန်ရတာလဲ ..။

သူမမှာ ဘယ်လို ပေါ့သွမ်းမှုတွေ ဖြစ်ခဲ့ဖူးသလဲမသိပေမယ့် ခုချိန်မှာ စိတ်ဝေဒနာရှင်လို့ပဲ သူ ထင်နေဖို့အတွက် ပေါ့ပျက်ပျက် ကြည်ဖြူ





ရယ်မောနေဖို့က မဖြစ်နိုင် ..။

သူမ ဆက်ရှူးနေမှဖြစ်မှာဆိုတော့ ဘယ်လိုလုပ်ရမလဲ ..။

ဒဏ္ဍာရီမှာ ဆွိတီ တစ်ယောက် နှစ်နာကြေးတွေ ရသလောက် ဖွဲ့ယူနေနိုင်ဖို့ သူမ ကွယ်ရာမှာပဲ ရှိနေမှ ဖြစ်မည်။

အားလုံးက ကိုယ်သေပြီလို့ပဲထင်နေကြတာမို့ ဆွိတီ လည်း ဒီလိုပဲ ထင်ပြီး ပျော်လက်စနဲ့ ပျော်ပါစေ ..၊

ကိုယ် အပြင်းအထန်ဖျားနာနေတုန်းမှာ ရာသီဥတုက မကောင်း၊ ရေဘေးဒုက္ခတွေ ဖြစ်၊ အားလုံးပဲ ယောက်ယက်တိုက် ပြေးနေကြတုန်း ဆွိတီ က သူမဘေးမှာပဲ ရှိနေခဲ့ရှာသည်။

သွေးသားအရင်းအချာတွေမှ မဟုတ်ကြတာ ဒီထက်တော့ ဘယ်သူ ကောင်းနိုင်မှာလဲ ..။ 'ကမ္ဘာမီးလောင် သားကောင် ချနင်း' ဆိုတဲ့စကား ရှိခဲ့တာမှန်လျှင် ဆွိတီ ကိုယ့်ကိုထားခဲ့ပြီး ထွက်ပြေးတာကို ခွင့်လွှတ်နိုင်ရမည်။

ထို့ကြောင့် သူမအတွက် လောလောဆယ် စိတ်ချလုံခြုံသည့် တွန်းခိုရာတစ်ခု လိုအပ်နေသည်။ ချမ်း ကို သူမ ယုံကြည်စွာ အရူးလိုပဲ ဆက်လက်ဟန်ဆောင်နေဖို့ ဆုံးဖြတ်ထားခဲ့သော်လည်း ...

"ငါပြောတာကို မင်း တကယ် နားမလည်တာဆိုရင် ပြောပြမယ်"

ချမ်း က ရပ်တန့်နေမှာ မဟုတ်သည့် ဇွတ်တရွတ်ဆန်ခြင်းများနှင့် သူမနဲ့ ပခုံးချင်းထိကပ်သွားအောင် တိုးကာ ...

"မင်းနဲ့ငါ တကယ်လက်ထပ်ချင်တယ်"

ဘုရား!... ဘုရား ..၊

လည်ချောင်းတွေ ချက်ချင်းကြီး ခြောက်သွေ့ကာ ချက်ချင်းပဲ တွေ့ အက်ကုန်ပြီလား မသိ ..။ ရန်ခုန်သံတွေ ဆူညံခုန်ပေါက်လျက် အသံတွေး လေး မျိုချမိတာတောင် နာကျင်သွား၏။

မလုပ်နဲ့ ရီလေး .. စိတ်ကို ပြန်ထိန်းစမ်း၊ အသက်မှန်မှန်ရှူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တဲ့အကြည့်မျိုးနဲ့ သူ့ကို ပြန်ကြည့်လိုက် ...၊

နင့်ကို အရင် ကောင်မလေး ပုံစံမျိုးနဲ့ဆို သူ ကြိုက်မှာမဟုတ်ဘူး၊ ပျော်စေပျက်စေဖြစ်အောင် ပြန်ပြောလိုက်စမ်း ...၊

ကိုယ့်စိတ်ကို အနိုင်နိုင်တင်းကာ သူ့ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"ကျွန်မတို့က လက်ထပ်ထားတာဆို .."

"ဟုတ်တယ် .. ဒါပေမယ့် ကိုယ်တို့က လင်မယားမှမဟုတ်တာ"

ဘုရား!...

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါ၏။

"လင်မယားဆိုတာ လက်ထပ်လိုက်တာနဲ့ အတူတူပဲမို့လား"

မျက်လွှာချချင်တာနဲ့ ရောချကာ ကောင်မလေး ကိုယ့်လက်ချောင်းလေးတွေကို ဖြန့်ကြည့်လိုက်ရင်း ...

"လက်စွပ် .. အင်း ...၊ ကျွန်မလက်မှာ လက်ထပ်လက်စွပ်လေး ရှိပါတယ်၊ ဘယ်ရောက်သွားတာလဲ .."

သဘာဝကျသလား မကျဘူးလားမသိ၊ တစ်ယောက်တည်း စဉ်းစားမိသွားသလို သရုပ်ဆောင်ပေးလိုက်သည်။ ချမ်း ကလည်း သူမလိုပဲ လက်ကို လိုက်ငုံ့ကြည့်ကာ ...

"လက်ထပ်လက်စွပ်ဆိုတာ မင်း အမှတ်ရလာတာတွေထဲက တစ်ခုလား .."

"မသိဘူး .. ခုမှ သတိရသွားတာ၊ သူများကို လက်ထပ်တုန်းက ရှင် ပေးခဲ့ဖူးတာလား .."

"ဟင့်အင်း .."

"ဒါဆို ကျွန်မက လက်ထပ်တာ နှစ်ခါရှိပြီပေါ့.. အဲလို ရလားဟင်"

ချမ်း မျက်နှာ အပျက်ကြီးပျက်၏။ ပြီးတော့ ချက်ချင်း ကုလားထိုင်ပေါ် ပြန်ရောက်သွားသည်။ အလွန်အမင်း စိတ်ပျက်ဆင်းရဲသွားသည့်





မျက်နှာသည် ကုလားထိုင်ကျောမှီမှာ ကပ်မှီ၍ မော့လှန်လိုက်ပြီး မျက်လုံးတွေကိုပါ မှိတ်ချပစ်တဲ့အထိ ...၊

ကောင်မလေးက မရဲတရဲမော့ကြည့်ရင်း ပင့်သက်လေးရှိုက်သည်။ ဒီလိုပြဿနာမျိုးအတွက် သူမ ဘာမှပူစရာမလိုတော့ဘူးဆိုတာ သိလိုက်ပေမယ့် ပျော်လည်း မပျော် ...၊

ကိုယ့်ဘက်က ကာကွယ်လိုက်ရုံပဲပေမယ့် သူ့ဘက်က လက်ထပ်ထားမိတာကို အပြစ်ကြီးတစ်ခုလို တမြေ့မြေ့ ရက်ရွံ့ ခံစားနေရမှာမျိုးလည်း မဖြစ်စေချင်ပေ ...။

ထိုစဉ် မော့နေသည့် သူ့မျက်နှာက ပြန်လည်ထူမတ်လာခဲ့ပြီး —

"ပြောလိုက်မိတာကို ငါ ရုပ်သိမ်းပါတယ်၊ ဒါပေမယ့် .."

ကောင်မလေးကို ငုံ့မိုးစိုက်ကြည့်ပြီး ခဏကြာအောင် ငြိမ်နေခဲ့၏။ ပြီးမှ ...

"ငါ့အပြစ်နဲ့ ငါပါ ..တကယ် သေသင့်တယ် .."

လို့ ပြောပြီး နေရာမှ ဆတ်ခနဲ ထရပ်၏။

"ဆေးလိမ်းလို့ မပြီးသေးဘူးလေ"

"မလိုဘူး ...၊ ဘာဆေးမှမတိုးတဲ့ရောဂါ ရှိနေပြီ"

သူ ထွက်သွားတော့ ကောင်မလေး ငေးငေးလေး ကျန်ရစ်၏။ ထွက်သွားသူရဲ့ခြေလှမ်းတွေကလည်း ရှေ့တိုးရင်း နောက်ရောက်နေသလား မသိ ...၊

လေးကန်ဖင့်နဲ့လျက် ဖုန်းမြည်သံကြောင့် လုံး၀ ရပ်တန့်ခြင်းသို့ ရောက်၏။ သူ့ဖုန်း စားပွဲပေါ်မှာ တင်ထားခဲ့သည်။ ဒါပေမယ့် သွားကိုင်မလို့ ပြန်လှည့်လိုက်ပြီးမှ ဖုန်းအသံ တိတ်သွားသဖြင့် နံရံမှာကွယ်ရင်း နားစွင့်ထားလိုက်၏။

ကောင်မလေး ဖုန်းသွားပေးမလို့ စိတ်ကူးလိုက်ပါသေးသည်။ ဒါပေမယ့် စိတ်ဝေဒနာရှင် လုပ်နေရသည့် သူမအတွက် စိတ်ထင်ရာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတတ်သည့် ကာရိုက်တာပဲလိုတာမို့ ဖုန်းကိုကိုင်ထားရင်း ခဏပဲ စဉ်းစားတာ ဖွင့်လိုက်မိ၏။ တစ်ဖက်ကလည်း ဘယ်လောက်ထိ စိတ်စောနေမှန်းမသိဘဲ ဖုန်းဖွင့်လိုက်တာနှင့် စကားလုံးတွေက ဆက်တိုက် ...။

"ချမ်း .. ရှင့်ကို အရမ်းအရေးကြီးတဲ့စကား ပြောဖို့ရှိတယ်၊ အဲဒါလေးလေးနဲ့ပတ်သက်တယ်နော် .."

စကားသံကို ကြားလိုက်တာနှင့် ကောင်မလေး မျက်မှောင်ကုတ်သွားမိသည်။ သူမ ဒီအသံကို ကောင်းကောင်း သိနေသည်။ သို့သော်...

ချမ်း နဲ့ ဒီလောက်ပတ်သက်နေတဲ့အဖြစ်ကို ဘယ်လိုမှ ဆက်စပ်လို့မရနိုင် ...။ သူမကပဲ စိတ်ထင်နေတာလား ..၊ ပြောနေတာ တကယ်ပဲ သူလား ..၊

"ပြောနေတာ ကြားရဲ့လား ချမ်း .. ယူနဲ့တို့ ပူးပေါင်းဖို့လိုတယ်နော်၊ တို့ဆီမှာ ယူ သိချင်တာတွေ၊ ပန်းဒဏ္ဍာရီ ဘယ်ရောက်နေလဲဆိုတာကအစ တို့ ပြောနိုင်တယ်၊ ယူ လိုက်လျောရမှာ တစ်ခုပဲ"

"ဆွိ .. တီ .."

အံ့ဩလွန်းသဖြင့် သူမနှုတ်မှ ဒီနာမည်ကို တစ်လုံးချင်း ပီပြင်စွာ ထွက်သွားခဲ့၏။ ထိုအခါ တစ်ဖက်က ပြောနေသည့်စကားသံပါ လုံးဝ တိတ်ကျသွားခဲ့သည်။

နောက်ထပ် ဘာမှထပ်ပြောမလာမီ ကောင်မလေးက ဖုန်းကို ပိတ်ပစ်လိုက်၏။

ဘာတွေ ဖြစ်ကုန်တာလဲ ...။





## အခန်း (၅၀)

"ဒါ .. ဘယ်သူလဲ ...၊ ငါ့ကို ဆွိတီ လို့ ခေါ်လိုက်တာ ဘယ်သူလဲ .."

တစ်ဖက်မှာ ဆွိတီ မျက်လုံးတွေ ပုစွန်ဆိတ်လို ပြူးကျယ်ဝိုင်းစက်လျက် ဖုန်းကို ပြန်ထောင်ကြည့်မိတာ အရူးတစ်ယောက်လို ...၊

"မဟုတ်ဘူး .. သူ မဖြစ်နိုင်ဘူး ...၊ ငါ သေချာ ခေါင်းရိုက်ခွဲခဲ့တာ"

မဖြစ်နိုင်ဘူးလို့ပဲ တွင်တွင်ပြောကာ ဖုန်းကို နားမှာပြန်ကပ်၍ —

"ဟလို .. ဟလို ခုနက ဘယ်သူလဲ ...၊ ဟလို ..."

ဖုန်းကို ပြန်ကြည့်မိပြန်သည်။

"တောက် .."

ဆွိတီ ဖုန်းကို ဆလင်းဘက်ခ်ထဲ ဖြစ်သလို ထိုးထည့်ကာ မောင်းပြန်ဓားလေးကို မှန်တင်ခုံထဲမှာ အသည်းအသန်ပြေးရှာပြီး ထပ်ထည့်၏။ ပြီးတော့ ...

ဆံပင်တွေ သေသပ်အောင် ပြုပြင်ဖို့၊ အလှအပအတွက် မျက်နှာကို ဖို့ပန်းဖို့ ဘာမှ သတိမရတော့ဘဲ အပေါ်ထပ်က ပြေးဆင်းလာခဲ့၏။

"ဟော .. သမီး ရီလေး တောင် ဆင်းလာပြီ .."



www.burmeseclassic.com

www.burmeseclassic.com



အတွင်းစည့်ခန်းက လေကားကြီးရဲ့ခြေရင်းထောင့်မှာ အနီးဆုံးမို့ အရှိန်နဲ့ ပြေးဆင်းလာမိသဖြင့် ဧည့်ခန်းရှေ့ကိုပဲ တန်းခနဲရောက်သွား၏။

ခုတစ်လော အိမ်မှာ ဘယ်သူတွေမှန်း မသိသော လူကြီးတွေ အဝင်အထွက်များလာတဲ့အတိုင်း ဆိုဖာမှာ ဘွားနဲ့ ဦးခန့် အပြင် တိုက်ပုံအကျီ တွေနှင့် လူကြီးနှစ်ယောက်လည်း ရှိနေ၏။

ဒီလိုပုံစံလူကြီးတွေ ရောက်နေပြီဆို ရှေ့နေတွေလို့ပဲ ယူဆကာ အမွေကိစ္စ စီစဉ်ကြတော့မှာကို တွေးပြီး ပျော်သွားတတ်တာ မနေ့တစ်နေ့က အထိ ...၊

ဒီနေ့တော့ မပျော်နိုင်သည့်ပြင် ရင်ထဲမှာ ပူလောင် ပြင်းရှသွားခဲ့ပြီး ...

"မီး သွားစရာရှိလို့ ဦးခန့်၊ ကိုချမ်း ရောဟင် .."

"ဟော .. ချမ်း ဒီနေ့ အလုပ်မဆင်းတာ မသိဘူးလား .."

သိသားပဲလို့ စိတ်ထဲမှာပြောပြီး ခေါင်းခါလိုက်ကာ ...

"ဘယ်လိုလုပ် သိမှာလဲ .. ဒီအချိန်ဆို ရောက်နေပြီဥစ္စာ၊ ဒါဆို လေးလေးကိုပဲ လိုက်ပို့ခိုင်းတော့မယ် .."

ဒါကတော့ ဟန်ဆောင်တာ မပါပေ။ ညက လေးလေး အိမ်ပြန် မအိပ်ခဲ့တာ သေချာသည်။ အခု ဘယ်ရောက်နေသလဲဆိုတာကို သိချင်၏။

မနေ့တည်းက ချမ်း နောက်ကို လိုက်သွားခဲ့တာလား ...၊ ဝေါကုန်ပြီ မထူးတော့ဘူးဆိုပြီး မြန်မာပြည်ကနေ လစ်ထွက်ဖို့ ကြိတ်ကြံနေပြီလား...။

ချမ်း နဲ့ လေးလေး ဘာတွေဖြစ်ခဲ့သလဲ ...၊ လေးလေး ဘာလုပ်နေသလဲဆိုတာ သိချင်လွန်းလို့ တစ်ညလုံး အိပ်မပျော်နိုင်ခဲ့တာ ခေါင်းတွေတောင် မူးနေသည်။

ဖုန်းဆက်တာလည်း ဘယ်သူကမှ မကိုင်၊ လေးလေးကတော့ စက်တောင် ပိတ်ပစ်လိုက်သေးသည်။

"မောင်သက်ထွန်း ဆီကို ခေါ်မလို့လား သမီး .."





ဦးခန့် က အထဲက လှမ်းပြောနေရင်းကနေ ဧည့်ခန်းတံခါးဝထိ လျှောက်လာကာ ...

"မောင်သက်ထွန်း က အလုပ်အရေးကြီးလို့ စင်ကာပူကို သွားရမယ်တဲ့ ...၊ ညကတောင် ပြန်မအိပ်ဘူးလေ .."

ကြည့်စမ်း ...၊ အထင်ကြီးခဲ့ရသမျှ ဘယ်မှာ ခွဲနဲ့ကြီးတဲ့ယောက်ျား ဟုတ်လို့လဲ ...၊

တစ်ဖက်က မအောင်မြင်ရင် တစ်ဖက်က လှည့်ကြီးစားပါလား ..။

ဒါမှမဟုတ်ရင်လည်း ကိုယ်မှ စားခွင့်မကြုံတော့တဲ့နောက် သူများ အဆင်သင့် ဝင်စားလို့ရအောင် ဒီတိုင်းထားပစ်ခဲ့တာ ကောင်းလား ..။

နေလိုက်ဦး ဦးသက်ထွန်း ...၊ ရှင်ကြီးကို ဒီတိုင်း ပြေးခွင့်မပေးနိုင်ဘူး ...။

စိတ်ထဲမှာ ကြိမ်းဝါးလိုက်ရင်း ထုတ်ကိုင်လိုက်သည့်ဖုန်းကို ပြန် ထည့်သည်။ အခြေအနေကို သူမ မပြတ် အကဲခတ်နေတာပါ။

ခုချိန်ထိ ချမ်း ဘက်က ဟိုကိစ္စကို မဖော်ရသေးတာ သေချာသည်။ ဒါမှမဟုတ် ဦးသက်ထွန်း ထင်သလို မဟုတ်ခဲ့ဘဲ MP 4 နဲ့ မှားသွားလို့ တကယ် အမှန်အကန် လာလဲသွားတာလား ...၊

"ဒါဆိုလည်း ဒရိုင်ဘာနဲ့ပဲ သွားလိုက်တော့မယ်၊ မီး အရေးတကြီး ဝယ်စရာရှိလို့ .."

"နေဦး မြေး .."

မြန်မြန်ဆန်ဆန် သွားဖို့ပြင်ကာမှ ဘွားက ပြန်ခေါ်ကာ ...

"မြေးရဲ့ဖေဖေ ညက ဖုန်းဆက်တယ်"

"ဟင်!..."

ဆွံ့အ တောင့်ခနဲ ဖြစ်သွားသည်။ သို့သော် ...

"ဟုတ်လား .. ဘာဖြစ်လို့ မီးကို မပြောတာလဲ ဘွားရဲ့ .."

"မြေးက ထမင်းတောင်မစားဘဲ အိပ်ရာဝင်သွားတာဆို၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ကိုက်လို့ မန္တီးပါနဲ့လို့ ပြောသွားတယ်ဆိုတော့ ...''

"ဒါပေမယ့် ဖေဖေ့ဆီကဖုန်းဆိုရင် ပြောမှာပေါ့"

"အေးလေ .. ဒါဆိုလည်း မှာသွားတယ်၊ မြေးနဲ့ ဗီဇက်အို ချက်ချင်တယ်တဲ့၊ ဘွားတို့ဖြင့် ဝမ်းသာလိုက်တာ မပြောနဲ့တော့ ...၊ မြေးက ဘွားတို့ဆီကိုလာဖို့ ဖအေနဲ့ အဆင်မပြေ ဖြစ်ခဲ့ပြီး ထွက်ခဲ့ရတာမို့လား၊ ဘွားတို့မှာ သာယာနေပေမယ့် မြေးတို့သားအဖကိုလည်း ဒီလိုကြီး မဖြစ်စေချင်ဘူးလေ၊ အခု သူ့သမီးလေးကို ချော့ဖို့ ကြိုးစားလာတာ ဘယ်လောက် ပျော်ဖို့ကောင်းလဲ ..''

ဘယ်သူတွေ ဘယ်လိုမျက်လုံးနဲ့ပဲ ကြည့်နေနေ ဆွိတီ ကတော့ ဟန်ဆောင်ပြီးတော့တောင် မပြုံးနိုင်တော့ပေ။ စိတ်ထဲမှာ ဒေါသတွေ ဗလပွနှင့် မျက်ခုံးတန်းတွေပါ တွန့်ကုတ်နေခဲ့၏။

လာပြန်ပြီ နောက်တစ်ယောက်လို့ အော်ပစ်ချင်စိတ်တွေနှင့် ဦးရန်နိုင် မျက်နှာကြီးကို မြင်မိသည်။ ကြိမ်းမောင်းလွှတ်လိုက်တုန်းကတော့ ဒီသမီးမျိုးကို တစ်သက်အပြတ် တဲ့ ...။

"ဒါဆိုလည်း ပြန်လာမှပဲ ဖေဖေနဲ့ပြောတော့မယ်၊ မီး အပြင်သွားလိုက်ဦးမယ်နော် ..''

"ဘာများ အရေးကြီးနေလို့လဲ မြေးရယ် .. မြေးရဲ့ဖေဖေက ညတည်းကတောင် မြေးနဲ့ပြောဖို့ စောင့်နေတာ၊ မနက်ကလည်း အစောကြီး ဆက်တယ်''

ဇွတ်ကြီးပါလား ...၊

ဆွိတီ မသက်သာသည့်မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပြောင်းသွားပြီး...

"ရတယ် .. မီးနဲ့ဖေဖေက ပြဿနာမရှိပါဘူး၊ ခဏပဲ ..''

ပြောပြီး ဇွတ်ထွက်လာခဲ့သည်။ ကားထဲရောက်တော့ မဲ့ပစ်မိ၏။ ဦးရန်နိုင် ဆိုတဲ့လူကြီးအကြောင်း သင်းတို့က ဘာသိလို့ လူကို အစ်အောက်ဖို့ ကြိုးစားတာလဲ ...။





သူ့သမီးကို စိတ်ပြေသွားတာဆိုရင်တောင် ဒီလိုအဖြစ်သည်းပြီး ချော့မော့ဖို့ ကြိုးစားမယ့်လူမျိုး မဟုတ် ...။

သူမအတွက် အခြေအနေက ကျဉ်းထဲကျပ်ထဲရောက်နေပြီမှန်း ကြာလေ ပိုသိလာလေ ...၊ ပြီးတော့ ဖုန်းထဲကနေ ဆွိတီ လို့ ခေါ်လိုက်တာ ဘယ်သူလဲ ...၊ ရီလေး လို့ ထင်စရာရှိနေတဲ့ အသံရှင်က ဘာဖြစ်လို့ ချမ်း ရဲ့အနီးမှာ ရှိနေတာလဲ ...။

သူမ တကယ်ပဲ ရီလေး ဖြစ်နိုင်သလား ...၊

တွေးတောပူပန်ရလွန်းလို့ ဘယ်အတွက်ကို အမိက ပူပင်နေမိမှန်းတောင် မသိတော့ပေ ...။

ချမ်း အသံတွေ သွင်းယူသွားခဲ့တာ အမှန်ဆိုလျှင် ဒါကို နားထောင်သိရှိသွားခဲ့သော ချမ်း တို့အိမ်က တခြားတစ်ယောက်ယောက်ပဲလား...၊

ဘုရား!... ဘုရား ...၊

လျှို့ဝှက်ချက်တွေကို ချမ်း တို့တစ်အိမ်လုံးသာမက တစ်လောကလုံး သိသွားပါစေ၊ ဖုန်းထဲက ဆွိတီ လို့ ခေါ်လိုက်တဲ့ တစ်ယောက်သာ ရီလေး မဖြစ်ပါစေနဲ့ ...။

မကောင်းမှုတွေ ကျူးလွန်ထားခဲ့ပေမယ့် အပြစ်တော့ ကြောက်တတ်သေးသည်မို့ ဘုရားတမိ၏။

"ရှေ့ကလမ်းပဲ မမလေး .. ကားဝင်လို့ မရဘူး၊ လမ်းပြင်နေတယ်"

"ရပြီ .. ဟိုရှေ့မှာ ရပ်ပေး"

လမ်းက လမ်းကျယ်ဖြစ်ပြီး အုတ်ကျိုးအုတ်ဖုတွေနှင့် ပြေပြစ်ခြင်းမရှိပေ။ ထို့ပြင် အဝင်ဝမှာပဲ ချိုင့်ဖို့နေတာလား .. ဘာလားမသိ ...။

ဒီတိုင်းဆင်းလျှောက်ခဲ့ရင်း အိမ်နံပါတ်တွေကို သေချာဖတ်ပြီး ဘယ်သူ့မှမမေးဘဲ ရှာဖွေလာခဲ့မိသည်။ ထိုစဉ် ...

မျက်လုံးထဲမှာ ဖျတ်ခနဲ ကျော်ဖြတ်ကျန်ခဲ့သည့် အရိပ်လေး တစ်ခု ...၊



www.burmeseclassic.com

www.burmeseclassic.com



ဆွိတီ ခြေလှမ်းတွေ နေရာမှာတင် ရပ်တန့်သွားခဲ့ပြီး တဖျင်းဖျင်း မှုရှိန်းလာသည့် ကိုယ့်ရင်ဘတ်ကို တည်ငြိမ်အောင် ထိန်းသည်။

နက်မှောင်သည့် ဆံပင်ရှည်တွေလား …၊

ကိုယ်ဟန်သွယ်သွယ် ဖြူဖြူနုနုလေးက အဖြူရောင်ရှန်သား ဂါဝန် ပွပွလေးနဲ့ …၊

ဟုတ်သည် … ဒီပုံစံပါပဲ၊ နောက်ကို ပြန်ငဲ့ကြည့်ဖို့က စက္ကန့်များစွာ ကြာတဲ့အထိ ဒီတိုင်း နေရာမှာ မရွေ့ဖြစ်ခဲ့ပေ …။

မဟုတ်ဘူး … ပုံစံတူနေတာပါ။ ရိုလေး လုံးဝ မဟုတ်ဘူး …၊ သူ က သေပြီ …။

ဆွိတီ နောက်ကို တစ်လှမ်းပြန်ဆုတ်လိုက်ပြီး မျက်ဝန်းတွေကို တဖြည်းဖြည်း ရွေ့၏။

မျက်လုံးနဲ့ မြင်ကွင်း တည့်မတ်သွားခဲ့သည့်အခါ …။





# အခန်း (၅၁)

စိတ်လွတ်လပ်မှုရှာရင်း အိမ်ရှေ့ထွက်ခဲ့ပြီး ရေအပြည့်နှင့် ကျောက် စည်သားမှာ ဂါဝန်စလေး သိမ်း၍ ထိုင်လိုက်သည်။

ဒီသားမှာ ရေတွေဝပ်၍ ဗွက်ထနေတာကို အုတ်ခဲကျိုးတွေနဲ့ ဖြန့် ခင်းပစ်လိုက်ဖို့ ဖြစ်၏။ သုခ နဲ့ သူမ အတူတူ ရှာဖွေ ကောက်စုထား သည့် အုတ်ခဲကျိုးတွေလည်း အဆင်သင့်ရှိသည်။

ရေဗွက်ထဲကို သေချာစီထည့်ဖို့ အကျအနထိုင်ပြီးမှ အုတ်ခဲကျိုးတွေ ကို လှမ်းအကောက် …၊

ဟင်!…

သူမ ကောက်လိုက်သည့်လက်ရဲ့ရှေ့မှာ နက်တောက်ပြောင်လက် နေသော ကြိုးသိုင်းတွေနှင့် ဖစ်ဆွဲဖိနပ်နှင့် ခြေအစုံ …၊

အထက်ကို မျက်ဝန်းတွေ တဖြည်းဖြည်း ပင့်တက်ကြည့်လာရင်း ခြေသလုံးတစ်ဝက်ထိ နေရာယူထားသော ဖိနပ်အုပ်ရဲ့အပေါ် ညာအောက် နားမှာ လက်မတစ်နိုပ်လောက် အမှတ်မည်းတစ်ခုကို မြင်လိုက်ရ၏။

ဆွိတီ …၊



www.burmeseclassic.com

www.burmeseclassic.com



ရီလေး မျက်ဝန်းတွေ ဒူးအောက်နားက အမှတ်ဆီမှာပဲ ရပ်တန့်သွားခဲ့သည်။ ဒူးအထက်ကို မော့မကြည့်ခဲ့ပေမယ့် ဆွိတီ ဘာဝတ်ထားနိုင်သလဲဆိုတာကိုပါ အာရုံထဲမှာ အရိပ်ထင်လာ၏။

အရောင်ကို မခန့်မှန်းတတ်သော်လည်း ပေါင်တစ်ဝက်မရောက်တရောက် စကတ်အကျပ်ကို သူမ ဝတ်ထားလိမ့်မည်။

အသားကပ်ဘောင်းဘီ ဝတ်မထားပုံထောက်လျှင် အပြင်ထွက်ဖို့ သေချာပြင်ဆင်ထားတာ မဟုတ်နိုင်မှန်းလည်း တွက်မိလိုက်၏။

ဒါဆို သူမ ချက်ချင်းကောက်ထွက်လာခဲ့ရသည့်အကြောင်းက ဘာလဲ ...၊

မထင်မှတ်ဘဲ သွေးအေးတည်ငြိမ်နေခဲ့သည့် ကိုယ့်ကိုယ်ကိုယ် အံ့ဩမိရင်း ဘာလုပ်ရမယ်ဆိုတာလည်း နားလည်နေပြန်ကာ ခဲ(ဂဲ)ကို မကောက်တော့ဘဲ လက်ပြန်ရုပ်၏။

"ရီလေး .."

သူမကပဲ စိတ်လောကြီးနေသည့်အသံတွေ ကတုန်ကယင်နှင့် ဆောမှာ ဒူးနှစ်လုံးပူး၍ ခြေဖျားထောက် ထိုင်လိုက်သည်။

"နင် ရီလေး ဟုတ်ပါတယ်နော် .. ဘာကြည့်နေတာလဲ ..၊ ဒါ ဘယ်သူ့အိမ်လဲ .. ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ၊ ဒဏ္ဍာရီ ကို မပြန်ဘဲ ဒီလိုနေရာမှာ ဘာလုပ်နေတာလဲ၊ ပြောစမ်းပါ .. ငါ့ကို မြန်မြန်ပြောစမ်းပါ၊ နင်နဲ့ ငါ ပြောစရာတွေ ရှိတယ် .."

"ဘာတွေလာပြောနေတာလဲ ..၊ အစ်မက ကျွန်မကို သိလို့လား.."

"ဘာ!..."

ဆွိတီ စိတ်လှုပ်ရှားစွာ ဖိဆုပ် ကိုင်လှုပ်နေသည့်လက်က ဖျတ်ခနဲပြန်ကွာ၏။ ပြီးတော့ ကောင်မလေးကို မျက်လုံးပြူးတို့နှင့် သေချာ ပြန်ကြည့်သည်။

"နင် .. နင် .. ဘာဖြစ်သွားတာလဲ .."





မေးပြီး သူမဘာသာ ခေါင်းခါ၍ ကျတ်ခနဲ ဖြစ်၏။

မြင်နေလျက်နှင့် မဟုတ်ဘူး အငြင်းခံနေရတာကို စိတ်တိုလာမိသည်။ ဒါပေမယ့် သေပြီလို့ လုံးဝ ယူဆထားခဲ့သည့် လူတစ်ယောက်ဖြစ်နေခြင်းကြောင့် ဘယ်လိုပြန်စပြီး မေးရမှန်းလည်း မသိ ...။

"နင် မဟုတ်သေးဘူး .. နေဦး .."

ဆွိတီ တစ်ယောက်တည်း ခေါင်းခါမိလိုက်၊ လက်ခါလိုက်နှင့် ထိုင်ထမလွယ်သည့် စကတ်အကျပ်အတိုလေးမို့လည်း ခြေဖျားထောက်ထိုင်ရင်း ကိုယ်က လဲမလို .. ပြိုမလို ..၊

"လူချမ်းသာ လေ .. ချမ်း တို့အိမ်က ဒီအိမ်လား .."

"ဟုတ်တယ် .."

"ဒါဆို နင် .."

မေးနေရင်း ကိုယ်က ယိုင်သွားသဖြင့် မြေပြင်မှာ လက်ဖျားလေးထောက်၍ ထိန်းလိုက်ရပြန်၏။ ပြီးမှ လက်ပြန်ရုပ်၍ ရှုံ့ရှာသလို ဖွတ်ခါချနေလျက် ...

"မနက်က ငါ ဖုန်းဆက်တုန်းက ကိုင်လိုက်တာ နင် မဟုတ်ဘူးလား"

"မသိဘူးလေ .."

"ဘာ မသိရမှာလဲ .."

စိတ်တိုတိုနှင့် ရီလေး ပခုံးကို ဆုပ်ခါလိုက်မိပြန်၏။ မျက်နှာချင်းမဆိုင်ရဲလို့ ပတ်ပြေးရမယ့်သူက ကိုယ်ပဲ ..၊ သူမက ဘာဖြစ်လို့ 'ဘူး' တစ်လုံးဆောင်ပြီး ခေါင်းချည်းပဲ ခါနေရတာလဲ ..။

သူမက ရီလေး ပါလို့ ဝန်ခံလိုက်တာနှင့် သနားလွယ်သည့်သူတို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပြန်လည်စည်းရုံးနိုင်မည်ဆိုတာကို ကိုယ့်ကိုယ် ကိုယ် ယုံကြည်သည်။

ပြီးတော့ ကိုယ် ကြံစည်ခဲ့သမျှကို လူမှန်းမသိအောင် ဖျားနာယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေသည့် သူမက ဘာမှ ကွဲကွဲပြားပြား သိခဲ့မှာ မဟုတ် ...။

"ရီလေး .. ဒီမှာ ငါ့ကို ကြည့်စမ်းပါ ...၊ ရီလေး .."

"အို .. ဘယ်လိုဖြစ်နေတာလဲ ...၊ ကိုချမ်း ဆီကို လာတာဆိုရင် အိမ်ထဲမှာ ရှိတယ် .. သွားပါလား .."

ရီလေး က နောက်ထပ် ဆွဲလွဲခါယမ်းမှာကို သည်းမခံနိုင်တော့ဘဲ နေရာမှ ထရပ်၏။ ဆွိတီ ကလည်း သူမနဲ့ထပ်တူ မျက်နှာချင်းဆိုင်အတိုင်း လိုက်ထ၍ ...

"နင်က ဘာတွေ ရင်မဆိုင်ရဲစရာရှိလို့ ဟန်ဆောင်နေရတာလဲ ရီလေး၊ ဖုန်းထဲကနေ နင် ငါ့ကို ဆွိတီ လို့ ခေါ်လိုက်တာ ငါ ကြားတယ်၊ ဟုတ်ပါတယ် .. ငါက ဆွိတီ ပါ၊ ငါ နင့်ကို ပြောပြစရာတွေ ရှိတယ်၊ ငါနဲ့ ခဏလိုက်ခဲ့ .."

"ဘာလို့လိုက်ရမှာလဲ ...၊ သိလည်း မသိဘဲနဲ့ .. ဖယ်ပါ"

"မရဘူး .. နင် ညာနေတာ .."

"သူ ညာနေတာ မဟုတ်ဘူး ဆွိတီ၊ ညာခဲ့တာက မင်း .."

ဟင်!...

တံခါးဝမှာ ချမ်းနဲ့ ချာတိတ်လေးတစ်ယောက် ...၊

ချမ်း က ခေါင်းမှာ ပတ်တီးနဲ့ပါလား၊ ပြီးတော့ လက်တစ်ဖက်မှာလည်း လက်ခုံနဲ့ လက်ကောက်ဝတ်ရင်းအထိ ပတ်တီးအဖွေးသားနဲ့ ...၊

ချမ်း အိမ်ထဲမှာရှိတယ်လို့ ရီလေး ပြောနေသားနဲ့ သူ ဘာဖြစ်လို့ အထဲကိုမေ့လျော့ပြီး ပြောချင်ရာတွေ ပြောနေမိတာလဲ ...။

"သူ့ကို စတွေ့ကတည်းက သူ့ကိုယ်သူတောင် ဘယ်သူမှန်း မသိဘူး ...၊ အဲဒါ ခုထိ .."

ဆွိတီ ပါးစပ်အဟောင်းသားနှင့် ရီလေး ကို ပြန်ကြည့်သည်။

သွားပြန်ပြီပေါ့ ..၊ သူမ ရီလေး သိနေတယ်ထင်ပြီး ပြောသမျှ စကားတွေကို ထပ်ကြားကာ ချမ်း စုဆောင်းသိရှိထားတာတွေ ပို၍ ပြည့်စုံ





သွားပြန်ပြီ ...။

ဒါပေမယ့် ဘာမှလည်း မထူးတော့ပါ ...။

"ချမ်း .. တို့နဲ့ယူ ဆွေးနွေးလို့ ဖြစ်မလား .."

"မလိုပါဘူး .. မင်းက ရီလေး မှ မဟုတ်ဘဲ၊ မင်း အခက်အခဲ .. မင်းရဲ့ဒုက္ခက ငါနဲ့မဆိုင်ဘူး .."

"ဟွန်း .. ရှင်က တကယ့်ရတနာပုံပေါ်မှာ ထိုင်မိနေပြီကိုး"

"အဲဒါလည်း မင်းနဲ့မဆိုင်ဘူး ဆွိတီ၊ အခု မင်း လုပ်ရမှာက မင်းရဲ့ လေးလေး ...၊ သူ ကြိတ်ပုန်းစုဆောင်းထားခဲ့သမျှ အထုပ်အထည်တွေ ပိုက်ပြီး လစ်ပြေးဖို့ စီစဉ်နေပြီ .."

"ဟင်!..."

"မင်းတို့ရဲ့အရှုပ်တွေကို နာရီပိုင်းမှာ ငါ ဖော်တော့မှာဆိုတော့ အခု သူနဲ့ ပြေးပြီး ဆွေးနွေးလို့ ရသေးတယ်"

ဆွိတီ ကြောင်ငေးကြည့်နေ၏။

တကယ်လား ...၊ ဒီမကောင်းမှုတွေကို ချမ်း ဘာမှမဖော်တော့ဘဲ တကယ် ပြေးခွင့်ပေးနေတာလား ...။

ချမ်း က ဆွိတီ့ မျက်နှာကို စိုက်ကြည့်ပြီး ရယ်သည်။

"မင်း မယုံလို့လား .. ဦးသက်ထွန်း အခု ဘာလုပ်နေပြီလဲ သိချင်ရင် မင်း သွားသွားတွေ့နေတဲ့ ကမ်းနားလမ်းက တိုက်ခန်းကို ပြေးကြည့်လိုက် ...၊ သူ မင်းကို မညှာမတာ ဘာတွေ ဆုံးဖြတ်ထားပြီလဲဆိုတာ သိရလိမ့်မယ်"

"အဲဒါတွေကို ယူက ဘယ်လိုလုပ် သိနေတာလဲ"

"ငါ ခေါင်းရိုက်ခွဲခံလိုက်ရတာ အဟောကား ငုတ်တုတ်မေ့နေရမလား ...၊ ဒီမှာ .. လူချမ်းသာ ဆိုတာ တခြား ဘာမှမချမ်းသာရင်တောင် တစ်ခုတော့ ချမ်းသာရမယ်၊ အဲဒါက ပြိုင်ပြီဆို နိုင်ရမှ ကျေနပ်တဲ့ ခွဲဝဲ"

ပြောပြီး ဆွိတီ့ မျက်နှာကို တည့်တည့်ကြည့်၍ လက်ညှိုးထိုးတာ—



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဦးသက်ထွန်း ကို တွဝရီးတော်နေတယ်လို့ ထင်တဲ့တစ်ချက်ကြောင့် ငါ့သံသယတွေ ချော်နေခဲ့တာ ..၊ မသိလို့ မဟုတ်ဘူး၊ အခု မင်း ငါ့ရှေ့မှာရပ်နေတဲ့အချိန်ထိ ငါသိထားသမျှ ဘာမှမပြောသေးဘဲ မျိုသိပ်ထားခဲ့တာလည်း မင်းကို ရီလေး မဟုတ်နိုင်ဘူးဆိုတာ ဘာနဲ့ သက်သေပြရမှန်း မသိခဲ့လို့ပဲ .."

"ခု ယူ အားလုံးသိနေကာမှ ဘာဖြစ်လို့ ပြေးခိုင်းနေတာလဲ"

"ငါ မခိုင်းလည်း မင်းတို့ပြေးမှာပါ၊ ဒါပေမယ့် အတူတူပြေးခွင့်တော့ မင်း ရချင်မှရမှာ .."

ချမ်း က စကားရပ်ကာ ဆွိတ်ီ ကို စိုက်ကြည့်လိုက်ပြီးမှ ...

"မင်းကို ဦးသက်ထွန်း က လူကို သိမ်းပိုက်တယ်၊ အကျိုးရှိလာရင် အတူတူ စံစားမယ်၊ အခု အကျိုးမရှိ ဖြစ်လာတော့ ဘာလုပ်ချင်နေလဲ သိလား ..၊ သူက ကိုယ့်ကိုယ်ကိုယ်ပဲ အထင်ကြီးတဲ့လူ .."

ဆွိတ်ီ မျက်နှာ ညို့ခနဲ ဖြစ်သွားသည်။ 'ညံ့တဲ့လူကို ငါ မုန်းတယ်' လို့ ပြောခဲ့ဖူးသည့် စကားတွေကို နားထဲမှာ ပြန်ကြားလိုက်ခြင်းကြောင့် ဖြစ်သည်။

"မင်းကြောင့် ကစဉ့်ကလျားဖြစ်ကုန်တာဆိုပြီး သတ်ပစ်ချင်စိတ်တောင် ပေါက်နေမယ် ထင်တယ်"

"အဲဒါ ယူနဲ့ မဆိုင်ပါဘူး၊ ဒဏ္ဍာရီ က ပြဿနာတွေကို ယူ ဘာမှ ဖွင့်မချတော့ဘူးဆိုတာ သေချာသလား ..၊ အဲဒါပဲ ပြော .."

"မင်းကို ငါက အဲဒီအဓိပ္ပာယ်မျိုး ပြောလိုက်မိသလား .."

မထီတထီမျက်နှာနှင့် ချမ်း က ရယ်သည်။ ပြီးတော့ လက်တစ်ဖက်က ပတ်တီးကို အဓိပ္ပာယ်မဲ့ ပွတ်သပ် ကိုင်နေရင်း ...

"ဘယ်သူက ဘယ်သူ့ကို အမိန့်ပေးလို့ရသလဲ ဆွိတ်ီ၊ မင်းလည်း မင်းလုပ်စရာရှိတာ လုပ်၊ ငါ့လည်း ငါ့အလုပ် ငါလုပ်ရုံပဲ၊ ခုချိန်ထိ မပြောင်းလဲသေးတဲ့အခြေအနေမှာ မင်း ဒီမှာရပ်ပြီး စကားများ အချိန်





ဖြုန်းနေတာ မှန်မမှန်ပဲ စဉ်းစားစမ်းပါ .."

အသက်တစ်အောင့်လောက်ပဲ ငေးကြောင်ကြည့်နေခဲ့ပြီး ဆွိတ်ီ နေရာမှ ချာခနဲ လှည့်ပြေးသွား၏။ သူမ ပျောက်ကွယ်သွားတဲ့အထိ ကြည့် နေပြီးမှ ချမ်း က ဖုန်းထုတ်လိုက်ကာ ...

"ကျွန်တော်ရယ် အန်ကယ်လ် .. အဘွား နေကောင်းရဲ့လား .."

"... ... ..."

"စိတ်တော့ မကောင်းစရာပဲ၊ သူ အိမ်ကို ပြန်လာချင်မှလာတော့မယ်၊ ပြန်လာရင်လည်း ဟန်မပျက်ကြည့်နေလိုက်ပါ၊ မဝါသင့်တဲ့ဝစ္စည်းပါမသွားအောင်တော့ နည်းနည်း ကြည့်ထားရမှာပေါ့"

"... ... ..."

"အဘွားရဲ့ဂုဏ်သိက္ခာလည်း ရှိတယ်၊ တကယ်တမ်း ဆိုးဆိုးဝါးဝါး ဖြစ်ကုန်ရင်လည်း အဘွား စိတ်ချမ်းသာမှာမဟုတ်ဘူး အန်ကယ်လ်၊ ဦးသက်ထွန်း ဒဏ္ဍာရီ ကို လုံးဝ ပြန်မလာရဲတော့ဘူးဆိုတာ သေချာတယ်၊ အဲဒါကြောင့် ဒီလောက်နဲ့ပဲ ထားလိုက်တာ ကောင်းပါတယ်"

"... ... ..."

"သူတို့နှစ်ယောက်လည်း ပူးပေါင်းလို့ မရပါဘူး၊ တစ်ယောက်တစ်လမ်းစီ သွားကြမှာပါ၊ လောလောဆယ် အဲဒီမှာ ပြဿနာမရှိတော့ဘူးဆိုတော့ ကျွန်တော်လည်း ဒဏ်ရာတွေကို ကုရဦးမယ်၊ တစ်ပတ်လောက်နေမှ လာမယ်နော် .."

"... ... ..."

"ဟုတ်ကဲ့ပါ .. ဖြစ်ပါတယ် .."

သူ ဖုန်းချလိုက်တဲ့အထိ ဘေးမှာ ရီလေး ရှိနေဆဲဖြစ်ကာ ...

"ကိုကြီး .. မမက ရီလေး ဆိုတာလားဟင် .."

တစ်ချိန်လုံး နားထောင်နေခဲ့သည့် သုခ က သူ့လက်ကို ဆြဲဆွဲ၍ မေးတာ တအံ့တသြ ...။



www.burmeseclassic.com

www.burmeseclassic.com



ချမ်း က သုခ ကို ငုံ့ကြည့်ပြီးမှ ရီလေး ဆီ မျက်လုံးဝေ့ကာ ...

"သူ့ကို မေးပါလား .."

လို့ ပြောပြီး လက်ကို ဖြုတ်ချ ထွက်သွား၏။ သုခ က ရီလေး ကိုတော့ လှမ်းကြည့်လိုက်ပေမယ့် မမေးဘဲ သူ့နောက်ကိုပဲ လိုက်လာကာ...

"ဒါဆို မမ ဘယ်ကလာတယ်ဆိုတာ သိပြီပေါ့၊ မမက ပြန်တော့ မှာပေါ့ ဟုတ်လား .."

"ကောက်ရထားတာပဲ .. ပိုင်ရှင်ပေါ်ရင် ပြန်ပေးရမှာပေါ့"

သူပဲ ဖြေနေရသည့်အဖြစ်ကို စိတ်တိုလာကာ အိမ်ထဲပြန်ဝင်ခါနီးမှ နောက်ကို လှည့်ကြည့်၍ မဲ့သွားခဲ့၏။

ရီလေး က ဒီတိုင်းတောင့်မတ်စွာ ရပ်နေရင်း လှမ်းကြည့်တော့ မျက်လုံးချင်း ဆုံသွားကြသည်။

ချမ်း ဖျတ်ခနဲ ပြန်လှည့်ကာ ပုဆိုးစနှစ်ဖက် 'မ'၍ အိမ်ထဲဝင်တာ ဒေါသတွေနဲ့ ..၊

စေ့စေ့ကြည့်မိရင် ကိုင်ပေါက်ပစ်မိတော့မလား မသိ..။





## အခန်း (၅၂)

"မင်း ..."

အခန်းတံခါးဖွင့်၍ ရှေ့ကို ခြေတစ်လှမ်းတက်လိုက်တာနှင့် မျက်နှာချင်းဆိုင်မိကြ၏။ ရင်ခွင်ထဲမှာ ပွေ့ပိုက်ပြီး 'သိပ်ချစ်ဖို့ကောင်းတဲ့ ချာတိတ်မ' လို့ ပြောတဲ့စကားတွေ ဘယ်ရောက်ကုန်ပြီလဲ ..။

ဦးသက်ထွန်း မျက်လုံးတွေက အေးစက်စူးရဲနေသည်။ နှုတ်ခမ်းတို့ကို တင်းတင်းစေ့ထား၏။

"လေးလေးထွန်း .."

ဦးသက်ထွန်း က နောက်ထပ် ဘာမှမပြောဘဲ သူမရဲ့ပခုံးတစ်ဖက်ကိုပါ တိုးတိုက်ထွက်သွားလျှင် ဆွဲတီ လှေကားအတိုင်း အတူလိုက်ဆင်းရင်း ...

"လေးလေးက ခုကျမှ ဘာလုပ်တာလဲ ..၊ ပြဿနာရှိလာရင် မီးတို့ တိုင်ပင်ပြီး လွတ်လမ်းရှာလို့ ရတယ် မဟုတ်ဘူးလား၊ လေးလေး တစ်သက်လုံး မျှိုသိပ်ကြံစည်လာပြီးမှ ဘာမဟုတ်တာလေးနဲ့ .."

"ဘာမဟုတ်တာလေး .. ဟုတ်လား .."

ဦးသက်ထွန်း က လှေကားရင်းကျမှ ဆွဲတီ ပခုံးလေးနှစ်ဖက်ကို နံရံနဲ့ ဖိကပ် ကိုင်ထားလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလို ကစဥ့်ကလျားတွေ ဖြစ်ကုန်ရတာ မင်းကြောင့် ...၊ မင်း ဘယ်သူဖြစ်ဖြစ် ငါ့လမ်းငါ ဆက်လျှောက်ရုံ၊ ငါ့အလုပ် ငါ လုပ်နေရုံပဲ၊ ခုတော့ မင်းရဲ့မာယာတွေမှာ ငါ ကျရှုံးခဲ့တာ၊ ဆေးလူမြင်တော့ ဒီလောက် အသက်အရွယ်ကွာတဲ့လူနှစ်ယောက်မှာ ငါကပဲ ဖြားယောင်းခဲ့တဲ့ကောင်.. တောက် .."

"အဲဒီလိုပြောကြေးဆိုရင် မီးကလည်း လေးလေးကြောင့်သာ မဟုတ်ရင် ကိုယ်လိုအပ်တဲ့ အရင်းအနှီးလောက်နဲ့ပဲ ကျေနပ်ပြီး ကိုယ့်နေရာမှာ ကိုယ် အေးဆေးပြန်နေလိုက်မှာပါ၊ လေးလေးကို စွဲလမ်းမိခဲ့လို့ .."

"မင်းကို ဘယ်သူက စွဲလမ်းအောင် ဖန်တီးနေလို့လဲ ...၊ ဘာကြောင့် လဲ .. အဲဒါ .. မင်း ပြော .."

"မသိဘူး .. မီး လေးလေးကို ချစ်တယ်၊ လေးလေးနဲ့ အတူတူနေချင်လို့ ကြံစည်ခဲ့တာ၊ ခုလည်း မီးကို ထားခဲ့လို့ရမယ် မထင်နဲ့ .."

ဆွိုတီ က ရင်ဘတ်တစ်ခြမ်းပေါ်ထိ ဖိကပ်နေသော ဦးသက်ထွန်း လက်တစ်ဖက်က ကိုင်ထားသည့် လက်ဆွဲအိတ်ကို တွန်းထုတ် ပုတ်ခတ် ပစ်၍ ...

"မီးမှာ ဒုက္ခပင်လယ်ဝေနေကာမှ ထားခဲ့လို့ မရဘူး၊ အခု ချမ်း က အားလုံးကို သိနေပြီ .."

"ချမ်း မဟုတ်ဘူး.. တစ်အိမ်လုံး သိပြီးနေပြီ၊ စက်ရုံမှာရော .. ကုမ္ပဏီမှာရော ငါ့ရဲ့ စီမံအုပ်ချုပ်ခွင့်တွေ ဘာမှမရှိတော့ဘူး၊ အားလုံး ပိတ်ပစ် လိုက်ပြီ .. မင်း လိုက်ချင်သေးလား .."

"လိုက်မှာပဲ .. လေးလေးမှာ ကိုယ်လွတ်ရုန်းထွက်ဖို့ လမ်းကြောင်း ရှိသေးတယ်၊ သူ့ရဲ့ လင်ပါသားမို့ လေးလေးရဲ့အပြစ်တွေကိုလည်း သူတို့ က ဒီတိုင်း ခေါက်ထားလိုက်ကြဦးမှာပဲ၊ မီးကို ဘယ်လိုအခွင့်အရေးနဲ့ လွှတ်ပေးမှာလဲ၊ မီးက ရီလေး ကို လုပ်ကြံခဲ့တာ၊ လိမ်ညာဟန်ဆောင်ပြီး ဒဏ္ဍာရီမှာ နေခဲ့တာ .."





"ဟုတ်တယ် .. မင်း ရောက်လာခဲ့တာက သဝ်သဝ်၊ ငါ လှုပ်ရှားနေတာက တစ်ပိုင်း၊ အဲဒီတော့ မင်းနဲ့ငါ ဘယ်တုန်းကမှ ဘာမှမပတ်သက် ဘူးလို့ မှတ်လိုက် .. ဖယ်စမ်းကွာ .."

"လေးမှလေးနော် .."

ကားဆီရောက်တဲ့အထိ ဆွိုတီ က အတင်းလုတက်ပြီး နေရာယူ သည်။ လူသတ်ချင်စိတ်ပေါက်အောင် အေးစက်နေသည့် ဦးသက်ထွန်း မျက်နှာက ရှေ့တည့်တည့်ကိုပဲ စူးစိုက်နေကာ ...

"မင်းကို ငါက အစတည်းက သတ်ပစ်ဖို့ ကြံခဲ့တဲ့ကောင်၊ အခု မင်း တကယ်လိုက်လာရဲသလား .."

ဆွိုတီ အံ့ဩထိတ်လန့်သွားသလို ငေးခနဲ ကြည့်သည်။ ထိုအကြည့် ကို သိနေသလို ဦးသက်ထွန်း က လှည့်မကြည့်ဘဲ မဲ့၍ ကားစက်နှိုးလိုက်၏။ သူ့မျက်လုံးထဲမှာ ချမ်း ရဲ့ပုံရိပ်ကိုမြင်တိုင်း ဆွိုတီ နဲ့ မကင်းရှင်းခဲ့သည့် အဖြစ်ကြောင့် ဒီကောင် ခြေရာခံမိသွားခဲ့တာကို တနုံ့နုံ့ ခံစားနေမိသည်။

တကယ်တော့ ဆွိုတီ ဒဏ္ဍာရီမှာ ကြာကြာ ဟန်ဆောင်လိမ်ညာနေ လို့ မရပေ။ ထို့ပြင် သူ့လက်ချက်နဲ့ တစ်နေ့မဟုတ်တစ်နေ့မှာ သေရမှာပဲ ဖြစ်သည်။

သူမ မရှိတော့တာနှင့် အတုအစစ်ကိစ္စတွေ ပေါ်လာမှာ မဟုတ် သလို အမွေအနှစ်ဆိုတာလည်း သူ့လက်ထဲကိုပဲ အနေးနဲ့အမြန် ရောက် လာမှာ သေချာပြီးသား ...။

သူသာလျှင် ဆွိုတီ အသုံးချတာကိုခံခဲ့ရမှန်း တွေးကြည့်လေ ရှက်ဖို့ ကောင်းလေ ...။

မဟုတ်လျှင် ချမ်း ဆိုတဲ့ကောင်လောက်ကိုလည်း သူ မှုစရာမလို ပေ။ MP 4 ပြန်ရဖို့ အဲဒီနေ့တည်းက သူ့ကောင်လေးတွေကို ချက်ချင်း လိုက်ခိုင်းခဲ့၏။

လူလေးယောက် လက်ထဲမှာ ချမ်း ကို ချုပ်မိခဲ့သည်။ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တိုလည်း ရှာနိုင်ခဲ့၏။ ဒါပေမယ့် MP 4 ကို မတွေ့ခဲ့ဘဲ အမှာစကား တောင် ပါးလိုက်သေးသည်။

"မင်းတို့ဆရာကို ပြောလိုက် ...၊ ပစ္စည်းက ရောက်သင့်တဲ့ဆီကို ရောက်သွားပြီလို့...၊ သက်သေရသွားတာကို ငါ တမင်ပြထားခဲ့တာပဲ၊ ဒီလို ရှုံးတိုက်တာကို ကြောက်ပါ့မလား၊ မင်းတို့ဆရာ ဦးနောက်ထဲမှာ မိုင်းရပ်စ် ဝင်နေပြီ" တဲ့ ...။

"တော်တော်ခေါင်းကြောမာတဲ့ကောင် ...၊ ဒဏ်ရာတွေ ဒီလောက်ရ ထားတာတောင် ပြန်ပြီး ခြိမ်းခြောက်နေသေးတယ်"

ပြန်လာတဲ့ကောင်လေးတွေ ပြောတော့ ကဲ့ရဲ့တာလိုလို၊ အထင်ကြီး တာလိုလို ...၊

နေရာတကာမှာ ဆိုးရွားမှုတွေနှင့် အပြစ်တွေ တစ်ခုပြီးတစ်ခု ဘူး ပေါ်သလို ပေါ်ခဲ့ရသည့် သူ့အဖြစ်က ဘာနဲ့တူနေသလဲဆိုလျှင် ဝတ်လစ် စလစ်နဲ့ ကာကွယ်ပုန်းခိုစရာရှာနေကာမှ ဘယ်ကိုပြေးပြေး မီးမောင်းထိုး ထားသည့်အောက်ကိုပဲ ရောက်နေခဲ့သလို ...၊

"ဟွန်း ..."

ငိုရလွန်းတော့ ဟားတိုက်ရယ်ပစ်ချင်လာသည်။ နာကျင်ရလွန်း သည့် ရင်ဘတ်ထဲမှာ စကားပြောဖို့တောင် အင်အားမရှိတော့ဘဲ ကားကို ဆောင့်ထွက်ပစ်လိုက်ရင်း မဲ့သွားခဲ့၏။

"မင်းကို ငါ ဒဏ္ဍာရီကို ပြန်ပို့ပေးမယ်"

"ဟင်!... ဘာ!..."

ဆွိတီ ထိုင်နေရင်းကနေ ကြွခနဲ မြောက်တက်သွားသလား မသိ။ ဦးသက်ထွန်း က ဘာမှဂရုမစိုက်သလို သူမဆီ မရောက်သေးသော အကြည့်တစ်ချက်နှင့် မျက်နှာကို ရှေ့ပြန်လှည့်သွားကာ ...

"မင်းအပြစ်ကို ဖော်မယ့်သူမှ မရှိဘဲ၊ ရီလေး သူ့ဟာသူ ရေမျော သွားတာကို မင်း အခွင့်အရေးယူမိတဲ့ပုံစံနဲ့ ဝန်ခံတောင်းပန်လိုက်၊ မြေး





အရင်းမှ မရှိတော့တာ ... မင်းကို မြေးအဖြစ်မဟုတ်ပေမယ့် နေရာ တစ် နေရာတော့ ..."

"အို ... အဲဒါ မဖြစ်ဘူး ...၊ လုံးဝ မဖြစ်ဘူး ..."

"ဟော ..."

ဆွိတီ က ကားစတီယာရင်ကို ဆွဲလှည့်တော့မလို ဖြစ်နေသဖြင့် ဦးသက်ထွန်း ဒေါကန်သွားကာ ဦးတည်လိုက်သည့်လမ်းကြောင်းတွေ လည်း လွဲကုန်၏။

"မင်း ဘာလုပ်တာလဲ ဆွိတီ၊ ဘယ်သွားသွား လိုက်မှာပဲဆိုပြီး ပုဆိုးစဆွဲထားရအောင် ငါက မင်းရဲ့အမေ မဟုတ်ဘူး၊ ဒီလိုလုပ်တဲ့အတွက် သနားသဖြင့် ခေါ်သွားမှာပဲလို့ ထင်ရင်တော့ မင်း မှားပြီ ..."

"မှားတာကတော့ အစတည်းက ခုချိန်ထိ မှန်နေတာ ဘာမှမရှိခဲ့ ဘူး လေးလေး၊ ဘာပဲဖြစ်ဖြစ် မီးတို့နှစ်ယောက် အတူတူ မှားခဲ့ကြတာ၊ ခုလည်း ရီလေး က ..."

ရီလေး မသေသေးဘူးဆိုတာကို ပြောဖို့ ခွန်အားမဲ့နေခဲ့သည်။ ရီလေး မသေဘဲ အတိတ်မေ့နေခြင်း၊ ချမ်း နဲ့ အတူရှိနေခြင်းတွေက ကံကြမ္မာရဲ့ပဥ္စလက်တွေဆိုလျှင် ဒီပဥ္စလက်တွေကြောင့် ရှုပ်ရှုပ်လည်ရမှာ ဘယ်သူလဲ ...။

ကိုယ်သာလျှင် ဖြစ်ဖို့ရှိပေမယ့် စာနာစွာ လက်ကမ်းချင်သူ မရှိဘူး ဆိုတာလည်း နားလည်လာခဲ့သည့်တိုင် လောလောဆယ်မှာ သူမအတွက် မြက်တစ်ပင်ဟာ ဦးသက်ထွန်း ပဲမို့ ...

"လေးလေးကို မီး ပြောပြမယ်၊ အခု ရီလေး က တကယ်မသေ ..."

သူမ ကြိုးစား အားတင်းပြီး စကားစလိုက်ပေမယ့် ဖုန်းမြည်သံ ကြောင့် ပျက်၏။

ဦးသက်ထွန်း ကလည်း သူမနဲ့ ပြောဆိုဆွေးနွေးရခြင်းကို သိလျှင်း မလုပ်လိုသူပီပီ နားကျပ်တပ်ပစ်လိုက်တာ မြန်မြန်ဆန်ဆန် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို .."

"ဦးသက်ထွန်း .."

ဖုန်းထဲမှာ ချမ်း အသံကို ကြားလိုက်တာနှင့် စတီယာရင်မှာ တင်ထားသည့်လက်တွေ တင်းခနဲ ဖြစ်သွားသည်။

"ဟိုရောက်မှ ခင်ဗျား အမောဆို့သွားမှာစိုးလို့ သတင်းပေးမလို့ပါ၊ ဦးရန်နိုင် ဆိုတဲ့ သူဌေးကိုတော့ ခင်ဗျား စိတ်ဝင်စားမယ်ထင်တယ် ..၊ ကမ္ဘာ့ဈေးကွက်မှာ မပါမပြီးတဲ့ စတုဋ္ဌရှယ်ယာအများဆုံး လုပ်ငန်းရှင်ကြီး .."

ဦးသက်ထွန်း မျက်နှာ တဖြည်းဖြည်း နီမြန်းလာကာ အံကြိတ်သံ တကျိုကျိုကို ကြားလာရသဖြင့် ဆွိတီ ဘာမှန်းမသိဘဲ ရင်ခုန်သံတွေ မြန်လာသည်။

အမှုနဲ့ပတ်သက်တာ တစ်ခုခုလား ..၊

"ဒဏ္ဍာရီမိသားစုက ဦးရန်နိုင် နဲ့ ကင်းကင်းနေခဲ့ကြတာပေမယ့် ပန်းဒဏ္ဍာရီ ပျောက်ဆုံးမှုကြောင့် အခု စည်းလုံးသွားကြပြီဆိုရင် ဦးရန်နိုင် ရဲ့လက်တံ ဘယ်ထိရိုက်ခတ်သွားနိုင်မလဲ ခင်ဗျား သိမှာပါ .."

"ဟေ့ကောင် မင်း ဘာလဲ ..၊ စကားကို တည့်တည့်မပြောတတ်ဘူးလား .. ရိုလေး သေတဲ့ကိစ္စ ငါနဲ့ ဘာမှမဆိုင်ဘူး .."

"သေသွားရင်တော့ ဟုတ်တယ်လေ.. ဒါပေမယ့် သူက ရှိနေတယ်"

"ဘာ!... မင်း .. မင်း ဘာပြောလိုက်တယ် .."

ဦးသက်ထွန်း ကားကိုထိန်းရင်း ဆွိတီ ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ဖုန်းထဲက ဘယ်သူ ဘာပြောလိုက်ပြီကို ဆွိတီ သိလိုက်၏။ သို့သော်...

"ကိုယ့်သွေးသား မိသားစုတွေအပေါ် ခင်ဗျားရဲ့ ရက်စက်ကျော်လွှားသွားခဲ့တာ ဒေါ်သစ္စာညို က ခွင့်လွှတ်လိုက်ပေမယ့် ဦးရန်နိုင် က ခွင့်လွှတ်မှာ မဟုတ်ဘူး ..၊ မတရားသဖြင့် ခင်ဗျား စုဆောင်းရယူသွားတဲ့ အရင်းအနှီး ငွေကြေးတွေအားလုံး ခင်ဗျားရဲ့တက်လမ်းအတွက် ဘာမှ





အသုံးမဝင်တော့ဘူး ဦးသက်ထွန်း .. အဲဒါ မယုံမရှိနဲ့နော်၊ တော်ကြာ သူများနိုင်ငံရောက်မှ ဘယ်ဘဏ်ကမှ ငွေထုတ်မရဘဲ ..."

"တောက်!..."

"အဟွန်း .. မကြားချင်လည်း မပြောတော့ဘူး၊ ပန်းဒဏ္ဍာရီ ကို မြင်ပြီး လန့်ဖျန့်ပြေးတဲ့ ဆွိတီ ကတော့ ခင်ဗျားဘေးမှာ ရောက်နေပြီထင်တယ်၊ ခင်ဗျားတို့နှစ်ယောက် ..."

"ဟေ့ .. တိတ်စမ်း .."

ဦးသက်ထွန်း နားကျပ်တွေကို ဆွဲဖြုတ်ပစ်လိုက်ပြီး သွေးရူးသွေးတန်း အော်သည်။ ပြီးတော့ နီရဲရူးရှသည့်အကြည့်တွေ ဆွိတီ မျက်နှာပေါ် တန်းခနဲ ရောက်၏။

သူ့ဘဝ သွားပြီ..၊ အကောင်းတိုင်း ရယူနိုင်တော့မည့် စုဆောင်းထားသမျှ အရင်းအနှီးတွေက ငွေဖြူကနေ ငွေမည်း ဖြစ်ရတော့မယ့်ကိန်း..၊

"မင်း .. ...မင်း .. မိန်းမရှုပ် .."

"လေးလေးနော် .. ပြောချင်ရင် တစ်နေရာမှာ ကားရပ်လိုက်၊ လမ်းပေါ်မှာ .. အမလေး!..."

ကားက ဘေးလိုင်းထဲကို ဝေ့ခနဲ ခါသွားပြီးမှ မြွေတစ်ကောင်လို ပြန်တည့်၏။

"မင်း ဝင်မရှုပ်ရင် ရန်နိုင် ဆိုတဲ့ကောင်နဲ့ ငါ ဘာမှ ငြိဖို့မရှိဘူး..၊ မင်းကြောင့် ခု ရိုလေး လည်း မသေသေးဘူး ..၊ မင်း ကိုယ့်ဇာတ် ကိုယ်မနိုင်ဘဲနဲ့ ငါ့ကို အသုံးချဖို့ ကြိုးစားသေးတယ်၊ ဆင်း .. ခု ဆင်း .. မင်းကို ငါ လုံးဝ လက်မခံဘူး .."

"လေးလေး .. လေးလေး ဘာလုပ်တာလဲ .."

ဦးသက်ထွန်း ကိုယ့်ဒေါသကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ တံခါးကို လှော့ခ် ဖွင့်သည်။ ဆွိတီ ကိုယ်ကို တံခါးနဲ့ ပြုတ်ကျသွားအောင် အတင်းတွန်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် တွန်းလို့ ရုန်းဖယ်နေကြရင်း ကားက လမ်းကို ကန့်လန့်ဖြတ် ဝိုက်ကွေ့သွားကာ လမ်းဘေးပလက်ဖောင်းကို ဒိုင်းခနဲ ပစ်ဆောင့်၏။ နောက်မြီးကို အရှိန်မထိန်းနိုင်သည့် တခြားကားတစ်စီးက ထပ်ဆောင့်လိုက်လျှင် ဦးသက်ထွန်း ၏ကားသည် ပလက်ဖောင်းကို ကျော်လွန်၍ ...

"ဒုန်း .."

"ဝုန်း .."

"ဟာ!... သွားပြီဟ .."

"လူတွေ အထွေးလိုက် လွင့်ကျသွားတာ ကြည့်စမ်း ..၊ ကားနဲ့ ပြန်ပိကုန်ပြီ .."

"သေကုန်ပြီပေါ့"

ပတ်ဝန်းကျင်တစ်ခုလုံးသည် ကြီးမားသော ထိခိုက်သံကြီးနှင့်အတူ လူတွေ ရုတ်ရုတ်သဲသဲ ပြေးလွှား ဝိုင်းအုံလာခဲ့ကြလျက် ...

ချစ်သည့်စကား
မုန်းသည့်နားဝယ်
များရည်နှင်းစက်
ကျောက်စက်ရေပင်
ဒါးသက်ပြင်းရှု
ခံရခက်၏
သံယောဇဉ်ကင်း
နှံ့နှစ်ရင်းပြင့် ...။





## အခန်း (၅၃)

"ကျွန်တော့်ပယောဂ မကင်းသလိုများ ဖြစ်သွားမလား .."

"ဘာမှမဆိုင်ဘူး ချမ်း .. အဲဒါ မေတ္တာတရားရဲ့ အောင်နိုင်ခြင်းပဲ၊ သူ့ကို အရေးယူထိုက်နေပြီလို့ ဘယ်လိုပြောပြော မမကြီးက လုံးဝ လက်မခံဘူး .. ဆွိတီ ဆိုတဲ့ မိန်းကလေးကိုရောပေါ့၊ စည်းစိမ်ဥစ္စာကို မက်မောကြတာ သိရလေ မမကြီးက ဘုရား 'တ' လေ၊ သူတို့အကုသိုလ်စိတ်တ တစ်နေ့တော့ သတိပေးလာမှာပါ၊ နေပါစေလို့ပဲ အမြဲပြောတာ၊ ခုတော့ ကိုယ်က ဒီလိုဖြစ်စေချင်တာ မဟုတ်ပေမယ့် သူတို့တရားက သူတို့ကို စီရင်လိုက်တာ .."

ချမ်း စိတ်မကောင်းပါ။ ဒီလို ကားတိုက်ပါစေ .. သေပါစေလို့ မရည်ရွယ်ပေမယ့် နည်းနည်းတော့ စိတ်ဒုက္ခပေးဖို့ သူ ရည်ရွယ်ခဲ့တာ အမှန်ပင် ...။

ထို့ပြင် လွတ်လွတ်လပ်လပ်ကြီး ထွက်ပြေး တိမ်းရှောင်ခွင့်ရသွားခဲ့တာဟာ ဒီကလူတွေ တုံးလွန်း .. 'အ' လွန်းလို့ မဟုတ်မှန်းလည်း သိစေချင်သည်။ ဒါထက်တော့ လုံးဝ မပိုခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရန်နိုင် လည်း ဟိုကနေ အားလုံး ပြင်ဆင်ပြီး စောင့်နေတာ အမှန်ပဲလေ .. မင်း မဟုတ်တာပြောခဲ့တာမှ မဟုတ်ဘဲ၊ အခု ဘာရန်မှမရှိတော့ဘူး၊ စိတ်ထဲမှာ ဘာမှမထားပါနဲ့ .."

"လူလေး ပြန်သွားပြီလား မောင်ခန့်"

"ရှိတယ် မမကြီး .."

ဒေါ်သစ္စာသို ကို ယုန္တယ် တို့က တွဲလျက် ဧည့်ခန်းထဲ ရောက်လာကာ ...

"ကျေးဇူးတင်လိုက်တာ လူလေးရယ် .. မင်းကို ဘွား ရွေးခဲ့မိတာ မြေးလေးနဲ့ပြန်ဆုံဖို့အတွက် နတ်ကောင်းနတ်မြတ် 'မ'လိုက်တာပါ၊ ပြီးတော့လေ ဘွားတို့ စိတ်ဆင်းရဲစွာ ရင်ဆိုင်ကျော်ဖြတ်နေရတဲ့ သည်းထိတ်ရင်ဖို ရှုပ်ထွေးမှုကြီးထဲကနေ လူလေး ကယ်လိုက်တာ .."

"မဟုတ်ပါဘူး .. အဲဒါက ကျွန်တော်လည်း ..."

"နေပါဦး .. နေပါဦး၊ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ခွင့်လေးတော့ ပေးပါ၊ ကိုယ့်အပေါ် ထမင်းတစ်လုတ် ရေတစ်မှုတ် ပေးကမ်းကျွေးမွေးခဲ့ဖူးတာတောင် ခင်ပွန်းကြီးမည်တယ်ဆိုတော့ မြေးလေးရဲ့ အသက်သခင်ကို ..."

"အဲဒါတွေ ပြန်မပြောပါနဲ့တော့ ဘွား၊ သူ့ကို ကျွန်တော် လက်ခံထားခဲ့တုန်းကလည်း လှိုက်လှိုက်လှဲလှဲ ကူညီချင်စိတ်နဲ့ မဟုတ်ပါဘူး"

ချမ်း တကယ်ကို အဲဒါတွေကို မကြားချင်တော့တာပါ။ အများအမြင်မှာ သူဟာ သူ့ဒွေးရဲ့မြေးကိုမှ ကူညီကယ်တင်ထားတဲ့တာမို့ ကျေးဇူးအထူးထူးတွေ တင်ခံရလျှင် ပွပြီ ဟု ...၊

သူကတော့ ဒီအချိန်ကျကာမှ နှလုံးသားနဲ့ထပ်တူ သိမ်းဆည်းထားခဲ့မိသည့်အဖြစ်ကြောင့် ဒီနှလုံးသားကို ဘယ်လိုပြန်ပေးရမလဲ ...၊

"ပတ်ဝန်းကျင်အားလုံးကလည်း ကူညီစေချင်ကြတယ်၊ သူ့ကိုလည်း .."





ဘယ်အိမ်မှာ သွားနေပါလို့မှ ပြောမရတာကို ထည့်မပြောချင်တော့ပါ ...။

"ပြန်မပြောလို့တော့ မဖြစ်ဘူး လူလေး ...၊ မြေးရဲ့ အသက်တစ်ပိုင်းကို လူလေး ပြန်ပေးခဲ့တာ၊ ဘွားလေ မြေးကို ဘယ်လောက်ထိ တမ်းတမိလဲဆိုရင် ဆွိတီ ကို မြေးမဟုတ်မှန်း သိလိုက်ရတာတောင် မနာနိုင်ဘူး၊ မြေးကို သူ သတ်ခဲ့မှန်းလည်း မသိသေးဘူးလေ၊ မြေးလေး တကယ်သေသွားခဲ့တာဆိုတာ သိလိုက်ရပြီး မြေးလို့ထင်ပြီး ချစ်နေမိတဲ့ သူ့တို့ပဲ ဆက်ချစ်နေခွင့် လိုချင်မိတယ်၊ ဘွားဆီမှာ ဆက်ပြီး လိမ်လိမ်မာမာနေမယ်ဆိုရင် ဒီဇိုင်းနေသွားခွင့်ပြုဖို့ထိ စဉ်းစားခဲ့တာ၊ ဘွား အဲလောက်ထိ မက်မောတဲ့မြေးလေးကို လူလေးက ပင်ပင်ပန်းပန်း လုပ်ကိုင်ကျွေးမွေးခဲ့တယ် .."

"ကျွန်တော်တစ်ယောက်တည်းနေတုန်းက ဒီလိုပဲ ရှန်းကန်လာတာပါ၊ သူ့ကိုကျွေးထားရုံအပြင် ဘာမှလည်း တောက်ပအောင် ဆောင်နိုင်ဘူး၊ အန်တီ ဒေါ်စံပယ်ကြည် ရဲ့ အဝတ်သေတ္တာက သူ့အတွက် ကြိုရောက်လာသလိုပဲ"

"မှန်တာပေါ့ .. အဲဒါ ကံကြမ္မာပဲ၊ လူလေးက ဒဏ္ဍာရီက မင်းသမီးလေးအတွက် ဒဏ္ဍာရီမှာ လာပြီး ကားမောင်းနေရတယ်၊ ပြီးတော့ ဒဏ္ဍာရီ မဟုတ်တဲ့ မိန်းကလေးကိုတောင် ကိုယ်ရံတော် လုပ်ခဲ့ရသေးတယ်၊ ဒါတွေကို ဘယ်လိုမှ ဆက်စပ်ကြည့်မိမှာ မဟုတ်ဘဲနဲ့ အခု သူ့အလိုလိုလမ်းကြောင်းတွေ ပွင့်သွားခဲ့တာ ကံကြမ္မာ ...၊ လူလေးတို့ ညီအစ်ကိုနှစ်ယောက် ဒီမှာပဲ လာနေကြပါ"

"မဖြစ်လို့ပါ ...၊ ကျွန်တော် ..."

စိတ်ထဲမှာ ဒါကို လုံးဝ လက်မခံနိုင် ဖြစ်နေတုန်းမို့ ဒေါ်သစ္စာသို စကားဟလိုက်တာနှင့် ချမ်း က မတ်တတ်ရပ်ပြီးသား ဖြစ်နေ၏။

ဒေါ်သစ္စာသို က အသံကို နားစွင့်ပြီး ချမ်း မတ်တတ်ရပ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လားဆိုတာ ခွဲခြားနေရသော်လည်း ဦးခန့် က ပြုံးနေ၏။

ထိုအပြုံးထဲမှာ အားလုံးကို နားလည်နေတာတွေအပြင် ချမ်း ရဲ့ ရင်ဘတ်ထဲထိ ထွင်းဖောက်၍ ...

"ကျွန်တော် ဒဏ်ရာလည်း ကောင်းကောင်း မသက်သာသေးလို့ ပြန်နားပါရစေ ..."

"ဘယ့်နှယ် ချက်ချင်းကွယ် .. ဒီဒဏ်ရာ ရတာလည်း ဘွားတို့နဲ့ပဲ ဆိုင်တယ်လေ ...၊ ပြန်ထိုင်ပါ .."

ဒေါ်သစ္စာညို က ဆိုဖာကို သေချာစမ်းကိုင်ပြီးမှ သူမပေါ် ဝင်ထိုင်လိုက်ပြီး ...

"လူလေး ဒီမှာ အလုပ်လုပ်ဖို့ ပြောကြတုန်းက ဘာမှမတော်စပ်ဘဲ အတူနေကြတဲ့ မောင်နှမတွေလို့ ပြောခဲ့တယ်နော် .."

ဒေါ်သစ္စာညို က ပြောရခက်သည့်မျက်နှာမျိုး ဖြစ်သွားကာ စကားနည်းနည်းတုံ့သွားသည်။ ပြီးမှ ...

"မြေးနဲ့ လူလေးတို့ လက်ထပ် .."

"ဟာ!... မဟုတ်ဘူး .. အဲဒါ မဟုတ်ဘူး၊ ရွာက ကျွန်တော့်အစ်ကိုလို ခင်ရတဲ့ လင်မယားက မြို့မှာ နေရေးထိုင်ရေး အဆင်ပြေအောင် အဲဒီလိုလုပ်ထားဖို့ အကြံပေးဖူးတာ ...၊ တကယ် လက်မထပ်ခဲ့ပါဘူး"

ဦးခန့် မျက်မှောင်ကုတ်သွားကာ တဖြည်းဖြည်း ပြန်ပြေကျလျက် ခပ်ယဲ့ယဲ့ပြုံး၏။

တစ်ခါတလေ ချမ်းနဲ့အတူ အိမ်ကို သူ ပါသွားဖူးသည်။ အိမ်ရှေ့မှာပဲ ချမ်း က ဆင်းနေခဲ့တာမို့ အိမ်ထဲထိတော့ မဝင်ခဲ့ဖူးပေ ...။

တစ်ခါတလေကျတော့ ဟိုအကြောင်း ဒီအကြောင်း မေးမြန်းစပ်စုရင်း ပြောဖြစ်တာမျိုး ...။

"ဘာမှမတော်စပ်ကြဘဲ အတူနေကြတယ်ဆိုတော့ မိန်းကလေးက တော်ရုပ်ဆိုးနေလို့များလား .."





"မဆိုးပါဘူး .."

"မသိဘူးလေ .. မောင်ရင်က ဒီမှာ အဆင်ပြေပြေ လာနေပါဆိုတော့လည်း မနေ၊ ဒီက စီစဉ်ပေးမယ့် နေရာထိုင်ခင်းကိုလည်း လက်မခံနဲ့ ...၊ ဒါမှမဟုတ် ဥမ္မာဒန္တီ လိုများ လှနေလို့လား .."

"အဲဒီလောက်တော့ မဟုတ်ပါဘူး"

လို့ ပြောပြီး ရယ်မောခဲ့တာတွေကို ဦးခန့် က သေချာ ပြန်စဉ်းစားနေခဲ့၏။ပြီးတော့ ပြောကြတာတွေ ရှိသေးသည်။ ယောကျ်ားချင်းမို့ ပွင့်လင်း ကြတဲ့စကားပါ။

"သွေးသားမတော်ဘဲ အတူတူနေကြတာ မောင်ရင်က လုံးဝ အေးဆေးပဲဆိုရင်တော့ ဒါ စဉ်းစားစရာပဲကွ ...၊ ယောကျ်ားမှန်ရင် ဘာတွဲနှာဘူးနဲ့ ဂန်ဒူး နှစ်မျိုးပဲ ရှိတယ်တဲ့၊ စိတ်တော့ မဆိုးနဲ့နော်.. အန်ကယ်လ်က လက်ဖွဲ့ပေးချင်လွန်းလို့ ဒါပဲ စဉ်းစားနေတာမို့ပါ .."

"ဒါဆိုရင်တော့ အန်ကယ့်လ်လက်ဖွဲ့ မှိုတက်သွားနိုင်တယ် .."

"ဘာဖြစ်လို့လဲ .."

"စိတ်ရောဂါရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်အခြေအနေမှာဖြစ်ဖြစ် .. ကျွန်တော် ဘယ်တော့မှ ဖောက်ပြန်မှာ မဟုတ်ဘူး"တဲ့ ...။

ချမ်း ဆိုတဲ့ကောင်လေး စိတ်ဓာတ်ကတော့ လေးစားချင်စရာပါ။ ဒါပေမယ့် လိုက်လေ .. ပြေးလေ .. လုပ်ချင်တာတော့ မကောင်းဘူး ထင်သည်။

အခွင့်အရေးယူလွန်းတာ မကောင်းပေမယ့် လက်ထဲအရောက်ထည့်ပေးနေသည့် အခွင့်အရေးကို ခါချပစ်တဲ့အထိတော့ မလုပ်သင့်။

ဒါပေမယ့် ကိုယ်က ဒဏ္ဍာရီသားစုဝင် မဟုတ်တော့ ဒီကိစ္စကို ဝင်ရောက်စွက်ဖက်ခွင့် မရှိပေ ...။

"မောင်ခန့် .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ချမ်း ပြန်သွားတာလား .."

တိတ်ဆိတ်မှုဖြစ်သွားသည်နှင့် ဒေါ်သစ္စာညို မျက်နှာမကောင်း ရှာ ...၊

"ကျွန်တော် ရှိပါတယ် ...၊ ဘွားကို နှုတ်မဆက်ဘဲ စကားဖြတ်ပြီး ထွက်မသွားပါဘူး၊ ဒါပေမယ့် ကောင်မလေး နဲ့ပတ်သက်တဲ့ ကျေးဇူး စကားတွေကို တော်ပါတော့ ဘွား ...၊ ကျွန်တော် ဘယ်က ဘာကိုမှ မျှော်လင့်ခဲ့တာ မဟုတ်လို့ .."

"မျှော်လင့်ချက်တွေနဲ့ ထောင်မြင်လို့ ရာစွန့်တာ ကျေးဇူးလို့ မခေါ်ဘူးကွယ် ...၊ ဘွားကလည်း ဒီစကားကို တခမ်းတနား ပြောချင် တာပါ၊ ရှင်းရှင်းပြောရရင် ဒီနေရာမှာ လူလေးမဟုတ်တဲ့ တခြားလူ ဖြစ်နေရင်တောင် ကျေနပ်လောက်တဲ့ အတိုင်းအတာအထိ ခွဲခြမ်းပုံပေး ပြီး ကျေးဇူးဆပ်လိုက်မှာ ...၊ ဒါပေမယ့် မင်းက အဲဒီလိုလူ မဟုတ်ဘူး၊ ဘွားကလည်း အဲဒီလို မဆက်ဆံချင်ပါဘူး၊ မြေးကိုလည်း မေးပြီးပြီ.."

ဒေါ်သစ္စာညို က စကားမဆက်သဖြင့် ချမ်း ရဲ့ စူးစိုက်နေတဲ့ မျက်ဝန်းတွေ ဒေါ်သစ္စာညို မျက်နှာထက်မှာပဲ ရှိနေခဲ့လျက် ...

"မြေးက ဟုတ်တယ်လို့ ပြောတယ် .."

ပြောရင်း ဒေါ်သစ္စာညို မျက်နှာ ခပ်လွှဲလွှဲ ဖြစ်သွားကာ ...

"ဘွား အဆုံးစွန်ထိ မေးကြည့်ခဲ့ပါတယ် ...၊ မြေးက ဘာမှမသိ ဘူး .. အဓိပ္ပာယ်က ဘာမှ မဖြစ် .."

"ဘွား အဲဒါတွေအတွက် စိတ်မလုံတာဆိုရင် ကျွန်တော့်ဘက်က သက်သေပြစရာတော့ မရှိပါဘူး ...၊ ဒါပေမယ့် ကောင်မလေး .. ရီလေး ကို ကျွန်တော် .."

"အန်ကယ်လ်က မင်းကို ယုံကြည်တယ် .."

ဦးခန့် က ဝင်ပါလာကာ ဒေါ်သစ္စာညို ကို တစ်ချက် လှမ်းကြည့်





၍ ...

"ချမ်း နဲ့ ကျွန်တော် စကားတွေ အများကြီး ပြောခဲ့ဖူးတယ်။ အဲဒါကြောင့် မမကြီးအတွက် ဝေခွဲရခက်နေတဲ့ ပြဿနာတွေကို ကျွန် တော် ဝေခွဲနိုင်တယ်ဆိုတာ ယုံကြည်ပေးပါ၊ မမကြီးအနေနဲ့ ကလေးနဲ့ ချမ်း ကို ရိုးရိုးမိတ်ဆွေရင်းချာတွေလို့ပဲ သတ်မှတ်ပြီး ဆုံးဖြတ်စရာ ရှိတာ ရဲရဲတင်းတင်း ဆုံးဖြတ်ပါ .."

ဒေါ်သစ္စာညို ခေါင်းညိတ်လိုက်ရင်း သက်ပြင်းရှည်ကြီး ချသည်။

"ဘွား ပြောတာကို နားထောင်ပါ ...၊ လူလေးတို့ ဒီမှာ ပြောင်းနေ ကြပြီး ဒရိုင်ဘာလည်း မဟုတ်ဘူး .. ကိုယ်ရံတော်လည်း မဟုတ်ဘူး။ ဒါပေမယ့် မြေးလေးကို စောင့်ရှောက်ပေးပါ၊ ဒီမှာ မိသားစုလိုပဲ နေကြ ရင်းနဲ့ ကိုယ့်မိသားစုအတွက် အလိုလိုဖြစ်လာတဲ့ ကာကွယ်စိတ်မျိုး နဲ့ပေါ့"

"အဲဒီလို တစ်စုံတစ်ခုအပေါ်မှာ အကြောင်းရှာပြီး မှီခိုနေတာမျိုး ကျွန်တော် မဖြစ်ချင်ဘူး အဘွား ...၊ အထူးသဖြင့် ကောင်မလေး ရဲ့ အခြေအနေ ဒီလောက်ထိ မြင့်မားနေတဲ့အတွက် ဒီလိုအပြောတွေက လွတ်မှာ မဟုတ်ဘူး .."

"မင်း ဒီနည်းနဲ့ မာနကြီးပြတာ ပတ်ဝန်းကျင်မှာ ခဏတော့ အထင်တကြီး ရှိသွားကြနိုင်တယ်၊ ဒါပေမယ့် တို့တွေမျက်နှာကို မငဲ့ မကွက်ရာကျမှာတွေ၊ ကိုယ့်တက်လမ်းကို ပိတ်ဆို့သလို ဆုံးဖြတ်မိတာ တွေအတွက် တဖြည်းဖြည်း မင်း နောင်တရလာမှာပဲ ချမ်း .."

ဦးခန့် က လေသံအေးအေးနှင့် ဝင်ပြောသည်။ ချမ်း ဆံပင်တွေ တစ်ချက်ဖွကာ ဆိုဖာမှာပဲ ပြန်ထိုင်လိုက်မိ၏။ သူ ဘာလုပ်ရမလဲ။

မောင်လို နှမလို ...၊ ပြီးတော့ ကိုယ် မြတ်နိုးတဲ့ ပန်းလေးတစ်ပွင့် လို နေ့စဉ် ကြည့်ပြော ဆက်ဆံလာခဲ့တဲ့ မိန်းကလေး ...။

ဒီနေ့ကစပြီး သူ ဘယ်လို ဆက်ဆံရမလဲ ...၊ အဘယ်၍ သူ့မစိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်ကောင်းလာတဲ့အခါ ဆွိုတီ ပြောခဲ့သလို မပြောဘူးလို့ရော အာမခံနိုင်မလား ..။ သည်တုန်းကတော့ သူ့မှာ ပြောစရာစကားတွေ အဆင်သင့်နှင့် ဆွိုတီ က မျက်စိထဲမှာ ဘာမှမဟုတ်လောက်သည့် မိန်းကလေးတစ်ယောက်လို ..၊

"နောင်တစကားကို ဘာဖြစ်လို့ ထည့်ပြောရလဲဆိုတော့ ..၊ အခု မောင်ရန်နိုင် က သူ့သမီးလေးနဲ့ စကားပြောပြီးပြီ၊ သမီးက မမှတ်မိ ပေမယ့် သူ ဒီက အဖြစ်တွေကို သိသွားပြီး တော်တော်လေး စိတ် မကောင်း ဖြစ်သွားတယ်၊ အဲဒီအကျိုးဆက်က ကလေးကို မိဘ ဘိုးဘွားနဲ့ပဲ အမြဲတမ်း ထိတွေ့နွေးထွေးအောင် ထားဖို့ပေါ့၊ ပြောချင် တာက ယောက္ခမကို အမြင်မကြည်တာတွေ ဘာမှမထားတော့ဘဲ နှစ်ဖက် ပြေလည်သွားခဲ့ကြပြီ ..၊ မင်းကိုလည်း သူ မေးတယ်၊ ဒီတော့ ကြိုးစားချင်တဲ့ မင်းလိုလူက ကိုယ့်တက်လမ်းကို ကွေ့ရှောင်သွား မလား .. ရှုပ်ရှုပ်ချုံချုံ ကြိုးစားမလား .."

မေးနေတာ မဟုတ်တော့ ချမ်း ကလည်း မဖြေပါ။ ဦးခန့် ကလည်း အဖြေကို စောင့်နေတာ မဟုတ်ဘဲ ...

"မင်းစိတ်ထဲမှာ မိန်းကလေးနဲ့ပတ်သက်လို့ မှီခိုလိုက်ရတဲ့ အရိပ် တစ်ခုလို မမြင်ဘဲ ကိုယ် တကယ် အရည်အချင်းရှိလို့ လူမှန် နေရာမှန် ရောက်ရတယ်လို့ မြင်လိုက်ပါကွာ ..၊ သိပ်မကြာခင်မှာ မမကြီးလည်း မျက်လုံးခွဲဖို့ နိုင်ငံခြားသွားမယ်၊ ရီလေး ရဲ့ကျန်းမာရေး ဒီ့ထက် မကောင်းသေးရင်လည်း စစ်ဆေးရင်းနဲ့ပေါ့၊ မင်းအတွက် အားလုံး အဆင်ပြေပါတယ်၊ မင်းရဲ့ညီလေးကိုပါ ပညာရေး ဆုံးတဲ့အထိ ဆက် ထားပေးလို့ ရပြီ၊ ဒါ ငါတို့က ထောက်ပံ့မှာတွေ မဟုတ်ဘူး ..၊ မင်း တော်မှ တိုးတက်လာမှာတွေနော် .."

"ဟုတ်တယ် လူလေး ..၊ အဘွားတို့က မင်းကို ကျေးဇူးဆပ်ချင် တယ်၊ မောင်ခန့် လိုဝဲ မင်းကို ဒဏ္ဍာရီ မှာ အားကိုးရတဲ့ ရဲဘော်ရဲဘက်





တစ်ဦးလိုလည်း ရှိစေချင်တယ်၊ မြေးရဲ့ အဖေနဲ့ တွေ့လိုက်ရင် လူလေး ကြိုးစားချင်သွားမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မြေးရဲ့အဖေက သိပ် တော်တဲ့ လုပ်ငန်းရှင်တစ်ယောက်မို့လို့ပဲ .."

ထိုစဉ် ဧည့်ခန်းအဝင်ဝမှာ ရီလေး ရဲ့ပုံရိပ်လေး ပေါ်လာခဲ့ပြီး—

"ရှင့်ကို ဒီမှာနေဖို့ ဒီလောက်တောင် စည်းရုံးနေရတာလား .."

မျက်ဝန်းလေးတွေက ဆွေးရိပ်သမ်းနေ၏။ ပြီးတော့ ဟန်လုပ် တင်းနေပုံလည်း ရှိကာ ...

"မနေချင်ဘူးဆိုလည်း ပြန်လေ .."

ပြောပြီးတော့ ဒေါ်သစ္စာညို တို့ကို လှည့်ကြည့်ကာ —

"ကျွန်မလည်း ဟိုမှာပဲ ပြန်နေလိုက်တော့မယ် .."

"အို .. မဟုတ်တာကို မြေးရယ် .. မောင်ခန့် မြေးကို ပြောဦး၊ မသွားစေနဲ့နော် .."

ဒေါ်သစ္စာညို ဖင်တကြွကြွ ဖြစ်သွားပုံက သနားစဖွယ်ပါ —

အခြေအနေအားလုံးသည် ဒဏ္ဍာရီမှာပဲ ဝပ်စင်း ခံစားဖို့ ဖြစ်လာ ခဲ့ပြီး ချမ်း မျက်နှာ မသာမယာနှင့် ...

"ကျွန်တော် သူ့ကို ခေါ်မသွားပါဘူး"

လို့ပဲ ကတိပေးလိုက်ရကာ ...

ချစ်ခွင့်မရရင်တောင် မင်းကို မမုန်းပါရစေနဲ့ ကောင်မလေးရယ်—



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၄)

"ဘာ!... မင်းကို ဒီတိုင်း မေးတယ် .. ဟုတ်လား .."

"ဟုတ်တယ် .. သားက အဲဒါကြောင့် ပြောလိုက်တယ်လေ ..၊ ရွာမှာတုန်းကတော့ တစ်ရွာလုံးက ခင်လည်း ခင်ကြတယ်၊ ဒီလင်မယား ဘာညာနဲ့ စကြတာလည်း ရှိတယ်လို့ .."

"ဘာ!..."

"ဟုတ်တယ်လေ ..၊ အစက ဒီလိုပဲ စကြတာ မဟုတ်ဘူးလား"

"နောက်တော့ နားလည်သွားကြတယ်လေ၊ မင်း စကားကို လိတ်ပတ်လည်အောင် မပြောတတ်ဘဲနဲ့ ငါ နားရင်းအုပ်မိတော့မယ်"

အုပ်မိတော့မယ်ဆိုပြီး လက်ဝါးနဲ့ ဖက်ပိုးကို ဖိကပ်ပစ်လိုက်သဖြင့် ဒန်းပေါ်မှာ ထိုင်နေသည့် သုခ ကိုယ်လေး ဒန်းနဲ့အတူ လွှဲယမ်းသွား၏။

ဘေးတိုင်ကို လက်တစ်ဖက်နဲ့ ကိုင်ကာ ချမ်း မကျေမနပ်ဖြစ်နေပုံက တခြားလူမြင်လျှင် အလွယ်တကူ ရိပ်မိသွားမှာပဲ ဖြစ်၏။





ထူတန်းသည့်မျက်ခုံးနှစ်ဖက်က တွန့်ကုတ်နေလျက် မေးရိုးကားသယောင်ရှိသည့် မျက်နှာပြေပြေမှာ နှုတ်ခမ်းစေ့ထားလိုက်ရုံနှင့် ခက်ထန်တင်းမာသရုပ်က ထင်းနေ၏။

"သုခ .. မင်းနော် ..၊ မင်း အကောင်လေး ငယ်ငယ်နဲ့ .."

"ကိုကြီးကလည်း .. သားက မဟုတ်တာ မပြောပါဘူး .."

သုခ ဖြေရှင်းဖို့ စကားစလိုက်ပြီးမှ ဦးခန့် နဲ့ ဒေါ်သစ္စာညို တို့ ခြံတစ်ပတ်ပတ်ပြီး ပြန်လှည့်လာတာကို လှမ်းမြင်လိုက်သဖြင့် မျက်နှာလေး တစ်မျိုးပြောင်းသွား၏။

ဒေါ်သစ္စာညို ကို မိန်းကလေးနှစ်ယောက်က ရံ၍ လက်တွဲထားသည်။ ဦးခန့် က သူတို့နှင့် နောက်မကျတကျမှ ဖြစ်ကာ အေးဆေးလမ်းလျှောက်လာကြတာ ဖြစ်၏။

ချမ်း နဲ့ဆို နောက်ကျောဘက်ကျတာမို့ ချမ်း ရုတ်တရက် မမြင်နိုင် ..။

"ရွာမှာတည်းက တစ်အိမ်တည်းနေကြတာကို လူတွေ စလွန်းလို့ မင်းတို့ ယူလိုက်ကြပါလားလို့ ကိုကြီးကို ပြောကြတာပဲလေ၊ ရန်ကုန်ကို လာကြတော့ တကယ် လက်ထပ်ခဲ့တာပဲဟာ .."

"ဟော့ကောင် .. တိုးတိုးပြောစမ်း .."

"အဲ့ဒါကို ကိုကြီးပဲ စာချုပ်တွေ ဖြုပစ်လိုက်တာ .."

"သုခ .. ငါ တယ် .."

သုခ ရဲ့ ဂုတ်ပိုးအကျီစလေး ချမ်း လက်တစ်ဖက်ထဲမှာ စုလုံးပါလာသဖြင့် သုခ လည်ပင်းအစ်နေသလို အသံကို ပို့မြှင့်ကာ ...

"ရန်ကုန်မှာလည်း ကိုကြီးတို့ လင်မယားမှန်း လူတိုင်း သိ .."

"ဟာ!... ဒီ ဖဲစားလေး .."

"မလုပ်ပါနဲ့ မောင်ချမ်း ရဲ့ .. ကလေးကို .."

နောက်က အသံကြောင့် သူ လှည့်ကြည့်လိုက်တော့ ဦးခန့် က



www.burmeseclassic.com

www.burmeseclassic.com



လက်ကာတားနေတာ ဖြစ်ကာ ...

"ကလေးက ကလေးလို ပြောတာပါ .. မလုပ်ပါနဲ့ .."

ချမ်း ဘယ်လိုဖြေရှင်းရမှန်း မသိတော့ပေ ...၊ သုခ ပြောနေတဲ့ ဘာလိုလိုစကားတွေကို ထပ်ကြားသွားပြန်ပြီလား ...။

မေးလို့ ဖြေခဲ့တာကို မယုံနိုင်ရင်တောင် ကွယ်ရာမှာ ပြောနေတဲ့ စကားကိုတော့ အတည်လို့ မှတ်သွားနိုင်၏။

ကြည့်စမ်း ...၊ သုခ ဆိုတဲ့ကောင်စုတ်လေး .. တမင်ချွန်တာ..၊

စူးရဲသည့် မျက်လုံးတွေ သူ့ဆီ ရောက်လာသည်နှင့် သုခ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်၍ ဟိုလှည့် ဒီလှည့် ...

မီးလောင်ရာလေပင့်သည့် ထိုစကားတွေကြောင့် ပြောင်းလဲကုန်သော အခြေအနေတွေက ရီလေး နဲ့ သူ့ကို စေ့စပ်ပေးဖို့ ဖြစ်သွားခဲ့တဲ့ အထိ ...။

"ငါတို့က မြန်မာလူမျိုးတွေ ...၊ မြန်မာတို့ရဲ့ ဓလေ့ထုံးစံတွေ၊ ဟီရိဩတ္တပ္ပတရားတွေကို ပစ်ပယ်လို့ မရဘူး၊ မြေးလေးကို အသက်ရှင်လျက် ပြန်ရတာကိုပဲ ဆုလာဘ်တစ်ခုလို့ သတ်မှတ်ရတော့မှာပဲ"

ဒေါ်သစ္စာညို က ဒီတိုင်းပဲ ဆုံးဖြတ်သည်။ ဦးခန့် က ခေါင်းညိတ် ထောက်ခံတဲ့သူ ...၊ ဒါတွေကို ဘယ်သူမှ မသိလိုက်ပေမယ့် သုခ ကတော့ သိနေခဲ့လေသည်။

ကလေးပီပီ ဟိုရောက်ဒီရောက်မို့ ဖြတ်လျှောက်သွားလာရင်း နားစွင့်နေခဲ့တာ ဖြစ်၏။ ထို့ပြင် သူ တကယ်ကို ဖြစ်စေချင်နေတာက ချမ်း နဲ့ ရီလေး တို့ သက်ဆုံးတိုင် ပေါင်းဖက်သွားကြဖို့ ...။

"သူတို့ ရွာကို လူလွှတ်ပြီး တိတ်တဆိတ် စုံစမ်းသွားတယ်ဆိုတာ မင်းက မနာပါနဲ့ကွာ ...၊ ပန်းဒဏ္ဍာရီ လို မိန်းကလေးရဲ့ ဖူးစာဖက်မယ့်လူဟာ မင်းလိုလူ ဖြစ်ရမယ်လို့ ဘယ်မိဘက စိတ်ကူးခဲ့မှာလဲ.."

ကိုကြီးကျော် တို့ လင်မယား ရန်ကုန်ရောက်လာတော့လည်း





ချမ်း ဘက်က လူကြီးတွေအဖြစ် ဒဏ္ဍာရီက ညွှန်ပတ်ကျေခဲ့သလို သူတို့ ပြောကြတာလည်း ဒီအကြောင်းပဲ ဖြစ်၏။

"နောက်ပြီး သူတို့တွေ ငါ့အိမ်ကို ဝင်တယ်၊ လာစုံစမ်းတဲ့ အကြောင်းလည်း ပြောပြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက မဖွင့်လင်းသလို ရီလေး ကလည်း စိတ်ဝေဒနာရှင်လေ .."

"သူ အားလုံးကို သတိမရသေးပေမယ့် ကောင်းနေပါပြီ"

"ဟုတ်တယ် .. တည်ငြိမ်သွားပြီ ...၊ အတိတ်မေ့နေသလိုမျိုးပေါ့၊ ငါလည်း မတွေ့တာကြာပြီးမှ ပြန်တွေ့လိုက်ရတာ အံ့သြသွားတယ်၊ ပြီးတော့ မင်းတို့ရဲ့ကံကြမ္မာတွေကိုရောပဲ .. ဒါကို သူများ ပြန်ပြောတာ ဆိုရင် ယုံနိုင်မှာတောင် မဟုတ်ဘူး .."

"ဟုတ်တယ် ချမ်း...၊ နင် မာနကြီးတာ ငါတို့ သိပါတယ်၊ အထူးသဖြင့် ဒီလိုနေရာမှာ နင် နည်းနည်းမှ အထင်လွဲမခံနိုင်ဘူးဆိုတာပေါ့၊ ဒါပေမယ့် ယထာဘူတကျကျ တွေးသင့်တယ်လေ၊ အခု သူတို့ဘက်က ပြန်ပြီး တစ်မျိုးမြင်သွားရင် ဘယ်လို အနေအထားတွေ ဖြစ်ကုန်မလဲ .. နင် စဉ်းစားကြည့် .."

မသိမ့် က သတိပေးလိုက်သဖြင့် ချမ်း တွေဝေသွားသည်။

"သူတို့တွေးတာ အရမ်း နည်းလမ်းကျတယ်၊ နောက်ပြီး နင့်တို့ ဘယ်လောက်ထိ ခင်မင်ရှိတယ်၊ ယုံကြည်တယ်ဆိုတာလည်း ပေါ်လွင်တယ်၊ ယောကျ်ားလေးတစ်ယောက်နဲ့ လတွေ အကြာကြီး တစ်အိမ်တည်း အတူနေခဲ့တဲ့ မိန်းကလေးရဲ့ရှေ့ရေး ...၊ နောက်ပြီး ဒါကို ငွေနဲ့ ပျောက်ဖျက် ဖုံးကွယ်လိုက်လို့ ရပေမယ့် နင့်ကို ဒီအသိုင်းအဝိုင်းထဲမှာ လက်ခံနိုင်ဖို့ပဲ သူတို့ ကြိုးစားတယ်၊ ဒါကို နင်က တွင်တွင်ငြင်းနေရင် ဘာပုံစံပေါက်သွားမလဲ .. သိလား .."

"အစကတော့ မတွေးမိဘူး .."

"အခု တွေးမိပြီဆိုရင် သူတို့စီစဉ်တာကို လက်ခံလိုက်ပါ၊ ရီလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အဖေကို သူတို့ စည်းရုံးနေကြရတာ ခုတော့ သဘောတူလိုက်ပြီလို့ ကြားတယ်၊ ဒေါ်သစ္စာညို ရဲ့စိတ်ထဲမှာ ကောင်မလေးရဲ့အဖေက သဘောတူကာမှ ဒီမှာလည်း မင်းကို ပြန်စည်းရုံးနေရတယ်ဆိုတာ ဟိုက ကြားသွားပြီး ကမောက်ကမတွေ ဖြစ်မှာစိုးရိမ်နေတယ် ..”

“ကျွန်တော် အဲဒီလိုပုံစံချိုးနေတာ မဟုတ်ဘူး မမသိမ့်၊ ကောင်မလေးက သူ့စိတ်ရင်းနဲ့ ကျွန်တော့်ကို ခင်နေတာ မဟုတ်ဘူး ..”

အတူတူနေရအောင်လို့ တကယ် လက်ထပ်ချင်တဲ့အကြောင်း ပြောတုန်းက ကောင်မလေး ဖြစ်သွားတဲ့ မျက်ဝန်းလေးတွေကို သူ ဖျောက်လို့ မရပေ ..။

ပြီးတော့ ချေစပ်ခဲ့ဖူးသလိုလို ..၊ လက်ထပ်ခဲ့ဖူးသလိုလို ..။

“နောက်ပြီး သူ ဟိုမှာ စေ့စပ်ခဲ့ဖူးသလား မသိဘူး”

တွေးမိလိုက်တာနှင့် တစ်စွန်းတစ်စတော့ ဖွင့်ပြောလိုက်မိသည်။ ကိုကြီးကျော် က ပြုံးလိုက်မဲ့လိုက် ဖြစ်သွားသည့် မျက်နှာကြီးနှင့် ...

“သူ့အဖေနဲ့ ဒေါ်သစ္စာညို နဲ့ ဒီလောက်ထိ မင်္ဂလာကိစ္စတွေ ပြောနေမှတော့ ဟိုဘက်မှာ ရှိထားခဲ့ရင် ပေါ်လာပြီပေါ့ကွ ..၊ မင်းကို ကြည့်ရတာ ကေန္တ ရီလေး ကို ကြိတ်ချစ်နေခဲ့ပုံပဲ ..”

ကောက်ခနဲ မေးလိုက်တာနှင့် မသိမ့် က ဟုတ်လား.. လို့ ကြည့်လာသည်။ ချမ်း မျက်နှာ အနီရောင်သမ်းလျှက် ခပ်ပွပွ ဆံပင်ကောက်တို့အပေါ် လက်က ခဏခဏ ဖိသပ်နေမိဆဲ ...

“ကိုကြီးက ချစ်နေတာ ကြာလှပြီ ..”

သုခ အသံလေးက စီခနဲ ..၊ ပြီးတော့ အနားကိုလည်း မလာဘဲ အိပ်ခန်းတံခါးဝမှာပဲ ရပ်နေကာ ...

“မမ အိပ်နေကာမှ ပြန်လာတဲ့ညတွေဆို .. စောင်ခြုံပေးဖို့ သွားပြီး အကြာကြီး ရပ်ကြည့်နေတာ ..၊ နောက်ပြီးတော့ ..”

“သုခစီ ..”





“ကိုကြီးက မချစ်ဘူးလို့ ပြောတော့မှာကိုး ..”

“မင်း ..”

“နမ်းတာလေးပဲ ပြောမှာပါ ..”

“ဟား!... ကျွတ် ..”

လက်လှမ်းလို့ မမီသည့်နေရာကနေ ပြောပြီး ချမ်း ရှုံ့မဲ့မဲ့ဖြစ်သွားတော့ ချာခနဲ လှည့်ပြေးသွား၏။

ကိုကြီးကျော် စပ်ဖြီးဖြီးကြီး ဖြစ်နေကာ မသိမ့် က ရယ်သံမထွက်အောင် ထိန်းရင်း ပခုံးတွေလှုပ်နေသဖြင့် ချမ်း နဖူးကုတ်၊ လည်ပင်းပွတ် ထရပ်သည်။

“ဘယ်ထွက်ပြေးမလို့လဲ ချမ်း ..၊ မင်းကလည်း ယောကျ်ားဖြစ်နေပြီး အပျိုဖျန်းလေး ရှက်နေတဲ့အတိုင်းပဲ၊ အချစ်ကို လိုချင်တဲ့အချိန်မှာ လိုသလောက်တော့ ဘယ်ရမလဲကွ၊ ကိုယ်က ယောကျ်ားလေးဆိုတော့ ကြိုးစားယူရမယ့်ဘက်ကပဲ ..၊ ကောင်မလေး ပြန်ကောင်းသွားတဲ့အချိန်ထိ မင်းကို မမေ့အောင် မင်း ကြိုးစားပေါ့၊ သူတို့ကတော့ အခု စေ့စပ်ထားပေးမယ်၊ ဒီကာလမှာ မင်းကို ရီလေး ရဲ့အဖေက စီးပွားရေးလောကမှာ ဝင်ဆံ့အောင် .. မြင်လာအောင် လက်တွဲခေါ်သွားမယ်၊ အစီအစဉ်အားလုံးက မင်းအတွက် ဥပေက္ခာ ဘာမှမပါဘူး၊ လိုအပ်တာက ရိုးသားစွာ ကြိုးစားဖို့ပဲ ..”

ချမ်း က ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထည့်လိုက်ပြီး တည်ငြိမ်သွားသည့်မျက်နှာမှာ ညှံ့သက်ရိဝေမှုများနဲ့ ဖြစ်ကာ ...

“ကျွန်တော် လိုချင်တာ သူ့အချစ် တစ်ခုတည်းပဲ ..”

“ဝန်ခံပြီပေါ့”

“အဲဒီလို တကယ် မဖြစ်ချင်ခဲ့တာပါ၊ သူ့ဘဝကို ဒီအခြေအနေမျိုး ရှိနေမယ်လို့ မသိရခင်တည်းက သူ့ဆီက ဒီလိုအခြေအနေမျိုးနဲ့ ရမယ့် ဘာမဆို မလိုချင်ခဲ့တာ ..”



www.burmeseclassic.com

www.burmeseclassic.com



"အခုက မင်းက ရအောင် ယူခဲ့တဲ့ အခွင့်အရေး မဟုတ်တော့ဘူး၊ အားလုံးက ကြည်ဖြူစွာ ပေးလာတဲ့ အခွင့်အရေး .."

"ဒီအခြေအနေမှာဆိုရင် ရီလေး လည်း တည်ငြိမ်နေပြီဆိုတော့ ပြောဆိုရနေပါပြီ၊ ချမ်း နင် သူ့ကို မေးကြည့်ပါလား .."

"ကျွန်တော်က ဘာမေးရမှာလဲ .."

"လူကြီးတွေ စိစဉ်နေကြတာ သူ ကြည်ဖြူရဲ့လားဆိုတာ .."

"ဩော် .. မင်းကလည်း ရီလေး ကို ခွဲခြားမရလို့ပဲ ချမ်း တို့ ဒီမှာပဲ ခေါ်ထားခဲ့ရတာတွေ ..၊ စေ့စပ်ဖို့တွေ ဖြစ်လာတဲ့ဟာ .."

ပြောနေရင်း ဒီနေရာမှာပဲ လှည့်ပတ်ရှုပ်ထွေးနေပုံက 'ဂျာအေးကို သူ့အမေရိုက်'သလိုမျိုး ..။





## အခန်း (၅၅)

"မြေးလေးရယ် .. မြေးမျက်နှာလေးကို ဘွား မြင်ချင်လိုက်တာ"

"ဆေးကုလိုက်ရင် ပျောက်သွားမှာပဲ ဘွားရယ် ..၊ ဖေဖေလည်း ရောက်လာတော့မှာပဲ .. အားမငယ်နဲ့နော် .."

ထွေးဆုပ်ထားသည့် လက်လေးတွေကို ဒေါ်သစ္စာညို က ပြန်လည်ပွတ်သပ်ရင်း ပြုံးနေသည်။

"ဘွားလေ .. ဟိုမိန်းကလေး ရောက်လာတုန်းက အရမ်းတိုပျော်ခဲ့တာ ..၊ ဒါပေမယ့် ဘွားအပေါ်မှာ စိမ်းသက်နေပါလားလို့ ခံစားမိပြီး ဝမ်းနည်းမိတယ်၊ အသက်ကြီးလာလေ လူကြီးတွေက ကလေးနဲ့တူလာလေ ထင်ပါရဲ့ ..၊ ညညဆို ဘွား မျက်ရည်ကျခဲ့ရတယ် .. သိလား .."

"ဘွားကလည်း .."

ရီလေး ဘွား ရင်ခွင်ထဲ တိုးဝင်ကာ သူမကိုယ်တိုင် မျက်ရည်လည်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေကို ဘာမှမသိဘဲ ဆွိတီ ဟန်ဆောင်နေတာ မြင်လျက်နှင့် သူမ ပါးစပ်ပိတ်နေခဲ့မိသည်။

ကိုယ့်ဘက်က ပေးဆပ်ချင်တာက တစ်မျိုး၊ ဆွိတီ ရယူလိုတာက တခြား၊ ကိုယ့်လိုအရွယ် မိန်းကလေးတစ်ယောက်က ဒီလောက်ထိ လောဘတကြီး ကြံစည်ရက်ခဲ့မယ်လို့ ဘယ်တုန်းကမှလည်း မတွေးမိခဲ့ပေ ...။

သူမ လုံးဝ မသိခဲ့သည့် ဦးလေးတော်သည်ဆိုသော ဦးသက်ထွန်း၏ ဒိုင်ယာရီ ...၊

ပြီးတော့ မကြာသေးခင်ကမှ ဖြစ်ပျက်သွားခဲ့သော သေကြောင်းကြံစည်မှုများနှင့် ဆွိတီ ၏ ခြေလှမ်းတွေ ...။

ဘယ်လိုမှမယုံနိုင်အောင် ဖြစ်ခဲ့ရင်း မျက်မမြင်ဘဝနှင့် လှည့်ပတ်လိမ်ညာခံနေရသည့် ဘွားကို သနားလို့ မဆုံးနိုင်ပေ ...။

သူမကြောင့် ဒဏ္ဍာရီစံအိမ်နဲ့ ဘွားရဲ့ဘဝ မလှမပ ဓာတ်သိမ်းတော့မလို့ တည်းတည်းလေး ...၊

"နောက်ဆိုရင်လေ .. ဘွားရဲ့ဘေးကနေ သမီး ဘယ်မှမသွားဘူး၊ ဖေဖေကဖြစ်ဖြစ် .. ဘယ်လိုအခြေအနေမျိုးပဲ ရှိလာပစေ .."

"ဝမ်းသာလိုက်တာ မြေးလေးရယ် .. ပြီးတော့ ဘွား စိတ်ပူတယ်သိလား ...၊ မြေးက လူကောင်းပြန်ဖြစ်နေတာကို ဖုံးထားပြီး လူကြီးတွေ စေ့စပ်ဖို့ ပြောတာကိုလည်း လက်ခံခဲ့တယ်၊ ဒါပေမယ့် လေ့လာဦးမယ်ဆိုတော့ .."

"သမီးနဲ့ သူ ဘာမှဖြစ်ခဲ့ကြတာ မဟုတ်ဘူး ဘွား ...၊ ဒါပေမယ့် သူ့ကို အထင်ကြီးခဲ့တယ်၊ ခင်လည်း ခင်မိတယ်၊ ဒီလိုပုံစံနဲ့သာ ဆွဲမထားရင် သူက ပြန်သွားမှာလေ ...၊ သူဟာ သမီးဘဝအတွက် ကျေးဇူးတင်ထိုက်ဆုံး တစ်ယောက်ပါ .."

"မှန်တာပေါ့ကွယ် .. နောက်ပြီး မြေး သူကလွဲပြီး တခြား





ယောကျ်ားလေးတစ်ယောက်နဲ့ လက်မထပ်သင့်တော့ဘူး၊ ဒါက ယဉ်ကျေးမှုလေ့ထုံးစံအရ ဖြစ်သင့်တဲ့အတိုင်း ပြောတာ၊ ဘွား စိတ်ထဲမှာ အဆင့်အတန်း ဂုဏ်ဓနတွေ ဘာမှမမြင်တော့တဲ့အထိ သူ့ကိုမှ မြေးနဲ့ သဘောတူသွားမိတာကတော့ ရိုးသားတဲ့ဂုဏ်ကြောင့်ပဲ .."

လက်ထပ်စာချုပ် ရှိထားလျက်နှင့် ဒါနဲ့ပတ်သက်ပြီး ရနိုင်တဲ့ အခွင့်အရေးတွေကို ဂရုမစိုက်ဘဲ စာချုပ်ကို ဖျောက်ဖျက်၍ လက်မထပ်ခဲ့ပါဘူး ငြင်းသည်။

မျက်လုံးထဲမှာ သံယောဇဉ်ဆိုတာတွေ ရှိနေတာကို မြင်ပါလျက်နှင့် သွေးအေး တည်ငြိမ်နေသလို ဟန်ဆောင်တာလည်း ပီပြင်၏။

"လူဆိုတာ လိုက်ရင် ပြေးချင်တယ်၊ မလိုချင်ပါဘူးဆိုမှ ပေးချင်တာမျိုး၊ ဘွားက ဒီကောင်လေးရဲ့အသံကို ကြားလိုက်ရတည်းက နှီးစပ်ခဲ့ကြတဲ့ ပဋ္ဌာန်းဆက်ကြောင့်လား မသိဘူး .. ခင်လည်း ခင်တယ်၊ ယုံကြည်တဲ့စိတ်လည်း ချက်ချင်းကြီး ဖြစ်သွားတာ၊ ခုလည်း ဘွားစိတ်ပူမိတယ် မြေးရယ် ...၊ မြေး ဟန်ဆောင်နေတာ သူ သိသွားရင် စိတ်ကောင်းမှာ မဟုတ်ဘူး ...၊ မာနကြီးတဲ့ယောကျ်ားတွေက သူတို့ မာနကို အရာအားလုံးထက် ရှေ့တန်းတင်ကြတာ .."

"ဒါက ဒီလောက်တော့ ရှိမှာပဲ ဘွား .. သူ့ရဲ့ စိတ်ရင်းအမှန်မှာ အတူနေတာ ကြာလာလို့ သမီးအပေါ်မှာ တိမ်းညွတ်နေတာ ဖြစ်ချင်ဖြစ်မယ် ...၊ သမီးဘက်က စိတ်ရင်းအမှန်မှာ သူနဲ့တွေ့တာ မကြာသေးဘူး .."

"အင်း .. ဟုတ်ပါတယ်"

"အဲ့ဒါကြောင့် သမီးကိုယ်တိုင် ကြည်ဖြူနိုင်တဲ့အထိ ဒီတိုင်းနေမှ ဖြစ်မှာ ...၊ နောက်ပြီးတော့ ဖေဖေကလည်း သဘောတူလိုက်ရပေမယ့် အောင့်သက်သက်တော့ ဖြစ်ခဲ့မှာပဲ ...၊ ဖေဖေနဲ့သူ ဒီ့ထက် ရင်းနှီးခင်မင်ဖို့လည်း အချိန်လိုသေးတယ်၊ ဘာပဲဖြစ်ဖြစ် ဘွား စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ၊ သမီး ဘွားရဲ့သေးမှာ တစ်ဖဝါးမှ မခွာတော့ဘူး ..”

ခပ်ပျော့ပျော့ ဘွားရဲ့မေးဖျားကို လက်မလေးနဲ့ တယုတယ ပွတ်နေပြီးမှ နမ်းလိုက်မိသည်။ ပြီးတော့ တစ်ကိုယ်လုံးကို သိမ်းဖက်ပြီး ရင်ခွင်ထဲမှာ ခေါင်းဝှေ့မိသည်။

ရှူရှိုက်မိသည့် ဘွားရဲ့ရင်ဘတ်က ရင်ငွေ့နွေးနွေးဟာ သူမအတွက် လိုအပ်သော မေတ္တာရိပ်တစ်ခု ..။

“ညကျရင် သမီးဖေဖေနဲ့ VZO ချက် ကြဦးမှာမို့လား ..”

“ဟုတ် ..”

“မြေးတို့သားအဖ စကားပြောနေတာကို နားထောင်ရတာ ဘွား စိတ်ချမ်းသာလိုက်တာ၊ ဆွိတီ တုန်းကဆိုရင် VZO ချက်မယ် ပြောလိုက်တာနဲ့ ပတ်ပြေးတော့တာပဲ ..”

“သူ့အကြောင်း မပြောပါနဲ့တော့ ဘွားရယ် ..၊ ဘယ်သူ့အတွက် ဘယ်လို အဆုံးသတ်မလဲဆိုတာ ကံတရားက သတ်မှတ်ထားပြီးသားပါ၊ သမီးလည်း သူနဲ့ နောက်ဆုံး ဆုံခဲ့ရတဲ့ နေ့ရက်တွေကို ထာဝရ ဖျောက်ဖျက်နိုင်အောင် ကြိုးစားတော့မယ် ..”

“အေးပါ မြေးရယ် .. ဒါပေမယ့် ကိုယ် စေ့စပ်ထားရတဲ့လူကို တော့ အပျက်တရားထဲမှာ မထည့်လိုက်နဲ့နော် ..၊ စေ့စပ်တယ်ဆိုတာ လက်ထပ်သလိုပဲ၊ ငါ့သဘောထဲ မတွေ့ရင်တော့ လက်မထပ်နိုင်ဘူး ဆိုတဲ့စိတ်မျိုး မမွေးရဘူး၊ ချမ်း နဲ့ မြေးတို့က နှစ်ဖက်မိဘ သဘောတူလို့ စေ့စပ်ကြရတဲ့ သာမန်စေ့စပ်ကြတာမျိုး မဟုတ်ဘူး၊ သမီးတို့ကို အားလုံးက အကြင်လင်မယားလို့ သတ်မှတ်ခဲ့ကြတာ ..”

“အဲဒါ တော်ပါတော့ ဘွားရယ် .. သမီး နားလည်ပါပြီနော်၊ ဘွား အနားယူလိုက်ပါဦး ..၊ ည ကိုးနာရီလောက်ကျရင် သမီးကိုယ်တိုင် ဆေးလာလိမ်းပြီး နှိပ်ပေးမယ်၊ ဒီနေ့ကစပြီး ဘွားကို ဘွားရဲ့မြေး ကပဲ ပြုစုတော့မှာ ..”





“သာခု .. သာခုပါ မြေးရယ် .. သာခုပါ .. ဘွား စိတ်ချမ်းသာပါပြီ ..”

ဘွားကို နှုတ်ဆက်ပြီး ရီလေး အခန်းထဲက ထွက်လိုက်တာနှင့် တစ်ဖက်ကို မျက်နှာမူလိုက်တော့ ချမ်း က သူမရှေ့မှာ ရပ်လျက် ..

“ချမ်း ..”

“ဟုတ်တယ် ..”

“အို!...”

ချမ်း က သူမလက်တစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ဆွဲလိုက်ပြီး ခေါ်သွားခဲ့တာ တောက်လျှောက် ..။

“လက်ကို လွှတ်ပါ .. ဘာလုပ်တာလဲ ..၊ တစ်ယောက်ယောက် မြင်တော့မှာပဲ”

“ဂျိမ်း ..”

အခန်းတစ်ခုထဲကို လှည့်ဝင်ပစ်လိုက်ပြီးမှ တံခါးရွက်ကို ခပ်ကြမ်းကြမ်း တွန်းပိတ်ပစ်လိုက်၏။

“ချမ်း .. ဘာလုပ်တာလဲ .. ဒါ ..”

ယောကျ်ားလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲကို ရောက်နေသဖြင့် မွေ့ရာခုတင်နှင့် ပိတ်ထားသည့်တံခါးကို ချောက်ချားစွာ ကြည့်မိသည်။

“ဘာပြောမလို့ ဒီထိ ခေါ်လာတာလဲ ..၊ ဘယ်မှာဖြစ်ဖြစ် ပြောလို့ရရဲ့သားနဲ့ ..”

“ဘာလဲ .. ကြောက်နေတာလား ..”

ချမ်း က ခါးထောက်ပြီး ရင်ဘတ်ချင်း ကပ်ပစ်လိုက်သဖြင့် ရီလေး နောက်ကို ထပ်ဆုတ်သည်။

အဖြူရောင် လက်ပြတ်ဂါဝန်ပါးပါးလေးက ခြေဖျားထိ ပုံနေသဖြင့် ဂါဝန်ကို ပြန်တက်မနင်းမိအောင်လည်း လက်နှင့်ဖက်နဲ့ 'မ' ထားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးထိန်နေသည့် မီးရောင်အောက်မှာ ခါးလောက်ဆံနွယ်တွေကို ဖြန့်ချလျက် ...၊ ဖွေးနုဝင်းစက်နေသည့် သူမရဲ့အလှတရားတွေက ဟိုအရင်ကထက် ပိုနုနေသလိုလို ...၊ ပိုပြီးတော့ပဲ နန်းဆန်နေသလိုလို...။

တကယ်တော့ ဒါတွေဟာ အရှိန်အဝါတစ်ခုအောက်မှာ ပြောင်းလဲသွားခဲ့တာမှန်လျှင် ...၊ ဒီအလှအပတွေကရော ကိုယ်နဲ့ သက်ဆိုင်ရဲ့လား ...။

"မင်း အရင်တုန်းကတော့ ငါအိပ်နေတဲ့ခုတင်မှာ လာထိုင် ...၊ အတင်းနှိုး .. အတင်းဆွဲထူ ...၊ ခုတော့ အိပ်ခန်းထဲရောက်လာတာတောင် ကြောက်တတ်သွားပြီလား .."

"ဟို .. အဲ့ဒါ .. ကျွန်မ .."

"ဟိုတုန်းက ရူးနေတာကိုး ...၊ မင်း အခု ရူးမှ မရူးတော့တာ...၊ ငါ့ကို မင်း ညာခဲ့တယ်လေ .."

ဟင်!...

ရီလေး မျက်လုံးလေး ဝိုင်းသွားကာ သူ့မျက်နှာကို စိုးရိမ်စိတ်နှင့် ကြည့်၏။

"အကြာကြီး ငါ့ရင်ခွင်ထဲမှာ နေလာပြီးတော့ ခုကျမှ လေ့လာချင်သေးလို့ ဟုတ်လား ...၊ မလိုဘူး ကောင်မလေး .. အခု မေးလို့ရတယ်၊ မင်း ဘာသိချင်လဲ .. ဘာမရှင်းတာရှိသေးလဲ မေး ...၊ ခု မေးလိုက်စမ်းပါ .."

"အို .. ရှင်ချည်းပဲ ဒေါသထွက်နေရလား ...၊ ဖယ် .. လွှတ် .."

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ထားတာ ဘယ်လိုရုန်းရုန်း မလွှတ်မြောက်နိုင် ...။

"ငါက ကုဋေကြွယ်သူဌေးသမက် ဖြစ်ဖို့အတွက် လေ့လာခံ .. စမ်းသပ်ခံဖို့ ဒီမှာ ရှိနေရမယ်ပေါ့၊ ငါ အဲဒီလို စမ်းသပ်ခံမယ်လို့ မင်း ထင်နေလား .."





"ဒါ ရှင့်မာနတွေပဲ ...၊ ကျွန်မကလည်း ရူးနေတဲ့စိတ်နဲ့ တစ်ရှိုးနေချင်နေမိလိမ့်မယ် ...၊ ကောင်းလာတဲ့အချိန်မှာ မိန်းမတစ်ယောက်ရဲ့ ဝုဏ်သိက္ခာဆိုတာ ထည့်မတွက်ရဘူးလား ...၊ ကျွန်မကိုယ်ကျွန်မ ဝန်းဒဏ္ဍာရီ ဆိုတာ သိလာတဲ့အချိန်မှာ ရှင်က လူစိမ်းသက်သက်ပဲ၊ ဘာဖြစ်ဖြစ် အဲဒါ ရှင် သူများစကားကို မသိအောင် နားထောင်နေလို့ ဖြစ်ရတဲ့ပြဿနာ...၊ တိုးတိုးဖော်ဆိုတာ တိုးတိုးပြောလို့ရတဲ့သူချင်းကို ပြောတာ ...၊ သူများ တိုးတိုးပြောနေတဲ့စကားဆိုတာ နားမထောင်ရဘူး..."

"မင်း ငါ့ကို မစော်ကားနဲ့ ...၊ ဘွား ခေါ်နေတယ်လို့ သုခ လာပြောလို့ .."

လွှတ်ခနဲ ပြောလိုက်ပြီးမှ ကိုယ့်စကားထဲမှာ အဖြေပါသွားတာကို တွေးမိသွားသည်။

ဒီစကားတွေ ပြောနေကြမှန်း သိလို့ သုခ တမင် တွန်းပို့လိုက်တာပဲ ...၊ ရီလေး ကလည်း ဒါကို တွေးမိသွားပုံပေါ်လျက် ...

"အဲဒါဆို ကျွန်မတို့ ဘယ်သူမှ မမှားဘူး ...၊ ဖယ်ပေး .."

"မဖယ်နိုင်ဘူး .."

"ချမ်း .."

"ဟုတ်တယ် .. ချမ်း ဆိုတဲ့ကောင်ပဲ ...၊ မင်း သိပါတယ် .. ငါ ဘယ်လိုကောင်လဲဆိုတာ .."

"ဘာတွေ လာပြောနေတာလဲ ချမ်း ရယ် .. ဘွားတို့က ရှင့်ကို အရမ်း ယုံကြည်လေးစားကြတာ ...၊ ခုလို .."

"ခုကစပြီး လေးစားဖို့ မလိုတော့ဘူး .."

ချမ်း က စကားပြောတိုင်း အံကြိတ် နှာခေါင်းတွန့်လျက် အလွန်အမင်း ခံခက် နာကျင်နေသည့် မျက်နှာနှင့် ...

"သူများတွေ လေးစားတာ .. ယုံကြည်တာတွေ ငါ မလိုချင်ဘူး၊ ငါ လိုအပ်နေတာ တစ်ခုပဲ .. အဲဒါပဲ မင်း ဖြေ ...၊ ငါ့ကို မင်း ချစ်နိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား ..."

ရီလေး ဘာဖြေရမှန်းမသိဘဲ သူ့လက်တွေပေါ်မှာ ဖယ်ချနေရင်း လှုပ်ရှားမှုတွေပါ ရပ်တန့်သွားခဲ့၏။ မျက်လုံးချင်း အကြာကြီး ဆုံပြီးမှ ဗျတ်ခနဲ ငုံ့ပစ်ကာ ...

"အဲဒီအတွက် ကျွန်မတို့မှာ အချိန်ရှိသေးတာပဲ .."

"အချိန် ဟုတ်လား .. မင်းအတွက် အဲလောက် လိုအပ်နေတယ်ပေါ့၊ ငါ မင်းကို ချစ်တယ်လို့ ပြောခဲ့တဲ့အချိန်မှာ မင်း အရူး မဟုတ်တော့ဘူး ကောင်မလေး .."

သူမ ဘယ်လိုပြောင်းလဲသွားသွား.. သူ့ပါးစပ်ထဲမှာ ရီလေး က ကောင်မလေး ပဲ ဖြစ်နေခဲ့လျက် ...

"ငါကလည်း ရူးနေတဲ့ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောရလောက်အောင် မကြောင်ဘူး ...၊ ငါ့ရဲ့ရင်ခုန်သံတွေ မင်းကြောင့် ဖြစ်လာတာ ...၊ မင်းနဲ့ကျမှ ချစ်တတ်ခဲ့တာ ...၊ ငါ မင်းကို အရိပ်တကြည့်ကြည့် ရှိနေခဲ့ရင်း မင်းဆီက လိုချင်တာတွေ .. ငါ ပိုင်ဆိုင်ခွင့် ရချင်တာတွေ .. ဘာဆိုဘာမှ မပြောဘဲ မျိုသိပ်နေခဲ့ရတာ၊ အဲဒါ ဘာမှမသိတဲ့ မိန်းကလေးတစ်ယောက်ဆီက အခွင့်အရေး ယူသလို မလုပ်ချင်လို့ .."

"အဲဒီလို စည်းကမ်းရှိခဲ့လို့လည်း ရှင့်ရဲ့ကိုယ်ကျင့်တရားကို .."

"လာပြန်ပြီ .. အဲဒီ စည်းကမ်း ကလနားတွေ ...၊ ငါ လိုချင်တာ အဲဒါတွေ မဟုတ်ဘူးလို့ ပြောပြီးပြီ .."

"ချမ်း .. ရှင် တိုးတိုး မပြောတတ်ဘူးလား ...၊ အပြင်က တစ်ယောက်ယောက် ကြားသွားရင် ဘယ်လိုလုပ်မလဲ .."

"မတတ်နိုင်ဘူး ...၊ ချမ်း ဆိုတဲ့ကောင်က အစတည်းက လူကောင်း မဟုတ်ဘူး၊ နောက်လည်း လူအထင်ကြီးခံရအောင် ဟိတ်ဟန်တွေထုတ်ပြီး နေပြမှာ မဟုတ်ဘူး၊ မင်း ငါ့ကို စေ့စပ်ဖို့ လက်ခံခဲ့တာ





ဘာလဲ ...၊ ငါနဲ့ အတူတူနေခဲ့ဖူးလို့ .. ဂုဏ်သိက္ခာကြောင့် မတတ်သာလို့လား .."

ရီလေး က မဖြေ ...၊ ခဏစောင့်ပြီးမှ ချမ်း က ခေါင်းညိတ်၍...

"ငါ အဲဒါ သိချင်လို့ .. မင်းနဲ့တွေ့ဖို့ စောင့်နေတာ၊ အခု ရပြီ–"

ဖိဆုပ်ထားသည့်လက်တွေကို လွှတ်၍ ချမ်း က နောက်တစ်လှမ်း ဆုတ်သည်။ ရီလေး မျက်နှာကို စူးစိုက်ကြည့်ပြီးမှ ကျောခိုင်းသွားခဲ့၏။

"ဂုဏ်သိက္ခာအတွက်လို့ ပြောရအောင် ရှင်နဲ့လက်ထပ်တဲ့အတွက် ကျွန်မမှာ ဂုဏ်သိက္ခာတွေ ဘယ်လောက် တိုးလာမှာမို့လို့လဲ .."

တံခါးဆီကို လက်လှမ်းလိုက်ပြီးမှ မရောက်ခင်မှာ ရပ်တန့်သွားသည်။

"မိန်းကလေးတစ်ယောက်အတွက် ရှင် နည်းနည်းမှ ပြန်မကြည့်ဘူး၊ သိပ်ကို အတ္တကြီးတဲ့လူ .."

"ဟုတ်တယ် .."

ပြန်လှည့်လာတော့လည်း သူ့မျက်နှာမှာ ဒေါသတွေနဲ့ပဲ ဖြစ်ကာ ...

"အဲဒီအတ္တက လိုချင်တာတစ်ခုကလွဲရင် ဘာကိုမှ မမက်မောတဲ့ အတ္တပဲ .."

ချမ်း က ရီလေး ရှေ့မှာ တည့်တည့်ပြန်ရပ်လိုက်ပြီး မျက်နှာလေးကို စိုက်ကြည့်သည်။

"ငါ ဒီနေ့ထိ ဒီမှာနေနေတာ မင်းကို မက်မောနေလို့ ကောင်မလေး ...၊ မင်းရဲ့စည်းစိမ်ချမ်းသာတွေကို မဟုတ်ဘူး .. ဒါပေမယ့် ငါ့စကားက ရယ်စရာ ဖြစ်နေမှာပါ၊ ဘယ်သူယုံယုံ မယုံယုံ မင်း ယုံဖို့ တစ်ခုပြောမယ် ...၊ ခုပဲ ဖြေပါ၊ မင်း ငါ့ကို ချစ်သလား .. မချစ်ဘူးလား–"

"ရှင် မေးပြန်ပြီ .."

"မေးသင့်လို့ မေးတာ.. နောက်တစ်နာရီ တစ်ရက်မှ ထပ်မစောင့်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘူး၊ မင်းဆီက 'ဟင့်အင်း' ဆိုတဲ့စကား ကြားတာနဲ့ ငါ ခုချက်ချင်း ဒီက ထွက်သွားမယ် ..''

ရီလေး မျက်နှာလေး ပျက်သွားကာ ဒေါသဖြစ်သွားသလိုလည်း ကြည့်လျက် ...

''ရှင့် .. ရှင် သက်သက် အကျပ်ကိုင်တာ ..''

''ဘယ်ကိုလဲ ..၊ ဖြေပြီးမှ သွား ..''

ရီလေး က ထွက်ပြေးဖို့ ပြင်သည်။ ချမ်း က ဖျတ်ခနဲ ဖမ်းဆွဲလိုက်ကာ ...

''အချစ်ဆိုတာ မွေးဖွားခြင်း မဟုတ်ဘူး .. ဖြစ်ပေါ်ခြင်း၊ သူ့အလိုလို ဖြစ်လာတယ်၊ သူ့ဆန္ဒနဲ့သူ ခိုင်မြဲခြင်း .. မမြဲခြင်းကို ဖန်တီးတယ် .. အဲဒါ သူ့ရဲ့ဂုဏ်သတ္တိပဲ၊ မင်းကို ချစ်မိသွားခဲ့တာ ဘယ်သူ့တိုက်တွန်းချက်မှ မပါသလို .. အချိန်ယူ စဉ်းစားပြီးမှ ချစ်လာတာ မဟုတ်ဘူး ..''

''အဲဒီတုန်းက ကျွန်မက ..''

''အခု ပန်းဒဏ္ဍာရီ ဖြစ်သွားတဲ့အတွက် ငါ့ကို ချစ်ဖို့ စဉ်းစားရတော့မယ်ပေါ့ ..''

''မဟုတ်ဘူး ..''

''မဟုတ်ရင် ဘာလဲ ..''

''အို .. မသိဘူး ..၊ မဖြေချင်ဘူး .. လွှတ်ပါ''

''မရဘူး ..''

''ရှင်နော် ..''

''မင်းကို ငါ အရမ်းချစ်တယ် ကောင်မလေးရယ် ..''

ရီလေး တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်မိသည်။ ပြီးတော့ ရင်ခုန်သံတွေ ကြမ်းတမ်းလာတဲ့အတိုင်း သူမ မျက်နှာလေးကို မော့ယူ နမ်းရှိုက်ရင်း ...





''မင်းရဲ့ဘဝကို မဟုတ်ဘူး ..၊ မင်းအချစ်ကို ကိုယ် လိုချင်တယ်၊ ကိုယ့်ကို ပြန်ချစ်တာပဲ လိုချင်တာ ..၊ မင်း စဉ်းစားနေမယ့်အချိန်တွေမှာ ကိုယ့်ရင်ဘတ်ကြီးကို စမ်းသပ်ခံ ဖွင့်ပေးမထားနိုင်ဘူး၊ ကိုယ့်ကို ချစ်တယ်မို့လားဟင် .. ကောင်မလေး ပြောပါကွာ ..''

မေးခွန်းတွေ ထုတ်နေပြီး ပြန်ဖြေခွင့်လည်း မပေး ..၊

လွတ်မြောက်ခွင့်မရှိသည့် ရင်ခွင်ထဲမှာ သူမ မျက်ဝန်းတို့ကို မှိတ်ရင်း သူ့ကျောပြင်ကို ဖွဖွလေး ပြန်ဖက်ထားမိသည်။

ချစ်တယ် .. မချစ်ဘူးဆိုတာ ရင်ခုန်သံတွေက အဖြေပေးနေပြီမို့ သူမ ပြန်ဖြေဖို့ လိုမည်မထင်ပါ ..။

သူ့လောက် မဟုတ်သေးရင်တောင် သူ့ကို ကျွန်မ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၆)

စေ့စပ်ပွဲဆိုပေမယ့် ဦးရန်နိုင် ကိုယ်တိုင် ဦးစီးစီစဉ်တာမို့ မင်္ဂလာပွဲကြီးတစ်ခုလို စည်ကား ခမ်းနားနေ၏။ ထို့ပြင် နိုင်ငံခြားညှော်သည်တွေပါ တက်ရောက်ကြကာ အလုပ်ကိစ္စတွေ ဆွေးနွေးဖြစ်ကြတာလည်း ရှိ၏။

"တကယ်တော့ ကျွန်တော်က သမီးရဲ့မွေးနေ့အမီ လာပြီး ခုလို ပျော်ပျော်ရွှင်ရွှင် ကျင်းပပေးဖို့ပါ၊ အကြောင်းအမျိုးမျိုးကြောင့် မလာဖြစ်လိုက်ဘူးလေ .."

"ဒါလည်း မင်္ဂလာပါပဲဗျာ ..၊ သမီးရဲ့ စေ့စပ်ပွဲအတွက် ကိုရန်နိုင်ကိုယ်တိုင် တကူးတကလာပြီး စီစဉ်ပေးတာ အားလုံး ပြည့်စုံနေတာပဲ"

"ဒါနဲ့ သမက်လောင်းက နယ်ကဆို .."

"ဟုတ်ပါတယ် .. သမီးနဲ့ နယ်မှာဆုံပြီး မေတ္တာမျှခဲ့ကြတာလေ၊ ကောင်လေးက မိဘတွေ မရှိကြတော့ဘူး၊ လောလောဆယ် အလုပ်အကိုင် မယ်မယ်ရရလည်း မရှိသေးပါဘူး၊ ဘာပဲဖြစ်ဖြစ် သမီးလေးက





သဘောကျတယ်၊ ကျွန်တော်တို့ဘက်ကလည်း လက်မခံနိုင်လောက်စရာ မရှိဘူး .."

"ဒါပေါ့ .. ဒါပေါ့ .."

"သူ့အဘွားကိုယ်တိုင်က ထောက်ခံထားတော့ ကျွန်တော်က ဘာငြိုငြင်စရာရှိမှာလဲ ..၊ အဓိကက ရိုးသားကြိုးစားတဲ့ဂုဏ် ရှိဖို့ပါပဲ"

ဦးရန်နိုင် က စကားပြော လည်သည်။ သမက်လောင်းအတွက် မျက်နှာငယ်စရာရှိပေမယ့် သူများ မပြောနိုင်ခင် လိုအပ်ချက် မှန်သမျှကို သူပဲ ထောက်ပြ ပြောချသွားကာ ...

"ကျွန်တော်တို့သားအဖအတွက် နောက်ထပ် ပိုလျှံလာဖို့ မလာဖို့ထက် စိတ်ချမ်းသာကြဖို့ အဓိကပါ"

"ဒါ အမှန်ဆုံးပေါ့ဗျာ .. ကောင်းပါတယ်"

"သူ့ကို လိုအပ်ချက်လေးတွေ သင်ကြားလမ်းပြပြီး ကျွန်တော်တွဲခေါ်သွားမှာပါ၊ တစ်နေ့ကျရင် ကျွန်တော့်နေရာမှာ သူ ဖြစ်လာရမှာလေ .."

အားလုံး သဘောကျ ခေါင်းညိတ်ကြသည်။ ဦးရန်နိုင် က ချမ်းပခုံးကို ဖက်၍ အားလုံးနဲ့ မိတ်ဆက်ပေး၏။ စေ့စပ်ပွဲမှီရုံလေး ရောက်လာတာမို့ မနက်ကမှ ချမ်း နဲ့သူ မျက်မှန်းတန်းခဲ့ရတာ ဖြစ်၏။

ဒါပေမယ့် ချစ်ခင်ရင်းနှီးပြီးသားလူတွေလို ရယ်မောမပျက် ပြောဆိုရင်း လူကုံထံ စီးပွားရေးနယ်ပယ်မှာ ပထမဆုံး ခြေတစ်လှမ်း ထည့်ပေး၍ မသိမသာ နေရာယူပေးခဲ့သည်။

မိတ်ဆွေအားလုံး၏ တရင်းတနှီး လက်ဆွဲနှုတ်ဆက်ခြင်းမှာ ချမ်း နဲ့ ဦးရန်နိုင် ပခုံးဖက်ထားတာကိုကြည့်၍ ဦးခန့် တပြုံးပြုံးဖြစ်နေခဲ့၏။

ပြီးတော့ သူ့မြင်သမျှကို ဒေါ်သစ္စာသို ကို တတွတ်တွတ်သတင်းပေးသည်။ ဒေါ်သစ္စာသို သည် သခွားရောင် ငွေခြည်ထိုးပုံးပဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



စိန်တွေ တစ်ကိုယ်လုံးမှာ တဖျပ်ဖျပ်လက်နေ၏။

"မောင်ခန့် .. မြေးလေးရော .. မြေးလေးကို ဂရုစိုက် .."

"ရှိတယ် မမကြီး ..၊ သုခ နဲ့အတူတူ ရှိနေတာ၊ ချမ်း ကလည်း ကလေးကိုပဲ လှမ်းကြည့်နေတာပါ .."

"အေး .. အေး .. မြေးလေးကို ဒီတစ်ခါ ထပ်ဆုံးရှုံးရရင် ငါ သေသွားနိုင်တယ် မောင်ခန့် ..၊ ခုချိန်ထိ နေ့နေ့ညည ပျောက်ရှသွားနိုင်တဲ့ပစ္စည်းတစ်ခုလို မြေးလေး ပျောက်သွားမလားလို့ ပူနေမိတုန်းပဲ"

"ကျွန်တော် သိပါတယ် ..၊ ဒါပေမယ့် ဘာအန္တရာယ်မှ မရှိတော့ဘူးဆိုတာ နှလုံးသွင်းထားပါ မမကြီးရယ် .. မပူပါနဲ့၊ မောင်ရန်နိုင် နဲ့ ချမ်း ပါသွားရင်တောင် သုခလေး က လည်တယ်၊ ရီလေး ကို ကောင်းကောင်း စောင့်ရှောက်မှာပါ"

ခေါင်းညိတ်နေရပေမယ့် ပူရတုန်းပါ ..။

"တော်သေးတယ် ..၊ မောင်ရန်နိုင် ရောက်လာရင် ချမ်း နဲ့အဆင်ပြေပါ့လားလို့ ငါ ရင်မအေးခဲ့ဘူး"

"အဲဒါလည်း မမကြီး အေးအေးနေလိုက်တော့ .."

"ဘာဖြစ်လို့လဲ .."

"မောင်ရန်နိုင် ဘယ်လိုလူဖြစ်ဖြစ် .. ချမ်း ကလည်း ချစ်သော စကားကို မဆိုတတ်ဘူးဖြစ်စေ .. ထူးဆန်းတဲ့စိတ်ဓာတ်ရှိသူတွေပဲ၊ သူတို့ချင်းတော့ အဆင်ပြေသွားမှာပါ"

ဒေါ်သစ္စာသို ဟုတ်ပါ့မလားလို့ တွေးနေမိရင်း ကိုယ့်ကိုယ်ကိုယ်လည်း ရှက်မိပါ၏။ ဒီအသက် ဒီအရွယ်ကျမှ မြေးအတွက် ပူရ၊ မြေးသမက်ကို စိုးရိမ်ရနှင့် သူမတစ်ယောက်တည်းမှာပဲ ကိလေသာမီးတွေ စုပြုံ လောင်မြိုက်နေလေသလား ..။

ညစ်ခံပွဲမပြီးသေးခင် မိတ်ဆက်တွေ့ဆုံရေးတွေ ပြီးသည်နှင့် ချမ်း အပြင်ကို လစ်ထွက်လာခဲ့၏။





သူ့ရင်ထဲမှာ လောင်မြိုက်နေတာ ဘာမီးမှန်းတော့ မသိပေမယ့် ဘယ်လောက် အေးသည့်ရေတွေ၊ အချိုရည်တွေ မျိုချလို့မှ အေးမြသည် မရှိ ..။

ရေကူးကန်ကြီးရဲ့ဘေးမှာ ထိုင်ချလိုက်ရင်း မှောင်ရိပ်ထဲမှာ တိတ်ဆိတ်စွာ ရှိနေရသည့်အဖြစ်ကပဲ ငြိမ်းချမ်းလှသည် ထင်မိသည်။ နားထဲမှာ ဆူ ..၊ မျက်လုံးထဲမှာ ရှုပ်နေတာတ ဟိုတယ်လ်ထဲက ဧည့်ခံပွဲ..။

ဧည့်ခံပွဲကို ခြံထဲမှာပဲ ပွဲလေးတစ်ခု ဖြစ်မြောက်စေမည်လို့ ထင်ခဲ့ပေမယ့် ဦးရန်နိုင် ၏ညွှန်ကြားချက် ရောက်လာသည်နှင့် ဟိုတယ်လ်မှာ ချက်ချင်း ပြေးပြီး ဒိတ်လုပ်ရသည်။

လိုအပ်သမျှတွေကို အချိန်အနည်းငယ်အတွင်း အားချင်း စီစဉ်ခဲ့ရ၏။ ရောက်လာလိုက်တော့ ပါလာသည့် မိတ်ဆွေသင်္ဂဟတွေက နည်းတာမဟုတ် ..။

သူ့မှာတော့ ကိုကြီးကျော် တို့လင်မယားနှစ်ယောက်နဲ့ပဲ အင်အားနည်းစွာ ရင်ဆိုင်ခဲ့ရသည်။

တခြားလူတွေဆို သူ့နေရာမှာ ဂုဏ်ယူဝင့်ကြွားစွာ ရှိနေကြမှာလို့ ကိုကြီးကျော် တတွတ်တွတ် သတိပေးနေပေမယ့် အဲဒီစိတ်မျိုး သူ့မှာ အနည်းငယ်မျှပင် မဖြစ်ခဲ့ပေ ..။

ထို့ကြောင့် 'မင်းမျက်နှာကို ဒီ့ထက် ဖော်ရွေလိုက်စမ်းပါ'လို့ ကပ်သတိပေးတိုင်း စိတ်ညစ်၏။

ရီလေး နဲ့ သူ့ဘဝ ဒီလောက်ထိ ကွာခြားပါလားဆိုတာ နားလည်လာလေ .. မွန်းကျပ်လာလေ ..။

"ချမ်း .."

ဘေးမှာ ရောက်လာသည့် ရီလေး ကို ငဲ့ကြည့်လိုက်ပေမယ့် အဖြူရောင်ရှူးဖိနပ်နဲ့ အဖြူရောင်ဂါဝန်စလေး၏ အောက်ဖျားထိပဲ မျက်လုံးက ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရေပြင်ဘက်ကို မျက်နှာ ပြန်လွှဲမိ၏။

"ဘာဖြစ်နေတာလဲ ချမ်း ရယ် .. ဧည့်သည်တွေ ပြန်ရင် နှုတ်ဆက်ရမှာလေ ..၊ ဖေဖေ တစ်မျိုးထင်သွားပါဦးမယ် .. လာ .. သွားရအောင် .."

ကမ်းလာသည့် လက်ဖျားလေးတွေကို ပြန်ငုံကြည့်မိပြန်၏။ သူ့အင်အားနဲ့ ဝယ်တာမဟုတ်ဘဲ သူကိုယ်တိုင် စွပ်ပေးခဲ့သည့် စေ့စပ်လက်စွပ်လေးက ရီလေး လက်ချောင်းသွယ်သွယ်မှာ ရှိနေ၏။

သူ ဝတ်ရမယ့်ကွင်းကိုတော့ သူ ချွတ်ထားလိုက်ပါပြီ။ ဦးရန်နိုင်က သူကိုယ်တိုင် ယူလာပြီး ဒီပွဲမှာလဲ ဝတ်ဖို့ စီစဉ်ပေးခဲ့တာ ဖြစ်သည်။

ဒါကလည်း သူ့အတွက် ရှက်ဖွယ်ဖြစ်ရပ်တစ်ခုသာ ..။

"ချမ်း .. ထကွာ .."

ရီလေး ကမ်းပေးနေသည့် လက်လေးကို သူ ပြန်ဆွဲလိုက်သည်။ ထဖို့တော့ မဟုတ်ပေ ..။

"ချမ်း .. အို .. ဂါဝန်တွေ ပေကျံကုန်တော့မှာပဲ .."

သူ့ဘေးမှာ ဒူးထောက်လေး ကျသွားအောင် လက်ကို ဖိဆွဲလိုက်ကာ ...

"လာ .. ကိုယ့်ပေါ်မှာ ထိုင် .."

"ဟာ!... ဟင့်အင်း .."

ငြင်းနေပေမယ့် သူ ဆွဲပွေ့လိုက်တဲ့အတိုင်း ရင်ခွင်ထဲမှာ ထိုင်လျက်လေး နွဲ့ကျသွားခဲ့၏။

"ကိုယ့်ကို ချစ်လား .."

"ဘယ်နှစ်ခါ မေးနေမှာလဲ ချမ်း ရယ် .. တော်ကြာ တစ်ယောက်ယောက် ထပ်လိုက်လာလိမ့်မယ် ..၊ ဖယ်ပေးနော် .. သွားရအောင်"

အတင်းဖက်ထားသည့် လက်တွေကို ဖယ်ချနေရပေမယ့် တစ်ဖက်ကို ဖြုတ်ချပြီး တစ်ဖက်က ပြန်ဖက်ထားသည်မို့ မရုန်းတော့ဘဲ





လက်လျှော့လိုက်ရကာ ...

"ချမ်း ဘာဖြစ်နေတာလဲ ပြော .."

"ကိုယ် ဒီမှာ နေနိုင်မှာမဟုတ်ဘူး ကောင်မလေး..၊ အဲဒါ သေချာနေတာ .."

"ချမ်းသာခြင်းတွေနဲ့ မထိုက်တန်ဘူးပဲ ပြောပြော .. မင်းတို့ရဲ့ အဆောင်အယောင်တွေကြောင့် ကိုယ် မွန်းကျပ်နေတယ်၊ အဲဒါတွေနဲ့ ကိုယ် မနီးစပ်ချင်ဘူး .. နီးစပ်ဖို့ ဖြစ်လာတဲ့ အခြေအနေတွေကိုပါ ကိုယ် မုန်းတယ်"

"ချမ်း ရယ် .."

"ကိုယ် မင်းကိုပဲ လိုချင်တယ် .. ကိုယ်နဲ့ လိုက်ခဲ့ပါ၊ မင်းဘဝကို တဖြည်းဖြည်း မြင့်မားလာအောင်တော့ ကိုယ် ကြိုးစားနိုင်ပါတယ်"

"ရီလေး က တစ်ကောင်ကြွက်မှ မဟုတ်တာ ချမ်း ရယ်..၊ အဖေရှိတယ် .. အဘွား ရှိသေးတယ်၊ ချမ်း မှာ မိသားစု မရှိခဲ့တဲ့အတွက် ရီလေး တို့ မိသားစုမှာ ပျော်မွေ့ဖို့ ကြိုးစားကြည့်ပါလား..ဟင်..၊ ချမ်း အပေါ်မှာ ဘယ်သူကမှလည်း ခွဲခြားနှိမ့်ချနေကြတာ မဟုတ်ဘဲနဲ့ .."

"ကိုယ် နားလည်ပါတယ် .."

"ဒါဆိုလည်း ဒီအခြေအနေကိုပဲ လက်ခံပေးဖို့ ကြိုးစားပါ .. အကယ်၍ ချမ်း မျက်နှာငယ်ရဖို့ အကြောင်းတစ်ခုခု ရှိလာခဲ့ရင်.. ချမ်း တကယ် စိတ်ညစ်နေရပြီဆိုရင် .. ရီလေး ချမ်း ဘက်ကပဲ ရပ်တည်မှာပါ .. နော် .. ချစ်တဲ့သူနဲ့ မိဘကြားမှာ သူများကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ .."

"ကိုယ့်ကို တကယ်ချစ်တယ်ပေါ့ .."

"ကြည့်ပါလား ..၊ မေးပုံက .."

"မယုံလို့ မဟုတ်ပါဘူး၊ ခဏ .. ခဏ ကြားနေချင်လို့ .."

ရီလေး က သွားတန်းလေးတွေ ပေါ်အောင် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရင်ခွင်ထဲကနေ မျက်နှာလေးမော့၍ ပါးကို မထိတထိ နမ်းလိုက်ပြီး…

"ချစ်တယ် …၊ ချမ်း ဆိုတဲ့လူကြီးကို …"

"ဟွန်း …"

"ဟင့်အင်း … သူ ပြန်မနမ်းနဲ့ …၊ ဒီမှာ ပြင်ထားတာတွေ ပျက်ကုန်လိမ့်မယ် …"

"နားမလည်ဘူးကွာ …"

"ချမ်း နော် …"

"တွေ့ပြီ ဘဘခန့် … ကန်ဘောင်ပေါ်မှာ မမနဲ့ ကိုကြီး …"

"လာခဲ့ … သုခချွန် …"

သုခ အသံစူးစူးလေးကို ကြားလိုက်တာနှင့် ချမ်း ဒေါကန်သွားပြီး ခပ်ကြိတ်ကြိတ် ဆဲသည်။

"ဘယ်လို ချမ်း …၊ သုခချွန် … ဟုတ်လား …၊ သုခစီ ပါ …"

"မဟုတ်ဘူး …၊ နေရာတကာ ချွန်တွန်းလုပ်လွန်းလို့ ဒီကောင်…"

"ဟိုမှာ ထလာပြီ ဘဘခန့် … သား သွားပြီ …"

သူတို့ ထရပ်လိုက်တဲ့အထိ စောင့်ကြည့်နေပြီးမှ သုခ အသံပေးပြီး ပြေးသည်။

သုခ ဆိုတဲ့ ငနာလေး …၊

မင်းကို နောက်မှ ကျေးဇူးတင်မယ် …၊ လောလောဆယ်တော့ လက်သီးပဲ …၊

ချမ်း မကျေမနပ် ရေရွတ်နေဆဲ …။





အခန်း (၅၇)

သွားကြတော့ဖို့ ပြင်ဆင် ပြီးစီးနေကြတဲ့အချိန်မှာတောင် ကောင်မလေး သူ့ဆီကို တစ်ချက်လေးမှ လာကြည့်ဖော် မရ …။

"ကိုကြီးက ချောသားပဲ … မင်းသားကျနေတာပဲ"

"သုခချွန် …"

"ဗျာ …"

"မင်း နားရင်းအုပ် မခံချင်ရင် အပြင်ထွက် …"

"သားကို သုခချွန် လို့ ခေါ်တာ နားဝင်ကို ချိုနေတာပဲ၊ တကယ်ဆို သုခစီ ဆိုတာကြီးက မကောင်းပါဘူး"

"ဟော့ကောင် …"

"သွားမှာပါ ကိုကြီးကလည်း … မမ မလာလို့ တင်းနေတာမှုလား …၊ ဘဘကြီးရဲ့ညီသည်နဲ့ စကားပြောနေလို့ နေမှာပါ"

ဘဘကြီးဆိုတာ သူ့ဖွေး ဦးရန်နိုင် ကို ခေါ်တာမှန်း သူသိသည်။ ဦးရန်နိုင် ရဲ့ညီသည်ကို ဦးရန်နိုင် ညွှဲခံပါလား …



www.burmeseclassic.com

www.burmeseclassic.com



ချမ်း မျက်နှာက တင်းနေတာ မပြေ ...။

ထွက်သွားဆိုတာ မသွားဘဲ ပေကပ်ကပ်ရပ်ကြည့်ရင်း တစ်ခုခု ထပ်ပြောဖို့ ပါးစပ်ပြင်နေဆဲ သုခ ကိုပါ စိတ်တိုနေတာ ဖြစ်၏။

ဒီကောင်လေးလည်း ရေမြင့်တော့ ကြာတင့် ဆိုသလို အသွေးအရောင်တွေဘာတွေ ပြောင်းလဲ တောက်ပြောင်လို့ပါ၊ အနီရောင် စတိုင်လ်သောင်းဘီရှည်လေးနှင့် အဖြူအနီ စင်းကျားထားသော စပို့ရှပ်ရယ် ...၊ ခေါင်းလိမ်းဆီနှင့် ပြောင်နေအောင် ဖြီးထားသည့် ဆံပင်ရယ်က လူပုံကို မနေ့ကနဲ့ ဒီနေ့ လုံးဝ ကွာခြားသွားစေတာ ဖြစ်၏။

ဒါပေမယ့် ပြောင်းချင်တာ ပြောင်းပေါ့ ...၊ စကားတွေ အရမ်းတက်လာတဲ့ ပြောင်းလဲမှုကိုတော့ လက်သီးယားနေပါပြီ။ ဒါတောင် ကိုကြီးကျော် တို့ မပြန်ခင် ပြောသွားသေးသည်။

"မင်းတို့ရဲ့ မြားနတ်မောင်လေးပါကွ.. ဒီလိုကလေးတစ်ယောက်ရှိတာ ဘယ်လောက် ပြောရဆိုရ သက်သာတယ် မှတ်လဲ ...၊ နောက်မှ ကျေးဇူးရှင်လေးပါလားဆိုတာ မင်း နားလည်လာလိမ့်မယ်"တဲ့ ...။

"ကိုကြီး .."

"ဘာလဲ ...၊ ပြောဖို့ မကုန်သေးဘူးလား .."

"မမ မလာမချင်း ကိုကြီး အပြင်ထွက်ဖို့ စိတ်ကူးမရှိဘူးဆိုတော့ မမကို ဒီရောက်လာအောင် သား လုပ်ပေးလိုက်ရမလား .."

"အံမာ .. ငါ ပိတ်ထိုးလိုက်လို့ .."

ချမ်း လက်သီးရွယ်လိုက်တာနှင့် သုခ တံခါးဝကို တန်းရောက်သွားကာ ...

"ဟိုမှာ မမ လာနေပြီ .. တွေ့လား ..၊ သားက ပြောရုံပဲရှိသေးတာ .."

သုခ ထွက်သွားပြီး သိပ်မကြာလိုက်ဘဲ တံခါးဝမှာ လူရိပ် ပေါ်လာ၏။ ဒါပေမယ့် ကောင်မလေး မှ မဟုတ်ဘဲ ...၊





ဝဲစားလေး ...၊

"ချမ်း ရေ .. မောင်ရန်နိုင် ခေါ်နေတယ် ...၊ ပြီးရင် သွားမယ်တဲ့"

"ဟုတ်ကဲ့ပါ .."

မနေ့တည်းက ကောင်မလေး ပြင်ပေးထားသည့် လက်ဆွဲသေတ္တာထဲမှာ လိုအပ်တဲ့ပစ္စည်း အသုံးအဆောင်တွေရော အဝတ်အစားပါ အကုန်စုံနေပြီ ဖြစ်သည်။

သူကတော့ သူ သွားလေရာ ယူနေကျ .. ကျောပိုးအိတ်လေးကိုပဲ အရင်ဆုံး ကိုင်ဖြစ်ကာ တင်းနေသည့် မျက်နှာမှာ နှာခေါင်းတစ်ချက် တွန့်သွားပြီး မွေ့ရာစွန်းမှာပဲ နောက်ပြန်ထိုင်သည်။

စီးကရက်တစ်လိပ်ထုတ်၍ မီးညှိပြီးသည့်အချိန်မှာမှ ...

"ဒါက စီးကရက်သောက်လိုက်ဦးမယ်ဆိုပြီး အကျအန ထိုင်နေတဲ့ပုံလား .."

ရီလေး မျက်နှာကလည်း မှုန်ကုတ်ကုတ်လေးပဲ ဖြစ်နေ၏။ ဆွဲသားဘောင်းဘီရှည် အပြာနုလေးနှင့် အဖြူနဲ့ အပြာနုအပွင့်ခတ်ထားသည့် ပေါင်လယ်လောက်ထိရှည်သော ကိုယ်ကျပ်လက်ရှည်ကို ဝတ်ထားသည်။

ပြီးတော့ ဆံပင်တွေကို နဖူးနဲ့ ဘေးဆံစပ်တွေထိ အပြောင်သိမ်းထားပြီး အပြာနုရောင် ကြိမ်သီးလေးတွေဝါသည့် ဇာကျဲပိုက်ပါးလေးနဲ့ အုပ်ထား၏။

နဖူးလေး ရှင်းနေပေမယ့် ရိုးရိုးကြီးမဟုတ်ဘဲ လှနေသည်။

အဖြူနဲ့အပြာကို ပိုးတီလိုရစ်ထားသော နားဆွဲရှည်က ပခုံးမထိတထိ ရှည်နေသေးသည်။ ဆံပင်တွေ ဖြန့်ချထားတော့ လိုက်ဖက်မှု ရှိသည်။

တစ်နေ့ပြီးတစ်နေ့ အလှကျက်သရေတွေ တိုးကာ ပေါ်ကွက်ကျားလေးလည်း ပျောက်နေပြီဖြစ်သည့် ကောင်မလေး ကတော့ သူ့ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး မဟုတ်တော့ဘူးဆိုတာ သူ လက်ခံရတော့မှာပါ ..။

ဒါဆို သူ့ကို ခင်တွယ်ခဲ့တဲ့ သံယောဇဉ် ချစ်ခြင်းတွေရော .. သူမရင်ထဲမှာ အရင်တိုင်း ရှိသေးရဲ့လား ..။

ချစ်ပါတယ်ဆိုတဲ့အဖြေကို ရထားပေမယ့်လည်း ရင်ဘတ်ထဲမှာ ပူလောင်နေဆဲ ..။

"ဘာကြည့်နေတာလဲ ချမ်း ရဲ့ ..၊ တော်ပြီ .. အဲဒါကြီး မသောက်နဲ့တော့ .."

စီးကရက်ကို ဆွဲယူလိုက်တော့ ထိုလက်လေးကို သူ ဆုပ်ကိုင်ထားလိုက်ကာ ...

"ကောင်မလေး .."

"ဟင် .."

ချမ်း က ရီလေး လက်ထဲက စီးကရက်ကို သူပဲ ပြန်ယူပြီး ခုတင်စွန်းမှာ ဖိချေပြီးမှ လွှင့်ပစ်လိုက်သည်။

ထို့နောက် နေရာမှ ထရပ်ပြီး ...

"ကိုယ် သွားမယ့်ခရီးက မင်းနဲ့ဝေးကွာရဖို့ ခရီးတစ်ခုတော့ မဟုတ်ဘူး ထင်တယ်နော် .."

"ချမ်း က ဘာကိုပြောတာလဲ .."

"ကိုယ် ထင်နေတယ် .. သူဌေးတွေက သားသမီးကို သဘောမတူတဲ့လူနဲ့ ခွဲချင်ရင် ဒီနည်းပဲ သုံးကြတာလေ .."

ချမ်း က ပြောပြီး သူမလက်ကို လွှတ်၍ ပြတင်းပေါက်နားထိ လျှောက်သွားသည်။ သူ ရယူပိုင်ဆိုင်ဖို့ရှိနေသည့် အခွင့်အရေးတွေဟာ သူ့အတွက် ပူလောင်မှုတွေပဲ ဖြစ်နေပါတယ်ဆိုရင် ဘယ်သူ ယုံမှာလဲ..။

ဒါပေမယ့် သူ ဒီတိုင်းပဲ ဖြစ်နေသည်။ အထူးသဖြင့် အမှီတစ်ခုမှာ ကပ်တွယ်ထူထောင်ရမည့် ဘဝရဲ့တိုးတက်ရေးတွေဆိုတာကို ဘယ်လိုမှ စိတ်ဝင်စားလို့ မရ ..။





'သွားပါမည် ..၊ လိုက်ပါမည်'လို့ ကတိတွေ ပေးခဲ့မိတာ သူ မှားပြီလား ..၊

"ချမ်း .."

ရီလေး က သူ့ဘေးကို ချက်ချင်းရောက်လာကာ ...

"ချမ်း ဘာတွေတွေးနေတာလဲဟင်..၊ စေ့စပ်ခဲ့တာလည်း တခမ်းတနား၊ ပရိသတ်လူထုတွေ ရှေ့မှာလည်း ချမ်း ရဲ့ပခုံးကို နားလည်ချစ်ခင်မှုတွေနဲ့ ပွေ့ဖက်ပြီး ဖေဖေကိုယ်တိုင် ကြေညာခဲ့ပြီးပြီ ..၊ စင်ကာပူကို ခေါ်သွားမှာက ရီလေး တို့ အတွက်ပါ၊ နောင်တစ်ချိန်မှာ ချမ်းကို စီးပွားရေးလောက .."

"နောင်တစ်ချိန်ဆိုတာမှာ ဒါတွေကို လက်ထပ်သင်စရာ မလိုတဲ့တတ်နေပြီ ကောင်မလေး၊ လိုချင်သူရဲ့လောဘနဲ့ အခြေအနေ အချိန်အခါ တိုက်ဆိုင်လာရင် အကျိုးအမြတ် ဖြစ်လာတာပဲ၊ ကိုယ် မင်းတို့ရဲ့စေတနာကို နားလည်တယ် .. မင်းအဖေ ဖြစ်စေချင်နေတာကိုလည်း သိတယ်၊ ဒါပေမယ့် လူချမ်းသာ ဆိုတဲ့ကောင် သူဌေးသမက် ဖြစ်သွားတာနဲ့ နတ်ရေကန်ထဲ ကျသလို နတ်ချမ်းသာ ဖြစ်သွားပြီလို့ .."

"ဒါက ချီးမွမ်း အထင်ကြီးတဲ့ ဝေဖန်သံတွေပါ ချမ်း ရယ် .."

"ဟုတ်တယ် .. ဒါပေမယ့် သူဌေးသမက် ဖြစ်သွားတာကို အထင်ကြီးတာ ..၊ ကိုယ် လိုချင်တာ မဟုတ်ဘူး .. အရှိန်အဝါတစ်ခုအောက်မှာ ပုလင်းကွဲတောင်မှ နေရောင်ထိုးရင် ပြောင်တာပဲလို့ ကြည့်တာမျိုး .."

ပြောနေရင်း ချမ်း ကျွတ်ခနဲ စုတ်သပ်ကာ ...

"မင်းအဖေ ကိုယ့်ကို လက်ခံခဲ့တာ မဟုတ်ဘူး ကောင်မလေး၊ ကိုယ် နားလည်တာ အဲ့ဒါပဲ၊ သူကိုယ်တိုင် ထုဆစ် ပုံဖော်ပြီး ဖြစ်လာမယ့် လူချမ်းသာ .."

"ချမ်း ရယ် .. ခက်တော့တာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ခက်တာကတော့ တကယ့် အကျပ်အတည်းဖြစ်အောင်ကို ခက်နေတာ .."

"သွားလာဖို့တွေ စီစဉ်ပြီးနေမှ ချမ်း ဘက်မှာ ဝေခွဲမရနိုင်ဘူးဆိုရင် ဘယ်လိုလုပ်ကြမှာလဲ .."

"ကိုယ် အခု ဝေခွဲလို့ ရသွားပြီ .."

"ဟင် .. ဘယ်လို .."

"ဟုတ်တယ် .. ကိုယ် မလုပ်နိုင်ဘူး"

"ချမ်း .."

ရီလေး အလန့်တကြား ဖြစ်သွားသည်။ ထိုစဉ် အခန်းရှေ့မှာ ချောင်းဟန့်သံတစ်ချက် ကြားရကာ ...

"မမလေး .. မေမေကြီးက ဘရိတ်ဖက်စ် လက်ဆုံစားရအောင် အခု လာခဲ့ပါတဲ့"

ရီလေး မျက်နှာလေးမှာ နှစ်ဖက် ညပ်ပိတ်နေသည့် အကျပ်အတည်းကြောင့် ငိုမလို ရယ်မလိုလေး ဖြစ်နေလျက် ...

"ချမ်း ရယ် .. ရီလေး တောင်းပန်ပါတယ်၊ အားလုံး စီစဉ်ပြီးနေကာမှ လှိုက်တော့ လိုက်သွားလိုက်ပါနော် ..၊ ဟိုရောက်ပြီးရင်လေ ဖေဖေ ပြောသလို နှစ်နှစ်လောက် မနေရပါဘူး၊ ရီလေး တို့ အကြောင်း အမျိုးမျိုးပြပြီး ချမ်း ပြန်လာရအောင် လုပ်လို့ရတာပဲ၊ ချမ်း ရဲ့စိတ်ကို ရီလေး နားလည်ပေမယ့် ခုမှ သိကြတဲ့ လူကြီးတွေက နားလည်မှာ မဟုတ်ဘူး၊ ချမ်း က ရီလေး ကို ခွဲသွားနိုင်လို့လား .. ဟင် .."

ချမ်း မျက်နှာက ပုစွန်ဆီရောင် ရှပ်အင်္ကျီ၏ကော်လံနှင့် မေးရိုးနီးစပ်နေကာ အင်္ကျီရောင်အတိုင်း အနီရောင် သမ်းနေခဲ့၏။ ဘောင်းဘီရှည်အနက်၊ ကုတ်အင်္ကျီအနက်နှင့် ချောမွန်နေသည်။

ရန်ကုန်ကို လုံးဝ ပြောင်းနေကာမှ အသားတွေဖြူပြီး မျက်ခုံးတန်းတွေ ပိုထင်းနေ၏။





ဆင်ယင်ထားသည့် အဆောင်အယောင်က လူကို ဖမ်းစားနိုင်လွန်းတာလား ..၊ အစတည်းက အနေစုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါဆိုတာမျိုးလား ..။

ချစ်ရသူကို ချစ်မိပြီဆိုကာမှ ပိုချစ်လာသည်။ တကယ်တမ်း တစ်ပြည်ရပ်ခြားမှာ သူ့ကို စိတ်မချရမယ့်လူက သူမပဲ မဟုတ်ဘူးလား ..။

ချမ်း ကို သူမ မခွဲနိုင်တော့ပါ။ မာနကြီးလွန်းသည့် ချစ်သူကို ဘယ်လို ပြောရမှန်းလည်း မသိ ..။

ထမင်းစားပွဲဆီ ရောက်အောင် ခေါ်လာနိုင်ပေမယ့် အားလုံး လှမ်းကြည့်ကြသည့် အကြည့်တွေအောက်မှာ ချမ်း မျက်နှာ တည်နေတာကို ရီလေး ကြားထဲက အနေခက်နေ၏။

"လူလေး ရောက်လာပြီလား သား .."

"ရောက်လာပြီ အမေ .."

ဦးရန်နိုင် က ချမ်း ကိုပဲ တစ်ချက်ပဲကြည့်ပြီး ဒေါ်သစ္စာညို မေးတာကို ဖြေသည်။

ရီလေး က ဘေး[illegible] ဝင်ထိုင်လိုက်ကာ ...

"ဘွားရဲ့ ညာဘက်ဘေးမှာ ချမ်း ရှိတယ် ဘွား .."

"အေး .. အေး .. ခရီးသွားကြမှာဆိုတော့ သား ရန်နိုင် ကလည်း တစ်ခါနဲ့တစ်ခါ ရောက်လာခဲတဲ့လူလေ ..၊ အဲဒါကြောင့် လက်ဆုံလေး စားရအောင်လို့ပါ .."

ဒေါ်သစ္စာညို က ဘယ်သူ ဘယ်မှာထိုင်တယ်ဆိုတာ အသံတွေကို နားစွင့် မှတ်ထားကာ မမြင်ရပေမယ့် မျက်နှာတွေရှိရာကို မှန်းဆ လှည့်ကြည့်၏။

"လူလေးကြိုက်တာ ပြောလိုက်နော် ..၊ ဒီမနက်မှာ ကိုယ် စားချင်တာ စားလို့ရအောင် အားလုံး လုပ်ခိုင်းထားတာ၊ သား ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ရော .. ဒီကလူတွေ မြန်မာစာ စားချင်ရင်လည်း အစုံရအောင်ပေါ့၊ ထမင်းကြော်ရော .. မုန့်ဟင်းခါး .. အသုပ်စုံ အားလုံးပဲ ..”

“ရပါတယ် အဘွား ..၊ ကျွန်တော်က အစားအသောက်ပေါ်မှာ ဒီလောက် အာရုံမထားပါဘူး၊ တစ်သက်လုံး တစ်ယောက်တည်း နေလာတာ .. ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပြီး နှိုးကျွေးမယ့်လူလည်း မရှိဘူး၊ ကိုယ်လည်း ရှိရင် စားတယ်၊ မရှိရင် မစားဘူး ..”

ရီလေး ဖေဖေ့ကို မဝံ့မရဲ လှမ်းကြည့်မိသည်။ ဦးရန်နိုင် က ချိုးစ်ကိတ်ကို လှီးချနေရင်း လက်တစ်ချက် တုံ့သွားပေမယ့် ဒီတိုင်း ဆက်နေ၏။

“လူလေးက ငယ်ငယ်တည်းက မိဘတွေ မရှိတော့တာပေါ့”

“အဲလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော်ကိုက ပေပေတေတေ နေလာခဲ့တာ ..၊ သူများ ကဲ့ရဲ့တယ်ထင်ရင် ကဲ့ရဲ့လွတ်အောင် ပြုပြင် လိုက်ရမှာမျိုးကို မလုပ်ချင်ဘူး၊ ကိုယ့်ဘဝက ကိုယ်နဲ့ပဲ ဆိုင်တယ် လေ ..၊ ကိုယ် ဖန်တီးမှ ပြည့်စုံမှာ ..”

“ကဲ့ရဲ့တာလည်း ဆရာပဲလို့ ခံယူလိုက်ရင် မဖြစ်ဘူးလား ..”

ဦးရန်နိုင် စကားစလာ၏။

ရီလေး မျက်နှာပျက်ကာ ဦးခန့် ကို လှမ်းကြည့်လိုက်မိသည်။ ဦးခန့် လည်း ဘယ်နေရာကမှ ဝင်ပါခွင့်မရှိတော့သလို မျက်နှာငယ် လျက် ရှိသော် ...

“မမယု .. သူ့အာ တို့ကို ထမင်းကြော် ဝက်အူချောင်းကြော်နဲ့ ကော်ဖီတစ်ခွက် လုပ်ပေးပါလို့ ..”

“ကော်ဖီက စားပွဲပေါ်မှာ ပြင်ထားတယ်လေ မမလေး ..”

“ဟင် .. ဩော် ...”

ရီလေး ဒီစကားဝိုင်းကို မဖြစ်စေချင်သော်လည်း ...

“ကဲ့ရဲ့ခံလိုက်ရတာကို ဝမ်းသာလွန်းလို့ အိပ်မပျော်တဲ့လူ မရှိဘူး





ဆိုရင်ရော .. အန်ကယ်လ် ငြင်းနိုင်လား ..”

ဦးရန်နိုင် လိုလူကို ပြန်လှန်မေးခွန်းထုတ်နေသည့်အတွက် ရင်မော နေကြတာက အားလုံးပဲ ဖြစ်၏။

ချမ်း က ဂရုမစိုက်ဘဲ စားသောက်ရင်း ပင့်ကြည့်လာသည့် မျက်ဝန်းတွေကို တည့်တည့်ကြည့်၍ ...

“ကျွန်တော် မလေးမစား ပြန်ပြောမိတာဆိုရင် နားလည်မှုပေးပါ”

“နားလည်ပေးဖို့က မင်းရဲ့စိတ်ကို အရင် နားလည်မှ ဖြစ်မယ် ထင်တယ်၊ လွယ်လွယ်ပြောရရင် မင်းမှာ တလွဲမာနတွေ ရှိနေပုံပဲ–”

“အဟွန်း ..”

ထမင်းကြော်ဝန်းကန် လာချပေးတာကို ချမ်း က လက်ဖယ်ပေး လိုက်ပြီး ပြုံးသည်။

“မှန်တိုင်းတော့ မကောင်းဘူးကွ ..၊ လူဆိုတာ မျိုးသိပ် ဟန် ဆောင်မှုတွေနဲ့ ဖွဲ့စည်းခဲ့တဲ့ အမျိုးအစားထဲမှာ ပါတယ် ..”

“အဲဒါကြောင့် ကျွန်တော် လွဲနေပြီဆိုရင် လက်ခံပါတယ်၊ ကျွန် တော် အဲဒီလို မျိုးသိပ်လိုက်ရလို့ အုံဖွဲ့ ပူလောင်ရတဲ့ ဆင်းရဲခြင်းကို မလိုချင်ဘူး၊ ဟန်ဆောင်တယ် .. မျိုးသိပ်တယ်ဆိုတာကို အတိုင်း အတာတစ်ခုထက် ပိုပြီး လက်မခံနိုင်ဘူး ..”

ဦးရန်နိုင် မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။ ပြီးတော့ ကိုင် ထားသည့် ဓားနဲ့ ခက်ရင်းကို အသာချထားလိုက်ကာ ...

“မောင်ရင့် ကြည့်ရတာ ကျုပ်နဲ့ အချေအတင် ဆွေးနွေးချင်တာ တစ်ခုခုကို တော်တော် ဒုက္ခခံပြီး မျိုးသိပ်ထားရပုံပဲ ..”

ချမ်း မျက်နှာမှာ ဦးရန်နိုင် ၏ ပါးနပ်မှုကို အထင်ကြီး လေးစား သည့်အရိပ်တွေ ဖြစ်ထွန်းသွားခဲ့လျက် ...

“ဒီလိုတော့ မဟုတ်ပါဘူး .. လူတိုင်းမှာ အတ္တ[illegible]မျိုးစိနဲ့ အစွန်းရောက်နေကြတာတွေ ရှိတယ်လေ၊ ကျွန်တော့်အ[illegible]က ဖိစီးမှုကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းတဲ့ အတွက်ပဲ ..."

"ဟုတ်ပြီ .. မင်းမျက်နှာကိုလည်း ကျုပ်က အကဲခတ်နေတာပါ၊ မင်္ဂလာကိစ္စ စီစဉ်လိုက်တဲ့အပေါ်မှာ .. ဒါမှမဟုတ် အခု သွားမယ့်ခရီး နဲ့ပတ်သက်တာ တစ်ခုခုအတွက် မင်းမှာ ပြောစရာရှိနေတယ် .. ဟုတ်ရဲ့လား .."

ချမ်း က ခေါင်းညိတ်လိုက်ရင်း ...

"ဒီတိုင်းပါပဲ .."

"ချမ်း ကလည်း .."

ဦးရန်နိုင် တစ်ချက် ငဲ့ကြည့်လိုက်တာနှင့် ရီလေး အသံလေး ဓာတ်သွားရှာ၏။ ချမ်း ကတော့ ဦးရန်နိုင် မျက်နှာမှလွှဲ၍ ဘယ်ကိုမှ မကြည့် ..။

"ပြောပါ .. မင်း ဘာတောင်းဆိုစရာရှိသေးလို့လဲ ..၊ ငါ့ဘက်ကတော့ သမီးရဲ့မျက်နှာတစ်ခုအတွက်နဲ့ အားလုံးကို လိုက်လျောခဲ့ပြီးပြီလို့ ထင်တာပဲ၊ လိုအပ်နေတာ ရှိသေးလို့လား .."

ဦးရန်နိုင် က နာရီ တစ်ချက်ငုံ့ကြည့်သေးသည်။ ပြီးမှ ချမ်း ကို မေးဆတ်၍ ကော်ဖီတစ်ငုံ သောက်၏။

ချမ်း က ထမင်းကြော်ပန်းကန်ကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်လိုက်ပြီး ခဏ ငြိမ်သွား၏။ ပြီးမှ ...

"လိုအပ်နေတယ် အန်ကယ်လ် ..၊ အဲဒါက စိတ်ချမ်းသာမှုပဲ"

"မရှင်းသေးဘူး .."

"ကျွန်တော် စကားကို သိုင်းဝိုင်းမပြောတတ်ပေမယ့် ကောင်မလေး .. ရီလေး မျက်နှာလေးကြောင့် အဆင်ပြေအောင် ပြောဖို့ ကြိုးစားနေတာပါ၊ ဒါပေမယ့် ဘယ်လိုပြောပြော အဆင်ပြေမှာ မဟုတ်တော့ .."

ဦးရန်နိုင် က မဲ့တဲ့တဲ့ပြုံး၍ ...





"ပြောပါ .. မင်း အဆင်ပြေတဲ့အတိုင်း .."

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲအောင် ဘယ်တုန်းကမှ မနှိပ်စက်ခဲ့ဖူးဘူး"

"ခု စိတ်ဆင်းရဲနေတယ်လို့ ဆိုချင်တာလား ..၊ ဟုတ်ပြီ .. ဘာကြောင့်လဲ .."

"ဒီခရီးစဉ်ကို ကျွန်တော် လိုက်မယ်လို့ ခေါင်းညိတ်ခဲ့တဲ့အချိန်ကစပြီး စိတ်ဖိစီးနေခဲ့တာ .. အခု အဲဒါကို လုံးဝ မခံစားနိုင်တဲ့အတွက် ဆောရီးပါ ..၊ ကျွန်တော် မလိုက်နိုင်ဘူး"

"ဘယ်လို .."

ဦးရန်နိုင် ပထမဆုံး အံ့သြခြင်းဖြင့် ကော်ဖီခွက်ကို ကိုင်ထားပြီးမှ မသောက်ဖြစ်ဘဲ ဒေါက်ခနဲ ပြန်ချသည်။ ချမ်း ကို လူထူးဆန်းလို မျက်မှောင်ကုတ်နှင့် သေချာကြည့်၏။

"မင်း ပြောလိုက်တာအတွက် ဘာဖြစ်သွားနိုင်သလဲ ..၊ မင်း သိရဲ့လား .."

"သိပါတယ် .. အန်ကယ်လ် ဘယ်လိုဖြစ်စေချင်တာလဲဆိုတာကိုလည်း သိတယ်၊ အဲဒါကြောင့် အားနာပါတယ် .. ကျွန်တော်က ရှာငယ်စနေပုဒ်က လူချမ်းသာ ပါ၊ ကျွန်တော့်ပတ်ဝန်းကျင်မှာ ကျွန်တော်က လူတွင်ကျယ်ပဲ၊ အသိုက်အဝန်းကြီးတစ်ခုထဲ ရောက်လာလို့ အရောင်အသွေးကြွယ်လာတာနဲ့ 'ငါမွေးတဲ့မျောက် ငါ့ပြန်ခြောက်တယ်' ဆိုတဲ့ အပြောတွေကို မခံချင်ဘူး .."

"ဒါတွေက ကျေးဇူးကန်းတဲ့လူတွေအတွက်ပါ .."

"ကာယကံရှင်ကတော့ ကျေးဇူးကန်းလိုက်တာ မဟုတ်ပေမယ့် အပြောအဆို မသင့်မြတ်တဲ့အခါ နားလည်မှုလွဲကြရင် တစ်ဖက်သားဒီတိုင်း မြင်မှာပဲလေ၊ ကျွန်တော်ဆို ပိုပြီး ဖြစ်နိုင်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ရိုင်းစိုင်းတယ်လို့ ငါ မမြင်ခဲ့ပါဘူး"

ဦးရန်နိုင် က ချက်ချင်း ပိတ်ပြောသည်။

"ငါ ဒီလောက် မျက်စိမမှုံသေးဘူး လူချမ်းသာ ..၊ တစ်ခုတော့ ရှိတယ်၊ ရိုင်းတာကို ရိုင်းတယ်လို့ ကိုယ်တိုင်ပြောတဲ့နေရာမှာ ဝန်ခံတာ ရှိသလို .. စိန်ခေါ်တာလည်း ရှိတယ်၊ အခု မင်းက ငါ အခွင့်အရေးပေးနေလို့ ရိုင်းစိုင်းခွင့်ပါမစ်ပါ လိုချင်တာလား .."

"ကျွန်တော် လိုချင်တာ ဒီရပ်ဝန်းထဲကနေ ထွက်ခွာခွင့် တစ်ခုတည်းပါ .."

"ဘာ!..."

"မဟုတ်တာ လူလေးရယ် ..၊ ဘာတွေ ပြောနေကြတာလဲ .."

"ချမ်း .. ဘယ်လိုပြောလိုက်တာလဲ .."

"ပြောမယ်လို့ မင်းကို ငါ ပြောပြီးသားပဲ ကောင်မလေး ..၊ အဘွားတို့ကို ကျွန်တော် တောင်းပန်ပါတယ်၊ ဒီမှာလည်း အားလုံး ပြည့်စုံနေပြီမို့လို့ ကျွန်တော်က .."

"မဟုတ်ဘူး လူလေး ..၊ အခုက မင်းကို ဘွားတို့က လိုအပ်လို့ ခေါ်ထားတာမှ မဟုတ်တာ၊ သွေးသားလို သဘောထားကြလို့ မိသားစုစာရင်း သွင်းခဲ့တာ .."

ဦးရန်နိုင် က လက်သုတ်ပဝါနဲ့ ပါးစပ်သုတ်လိုက်ပြီး တည်ငြိမ်သည့်မျက်နှာ ပြန့်ဖြစ်အောင် ခဏ ငြိမ်နေခဲ့၏။ ထို့နောက် ...

" 'ဘူးခါးရေနဲ့ ကြမ်းကြားလေ' ကိုပဲ မက်ပါတယ်ဆိုပြီး ဘုရင်မလုပ်ဘဲ လယ်ထဲ ပြန်ရောက်သွားတဲ့ဇာတ်ကို မင်း အားကျနေတာလား လူချမ်းသာ ..၊ လူတွေ အံ့ဩကုန်အောင် လုပ်နိုင်လို့ နာမည်ကြီးသွားလည်း မင်း ခဏလေးပဲ လူကြည့်ခံရမှာ ..၊ ငါကတော့ အဲဒါမျိုးတွေကို အထင်မကြီးဘူး .."

"ကျွန်တော် အထင်မကြီးတတ်တာတွေကိုလည်း အန်ကယ်လ်





နားမလည်နိုင်သေးလို့ပါ၊ ဘာပဲဖြစ်ဖြစ် အန်ကယ်လ် မှန်ပါတယ် - ဒါပေမယ့် .."

ချမ်း နေရာမှ ထရပ်လိုက်ကာ ...

"ကျွန်တော်လည်း မမှားဘူး .. ဘယ်တုန်းကမှကို မမှားခဲ့ဘူးတာ ..၊ သူ့သွေးသမီးကို ချစ်ခဲ့မိတာ တစ်ခုကလွဲရင်ပေါ့ -

သူ နေရာမှ လှည့်ထွက်လာခဲ့သည်။

"ချမ်း .."

"သမီး .."

ရီလေး ထမလိုပြင်ပြီးမှ ပြန်ထိုင်ရ၏။ ဦးရန်နိုင် က စားပွဲပေါ်မှာ လက်နှစ်ဖက်တင်၍ ပွုးဆုပ်လိုက်ရင်း ...

"သူ ဘာလုပ်တာလဲ .."

"ဖေဖေ .."

"သူက သမီးကိုပါ လက်မထပ်ဘဲ တောပြန်မလို့တဲ့လား .."

ရီလေး မဖြေခင် ချမ်း က ကျောပိုးအိတ်ကို ပခုံးတစ်ဖက်မှာ ချိတ်၍ အပြင်ထွက်လာ၏။

"ကိုကြီး .. သွားလည်း လိုက်မယ်"

တစ်ချိန်လုံး တိတ်ဆိတ်စွာ ကြည့်နေခဲ့သည့် သုခ သည် စားသောက်စရာတွေကိုလည်း နည်းနည်းမှ မတို့ထိရသေးဘဲ စားပွဲကနေ ကမန်းကတန်း ထပြေးသွား၏။

"ကိုကြီး ခဏလေး .. သား အကျီတွေ .."

"ယူမနေနဲ့တော့ .."

"လူချမ်းသာ .."

ထမင်းစားခန်းရှေ့ ရောက်လာတော့ ခေါ်လိုက်သည့် ဦးရန်နိုင် အသံက မာကျောနေခဲ့၏။ ချမ်း ကလည်း နေရာမှာပဲ တုံ့ခနဲရပ်သည်။

"မင်းကို ငါ အထင်မကြီးပေမယ့် အထင်တော့ မသေးခဲ့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်း အခု လုပ်တဲ့လုပ်ရပ်က အခွင့်အရေးတစ်ခုရဖို့အတွက် ထိုးစစ်ဆင်လိုက်တာနဲ့ တူမနေဘူးလား ..''

''အခု တူနေတယ်ဆိုရင်လည်း ကိစ္စမရှိပါဘူး..၊ အချိန်က စကား ပြောသွားမှာပါ''

ချမ်း မျက်နှာကို ဦးရန်နိုင် က စိုက်ကြည့်နေ၏။ ချမ်း က ပြန်ကြည့်လိုက်ပြီးမှ မျက်လွှာတစ်ချက်ချ၍ မျက်နှာလွှဲသည်။ ဒါပေမယ့် အားလုံးရဲ့ရှေ့ကို တည်ငြိမ်စွာ လျှောက်လှမ်းဝင်လာပြီး ရီလေး နားမှာ ရပ်၏။

''ကိုယ် အခု မင်းကို လိုက်ခဲ့ပါလို့ ခေါ်မလို့ပါ၊ ဒါပေမယ့် ပြောဖို့ မသင့်တော့တဲ့အနေအထား ဖြစ်သွားပြီ ..''

ချမ်း က ဒီဘက် ပြန်ရောက်မလာသည့် ဦးရန်နိုင် မျက်နှာ တစောင်းကို တစ်ချက်ကြည့်၍ ...

''မင်းနဲ့ ကိုယ့်အနေအထားဟာ တစ်ခုခုတော့ လွဲနေပြီလို့ ကိုယ် အစတည်းက ခံစားမိတယ်၊ အံဝင်ဂွင်ကျဖြစ်ဖို့ မရှိတာကိုပေါ့ ..''

ရီလေး က မျက်ရည်ကျနေရင်း ဆတ်ခနဲ ထရပ်သည်။ ယောက်ျား တွေရဲ့ ချစ်ပါတယ်ဆိုတဲ့စကားက မာနနဲ့တော့ မသက်ဆိုင်ခဲ့ဘူးဆိုတာ သက်သေပြခဲ့သူ ...၊

ချမ်း ရဲ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး ငိုပစ်ချင်တာကို နှုတ် ခမ်းကိုက်ထားမိ၏။

''ကိုယ် တောင်းပန်ပါတယ် ..''

''ဘာကိုလဲ ချမ်း ...၊ စေ့စပ်ပြီးမှ လက်မထပ်နိုင်ပါဘူးလို့ ငြင်း ရတဲ့အတွက်လား ..''

''စေ့စပ်တယ်ဆိုတာ ဖြစ်မြောက်ခြင်း .. မဖြစ်မြောက်ခြင်း ဒါပဲ..၊ လက်ထပ်လိုက်ကြတာလည်း ဒီတိုင်းပဲ၊ သက်ဆုံးတိုင် ပေါင်းနိုင်ကြဖို့ ပဲ ခက်တာ ကောင်မလေး .. မင်း သိလား ..''





ဦးရန်နိုင် မျက်နှာ သူတို့ဘက်ကို တဖြည်းဖြည်း လှည့်လာတာ သိသည်။ ဒါပေမယ့် ချမ်း က ပြန်မကြည့်ပါ ...။

''ငါ မင်းအတွက် အများကြီး ထည့်စဉ်းစားခဲ့တာ .. အဲဒါ အမှန် အတိုင်းပဲ၊ ငါကိုယ်တိုင် ဆန္ဒပြင်းပြတာ မဟုတ်ဘဲ ငါ့ရဲ့ဘဝကို တစ်စုံ တစ်ယောက်က ထုဆစ်ပုံဖော်တာ၊ တစ်စုံတစ်ရာရဲ့ ဖိစီးမှုအောက်မှာ ရှင်သန်ရမှာ .. အဲဒါမျိုး ငါ မလုပ်နိုင်ဘူး၊ ငါ မင်းရဲ့ အသိုင်းအဝိုင်းမှာ ဝင်တိုးဖို့ မလွယ်ဘူးဆိုတာ သိလိုက်တဲ့အတွက် ...၊ ငါ့ကြောင့် မင်း အများကြီး အခက်ကြုံရတော့မှာတွေကို ဒီမှာတင် ဖြတ်ချလိုက်တာပဲ၊ မင်း ရောက်လာမယ်ဆိုရင် ဒီတိုင်းပဲ ဆင်းလာခဲ့ပါ ..''

သူ ရီလေး ပါးပြင်လေးနားကို မျက်နှာနီးသွားအောင် ငုံ့၍ ...

''နောက် .. တစ်နှစ် .. နှစ်နှစ် .. ဘယ်အချိန်ဖြစ်ဖြစ် ငါ စောင့်နေ မယ် ..''

''ဟွန်း ..''

ရယ်သံသဲ့သဲ့က ဦးရန်နိုင် ထံမှ ထွက်လာခြင်းဖြစ်ကာ ကြည့် လိုက်တော့ ရယ်နေတာမဟုတ်သည့် နှုတ်ခမ်းများက မထိတထိ မဲ့ပြုံး ကြောင့် ခပ်တွန့်တွန့် ..။

ချမ်း က ကိုယ်ကို ပြန်မတ်၍ နောက်ဆုတ်လိုက်ကာ ...

''ကိုယ့်ရင်ထဲမှာ မင်းပဲ အချိန်တိုင်း ရှိနေမှာကို ပြောတာပါ၊ မင်းဘက်က အခြေအနေသစ်တစ်ခုမှာ အများကြီး ပြောင်းလဲနိုင်ပါ တယ်၊ မင်း ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် .. ကိုယ့်ကို အားနာဖို့ မလိုဘူးဆို တာပါ ပြောချင်လို့၊ ကိုယ် သွားပြီ ..''

လှည့်ထွက်သွားခဲ့တာ ခြေလှမ်းကျဲတွေက မြန်သည်။

ရီလေး တောင့်မတ်စွာ ရပ်နေရင်း နှုတ်ခမ်းသားတို့ကို ပြဲလု မတတ် ဖိကိုက်ထားခဲ့၏။

တအား ငိုပစ်လိုက်ချင်ပေမယ့် မျက်ရည်တွေ ဝေ့လျက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဆိုနိုင်လောက်အောင် တိတ်ဆိတ်စွာ ငေးမောနေခဲ့သည့် ဘွားကို ပြန်ကြည့်ရင်း ကြိတ်မှိတ် မျိုသိပ်နေရသည်။

ဦးခန့် လည်း ဘာမှ ဆက်မစားနိုင်တော့ဘဲ နေရာမှ ထထွက်သွား၏။

"ဘွား .."

"ဟင် .."

ဒေါ်သစ္စာညို ပြန်ထူးရင်း မျက်ရည်စတို့ကို မျက်တောင်တွေ ခတ်၍ ဖျောက်ဖျက်ဖို့ ကြိုးစား၏။

"သမီး မှားလို့လားဟင် .. သူ ဘာလုပ်သွားတာလဲ ..၊ ဘွား အဲဒီလို မဖြစ်ချင်မှန်း သိပါတယ် ဘွားရယ် .. ဒါပေမယ့် .. ဒါပေမယ့်.. သမီး တောင်းပန်ပါတယ် .."

"မဟုတ်တာ မြေးလေးရယ် .. ဘွားက မြေးလေးကို ပြန်ရတာပဲ ဝမ်းသာလှပါပြီ၊ ချမ်း ကတော့ .."

စိတ်ထဲရှိတဲ့အတိုင်း ပြောချင်ပေမယ့် ဦးရန်နိုင် ရှိနေသေးတာကြောင့် မျိုသိပ်လိုက်ရကာ ...

"သူ့စိတ်နဲ့ သူ့သဘောပဲလေ ..၊ ကိုယ် ဖြစ်စေချင်တိုင်း ဖြစ်လာတတ်တာမှ မဟုတ်တာ၊ မြေးလေး မငိုနဲ့နော် .. သူလည်း ထွက်သွားနိုင်သလို မြေးလည်း နေတတ်အောင် နေရမှာပေါ့ .."

ရီလေး အင့်ခနဲရှိုက်ရင်း ဦးရန်နိုင် ကို မရဲတရဲ ငေးကြည့်မိလျက်...

"သူ့စိတ်ကို သမီး သိတယ် ..၊ သူ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး"

"အင်း .. ဘွားလည်း သိပါတယ်၊ ဘွားကလေ .. မြေးလေးကို သူနဲ့ပတ်သက်ပြီး တွေ့ရတယ် .. မြေးရဲ့အသက်ကို ကယ်တင်ခဲ့တာလည်း သူပဲ ..၊ ပြီးတော့ လက်တွဲလာခဲ့တဲ့တစ်လျှောက်မှာ သူ့ရဲ့ ဖြောင့်မှန်တဲ့စိတ်ကို တဖြည်းဖြည်း ယုံကြည်လာပြီး ကိုယ့်ရဲ့ မိသားစု





ဝင်လိုပဲ သတ်မှတ်ခဲ့တာပါ၊ မြေးရဲ့ဘေးမှာ သူ့လိုလူ ရှိနေသမျှ စိတ်ချလို့ရပြီလို့လည်း တွက်ခဲ့မိတယ်၊ ပြောလိုက်တိုင်း နာခံတတ်တဲ့အကျင့် မရှိတာလေးတစ်ခုကလွဲရင် .. ဂုဏ်ပကာသနလည်း မမက်ဘူး၊ ပျော်ပါးလေလွင့်မှုနောက်ကိုလည်း လိုက်နေတာမျိုး မဟုတ်ဘူး .."

"တခြား မကောင်းတာလေးတစ်ခုခုများ ရှိဦးမလား .. စဉ်းစားကြည့်ပါဦး အမေ .."

ပုံမှန်အသံနဲ့ ပြောတာပေမယ့် ငေါ့ပြောလိုက်တာမှန်းတော့ သိသာသွားမှာပါ။ ပြောပြီး ဦးရန်နိုင် က မတည်မပြုံးမျက်နှာနှင့် ထရပ်လိုက်ကာ ...

"ဆောရီးပါ အမေ ..၊ လူတစ်ယောက်မှာ အကောင်းဆုံး အများကြီး မရှိနိုင်ဘူးဆိုတာ အမေ မေ့နေ့မှာစိုးလို့ပါ .."

"အကောင်းဆုံးတွေချည်း ရှိမနေနိုင်တာပါကွယ် ..၊ ကောင်းတာတွေ အများကြီး ရှိကြတာတော့ မင်း လက်ခံပေးသင့်ပါတယ်.."

"ဟွန်း .."

ဦးရန်နိုင် က နာရီ ထပ်ကြည့်ကာ ..၊ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးမှ ...

"ကျွန်တော်ကလည်း သမက်ဖြစ်လာမယ့် လူငယ်တစ်ယောက်မို့ ပထမဆုံး စဉ်းစားပေးခဲ့တာပဲ .. ငါ့လို ထပ်တူတော်ရမယ်လို့..၊ ဒါပေမယ့် သူ အမြင်စောင်းနေတယ် .."

"အဲဒီလိုတော့ မဟုတ်ပါဘူး ဖေဖေ၊ သူ ဒီမှာ အလုပ်လုပ်ဖို့တောင် ခုချိန်ထိ လက်ခံခဲ့တာ မဟုတ်ဘဲ ဘွားကို ကူညီချင်လို့ ဆွိုတီရဲ့ မကောင်းမှုတွေကို ဖော်ထုတ်ပေးခဲ့တာပါ .."

"ဟုတ်တယ် သား ..၊ ဒီအတွက် ဘွားတို့ ဘာပေးပေး ပစ္စည်းအဆောင်အယောင် ဘာကိုမှ သူ မယူခဲ့ဘူး၊ အဲဒါတွေ သားကို ဧောင်ခနဲ ပြောပြပြီးပြီ ထင်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ထပ်လည်း နားထောင်ချင်ပါတယ် …၊ ဒါပေမယ့် ကျွန်တော် အချိန်မရတော့ဘူး အမေ၊ သမီးရော ဖေဖေ့ကို လိုက်ပို့ချင်စိတ် ရှိရဲ့လား၊ ပင်ပန်းနေရင် နားလိုက်ပါ .. ဖေဖေက လေဆိပ်မှာ မိတ်ဆွေတွေနဲ့ ဆုံကြမှာ .."

"ဟင့်အင်း .. သမီး လိုက်ပို့မှာပါ"

ဦးရန်နိုင် က သမီး မျက်နှာလေးပေါ်မှာ မိတ်ကပ်တွေ ပါးလျ ဖျော့ကျသွားအောင် ဖျော်ချ တိုက်ဖျက်ခဲ့သည့် မျက်ရည်တွေကို စိုက်ကြည့်သည်။

ပြီးတော့ ခေါင်းတစ်ချက်ညိတ်၍ အပြင်ထွက်သွားခဲ့၏။

ရီလေး မျက်လုံးတွေက စားပွဲပေါ်မှာ ဖေဖေ ပြန်ချထားခဲ့သည့် လေယာဉ်လက်မှတ်တစ်စောင်ကို စူးစိုက်ကြည့်ရင်း ငေးခနဲ ဖြစ်သွားသည်။

ရှင်က လူချမ်းသာ မဟုတ်ပါဘူး ကို …၊ မာနချမ်းသာ ပါ …။





## အခန်း (၃၈)

"ကိုကြီးက စီးကရက်ပဲ ထိုင်သောက်နေတယ် .. ခေါက်ဆွဲ စားဦးလေ .."

"မင်းပဲ စားပါ"

"ဒီလောက်ပွဲကြီး သား တစ်ယောက်တည်း မကုန်ပါဘူး၊ အအေးတွေရော .. မုန့်တွေရောပဲ .."

"မကုန်ရင် ထားခဲ့လိုက် …၊ စကားမများနဲ့ .."

မကုန်တာ မဟုတ်ဘဲ မျိုလို့ကိုမကျတာ ဖြစ်သည်။

'ဒဏ္ဍာရီ'က ပြန်ထွက်လာတည်းက ငှားထားတဲ့အိမ်မှာ ပြန်ဖွင့်ပြီး ခဏနားလို့ရတာကို ကားဂိတ်ထဲ တန်းလာသည်။

ဘာစကားမှလည်း မပြော …၊ ဘာမှလည်း မလုပ်ဘဲ စီးကရက်တွေ လိမ့်သောက်နေတာ တစ်ဘူးကုန်ပြီ ထင်သည်။

နိုင်ငံခြားသွားမည့် ဂိုက်ဆိုက်နှင့် အဝေးပြေးဝင်းထဲ ရောက်နေတော့ ခရီးသည်တွေကလည်း ကိုကြီးကို မင်းသား မှတ်နေသလား မသိ …။



www.burmeseclassic.com

www.burmeseclassic.com



"သုခ .. မြန်မြန် စား .. ကားထွက်တော့မယ် ထင်တယ် .."

"မစားချင်တော့ဘူး ကိုကြီး .."

နှုတ်ခမ်းက စီးကရက်ကို ဖြုတ်လိုက်ပြီး သုခ ကို လှည့်ကြည့်သည်။

သွားစေ့ထားသည့်ကြားက တလွန့်လွန့် ပြန်ထွက်လာသည့် မီးခိုးငွေ့ဖြူဖြူတို့နှင့် မျက်နှာချောချောကို သုခ ကလည်း ပြန်ကြည့်နေကာ ...

"ကိုကြီးက ရွာမှာ ပြန်နေတော့မှာပေါ့"

"မင်း ဒီမှာပဲ နေချင်လို့လား .."

"မဟုတ်ပါဘူး .. သားက ကိုကြီး ဘယ်သွားသွား လိုက်မှာပဲ၊ ဒါပေမယ့် .."

"ဒါပေမယ့် .. ဆက်ပြော .."

"သား ရောက်လာတည်းက ရွာကအိမ်မှာ မမနဲ့ သားတို့ သုံးယောက် နေခဲ့ကြတာ .."

"မပြောနဲ့တော့ .."

"မမကို ကိုကြီးက .."

"တော်လို့ ပြောနေတာကို .."

ချမ်း က စီးကရက်ကို မြေပြင်ပေါ် ပစ်ချ၍ ဖိနင်းပစ်ကာ ...

"သွားမယ် .. ထ .."

စားပွဲပေါ်မှာ တင်ထားသည့် သုခ လမ်းမှာစားဖို့ ဝယ်ထားသော မုန့်ထုပ်အိတ်ကို ဆွဲယူလိုက်၏။

"သား ကိုင်မယ် .. ကိုကြီး ပေး .."

သုခ က သူ့လက်ထဲကနေ ပြန်ယူရင်း မျက်နှာကို မော့ကြည့်၍ ...

"ကိုကြီး .."





"ပြော .."

အတူတူလျှောက်နေရင်း ချမ်း က ပြန်ငုံ့ကြည့်သည်။

"မမကို ကိုကြီး တကယ် ခွဲနိုင်တယ်ပေါ့ .."

"မခွဲနိုင်တော့ ဘာတတ်နိုင်လို့လဲ .. ဒါက လွှမ်းခွင့်မရှိတဲ့ ကောင်ပဲ .."

ကားနားရောက်တာနှင့် ချမ်း က သုခ ကို ချွေ့ခနဲ 'မ'ယူပြီး ကားပေါ်တင်လိုက်၏။

လူစုံတာနှင့် ကားက နောက် တဖြည်းဖြည်းဆုတ်၍ လမ်းအတိုင်း ဦးတည်လိုက်သည်။

ဂိတ်ဝင်းထဲက စထွက်သည်နှင့် သူ့မျက်လုံးက နောက်ကြည့်မှန်ထဲကို ရောက်သွား၏။

သုခ ကတော့ သူ့လိုမဟုတ်ဘဲ ထိုင်ခုံပေါ်မှာပဲ နောက်ပြန်လှည့်ဒူးထောက်၍ ...

"ကိုကြီး .. ဟိုမှာ .. မမရယ် .."

ဂျင်းဘောင်းဘီရှည်နှင့် ဂျင်းဂျက်ကက်လေးကို ဝတ်ထားသည့် ရီလေး သည် ကျောနောက်မှာ ဆံပင်တွေ နွဲ့ခါနေတဲ့အထိ အတင်းပြေးလိုက်လာကာ လက်လေးမြှောက်၍ တစ်ခုခုလည်း အော်နေ၏။

"ဟိုး .. ဟိုး .. .."

နောက်က မြင်တဲ့လူတွေကပါ ကားကို လက်ခုပ်တွေ တီး .. လှမ်းအော်တဲ့သူက အော်နှင့် ဆူညံသွားသည်။

"ကိုတူး .. ငါတို့ကားကို တားနေတာလား မသိဘူး .."

"ဟုတ်တယ် .. ဆောရီးပါဗျာ .. ကျွန်တော် ဆင်းချင်လို့ ခဏ ရပ်ပေးပါ"

"ဟင်!..."

ဒရိုင်ဘာက သူ့ဘေးမှာ ထိုင်နေသည့် ချမ်း ကို လှည့်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်လာသည့် မှန်ထဲက ကောင်မလေးကိုနှင့် တစ်လှည့်စီ မျက်လုံး ကစား၍ ...

"ပြောရောပေါ့ ကိုယ့်ညီရာ ...၊ ဆင်း .. ဆင်း .. ပြန်မတက်ဘူးမို့လား .."

"မတက်တော့ဘူး ဦး ...၊ သားတို့ နေခဲ့တော့မှာ .."

"ဟုတ်ပါပြီဗျာ .."

ကားပေါ်ကလူတွေ ကားအောက်ကို စိတ်ဝင်တစား ကြည့်ကြပေမယ့် သူတို့ဆင်းပြီးတာနှင့် ကားက ထွက်သွားလေသည်။

"ကောင်မလေး .."

သူ့ဆီ မရောက်ခင် ချမ်း က ပြေးသွားပြီး ပခုံးလေးနှစ်ဖက်ကို ကိုင်ထားလိုက်သည်။

"ချမ်း .."

"ကောင်မလေး .. ကိုယ့်နောက် လိုက်မလို့လားဟင် .."

မေးပြီး နောက်ကိုလည်း လှည့်ပတ် ရှာဖွေကြည့်မိသည်။

ပြီးတော့ ရီလေး နှုတ်ခမ်းဖျားလေးတွေနဲ့ မေးဖျားမှာ စိုစွတ်နေသည့် ချွေးစတို့ကို သူ့လက်မနဲ့ အသာလေး ကပ်သုတ်ပေး၍ ...

"လာ .. တစ်နေရာ သွားရအောင် .."

လူတွေ ဝိုင်းကြည့်နေကြသည့်နေရာကနေ လွတ်လပ်သည့် ဂိုဒေါင်တစ်ခုရှေ့မှာ လူရော ကားရော ရှင်းနေသဖြင့် ရီလေး ပခုံးလေးနှစ်ဖက်ကို သူ့ဘက် ဆွဲယူလိုက်ကာ ...

"ကောင်မလေး .."

"ချမ်း တကယ် ရက်စက်တယ်နော် .."

"ကိုယ်က .."

"ဟုတ်တယ် .. အိမ်မှာ ပြန်နေမှာပဲထင်လို့ ပြေးကြည့်လိုက်သေးတယ်၊ တစ်ခါတည်းကို ပြတ်တောက် ကျောခိုင်းသွားဖို့ ကြံခဲ့တာ...၊





ချမ်း အဲဒီလောက် .."

"ကိုယ် ရက်စက်တာတော့ မဟုတ်ဘူး ကောင်မလေး .."

ရီလေး ငိုချလိုက်တော့ ချမ်း မျက်နှာကြီး ပျက်ကျနေကာ သူမ လက်ဖဝါးလေးနှစ်ဖက်ကို ကယောင်ကတမ်း ဆွဲယူ ဖိညှစ်မိ၏။

"တိတ်ပါ ကောင်မလေးရာ ...၊ ကောင်မလေး ကိုယ့်ကို စိတ်ဆိုးရင် နောက်တော့ ကြိုက်သလို လုပ်ကွာ...၊ မင်း ကျေနပ်အောင် တောင်းပန်မယ် .. နော် ...၊ အခု ဒီနေရာကနေ သွားကြမှ ဖြစ်မှာ .."

ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ ရီလေး လက်တစ်ဖက်ကို ဆုပ်၍ သူ ခြေလှမ်းပြင်သည်။

"နေဦးလေ .. ချမ်း ကို အခု .."

"ထပ်မပြောနဲ့ ကောင်မလေး ...၊ လောလောဆယ် မင်းတို့ရဲ့ အနီးပတ်ဝန်းကျင်မှာ ကိုယ် နေဖို့ လုံးဝ စိတ်မဝင်စားဘူး ...၊ အဲဒါ မာန မဟုတ်ပါဘူး .. ကိုယ့်ဘက်က အမြဲတမ်း ဒီတိုင်းပဲ ရှိခဲ့တာပါ၊ နားလည်ပါ ကောင်မလေးရာ .. နော် ...၊ ကိုယ်တို့ တစ်နေရာမှာ အေးဆေး နေကြရအောင် ...၊ မင်းကို စိတ်ချမ်းသာအောင် ထားမယ်၊ ယုယုယယ ချစ်မယ်၊ မချမ်းသာသေးရင်တောင် ပြည့်စုံအောင် ကိုယ် ထားနိုင်တယ် .."

"ချမ်း ကလည်း ခက်တော့တာပဲ ...၊ ရီလေး လိုက်လာတာက.."

"တော်ပါပြီကွာ ...၊ အဲဒီ မပြေလည်မှုတွေ မဆွေးနွေးချင်တော့ဘူး .."

ပြောနေရင်း ရီလေး ပခုံးလေးကို ဆွဲဖက်ထားလိုက်သည်။

"ချမ်း .. လူတွေနဲ့လေ .."

"ဒီနားမှာ ဘယ်သူမှ မရှိဘူး ...၊ ဒီမှာ .."

သူ ရီလေး နဖူးလေးကို သပ်တင်သလိုနှင့် ဆံပင်တွေကိုပါ ဖိကပ်ထားလိုက်တော့ မျက်နှာလေး မော့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာလေးကို ငုံ့မိုးကြည့်မိရင်း ...

"ကိုယ့်ဘက်က မလျှော့နိုင်တာကို မင်း ကျေနပ်အောင် ကိုယ်ချော့မယ်၊ မင်းကိုလည်း အခု ပြန်လွှတ်မှာ မဟုတ်ဘူး၊ ဘာအကြောင်းနဲ့ လိုက်လာတာဖြစ်ဖြစ် .. ကိုယ် ရအောင် ခိုးပြေးမှာ .."

"ဟာ!... မဖြစ်ပါဘူး ..၊ ပြောတာ နားထောင်ပါဦး ချမ်း ရယ်.."

"ကိုယ် မင်းကို အရမ်းချစ်တယ် .."

"ရီလေး လည်း ချစ်တယ်လေ ..၊ အဲဒါကြောင့် အခု ပြေးလိုက်ခေါ်တာ .."

"ကိုယ်ကမှ ပြန်မလိုက်ချင်တာ ..၊ မင်းကိုလည်း ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါကြောင့် .."

"ဆုံးရှုံးမခံနိုင်တာတွေက ရီလေး လိုက်လာမှ ဖြစ်လာတာလား.."

"ကောင်မလေး .. ကိုယ့်ကို မငေါ့နဲ့ကွာ ..၊ မင်းကို ကိုယ် အဲဒီတိုက်ကြီးပေါ်ကနေ ဆွဲချမလာရဲဘူး ထင်လို့လား ..၊ မင်း ဘယ်လိုနေရာရောက်နေနေ ကိုယ် ဂရုမစိုက်ဘူး၊ ဒါပေမယ့် မင်းအဖေရဲ့ မဲ့ပြုံးတစ်ချက်ကို ယှဉ်ပြိုင်ဖို့အတွက်တော့ ကိုယ့်မှာ အင်အားမဲ့ခဲ့တာ အမှန်ပဲ .."

ရီလေး က သူကိုင်ထားတဲ့ လက်ကို ဖယ်ချလိုက်ပြီး ထိုလက်ကိုပဲ ပြန်ကိုင်ထားကာ ...

"အခု ဖေဖေကပဲ ခွင့်ပြုလိုက်တာဆိုရင်ရော .."

ချမ်း က မယုံကြည်သည့်မျက်လုံးတွေနဲ့ စူးစိုက်လာ၏။

ရီလေး က မျက်ရည်တွေ ဝဲလာပေမယ့် နှုတ်ခမ်းလေးက ပြုံးနေကာ ...

"ချမ်း က ပါရမီထူးတဲ့သူပါ .. အဲဒါ တကယ် မှန်တယ်"

"ဘယ်လို .."

"ဟုတ်တယ်လေ ..၊ ချမ်း ဘက်က အရှိကို အရှိအတိုင်း ပြောရဲ





တယ် .. ဆုံးဖြတ်ရဲတယ် ..၊ ဥပမာ ဖေဖေ့လိုလူကို ခွန်းတုံ့မကျန်ချေပ ပြောဆိုရဲတာတွေပေါ့"

"ကိုယ် တော်တော် ရိုင်းသွားခဲ့တာလား .."

"ဟင့်အင်း .. အဲဒီတုန်းက ဖေဖေ အရမ်း စိတ်ဆိုးနေတယ်လို့ထင်ခဲ့ပေမယ့် .. ချမ်း ကိုပဲ နားလည်ဖို့ ကြိုးစားနေခဲ့တာ"

"ကိုယ့်ကို စိတ်ကူးယဉ်တတ်အောင် လုပ်နေတာလား **ကောင်မ**လေး .."

"မဟုတ်ပါဘူး ..၊ ချမ်း တောင်မှ ထားခဲ့သေးတာပဲဆိုပြီး **ရီလေး** ဖြေနိုင်အောင် ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ချမ်း က မချစ်လို့ ထားခဲ့တာ မဟုတ်ဘူးဆိုတာ ဘွားက နားလည်ပေးနေတယ်၊ ပြီးတော့ ဖေဖေက ဘာပြောသွားလဲ သိလား .."

ချမ်း မျက်ခုံးတွေ တွန့်နေရာကနေ တဖြည်းဖြည်း ပြေကျခြင်းသို့ ရောက်၏။

"ငါ့လိုလူနဲ့တော့ တွေ့ပြီ .. တဲ့"

ရီလေး က ပါးတစ်ဖက်ပေါ်မှာ မျက်ရည်ကြောင်းလေး ဖြတ်ဆင်းသွားပေမယ့် ရယ်နေကာ ...

"ချမ်း ကိုပဲ နားလည်ပေးသွားကြတယ်လေ ..၊ ဖေဖေက **လေ**ဆိပ်ရောက်တာနဲ့ တန်းပြန်လွှတ်တာ၊ သမီးတို့ ဒီမှာပဲ စိတ်တူကိုယ်တူကြိုးစားကြတဲ့၊ လက်ထပ်ဖို့ကိုတော့ မလောနဲ့ဦးတဲ့၊ အန်ကယ်လ်ထွန်းကြောင့် ကတိမ်းကပါးဖြစ်သွားတဲ့ လုပ်ငန်းကိစ္စတွေကို ဘွားကလည်းမျက်လုံးမမြင်တော့ ဖေဖေက အစက အားလုံးကို ကိုယ်စားလှယ်လွှဲပြီးအပြီးသတ် ရှင်းမလို့လေ ..၊ အခု ချမ်း ကို တာဝန်ပေးခဲ့ပြီ .."

ချမ်း နှုတ်ဆိတ်နေတာကို ရီလေး က အားမလိုအားမရနှင့်မျက်နှာကို လက်ဖဝါးလေးတွေနဲ့ ကိုင်လှုပ်သည်။

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. ခွင့်လွှတ်တယ်ဆိုတာ တကယ်တော့ အနိုင်ယူခြင်းပဲ၊ အန်ကယ်လ် ဒီလို သဘောထားပေးလိုက်တော့ ကိုယ် မျက်နှာပူသလိုကြီး ဖြစ်လာလို့ .. အဲဒါ မကောင်းဘူး ထင်တယ် .."

"ဘာလို့မကောင်းရမှာလဲ ..၊ ဒီတစ်ခါ ချမ်း ခေါင်းခါဦးမယ်ဆိုရင် တကယ်မေ့ပစ်နိုင်အောင် ကြိုးစားတော့မယ် .."

"ဘယ်သူကလဲ .."

"ဒီမှာလေ .."

ရီလေး က မေးဖျားလေးပင့်၍ မျက်နှာမော့ပြသည်။

"ဘယ်သူ့ကို မေ့ဖို့လဲ .."

"ရှင့်ကို .."

"အဲဒါလည်း ခွင့်ပြုမယ် ထင်လို့လား .."

"အံမယ် .. သူ့ခွင့်ပြုချက်ရမှ မေ့ရမှာကျနေတာပဲ .."

"ဟုတ်တယ် .. မေ့ခွင့်မပေးနိုင်ဘူး၊ ဒီကောင်က လူကြမ်းပေမယ့် ကောင်မလေးတစ်ယောက်ကို ဘယ်တော့မှ မေ့လို့မရအောင် ဖမ်းစားနိုင်တယ် .. ယုံလား .."

"သွားပါ .."

ဖယ်ချပစ်သည့် လက်လေးတွေကို ဖိဆုပ်ကာ ဘေးကနေ ပခုံးလေးကို သိမ်းဖက်ထားလိုက်၏။

လူမြင်ကွန်မှာ ရှက်ပေမယ့် ရီလေး ရယ်နေရင်း မျက်နှာလေး ငုံ့၍ ဒီတိုင်းပဲ အတူလျှောက်ခဲ့မိသည်။

"ကိုကြီး သားကို မေ့သွားပြီလား .."

သုခ မုန့်ထုပ်လေးတစ်ဖက်ဆွဲလျက် ပြင်နေသည့် ကားကြီးတစ်စီးရဲ့အကွယ်ကနေ ကပျာကယာ ပြေးထွက် အော်သည်။

ချမ်း က လှည့်မကြည့်ဘဲ ရယ်၍ ရီလေး ပါးနားမှာ ကပ်ကာ...

"ပြောလိုက်ရမလား ..၊ မင်းကို ဘယ်လို ခိုးနမ်းရမလဲ စိတ်ကူး





နေရတာနဲ့ ဘာမှ သတိမရတော့ဘူးလို့ .."

"ချမ်း နော် .. ပန်းခြံမှတ်နေလား မသိဘူး၊ လူကိုဖက်ပြီး တ ကိုယ်လုံး ပစ်ကပ်မှီထားတာ .. ဖယ်ပေး .."

"တော်ပြီကွာ .. ကားငှားလိုက်တော့မယ်၊ မလွှတ်လပ်ဘူး"

ချမ်း က လက်တွေကို လွှတ်လိုက်ပြီး ဆံပင်တွေဖွပစ်ကာ ရှုံ့မဲ့ ညည်း၏။

ပြီးတော့လည်း ရီလေး လက်လေးကို ပြန်ဆွဲထား၍ ...

"ဘယ်လိုလဲ .. သဘောတူလား .."

"ဘာကိုလဲ .."

"ကားငှားပြီးရင်လေ .."

"ချမ်း နော် .."

"အိမ်ကိုပြန်မှာ မဟုတ်ဘူးလား .."

ရီလေး က သူ့လက်မောင်းကို လက်သီးဆုပ်လေးနဲ့ ထုပစ်လိုက်ပြီး ရယ်သည်။

ကြည်နူးသည့်စိတ်နှင့် ပတ်ဝန်းကျင်ကို မေ့ကာ သူမပဲ သူ့လက်မောင်းကို ဖက်ထားလိုက်မိကာ ...

"ရီလေး မှာ ကားပါတယ် ..၊ လမ်းထဲ ဝင်မရလို့ ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပစ်ခဲ့ပြီး ဆင်းပြေးလာရတာ .."

"ဟာ!...အဆင်ပြေတာပေါ့၊ မောလာတဲ့ ချစ်သူကို အမောပြေအောင် ကိုယ် တတ်သလောက် မှတ်သလောက် အကြင်နာတွေ ပေးမယ် .."

"ပြေနေပြီ .. မယူတော့ဘူး"

"ဘာဖြစ်တာလဲ ..၊ ပေးနေတုန်း ယူထားရတယ်"

"မယူရင် ဘာဖြစ်တတ်လို့လဲ .."

"ချစ်သူရှိရက်နဲ့ နမ်းခွင့်မပြုရင် တွန့်တိုတတ်တဲ့အိမ်က ဝန်းပင်



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ ..”

“ဘာဆိုင်လို့လဲ ..”

“ဆိုင်တာပေါ့ကွ ..၊ ပန်းဆိုတာ သူများကို များများပေးရမယ်၊ လှိုင်လှိုင်ခူးမှ လှိုင်လှိုင်ပွင့်တာ၊ သူများပေးရမှာ တွန့်တိုပြီး မခူးတော့.. အပွင့်မလှိုင်တော့ဘူး ..”

“ဩော် .. ဩော် ...”

အုံ့ဩဟန်လေးနဲ့ ခေါင်းညိတ်နေသည့် ရီလေး နဖူးလေးကို ဖွဖွထု၍ ချမ်း က ရယ်သည်။

“ဆက်ပြောရမလား ..”

“ပြော ..”

“ချစ်သူကို အကြင်နာပေးရမှာ တွန့်တိုရင်တော့ အဲဒီကောင်မလေး မျက်နှာမှာ ဝက်ခြံဖုတွေ တစ်ထောင်ပြည့်အောင် ထွက်လာမယ်၊ အဖုတွေ ပျောက်သွားရင်လည်း မျက်နှာမှာ ကျင်းပေါင်းတစ်ထောင် ကျန်ခဲ့မှာ ..၊ ပြီးတော့ နှုတ်ခမ်းပေါ်မှာ ..”

“သွား ..”

ရီလေး က သူ့ကို တွန်းပစ်လိုက်ပြီး တအားရယ်သည်။ နှစ်ယောက်စလုံး ရယ်ဖြစ်ကြရင်း .. သုခ အသံထွက်အောင် ရယ်နေတာတောင် သတိမထားမိ ..။

“ပြီးတော့ တကယ် ကျန်သေးတယ်၊ နှုတ်ခမ်းမှာ ယားနာတွေပေါက်ပြီး အမြဲတမ်းပဲ နှုတ်ခမ်းလေး တသပ်သပ်နဲ့ သနားစရာလေးကွာ ..”

“ချမ်း နော် .. မဟုတ်က ဟုတ်က ..”

“ဩော် .. ကဲ .. ဟုတ်တာတွေ ပြောနေတာကို မယုံဘူး၊ အဲလို နှုတ်ခမ်းလေး တပြင်ပြင် တသပ်သပ်နဲ့ ဒီကောင်မလေး.. ကောင်လေးတွေကို လိုက်ကြည့်ရင် ဘယ်လိုဖြစ်နေမလဲ တွေးကြည့် ..”





“မတွေးကြည့်ဘူး .. သွား ..”

ချမ်း က အတင်းဖယ်ချနေသည့်လက်ကို မလွှတ်ဘဲ ကုန်းကွနေအောင် ရယ်သည်။

သူတို့ ကားနားရောက်လာတော့ လမ်းဝိတ်ဆို့မှုနှင့် ထိုနေရာမှာ ယာဉ်တွေ လူတွေ စုပြုံကျပ်ကာ တော်တော် စည်ကားနေလေသည်။

“ကိုယ့်ကို သော့ပေး .. ဆောရီးပါဗျာ ..၊ အရေးကြီးကိစ္စလေး ရှင်းနေရလို့ပါ .. အားလုံး ဆောရီးပါ ..”

ချမ်း က ရှုံ့မဲ့နေသည့် ကားသမားတွေကို လက်ကာ တောင်းပန်ရင်း ကားထဲ ဝင်ထိုင်သည်။

နောက်မှာ သုခ ဝင်ထိုင်ပြီးတဲ့အထိ စောင့်ပြီးမှ ကားကို တဖြည်းဖြည်း ပြန်ထုတ်ကာ ...

“ဂိတ်ဝင်းအပြင်ရောက်ရင် လူရှင်းပြီ ကောင်မလေး ..”

“ရှင်းတော့ ဘာဖြစ်လဲ ..”

“ယားနာပေါက်မှာ မကြောက်ဘူးလား ..၊ အား .. သေပြီ ..”

ဘားကနေ ခါးစပ်ကို ရီလေး ဖိလိမ်ပစ်လိုက်သဖြင့် ကားမောင်းရင်း ချမ်း မျက်နှာကြီး ရှုံ့မဲ့အော်၏။

“ကိုကြီး .. ဘာဖြစ်လို့လဲ ..”

“ဘာမှမဖြစ်ဘူး .. ယားနာ ပိုးကိုက်လို့ ..၊ မင်းမျက်လုံးတွေ အိမ်ရောက်တဲ့အထိ ပိတ်ထားပါလား ချောင်းလေး ..၊ ကျေးဇူးတင်ချင်လို့ပါ ..”

“မတင်ရပါဘူး ကိုကြီးရ .. ရပါတယ် ..”

လှလည်းလေး ..၊

မျက်နှာလေး အပြင်ကို လှည့်လိုက်သည့် သုခ ကို မှန်းကြည့်ရင်း မျက်လုံးက မှန်ထဲ ပြန်ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရီလေး ရဲ့မျက်ဝန်းလေးတွေကို မြင်တော့ လူကို ဖျတ်ခနဲ လှည့်ကြည့်ကာ နှာခေါင်းတွန့်ပြ၏။

ရီလေး က ရယ်သည်။

ပြီးတော့ သူ့ဘက်ကို ကိုယ်လေး ယိုင်ကျလာကာ ...

"ချမ်း ကို အရမ်းချစ်တယ် .."

"အိုခေ .. လုံးဝ ယားနာမပေါက်စေရဘူး .. အာမခံတယ်"

ရယ်သံတွေ ထွက်လာတော့ သုခ က မကြည့်ဘဲ ခစ်ခနဲ ရယ်သည်။

တစ်လောကလုံး သာယာနေပါလား ..။

မြင်မြင်သမျှ လှနေလေသည်။

BURMESE CLASSIC .com

လရောင်ကျူးရင့်



www.burmeseclassic.com